သာသနာရေးဝန်ကြီးဌာန

သာသနာရေးဦးစီးဌာန

ဓမ္မပဒအဋ္ဌကထာမြန်မာပြန်

# ဓမ္မပဒဝတ္ထု

(ပဌမတွဲ)

ပြည်ထောင်စု မြန်မာနိုင်ငံတော်
သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။

သာသနာ ၂၅၃၆ ကောဇာ ၁၃၅၄ ခရစ် ၁၉၉၂

၂၉၄-၃၇၂
၂၀၇၄၁
၁၇.၁၁.၄

သာသနာရေးဝန်ကြီးဌာန

သာသနာရေးဦးစီးဌာန

ဓမ္မပဒအဋ္ဌကထာမြန်မာပြန်

# ဓမ္မပဒဝတ္ထု

(ပဌမတွဲ)

ပြည်ထောင်စု မြန်မာနိုင်ငံတော်
သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။

သာသနာ ၂၅၃၆ ကောဇာ ၁၃၅၄ ခရစ် ၁၉၉၂

ရန်ကုန်မြို့၊ ကမ္ဘာအေး၊ သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်တွင်
လက်ထောက်ညွှန်ကြားရေးမှူး ဦးထွန်း
(မှတ်ပုံတင်အမှတ် ၀၂၄၀၅/၀၂၅၂၇)က ပုံနှိပ်ထုတ်ဝေသည်။

# ဓမ္မပဒဝတ္ထု

## ( ပဌမတွဲ )

## မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | | | စာမျက်နှာ |
|---|---|---|---|---|
| | ၂၄၊ တဏှာဝဂ် | | | |
| ၁။ | ကပိလ မစ္ဆဝတ္ထု | .... | .... | ၁ |
| ၂။ | ဝက်မငယ်၏ ဝတ္ထု | .... | .... | ၉ |
| | ဒေသနာတော်၏ အကျိုးအာနိသင် | .... | .... | ၁၃ |
| | ဝယ်မငယ်၏ နောင်အနာဂတ်ဘဝ၌ ပရိနိဗ္ဗာန် စံဝင်ရပုံ | .... | .... | ၁၃ |
| ၃။ | လူထွက်သော ရဟန်းဝတ္ထု | .... | .... | ၁၅ |
| | ဒေသနာတော်၏ အကျိုးအာနိသင် | .... | .... | ၁၇ |
| ၄။ | ဗန္ဓနာဂါရဝတ္ထု | .... | .... | ၁၇ |
| | တဏှာအနှောင်ဖွဲ့ကိုဖြတ်၍ တောထွက်ပုံ | .... | .... | ၁၈ |
| ၅။ | ခေမာထေရီဝတ္ထု | .... | .... | ၂၁ |
| | ခေမာမိဖုရားကြီး၏ အတိတ်ဝတ္ထု | .... | .... | ၂၁ |
| | မြတ်စွာဘုရားသည် ခေမာမိဖုရားကြီးအား တရားထူးပြခြင်း | .... | .... | ၂၂ |
| ၆။ | ဥဂ္ဂသေန ကချေသည်ဝတ္ထု | .... | .... | ၂၅ |
| | ဥဂ္ဂသေန သူဌေးသား ကချေသည်ဖြစ်ပုံ | .... | .... | ၂၅ |
| | ဥဂ္ဂသေနသူဌေးသား ဝါးလုံးထိပ်၌ပင် ရဟန္တာဖြစ်ခြင်း | .... | .... | ၂၇ |
| | ဒေသနာတော်၏အကျိုး | .... | .... | ၂၉ |
| | ဥဂ္ဂသေနလုလင်၏ဝတ္ထု | .... | ... | ၃၁ |

ဓမ္မပဒဝတ္ထု

အကြောင်းအရာ စာမျက်နှာ


၇။ ခုဇ္ဇုတ္တရာဟာမပဏ္ဍိတဝတ္ထု .... .... ၃၂
သူခိုးခေါင်းရိုးကမ်း .... .... ၃၄
ငါးစိမ်းမြင် ငါးကင်ပစ် .... .... ၃၅

၈။ မာရဝတ္ထု .... .... ၃၆
အရှင်ရာဟုလာအား မာရ်နတ်ချောက်လှန့်ခြင်း.... .... ၃၉

၉။ ဥပကတက္ကဒွန်းဝတ္ထု .... .... ၄၂

၁၀။ သိကြားမင်း မေးလျှောက်သောဝတ္ထု .... .... ၄၃
မဒေသနာတော်၏ အကျိုးအာနိသင် .... .... ၄၇

၁၁။ အပုတ္တကသေဋ္ဌိဝတ္ထု .... .... ၄၈
အပုတ္တကသူဌေး၏ အတိတ်ဝတ္ထု .... .... ၅၀
ဒေသနာတော်၏ အကျိုးအာနိသင် .... .... ၅၂

၁၂။ အင်္ကုရဝတ္ထု .... .... ၅၂


## ၂၅။ ဘိက္ခုဝဂ်


၁။ ပဥ္စဘိက္ခုဝတ္ထု .... .... ၅၅
ဒွါရတစ်ခုကိုသာ စောင့်စည်းခြင်း .... .... ၅၅
ရဟန်းတို့၏ အတိတ်ဝတ္ထု .... .... ၅၆
ဘုရင်ဖြစ်ရန် လမ်းညွှန်ဩဝါဒ .... .... ၅၆
ပရိတ်ချည်စသည်ကိုယူ၍ တက္ကသိုလ်ပြည်သို့သွားခြင်း .... ၅၇
အားရှိငါးပါး လိုက်စားခြင်းကြောင့် ဘီလူးစားခံရခြင်း .... ၅၈
ဘုရားလောင်း နောက်တော်သို့ ဘီလူးမ လိုက်ခြင်း .... ၅၉
တက္ကသိုလ်ပြည်ရှင်မင်းကြီးသည် ဘီလူးမကို မိဖုရားမြှောက်ခြင်း ၆၀
မင်းအာဏာ တောင်းခံခြင်း .... .... ၆၁
တစ်နန်းတော်လုံး ဘီလူးစားခံရခြင်း .... .... ၆၁
ဘုရားအလောင်း မင်းဖြစ်ခြင်း .... .... ၆၂

| အမှတ်စဉ် | အကြောင်းအရာ | | | စာမျက်နှာ |
|---|---|---|---|---|


၂။ ဟသ်ာကိုသတ်သောရဟန်းဝတ္ထု .... .... ၆၆

ကုရုတိုင်းသားများ သီလစောင့်ထိန်းမှု .... .... ၆၇
ကောရဗျမင်းကြီးထံ ဂရုဓမ္မသီလကို တောင်းခြင်း .... ၇၁
မယ်တော်၏ သီလ .... .... ၇၂
မိဖုရားကြီး၏ သီလ .... .... ၇၃
အိမ်ရှေ့မင်းသား၏ သီလ .... .... ၇၄
ပုရောဟိတ်၏ သီလ .... .... ၇၅
မြေတိုင်းအမတ်၏ သီလ .... .... ၇၆
ရထားထိန်း၏ သီလ .... .... ၇၇
သူဌေးကြီး၏ သီလ .... .... ၇၈
စာရင်းကိုင်၏ သီလ .... .... ၇၉
တံခါးမှူး၏ သီလ .... .... ၈၀
ပြည့်တန်ဆာမ၏ သီလ .... .... ၈၁

၃။ ကောကာလိကဝတ္ထု .... .... ၈၅
အဂ္ဂသာဝကတို့အား ရန်ငြိုးဖွဲ့ခြင်း .... .... ၈၆
ကောကာလိကပဒုမ ငရဲသို့ ကျခြင်း .... .... ၈၇
နှုတ်မစောင့်သော လိပ်ဝတ္ထု .... .... ၈၉

၄။ ဓမ္မာရာမ မထေရ်ဝတ္ထု .... .... ၉၂

၅။ ဝိပက္ခသေဝက ရဟန်း၏ဝတ္ထု .... .... ၉၄
အတိတ်ဝတ္ထု .... .... ၉၅

၆။ ပဉ္စဂ္ဂဒါယကပြာဟ္မဏဝတ္ထု .... .... ၉၉

၇။ သမ္ဗဟုလဘိက္ခုဝတ္ထု .... .... ၁၀၃
အိမ်ကို ဖောက်ထွင်းခိုးယူနေကြောင်း ကြားပါသော်လည်း
တရားကို မတုန်မလှုပ် နာကြားခြင်း .... .... ၁၀၆
ကိုးရာသော ခိုးသူတို့ ရဟန်းပြုခြင်း .... .... ၁၁၀
ဒေသနာတော်၏ အကျိုး .... .... ၁၁၄

# မာတိကာ


အကြောင်းအရာ ... စာမျက်နှာ

၈။ ပဥ္စသတဘိက္ခုဝတ္ထု .... .... ၁၁၅

၉။ သဏ္ဍကာယတ္ထေရဝတ္ထု .... .... ၁၁၅

၁၀။ နင်္ဂလမထေရ်ဝတ္ထု .... .... ၁၁၇

၁၁။ ဝက္ကလိမထေရ်ဝတ္ထု .... .... ၁၂၀

၁၂။ သုမနသာမဏေဝတ္ထု .... .... ၁၂၃

အနုရုဒ္ဓ မြက်ထမ်းသမား .... .... ၁၂၄

သုမနသူဌေးကား အနုရုဒ္ဓ၏ ကုသိုလ်ကို ဝယ်ခြင်း .... ၁၂၆

အနုရုဒ္ဓ မြက်ထမ်းသမား သူဌေးဖြစ်ခြင်း .... .... ၁၂၇

အနုရုဒ္ဓါမင်းသား .... .... ၁၂၈

အနုရုဒ္ဓါမင်းသား ရဟန်းပြုခြင်း .... .... ၁၃၀

သုမနသူငယ်ကို ရှင်ပြုပေးခြင်း .... .... ၁၃၃

သုမနသာမဏေနှင့် ပန္နဂ နဂါးမင်း တန်ခိုးပြိုင်ခြင်း .... ၁၃၅

သုမနသာမဏေ-အနောဒတ်အိုင်၌ ခြေဆေးရေခပ်ခြင်း .... ၁၄၀


## ၂၆။ ဗြာဟ္မဏဝဂ်


၁။ ပသာဒဗဟုလ ဗြာဟ္မဏဝတ္ထု .... .... ၁၄၃

၂။ သမ္ဗဟုလဘိက္ခုဝတ္ထု .... .... .... ၁၄၅

၃။ မာရဝတ္ထု .... .... .... ၁၄၆

၄။ အညတရဗြာဟ္မဏဝတ္ထု .... .... .... ၁၄၇

၅။ အာနန္ဒတ္ထေရဝတ္ထု .... .... .... ၁၄၈

၆။ အညတရဗြာဟ္မဏ ပဗ္ဗဇိတဝတ္ထု .... .... ၁၅၀

၇။ သာရိပုတ္တရာမထေရ်ဝတ္ထု .... .... .... ၁၅၁

၈။ မဟာပဇာပတိ ဂေါတမီဝတ္ထု .... .... ၁၅၅

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | ရတ္တညူ (အသက်ကြီးဆုံး) တေဒဂ်ဆု .... .... | ၁၅၅ |
| | မိထွေးတော်ဂေါတမီ၏ အတိတ်ဘဝ ကျွန်မဝတ္ထု .... | ၁၅၅ |
| | ကျောင်းဆောက်လှူဒါန်းခြင်း .... .... | ၁၅၇ |
| | ဝါတွင်းသုံးလ ပစ္စည်းလေးပါးဖြင့် လှူဒါန်းခြင်း .... | ၁၅၇ |
| | မိထွေးတော် ဂေါတမီ၏ ရက်ကန်းသည်မဘဝ .... | ၁၅၈ |
| | မိထွေးတော်ဂေါတမီ၏ ပစ္စုပ္ပန်ဝတ္ထု .... .... | ၁၅၉ |
| | မိန်းမများ ရဟန်းပြုခွင့်ပေးရန် တောင်းပန်ခြင်း .... | ၁၆၁ |
| | မိထွေးတော်ဂေါတမီသည် ရဟန်းအဖြစ် ခွင့်ပေးရန် ဒုတိယတဖန် တောင်းပန်ခြင်း .... .... | ၁၆၁ |
| | အရှင်အာနန္ဒာ လျှောက်ထား တောင်းပန်သဖြင့် မိန်းမများ ရဟန်းပြုခွင့် ပေးတော်မူခြင်း .... | ၁၆၄ |
| | မိထွေးတော် ဂေါတမီ ရဟန်းအဖြစ်ကို ရခြင်း .... | ၁၆၅ |
| ၉။ | သာရိပုတ္တတ္ထေရဝတ္ထု .... .... .... | ၁၆၇ |
| ၁၀။ | ဇဋိလဗြာဟ္မဏဝတ္ထု .... .... .... | ၁၆၉ |
| ၁၁။ | ကုဟက ဗြာဟ္မဏဝတ္ထု .... .... .... | ၁၇၀ |
| | ပုဏ္ဏားစဉ်းလဲ၏ အတိတ်ဝတ္ထု .... .... | ၁၇၁ |
| ၁၂။ | ကိသာဂေါတမီဝတ္ထု .... .... .... | ၁၇၄ |
| ၁၃။ | ကေဗြာဟ္မဏဝတ္ထု .... .... .... | ၁၇၅ |
| ၁၄။ | ဥဂ္ဂသေန သူဌေးသားဝတ္ထု .... .... .... | ၁၇၇ |
| ၁၅။ | ဒွေဗြာဟ္မဏဝတ္ထု .... .... .... .... | ၁၇၈ |
| ၁၆။ | အက္ကောသကဘာရဒွါဇပုဏ္ဏားဝတ္ထု.... .... .... | ၁၇၉ |
| | ဒေသနာတော်၏ အကျိုးအာနိသင် .... .... | ၁၈၄ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|


၁၇။ အရှင်သာရိပုတ္တရာမထေရ်ဝတ္ထု .... .... .... ၁၈၅

အရှင်သာရိပုတ္တရာမထေရ် ပရိနိဗ္ဗာန်ပြုခန်း .... .... ၁၈၈
အရှင်သာရိပုတ္တရာ မထေရ်၏ .... .... ....
ပရိနိဗ္ဗာန်ပြုရာ အကြံတော် .... .... .... ၁၈၈
အရှင်သာရိ ပုတ္တရာမထေရ် ပရိနိဗ္ဗာန်ပြုရန် .... ....
လျှောက်ထားခြင်း .... .... .... .... ၁၉၀
အရှင်သာရိပုတ္တရာ တန်ခိုးအမျိုးမျိုး ဖန်ဆင်း၍ ....
တရားဟောခြင်း .... .... .... .... ၁၉၁
အရှင်သာရိပုတ္တရာမထေရ်ကို မြို့သူမြို့သား အများ ....
ငိုယိုမြည်တမ်းလျက် လိုက်ပို့ကြခြင်း .... .... ၁၉၄
အရှင်သာရိပုတ္တရာမထေရ် ဖွားရာတိုက်ခန်း၌ ....
သီတင်းသုံးခြင်း .... .... .... .... ၁၉၅
အရှင်သာရိပုတ္တရာမထေရ်ထံ နတ်မင်းကြီးလေးပါး ....
သိကြား ဗြဟ္မာတို့ ဆည်းကပ်ခြင်း .... .... ၁၉၆
အရှင်သာရိပုတ္တရာမယ်တော် သောတာပန်တည်ခြင်း .... ၁၉၈
အရှင်သာရိပုတ္တရာ ပရိနိဗ္ဗာန်စံရာ
မယ်တော်ငိုကြွေးခြင်း .... .... .... .... ၁၉၉
အလောင်းတော်အခမ်းအနား .... .... .... ၂၀၀
အလောင်းတော် အခမ်းအနားပွဲတွင် ရေဝတီနတ်သမီး
ဘုံဗိမာန် နှင့် ရောက်လာခြင်း .... .... .... ၂၀၁
အရှင်သာရိပုတ္တရာ ပရိနိဗ္ဗာန်စံပြီးကြောင်းလျှောက်ရန် ....
ညီတော်စုန္ဒမထေရ် ဘုရားထံကြွခြင်း .... .... ၂၀၃
အရှင်သာရိပုတ္တရာ၏ ဂုဏ်ကျေးဇူးကို .... ....
ဘုရားရှင် ချီးကျူးခြင်း .... .... .... ၂၀၄

၁၈။ ဥပ္ပလဝဏ္ဏာ ထေရီမဝတ္ထု .... .... .... ၂၀၇
တန်းခိုးအရာ ဧတဒဂ်ရ ဥပ္ပလဝဏ္ဏာထေရီမဝတ္ထု .... ၂၀၈
ကဿပဘုရားလက်ထက် အနှစ်နှစ်သောင်းတိုင်တိုင် ....
ဗြဟ္မစရိယ အကျင့်ကိုကျင့်ခြင်း .... .... .... ၂၀၉
ပစ္စေကဗုဒ္ဓါ အရှင်အားပေါက်ပေါက်ကြာပန်းတို့ဖြင့် ....
လှူဒါန်း၍ ဆုတောင်းခြင်း .... .... .... ၂၁၀
ပဒုမ္မာကြာတိုက်၌ သံသေဒဇဖြစ်၍ ပဒုမာဝတီအမည်ဖြင့်
မိဖုရားကြီးဖြစ်ခြင်း .... .... .... ၂၁၁

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | ဥပ္ပလဝဏ္ဏာမထေရ်မအလောင်းအား မိဖုရားငယ်များ ကုန်းချောခြင်း .... .... .... | ၂၁၄ |
| | ဥပ္ပလဝဏ္ဏာ မထေရ်မအလောင်းမိဖုရားကြီးကို .... နန်းအိမ်တော်မှနှင် ထုတ်ခြင်း .... .... .... | ၂၁၆ |
| | ဥပ္ပလဝဏ္ဏာမထေရ်, မအလောင်း မိဖုရားကြီးကို .... နန်းအိမ်တော်သို့ ဆောင်ပြန်ခြင်း .... .... .... | ၂၁၇ |
| | ဥပ္ပလဝဏ္ဏာမထေရ်မအလောင်း မိဖုရားကြီး၏.... .... သားတော် ငါးရာပစ္စေကဗုဒ္ဓါဖြစ်ခြင်း .... .... | ၂၂၀ |
| | ဥပ္ပလဝဏ္ဏာ မထေရ်မအလောင်းသည် ဘဝဟောင်းက.... သားပစ္စေကဗုဒ္ဓါ အရှင်တို့အား လျှုဒါန်း၍ ဆုတောင်းပြန်ခြင်း | ၂၂၂ |
| ၁၉။ | မထင်ရှားသော ပုဏ္ဏားဝတ္ထု .... .... .... | ၂၂၅ |
| ၂၀။ | ခေမာဘိက္ခုနီမ ဝတ္ထု.... .... .... .... | ၂၂၆ |
| ၂၁။ | တောင်ဝှမ်းလိုဏ်၌ နေသော တိဿမထေရ်ဝတ္ထု .... | ၂၂၈ |
| ၂၂။ | မထင်ရှားသော ရဟန်းဝတ္ထု .... .... | ၂၃၂ |
| ၂၃။ | သာမဏေကျော် လေးပါးဝတ္ထု .... .... | ၂၃၅ |
| ၂၄။ | မဟာပန္ထကမထေရ်ဝတ္ထု .... .... | ၂၃၉ |
| ၂၅။ | ပိလိန္ဒဝစ္ဆမထေရ်ဝတ္ထု .... .... | ၂၄၀ |
| ၂၆။ | အညတရမထေရ်ဝတ္ထု .... .... | ၂၄၄ |
| ၂၇။ | သာရိပုတ္တရာမထေရ်ဝတ္ထု .... .... | ၂၄၆ |
| ၂၈။ | မဟာမောဂ္ဂလာန်မထေရ်ဝတ္ထု .... .... | ၂၄၈ |
| ၂၉။ | ရေဝတမထေရ်ဝတ္ထု .... .... | ၂၅၀ |
| ၃၀။ | စန္ဒာဘမထေရ်ဝတ္ထု .... .... | ၂၅၁ |
| ၃၁။ | သီဝလိမထေရ်ဝတ္ထု .... .... | ၂၅၆ |
| ၃၂။ | သုန္ဒရသမုဒ္ဒမထေရ်ဝတ္ထု .... .... | ၂၅၉ |
| | မိန်းမတို့၏ မာယာလေးဆယ် .... .... | ၂၆၂ |
| | ဒေသနာတော်၏ အကျိုးအာနိသင် .... .... | ၂၆၃ |
| | ဝိတမိဂ သမင်ပျိုဝတ္ထု .... .... | ၂၆၆ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|


၃၃။ ဇဋိလမထေရ်ဝတ္ထု .... .... ၂၆၈

ရှေး ၁၁ဝ ဇောတိကသူဌေးအလောင်း ပစ္စေကဗုဒ္ဓါအား ကြံရည် လှူဒါန်းခြင်း .... .... ၂၆၉

ဒုတိယ မြောက် ဇောတိကသူဌေးအလောင်း ဘုရားကျောင်းတော် ဆောက်လုပ် လှူဒါန်းခြင်း .... .... ၂၇၃

ပစ္စုပ္ပန်ဘဝ ဇောတိကသူဌေးအကြောင်း .... .... ၂၇၉

ဗိမ္ဗိသာရမင်းကြီး ဇောတိကသူဌေးကြီး၏ ပြာသာဒ်ကို ကြည့်ရှုခြင်း .... .... ၂၈၃

ဇဋိလသူဌေးသည် မိမိနှင့် စည်းစိမ်တူ သူဌေး ရှိ,မရှိ စုံစမ်းစေလွှတ်ခြင်း .... .... ၂၉၀

ဇဋိလသူဌေးကြီး၏ အတိတ်ဝတ္ထု .... .... ၂၉၃

၃၄။ ဇောတိကမထေရ်ဝတ္ထု .... .... ၂၉၆

အဇာတသတ်မင်းဝတ္ထု .... .... ၂၉၆

ဒေဝဒတ်သည် အဇာတသတ်မင်းသား ဖခင်ကို သတ်၍ မင်းလုပ်ရန် အကြံပေးခြင်း .... .... ၂၉၈

ဗိမ္ဗိသာရမင်းကြီးကို အခိုးထောင်၌ ချထားတော်မူခြင်း.... ၂၉၉

ဗိမ္ဗိသာရမင်းကြီး၏ ခြေတော်ကို ဓားဖြင့် ခွဲကာ ရှားမီး၌ ကင်ခြင်း .... .... ၃၀၁

၃၅။ နန္ဒပုတ္တကမထေရ်ဝတ္ထု .... .... ၃၀၆

၃၆။ နန္ဒပုတ္တကမထေရ်ဝတ္ထု .... .... ၃၀၈

၃၇။ ဝင်္ဂီသမထေရ်ဝတ္ထု .... .... ၃၀၉

၃၈။ ဓမ္မဒိန္နာထေရီမဝတ္ထု .... .... ၃၁၄

၃၉။ အင်္ဂုလိမာလမထေရ်ဝတ္ထု .... .... ၃၁၉

၄၀။ ဒေဝဟိတပုဏ္ဏားဝတ္ထု .... .... ၃၂၀

မှတ်သားဖွယ်ရာ အက္ခရာစဉ် .... .... ၃၂၁


ဓမ္မပဒဝတ္ထု ပဋ္ဌမတွဲ မာတိကာ ပြီး၏။

# ဓမ္မပဒဝတ္ထု

## ( ပဌမတွဲ )

✦✦✦✦✦✦✦✦✦✦✦✦✦

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## ၂၄။ တဏှာဝဂ်

### ၁။ ကပိလမစ္ဆဝတ္ထု

မနုဇဿ အစရှိသော ဤတရားဒေသနာတော်ကို မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် ကပိလငါးကို အကြောင်းပြု၍ ဟောတော်မူ၏။

လွန်လေပြီးသောအခါ ကဿပမြတ်စွာဘုရား၏ ပရိနိဗ္ဗာန်ပြုသော အချိန်၌ နှစ်ဦးကုန်သော ညီအစ်ကိုတို့သည် လူ့ဘောင်မှ ထွက်၍ မြတ်စွာဘုရား၏တပည့် ရဟန်းတော်တို့၏ အထံ၌ ရဟန်းပြုကုန်သတတ်။ ထိုညီအစ်ကို ရဟန်းနှစ်ပါးတို့တွင် အကြီးဖြစ်သော ရဟန်းသည် သောဓန အမည်ရှိ၏။ ညီငယ် ရဟန်းသည် ကပိလ အမည်ရှိ၏။ ထိုရဟန်းတို့၏ မိခင်သည်ကား သာမိနီ အမည်ရှိ၏။ နှမငယ်သည် တာပနာ အမည်ရှိ၏။ ထိုမိခင်နှင့် သမီးတို့သည်လည်း ရဟန်းမိန်းမ အထံတို့၌ ရဟန်းပြုကုန်၏။ ဤသို့လျှင် ထိုသူတို့သည် ရဟန်းပြုကုန်ပြီးသည် ရှိသော် နှစ်ဦးကုန်သော ညီအစ်ကို ရဟန်းတို့သည် ဆရာဥပဇ္ဈာယ်တို့၏ ဝတ်ကြီး ဝတ်ငယ်ကို ပြုလုပ်ဆောင်ရွက် နေကြကုန်လျက် ဝါစ်နေသောအခါဝယ် “အရှင်ဘုရားတို့ ဤမြတ်စွာဘုရား သာသနာတော်၌ ရွက်ဆောင်ဖွယ်ရာ ဓုရသည် အဘယ်မျှ ရှိပါသနည်း”ဟု မေးလျှောက်ကုန်၍ ဂန္ထဓုရ–ဝိပဿနာဓုရဟူ၍ ဓုရနှစ်ပါးဟူ၍ အပြားရှိသည်တို့ကို ပြောဆိုသဖြင့် ကြားသိရ၍ အစ်ကိုကြီးဖြစ်သော သောဓနသည် ငါသည် ဝိပဿနာဓုရကို ဖြည့်အံ့ဟု ကြံပြီးလျှင် ငါးဝါတိုင်ပတ်လုံး ဆရာဥပဇ္ဈာယ်တို့၏ အထံ၌နေ၍ အရဟတ္တဖိုလ်တိုင်အောင် တက်ရောက်နိုင်သော ကမ္မဋ္ဌာန်းကို သင်ယူပြီးလျှင် တောသို့ဝင်၍ လုံ့လ

ကြိုးကုဘ် အားထုတ်သည်ရှိသော် အရဟတ္တဖိုလ်သို့ ရောက်လေ၏။ ညီငယ်ဖြစ်သော ကပိလသည် ငါကား အရွယ်ပျိုနုသေး၏။ အရွယ်ကြီးသောအခါ၌ ဝိပဿနာဓုရကို ဖြည့်အံ့ဟု ကြံပြီးလျှင် ထိုဝိပဿနာဓုရကို ထား၍ သုံးပုံသော ပိဋကတ်တို့ကို သင်ယူ၏။ ထိုကပိလအား ပရိသတ်ကို အမှီပြု၍ ကြီးကျယ်များပြားသော အခြံအရံရှိ၏။ အခြံအရံကိုအမှီပြု၍ ဖြန့်ပြောသောလာဘ်သည် ထင်ရှားဖြစ်၏၊ ထိုကပိလသည်များသောအကြားအမြင်ရှိသည် အဖြစ်တည်းဟူသော မာန်ယစ်ခြင်းဖြင့် ယစ်မူးသည်ဖြစ်၍ ဖြန့်ပြောသော လာဘ်၌တပ်မက်သော တဏှာဖြင့် နှိပ်စက်အပ်သည်ဖြစ်၍ အလွန်ပညာရှိဟု အောက်မေ့မှတ်ထင်သဖြင့် သူတစ်ပါးတို့ ပြောဆိုအပ်သော အပ်သော အရာကိုလည်း မအပ်ဟူ၍ ပြောဆို၏။ မအပ်သောအရာကိုလည်း အပ်သည်ဟူ၍ ပြောဆို၏။ အပြစ်ရှိသော အရာကိုလည်း အပြစ်မရှိဟု ပြောဆို၏။ အပြစ်မရှိသော အရာကိုလည်း အပြစ်ရှိသည်ဟု ပြောဆို၏။

ထိုကပိလကို သီလကိုချစ်မြတ်နိုးကုန်သော ရဟန်းတို့က ငါ့ရှင်ကပိလ ဤသို့ မပြောဆိုလင့်ဟု တားမြစ်ပြောဆို၍ သုတ်အဘိဓမ္မာကိုလည်းကောင်း၊ ဝိနည်းကိုလည်းကောင်း၊ ဖော်ပြ၍ ဆုံးမသော်လည်း အသင်တို့သည် အဘယ်ကို သိကုန်းသနည်း။ အသင်တို့သည် အချည်းနှီးသော လက်ဆုပ်နှင့်တူကုန်၏။ ဤသို့ အစရှိသော စကားဘို့ကို ပြောဆို၍ နှုတ်လုံထိုးခြင်း ကဲ့ရဲ့ရှုတ်ချခြင်း ပြုလျက် လှည့်လည်၏၊ ထိုအခါ ကပိလ၏ အစ်ကိုဖြစ်သော သောဂတမထေရ်အားလည်း ရဟန်းတို့သည် ထိုအကြောင်းကိုလျှောက်ကြားကုန်၏။ ထိုသောဂတမထေရ်သည်လည်း ကပိလသို့ ချဉ်းကပ်၍ ငါ့ရှင်ကပိလ အသင်ကဲ့သို့ သဘောရှိသော သူတို့၏ ကောင်းစွာ ကျင့်အပ်သော ပဋိပတ်သည် သာသနာတော်၏ အသက်မည်ပါ၏။ အဘယ်ကြောင့် အသင်သည် ပဋိပတ်ကို ပယ်၍အပ်သော အမှုစသည်တို့ကို တားမြစ်လျက် ပြောဆို လှည့်လည်ဘိသနည်း။ ဤသို့မပြောဆိုပါလေလင့်ဟု ဆုံးမကံမြစ်၏။ ထိုကပိလရဟန်းသည် နောင်တော်မထေရ်၏ ဆုံးမသော စကားကို မနာယူလေ။ ဤသို့ မနာယူသည် ဖြစ်သော်လည်း သောဂတမထေရ်သည် နှစ်ကြိမ် သုံးကြိမ်တိုင်တိုင် ဆုံးမပြောဆို၍ အဆုံးအမကို မနာယူသော ကပိလရဟန်းကို ဤသူသည် ငါပြောဆို ဆုံးမသော စကားကို လိုက်နာခြင်းကို မပြုဟု သိတော်မူပြီးသော် ငါ့ရှင်ကပိလ ထိုသို့တပြီးကား မိမိ၏ကံဖြင့် ထင်ရှားလတ္တံ့ဟု ပြောဆို၍ ဖဲကြွတော်မူ၏။ ထိုအခါမှစ၍ကပိလရဟန်းကို သီလကို ချစ်မြတ်နိုးကုန်သော ရဟန်းတို့သည် စွန့်ပစ်ကြကုန်၏။ ထိုကပိလ ရဟန်းသည် မကောင်းသော အကျင့်ရှိသည် ဖြစ်၍ မကောင်းသော အကျင့်ရှိသော ရဟန်းအပေါင်းခြံရံနေလျက် တစ်နေ့သောအခါ ဥပုသ်အိမ်၌ ပါတိမောက်ကို ပြအံ့ဟူသော အကြံဖြင့်ယပ်ကို ကိုင်ယူကာ တရားဟော

နေရာ၌ ထိုင်နေ၍ ငါ့ရှင်တို့၊ ဤဥပုသ်အိမ်၌ စည်းဝေးကုန်သော ရဟန်းတို့အား ပါတိမောက်ကို လေ့လာခြင်း ဖြစ်ပါ၏လောဟု မေးသည်ရှိသော် ဤကပိလအား နှုတ်ခွန်းပြန်လို့ စကားတို့ကို ပေးသဖြင့် အဘယ်အကျိုးရှိအံ့နည်းဟုကြံ၍ မြီးလျှင် ဆိတ်ဆိတ် နေကုန်သော ရဟန်းတို့ကို မြင်၍ ငါ့ရှင်တို့ သုတ်အဘိဓမ္မာသည်လည်းကောင်း ဝိနည်းသည်လည်းကောင်း မရှိ၊ ကြားနာအပ်သည်လည်းဖြစ်သော မကြားနာအပ်သည်လည်း ဖြစ်သော ပါတိမောက်ဖြင့် အဘယ်အကျိုး ရှိသနည်းဟု ပြောဆို၍ နေရာမှ ထ၏။ ဤသို့လျှင် ထိုကပိလရဟန်းသည် ကဿပမြတ်စွာဘုရား၏ ပရိယတ္တိသာသနာတော်ကို ဆုတ်နစ်စေ၏။ နောင်တော် သောဓနမထေရ်သည်လည်း ထိုနေ့၌ပင်လျှင် ပရိနိဗ္ဗာန်ပြုတော်မူ၏။ ကပိလရဟန်းသည် အသက်၏အဆုံး၌ အဝီစိငရဲကြီး၌ ဖြစ်လေ၏။ ထိုကပိလ၏ မိခင်ဖြစ်သော သာဓိနီသည်လည်းကောင်း နှမငယ်ဖြစ်သော တာပနာသည် လည်းကောင်း ထိုကပိလရဟန်း၏ သာလျှင် တွေ့မြင်ရူးစိုက်အတုလိုက်ခြင်းဘည်း ဟူသော ဒိဋ္ဌာနုဂတိသို့ နေက်ပြီးလျှင် သီလကို ချစ်မြတ်နိုးကုန်သော ရဟန်းကောင်းတို့ကို ဆဲရေးရေရွတ်၍ ထိုအဝီစိ ငရဲကြီး၌သာလျှင် ဖြစ်ကြကုန်၏။ ကဿပမြတ်စွာဘုရား ထင်ရှားရှိသော ထိုကာလ၌သာ ငါးရာကုန်သော ယောကျာ်းတို့သည် ရွာကို လုယက် ဖျက်ဆီးခြင်း အစရှိသည်တို့ကို ပြုလုပ်ကုန်၍ ခိုးမှုဖြင့် အသက်မွေးမှုကုန်လျက် ဇနပုဒ်နေသူ လူတို့သည် အစဉ်လိုက်ကုန်သည်ရှိသော် ထွက်ပြေးကုန်လျက် တောသို့ ဝင်၍ ထိုတော၌ တစ်စုံတစ်ခု ခိုကိုးပုန်းအောင်းရာကို မတွေ့မြင်သောကြောင့် မထင်ရှားသော တောကျောင်းနေ ရဟန်းတစ်ပါးကို တွေ့မြင်ရှိခိုး၍ အရှင်ဘုရား တပည့်တော်တို့၏ မှီခိုကိုးကွယ်ရာသည် ဖြစ်တော်မူပါကုန်လော့ဟု ပြောဆို ကြကုန်၏။ မထေရ်ရဟန်းက အသင်တို့အား သီလနှင့်တူသော ကိုးကွယ်မှီခိုရာ မည်သည်မရှိ။ အသုံးစုံလည်း ဖြစ်ကုန်သော သင်တို့သည် ငါးပါးသော သိက္ခာသီလတို့ကို ဆောက်တည်ကြကုန်လော့ ဟု မိန့်ဆိုတော်မူ၏။ ထိုခိုးသူတို့သည် ကောင်းပါပြီဟု ဝန်ခံ၍ သီလတို့ကို ဆောက်တည်ကုန်၏။ သီလဆောက်တည်ပြီးသည့်နောက် ထိုခိုးသူတို့ကို မထေရ်က ဤယခုအခါ၌ သီလရှိကုန်သော အသင်တို့သည် အသက်ဟူသော အကြောင်းကြောင့်လည်း အသင်တို့အား သီလကို မလွန်ကျူးအပ်၊ စိတ်၌ ဖြစ်ပွားပြစ်မှားခြင်းကို မပြုအပ်ဟု ပြောဆိုဆုံးမအပ်၏။ ထိုခိုးသူတို့သည် ကောင်းလှပါပြီဟု ဝန်ခံကုန်၏။ ထိုနောက် ဇနပုဒ်၌နေသော လူတို့သည် ထိုအရပ်သို့ ရောက်လာ၍ ထိုမှဤမှ လှည့်လည် ဖွေရှာကုန်လျက် ထိုခိုးသူတို့ကို တွေ့မြင်ကုန်သည် ရှိသော် အလုံးစုံကုန်သော ထိုခိုးသူတို့ကို ဇီဝိတိန္ဒြေအသက်မှ ပယ်ဖျက်ချသတ်ကုန်၏။ ထိုခိုးသူတို့သည် သေလွန်ခြင်းကိုပြု၍ နတ်ပြည်၌ ဖြစ်ကုန်၏။ ခိုးသူ အကြီးအမှူးသည် အကြီးမှူး နတ်သားဖြစ်၏။ ထိုသူတို့သည် အနုလုံ ပဋိလုံ အစုံ နှစ်ကန် အလျော် အပြန်၏ အစွမ်းဖြင့် ဝးစ်ခုသော

ဘုရားရှင်အကြား ကာလပတ်လုံး နတ်ပြည်၌ ကျင်လည်၍ ဤ ယခု မြတ်စွာဘုရား ဖြစ်ပေါ်မူသော အခါ၌ သာဝတ္ထိ မြို့တံခါး အနီးဝယ် ငါးရကုန်သော အမျိုးရှိသော တံငါသည် အမျိုး၌ ဖြစ်ကုန်၏။ အကြီးအမှူးဖြစ်သော နတ်သားသည် တံငါသည် အကြီးအမှူး၏ အိမ်၌ ပဋိသန္ဓေကို ယူ၏။ ငါးမှတစ်ပါး ကုန်သော နတ်သားတို့သည် ဤမှတစ်ပါးကုန်သော တံငါသည်တို့၏ အိမ်၌ ပဋိသန္ဓေကို ယူကုန်၏။ ဤသို့သော အစဉ်အတိုင်းအားဖြင့် ထိုနတ်သားတို့၏ ပဋိသန္ဓေ တည်နေစွဲယူခြင်းသည် လည်းကောင်း၊ ရက်-လ-ပြည့်၍ မိခင်၏ဝမ်းမှ ဖွားမြင်ခြင်းသည်လည်းကောင်း တစ်ပြိုင်နက်တည်းကဲ့သို့ ဖြစ်၏။ တံငါသည် အကြီးအမှူးသည် ဤရွာ၌ ယနေ့မွေးဖွားကုန်သော တစ်ပါးလည်း ဖြစ်ကုန်သော သူငယ်တို့သည် ရှိကုန်သလောဟု ကြံဆင်ခြင်၍ ရှာမှီးစေသည် ရှိသော် ထိုသူငယ်တို့၏ မွေးဖွားသော အဖြစ်ကို သိ၍ ထိုသူငယ်တို့သည် ငါ့သား၏ အပေါင်းအဖော်တို့သည် ဖြစ်ကုန်လတ္တံ့ဟု နှလုံးသွင်း၍ အလုံးစုံသော သူငယ်တို့အား မွေးကျွေးရန် ရိက္ခာကို ပေးစေ၏။ ထိုအလုံးစုံသော သူငယ်တို့သည် လည်း မြေမှုန့်လိမ်းယူ အတူကစားဖက် အပေါင်းအဖော် ဖြစ်ကုန်၍ အစဉ် အတိုင်းအားဖြင့် အရွယ်သို့ ရောက်ကုန်သည် ဖြစ်ကုန်၏။ ထိုသူငယ်တို့တွင် တံငါသည် အကြီးအမှူး သားငယ်သည် အကျော် အစော အခြံအရံ တန်ခိုး ကြီးမြတ်သော ယောကျ်ားဖြစ်၏။ ကပိလရဟန်းသည်လည်း တစ်ဆူသော ဘုရားရှင် အကြား ကာလပတ်လုံးငရဲ၌ကျက်၍ အကျိုးအကြွင်းဖြင့် ထိုအခါဝယ် အစီရဝတီ မြစ်၌ ရွှေအဆင်းကဲ့သို့ ကိုယ်ရေ အဆင်းရှိသော ညှီပုပ်သဖြင့် မကောင်းသော အနံ့ထွက်သော ခံတွင်းရှိသော ငါးဖြစ်လေ၏။ ထိုနောက် တစ်နေ့သောအခါ အပေါင်းအဖော် ဖြစ်ကုန်သော ထိုတံငါသည် လုလင်တို့သည် ငါးတို့ကို ဖမ်းယူကုန်အံ့ဟု ပိုက်ကွန် စသည်တို့ကို ယူငင်၍ မြစ်၌ ပစ်ချကုန်၏၊ ထိုအခါ လုလင်ပျို တံငါသည်တို့၏ ပိုက်ကွန်တွင်း၌ ထိုကပိလ ငါးသည် ဝင်ရောက် ဖမ်းမိလေ၏။ ထိုငါးကို တွေ့မြင်ကြကုန်၍ အလုံးစုံသော တံငါသည်ရွာ၌ နေကုန်သော သူတို့သည် ငါတို့၏ သားတို့သည် ရှေးဦးအစ ငါးတို့ကို ဖမ်းကုန်သည်ရှိသော် ရွှေအဆင်းရှိသော ငါးကို ဖမ်းယူမိကုန်၏။

ယခုအခါ၌ မင်းကြီးသည် ငါတို့အား များစွာသော ဥစ္စာကို ပေးလတ္တံ့ဟု ကြေးကြော်၍ ကျယ်စွာသော အသံကိုပြုကုန်၏။ အပေါင်းအဖော် ဖြစ်ကုန်သော ထိုတံငါသည်တို့သည်လည်း ငါးကို လှေငယ်၌ ထည့်၍ လှေငယ်ကို ချီမ ယူဆောင်ပြီးလျှင် မင်းကြီးအထံသို့ သွားကြကုန်၏။ မင်းကြီးသည်လည်း ထိုငါးနှင့် လှေငယ်ကို မြင်၍သာလျှင် ဤအမှုကား အကြောင်း အသို့နည်းဟု မိန့်တော်မူသည်ရှိသော် မြတ်သော မင်းကြီး ငါးသတ္တဝါ ပါတည်းဟု တင်လျှောက်ကြကုန်၏။ မင်းကြီးသည် ရွှေအဆင်းကဲ့သို့ အဆင်းရှိသော ငါးကို မြင်၍

မြတ်စွာဘုရားသည် ထိုငါး၏ ရွှေအဆင်းကဲ့သို့ အဆင်းရှိသော အကြောင်းကို သိတော်မူလတ္တံ့ဟု ကြံစည်တော်မူပြီးလျှင် ငါးကို ယူဆောင်စေ၍ မြတ်စွာဘုရား၏ အထံတော်သို့ သွားရောက်လေ၏။ ငါးသည် ခံတွင်းဖွင့်ကာမျှ၌သာလျှင် အလုံးစုံသော ဇေတဝန်ကျောင်းတော်သည် အလွန်လျှင် မကောင်းသော အပုပ်နံ့ ရှိသည်ဖြစ်၏။

မင်းကြီးသည် မြတ်စွာဘုရားရှင်ကို ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ဤငါးသည် အဘယ့်ကြောင့် ရွှေအဆင်းကဲ့သို့သော ကိုယ်ရေအဆင်းရှိသည် ဖြစ်ပါသနည်း။ အဘယ့်ကြောင့်လည်း ထိုငါး၏ ခံတွင်းမှ မကောင်းသော အပုပ်နံ့သည် ဖြစ်ပါသနည်းဟု မေးလျှောက်၏။ မြတ်သော မင်းကြီး ဤငါးသည် ကဿပ မြတ်စွာဘုရား၏ ဆုံးမဟောကြားတော်မူရာ သာသနာ၌ ကပိလ အမည်ရှိသော ရဟန်းသည် ဖြစ်၏။ များသော အကြားအမြင်, များသော အခြံအရံရှိ၏။ ပြန့်ပြောသော လာဘ်၌ တပ်မက်တတ်သောဘဏ္ဍာ နှိပ်စက်ရာ သည် ဖြစ်၍ မိမိ၏ စကားကို မှတ်သားလိုတူ မနာယူကုန်သော သူတို့အား ဆဲရေး ရေရွတ်ခါ ထိုမြတ်စွာဘုရား၏ သာသနာကို သက်လျှော ဆုတ်နစ်စေ၏။ ထိုကပိလသည် ဆိုခဲ့ပြီးသော ထိုမကောင်းမှုကံကြောင့် အဝီစိငရဲ၌ ဖြစ်၍ အကျိုးအကြွင်းဖြင့် ဤယခုအခါ ငါးဖြစ်၏။ ထိုကပိလသည် မြင့်ရှည်စွာ နေ့ညဉ့်ပတ်လုံး မြတ်စွာဘုရား စကားတော်ကို ချပို့၏။ မြတ်စွာဘုရား ဂုဏ် ကျေးဇူးကိုလည်း ရွတ်ဆို ဟောပြော၏။ ထိုကံ၏ အကျိုးဆက်ဖြင့် ဤသို့ သဘောရှိသော ရွှေအဆင်းကဲ့သို့ ကိုယ်ရေအဆင်းရှိသည်ကို ရ၏။ ရဟန်းတို့ကို ဆဲရေး ရေရွတ်ခြင်း ပြုခြင်းကြောင့် ထိုငါး၏ ခံတွင်းမှ မကောင်းသော အပုပ်နံ့ သည် လှိုင်၏။ မြတ်သော မင်းကြီး ထိုငါးကို စကားပြောဆိုစေအံ့ဟု မိန့်တော် မူသည်ရှိသော် ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ပြောဆိုပါစေကုန် လော့ဟု လျှောက်ကြား၏။

ထိုအခါ မြတ်စွာဘုရားက ထိုငါးကို အသင်သည် ကပိလ ဟုတ်သလောဟု မေးတော်မူ၏။ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ဩော်-ဟုတ်မှန် ပါ၏ အကျွန်ုပ်သည် ကပိလပါတည်းဟု လျှောက်ထားသောအခါ အသင်သည် အဘယ်မှ လာခဲ့ရသနည်းဟု မေးတော်မူ၏။ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား အဝီစိငရဲကြီးမှ လာခဲ့ရပါသည်ဟု လျှောက်ထားသည်ရှိသော် အသင်၏ အစ်ကိုကြီးဖြစ်သော သာဂတသည် အဘယ်သို့ သွားသနည်းဟု မေးတော်မူပြန်သဖြင့် ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ပရိနိဗ္ဗာန် ပြုတော်မူပါသည်ဟု လျှောက်ထား၏။ အသင်၏ မိခင်ဖြစ်သော သာဓနီ

သည်ကား အဘယ်မှာနည်းဟု မေးတော်မူပြန်သောအခါ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ငရဲကြီး၌ ဖြစ်နေရပါသည်ဟု လျှောက်ထား၏။

အသင်၏ နှမငယ်ဖြစ်သော တာပနာသည်လည်း အဘယ်မှာနည်းဟု မေးတော်မူပြန်သည်ရှိသော် ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ငရဲကြီး၌ ဖြစ်နေရပါသည်ဟု လျှောက်ထား၏။ ဤယခုအခါ၌ စုတေသေလွန်သော အသင်သည် အဘယ်သို့ သွားရမည်နည်းဟု မေးတော်မူပြန်သဖြင့် ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား အဝီစိငရဲကြီးသို့သာလျှင် သွားရောက်ရပါအံ့ဟု လျှောက်ထားပြီးသော် နလုံးမသာယာခြင်းဖြင့် နှိပ်စက်အပ်သည်ဖြစ်၍ လှေကို ဦးခေါင်းဖြင့် တိုက်ခိုက် တိုးဆောင့်ပြီးလျှင် ထိုခဏ၌ သေလွန်ခြင်းကိုပြု၍ ငရဲ၌ ဖြစ်လေ၏။ များစွာသော လူအပေါင်းသည် ကြီးစွာသော ထိတ်လန့်တုန်လှုပ်ခြင်း ကြက်သီး မွေးညင်းထခြင်းသည် ဖြစ်၏။ ထိုအခါ မြတ်စွာဘုရားသည် ထိုခဏ၌ စည်းဝေးရောက်လာသော ပရိသတ်၏ စိတ်အလိုကို ကြည့်ရှုတော်မူ၍ ထိုခဏအားလျော်သော တရားကို ဟောကြားတော်မူခြင်းငှါ "မနုဇဿ ပမတ္တစာရိနော" အစရှိသည်ဖြင့် လာသော သုတ္တနိပါတ်၌ ကပိလသုတ်ကို ဟောတော်မူလိုရကား ဤဂါထာတို့ကို ဟောကြားတော်မူ၏—

မနုဇဿ ပမတ္တစာရိနော၊ တဏှာ ဝဍ္ဎတိ မာလုဝါ ဝိယ။
သော ပ္လဝတီ ဟုရာ ဟုရံ၊ ဖလမိစ္ဆံဝ ဝနသ္မိ ဝါနရော။
ယံ ဧသာ သဟတေ ဇမ္မီ၊ တဏှာ လောကေ ဝိသတ္တိကာ။
သောကာ တဿ ပဝဍ္ဎန္တိ၊ အဘိဝဍ္ဎံဝ ဗီရဏံ၊
ယော စေတံ သဟတေ ဇမ္မိံ၊ တဏှံ လောကေ ဒုရစ္စယံ။
သောကာ တမှာ ပပတန္တိ၊ ဥဒဗိန္ဒုဝ ပေါက္ခရာ။
တံ ဝေါ ဝဒါမိ ဘဒ္ဒံ ဝေါ၊ ယာဝန္တေတ္ထ သမာဂတာ။
တဏှာယ မူလံ ခဏထ၊ ဥသီရတ္ထောဝ ဗီရဏံ။
မာ ဝေါ နဠံဝ သောတောဝ၊ မာရော ဘဉ္ဇိ ပုနပ္ပုနံ။

မေ့မေ့လျော့လျော့ ကျင့်သော သတ္တဝါအား ပေါက်နွယ်ကဲ့သို့ တဏှာသည် တိုးပွား၏။ သစ်သီးကိုအလိုရှိသော မျောက်သည် တောအတွင်း၌ သစ်တစ်ပင်မှ တစ်ပင် ခုန်ကူးသကဲ့သို့ တဏှာတိုးပွားသူသည် တစ်ဘဝမှတစ်ဘဝသို့ ပြေးသွားကျင်လည်၏။

ပြိဘ်မြက်သည် မိုးရွာလျှင် ပွားစည်းသကဲ့သို့ လောက၌ ကပ်ငြိတွယ်တာ၍ တဏှာအညှဉ်းဆဲ ခံရသူအား စိုးရိမ်ကြောင့်ကြမှု တိုးပွားပေရာ၏။

ရေပေါက်သည် ကြာရွက်မှ လျှောကျသကဲ့သို့ လောက၌ လွန်ဆန်နိုင်ခဲသော ယုတ်မာလှသည့် တဏှာကို ညှဉ်းဆဲနိုင်ခဲ့မူ ထိုပုဂ္ဂိုလ်၌ စိုးရိမ်ကြောင့်ကြမှုကို လျှောကျကုန်၏။

ထို့ကြောင့် ဤအရပ်သို့ အညီအညွတ် စည်းဝေးလာကြကုန်သော သင်တို့အား ငါသည် ကောင်းသော စကားကို ပြောအံ့၊ ပြိတ်မြက်၏ အမြစ်ကို အလိုရှိသူသည် ပြိတ်မြက်ပင်ကို တူးရသကဲ့သို့ နိဗ္ဗာန် အလိုရှိသူသည် တဏှာ၏ အမြစ်ရင်းကို တူးပင်ကြကုန်လော့။ ရေအလျဉ်သည် ကျူပင်ကို ဖျက်ဆီးသကဲ့သို့ ကိလေသာမာရ်သည် သင်တို့အား အဖန်တလဲလဲ မဖျက်ဆီးစေအပ်ပေ။

ထိုဂါထာတို့၌ – **ပမတ္တစာရိနော**=ဟူသည် သတိစန့်လွှတ်ခြင်း အမှတ်ဖြင့် မေ့လျော့ခြင်းဖြင့် မေ့မေ့လျော့လျော့ လှည့်လည်သောသူအား ဈာန်,ဝိပဿနာ မဂ်ဖိုလ်တို့သည် မတိုးပွားကုန်၊ သစ်ပင်ကို မြွေးယှက်လျက် ဖျက်ခြင်း အကျိုးငှါ မာလော နွယ်တို့သည် တိုးပွားသကဲ့သို့တည်း။ ဤအတူ ထိုပုဂ္ဂိုလ်အား ဒွါရ ခြောက်ပါးတို့ကို မှီ၍ အဖန်ဖန်ဖြစ်သော တဏှာသည် တိုးပွား၏တည်း။

**သောပ္လဝတီဟုရာဟုရံ**=ဟူသည် တဏှာအလိုလိုက်သောပုဂ္ဂိုလ်သည် ဘဝတိုင်း ဘဝတိုင်း ပြေးလွှားကျင်လည် ရ၏ ဥပမာ အဘယ်ကဲ့သို့မူ–သစ်သီးကို အလိုရှိသော မျောက်သည် တော၌ ပြေးသွားရ၏။ ထိုထိုသစ်ပင်၏ အကိုင်းကို ယူရ၏၊ ထိုသစ်ပင်၏ အကိုင်းကို လွှတ်၍ အခြားသစ်ပင်၏ အကိုင်းကို ကိုင်ဆွဲရ၏၊ ထိုအခြားသော သစ်ပင်၏ အကိုင်းကို လွှတ်၍ အခြားသော သစ်ပင်၏ အကိုင်းကို ယူရပြန်၏၊ သက်ကိုင်းကို မရမူ၍ ကောင်းစွာ ထိုင်နေရသည်ကို မဆိုထိုက်ပေ ထို့အတူ တဏှာ အလိုလိုက်သော ပုဂ္ဂိုလ်သည် ဘဝတစ်ခုမှ ဘဝတစ်ခုသို့ ပြေးသွားလျက် "အာရုံကို မရဘဲ တဏှာမဖြစ်ခြင်းသို့ ရောက်ပြီ" ဟု မဆိုနိုင်ပေ။

**ယံ**=ဟူသည် ယုတ်ညံ့သည်၏ အဖြစ်ဖြင့် ယုတ်မာသော အဆိပ်ဟူသော အာဟာရရှိသည်၏ အဖြစ်ကြောင့်လည်းကောင်း၊ အဆိပ်ဟူသော အပွင့်ရှိသည်၏ အဖြစ်ကြောင့်လည်းကောင်း အဆိပ်ဟူသော အသီးရှိသည်၏ အဖြစ်ကြောင့်လည်းကောင်း အဆိပ်ဟူသော သုံးဆောင်ခြင်း ရှိသည်၏ အဖြစ်ကြောင့်လည်းကောင်း ရူပါရုံ အစရှိသည်တို့၌ အဆိပ်ရှိသည်၏ အဖြစ်ကြောင့်လည်းကောင်း တောင့်တတတ်သည်၏ အဖြစ်ကြောင့်လည်းကောင်း ကပ်ငြိတတ်သည်ဟူ၍ ခေါ်ဆိုရသော ဤခြောက်ဒွါရ၌ ဖြစ်သော တဏှာသည်

လှမ်းမိုးခံရသော ပုဂ္ဂိုလ်၏ အတွင်း၌ ဝဋ္ဋအမြစ် ဖြစ်ကုန်သော ပူဆွေးခြင်း တို့သည် မိုးအခါ၌ အဖန်ဖန် မိုးရွာသဖြင့် မိုးရေသည် လွှမ်းမိုးစိုစွတ်အပ်သော ဗြိန်းမြက်မျိုးသည် တိုးပွားသကဲ့သို့ တိုးပွားကုန်၏။

ဒုရစ္စယံ=ဟူသည် ဆိုအပ်ခဲ့ပြီးသောအခြင်းအရာရှိသောတဏှာကိုကျော်လွန် ခြင်းငှါ ပယ်စွန့်ခြင်းငှါ ခဲယဉ်းသည်၏အဖြစ်ကြောင့် စွန့်နိုင်ခဲသော တဏှာကို လွှမ်းမိုးနိုင်သော ပုဂ္ဂိုလ်မှာ ဝဋ္ဋအမြစ်ဖြစ်ကုန်သော ပူဆွေးခြင်းတို့သည် လျော့ကျကုန်၏။ ဥပမာ–ရေကန်ရှိ ပဒုမ္မာကြာရွက်၌ ရေမတင်သကဲ့သို့ ထို့အတူ မတည်နိုင်ကုန်တည်း။

**တံ ဝေါ ဝဒါမိ**=ဟူသည် ထိုအခြင်းအရာအားဖြင့် ငါသည် သင်တို့ကို ဟောမတော်မူ၏တည်း။

**ဘဒ္ဒံဝေါ**=ဟူသည် သင်တို့အား ကောင်းခြင်းသည် ဖြစ်စေသတည်း၊ ဤကပိလသည် ပျက်စီးခြင်းသို့ ရောက်သကဲ့သို့ မရောက်ကြကုန်လင့်တည်း။

မူလ=ဟူသည် ဤခြောက်ဒွါရ၌ဖြစ်သော တဏှာ၏အမြစ်ရင်းကို အရဟတ္တ မဂ်ဉာဏ်ဖြင့် တူးကြကုန်လော့ အဘယ်ကဲ့သို့နည်းဟူမူ ပင်ရင်းဖြင့် အလိုရှိသော ယောကျ်ားသည် ပေါက်တူးကြီးဖြင့် ဗြိန်းပင်ကို တူးသကဲ့သို့ ဤအတူ ထို တဏှာ၏ အမြစ်ကို တူးကြကုန်လော့တည်း။

**မာ ဝေါ နဠံ့ သော တော၀၊ မာရော ဘဉ္ဇိပုနပ္ပုနံ**=ဟူသည် သင်တို့သည် မြစ်ရေအလျဉ်၌ပေါက်သောကျူကို အဟုန်ပြင်းစွာဖြင့် ဆောက်လာသော မြစ်ရေ အလျဉ်သည် ချိုးဖျက်သကဲ့သို့ ကိလေသမာရ်၊ မရဏမာရ်၊ ဒေဝပုတ္တမာရ်တို့ကို အဖန်ဖန် ချိုးဖျက်ကြလေတည်း။

ဒေသနာတော်၏ အဆုံး၌ တင်ငါသည် သားငါးရာတို့သည် ထိတ်လန့်တုန်လှုပ် ခြင်းသို့ ရောက်ကြကုန်၍ ဒုက္ခ၏အဆုံးပြုခြင်းကို တောင့်တကုန်လျက် မြတ်စွာ ဘုရား၏အထံ၌ ရဟန်းပြုကြ၍ မကြာမီပင် ဆင်းရဲအဆုံးပြု၍ မြတ်စွာဘုရားနှင့် အတူ အာနေဥ္ဇစျာန်ဖြင့် နေခြင်းဟူသော သမာပတ်တရားကို သုံးဆောင်ခြင်းဖြင့် သုံးဆောင်ခြင်းတစ်ခုတည်းရှိကုန်ပြီ။

ကပိလမစ္ဆဝတ္ထု ပြီး၏။

## ၂။ ဝက်မငယ်၏ဝတ္ထု

ယသာပိမူလေ အစရှိသော ဤတရားဒေသနာတော်ကို မြတ်စွာဘုရားသည် ဝေဠုဝန်ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် မစင်စားသောဝက်ကို အကြောင်းပြု၍ ဟောတော်မူ၏။

အခါတစ်ပါး၌ မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည်သို့ ဆွမ်းခံဝင်ငါ ကြွဝင်တော်မူသည် ရှိသော် ဝက်မငယ်တစ်ကောင်ကို မြင်တော်မူ၍ ပြုံးရယ်ခြင်းကို ပြုတော်မူ၏။ ပြုံးရယ်ခြင်းကို ပြုတော်မူသော ကိုမြတ်စွာဘုရား၏ ခံတွင်းတော် နှုတ်ခမ်းကြားမှ ထွက်ကြွသော သွားတော်၏ အရောင်အဝင်းကို မြင်သောကြောင့် အာနန္ဒာမထေရ်က ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရားပြုံးရယ်ခြင်း၏ အကြောင်းကား အဘယ်သို့ပါနည်းဟု အကြောင်းကို မေးလျှောက်၏။ ထိုအခါ အာနန္ဒာမထေရ်ကို မြတ်စွာဘုရားက ချစ်သား အာနန္ဒာ အသင်အား ဝက်မငယ်ကို မြင်၏လောဟု မိန့်တော်မူ၏။ ဘုန်းတော် ကြီးတော်မူသော မြတ်စွာဘုရား သြော်-မြင်ပါ၏ဟု ဝန်ခံလျှောက်ထားသည် ရှိသော် ထိုဝက်မငယ်သည် ကကုသန္ဓ မြတ်စွာဘုရား၏ သာသနာတော်၌ ဆွမ်းစားဇရပ်တစ်ခု၏ အနီးဝယ် ကြက်မသည် ဖြစ်၏။ ထိုကြက်မသည် ဝိပဿနာကမ္မဋ္ဌာန်းကို စီးဖြန်းရာရဗ္ဗျာယ်သော ယောဂါဝစရ ပုဂ္ဂိုလ်တစ်ပါး၏ တရားသံကို ကြားနာရ၍ ထိုကြက်မဘဝမှ စုတေသည်ရှိသော် မင်းမျိုး၌ဖြစ်၍ ဥပရိအမည်ရှိသော မင်းသမီးသည် ဖြစ်၏။ ထိုမင်းသမီးသည် နောက်အဖို့၌ ကိုယ်လက် အညစ်အကြေး သုတ်သင် သုံးဆောင်ရာဖြစ်သော ဝစ္စကုဋီသို့ ဝင်သည်ရှိသော် ပိုးလောက် အစုကိုမြင်၍ ထိုမိမိ၏ ကိုယ်၌ ပုဠုဝကသညာကို ဖြစ်စေ၍ ပထမဈာန်ကို ရ၏။ ထိုမင်းသမီးသည် ထိုဘဝ၌ အသက်ရှည်သမျှ ကာလပတ်လုံး တည်နေ၍ ထိုဘဝမှ စုတေသည်ရှိသော် ဗြဟ္မာပြည်၌ ဖြစ်၏။ ထိုဗြဟ္မာပြည်မှ စုတေသည်ရှိသော် တစ်ဖန် ဂတိ၏ အစွမ်းဖြင့် ရှုပ်ထွေး ရောယှက်လျက်ဤသို့သော အကြောင်းဖြင့် ဤယခုသောအခါ၌ ဝက်မျိုး၌ ဖြစ်၏။ ဤသို့သော အကြောင်းကို မြင်၍ ငါဘုရားရှင်သည် ပြုံးရယ်ခြင်းကို ထင်ရှားစွာ ပြုဘိသည်ဟု မိန့်တော်မူ၏၊ မြတ်စွာဘုရား မိန့်တော်မူသော ထိုစကားကို ကြားကုန်၍ အာနန္ဒာမထေရ် အမှူးရှိကုန်သော ရဟန်းတို့သည် ပြင်းစွာသော ထိတ်လန့်တုန်လှုပ်ခြင်းကို ရကုန်၏၊ မြတ်စွာဘုရားသည် ထိုရဟန်းတို့အား ထိတ်လန့်တုန်လှုပ်ခြင်းကို ဖြစ်စေ၍ ဘဝကို တပ်မက်သော တဏှာ၏ အပြစ်ကို ဖော်ပြလျက် ခရီးလမ်းမ၌ ရပ်တည်တော်မူလျက်သာလျှင် ဤဂါထာတို့ကို ဟောတော်မူ၏—

ယထာပိ မူလေ အနုပဒ္ဒဝေ ဒဠှေ၊
ဆိန္နောပိ ရုက္ခော ပုနရေဝ ရူဟတိ။
ဧဝမ္ပိ တဏှာနုသယေ အနူဟတေ၊
နိဗ္ဗတ္တတိ ဒုက္ခမိဒံ ပုနပ္ပုနံ။

ယဿ ဆတ္တိံသတိ သောတာ၊ မနာပသဝနာ ဘုသာ။
မဟာ ဝဟန္တိ ဒုဒ္ဒိဋ္ဌိံ၊ သင်္ကပ္ပါ ရာဂနိဿိတာ၊

သဝန္တိ သဗ္ဗဓိ သောတာ၊ လတာ ဥပ္ပဇ္ဇ တိဋ္ဌတိ၊
တဉ္စ ဒိသွာ လတံ ဇာတံ၊ မူလံ ပညာယ ဆိန္ဒထ။

သရိတာနိ သိနေဟိတာနိ စ၊
သောမနဿာနိ ဟောန္တိ ဇန္တုနော။
တေ သာတသိတာ သုခေသိနော၊
တေ ဝေ ဇာတိဇရူပဂါ နရာ။

တသိဏာယ ပုရက္ခတာ ပဇာ၊
ပရိသပ္ပန္တိ သသောဝ ဗန္ဓိတော။
သံယောဇနသင်္ဂသတ္တကာ၊
ဒုက္ခမုပေန္တိ ပုနပ္ပုနံ စိရာယ။

တသိဏာယ ပုရက္ခတာ ပဇာ
ပရိသပ္ပန္တိ သသောဝ ဗန္ဓိတော။
တသ္မာ တသိဏံ ဝိနောဒယေ၊
အာကင်္ခန္တ ဝိရာဂမတ္တနော။

ခိုင်မြဲသော ရေသောက်မြစ်ကို မဖျက်ဆီးဘဲ ပင်စည်ကိုဖြတ်သော်လည်း သစ်ပင်သည် ပြန်လည်အတက်ပေါက် စည်ပင်သကဲ့သို့ ဤအတူ ကိန်းအောင်းနေသော တဏှာကို မဖျက်ဆီးနိုင်သည် ရှိသော် ပဋိသန္ဓေစသော ဆင်းရဲသည် အဖန်ဖန်အထပ်ထပ် ဖြစ်ရ၏။

ပြင်းပြင်းထန်ထန် နှစ်သက်ဖွယ်အာရုံတို့သို့ စီးဆင်းကုန်သော ၃၆-ပါးသော တဏှာရေအလျဉ်ရှိသူအား ရာဂနှင့် စပ်သော အားကြီးသော အကြံအစည်တို့သည် ဆောင်ယူ၍သွားကုန်၏။

တဏှာတည်းဟူသော ရေအလျဉ်တို့သည် အလုံးစုံသော အာရုံတို့၌ ယိုးစီးကုန်၏။ တဏှာတည်းဟူသော နွယ်သည် ဒွါရ ၆-ပါး၌ တည်၍ အာရုံ ၆-ပါး၌ တည်၏။ ထိုတဏှာတည်းဟူသော နွယ်ကို မြင်၍ ထိုနွယ်ကို မဂ်ပညာဖြင့်ဖြတ်ကြကုန်လော့

သတ္တဝါတို့အား အောက်မေ့ခြင်း၊ ချစ်ခြင်း၊ ဝမ်းမြောက်ခြင်းတို့သည် ဖြစ်ကုန်၏။ ထိုသတ္တဝါတို့သည် သာယာနှစ်သက်ဖွယ်၌ မှီကုန်လျက် ကာမချမ်းသာကို ရှာမှီးကုန်သည်ဖြစ်၍ ပဋိသန္ဓေနေခြင်း၊ သေခြင်းသို့ ကပ်ရောက်ကြရကုန်၏။

တဏှာဖြင့် ဝန်းဝိုင်း ခြံရံအပ်ကုန်သော သတ္တဝါတို့သည် ကျော့ကွင်း၌မိသော ယုန်ပမာ ကြောက်ရွံ့ ထိတ်လန့်နေကြရကုန်၏။ ကာမရာဂသံယောဇဉ် အစေးဖြင့် ကပ်ငြိကုန်သော သူတို့သည် ပဋိသန္ဓေနေခြင်းစသော ဆင်းရဲသို့ ကာလကြာမြင့်စွာ အဖန်တလဲလဲ ကပ်ရောက်ကြကုန်၏။

တဏှာဖြင့် ဝန်းဝိုင်းခြံရံအပ်ကုန်သော သတ္တဝါတို့ကို ကျော့ကွင်း၌မိသော ယုန်သူငယ်ပမာ ကြောက်ရွံ့ထိတ်လန့်ကြရကုန်၏၊ ထို့ကြောင့် မိမိ၏ ရာဂကင်းခြင်းကို တောင့်တသူသည် တဏှာကို ပယ်ဖျောက်ရာ၏။

ထိုဂါထာ၌ မူလေ=ဟူသည် သစ်ပင်၏ အရပ်လေး မျက်နှာတို့၌ လေးခုဖြာ၍ အောက်သို့ ဖြောင့်မှန်စွာ သွားသည် ရှိသော် ငါးပါးအပြားရှိသော မူလ၌ဖြတ်ခြင်း၊ ခုတ်ခြင်း၊ ကျိုးချက်ခြင်း၊ထိုးဆွခြင်းစသော တစ်စုံတစ်ခုသောဘေးရန်ဖြင့် ဘေးရန်မရှိသည်ကို ခိုင်မြဲစေရန် သစ်ပင်ကို အပေါ်ပိုင်းဖြတ်သောအခါ တစ်ဖန် သစ်ရွက်နုများ ပေါက်ပြန်၏။ ဤအတူသာလျှင် ဒွါရခြောက်ပါး၌ ဖြစ်သော တဏှာ၏ ကောင်ပုပ်ကို အရဟတ္တမဂ်ဉာဏ်ဖြင့် မနုတ်ပယ်သည်ရှိသော် ထိုထိုဘဝ၌ ဇာတိစသည့် များပြားသော ဤဒုက္ခသည် အဖန်ဖန် အထပ်ထပ် ဖြစ်သည်သာတည်း။

ယဿ=ဟူသည် အကြင်ပုဂ္ဂိုလ်အား ဤသို့ ကိုယ်အတွင်းကို ထောက်ဆ၍ တစ်ဆယ့်ရှစ်ဖြာသော တဏှာကျက်စားရာတို့ကိုလည်းကောင်း၊ ကိုယ်၏ပြင်ပကို ထောက်ဆ၍ ၁၈-ပါးသော တဏှာကျက်စားရာတို့ကို လည်းကောင်း၊ ဤတဏှာကျက်စားမှုတို့၏ အစွမ်းဖြင့် သုံးဆယ့်ခြောက်ပါးသော ရေအလျဉ်တို့ဖြင့် ပြည့်စုံကုန်လျက် နှစ်သက်ဖွယ်ရာ ရူပါရုံစသည်တို့၌ ယိုစီး၍ ဖြစ်တတ်၏။နှစ်သက်ဖွယ်

ယိုစီးတတ်သော တဏှာသည် ပြင်းစွာအားရှိလာ၏။ ထိုပုဂ္ဂိုလ်သည် ဖောက်ပြန်သောဘာဏ်ဖြင့်များယွင်းသော မိစ္ဆာဒိဋ္ဌိအယူကို အဖန်ဖန်ဖြစ်စေသော သူကား အားကြီးသည်ဖြစ်၍ စျာန်ဝိပဿနာတစ်ခုခုကို မမှီမူ၍ ရာဂကိုမှီလျက် ကြံစည်မှုတို့သည် ဆောင်ကုန်၏၊

သဝန္တိ သဗ္ဗဓိ သောတာ=ဟူသည် ဤတဏှာရေအလျဉ်တို့သည် စက္ခုဒွါရ စသည်တို့၏ အစွမ်းဖြင့် ရူပါရုံအစ ရှိသော အာရုံအားလုံးတို့၌ ယိုစီးတတ်သောကြောင့်လည်းကောင်း၊ ရူပတဏှာ ဓမ္မတဏှာ ဤသို့စသော တဏှာအားလုံး သည်ဘဝအားလုံးတို့၌ ယိုစီးတတ်သောကြောင့် လည်းကောင်း သဗ္ဗဓိ သဝန္တိ မည်ကုန်၏၊

လတာ=ဟူသည် ရစ်ပတ်တတ်သောကြောင့် ချုပ်စပ်တတ်သောကြောင့် နွယ်နှင့် တူသောကြောင့် လတာဟု ခေါ်၏။

ဥပ္ပဇ္ဇ တိဋ္ဌတိ=ဟူသည် ခြောက်ဒွါရတို့ဖြင့်ဖြစ်ပြီး၍ ရူပါရုံစသော အာရုံစုံတို့၌ တည်၏။

တဉ္စ ဒိသွာ=ဟူသည် ဤကိုယ်၌ "ဤတဏှာသည် ဖြစ်သည်ရှိသော်ဖြစ်၏" ဤသို့ တဏှာနွယ်ကို ဖြစ်ရာဌာန၏ အစွမ်းအားဖြင့် တွေ့မြင်၍။

ပညာယ=ဟူသည် တော၌ ဖြစ်သော နွယ်ကို ဓားနှင့်ဖြတ်သကဲ့သို့ မဂ်ပညာဖြင့် အရင်း၌ ဖြတ်ကုန်လော။

သရိတာနိ=ဟူသည် ရွှေလျားကုန်၊ သွားကုန်၏။

သိနေဟိတာနိ=ဟူသည် သင်္ကန်းစသည်တို့၌ဖြစ်သောချစ်ခင်စွဲလမ်းသည်၏ အစွမ်းဖြင့် ချစ်မြတ်နိုးခြင်းဘို့သည် လည်းကောင်း၊ တဏှာဖြင့် ချင်ခြင်းဟူသော ယင်ကောင်တို့သည်တည်း။

သောမနဿ=ဟူသည် ဇ ဏှာအလိုလိုက်ကုန်သော သတ္တဝါတို့သည် ဤသို့သော ရွှင်လန်းဝမ်းမြောက်ခြင်းတို့သည် ဖြစ်ကုန်၏။

တေ သာတသိတာ=ဟူသည် တဏှာအလိုသို့ လိုက်ကုန်သော ပုဂ္ဂိုလ်တို့သည် ချမ်းသာခံစားမှု၌ မှီကုန်သည်၊ ချမ်းသာမှု၌ မှီကုန်သည်ဖြစ်၍ သုခကို ရှာမှီးကုန်သည် ဖြစ်ကုန်၏။

**တေ ဓေ**=ဟူသည် ဤသို့သဘောရှိကုန်သော လူတို့သည် ပဋိသန္ဓေနေခြင်း အိုခြင်း၊ နာခြင်း၊ သေခြင်းတို့ ၌ ကပ်ရောက်ကြ ကုန်သာတည်း၊ ဤသို့ ပဋိသန္ဓေ နေခြင်းသို့ ကပ်ရောက်သူတို့ မည်ကုန်၏။

**ပဇာ**=ဟူသည် ဤသတ္တဝါတို့သည် တပ်မက်နှစ်သက်ခြင်းကို ပြုခြင်းဖြင့် တပ်မက်ကုန်၏ဟု ခေါ်ဝေါ်ခြင်းသို့ရောက်သော တဏှာသည် ရှေ့သွားပြုကုန် ခြံရံအပ်ကုန်သည်ဖြစ်၍တည်း။

**ဗန္ဓိတော**=ဟူသည် မုဆိုးသည် ထောင်ဖမ်းအပ်သော ယုန်သည် ကြောက် သကဲ့သို့ ကြောက်ကုန်၏တည်း။

**သံယောဇနသင်္ဂသတ္တကာ**= ဟူသည် သံယောဇဉ်ဆယ်ပါး ငြိကပ်ခြင်းဖြင့် လည်းကောင်း။ ခုနစ်ပါး အပြားရှိသောရာဂဖြင့် ကပ်ငြိခြင်း အစရှိသည်ဖြင့် လည်းကောင်း သတ္တဝါတို့သည် ဖွဲ့စပ်ကုန်သည်ဖြစ်၍ ထိုသံယောဇဉ်၌ ကပ်ငြိ ကုန်သည်ဖြစ်၍တည်း။

**စိရာယ**=ဟူသည် ကြာမြင့်စွာ ရှည်လျားသော အခွန့်ပတ်လုံး အဖန်ဖန် ဇာတိအစရှိသော ဆင်းရဲသို့က ရောက်ကုန်၏တည်း။

**တသ္မာ**=ဟူသည် သတ္တဝါတို့သည် တဏှာဖြင့် ရှေးရှု ရစ်ပတ်အပ် ကုန်သည်၏ အကြောင်ကြောင့် မိမိ၏ရာဂကင်းသော ရာဂအစရှိသည် ကင်းကွာသော နိဗ္ဗာန်ကို တောင့်တ အလိုရှိသောရဟန်းသည် အရဟတ္တမဂ်ဖြင့် ဤတဏှာကိုပယ်ဖျောက် ရာ၏။ ပယ်နုတ်၍ ထုတ်ဆောင်၍ စွန့်ရာ၏တည်း။

## ဒေသနာဘော်၏အကျိုးအာနိသင်

ဒေသနာတော်အဆုံး၌ များစွာသောသူတို့သည် သောတာပတ္တိဖိုလ်ေသည် တို့သို့ ရောက်ကုန်၏။

## ဝက်မငယ်၏ နောင်အနာဂတ်ဘဝ၌ ပရိနိဗ္ဗာန် စံဝင်ရပုံ

ထိုဝက်မငယ်သည်လည်း ထိုဘဝမှ စုတေခဲ့၍ သုဝဏ္ဏဘူမိပယ် မင်းမျိုး၌ ဖြစ်လေ၏၊ ထိုဘဝမှ စုတေခဲ့၍ ဗာရာဏသီပြည်၌ဖြစ်၏။ ထိုဘဝမှ စုတေခဲ့၍

သုပါဒက သခင်ဘောဆိပ်ဝယ် မြင်းကုန်သည်၏ အိမ်၌ဖြစ်၏။ ထိုဘဝမှစုတေခဲ့၍ ကာဝီရသ ဘော်ဆိပ်၌ သူကြီး၏အိမ်ဝယ် ဖြစ်လေ၏။ ထိုဘဝမှ စုတေခဲ့၍ အနုရာဓမြို့ဝယ် အစိုးရသော အမျိုးအိမ်၌ဖြစ်၏။ ထိုဘဝမှစုတေခဲ့၍ ထိုအနုရာဓမြို့၏သားလျှင် တောင်အရပ်မျက်နှာဖြစ်သော ဘောက္ကန္တရွာ၌ သုမနမည်သော သူကြွယ်၏ သမီး အမည်အားဖြင့် သုမနမည်သည် သာလျှင် ဖြစ်၍ ဖြစ်၏။ ထိုနောက် ထိုသုမနသတို့သမီး၏ ဖခင်ဖြစ်သော သူကြွယ်သည် ထိုဘောက္ကန္တရွာကို လူတို့ စွန့်ပစ်အပ်သည်ရှိသော် ဒီဃဝါပိတိုင်းပြည်သို့ သွား၍ မဟာမုနိမည်သောရွာ၌နေ၏။ ထိုရွာ၌သူကြွယ်၏ သမီးဖြစ်သော ထိုသုမနကို ဒုဋ္ဌဂါမဏိမင်းကြီး၏ လကုဏ္ဍက အတိမ္ဗရမည်သော အမတ်ကြီးသည် တစ်စုံတစ်ခုသော ပြုဖွယ်ကိစ္စဖြင့် ထိုရွာသို့ သွားရောက်တွေ့မြင်သည်ရှိသော် ကြီးစွာသော မင်္ဂလာကို ပြုလုပ်ယူဆောင်၍ မဟာပုဏ္ဏရွာသို့သွား၏။

ထိုအခါ ကောဋိပဗ္ဗတကျောင်းကြီး၌နေလေ့ရှိသော မဟာအနုရုဒ္ဓါမည်သော မထေရ်သည် ထိုရွာ၌ ဆွမ်းခံခြင်းငှါ လှည့်လည်စဉ် ထိုအမတ်ကြီး ကပေါ်၏ အိမ်တံခါး၌ ရပ်တည်လျက် သုမနမည်သော ထိုအမတ်ကြီး ကတော်ကိုမြင်သော် ရဟန်းတို့နှင့်အတူတကွ ပြောဆို၏။ အဘယ်သို့ ပြောဆိုသနည်းဟူမူ ငါ့ရှင်တို့ မြတ်စွာဘုရားဟောကြားတော်မူခဲ့သော ဝက်မငယ်မည်သည် လကုဏ္ဍက အတိမ္ဗရ အမတ်ကြီး၏ မယားဖြစ်သို့ ရောက်လာသည်တကား။ ဆော် အံ့ဖွယ်ရှိစွဟု ပြောဆို၏။ ထိုသုမနသည် မထေရ်ပြောဆိုသော စကားကို ကြား၍ လွန်ပြီးသောဘဝတို့ကို ပြန်လှန်ခွါလှစ် အဖြစ်ဇာတိကို သိမြင်အောင် မြင်နိုင်သော ဇာတိဿရဉာဏ်ကို ရလေ၏။ ထိုခဏ၌သာလျှင်ဖြစ်သော ထိတ်လန့်ခြင်းရှိသဖြင့် အရှင်လင်ကိုတောင်းပန်၍ ကြီးကျယ်မြင့်မြတ်သော အစိုးရခြင်းဖြင့် ပဉ္စဗလကမထေရ်မ၏ထံ၌ ရဟန်းမိန်းမပြုပြီးသော် တိဿမဟာဝိဟာရ၌ မဟာသတိပဋ္ဌာနသုတ်တရားစကားကို ကြားနာရ၍ သောတာပတ္တိဖိုလ်၌တည်လေ၏၊ နောက်အခါ ဒေမဠကုလာသရန်ကို နှိပ်နင်းချိုးဖဲ့ခြင်းကို ပြုအပ်ပြီးသည်ရှိသော် အဆွေအမျိုးတို့၏ နေရာအရပ်ဖြစ်သော ဘောက္ကန္တရွာသို့ သာလျှင် သွားရောက်၍ ထိုရွာ၌နေမြဲနေလျက် ကလ္လမဟာဝိဟာရ၌ အာသိဝိသောပမသုတ်ကို ကြားနာရ၍ အရဟတ္တဖိုလ်သို့ ရောက်လေ၏။

ထိုရဟန်းမိန်းမသည် သခင်ပရိနိဗ္ဗာန်ပြုအံ့သောနေ့၌ရဟန်းယောကျ်ား ရဟန်းမိန်းမတို့သည် မေးအပ်သောကြောင့် ရဟန်းမိန်းမ သံဃာအား အလုံးစုံသော ဤသို့သော အဖြစ်ကို အကြားမချပ် မပြတ်ပြောဆို၍ စည်းဝေးသော ရဟန်းသံဃာ၏ အလယ်၌ မဏ္ဍလာရာမ၌ နေလေ့ရှိသော ဓမ္မပဒကိုဆောင်သော မဟာတိဿမထေရ်နှင့်အတူတကွ နှီးနှော၍ ငါသည် ရှေးအခါ၌ လူ၏

ဘဝ၌ဖြစ်ပြီး ထိုဘဝမှ စုတေသည်ရှိသော် ကြက်မသည်ဖြစ်၍ ထိုကြက်မ၏ ဘဝ၌ သိန်းငှက်၏အထံ၌ ဦးခေါင်းပြတ်ခြင်းသို့ရောက်၍ ရာဇဂြိုဟ်ပြည်၌ ဖြစ်ရ ၏။ ပရိဗိုဇ်ရဟန်းမိန်းမအထံတို့၌ ရဟန်းပြုပြီးသော် ပထမစျာန်ဘုံ၌ ဖြစ်၍ ထို ဘဝမှ စုတေသည်ရှိသော် သူဌေးမျိုး၌ဖြစ်ရ၏(မကြာမြင့်မီသာလျှင် စုတေ၍ ဝက်မျိုးသို့ ဖြစ်ရောက်၍ ထိုဘဝမှစုတေသည်ရှိသော် သုဝဏ္ဏဘူမိသို့၊ ထိုဘဝမှ စုတေသည်ရှိသော် ဗာရာဏသီပြည်သို့၊ ထိုဘဝမှစုတေသည်ရှိသော် သုပါဒက သဘော်ဆိပ်သို့၊ ထိုဘဝမှ စုတေသည်ရှိသော် ကာဝီရသဘော်ဆိပ်သို့၊ ထိုဘဝမှ စုတေသည်ရှိသော် အနုရာဓမြို့သို့၊ ထိုဘဝမှ စုတေသည်ရှိသော် ဘောက္ကန္တရွာသို့ ဤသို့လျှင် ညီညွတ် မညီညွတ်ကုန်သော တစ်ဆယ့်သုံးဘဝကုန်သော ကိုယ်၏ အဖြစ်တို့သို့ ရောက်ခဲ့ပြီး ဤယခုအခါ အိမ်ရာဖွဲ့နှောင် လူ့ဘောင်အဖြစ်တွင် ဆန့်ကျင်ငြီးငွေ့သည်ဖြစ်၍ ရဟန်းပြုပြီးလျှင် အရဟတ္တဖိုလ်သို့ ရောက်ရလေပြီ။ အလုံးစုံလည်း ဖြစ်ကုန်သော အသင်တို့သည် မမေ့လျော့ခြင်းတည်း ဟူသော အပ္ပမာဒတရားနှင့် ပြည့်စုံကြစေကုန်လော့ဟု ပြောဆိုဆုံးမပြီးသော် လေးပါး သော ပရိသတ်တို့ကိုလည်း ထိတ်လန့်တုန်လှုပ်စေ၍ ပရိနိဗ္ဗာန်ပြုတော်မူ၏။

ဝက်မငယ်၏ ဝတ္ထုပြီး၏။

---

## ၃။ လူထွက်သော ရဟန်းဝတ္ထု

**ယော နိဗ္ဗနထော** အစရှိသော ဤတရား ဒေသနာတော်ကို မြတ်စွာဘုရား သည် ဝေဠုဝန်ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် လူထွက်ရဟန်း တစ်ပါးကို အကြောင်းပြု၍ ဟောတော်မူ၏။

ထိုရဟန်းသည် မဟာကဿပမထေရ်၏ အတူနေ တပည့်ဖြစ်၍ သမထ တရား အားထုတ်သော‌အားဖြင့် လေးပါးသောစျာန်တို့ကို ရရှိဖြစ်စေပြီး၍လည်း မိမိ၏ဦးရီးဖြစ်သော ရွှေပန်းထိမ်သည်၏အိမ်၌ ဝိသဘာဂဖြစ်သော မာတုဂါမ အာရုံကို ကြိုက်ကြုံတွေ့မြင်၍ ထိုဝိသဘာဂမိန်းမ၌ စွဲလမ်းတပ်မက်သော စိတ်ဖြင့် လူထွက်လေ၏။ ထိုအခါ လူတို့သည် ပျင်းရိသောသဘောရှိသဖြင့် အကြီး အငယ် အသွယ်သွယ်သော အမှုကိုပြုလုပ်ခြင်းငှါ အလိုမရှိသော ထိုရဟန်းလူထွက်ကို အိမ်မှထုတ်ကုန်၏။ ထိုလူထွက်သည် ယုတ်မာသော အဆွေခင်ပွန်းနှင့် ကျွမ်းဆင် ရောနှောမိသောကြောင့် ခိုးသူအမှုဖြင့် အသက်မွေးခြင်းကို ပြုလျက် လှည့်လည်

၏။ ထိုအခါ တစ်နေ့သ၌ လူထွက်ဖြစ်သော ထိုခိုးသူကိုဖမ်းယူ၍ လက်ပြန်ကြိုးဖွဲ့ချည်ပြီးလျှင် ... မ်းလေးခု ခရီးဆုံ၌ ကြိမ်ဖြင့် ရိုက်နှက်လျက် ခိုးသားသတ်ရာ အရပ်သို့ ထုတ်ဆောင်ကုန်၏။

မဟာကဿပမထေရ်သည် ဆွမ်းခံလှည့်လည်ခြင်းငှါ ကြွဝင်တော်မူသည်ရှိသော် လေးခွင်မျက်နှာ တံခါးဖြင့် ခုံသင်ထုတ်ဆောင်သော ထိုလူထွက်ခိုးသားကိုမြင်၍ ဖွဲ့နှောင်သောကြိုးကို လျော့လျော့ပြုစေပြီးလျှင် ရှေး၌အသင်သည် လေ့ကျက်ဖူးသော ကမ္မဋ္ဌာန်းကို ယခုတစ်ဖန် ထပ်ဆင်ခြင်လေလောဟုမိန့်ဆိုတော်မူ၏။ ထိုလူထွက်ခိုးသားသည် မဟာကဿပမထေရ် ပေးသနားသော ထိုအဆုံးအမစကားဖြင့် ကြံစည်တွေးမိ၍ တိုးဖြစ်ခြင်းကိုရ၍ တစ်ဖန် စတုတ္ထဈာန်ကိုဖြစ်စေ၏။ ထိုနောက် ခိုးသားသတ်ရာ အရပ်သို့ဆောင်၍ ထိုလူထွက် ခိုးသားကို သတ်အံ့ဟု တံကျင်၌ လက်လက်အိပ်စေခြင်းငှါ အားထုတ်ကုန်၏။ ထိုလူထွက်ခိုးသားသည် မကြောက်ရွံ့ မတုန်မလှုပ်။ ထိုအခါ လူထွက်ခိုးသား၏ ထိုထိုသော အရပ်မျက်နှာအဖို့၌ တည်ရှိကုန်သော လူတို့သည် သန်လျက် လှံ သံစူးအစရှိကုန်သော ဝင်နက်တို့ကို ရွယ်မိုး ချိမြှောက် ကုန်လျက်လည်း ကြောက်ရွံ့ တုန်လှုပ်ထိတ်လန့်ခြင်း မရှိသော ထိုယောကျ်ားကို မြင်ကုန်၍ အိုအချင်းတို့ ဤယောကျ်ားကို ကြည့်ရှုကုန်လော့ လက်နက် လက်စွဲကုန်သော သူသတ်ယောကျ်ားတို့၏ အလယ်၌ ကိုယ်ကော်ထရော်မရှိ မတုန်လှုပ်ချေ၊ အံ့ဖွယ်ရှိစွဟု ပြောဆိုကုန်လျက် အံ့ဖွယ်သရဲ မဖြစ်ဖူးမြဲ ဖြစ်သောကြောင့် ကျယ်စွာ ကြွေးကြော်ကုန်လျှင် လူတို့သည် ထိုယောကျ်ားကို ကြည့်ရှုကုန်ပြီးသော် မင်းကြီးအား ထိုသို့သော အကြောင်းဖြစ်ခြင်းကို ကြားလျှောက်ကုန်၏။ မင်းကြီးသည် ထိုအကြောင်းကို ကြားတော်မူ၍ ထိုယောကျ်ားကို လွှတ်လိုက်ကုန်လော့ဟု မိန့်ဆိုတော်မူ၏။ မြတ်စွာဘုရား၏ အထံတော်သို့လည်း သွားရောက်၍ ထိုအကြောင်းကို ကြားလျှောက်သောအခါ မြတ်စွာဘုရားက ထိုယောကျ်ားကို လွှတ်လိုက်ကုန်လော့ဟု မိန့်ဆိုတော်မူ၏။ မြတ်စွာဘုရား၏ အထံတော်သို့လည်း သွားရောက်၍ ထိုအကြောင်းကို ကြားလျှောက်ကုန်၏။ မြတ်စွာဘုရားသည် ကိုယ်တော်ရောင်ကို ဖြန့်၍ ထိုလူထွက်ယောကျ်ားအား တရားကို ဟောတော်မူလိုသောကြောင့် ဤဂါထာကို ဟောကြားတော်မူ၏–

**ယော နိဗ္ဗနထော ဝနာဓိမုတ္တော၊ ဝနမုတ္တော ဝနမေဝ ဓာဝတိ။**
**တံ ပုဂ္ဂလမေထ ပဿထ၊ မုတ္တော ဗန္ဓနမေဝ ဓာဝတိ။**

လူ့အဖြစ် နေထိုင်ခြင်းဟူသည် တောကိုစွန့်၍ အလေ့ငှါတည်းဟူသော တောမှိုင်သို့ သက်ဝင်ခဲ့လျက် ဒုက္ခာတောမှ လွတ်ပြီးခါမှ အိမ်ရာတည်ထောင်သည့်၊

တဏှာတောသို့ပင် ပြန်၍ ဝင်ပြန်၏။ လာကြကုန်လော့၊ ထိုပုဂ္ဂိုလ်ကို ရှုကြကုန်လော့။ အိမ်ရာထောင်မှု အနှောင်အဖွဲ့မှ လွတ်ပြီးလျက် အိမ်ရာထောင်အနှောင်အဖွဲ့သို့ပင် ပြေးဝင်၏။

ထိုဂါထာ၏အဓိပ္ပာယ်မှာ—လူအဖြစ်၌ ငြီးငွေ့ခြင်းဟု ဆိုအပ်သော တောနက်ကိုစွန့်၍ ရဟန်းပြုသည်၏ အဖြစ်ကြောင့် တဏှာတည်းဟူသော တောနက်မှ လွတ်မြောက်သော နတ်၌နေခြင်းဟု ဆိုအပ်သော အကျင့်ဟူသော တော၌ သက်ဝင်သည်ဖြစ်၍ အိမ်ရာတည်ထောင်ခြင်းဟူသော တဏှာတောမှ လွတ်မြောက်သည်ဖြစ်၍ တဖန် အိမ်ရာတည်ထောင်ခြင်းဟူသော တဏှာတောသို့သာ ပြေးသွားသော ပုဂ္ဂိုလ်ကို ကြည့်ကြကုန်လော၊ ဤပုဂ္ဂိုလ်သည် အိမ်ရာတည်ထောင်ခြင်းမှ လွတ်မြောက်ပြီးသည်ဖြစ်လျက် အိမ်ရာတည်ထောင်ခြင်းသို့သာ ပြေးဝင်၏။

## ဒေသနာတော်၏ အကျိုးအာနိသင်

ဤသို့သော တရားဒေသနာကို ကြားနာရ၍ ထိုလူထွက်ယောကျ်ားသည် မင်းချင်းယောကျ်ားတို့၏ အကြားဖြစ်သော တံကျင်အဖျားထက်၌ ထိုင်နေလျက်သာလျှင် ဖြစ်·ပျက်·မှုန်စွ ဥဒယဗ္ဗယ ကမ္မဋ္ဌာန်းကို ထင်မြင်ခြင်းဖြစ်စေ၍ လက္ခဏာယာဉ်သုံးပါးသို့ တင်ပြီးသော် သင်္ခါရတရားတို့ကို သုံးသပ်ဆင်ခြင်၏။ သောတာပတ္တိဖိုလ်သို့ ရောက်၍ သမာပတ်ချမ်းသာကို အစဉ်ခံစားလျက် ကောင်းကင်သို့ပျံတက်ပြီး ကောင်းကင်ခရီးဖြင့်ပင် မြတ်စွာဘုရားအထံတော်သို့ သွားရောက်၍ မြတ်စွာဘုရားကို ရှိခိုးတောင်းပန် ရဟန်းပြု၍ မင်းနှင့်တကွသောပရိသတ်၏ အလယ်၌သာလျှင် အရဟတ္တဖိုလ်သို့ ရောက်လေ၏။

လူထွက်သော ရဟန်း၏ဝတ္ထု ပြီး၏။

## ၄။ ဗန္ဓနာဂါရဝတ္ထု

န တံ ဒဠှံ—အစရှိသော ဤတရားဒေသနာတော်ကို မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် နှောင်ဖွဲ့ကြောင်း အိမ်ရာကို အကြောင်းပြု၍ ဟောတော်မူ၏။

အခါတစ်ပါး၌ တိုက်စပ်ကို ဖောက်ဖြတ်, ခရီးလမ်းကို ဖျက်ဆီး, လူတို့ကို သတ်တတ်ကုန်သော များစွာကုန်သော ခိုးသူတို့ကို ဖွဲ့နှောင် ယူဆောင်၍ ကောသလမင်းကြီးအား ပြကြကုန်၏။ ထိုခိုးသူတို့ကို မင်းကြီးသည် နှောင်အိမ်အဖွဲ့၊ ကြိုးအဖွဲ့၊ သံခြေကျဉ်းအဖွဲ့တို့ဖြင့် ချုပ်ထားဖွဲ့နှောင်စေ၏။ ဇနပုဒ်၌ နေသော ရဟန်းသုံးကျိပ်တို့သည် မြတ်စွာဘုရားကို ဖူးမြော်ခြင်းငှါ လာကြကုန်သည်ရှိသော် ထိုခိုးသူတို့ကို တွေ့မြင်ခဲ့ကြကုန်၍ မြတ်စွာဘုရားကို ရှိခိုးဦးချ သင့်မျှသောနေရာ၌ နေကုန်၏။ တစ်ဖန် မိုးသောက်သောနေ့၌ သာဝတ္ထိမြို့သို့ ဆွမ်းအလို့ငှာ ကြွဝင်လှည့်လည်ကုန်လျက် နှောင်အိမ်သို့ သွားဖိရောက်ကြလျှင် ထိုခိုးသူတို့ကို တွေ့မြင်ကြပြန်၏၊ ရဟန်းတို့သည် ဆွမ်းခံရွာမှ ကျေနပ်လုက် ညနေချမ်းအခါ၌ မြတ်စွာဘုရားသို့ ချဉ်းကပ်၍ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား တပည့်တော်တို့သည် ယနေ့ ဆွမ်းအလို့ငှါ လှည့်လည်သည်ရှိသော် နှောင်အိမ်၌ နှောင်အိမ်အဖွဲ့ စသည်တို့ဖြင့် နှောင်ဖွဲ့အပ်ကုန်သော ကြီးစွာသော ဆင်းရဲကို အစဉ်ခံစားရကုန်သော များစွာသော ခိုးသူတို့ကို တွေ့မြင်ပါကုန်၏။ ထိုခိုးသူတို့သည် ထိုအနှောင်အဖွဲ့တို့ကို ဖျတ်ဆီး ဖြတ်တောက်ကုန်၍ ထွက်ပြေးခြင်းငှါ မစွမ်းနိုင်ကြပါကုန်။ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ထိုအနှောင်အဖွဲ့တို့ထက် တိုးတက်မြဲမြံသော တစ်ပါးသော အနှောင်အဖွဲ့မည်သည် ရှိကောင်းပါအံ့လောဟု မေးလျှောက်ကုန်၏။ မြတ်စွာဘုရားက ချစ်သားရဟန်းတို့ ထိုအနှောင်အဖွဲ့တို့သည် အဘယ်မျှလောက် ရှိကုန်မည်နည်း။ ဉစ္စာစပါး သားမယား စသည်တို့၌ ငံ့လွှက်တွယ်တာ တဏှာဟု ဆိုအပ်သော ကိလေသာ အနှောင်အဖွဲ့သည် အသင်တို့ တွေ့မြင်ခဲ့သော ထိုနှောင်အိမ်တို့ထက် အရာသော အဖို့အားဖြင့်လည်းကောင်း၊ အထောင်သော အဖို့အားဖြင့်လည်းကောင်း၊ အသိန်းသော အဖို့အားဖြင့် လည်းကောင်း တိုးတက် ပြင်းထန်-မြဲမြံခိုင်ခံ့လှတော့သည်သာတည်း၊ ဤသို့ အံ့ဖွယ် ကြီးကျယ်သည်လည်း ဖြစ်သော ဖျက်ဆီးဖြတ်တောက် နိုင်ခဲလှစွာသော ထိုကိလေသာ အနှောင်အဖွဲ့ကို ရှေး၌ ပြစ်ကုန်သော ပညာရှိတို့သည် ဖျက်ဆီး ဖြတ်တောက်၍ ဟိမဝန္တာတောသို့ ဝင်ပြီးသော် ရသေ့ရဟန်း ပြုကြကုန်ပြီဟု မိန့်တော်မူပြီး၍ အတိတ်ကို ဆောင်တော်မူ၏။

## တဏှာအနှောင်အဖွဲ့ကို ဖြတ်၍ တောထွက်ပုံ

ရှေးလွန်လေပြီးသောအခါ ဗာရာဏသီပြည်မြတ်၌ ဗြဟ္မဒတ်မင်းကြီးသည် မင်းအဖြစ်ကို ပြုသည်ရှိသော် ငါဘုရားအလောင်းသည် တစ်ဦးသော ဆင်းရဲသော အိမ်ရှင်မျိုး၌ ဖြစ်လေ၏၊ အရွယ်သို့ ရောက်လတ်သော် ထိုဘုရား အလောင်း၏ ဖခင်သည် သေလွန်ခြင်းကို ပြု၏၊ ထိုဘုရားအလောင်းသည် အောက်မေ့လက်ရှိ သတိကို ပြု၍ မိခင်ကို လုပ်ကျွေး မွေးမြူ၏။ နောက်အခါ

ထိုဘုရားအလောင်း၏ မိခင်သည် ထိုဘုရားအလောင်းအား အလိုမရှိပါဘဲ အမျိုးသမီးတစ်ယောက်နှင့် ထိမ်းမြားရှ၍ နောက်အဖို့၌ သေလွန်ခြင်းကို ပြု၏။ ထိုဘုရားအလောင်းမယား၏ ဝမ်း၌လည်းကိုယ်ဝန်တည်၏။ ထိုဘုရားအလောင်းသည် ကိုယ်ဝန်တည်သောအဖြစ်ကို မသိဘဲ အိုနှမ အသင်သည် အစားအမှုကို ပြုလုပ်၍ အသက်မွေးမှုပါလော့။ ငါသည် ရဟန်းပြုတော့အံ့ဟု ပြောဆို၏။ အို အရှင် ကျွန်တော်မအား ကိုယ်ဝန်တည်ခဲ့ပါ၏။ ကျွန်တော်မသည် နေ့-လ-စေ့၍ ဖွားမြင်ပြီးသည် ရှိသော် ရင်သွေးသူငယ်ကို တွေ့မြင်ကြည့်ရှုပြီးမှ အသင် ရဟန်းပြုရလတ္တံ့ဟု တောင်းပန်ပြောဆို၏။ ထိုဘုရားအလောင်းသည် ကောင်းလှပြီဟု ဝန်ခံ၍ ထိုမယား၏ သားကို မွေးဖွားပြီးသောအခါ၌ အိုချစ်နှမ အသင်သည် ကိုယ်လက်ကျန်းမာသဖြင့် သားကို မွေးဖွားအပ်ပြီ၊ ဤယခုအခါ၌ ငါသည် ရဟန်းပြုတော့အံ့ဟု ပြောဆိုပန်ကြား၏။ ထိုအခါ ဘုရားအလောင်းကို ထိုခင်ပွန်းမယားက အိုအရှင် သားငယ်နို့ခွါသည်တိုင်အောင် ဆိုင်းငံ့တော်မူပါဦးဟု တောင်းပန်ပြောဆို၍ တစ်ဖန် ကိုယ်ဝန်ကို ယူပြန်၏။

ထို ဘုရားအလောင်းသည် ဤခင်ပွန်း မယားကို ခွင့်ပေး ဝန်ခံစေ၍ သွားခြင်းငှာ မတတ်ကောင်း။ ဤခင်ပွန်းမယားအား မပြောကြားဘဲသာလျှင် တိမ်းရှောင် ထွက်ပြေး၍ ရဟန်းပြုတော့အံ့ဟု ကြံစည်၏။ ကြံစည်ပြီး၍ကား ထိုဘုရားအလောင်းသည် ခင်ပွန်းမယားအား မပြောကြားဘဲ အခါရသဖြင့် ညဉ့်အဖို့၌ တံခါးတဆိတ် အိပ်ရာမှ ထ၍ တိမ်းရှောင်ထွက်ပြေး၏။ ထိုအခါ မြို့စောင့်ယောကျ်ားကင်းသမားတို့သည် ထိုဘုရားအလောင်းကို ဖမ်းယူကုန်၏။ ထိုဘုရားအလောင်းသည် အရှင် အကျွန်ုပ်ကား မာတုပေါသကအမည်ရှိသော သူပါတည်း။ အကျွန်ုပ်ကို လွှတ်ပါကုန်လော့ဟု တောင်းပန် ပြောဆိုကာ မိမိကိုယ်ကို လွှတ်စေ၍ တစ်ခုသောအရပ်၌ လျောက်ပတ်စွာ နေမျှပြီးသော် ရသေ့ရဟန်းအဖြစ်ကို စိတ်သင်မြန်း ရသေ့ရဟန်းပြုပြီးလျှင် အဘိညာဉ် သမာပတ်တို့ကိုရ၍ ဈာန်တည်းဟူသောရွှင်မြူးစံပယ်ခြင်းဖြင့် တင့်တယ်ပြန့်ပြူး မြူးတူးစံပယ်လျက် နေတော်မူ၏။ ထိုဘုရားအလောင်း ရသေ့သည် ရဟန်းပြုရာ ထိုခန်းဝါ၌သာလျှင် နေလျက် အဆက် ပြတ်အောင် ဖြတ်တောက်ခြင်းငှါ ခဲယဉ်းလှစွာသော သား မယားအနှောင်အဖွဲ့ ကိလေသာ အနှောင်အဖွဲ့ကို ငါသည် ဖြတ်အပ်လေပြီတကားဟု ကြံစည်ရွှင်လန်း ဤသို့သောဥဒါန်းကို ဝမ်းမြောက် ကျူးရင့်လေ၏။ မြတ်စွာဘုရားသည် အတိတ်ကို ဆောင်တော်မူ၍ အလောင်းတော်ဖြစ်သော ထိုရသေ့သည် ရွှင်မွေ့ ကျူးရင့်အပ်သော ဥဒါန်းကို ပြတော်မူလိုသောကြောင့် ဤဂါထာကို ဟောတော်မူ၏—

န တံ ဒဠှံ ဗန္ဓနမာဟု ဓီရာ၊
ယဒါ ယသံ ဒါရုဇံ ပဗ္ဗဇဉ္စ။

သာရတ္တရတ္တာ မဏိကုဏ္ဍလေသု၊
ပုတ္တေသု ဒါရေသု စ ယာ အပေက္ခာ။

ဧတံ ဒဠှံ ဗန္ဓနမာဟု ဓီရာ၊
ဩဟာရိနံ သိထိလံ ဒုပ္ပမုဉ္စံ။
ဧတံပိ ဆေတွာန ပရိဗ္ဗဇန္တိ၊
အနပေက္ခိနော ကာမသုခံ ပဟာယ။

သံအနှောင်အဖွဲ့၊ သစ်သားအနှောင်အဖွဲ့၊ ကြိုးအနှောင်အဖွဲ့ စသည့် အနှောင်အဖွဲ့ အမျိုးမျိုးတို့ကို မြဲမြံခိုင်ခံ့သော အနှောင်အဖွဲ့များဟု ပညာရှိတို့ မဆိုကုန်။ ပတ္တမြားနားတောင်း စသော ရတနာတို့၌ လည်းကောင်း၊ သားမယား လင်သားတို့၌ လည်းကောင်း၊ တပ်နှစ်သက်မှု တဏှာ အနှောင်အဖွဲ့မျိုးကို သာလျှင် ခိုင်မြဲသော အနှောင်အဖွဲ့ဟု ပညာရှိတို့ ဆိုကြကုန်၏။ ပညာရှိတို့သည် လျှော့ရဲဟန်ရှိသော်လည်း လွတ်မြောက်ရန် ခဲယဉ်းသော တဏှာတည်းဟူသော အနှောင်အဖွဲ့ကို ရှန်းဖြတ်၍ ကာမချမ်းသာကို မငဲ့မတွယ် တောထွက်ကြကုန်၏။

ထိုဂါထာတို့၌ ဓီရာ=ဟူသည် ဘုရားအစရှိသော ပညာရှိယောကျ်ားတို့သည် သံကြိုးဟု ဆိုအပ်သော သံဖြင့်ဖြစ်သော သံကြိုး၊ သံ၊ ထိပ်နှောင်ဖွဲ့ခြင်းဟူသော သစ်သားဖြင့်ပြီးသော ထိပ်နှောင်ဖွဲ့ခြင်း ပြိန်းမြက်တို့ဖြင့် လည်းကောင်း၊ အခြားသော လျှော်မျှင်တို့ဖြင့် ကြိုးကိုပွဲ၍ ပွဲအပ်သော ကြိုးဟူသော နှောင်ဖွဲ့ခြင်းတို့ကို သန်လျက် စသည်တို့ဖြင့် ဖျက်ခြင်းငှါ စွမ်းနိုင်သည်၏ အဖြစ်ကြောင့် ခိုင်မြဲ၏ဟု မဆိုနိုင်ကုန်သတည်း။

သာရတ္တရတ္တာ=ဟူသည် နှစ်သက်ခြင်း ရှိကုန်သည်ဖြစ်၍ နှစ်သက်ကုန်သည်၊ သာ၍အားကြီးသော ရာဂဖြင့် နှစ်သက်ကုန်သည်တည်း။

မဏိကုဏ္ဍလေသု=ဟူသည် ပတ္တမြားတို့၌ လည်းကောင်း၊ နားတောင်းကို လည်းကောင်း၊ ပတ္တမြားဖြင့် ဆန်းကြယ်သော နားတောင်းတို့၌ လည်းကောင်း ပတ္တမြားနားတောင်းတို့၌ နှစ်သက်ခြင်း သာ၍နှစ်သက်ခြင်း ရှိကုန်သည်။ ထိုသူတို့၏ ထိုရာဂသည် လည်းကောင်း၊ သားမယားတို့၌ ငဲ့သောတဏှာသည် လည်းကောင်း ဤကိလေသာဖြင့် ပြီးသော အနှောင်အဖွဲ့ကို ပညာရှိယောကျ်ားတို့သည် ခိုင်မြဲ၏ဟု ဆိုကုန်၏။

ဩဟာရိနံ=ဟူသည် အပါယ်လေးပါးတို့၌ ဆွဲငင်၍ ကျစေတတ်သည်၏ အဖြစ်ကြောင့် အောက်သို့ ဆောင်၏၊ အောက်၌ ဆောင်၏၊ ဤသို့ အပါယ် လေးရပ်သို့ ဆောင်တတ်သော တည်း။

**သိထိလံ**=ဟူသည် နှောင်ဖွဲ့ရာအရပ်၌ အရေပါး အရေထူ အသားတို့ကို မဖြတ်၊ သွေးကို မထုတ်ဆောင် နှောင်ဖွဲ့သည်၏ အဖြစ်ကို မသိစေမူ၍ ကုန်းလမ်း ရေလမ်း စသည်တို့၌ အမှုဘိုကို ပြုခြင်းငှါ ပေး၏။ ဤလျှော့ထသော၊

ဒုပ္ပမုဥ္စံ=ဟူသည် လောဘ၏ အစွမ်းဖြင့် တစ်ကြိမ်ဖြစ်သော ကိလေသာ အနှောင်အဖွဲ့သည် ကိုက်ခဲရာအရပ်မှ လိပ်သည် လွှတ်ခဲသကဲ့သို့ လွှတ်ခဲ့သည် ဖြစ်၏။ ထို့ကြောင့် လိပ်ခဲတင်းလင်း စွဲလမ်းခြင်းဖြင့် လွှတ်နိုင်ခဲသော၊

တေမ္ပိ ဆေတွာန=ဟူသည် ခိုင်မြဲသော ကိလေသာ အနှောင်အဖွဲ့ကို ဉာဏ်သံလျက်ဖြင့် ဖြတ်၍ ငဲ့ကွက်ခြင်း မရှိကုန်သည်ဖြစ်၏ ကာမချမ်းသာကို ပယ်၍ လို့လကြိုးကုတ် အားထုတ်ကုန်၏ ရဟန်းပြုကုန်၏ကည်း။

ဗန္ဓနာဂါရ ဝတ္ထုပြီး၏။

## ၅။ ခေမာထေရီဝတ္ထု

ယေရာဂရတ္တာ– အစရှိသော ဤတရားဒေသနာတော်ကို မြတ်စွာဘုရားသည် ဝေဠုဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် ဗိမ္ဗိသာရမင်း၏ အဂ္ဂမဟေသီ ဖြစ်သော ခေမာမိဖုရားကို အကြောင်းပြု၍ ဟောတော်မူ၏။

ထိုခေမာမိဖုရားကြီးသည် ပဒုမုတ္တရ မြတ်စွာဘုရား၏ ခြေတော်ရင်း၌ ဝပ်စင်းညွှတ်ပျောင်း ဆုတောင်းပတ္ထနာခဲ့သည်ဖြစ်၍ အလွန်ပင် အဆင်းလှသည်။ ရှုသူနှစ်မြို့ အလွန် ကြည်ညိုဖွယ်ရှိသည် ဖြစ်ပေသတတ်။

### ခေမာမိဖုရားကြီး၏အတိတ်ဝတ္ထု

ထိုခေမာမိဖုရားကြီး၏ အကြောင်းကို အနည်းငယ်မျှ ထုတ်ဆောင်၍ပြဦးအံ့။ ဤဘဒ္ဒကမ္ဘာမှ ပြန်၍ရေတွက်သော် အထက် ကာလတစ်သိန်း ပဒုမုတ္တရမြတ်စွာဘုရား လက်ထက်တော် အခါ၌ ဟံသာဝတီပြည်ဝယ် ဤခေမာ မိဖုရားကြီး၏ အလောင်းသည် သူတစ်ပါး အချိုးအိမ်သို့ လိုက်ပါသွားရောက် ရသော မယားခင်ပွန်းမအဖြစ် ဖြစ်ရလေ၏။ ထိုနောက်တစ်နေ့သောအခါ၌ ဆွမ်းခံခြင်းငှာ လှည့်လည်တော်မူသော ပဒုမုတ္တရ မြတ်စွာဘုရား၏ အဂ္ဂသာဝက ဖြစ်သော သုဇာတမည်သော မထေရ်ကို တွေ့မြင်ဖူးမြော်၍ သုံးခုသော ကတွတ်မုန့်တို့ကို ပေးလှူပြီးသော် ထိုနေ့၌ပင်လျှင် မိမိ၏ဆံပင်တို့ကို ဖြတ်တောက်စွန့်လွှတ်ပြီးခါ သုဇာတမထေရ်အား အလှူကို ပေးလှူ၍ နောင်အခါ ပွင့်တော်မူလတ္တံ့သော မြတ်စွာဘုရားအထံတော်၌ အရှင်ဘုရားတို့ကဲ့သို့ ကြီးကျယ်မြင့်မြတ်သော ပညာ ရှိသည် ဖြစ်ရပါလို၏ဟု ဆုတောင်းခြင်းကိုပြု၍ အသက်ရှည်သမျှ ကာလပတ်လုံး ကုသိုလ်ကောင်းမှု ပြုစုအားထုတ်ခြင်းတို့၌ မမေ့မလျော့သည်ဖြစ်၍ ကမ္ဘာ တစ်သိန်းပတ်လုံး နတ်ပြည် လူ့ပြည်တို့၌ ကျင်လည်လျက် ကဿပ မြတ်စွာ

သွားလက်ဆက်တော်အခါ ကိကီမင်းကြီး၏ နန်းအိမ်တော်၌ ပဋိသန္ဓေစွဲယူနေပြီးသော် ခုနစ်ဖော်ကုန်သော ညီအစ်မတို့တွင် အတွင်းဝင်သည် ဖြစ်၍ အနှစ်နှစ်သောင်းတို့ပတ်လုံး နေအိမ်တော်၌သာလျှင် ယောကျ်ားတခံ မဆက်ဆံရ ကောမာရဗြဟ္မစရိယ အပျိုစင်အကျင့်ကို ကျင့်၍ ထိုညီအစ်မတို့နှင့် အတူတကွ မြတ်စွာဘုရား၏ သီတင်းသုံးတော်မူရာ ပရိဝုဏ် အာရာမ်ကို ပြုစေပြီး၍ ဟစ်ဆူသော ဘုရားရှင်အကြား ကာလပတ်လုံး နတ်ပြည် လူ့ပြည်တို့၌ ကျင်လည်လျက် ဤဂေါတမမြတ်စွာဘုရား ပွင့်တော်မူသောအခါ မဒ္ဒတိုင်း သာဂလမြို့ဝယ် မင်းမျိုး၌ ပဋိသန္ဓေကို ယူ၏။ ထိုမင်းသမီးအား ခေမာဟူသော အမည်ကို မှည့်ခေါ်ခြင်းပြုကုန်၏။ ထိုခေမာမင်းသမီး၏ ကိုယ်ရေ အဆင်းသည် ရွှေရည်ဖြင့် သွန်းလောင်းသော ဥဒေါင်းမြီးစည်းကဲ့သို့ ရှိသည်ဖြစ်၏။ အစဉ်ကြီးမြောက် အရွယ်ရောက်သော ထိုခေမာမည်သော မင်းသမီးသည် ရာဇဂြိုဟ်ပြည့်ရှင် ဘုရင်ဗိမ္ဗိသာရ မင်းကြီး၏ နန်းတော်သို့ အဂ္ဂမဟေသီ ဒေဝီ ခေါင်ဖျား မိဖုရားကြီးအဖြစ်ဖြင့် သွားရောက်ရလေ၏။ ထိုခေမာ မိဖုရားကြီးကား မြတ်စွာဘုရားသည် တင့်တယ်ရှိခြင်း ရုပ်အဆင်း၏ အပြစ်ကို စိစစ်ပြောဆိုသတတ်ဟု ကြားရသောကြောင့်သာ မြတ်စွာဘုရား၏ ထံပါးမျက်မှောက်သို့ သွားရောက်ခြင်းငှာ အလိုမရှိလေ။ ဗိမ္ဗိသာရမင်းကြီးသည် ထိုခေမာမိဖုရား၏ ရုပ်အဆင်း၌ ချစ်ခြင်း လွန်ကြူး ယစ်မူးသော ဖြစ်ကို သိတော်မူ၍ ဝေဠုဝန်ကျောင်းအာရာမ် စိမ်းညို့မွမ်းခြင်းနှင့် စပ်ကုန်သော တေးသီချင်းတို့ကို ဖွဲ့ဆို ရေးပြုစေ၍ ကချေသည် စသည်တို့အား ပေးစေ၏။ ထိုတေးသီချင်းတို့ကို သီဆိုကပြကုန်သော ထိုကချေသည်တို့၏ သီချင်းသံကို ကြား၍ ထိုခေမာမိဖုရားကြီးအား ဝေဠုဝန်အာရာမ်ကို ယမန်နေ့ရှေးတွင် မတွေ့မြင်ရဖူးသကဲ့သို့ ဖြစ်၏။ ထိုမိဖုရားကြီးက အဘယ်ဥယျာဉ်ကို ရေ်ရည်၍ သီဆိုကြကုန်သနည်းဟု မေးတော်မူ၍ အရှင်မိဖုရားကြီး အရှင်မတို့၏ ဝေဠုဝန်ဥယျာဉ်တော်ကိုသာလျှင် ရည်ရော် သီဆိုကြပါကုန်သည်ဟု လျှောက်တင်သည် ရှိသော် ဥယျာဉ်တော်သို့ ထွက်ကြွတော်မူခြင်းငှာ အလိုရှိသည် ဖြစ်၏။

## မြတ်စွာဘုရားသည် ခေမာမိဖုရားကြီးအား တရားဟောပြခြင်း

မြတ်စွာဘုရားသည် ထိုခေမာမိဖုရားကြီး၏ ထွက်လာခြင်းကို သိတော်မူသောကြောင့် ပရိသတ်အလယ်၌ သီတင်းသုံး နေထိုင်တော်မူ၍ တရားကို ဟောကြားတော်မူလျက်သာလျှင် ယပ်ခန်းကိုကိုင်ယူ၍ မိမိကိုယ်တော်၏ နံပါး၌ တည်နေမပြတ် ယပ်လေခပ်လျက်ရှိသော အလွန်အဆင်းလှသော မိန်းမရုပ်ကို ဖန်ဆင်း၍ ထားတော်မူ၏။ ခေမာမိဖုရားကြီးသည် ဘုရားထံမှောက် ဝင်ရောက်လျက်သာ လွန်စွာ ရူပကာယ အဆင်းလှသော ထိုမိန်းမကို တွေ့မြင်၍ ကြံဆင်ခြင်၏။ အဘယ်သို့ ကြံဆင်ခြင်သနည်းဟူမူ မြတ်စွာဘုရားသည် ရုပ်အဆင်း

လှခြင်း၏ အပြစ်ဒေါသကို ဖော်ပြဟောကြားဘိသည်ဟု ပြောဆိုကြကုန်၏။ ဤမိန်းမသည်လည်း မြတ်စွာဘုရား၏ အထံတော်၌ ယပ်လေခပ်လျက် တည်နေဘိ၏။ ငါသည် ဤမိန်းမ၏ အဆင်းရူပ၊ လှပနှစ်မြို့ဖွယ်ကို တစ်ဆယ့်ခြောက်စိတ် စိတ်၍ တစ်စိတ်ကိုမျှ တူရမည်လောက် မကပ်ရောက်နိုင်ချေ၊ ငါသည် ဤသို့ သဘောရှိသော အဆင်းလှသော မိန်းမကို ရှေးရှေးကပင် မတွေ့မြင်ဘူးပလေ။ မြတ်စွာဘုရားကို မဟုတ်မမှန်သော စကားဖြင့် ပြောကြား စွပ်စွဲကြကုန်ယောင်တကားဟု ကြံဆင်ခြင်၏။ ကြံဆင်ခြင်ပြီး၍ကား မြတ်စွာဘုရား၏ တရားဟောရာ ဂါထာအဆုံးကိုလည်း နာခံသင့်ရွေ၊ မအောက်မေ့နိုင်မူ၍ အဆင်းအလွန်လှသော ထိုမိန်းမကိုသာလျှင် စိန်းစိန်းကြည့်ရှုလျက် တည်နေ၏။ မြတ်စွာဘုရားသည် ထိုခေမာမိဖုရားကြီး၏ ရုပ်အဆင်း၌စွဲ၍ ဖြစ်သော များစွာထက်သန်မာန်ရှိသောအဖြစ်ကိုသိတော်မူ၍ ဖန်ဆင်းပြုလုပ်မိန်းမရုပ်ကို ဆယ့်ခြောက်နှစ်မျှ ပဌမအရွယ်ကို ပြတော်မူ၍။ ထိုမှလွန်ရောက် နှစ်ဆယ်မြောက်သော အရွယ်ကို ပြု၍ ပြတော်မူ၏။ ဤသို့လျှင် မြတ်စွာဘုရားရှင်သည် အစဉ်အတိုင်းအားဖြင့် ထိုမိန်းမ၏ တစ်ကြိမ် သားဖွားသော ရုပ်အဆင်း၊ အရွယ် အလယ် အလတ် ရှိသော ရုပ်အဆင်း၊ အိုမင်းကြီးရင့်သော ရုပ်အဆင်းကို ဖန်ဆင်းပြုပြင်၍ ပြတော်မူပြီးလျှင် သေလွန်ပြီးမှ ပုပ်ပွဖူးဆောင် ပိုးကောင်လောက်ထ အဆုံးကျ၍ အရိုးမျှကြွင်းသည်ကို ပြု၍ ပြတော်မူ၏။ ခေမာ မိဖုရားကြီးသည် တစ်မုဟုတ်အပြန်ပြန် ဖောက်ပြန်ဖြစ်ချုပ် ထိုမိန်းမရုပ်ကို မြင်၍ ဤသို့ သဘောရှိသည်သည်း မည်သော ဤရုပ်အဆင်းသည် တစ်မုဟုတ်ချင်းဖြင့် သာလျှင် ကုန်ခြင်း၊ ပျက်ခြင်းသို့ရောက်ရ၏။ ဤရုပ်အဆင်း၌ အနှစ်သာရ ဘာမျှမရှိချေတကားဟု ကြံစည်၏။ မြတ်စွာဘုရားသည် ထိုခေမာ မိဖုရားကြီး၏ စိတ်အကြံဖြစ်ခြင်းကို ကြည့်ရှုတော်မူ၍ အိုခေမာမိဖုရား အသင်သည် ဤရုပ်အဆင်း၌ အနှစ်သာရရှိ၏ဟု ကြံစည်ဘိ၏။ ဤယခုအခါ၌ ထိုရုပ်အဆင်း၏ အနှစ်သာရ မရှိသောအဖြစ်ကို ကြည့်ရှုပါလော့ဟု မိန့်တော်မူပြီး ဤဂါထာကို ဟောတော်မူ၏ —

**အာတုရံ အသုစိံ ပူတိံ၊ ပဿ ခေမေ သမုဿယံ။**
**ဥဂ္ဃရန္တိံ ပဂ္ဃရန္တိံ၊ ဗာလာနံ အဘိပတ္ထိတံ။**

အိုခေမာမိဖုရား နာကျင်တတ်သော မစင်မကြယ် ပုပ်ဟောင်နံသော အရိုးများမြောင်း စိုက်ထောင်အပ်သော ပျို့အန်တတ်၍ အောက်သို့ယိုစီးထွက်ကျတတ်သော ဤကိုယ်ကာယကို ကြည့်ရှုလော့၊ လူမိုက်တို့သည် အလွန်လိုချင်တောင့်တအပ်၏။

တရားဒေသနာ ထိုဂါထာအဆုံး၌ ခေမာမိဖုရားကြီးသည် သောတာပတ္တိဖိုလ်၌ တည်နေ၏။ ထိုအခါ မြတ်စွာဘုရားက ထိုခေမာမိဖုရားကို အိုခေမာ

ဤသတ္တဝါတို့သည် ရာဂဖြင့် တပ်ကုန်သည် ဖြစ်၍ ဒေါသဖြင့် ပြစ်မှားဖျက်ဆီး အပ်ကုန်သည် ဖြစ်၍၊ မောဟဖြင့် မိန်းမောတွေဝေ ကုန်သည်ဖြစ်၍ မိမိ၏ တဏှာအလျဉ်ကို အစဉ်ရှောင်ခွါ ကောင်းစွာ လွန်မြောက်ခြင်းငှါ မစွမ်းနိုင်ကုန်။ တွေ့ကြုံဖြစ်ရာ ထိုတဏှာအလျဉ်သာလျှင် မခွါတတ်ဘိ ကပ်ငြိရကုန်တော့သည် သာတည်းဟု မိန့်တော်မူလိုရကား ဤဂါထာကို ဟောကြားတော်မူ၏—

ယေ ရာဂရတ္တာ'နုပတန္တိ သောတံ၊
သယံကတံ မက္ကဋကောဝ ဇာလံ။
ဧတမ္ပိ ဆေတွာန ဝဇန္တိ ဓီရာ၊
အနပေက္ခိနော သဗ္ဗဒုက္ခံ ပဟာယ။

အကြင်သတ္တဝါတို့သည် ရာဂဖြင့် တပ်မက်ကုန်၏၊ ထိုသတ္တဝါတို့သည် ပင့်ကူသည် မိမိပြုအပ်သော ပိုက်ကွန်သို့ ပိုးနှံယင်ကောင် ကျဆောင်ဘိသကဲ့သို့ ဤအတူသာလျှင် မိမိပြုအပ်သော တဏှာအလျဉ်သို့ အဖန်တလဲလဲ ကျရောက်ကုန်၏။ ရဲရင့်သော ပညာရှိတို့သည် တဏှာအနှောင်အဖွဲ့ကိုလည်း ဖြတ်တောက်၍ ဆင်းရဲအားလုံးကို အရဟတ္တမဂ်ဖြင့် ပယ်စွန့်၍ သွားကြကုန်၏။

ထိုဂါထာ၌ မက္ကဋကောဝ ဇာလံ=ဟူသည် ပင့်ကူသည် ပိုက်ကွန်ချည်ကို ပြု၍ အလယ်ချက်ဝန်းအရပ်၌ သျှောင်းလျက်ပိုက်ကွန်တွင်း၌ကျသောပိုးနှံကောင်ကိုလည်းကောင်း၊ယင်ကောင်ကိုလည်းကောင်း၊လျင်မြန်စွာ သွား၍ ထိုးသုတ်၍ ထိုသတ္တဝါ၏ အရည်ကိုသောက်၍ တစ်ဖန်သွား၍ ထိုအရပ်၌ပင်အိပ်၏။ ဤအတူသာလျှင် ရာဂဖြင့် တပ်မက်ကုန်သော ဒေါသဖြင့် ပျက်စီးကုန်သော မောဟဖြင့် တွေဝေကုန်သော သတ္တဝါတို့သည် မိမိပြုအပ်သော တဏှာအလျဉ်သို့ ကျရောက်ကုန်၏။ ကောင်းစွာ ကျော်လွန်ခြင်းငှါ မတတ်နိုင်ကုန်။ ဤသို့ခဲယဉ်းစွာ လွန်မြောက်အပ်သောတည်း။

ဧတမ္ပိဆေတွာန ဓီရာ=ဟူသည် ပညာရှိတို့သည်တဏှာ၏ အနှောင်အဖွဲ့ကို ဖြတ်၍ ငဲ့ကွက်ခြင်း မရှိကုန်သည် ကပ်ငြိခြင်း မရှိကုန်သည်ဖြစ်၍ အရဟတ္တမဂ်ဖြင့် ဆင်းရဲအားလုံးကို ပယ်စွန့်၍ သွားကုန်၏ဟူသည်း။

ဒေသနာတော်၏ အဆုံး၌ ခေမာမိဖုရားသည် အရဟတ္တဖိုလ်၌တည်၏၊ လူအပေါင်းအားလည်း အကျိုးရှိသော တရားဒေသနာဖြစ်၏။ မြတ်စွာဘုရားသည် မင်းအား "မင်းကြီး ခေမာမိဖုရားအား ရဟန်းပြုရန်၊ သို့မဟုတ် ပရိနိဗ္ဗာန်ပြုရန်သင့်၏"ဟု မိန့်တော်မူ၏၊ "ဘုန်းတော်ကြီးသော မြတ်စွာဘုရား ထိုခေမာမိဖုရားကိုရဟန်းပြုပေးပါကုန်၊ ပရိနိဗ္ဗာန်ပြုခြင်းဖြင့်သင့်မြတ်ပါ၏"ဟု-လျှောက်၏၊ ထိုခေမာမိဖုရားသည် ရဟန်းပြု၍ လက်ယာတော်ရံ အဂ္ဂသာဝိကာမဖြစ်ပြီ။

ခေမာထေရီဝတ္ထုပြီး၏

## ၆။ ဥဂ္ဂသေနကချေသည်ဝတ္ထု

မုဉ္စ ပုရေ—အစရှိသော ဤတရားဒေသနာတော်ကို မြတ်စွာဘုရားသည် ဝေဠုဝန်ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် ဥဂ္ဂသေနကို အကြောင်းပြု၍ ဟောတော်မူ၏။

ငါးရာမျှအတိုင်း အရှည်ရှိကုန်သော ကချေသည်တို့သည် တစ်နှစ်သို့လည်း ကောင်း, ခြောက်လသို့လည်းကောင်း, ရောက်သည်ရှိသော် ရာဇဂြိုဟ်ပြည်သို့ သွားရောက်ကုန်၍ မင်းကြီးအား ခုနစ်ရက်ပတ်လုံး ပွဲလမ်းသဘင် စီစဉ်ကပြခြင်း ကိုပြု၍ များစွာသော ရွှေငွေကို ရကုန်သတတ်။ အကြားကြား၌ ချီးမြှောက် ပေးကမ်းအပ်သော ရွှေငွေဥစ္စာတို့၏ အပိုင်းအခြားကား မရေတွက်နိုင်၊ လူများ အပေါင်းသည် ညောင်စောင်းအဆင့်ဆင့် အနိမ့်အမြင့်ဖြစ်သော နေရာတို့၌ တည်နေကုန်၍ ပွဲသဘင်ကို ကြည့်ရှု၏။ ထိုအခါ ခုန်ပျံပေါ့လွှား ကျွမ်းသမား၏ သမီးတစ်ယောက်သည် ဝါးလုံးအထက်သို့ တက်ရောက်၍ ထိုဝါးလုံး၏ အထက် ဝယ် ပြန်လှန်ကစား၍ ထိုဝါးလုံး၏ အဆုံးအစွန်ဖြစ်သော ကောင်းကင်၌ လူးလာ တုံ့ခေါက်၊ လျှောက်သွားလျက်ကလည်း ကခုန်၏၊ သီချင်းလည်းဆို၏။

### ဥဂ္ဂသေနသူဌေးသား ကချေသည်ဖြစ်ပုံ

ထိုအခါ ဥဂ္ဂသေနအမည်ရှိသော သူဌေးသားသည် အဖော်အပေါင်းနှင့် တကွ ညောင်စောင်းအဆင့်ဆင့်၌ တည်နေလျက် ထိုကချေသည်မယေ်ကို ကြည့်ရှု၍ ထိုကချေသည်မယေ်၏ လက်ခြေအင်္ဂါ ကောင်းစွာလှုပ်ရှား သွားလာ မြှောက်ပင့်ခြင်းတို့၌ လွန်မင်းမွေ့လျော် ဖြစ်ပေါ်သော ချစ်ခြင်းရှိသည်ဖြစ်၍ အိမ်သို့ပြန်သွားပြီးလျှင် ထိုကချေသည်မကို ရခဲ့သည်ရှိသော် ငါသည် အသက် ရှည်ရတော့အံ့။ ထိုကချေသည်မကို မရသော်ငါ့အား ဤအိပ်ရာညောင်စောင်း၌ သာလျှင် သေျှာင်းအိပ်ညိုးငွေ့ သေရဘော့အံ့ဟု ကြံစည်လျက် အာဟာရဖြတ် ခြင်းကို ပြု၍ ညောင်စောင်း၌ လျှောင်းအိပ်၏။ အမိအဖတို့က ချစ်သား အသို့နည်း။ အသင့်အား တစ်စုံတစ်ခုသော ရောဂါကျင်နာထိုးကျင့်သလောဟု မေးအပ်သော်လည်း ထိုကချေသည်မ၏ သမီးကို ရရှိသော် အကျွန်ုပ်အား အသက်တည်ရှိပါတော့အံ့။ မရရှိသော် အကျွန်ုပ်အား ဤနေရာ၌သာလျှင် သေပါတော့အံ့ဟု ပြောဆို၍ အမောင်ချစ်သား အသင်သည် ဤသို့မပြုပါလင့် အသင်ချစ်သားအား ငါတို့အမျိုးထက် စည်းစိမ်ပေါများ၍ လျောက်ပတ်သော အမျိုးသမီးတစ်ယောက်ကို ထိမ်းမြား ဆောင်ယူပေးပါကုန်အံ့ဟု ပြောဆို သော်လည်း ရှေးနည်းအတူသာလျှင် ပြောဆို၍ လျှောင်းအိပ်နေ၏။ ထိုအခါ ဥဂ္ဂသေန၏ဖခင် သူဌေးသည် တောင်းပန် ပြောဆိုပါသော်လည်း ထိုဥဂ္ဂသေနကို သဘောပေါက် နားလည်စေခြင်းငှါ မစွမ်းနိုင်သောကြောင့် သားဖြစ်သော

ထိုဥဂ္ဂသေန၏ အပေါင်းအဖော်ကို ခေါ်စေပြီးလျှင် အသပြာ တစ်ထောင်ကို ပေးအပ်၍ ဤအသပြာတို့ကို ယူပြီးသော် မိမိ၏သမီးကို ငါ၏သားအား ပေးပါလော့ဟု ကချေသည်ကြီးကို ပြောပါချေဟု အထွေထွေသော စကားကို မှာထားစေလွှတ်၏။ ကချေသည်မ၏ ဖခင်ဖြစ်သော ထိုကချေသည်က ငါသည် အသပြာတို့ကိုယူ၍ သမီးကို မပေးအံ့။ ထိုသူဌေးသားသည် ဤငါ၏ သမီးကို မရခြင်းကြောင့် အကယ်၍ အသက်ရှည်ခြင်းငှါ မစွမ်းနိုင်သည်ဖြစ်ခဲ့အံ့၊ ထိုသို့ဖြစ်လျှင် ငါတို့နှင့် အတူတကွသာ ကပြလှည့်လည်ခြင်းငှါ စွမ်းနိုင်တုံအံ့။ ထိုသူဌေးသားအား ငါ၏သမီးကို ဆောက်နှင်းပေးပါအံ့ဟု ပြောဆို၏။ ဥဂ္ဂသေန၏ အမိအဖတို့သည် သားဖြစ်သော ဥဂ္ဂသေနအား ထိုသို့ ပြောဆိုသော အကြောင်းကို ပြောကြားကုန်၏။ ဤဥဂ္ဂသေနကို အကျွန်ုပ်သည် ထိုကချေသည်တို့နှင့် အတူတကွသာ လိုက်ပါ လှည့်လည်ပါတော့အံ့ဟု ပြောဆို၍ နည်းပေး လမ်းပြ တောင်းပန်ကြကုန်သော ထို အမိအဘနှစ်ပါးတို့၏ စကားကိုလည်း မှတ်သားထိုက်ဟူ မနာယူမူ၍ အတူနေမျှ မိဘတို့အိမ်မှ ထွက်ခဲ့ပြီးသော် ကချေသည်ကြီး၏ အထံသို့ သွားလေ၏။ ထိုကချေသည်ကြီးသည် မိမိ၏ သမီးကို ထိုသူဌေးသား ဥဂ္ဂသေနအား ပေးအပ် ဆောင်နှင်း၍ ထိုဥဂ္ဂသေန နှင့် အတူတကွသာလျှင် ရွာနိဂုံး မင်းနေပြည်စသည်တို့၌ အတတ်ကို ပြလျက် လှည့်လည်၏။ ထိုကချေသည်မသည်လည်း ဥဂ္ဂသေနနှင့် အတူတကွ သံဝါသကို အစွဲပြု၍ မကြာမြင့်မီပင်လျှင် သားငယ်ကိုရ၍ ကစားကျီစယ်လျက်—

လှည်းစောင့်သူ၏သား အထုပ်ထမ်းသူ၏သား တစ်စုံတစ်ခု သက်မွေးမှု အရှိကို မသိမလိမ္မာသောသူ၏ သားငယ်ဟု သီဆိုလေ၏။

ထိုသူဌေးသား ဥဂ္ဂသေနသည်လည်း ကချေသည်တို့၏ လှည်းကို ဖြေချွတ် စွန့်လွှတ်တည်နေသောအရပ်၌ နွားအပေါင်းကို ထိန်းကျောင်း လှည့်လည်ရ ရှာ၏။ အတတ်ပြရာနေရာ၌ ရလာသော ဥစ္စာဘဏ္ဍာကို သယ်ပိုး ထုတ်ဆောင် ရ၏။ ထိုဥဂ္ဂသေနကိုသာလျှင် ရည်ရော်၍ ထိုကချေသည်မသည် မိမိသားကို ကစားကျီစယ်လျက် ထိုသို့သောစကားကို ပြောကြား သီဆိုလေသတည်း။ ထိုဥဂ္ဂသေနသည် မိမိကို ရည်ညွှန်း၍ ထိုခင်ပွန်း မယား သီဆိုသော အဖြစ်ကို သိသောကြောင့် ထိုမယားခင်ပွန်းမကို ချစ်နှမ အသင်သည် ငါ့ကိုရည်၍ သီဆိုသလောဟု မေး၏။ အမောင်ချစ်လင် ဩော် ဟုတ်မှန်ပါ၏။ အသင့်ကိုရည်၍ သီဆိုပါသည်ဟုပြောလျှင် ဤသို့ ပြက်ချော်ကျီစယ်သည် ရှိသော် ငါသည် ထွက်ပြေးတော့အံ့ဟု ပြောဆို၏။ ထိုကချေသည်မသည် ငါ့အား အသင် ထွက်ပြေးခြင်းဖြင့်လည်းကောင်း၊ ပြန်လာခြင်းဖြင့်လည်းကောင်း အဘယ် အကျိုးရှိသနည်းဟု ပြောဆို၍ အဖန်ဖန်အခါခါ ထိုသီချင်းကိုသာလျှင်သီဆို၏။ ထိုကချေသည်မသည် မိမိ၏ ရုပ်အဆင်း ပြည့်စုံခြင်းကိုလည်းကောင်း၊ ပေါများ

ရှင်စွာ ဥစ္စာရခြင်းကိုလည်းကောင်း အမှီပြု၍ အရှင်လင်ဖြစ်သော ထိုဥဂ္ဂသေနကို တစ်စုံတစ်ခု အလေးပြုဖွယ်ဟု မမှတ်ထင်လေသတတ်။ ထို ဥဂ္ဂသေနသည် အဘယ်သို့သော အရာကို အမှီပြု၍ ဤမိန်းမအား မာန်မာန ပြင်းထန်လေသနည်း-ဟု ကြံစည်သည်ရှိသော် အတတ်ကိုအမှီပြုရ၍ မာန်မာနတက်ကြွသည်ကို သိရသောကြောင့် ရှိစေဦးတော့ ငါသည် အတတ်ကို သင်ယူအံ့ဟုကြံပြီးလျှင် ယောက္ခမ ကချေသည်ကြီးသို့ ချဉ်းကပ်၍ ထိုယောက္ခမ၏ သိသမျှအတတ်ကို ကုန်စင်အောင် သင်ယူပြီးသော် ရွာနိဂုံးစသည်တို့၌ အတတ်ကိုပြလျက် ခရီးအစဉ်အတိုင်းအားဖြင့် ရာဇဂြိုဟ်ပြည်သို့ ရောက်လာ၍ ဤနေ့မှနောက် ခုနစ်ရက်မြောက်သောနေ့၌ ဥဂ္ဂသေန သူဌေးသားသည် မြို့၌နေသူ လူအပေါင်း တို့အား မိမိ၏အတတ်ကို ပြလတ္တံ့ဟု လှည့်လည် ပြောကြားစေ၏။ မြို့၌နေသူ လူအပေါင်း တို့သည်လည်း ညောင်စောင်း နိမ့်မြင့် အဆင့်ဆင့် စသည်တို့ကို ဌာနသင်မှတ် လျောက်ပတ်စွာ ဖွဲ့နှောင် ခင်းကျင်းစေ၍ ခုနစ်ရက်မြောက်သောနေ့၌ ကြည့်ရှုခြင်းငှါ လာရောက် စုဝေးကုန်၏။ ထိုဥဂ္ဂသေနသည်လည်း အတောင် ခြောက်ဆယ်မျှရှိသော ဝါးလုံးသို့ တက်ရောက်၍ ထိုဝါးလုံး၏ထိပ်၌ ရပ်နေ၏။

## ဥဂ္ဂသေန သူဌေးသားသည် ဝါးလုံးထိပ်၌ပင် ရဟန္တာဖြစ်ပြင်း

ထိုနေ့မိုးသောက်ယံ၌ပင်လျှင်မြတ်စွာဘုရားရှင်သည်လောကကိုကြည့်ရှုတော်မူသည်ရှိသော် မိမိဉာဏ်တော် ကွန်ရက်၏အတွင်းသို့ သက်ဝင်လာသော ထို ဥဂ္ဂသေနကို မြင်တော်မူ၍ အဘယ်သို့ ဖြစ်လတ္တံ့နည်းဟု ဆင်ခြင်တော်မူပြန်သည်ရှိသော် ရောက်လာဆဲ နက်ဖြန်၌ သူဌေးသား ဥဂ္ဂသေနသည် အတတ်ကို ပြအံ့ဟု ဝါးလုံးထက်၌ တည်နေလတ္တံ့။ ထိုသူဌေးသားကို ကြည့်ရှုခြင်းငှာ လူများအပေါင်းသည် ကောင်းစွာ စုရုံးစည်းဝေးလတ္တံ့။ ထိုအစည်းအဝေး၌ ငါဘုရားသည် လေးပါဒရှိသော ဂါထာကို ဟောကြားရပေအံ့။ ထိုတရား ဒေသနာကို ကောင်းစွာ ကြားနာရကုန်သည်ရှိသော် ရှစ်သောင်းလေးထောင် ကုန်သော သတ္တဝါတို့အား သစ္စာလေးပါးတရားကို ပိုင်းခြားသိ၍ အကျွတ်တရား ရသည် ဖြစ်လတ္တံ့။ ဥဂ္ဂသေနသည်လည်း အရဟတ္တဖိုလ်၌တည်လတ္တံ့ဟု သိတော်မူ၏။

ထိုမြတ်စွာဘုရားသည် တစ်ဖန် မိုးသောက်သောနေ့၌ အချိန်ကာလကို မှတ်၍ ရဟန်းအပေါင်း ခြံရံလျက် ရာဇဂြိုဟ်ပြည်သို့ ဆွမ်းခံခြင်း အလို့ငှါ ကြွဝင်တော်မူ၏။ ဥဂ္ဂသေနသည်လည်း မြတ်စွာဘုရားသည် မြို့တွင်းသို့ ဝင်တော်မူဆဲ အခိုက်အခါ ကြီးစွာဟစ်အော် ကြွေးကြော်သံ ဖြစ်ခြင်းအကျိုးငှာ လူများ အပေါင်းအား လက်ချောင်းဖြင့်အချက်ပေး၍ ဝါးလုံး၏ထိပ်၌ ရပ်နေလျက် ဟင်းလင်းအပြင် ကောင်းကင်၌သာလျှင် ခုနစ်ပတ်လည်၍ ဝါးလုံး၏ထိပ်သို့

ဆင်းသက် ရပ်တည်နေ၏။ ထိုခဏ၌ မြတ်စွာဘုရားရှင်သည် မြို့သို့ဝင်တော်မူလျက် အကြွင် သို့သော အခြင်းအရာဖြင့် ပြုအပ်သည်ရှိသော် ထိုဥဂ္ဂသေနကို ပရိသတ်တို့သည် မကြည့်ရှု ဤသို့သော အခြင်းအရာဖြင့် အဓိဋ္ဌာန်ပြုတော်မူ၍ မိမိကိုယ်တော်ကိုသာလျှင် ပရိသတ်တို့ကို ကြည့်ရှုတော်မူစေ၏။ ဥဂ္ဂသေနသည် ပရိသတ်ကိုကြည့်ရှု၍ ပရိသတ်တို့သည် ငါ့ကို မကြည့်ရှုဟု ကြံစည်ပြီးလျှင် စိတ်နှလုံး မသက်သာသည့်အဖြစ်သို့ ရောက်၍ ငါသည် တစ်နှစ်တို့ ပတ်လုံး ဤသို့သောအတတ်ကိုသင်မှတ်ပြုလုပ်ရ၏။ မြတ်စွာဘုရားသည် မြို့သို့ကြွဝင်တော်မူသည်ရှိသော် ပရိသတ်တို့သည် ငါ့ကို မကြည့်ရှုကုန်မူ၍ မြတ်စွာဘုရားကိုသာလျှင် ကြည့်ရှုကုန်၏။ ငါ၏ အတတ် ပြခြင်းသည် အချည်းနှီး ဖြစ်ရလေစွ တကားဟု ကြံစည်၏။ မြတ်စွာဘုရားသည် ထိုဥဂ္ဂသေန၏ စိတ်အကြံကို သိတော်မူ၍ မဟာမောဂ္ဂလာန် မထေရ်ကို ခေါ်တော်မူပြီးလျှင် ချစ်သား မောဂ္ဂလာန် သွားဟည့်ချေ၊ သူဌေးသားကို မိမိ၏ အတတ်ကို ပြမြဲပြစေသို့ သတတ်ဟု ပြောဆိုချေလော့ဟု မိန့်တော်မူ၏။ မဟာမောဂ္ဂလာန် မထေရ်သည် သွားရောက်၍ ဝါးလုံး၏အောက်၌ ရပ်တော်မူလျက် သူဌေးသားကို ခေါ်တော်မူ၍ ဤဂါထာကို ရွတ်ဆို၏—

ဣင်္ဃ ပဿ နဋပုတ္တ၊ ဥဂ္ဂသေန မဟဗ္ဗလ။
ကရောဟိ ရင်္ဂံ ပရိသာယ၊ ဟာသယဿု မဟာဇနံ။

ကြီးသောခွန်အားရှိသော ကချေသည် သားဖြစ်သော အိုဥဂ္ဂသေန ငါ မောဂ္ဂလာန် တိုက်တွန်း၏ အသင်သည် ကြည့်ရှုလာသူ ပရိသတ်၏ စိတ်တွင် တပ်မက် နှစ်သက်ဖွယ်ကို စွမ်းအားရှိသလောက် ပြုလုပ်ပါလေလော့။ ကြည့်ရှုလာသူ လူများအပေါင်းကို နှစ်သက် ရွှင်လန်းပါစေလော့ဟု ပြောဆို၏။

ထိုဥဂ္ဂသေနသည် မဟာမောဂ္ဂလာန် မထေရ် ပြောဆိုသော စကားကို ကြားလေလျှင် ရွှင်လန်းနှစ်သက်သော စိတ်ရှိသည်ဖြစ်၍ မြတ်စွာဘုရားသည် ငါ၏ အတတ်ကို ကြည့်ရှုတော်မူလိုယောင် တကားဟု ကြံစည်၍ ဝါးလုံး အထက်၌ တည်နေလျက်သာလျှင် ဤဂါထာကို ရွတ်ဆို၏—

ဣင်္ဃ ပဿ မဟာပုည၊ မောဂ္ဂလ္လာန မဟိဒ္ဓိက။
ကရောမိ ရင်္ဂံ ပရိသာယ၊ ဟာသယာမိ မဟာဇနံ။

ကြီးကျယ် မြင့်မြတ်သော ဘုန်းရှိတော်မူပေထသော ကြီးသော တန်ခိုး ရှိတော်မူပေထသော အရှင်ဘုရားမောဂ္ဂလာန် တောင်းပန် တိုက်တွန်းပါ၏။ အရှင်ဘုရားသည် ကြည့်ရှုတော်မူပါလော့ အကျွန်ုပ် ဥဂ္ဂသေနသည် ကြည့်ရှုလာသူ ပရိသတ်၏ စိတ်တွင်စွဲလျက် တပ်မက်နှစ်သက်ဖွယ်ကို စွမ်းအား ရှိသလောက် ပြုလုပ်ပါအံ့ဟု ပြောဆို၏။

ဤသို့ ပြောဆိုပြီး၍ကား ဝါးလုံး၏ အထက်မှ ဒေ.ထက်ဝေဟင် ကောင်းကင် သို့ပျံတက်၍ အဇဋ္ဌာပြင် ကောင်းကင်၌သာလျှင် တစ်ဆယ့်လေးကြိမ်တိုင်တိုင် ပြန်လှန်လှည့်ပတ် သက်ဆင်းလတ်၍ ဝါးလုံး၏ ထိပ်၌သာလျှင် တည်နေ၏။ ထိုအခါ မြတ်စွာဘုရားရှင်က ထိုဥဂ္ဂသေနကို အချင်းဥဂ္ဂသေန ပညာရှိသော သူမည်သည် အတိတ် အနာဂတ် ပစ္စုပ္ပန် ဖြစ်ကုန်သော ခန္ဓာတို့၌ ကပ်ငြိ စုံမက် နှစ်သက်တတ်သော တဏှာကို ရှောင်ခွာ စွန့်ပယ်၍ ပဋိသန္ဓေ တည်နေ ခြင်း အ.စရှိသည်တို့မှ လွတ်မြောက်ခြင်းငှာ သင့်သျော် လျောက်ပတ်၏ဟု မိန့်တော်မူလိုရကား ဤဂါထာကို ဟောကြားတော်မူ၏—

မုဉ္စ ပုရေ မုဉ္စ ပစ္ဆတော၊ မဇ္ဈေ မုဉ္စ ဘဝဿ ပါရဂူ။
သဗ္ဗတ္ထ ဝိမုတ္တမာနသော၊ န ပုနံ ဇာတိဇရံ ဥပေဟိသိ။

အိုဥဂ္ဂသေန ဘဝသံသရာ၏ တစ်ဖက်ကမ်း ရောက်လိုသူသည် ရှေ့ကိုလည်း လွှတ်လော့ နောက်ကိုလည်းလွှတ်လော့ အလယ်ကိုလည်းလွှတ်လော့ အလုံးစုံ ဘက်စုံ လွှတ်နေသောသူအား မွေးခြင်းနှင့် အိုရခြင်းသို့ တစ်ဖန်မရောက်ရ တော့ချေ။

ထိုဂါထာ၌ မုဉ္စ ပုရေ=ဟူသည် ဖြစ်ပြီးသော ခန္ဓာတို့၌ ကပ်ငြိ တွယ်တာ တတ်သော နှစ်သက်တတ်သော မက်မောတတ်သော တောင့်တတတ်သော ထကြွသောင်းကျန်းတတ်သော စွဲလမ်းတတ်သော မှားသောအားဖြင့် သုံးသပ် တတ်သော တဏှာကို လွှတ်လော့။

ပစ္ဆတော=ဟူသည် နောက်ဖြစ်လာမည့် ခန္ဓာတို့၌ ကပ်ငြိခြင်း စသည်တို့ကို လည်း လွှတ်လော့၊

မဇ္ဈေ=ဟူသည် ယခုဖြစ်ဆဲအခါ၌လည်း ထိုခန္ဓာတို့၌ ကပ်ငြိခြင်း စသည် တို့ကို လွှတ်လော့။

ဘဝဿ ပါရဂူ=ဟူသည် ထိုးထွင်း၍ သိခြင်း ပိုင်းခြား၍သိခြင်း, ပယ်ခြင်း, ပွားများခြင်း, မျက်မှောက်ပြုခြင်း၏ အစွမ်းဖြင့် ဘုံသုံးပါး၏ တစ်ဖက်ကမ်းသို့ ရောက်သည်ဖြစ်၍ ခန္ဓာ အာယတန စသည် အပြားရှိသော အလုံးစုံသော သင်္ခတတရားတို့ကို စွန့်လွှတ်ပြီးသောစိတ်ဖြင့် နေသည်ရှိသော် တစ်ဖန်ဖြစ်ခြင်း အိုခြင်း သေခြင်းတို့သို့ မကပ်ရောက်နိုင်။

## ဒေသနာတော်၏ အကျိုး

ဒေသနာတော်၏ အဆုံး၌ ရှစ်သောင်းလေးထောင်ကုန်သော သတ္တဝါ တို့အား သစ္စာလေးပါးကို ပိုင်းခြားသိမြင်သောအားဖြင့် အကျွတ်တရားကို

ရသည်ဖြစ်လေ၏။ သူဌေးသား ဥဂ္ဂသေနသည်လည်း ဝါးလုံး၏ အထက်၌ တည်နေလျက် သာလျှင် ပဋိသမ္ဘိဒါတို့နှင့် တကွ အရဟတ္တဖိုလ်သို့ ရောက်၍ ဝါးလုံး၏အထက်မှ သက်ဆင်းပြီးခါ မြတ်စွာဘုရား ထံတော်မှောက်သို့ လာရောက်၍ ငါးပါးသော တည်ရာရှိသောထိခြင်းဖြင့် မြတ်စွာဘုရားကို ဝပ်တွားညွှတ်လျှိုး ရှိခိုးပြီးသော် ရဟန်းအဖြစ်ကို တောင်းပန်လျှောက်ကြား၏။ ထိုအခါ မြတ်စွာဘုရားသည် လက်ယာလက်မောင်းတော်ကို ဆန့်တန်းတော်မူ၍ ထိုဥဂ္ဂသေနကို ချစ်သားရဟန်း လာခဲ့လေ့ဟု မိန့်တော်မူ၏။ ထိုဥဂ္ဂသေနသည် မြတ်စွာဘုရား မိန့်ခေါ်တော်မူသော ထိုခဏ၌သာလျှင် ရှစ်ပါးသောပရိက္ခရာကို ကောင်းစွာလွယ်ဆောင်လျက် ပျောက်ကွယ်လူ့သွင် ဝတ်ဆင်သက်န်း ဖုံးလွှမ်း သင့်စွာ အဝါခြောက်ဆယ် ရပြီးသော မထေရ်ကြီးကဲ့သို့ ဖြစ်လေ၏။ ထို့နောက် ရဟန်းတို့က ငါ့ရှင် ဥဂ္ဂသေန အတောင်ခြောက်ဆယ်မျှရှိသော ဝါးလုံး၏ အထက်မှ သက်ဆင်းသော အသင့်အား ရှုံ့ကြောက်ခြင်းမည်သည် မဖြစ် သလောဟု မေးမြန်းကုန်၍ ငါ့ရှင်တို့ ငါအား ရှုံ့ကြောက်ခြင်း မရှိပါဟု ပြောဆို သည်ရှိသော် မြတ်စွာဘုရားရှင်အား ရဟန်းတို့က ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ဥဂ္ဂသေနသည် ငါမကြောက်ရှုံ့ဟု ပြောဆို၏။ မဟုတ်မမှန် ပြောဆို၍ အရဟတ္တဖိုလ်ကို ပြောကြားပါသည်ဟု လျှောက်ထားကြကုန်၏။ မြတ်စွာဘုရားက ချစ်သားရဟန်းတို့ ငါဘုရား၏ သားသော်ဖြစ်သော ဥဂ္ဂသေန နှင့်တူကုန်သော ဖြတ်တောက်ဖျက်ဆီးအပ်သော သံယောဇဉ်ရှိသော ရဟန်း တို့သည် မကြောက်မရှုံ့ကြကုန် မတုန်မလှုပ် မထိတ်လန့်ကြကုန်ဟု မိန့်တော်မူလို ရကား ဤဂါထာကို ဟောကြားတော်မူ၏။

**သဗ္ဗသံယောဇနံ ဆေတွာ၊ ယော ဝေ န ပရိတဿတိ။**
**သံဂါတိဂံ ဝိသံယုတ္တံ၊ တမဟံ ဗြူမိ ဗြာဟ္မဏံ။**

သံယောဇဉ်အားလုံးကို ဖြတ်တောက်၍ ကြောက်ရှုံ့ခြင်းမရှိ ကပ်ငြိမှုကို လွန်မြောက်၍ ကာမယောဂစသည်နှင့် မယှဉ်သော ထိုပုဂ္ဂိုလ်ကို ဗြာဟ္မဏဟူ၍ ငါဆို၏။

ဒေသနာတော်၏အဆုံး၌ များစွာကုန်သောသူတို့အား လေးပါးသစ္စာ ကောင်းစွာသိမြင်သည် ဖြစ်လေ၏။ တစ်ဖန် မိုးသောက်သော နေ့ဝယ် တရား သဘင်၌ စည်းဝေးကုန်သော ရဟန်းတို့သည် "ငါ့ရှင်တို့ ဤသို့ပြဆို အရဟတ္တ ဖိုလ်သို့ ရောက်ကြောင်း ကောင်းသော ဥပနိဿယ ပြည့်ဝစုံလင်သော ရဟန်းအား အမျိုးယုတ်ထွေ ကချေသည်မကို အမှီပြု၍ ကချေသည်တို့နှင့် အတူတကွ လှည့်လည်ရသော အကြောင်းကား အဘယ်သို့ ရှိလေသနည်း။ အရဟတ္တဖိုလ်၏ ဥပနိဿယ ပြည့်ဝစုံလင်ခြင်း အကြောင်းကား အဘယ်သို့

ရှိလေသနည်း''ဟူသော စကားကို ဖြစ်စေကြကုန်၏။ မြတ်စွာဘုရားသည် ကြွတော်မူလာ၍ ချစ်သား ရဟန်းတို့ ဤယခုအခါဝယ် အဘယ်မည်သော စကားဖြင့် ပြောကြား ထိုင်နေကုန်သနည်းဟု မေးတော်မူ၍ ဤအမည်ရှိသော အကြောင်းပါဟု ရှေးပေါင်းပြန်ကြား လျှောက်ထားသည်ရှိသော် ချစ်သားရဟန်းတို့ နှစ်ပါးရုံးပေါင်း ထိုအကြောင်းကို ဤဥဂ္ဂသေနသည် သာလျှင် ပြုအပ်သတည်းဟု မိန့်တော်မူပြီး၍ ထိုကြောင်းဖြစ်လာကို–ထင်ရှား ပြတော်မူခြင်းငှါ အတိတ်ကို ဆောင်တော်မူ၏။

## ဥဂ္ဂသေနလုလင်၏ဝတ္ထု

ချစ်သားရဟန်းတို့ လွန်လေပြီးသော ရှေးအခါ၌ ကဿပမြတ်စွာဘုရား၏ ကိုယ်တော်စားဖြစ်သော ရွှေစေတီကြီးကို တည်ထားပြုလုပ်သည်ရှိသော် ဗာရာဏသီပြည်၌ နေလေ့ရှိကုန်သော အမျိုးကောင်းသားတို့သည် များစွာသော ခဲဖွယ်ကို ယာဉ်၏အထက်ကို၌ ယူတင်၍ ကိုယ်တိုင်ဆောင်ရွက် လက်ဖြင့် ပြုအပ်သော အမှုကို ပြုလုပ်ကုန်အံ့ဟု စေတီတော်တည်ရာ အရပ်သို့ သွားကြကုန်လျက် လမ်းခရီးအကြား၌ ဆွမ်းအလို့ငှါ ကြွဝင်တော်မူသော တစ်ပါးသောမထေရ်ကို တွေ့မြင်ကုန်သတတ်။ ထိုအခါ တစ်ယောက်သောအမျိုးသမီးသည် မထေရ်ကို ကြည့်ရှု၍ မိမိအရှင် ခင်ပွန်းလင်ကို အိုအရှင် ရဟန်းတော်အရှင်သည် ဆွမ်း အလို့ငှါ ကြွဝင်တော်မူ၏။ ယာဉ်၏ အထက်၌လည်း ငါတို့အား ခဲဖွယ်ဘောဇဉ် သည် များစွာရှိပါ၏။ ထိုအရှင်၏ သပိတ်တော်ကို ဆောင်ယူပါချေလော့။ ဆွမ်းကိုပေးလှူပါကုန်အံ့ဟု ပြောဆို၏။ ယာဉ်မှဆင်းသွား ထိုယောက်ျားသည် မထေရ်မြက်ထံ ခွင့်ငန် ဆောင်ယူအပ်သော ထိုသပိတ်ကို ခဲဖွယ်ဘောဇဉ်ဖြင့် ပြည့်စေ၍ မထေရ်၏လက်၌ ဆက်ကပ်ပြည်စေပြီး၍ နှစ်ဦးလည်း ဖြစ်ကုန်သော သမီးခင်ပွန်းတို့သည် ဘုန်းတော်ကြီးတော်မူသော အရှင်ဘုရား တပည့်တော်– တပည့်တော်မ သမီးခင်ပွန်းတို့သည် အရှင်ကိုယ်တော်မြတ်တို့သည် သိမြင်အပ် သောတရားကို သိရပါလိုကုန်၏ဟု ဆုတောင်းကြကုန်၏။

ဆွမ်းအလှူခံသော ထိုမထေရ်သည်လည်း အာသဝေါကုန်ပြီးသော ရဟန္တာ သာတည်း။ ထို့ကြောင့် ကြည့်ရှုတော်မူသည်ရှိသော် ထိုသမီးခင်ပွန်းတို့အား ဆုတောင်းပဋ္ဌနာ၏ ပြည့်စုံအံ့သည် အဖြစ်ကို သိတော်မူသောကြောင့် ပြုံးခြင်းကို ပြုတော်မူ၏။ ထိုသို့ မထေရ်ပြုံးသည်ကို မြင်၍ မိန်းမကား-ခင်ပွန်း အရှင်ကို ငါတို့၏ အလှူခံအရှင်သည် ပြုံးခြင်းကိုပြု၏။ တစ်ယောက်သော ကချေသမား ဖြစ်လတ္တံ့ဟု ပြစ်မှားပြောဆို၏။ အရှင်လင်ကလည်း ထိုမိန်းမအား ချစ်နှမ ဤသို့ အသင်ပြောဆိုသည့်အတိုင်း ဖြစ်ပေလတ္တံ့ဟု ပြောဆို၍ ဖဲသွား၏။ ဤသည်ကား ထိုသမီး ခင်ပွန်း လင်မယားတို့၏

ရှေး၌ပြုခဲ့သော အမှုကံပေတည်း။ ထိုသမီး ခင်ပွန်းတို့သည် ဂုဏ်းဘဝ၌ အသက်ရှည်သမျှ ကာလပတ်လုံး တည်နေ၍ နတ်ပြည်၌ ဖြစ်ပြီးသည်ရှိသော် ဤယခုအခါ ထိုနတ်ပြည်မှ စုတေလာခဲ့၍ ထိုမိန်းမသည် ကချေသည်အိမ်၌ ဖြစ်လေ၏။ ယောကျ်ားသည် သူဌေးအိမ်၌ ဖြစ်၏။

ထိုသူဌေးသားသည် ချစ်နှမ ဤသို့ အသင်ပြောဆိုသည့်အတိုင်း ပတ်မှန်သည်ဖြစ်လတ္တံ့ဟု ထိုမိန်းမအား စကားပြန်လို့ အတွံ့ပေးမိခဲ့ခြင်းကြောင့် ကချေသည်တို့နှင့် အတူတကွ လှည့်လည်ရှာလေ၏။ ရဟန္တာဖြစ်သော မထေရ်အား ပေးလှူအပ်သော ဆွမ်းအလှူကောင်းမှုကို အမှီပြု၍ အရဟတ္တဖိုလ်သို့ ရောက်လေ၏။ ထိုကချေသည် မိန်းမအားလည်း ငါ၏အရှင် ခင်ပွန်းလင်၏ ဖန်လွင်သက်နိုး ပတ်ဆင်မြန်း၍ ရဟန်းပြုခြင်းတည်းဟူသော အကြင်လမ်းကြောင်းသွားရာသည် ရှိ၏။ ငါ့အားလည်း ခင်ပွန်းအရှင် ချစ်လင်သွားကြောင်း ထိုလမ်းကောင်းသာလျှင် ရွှေပြောင်း လိုက်ပါသွားခြင်းငှါ အပ်တော့သည်ဟု ကြံစည်မျှော်မှန်း ရဟန်းမိန်းမတို့၏ထံ၌ ရဟန်းပြု၍ အရဟတ္တဖိုလ်၌ တည်လေ၏။

ဥဂ္ဂသေန ကချေသည်ဝတ္ထုပြီး၏။

---

## ၇။ စူဠဓမနုဂ္ဂဟပဏ္ဍိတဝတ္ထု

ဝိတက္ကမထိတဿ-အစရှိသော ဤတရားဒေသနာတော်ကို မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် စူဠဓနုဂ္ဂဟပညာရှိကို အကြောင်းပြု၍ ဟောတော်မူ၏။

ပျိုမြစ်နုနယ် ရဟန်းငယ် တစ်ပါးသည် စာရေးတံ ချလှူရာဇရပ်၌ မိမိအားရောက်သော စာရေးတံကို ယူပြီးလျှင် စာရေးတံယာဂုကို အလှူခံယူ၍ ဆွမ်းစားဇရပ်သို့ ကြွသွား၍ ယာဂုကို သောက်၏။ ထိုဆွမ်းစား ဇရပ်၌ ရေကို မရရှိသောကြောင့် ရေအလို့ငှာ တစ်ခုသောအိမ်သို့ ကြွသွား၏။ ထိုအိမ်၌ တစ်ယောက်သော သတို့သမီးသည် ထိုရဟန်းငယ်ကို မြင်၍သာလျှင် ဖြစ်ပေါ်လာသော ချစ်ခင်ခြင်းရှိ၏။ သတို့သမီးက အရှင်ဘုရား နောက်တစ်ဖန်သောက်ရေဖြင့် အလိုရှိပြန်သည်ရှိသော် ဤအိမ်သို့သာလျှင် ကြွလာတော်မူပါကုန်လော့ဟု လျှောက်၏။ ထိုရဟန်းငယ်သည် သတို့သမီး လျှောက်ထားသော ထိုအခါမှစ၍ အကြင်အခါ၌ သောက်ရေကို မရ ထိုသောက်ရေကိုမရသောနေ့၌ သတို့သမီး၏ ထိုအိမ်သို့လာလျှင် သွားရောက်၏။ ထိုသတို့သမီးသည်လည်း

သပိတ်ကို လှမ်းယူ၍ သောက်ရေကို ပေးလျှု၏။ ထိုသို့သော နည်းအရဖြင့် ကာလမြင့်ရှည် တည်ရောက်သည်ရှိသော် ယာဂုကိုလည်း ပေးလှူ၍ နောက် တစ်ဖန် တစ်နေ့သောအအခါ၌ ထိုမိမိအိမ်၌သာလျှင် ထိုင်နေစေ၍ ဆွမ်းကို ပေးလှူ၏။ သတို့သမီးသည် ထိုရဟန်းငယ်၏ထံပါး၌သာလျှင် ထိုင်နေ၍ အရှင်ဘုရား.... ဤအိမ်၌ အနည်းငယ်မျှ တောင့်တဖို့ရေး လိုသေးသည် မည်သည်မရှိပါ။ သက်သက်သော်ကား တပည့်တော်မဘို့သည် စိမ့်စိမ့်စစ်တတ် သော လူကိုသာလျှင် မရရှိပါကုန်ဟူသော စကားကို ဖြစ်စေ၏။ ထိုရဟန်းငယ် သည် နှစ်ရက် သုံးရက်ဖြင့်သာလျှင် ထိုသတို့သမီး၏ စကားကို ကြား၍ သာသနာတော်၌ ငြီးငွေ့ ဆန့်ကျင်လေ၏။ ထိုအခါ တစ်နေ့သောအခါ၌ အာဂန္တုကရဟန်းတို့သည် ထိုရဟန်းငယ်ကို တွေ့မြင်၍ ငါ့ရှင် အသင်သည် အဘယ်ကြောင့် ကိုယ်ရေကြုံလျော့ ဖျော့တော့သော အဆင်းရှိသည် ဖြစ်ပါ သနည်းဟု မေးမြန်းကုန်၍ ငါ့ရှင်တို့ သာသနာတော်၌ ငြီးငွေ့ဆန့်ကျင်ခြင်း ဖြစ်၏ဟု ပြောဆိုသည်ရှိသော် ဆရာဥပဇ္ဈာယ်ဘို့၏အထံသို့ ခေါ်ဆောင်ကြ ကုန်၏။

ထိုဥပဇ္ဈာယ်တို့သည်လည်း ထိုရဟန်းငယ်ကို မြတ်စွာဘုရား အထံတော်သို့ ဆောင်၍ ထိုအကြောင်း အလုံးစုံကို အကုန် ကြားလျှောက်ကုန်၏။ မြတ်စွာဘုရားက ချစ်သား ရဟန်း အသင်သည် ငြီးငွေ့ ဆန့်ကျင်သောသူသည် ဟုတ်မှန်ပေသလောဟု မေးတော်မူ၍ ဘုန်းတော်ကြီးတော်မူသော မြတ်စွာ ဘုရား ဟုတ်မှန်ပါသည်ဟု ဝန်ခံ လျှောက်ထားသည်ရှိသော် အဘယ်ကြောင့် အသင်သည် ငါကဲ့သို့သဘောရှိသော အားထုတ်အပ်သော ဝီရိယရှိသော မြတ်စွာဘုရား၏ သာသနာတော်၌ ရဟန်းပြုသည်ဖြစ်ပါလျက် သောတာပန် ဟူ၍လည်းကောင်း, သကဒါဂါမ်ဟူ၍လည်းကောင်း မိမိကိုယ်ကို မပြောဆိုရ စေမူ၍ ငြီးငွေ့ဆန့်ကျင်သည်ဟု ပြောဆိုဘိသနည်း။ အသင်ပြုအပ်သော အမှုကား ဝန်လေးစွတကားဟု မိန့်ဆိုတော်မူပြီး၍ အဘယ်အကြောင်းကြောင့် အသင်သည် ငြီးငွေ့ဆန့်ကျင်သနည်းဟု မေးတော်မူ၏။ ဘုန်းတော်ကြီးတော် မူသော မြတ်စွာဘုရား တစ်ယောက်သော မိန်းမသည် တပည့်တော်ကို ဤသို့ ဤသို့သောစကားကို ပြောဆိုပါပြီဟု လျှောက်သည်ရှိသော် ချစ်သားရဟန်း.... ထိုမိန်းမ၏ ဤသို့နည်းယူ ပြုမူခြင်းကား အံ့သြဖွယ်မရှိလှသေး ထိုစကားမှန်၏။ ထိုမိန်းမသည် ရှေးဘဝအခါ၌ အလုံးစုံသော ဇမ္ဗူဒိပ်ကျွန်း၌ မြတ်သော ပညာရှိ သော ယောကျ်ားကို ဖောက်ပြား ပယ်စွန့်၍ ထိုတစ်မုဟုတ်မျှတွင် တွေ့မြင်ရ သော တစ်ယောက်သော ခိုးသားယောကျ်ား၌ နှစ်သက် ချစ်ခင်ခြင်းကို ဖြစ်စေ၍ ပညာရှိမြတ် လက်ထပ် ထိမ်းမြား ထိုင်ငယ်ပေါင်းယောကျ်ားကို အသက်ကုန်ခြင်းသို့ ရောက်စေဖူးပြီဟု မိန့်တော်မူ၍ ထိုအကြောင်းကို ထင်ရှား

ပြုခြင်းအကျိုးငှာ ရဟန်းတို့ တောင်းပန်အပ်သောကြောင့် အတိတ်ကို ဆောင်တော်မူ၏။

သူခိုးခေါင်းရိုးကမ်း

ရှေးလွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီးသည် မင်းအဖြစ်ကို ပြုသည်ရှိသော် ဘုရားအလောင်းတော်သည် သိကြားမင်း အဖြစ်ကို ပြု၏။ အသင်ချစ်သား ရဟန်းသည် ဗာရာဏသီ ပြည်သား ပုဏ္ဏားဘဝ စူဠဓနုဂ္ဂဟပဏ္ဍိတ ဖြစ်သောအခါ၌ တက္ကသိုလ် ပြည်ဝယ် ဒိသာပါမောက္ခဆရာ၏အထံ၌ အတတ်ကို သင်ယူ၍ ငါနှင့်တစ်မျှတူသော အတတ် ပညာရှိပေတကားဟု ထိုဒိသာပါမောက္ခဆရာ နှစ်သက်သဖြင့် ပေးအပ် ဆောင်နှင်းသော သမီးကိုခေါ်ယူ၍ ဗာရာဏသီပြည်သို့ သွားစဉ် ရှေးဦးတွေ့ပြု တစ်ခုသော တောအုပ်၌ ကြမ်းကြုတ်သော ဆင်ကို တစ်စင်း သောမြားဖြင့် ပစ်သတ်ခဲ့ပြီး၍ တစ်ဖန် တစ်ခုသောတောအုပ်အဝ၌ တစ်စင်း ယုတ် ငါးဆယ်သောမြားဖြင့် ငါးဆယ်သော ခိုးသားတို့ကို ပစ်သတ်၍ မြားတို့ ကုန်ခဲ့သည် ရှိသော် ကြွင်းကျန်ရှိပြီး အကြီးအမှူး ခိုးသူကို ဖမ်းယူလုံးထွေး မြေ၌ကျစေ၍ မိမိ၏မယားကို ချစ်နှမ သန်လျက်ကို ဆောင်ယူခဲ့လေဟု ပြောဆိုသည်ရှိသော် ထိုခဏတွင် တွေ့မြင်လေမူ ခိုးသူ၌ ချစ်ခင်နှစ်သက်ခြင်းကို ပြု၍ ထိုမိန်းမသည် ခိုးသူ၏လက်၌ သန်လျက်ရိုးကို ထား၍ အသွားလင်ဘက် ပေးဆက်၏။

ထိုခိုးသူသည် သန်လျက်ကိုယူ၍ စူဠဓနုဂ္ဂဟပဏ္ဍိတအား သတ်အပ်သော အဖြစ်ကို ထင်စွာပြုပြီး၍ တစ်ဖန် ထိုမိန်းမကို ယူဆောင်၍သွားသော ခိုးသူ သည်လည်း ဤသို့ကြံ၏။ အမျိုးထိမ်းမြား လင်ယောကျာ်းကိုလည်း သတ်စေ သော ထိုမိန်းမသည် တစ်ပါးသော ယောကျာ်းကို မြင်ပြန်သည်ရှိသော် မိမိ၏ ငယ်ပေါင်း အရှင်လင်ဟောင်းကို သတ်စေဘိသကဲ့သို့ ငါ့ကိုလည်းသတ်စေလတ္တံ့၊ ဤမိန်းမဖြင့် ငါ့အား အဘယ်အကျိုး ရှိအံ့နည်းဟု ကြံ၍ လမ်းခရီးအကြား၌ တစ်ခုသော မြစ်ကို တွေ့မြင်၍ ဤမှာဘက်ကမ်း၌ ထိုမိန်းမကိုထားပြီးလျှင် ထိုမိန်းမ၏ ဥစ္စာဘဏ္ဍာကိုယူ၍ အကြင်ရွှေလောက် ငါသည်ဥစ္စာဘဏ္ဍာကို ဟိုမှာ ဘက်ကမ်းသို့ ကူးသန်းလွှန်မြောက် ချထားအံ့။ ထိုမျှလောက်တာ ကာလ ကြာအောင် ဤမှာဘက်ကမ်း၌သာလျှင် နေရစ်သည်ဖြစ်ဘိလော့ဟု ပြောဆို မှာထား၍ အလုံးစုံသော အဆင်တန်ဆာ ဘဏ္ဍာကို ယူ၍ မြစ်သို့ သက်ဆင်း ကူးသန်းဘိသကဲ့သို့ တစ်ဖက်ကမ်းသို့ ရောက်သည်ရှိသော် ထိုမိန်းမကို စွန့်ပစ်ခဲ့၍ သွားလေ၏။ ထိုသို့သွားသော ယောကျာ်းကို တစ်ဖက်သောကမ်း၌ တည် နေသော ထိုမိန်းမသည် မြင်၍ အိုအရှင် ငါ့ကို စွန့်ပစ်၍ သွားဘိသကဲ့သို့

အသင်သည် သွား၏။ အဘယ့်ကြောင့် ဤသို ပြုဘိသနည်း။ လာလှည့်လော့။ ငါ့ကိုလည်း ယူ၍ သွားပါလော့ဟု ထိုခိုးသားယောကျ်ားနှင့် အတူတကွ စကားပြောဆိုလိုသည် ဖြစ်၍ ရှေးဦးစွာသော ဂါထာကို ရွတ်ဆို၏။

သဗ္ဗံ ဘဏ္ဍံ သမာဒါယ၊ ပါရံ တိဏ္ဏောသိ ဗြာဟ္မဏ။
ပစ္စာ ဂစ္ဆ လဟုံ ခိပ္ပံ၊ မံ ပိ တာရေဟိ ဒါနိတော။

ချစ်လင်ယော်ကျ်ား အိုပုဏ္ဏား အသင်သည် ကြွင်းမဲ့ဥဿုံ အလုံးစုံသော အဆင်တန်ဆာ ဥစ္စာဘဏ္ဍာကို ဆောင်းစွာယူ၍ ဟိုမှာဘက် ကမ်းတစ်ဖက်သို့ ကူးမြောက်သည် ဖြစ်ပြီ။ လျင်မြန်စွာ ဤဘက်ကမ်းယံသို့ တစ်ဖန်ပြန်လာ ခဲ့ပါလော့။ ဤယခုအခါ၌ ကျွန်တော်မ နေရစ်ခဲ့ရာ ဤမှာဘက်ကမ်းရှိ အသင့်ကြင်ဖော် ကျွန်တော်မကိုလည်း ဟိုမှာဘက်ကမ်း ရောက်အောင် ဆောင်ကြဉ်းတော်မူပါလော့ဟု ပြောဆို၏။ ခိုးသားယောကျ်ားသည် ထိုသို့ ပြောဆိုသော စကားကို ကြား၍ တစ်ဖက်ကမ်း၌ ရပ်တည်လျက်သာလျှင် ဤဒုတိယဂါထာကို ဆို၏။

အသန္ထုတံ မံ စိရသန္ထုတေန၊
နိမီနိ ဘောတိ အဓုဝံ ဓုဝေန။
မယာပိ ဘောတိ နိမိနေယျ အညံ၊
ဣတော အဟံ ဒူရတရံ ဂမိဿံ။

အို အရှင်မ သင်သည် ကြာမြင့်စွာ ပေါင်းသင်းလာခဲ့သော ယောကျ်ားနှင့် မတွေ့ဖူးသေးသော ငါ့ကို လဲလှယ်၍ ယူဘိ၏။ ဖခင်ထိမ်းမြားပေးသော အမြဲလင်နှင့် ခဏတွေ့သော မမြဲသော ငါ့ကို လဲလှယ်ယူဘိ၏။

အို အရှင်မ သင်သည် ငါ့နှင့်လည်း အခြားတစ်ယောက်ကို လဲလှယ်ယူမည် ထင်၏၊ ငါသည် ဤအရပ်မှ ဝေးသထက်ဝေးရာသို့ ပြေးတော့အံ့၊ ဤသို့ဆို၍ အဆင်တန်ဆာ ဥစ္စာကို ယူ၍ ထွက်ပြေး၏၊ ထိုသူမိုက်မိန်းမသည် အလွန် အလိုကြီးသည်အဖြစ်ကြောင့် ဤသို့ သဘောရှိသော ပျက်စီးခြင်းသို့ ရောက် သဖြင့် ကိုးကွယ်ရာမဲ့သည် ဖြစ်၍ အနီး၌ရှိသော တစ်ခုသော သမန်းမြက်ချုံသို့ ကပ်ရောက်၍ ငိုကြွေးလျက် ထိုင်နေ၏။

## ငါးစိမ်းမြင် ငါးကင်ပစ်

ထိုခဏ၌ သိကြားမင်းသည် လူ့ဘောင်ကို ကြည့်ရှုသည်ရှိသော် အလွန်အလို ကြီးသည်အဖြစ်ကြောင့် ခင်ပွန်းအရှင် လင်ကြီးယောကျ်ားမှလည်းကောင်း၊ နောက်၌တွေ့မြင် လင်ငယ်ယောကျ်ားမှလည်းကောင်း နှစ်ပါးစလုံး ဆုံးရှုံး နွမ်းညို ငိုကြွေးသော ထိုမိန်းမကို မြင်၍ နှိပ်ကွပ်ဆုံးမလျက် အရှက်ရစေ၍ ပြန်လာအံ့ဟု ကြံပြီးလျှင် မာတလိနတ်သားကိုလည်းကောင်း၊ ပဥ္စသိခ

နတ်သားကိုလည်းကောင်း ခေါ်ယူ၍ ထိုအရပ်သို့ သက်ဆင်းသွားရောက်ပြီးလျှင် မြစ်၏ကမ်း၌ ရပ်တည်၍ အချင်းမာတလိ အသင်သည် ငါးဖြစ်လေလော့။ အချင်းပဉ္စသိခ အသင်သည် ငှက်ဖြစ်လေလော့၊ ငါသည်ကား မြေခွေးဖြစ်၍ ခံတွင်းဖြင့် အမဲတုံးကို ကိုက်ယူပြီးသော် ထိုမိန်းမ၏ ရှေ့တူရူအရပ်သို့ သွားအံ့။ ငါသည် ထိုအရပ်သို့ သွားသည်ရှိသော် အသင်မာတလိသည် ရေမှခုန်တက်၍ ငါ၏ရှေ့မှ ကျလေလော့၊ ထိုအခါ ငါ၏ ခံတွင်းဖြင့် ကိုက်ယူအပ်သော အမဲတုံးကို မြေ၌ လွှတ်ချထား၍ ငါးကို ဖမ်းယူခြင်းငှါ ပြေးသွားအံ့။ အချင်း ပဉ္စသိခ ထိုခဏ၌ အသင်သည် ထိုအမဲတုံးကို ထိုးယူ၍ ကောင်းကင်၌ ပျံလေလော့၊ မာတလိသည်လည်း ရေ၌တစ်ဖန် သက်ဆင်းလေလော့ဟု စေခိုင်း၏။ အရှင်မင်းမြတ် ကောင်းလှပါပြီဟု ဝန်ခံ၍ မာတလိနတ်သားသည် ငါးဖြစ်၏။ ပဉ္စသိခနတ်သားသည် ငှက်ဖြစ်၏။ သိကြားမင်းသည် မြေခွေးဖြစ်၏။ အမဲတုံးကို ခံတွင်းဖြင့် ကိုက်ယူ၍ ထိုမိန်းမ၏ ရှေ့တူရူအရပ်သို့ သွား၏။ ငါးသည် ရေမှ ခုန်တက်၍ မြေခွေး၏ ရှေ့၌ကျ၏။ ထိုမြေခွေးသည် နှုတ်သီးခံတွင်းဖြင့် ကိုက်ယူအပ်သော အမဲတုံးကို စွန့်၍ ငါးကို ဖမ်းယူရန် ပြေးသွား၏။ ငါးသည် ခုန်တက်၍ ရေ၌ တစ်ဖန်ပြန်ကျ၏။ ငှက်သည် အမဲတုံးကို ထိုးယူ၍ ကောင်းကင်သို့ ပျံတက်၏။ ငါး အမဲတုံး နှစ်ခုလုံး ဆုံးရှုံးလေဘိ မရရှိသောကြောင့် သမန်းမြက်ချုံကိုကြည့်လျက် မသာယာသော မျက်နှာသည်ဖြစ်၍ နေ၏။ ထိုမိန်းမသည် မသာယာသော မျက်နှာရှိသော ထိုမြေခွေးကို မြင်၍ အလွန်အလိုကြီးခြင်းဖြင့် ပျက်စီးသော ဤမြေခွေးသည် အမဲတုံးကိုလည်း မရ, ငါကိုလည်း မရဟု ကြံစည်ပြီးလျှင် အိုးကို ခွဲလိုက်ဘိသကဲ့သို့ ပြင်းစွာသော ရယ်ရွှင်ခြင်းကို ရယ်ရွှင်လေ၏။ ထိုသို့ ပြင်းထန် ရယ်ရွှင်သံကို ကြား၍ မြေခွေးသည် ဤ တတိယဂါထာကို ဆို၏။

ကာယံ ဠေဂလာဂုမ္ဗေ၊ ကရောတိ အဟု ဟာသိယံ။

နယိဓ နစ္စဂီတံ ဝါ၊ တာလံ ဝါ သုသမာဟိတံ။

အနမှိကာလေ သုသောဏိ၊ ကိံ နု ဇဂ္ဃသိ သောဘဏေ။

သမန်းမြက်ချုံအနီးမှ ဤမိန်းမသည် ပြင်းစွာ ရယ်ရွှင်ခြင်းကို ပြု၏။ အဘယ်မည်သော မိန်းမဖြစ်သနည်း၊ ဤအရပ်၌ ကခြင်း, သီခြင်းသည်လည်းကောင်း၊ ကောင်းစွာ ပြုအပ်သော တီးမှုတ်ခြင်းသည်လည်းကောင်း မရှိခဲ့ချေတကား၊ သေးသွယ်ညှံ့ပျောင်း ကောင်းသောခါးရှိသော ရှုချင့်စဖွယ် တင့်တယ်သော အိုအရှင်မ အသင်သည် ဤအချိန်အခါ၌ အဘယ်သို့သော အကြောင်းကြောင့် ပြင်းစွာရယ်ရွှင်ဘိသနည်း ဟု မေး၏။ မြေခွေးမေးမြန်းသော စကားကို ကြား၍ ထိုမိန်းမသည် စတုတ္ထဂါထာကို ဆို၏။

သိင်္ဂါလ ဗာလ ဒုမ္မေဓ၊ အပ္ပပညောသိ ဇမ္ဗုက။
ဇိနော မစ္ဆဥ္စ ပေသိဥ္စ၊ ကပဏော ဝိယ ဈာယသိ။

တွေဝေမိုက်မဲသော အဆင်အခြင် ပညာဉာဏ်မရှိသော ဟယ်မြေခွေးယုတ် အသင်သည် အဆင်အခြင် ပညာမရှိသည် ဖြစ်ခဲ့၏။ ငါးကိုလည်းကောင်း၊ အမဲတုံးကိုလည်းကောင်း နှစ်ခုစလုံး ဆုံးရှုံးလွတ်ပ စွန့်ပစ်ရသည် ဖြစ်၍ အထီးကျန်သော သူကဲ့သို့ စိတ်ပူစိုးရိမ် ကြံမှိုင်ရချေတော့တကားဟု ပြောဆို၏။

ထိုနောက် မြေခွေးသည် ဤပဥ္စမဂါထာကို ဆို၏။

သုဒဿံ ဝဇ္ဇမညေသံ၊ အတ္တနော ပန ဒုဒ္ဒသံ။
ဇီနာ ပတိဉ္စ ဇာရဉ္စ၊ မညေ တွညေဝ ဈာယသိ။

ယုတ်မာသော အကျင့်ရှိသော ဟယ်မိန်းမ သူတစ်ပါး၏ အပြစ်ကို မြင်လွယ်ပါ၏၊ မိမိ၏ အပြစ်ကိုမူကား မြင်နိုင်ခဲ၏။ အသင်သည်သာလျှင် ဖခင်ထိမ်းမြား လင်ယောကျ်ားကိုလည်းကောင်း၊ လမ်း၌တွေ့မြင် သယောက် လင်ငယ်ကိုလည်းကောင်း နှစ်ဦးစလုံး ဆုံးရှုံးရသည် ဖြစ်၍ သင်သာလျှင် ငါ့ထက်ပို၍ စိုးရိမ်ကြံမှိုင်ရအံ့ဟု မှတ်ထင်အောက်မေ့၏ဟု ပြောဆို၏။

ထိုမိန်းမသည် မြေခွေးစကားကို ကြား၍ ဤဂါထာကို ဆို၏—

ဧဝမေတံ မိဂရာဇ၊ ယထာ ဘာသသိ ဇမ္ဗုက။
သာနူန နာဟံ ဂန္တွာ၊ ဘတ္တု ဟေဿံ ဝသာနုဂါ။

သားတို့၏ မင်းဖြစ်သော အိုမြေခွေး အသင်သည် အကြင်သို့သော အခြင်းအရာဖြင့် ပြောဆို၏။ ဤသို့ အသင်ပြောဆိုတိုင်းသာလျှင် ငါသည် ဖြစ်ပေ၏။ ဤအရပ်မှ သွား၍ ခင်ပွန်းအရင် အကြင် လင်ယောကျ်ားကို ရခဲ့သည်ရှိသော် ကေန်အမှန်စင်စစ်အားဖြင့် ခင်ပွန်းအရှင် ထိုလင်ယောကျ်ား၏ ထပ်ကြပ်မကွာ အလိုသို့ လိုက်ပါသည် ဖြစ်ပါအံ့ဟု ပြောဆို၏။

ယုတ်မာသော အကျင့်ရှိသော သီလကင်းမဲ့သော ထိုမိန်းမ၏ စကားကို ကြား၍ သိကြားမင်းသည် ဤအဆုံးဖြစ်သော ဂါထာကို ဆို၏—

ယော ဟရေ မတ္တိကံ ထာလံ၊ ကံသထာလမ္ပိ သော ဟရေ။
ကတံ စေဝ တယာ ပါပံ၊ ပုနပေဝံ ကရိဿသိ။

ဟယ် ယုတ်မာသော အကျင့်ရှိသော မိန်းမ အကြင်သူသည် အဖိုးမတန် လျှင်မြန်ကွဲပျက်သော မြေအိုးမြေခွက်ကိုပင်လျှင် အရှက်မဲ့အောင် မျက်နှာပြောင်လျှက် ခိုးဆောင်တုံသေး၏။ ထိုသူသည် အဖိုးထိုက်တန်သော ရွှေငွေခွက်ကို မရရအောင် ကြံဆောင်ခိုးဝှက်တော့မည်သာတည်း။ အသင်သည် မကောင်းမှုကို ပြုအပ်ပြီးသည်သာလျှင်တည်း။ အသင်သည် တစ်ဖန်လည်း

ပြုဖူးသဖြင့် ရဲရင့်စွာသော ဤသို့မကောင်းမှုကို ပြုအံ့တော့သည်သာလျှင်တည်းဟု ပြောဆို၍ ထိုမိန်းမကို အရှက် ရစေပြီးသောအခါ မိမိ၏ စံနေရာ တာဝတိံသာ နတ်ပြည်သို့ ပြန်သွား၏၊ ပဉ္စကနိပါတ်၌ ဤစူဠဓနုဂ္ဂဟဇာတ်ကို အကျယ်ဝိတ္ထာရ ဟောပြတော်မူပြီး၍ ချစ်သားရဟန်း ထိုအခါ အသင်သည် စူဠဓနုဂ္ဂဟ ပဏ္ဍိတ ဖြစ်ဖူးပြီ။ ထိုမိန်းမသည် ဤယခုအခါ၌ ဤသတို့သမီးငယ် ဖြစ်ပြီ။ မြေခွေး၏ အသွင်ဖြင့် လာရောက်၍ ယိုမိန်းမကို နှိပ်ကွပ်ဆုံးမတတ်သော သိကြားနတ်မင်းသည်ကား ငါဘုရားသည် သာလျှင်တည်းဟု ဇာတ်တော်ကို ပေါင်းရုံး မိန့်ဆိုတော်မူပြီး၍ ဤသို့ ပြဆိုခဲ့သည့်အတိုင်း ထိုမိန်းမသည် တစ်မုဟုတ်မျှ တွေ့မြင်ရသော ထိုခိုးသားယောကျ်ား၌ နှစ်သက် ချစ်ခင်ခြင်းဖြင့် အလုံးစုံသော ဇမ္ဗူဒိပ်၌ မြတ်သောသေဒသမား ပညာရှိယောကျ်ားကို ဇီဝိန်အသက်မှ ပယ်ဖျက်ချသတ်စေဖူးပြီ။ ချစ်သားရဟန်း ထိုမိန်းမကို အကြောင်းပြု၍ဖြစ်သော ဘဝတဏှာကို ဖြတ်တောက်၍ နေလေလော့ဟု ထိုရဟန်းကို ဆုံးမတော်မူပြီး၍ ထို့ထက်အလွန်လည်း တရားတော်ကို ဟောကြားလိုသောကြောင့် ဤဂါထာကို ဟောတော်မူ၏။

> ဝိတက္ကမထိတဿ ဇန္တုနော၊ တိဗ္ဗရာဂဿ သုဘာနုပဿိနော။
> ဘိယျော တဏှာ ပဝဍ္ဎတိ၊ ဧသ ခေါ ဒဠှံ ကရောတိ ဗန္ဓနံ။
>
> ဝိတက္ကူပသမေ စ ယော ရတော၊ အသုဘံ ဘာဝယတေ သဒါ သတော။
> ဧသ ခေါ ဗျန္တိ ကာဟိတိ၊ ဧသ ဆေစ္ဆတိ မာရဗန္ဓနံ။

ကာမဝိတက်စသည် မွှေနှောက်နှိပ်စက်အပ်သော ထက်မြက်သောရာဂ ရှိသော သာယာဖွယ်ကို ရှုလေ့ရှိသော သတ္တဝါအား တဏှာသည် လွန်စွာ တိုးပွား၏၊ ထိုပုဂ္ဂိုလ်သည် တဏှာ အနှောင်အဖွဲ့ကို မြဲမြံခိုင်ခံအောင်ပြု၏။

အကြင်ရဟန်းသည် ဝိတက်ငြိမ်းရာ အသုဘဆယ်ပါး ပဌမစျာန်တရား၌ မွေ့လျော်၏၊ အခါခပ်သိမ်း သတိရှိ၍ အသုဘ ဘာဝနာကို ပွားစေ၏ ဤရဟန်းသည် တဏှာကင်းခြင်းကို ပြုလတ္တံ့၊ မာရ်မင်း၏ အနှောင်အဖွဲ့ကို ဖြတ်လတ္တံ့။

ထိုဂါထာတို့၌– ဝိတက္ကမထိတဿ=ဟူသည် ကာမဂုဏ်ကြံခြင်း အစရှိသည့် ကြံစည်ခြင်းတို့ဖြင့် မွှေနှောက်နှိပ်စက်အပ်သော၊

တိဗ္ဗရာဂဿ=ဟူသည် ထက်မြက်အားကောင်းသော ရာဂရှိသော၊

သုဘာနုပဿိနော=ဟူသည် ဣဋ္ဌာရုံ၌ တင့်တယ်သည်ဟု အာရုံနိမိတ် ယူခြင်း စသည်တို့၏ အစွမ်းဖြင့် သတိလက်လွတ် ဖြစ်နေသောကြောင့် တင့်တယ်၏ဟု အဖန်ဖန် ရှုခြင်းတည်း။

တဏှာ=ဟူသည် ဈာန်အစရှိသည်တို့တွင် တစ်ခုတည်းသော ဈာန်ကိုမျှ မတိုးပွား။ ထိုအခါ ခြောက်ဒွါရ၌ဖြစ်သော တဏှာသည် လွန်စွာတိုးပွား၏။

သေခေါ=ဟူသည် ဤပုဂ္ဂိုလ်သည် တဏှာအနှောင်အဖွဲ့ကို ကောင်းစွာ ခိုင်မြဲအောင် ပြု၏တည်း။

ဝိတက္ကူပသမေ=ဟူသည် မှားစွာကြံစည်ခြင်း စသည်တို့၏ ငြိမ်းအေး ကြောင်းဟု ဆိုအပ်ကုန်သော အသုဘဆယ်ပါး ပဌမဈာန်၌တည်း။

သဒါသတော=ဟူသည် ဤမိစ္ဆာဝိတက် ငြိမ်းကြောင်းတရား၌ အလွန် မမေ့လျော့သည်ဖြစ်၍ အမြဲသတိရှိသည်၏ အဖြစ်ကြောင့် ထိုအသုဘဈာန်ကို ပွားများ၏တည်း။

ဗျန္တီကာဟိတိ=ဟူသည် ဤရဟန်းသည် ဘဝသုံးပါးတို့၌ ဖြစ်သော တဏှာကို ကင်းသည်သို့ ပြုလတ္တံ့။ ဤရဟန်းသည် တေဘူမကဝဋ္ဋဟု ဆိုအပ်သော မာရ်မင်း အနှောင်အဖွဲ့ကို ဖြတ်လတ္တံ့တည်း။

ဒေသနာတော်၏ အဆုံး၌ ထိုရဟန်းသည် သောတာပတ္တိဖိုလ်၌ တည်ပြီး ရောက်လာသူတို့အားလည်း အကျိုးရှိသော တရားဒေသနာသည် ဖြစ်ပြီ။

စူဠဓနုဂ္ဂဟပဏ္ဍိတဝတ္ထု ပြီး၏။

---

၇။ မာရဝတ္ထု

နိဋ္ဌင်္ဂတော အစရှိသော ဤတရားဒေသနာတော်ကို မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် မာရ်မင်းကို အကြောင်းပြု၍ ဟောတော်မူ၏။

အရှင်ရာဟုလာအား မာရ်နတ် ခြောက်လှန့်ခြင်း

တစ်နေ့သော အခါ၌ များစွာကုန်သော မထေရ်တို့သည် ဇေတဝန် ကျောင်းတော်၌ ကျောင်းတွင်းသို့ ကြွဝင်တော်မူကြ၍ ဘုရားသားတော် ဖြစ်သော ရာဟုလာမထေရ်၏ တည်နေရာ အရပ်သို့ သွားရောက်၍ ရဟန်းတော် တို့အား လူသာမဏေတို့နှင့် အတူတကွ နှစ်ညဉ့် သုံးညဉ့်ထက် အလွန် အိပ်နေခွင့် မရသည်ကို ပြောပြလျက် ထိုအရှင်ရာဟုလာကို နေရာမှ ထသွား စေကုန်၏။ ထိုအရှင်ရာဟုလာသည် တပါးသော အရပ်၌ လျောက်ပတ်သင့်စွာ နေရာဌာနကို မတွေ့မြင်သောကြောင့် မြတ်စွာဘုရား၏ ဂန္ဓကုဋိမုခ်ဦး၌ ကိန်းအိပ် တော်မူ၏။ ထိုအကြောင်းဖြစ်သော အခါ၌ကား ထိုအရှင်ရာဟုလာသည် အရဟတ္တဖိုလ်သို့ ရောက်၍ ရှစ်နှစ်သားအရွယ်သည်သာလျှင် ဖြစ်ပေ၏။

မာရ်နတ်မင်းသည် ဝဿဝတ္တိပြည်၌ တည်နေလျက်သာလျှင် ဂန္ဓကုဋိ မုခ်ဦး၌ အိပ်နေသော ထိုအရှင် ရာဟုလာကို မြင်၍ ကြံစည်၏။ အဘယ်သို့ ကြံစည်သနည်းဟူမူ ရဟန်း ဂေါတမ၏ ထိုက ပြင်းစွာ ကျင်နာတတ်ကောင်း လက်ချောင်းအလား သားငယ်ကလေးသည် အပပြင်ဘက်၌ အိပ်စက်၍ နေရှာ၏။ ဖခင်ဖြစ်သော မိမိသည်မူကား ဂန္ဓကုဋိအတွင်း၌ အိပ်နေ၏။ လက်ချောင်း လက်ထိပ်ကို ဆိတ်ဆွ နှိပ်စက်အပ်သည်ရှိသော် ရဟန်းဂေါတမ ကိုယ်တိုင်ကို နှိပ်စက်အပ်သည် ဖြစ်ပေလတ္တံ့ဟု ကြံစည်၏။ ကြံစည်ပြီး၍ကား ထိုမာရ်မင်းသည် ကြီးစွာသော ဆင်ပြောင်အသွင် ပုံပြင်ဖန်ဆင်း၍ လာခဲ့ပြီးလျှင် နှာမောင်းဖြင့် ရာဟုလာမထေရ်၏ ဦးခေါင်းကို ရစ်ပတ် ဝန်းရံ ပြန်လှန် တင်ထား၍ ကြီးကျယ်စွာသော အသံဖြင့် ကြိုးကြာသံကဲ့သို့ အော်မြည်၏။ မြတ်စွာဘုရားသည် ဂန္ဓကုဋိ၌ သီတင်းသုံးတော်မူလျက်သာလျှင် ထိုဆင်ပြောင်ကြီးကို မာရ်မင်း၏ အဖြစ်ကို သိတော်မူသောကြောင့် ဟယ်-- မာရ်ယုတ် အသင်တို့ကဲ့သို့ သဘောရှိသောသူတို့၏ တစ်သိန်းမျှလောက် ဖြင့်လည်း ငါဘုရား၏ သားတော်အား ရှုံကြောက်ခြင်းကို ဖြစ်စေခြင်းငှါ မစွမ်းနိုင်ကုန်။ ထိုစကားမှန်၏။ ကင်းပြတ်လုံးစုံ ကုန်ခန်းပြီးသော တဏှာရှိသော ကြီးကျယ်မြင့်မြတ်သော ဝီရိယရှိသော၊ ကြီးကျယ်မြင့်မြတ်သော ပညာရှိသော ငါဘုရား၏ သားတော်သည် တုန်လှုပ် ထိပ်လန့်ခြင်း မရှိဟု မိန့်တော်မူပြီး၍ ဤဂါထာကို ဟောကြားတော်မူ၏။

နိဋ္ဌင်္ဂတော အသန္တာသီ၊ ဝီတ တဏှော အနင်္ဂဏော။
အစ္ဆိန္ဒိ ဘဝသလ္လာနိ၊ အန္တိမောယံ သမုဿယော။

ဝီတတဏှော အနာဒါနော၊ နိရုတ္တိ ပဒကောဝိဒေါ။
အက္ခရာနံ သန္နိပါတံ၊ ဇညာ ပုဗ္ဗာပရာနိ စ။
သ ဝေ အန္တိမသာရီရော၊ မဟာပညော မဟာပုရိသောတိ ဝုစ္စတိ။

ရဟန်းကိစ္စ ပြီးဆုံးခြင်းသို့ ရောက်ပြီးသူသည် ထိတ်လန့်ခြင်း မရှိ၊ တဏှာကင်း၏၊ ကိလေသာကင်း၏။ဘဝသို့ ရောက်ကြောင်း ရာဂစသော ငြောင့်တံသင်းတို့ကို ဖြတ်ပြီးဖြစ်၏။ ဤခန္ဓာကိုယ်သည် အဆုံးစွန်ဖြစ်၏။

တဏှာကင်းသော၊ စွဲလမ်းခြင်း မရှိသော၊ နိရုတ္တိပဋိသမ္ဘိဒါ၌ လိမ္မာသော အက္ခရာတို့၏အပေါင်းကိုလည်း သိသော၊ ရှေ့နောက်အက္ခရာတို့ကိုလည်းသိသော၊ အဆုံးစွန်ဖြစ်သော ကိုယ်ခန္ဓာရှိသော ထိုပုဂ္ဂိုလ်ကို စင်စစ် ကြီးသော ပညာရှိသူ ယောကျ်ားမြတ်ဟူ၍ ခေါ် ဆိုအပ်၏။

ထိုဂါထာတို့၌—

နိဋ္ဌင်္ဂတော=ဟူသည် ဤသာသနာတော်၌ ရဟန်းတို့၏ အရဟတ္တဖိုလ်သည် ပြီးဆုံးခြင်းမည်၏။ ထိုပြီးဆုံးခြင်းသို့ ရောက်သည်တည်း။

အသန္တာသီ=ဟူသည် ကိုယ်တွင်း၌ ရာဂဖြင့် ထိတ်လန့် တုန်လှုပ်ခြင်း စသည် တို့၏ မရှိခြင်းကြောင့် ရာဂဖြင့် ထိတ်လန့် တုန်လှုပ်ခြင်း မရှိသောတည်း။

အစ္ဆိန္ဒိ ဘဝသလ္လာနိ=ဟူသည် ဘဝရောက်ကြောင်း ဖြစ်ကုန်သော ငြောင့် တံသင်း အားလုံးတို့ကို ဖြတ်အပ်ပြီးတည်း။

သမုဿယော=ဟူသည်ဤရဟန္တာပုဂ္ဂိုလ်၏အဆုံးစွန်သော ခန္ဓာကိုယ်တည်း။

အနာဒါနော=ဟူသည် ခန္ဓာ စသည်တို့၌ စွဲလမ်းခြင်း မရှိသောတည်း။

နိရုတ္တိပဒကောဝိဒေါ=ဟူသည် နိရုတ္တိပဋိသမ္ဘိဒါ၌လည်းကောင်း၊ ကြွင်းသော ပုဒ်တို့၌လည်းကောင်း ဤသို့ ပဋိသမ္ဘိဒါလေးပါးတို့၌ ကျွမ်းကျင်သောသူတည်း။

အက္ခရာနံ သန္နိပါတံ၊ ဇညာ ပုဗ္ဗာပရာနိ စ=ဟူသည် အက္ခရာတို့၏ စုဝေး ကျရောက်ခြင်းဟု ဆိုအပ်သော အက္ခရာအပေါင်းကို သိ၏၊ ရှေ့အက္ခရာနှင့် နောက် အက္ခရာကိုလည်းကောင်း၊ ရှေ့ အက္ခရာဖြင့် နောက် အက္ခရာကိုလည်း ကောင်း သိ၏။

ရှေ့အက္ခရာဖြင့် နောက်အက္ခရာကို သိသည်ဟူသည်—အစ၌ သိလတ်သော် အလယ် အဆုံးတို့၌ မသိသော်လည်း "ဤအက္ခရာတို့တွင် ဤဟာသည် အလယ် တည်း၊ ဤဟာသည် အဆုံးတည်း" ဤသို့ သိ၏။

နောက်အက္ခရာဖြင့် ရှေ့အက္ခရာကို သိခြင်းမည်သည်—အဆုံး၌ သိလတ်သော် အစ အလယ်တို့ကို မသိကုန်လတ်သော် "ဤအက္ခရာတို့တွင် ဤဟာသည် အလယ်တည်း၊ ဤဟာသည် အစတည်း" ဤသို့ သိအပ်၏။ အလယ်၌ သိလတ်သော်လည်း "ဤအက္ခရာတို့တွင် ဤဟာသည် အစတည်း၊ ဤဟာသည် အဆုံးတည်း" ဤသို့ သိ၏။ ဤသို့ ကြီးသော ပညာရှိသည်တည်း။

သ ဝေ အန္တိမသာရီရော=ဟူသည် ဤသူသည် အဆုံးစွန်၌တည်သောကိုယ် ရှိသော မျှားမြတ်ကုန်သော အတ္ထဓမ္မ နိရုတ္တိပဋိဘာန တို့ကိုလည်းကောင်း၊ သီလအစု အစရှိသည်တို့ကိုလည်းကောင်း၊ သိမ်းယူအပ်သော ပညာနှင့် ပြည့်စုံ သည်၏ အဖြစ်ကြောင့် ကြီးသော ပညာရှိသောတည်း။ သာရိပုတ္တရာ ငါဘုရား သည် ကိလေသာမှ လွတ်မြောက်သော စိတ်ရှိသည်၏ အဖြစ်ကြောင့် မြတ်သော ယောကျ်ားတည်း" ဟု ဟောတော်မူ၏။ ဤသို့ ဟောတော်မူခြင်းကြောင့်

ကိလေသာတို့မှ လွတ်သော စိတ်ရှိသည်၏ အဖြစ်ကြောင့် မြတ်သောယောကျ်ား ဟူ၍ ငါ ဆိုအပ်၏တည်း။

ဒေသနာတော်၏ အဆုံး၌ လူများစွာတို့သည် သောတာပတ္တိဖိုလ် စသည် တို့သို့ ရောက်ကုန်၏။ ယုအ်မာသော မာရ်မင်းသည်လည်း "ရဟန်း ဂေါတမသည် ငါ့ကို သိ၏" ဤသို့ ထိုအရပ်၌ပင်လျှင် ကွယ်ပျောက်ပြီ။

မာရဝတ္ထု ပြီး၏။

## ၉။ ဥပကတက္ကဒွန်းဝတ္ထု

**သဗ္ဗာဘိဘူ**—အစရှိသော ဤတရားဒေသနာတော်ကို မြတ်စွာဘုရားသည် လမ်းခရီးအကြား၌ ဥပကအာဇီဝကကို အကြောင်းပြု၍ ဟောတော်မူ၏။

အခါတစ်ပါး၌ မြတ်စွာဘုရားရှင်သည် သဗ္ဗညုတဉာဏ်တော်သို့ ရောက်တော်မူပြီး၍ ဗောဓိမဏ္ဍိုင်၌ ခုနစ်ရက် ခုနစ်လီဟု ဆိုအပ်သော လေးဆယ့်ကိုးရက်ကို လွန်မြောက်တော် မူစေပြီး ကိုယ်တော်၏ သပိတ် သင်္ကန်းကို ယူဆောင်တော်မူပြီးလျှင် ဓမ္မစကြာဒေသနာကို ကောင်းစွာ ဟောဖော် လည်တော်မူခြင်း အကျိုးငှါ ဗာရာဏသီပြည်ကို ရည်ရွယ်တော်မူ၍ တစ်ဆယ့်ရှစ်ယူဇနာရှိသော လမ်းခရီးကို ကြွသွားတော်မူရာ လမ်းခရီးအကြား၌ ဥပက အမည်ရှိသော အာဇီဝက တက္ကဒွန်းကို တွေ့မြင်တော်မူ၏။ ထိုဥပကသည်လည်း မြတ်စွာဘုရားရှင်ကို တွေ့မြင်၍ အို ငါ့ရှင် အသင်၏ ဣန္ဒြေတို့သည် အထူးသဖြင့် ကြည်လင်ကုန်၏။ အသင်၏ ကိုယ်ရေ အဆင်းသည် ထက်ဝန်းကျင် စင်ကြယ်၏။ ပြိုးပြိုးပြက်သော အရောင်ရှိ၏၊ အို ငါ့ရှင် အသင်သည် အဘယ်သူကို ရည်မှန်း၍ ရဟန်းပြုပါသနည်း။ အသင်၏ ဆုံးမတတ်သော ဆရာကား အဘယ်သူ ပေနည်း။ အဘယ်သူ၏ တရားစကားကို အသင်သည် နှစ်သက်သနည်းဟု မေး၏။ ထိုအခါ မြတ်စွာဘုရားက ဥပက အာဇီဝကအား–ငါ့အား ဥပဇ္ဈာယ် သည်လည်းကောင်း၊ ဆရာသည်လည်းကောင်း မရှိဟု မိန့်ဆိုတော်မူပြီး၍ ဤဂါထာကို ဟောကြားတော်မူ၏။

သဗ္ဗာဘိဘူ သဗ္ဗဝိဒူဟမသ္မိ၊
သဗ္ဗေသု ဓမ္မေသု အနူပလိတ္တော။
သဗ္ဗဉ္ဇဟော တဏှာက္ခယေ ဝိမုတ္တော၊
သယံ အဘိညာယ ကမုဒ္ဒိသေယျံ။

ငါဘုရားသည် အလုံးစုံသော တေဘူမကတရားတို့ကို လွှမ်းမိုး၍ အလုံးစုံသောတရားတို့ကို သိပြီး အလုံးစုံသော တေဘူမကတရားတို့၌ တဏှာဒိဋ္ဌိတို့ဖြင့်

မကပ်ငြိ မလိမ်းကျံ အလုံးစုံသော တေဘူမက တရားတို့ကို စွန့်အပ်ပြီး တဏှာကုန်ခန်းရာ အရဟတ္တဖိုလ်၌ သေက္ခမဟုတ်သည်ဖြစ်၍ လွတ်မြောက်အပ်ပြီ၊ ထိုးထွင်း၍ သိထိုက်သောတရားတို့ကိုသိ၍ အဘယ်သူကို ဆရာဟု ညွှန်ပြရပါအံ့နည်း။

ထိုဂါထာ၌—သဗ္ဗာဘိဘူ=ဟူသည် အလုံးစုံသော တေဘူမက တရားတို့ကို လွှမ်းမိုးပြီးသောကြောင့် အလုံးစုံသော တေဘူမကတရားတို့ကို လွှမ်းမိုး၍ သိအပ်ပြီ။

**သဗ္ဗေသု ဓမ္မေသု**=ဟူသည် အလုံးစုံသော တေဘူမက တရားတို့၌ တဏှာ, ဒိဋ္ဌိတို့ဖြင့် မကပ်ငြိ မလိမ်းကျံ။

**သဗ္ဗဉ္ဇဟော**=ဟူသည် အလုံးစုံသော တေဘူမက တရားတို့ကို စွန့်ပြီး၍ တည်သော။

**တဏှက္ခယေ ဝိမုတ္တော**=ဟူသည် တဏှာကုန်ခြင်း ဖြစ်ပြီးသည် ရှိသော် တဏှာကုန်ခြင်းဟူသော အရဟတ္တဖိုလ်၌ သေက္ခမဟုတ်သော လွတ်ခြင်းဖြင့် လွတ်မြောက်၏။

**သယံ အဘိညာ**=ဟူသည် ထိုးထွင်း၍ သိထိုက်သော တရားအပေါင်းကို ကိုယ်တိုင်သာလျှင် သိပြီး၍။

**ကမုဒ္ဒိသေယျံ**=ဟူသည် "ဤသူသည် ငါ၏ ဥပဇ္ဈာယ်တည်း ဆရာတည်း" ဟူ၍ အဘယ်ပုဂ္ဂိုလ်ကို ညွှန်ပြရပါအံ့နည်း။

ဒေသနာတော်၏အဆုံး၌ ဥပက အာဇီဝကသည် မြတ်စွာဘုရား၏စကားတော်ကို နှစ်သက်လည်း မနှစ်သက်၊ မမြစ်လည်း မမြစ်ပယ်၊ ဦးခေါင်းကိုမူကား လှုပ်၍ အံ့အားသင့်သော အခြင်းအရာ လျှာကိုထုတ်ပြီးသော် ခြေတစ်ဖဝါးသာ လှမ်းရာနိုင်ကောင်း ခရီးငယ်တစ်ကြောင်းကိုယူ၍ မထင်ရှားသော မူဆိုးနေရာ အရပ်သို့ သွားလေ၏။

ဥပကတက္ကတွန်းဝတ္ထု ပြီး၏။

## ၁၀။ သိကြားမင်း မေးလျှောက်သော ဝတ္ထု

**သဗ္ဗဒါနံ** အစရှိသော ဤတရားဒေသနာတော်ကို မြတ်စွာဘုရားရှင်သည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် နတ်တို့၏ မင်းဖြစ်သော သိကြားမင်းကို အကြောင်းပြု၍ ဟောတော်မူ၏။

အခါတစ်ပါး၌ တာဝတိံသာနတ်ပြည်ဝယ် နတ်အပေါင်းတို့သည် စည်းဝေးကြကုန်၍ လေးပါးကုန်သော အမေးပုစ္ဆာတို့ကို ဖြစ်စေကြကုန်၏။ အဘယ်သို့ ဖြစ်စေကုန်သနည်းဟူမူ လျှူဒါန်းအပ်သော အလှူဒါနတို့တွင် အဘယ်အလှူ

ဒါနသည် ကြီးကျယ်မြင့်မြတ် ပါလေသနည်း၊ မွန်မြတ်သော အရသာအပေါင်းတို့တွင် အဘယ် အရသာသည် ကြီးကျယ်မြင့်မြတ် ပါလေသနည်း။ နှလုံးမွေ့လျော်ဖွယ် အပေါင်းတို့တွင် အဘယ်သို့သော မွေ့လျော်ခြင်းသည် ကြီးကျယ်မြင့်မြတ်ပါလေသနည်း၊ တဏှာကုန်ခြင်းကိုသာလျှင် အဘယ်ကြောင့် ကြီးကျယ်မြင့်မြတ်သည်ဆိုအပ်ပါသနည်း”ဟူသော အမေးပုစ္ဆာတို့ကို ဖြစ်စေကြကုန်၏။ ထိုအမေးပုစ္ဆာတို့ကို တစ်ဦးတစ်ယောက်သောနတ်တို့သည်လည်း ဆုံးဖြတ်ခြင်းငှါ မစွမ်းနိုင်။ တစ်ဦးသောနတ်က တစ်ဦးသောနတ်ကို မေးမြန်း၏။ မေးမြန်းအပ်သည့် ထိုတစ်ဦးသောနတ်ကလည်း တစ်ပါးသောနတ်ကို မေးမြန်းပြန်၏။ ဤသို့လျှင် တစ်ဦးသည် တစ်ဦးအား ဆင့်ကူး မေးမြန်းကုန်လျက် တစ်သောင်းသော စကြဝဠာတို့၌ တစ်ဆယ့်နှစ်နှစ်တို့ပတ်လုံး လှည့်လည်ကုန်၏။

ဤမျှ အတိုင်းအရှည်ရှိသော ကာလဖြင့်လည်း အမေးပုစ္ဆာတို့၏ အနက်အဓိပ္ပါယ်ကို သိဖွယ်ဉာဏ်ဝင် မထင်မြင်နိုင်ကုန်သောကြောင့် တစ်သောင်းသော စကြဝဠာ၌နေကုန်သော နတ်တို့သည် စုရုံးစည်းဝေးကုန်ပြီးသော် နတ်မင်းကြီးလေးဦးတို့၏ အထံသို့သွားရောက်ကုန်၍ နတ်မင်းကြီးလေးဦးတို့က အမောင်တို့များစွာသောနတ်တို့သည် အဘယ့်ကြောင့် စုရုံးစည်းဝေးကုန်သနည်းဟု ပြောဆိုသည်ရှိသော် လေးပါးသော အမေးပုစ္ဆာတို့ကို ကောင်းစွာ ဖြင်စေကုန်၍ ဆုံးဖြတ်ခြင်းငှါ မစွမ်းနိုင်ပါသောကြောင့် အရှင်နတ်မင်းကြီးတို့၏အထံသို့ လာခဲ့ပါကုန်၏ဟုပြောဆိုကြကုန်၏ ။အမောင်တို့ထိုအမေးပုစ္ဆာသည်အဘယ်နည်းဟု မေးကုန်သည်ရှိသော် “အလှူဒါနမျိုးတို့တွင် အဘယ်အလှူဒါနသည်ကြီးကျယ်မြင့်မြတ်သနည်း၊ အရသာမျိုးတို့တွင် အဘယ်အရသာသည် ကြီးကျယ်မြင့်မြတ်သနည်း၊ မွေ့လျော်ခြင်းမျိုးတို့တွင် အဘယ်မွေ့လျော်ခြင်းသည် ကြီးကျယ်မြင့်မြတ်သနည်း၊ တဏှာ၏ကုန်ဆုံးခြင်းကို အဘယ့်ကြောင့် ကြီးကျယ်မြင့်မြတ်သည် ဆိုအပ်သနည်း” ဤအမေးပုစ္ဆာတို့ကို ဆုံးဖြတ်ခြင်းငှါ မစွမ်းနိုင်ပါသောကြောင့် အရှင်မင်းကြီးတို့၏ ထံတော်မှောက်သို့ လာရောက်ကြရပါကုန်၏ဟု ပြောဆိုကုန်၏။

အမောင်တို့ ငါတို့သည်လည်း ဤအမေးပုစ္ဆာတို့၏ အနက်တို့ကို မသိမြင်ကြကုန်၊ ငါတို့၏ မင်းမြတ်သည်ကား တစ်ထောင်မျှသော လူသည် ကြံစည်အပ်သော အနက်တို့ကို ကြံစည်၍ ထိုခဏချင်းဖြင့် သာလျှင် သိမြင်နိုင်၏။ ငါတို့၏အရှင်ဖြစ်သော ထိုသိကြားမင်းသည် ငါတို့ထက် ပညာအားဖြင့်လည်း ကောင်း၊ ဘုန်းသမ္ဘာအားဖြင့်လည်းကောင်း ထူးကဲမွန်မြတ်ပေ၏၊ လာလှည့်ကြကုန်လော့။ ထိုသိကြားမင်း၏အထံတော်သို့ သွားကြကုန်အံ့ဟု ပြောဆိုပြီးသော် ထိုနတ်အပေါင်းကိုသာလျှင် ခေါ်ယူဆောင်ငြား သိကြားနတ်မင်း၏ အထံသို့သွား၍ ထိုသိကြားမင်းကလည်း အမောင်တို့ အဘယ့်ကြောင့် များသော

နတ်တို့သည် စုရုံး စည်းဝေးကုန်သနည်းဟု ပြောဆို မေးမြန်းသည် ရှိသော် ထိုအကြောင်းကို ကြားလျှောက်ကုန်၏။

အမောင်တို့ ဤပုစ္ဆာတို့၏ အနက်ကို တစ်ပါးသော သူသည်လည်း သိမြင်ခြင်းငှါ မစွမ်းနိုင်ပေ၊ ဤအမေးပုစ္ဆာတို့သည် ဘုရားရှင်တို့ ဧ ရာသာ ဖြစ်ပေကုန်၏၊ ဆရာဖြစ်တော်မူသော မြတ်စွာဘုရားသည် ဤယနေ့အခါ အဘယ်အရပ်၌ သီတင်းသုံး စံနေတော်မူသနည်းဟု မေးမြန်း၍ ဇေတဝန် ကျောင်းတော်၌ သီတင်းသုံး နေတော်မူကြောင်းကို ကြားသိရသည် ရှိသော် လာလှည့်ကုန်လော့၊ ထိုမြတ်စွာဘုရား၏ အထံတော်သို့ သွားကုန်အံ့ဟု ပြောဆိုပြန်ကြား နတ်များအပေါင်းတို့နှင့်အတူတကွ ညဉ့်အဖို့ကာလ၌ အလုံးစုံသော ဇေတဝန်ကျောင်းတော်ကို ထွန်းလင်း တောက်ပစေလျက် မြတ်စွာဘုရားရှင်ထံသို့ ချဉ်းကပ်ကြကုန်၏၊ ရှိခိုးဦးဆင့်၍ သင့်တင့်သော အရပ်၌ တည်နေသော သိကြားမင်းကို မြတ်စွာဘုရားက မြတ်သော မင်းကြီး အဘယ် ကြောင့် များစွာသော နတ်အပေါင်းဖြင့် လာရောက်ဘိသနည်းဟု မိန့်တော် မူသည် ရှိသော် ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား နတ်များအပေါင်း သည် ဤအမည်ရှိသော အမေးပုစ္ဆာတို့ကို ကောင်းစွာ ဖြစ်စေအပ်ပါကုန်၏။ ဤအမေးပုစ္ဆာတို့၏အနက်ကို သိမြင်ခြင်းငှါ စွမ်းနိုင်သော တစ်ပါးသောသူ မည်သည် မရှိပါ၊ ဒကာတော်တို့အား ဤအမေးပုစ္ဆာတို့၏အနက်ကို ထင်ရှား ပြုတော်မူပါကုန်လော့ဟု ကြားလျှောက်သည် ရှိသော် မြတ်စွာ ဘုရားက မြတ်သောမင်းကြီး ကောင်းလှပေပြီ၊ ထိုစကားမှန်၏၊ ငါဘုရားသည် ပါရမီ တို့ကို ဖြည့်ဆည်းပူးတော်မူ၍ စွန့်ခြင်းကြီးတို့ကို စွန့်ကြဲတော်မူ၍ အသင်ကဲ့သို့ သဘောရှိသော သိကြားမင်းတို့၏ ယုံမှားခြင်းသံသယကို ပယ်ချဖြတ်တောက် ခြင်းအကျိုးငှါသာလျှင် သဗ္ဗညုတဉာဏ်တော်ကို ထိုးထွင်း၍ သိအပ်၏။ အသင် သိကြားမင်း မေးအပ်သောအမေးပုစ္ဆာ၏အဖြေဝိသဇ္ဇနာကား "အလုံးစုံသော အလှူဒါနမျိုးတို့တွင် တရားတည်းဟူသော အလှူဒါနသည် ကြီးကျယ်မြင့်မြတ် ၏၊ အလုံးစုံသော အရသာမျိုးတို့တွင် တရားတည်းဟူသော အရသာသည် ကြီးကျယ် မြင့်မြတ်၏။ အလုံးစုံသော မွေ့လျော်ခြင်းတို့တွင် တရားဖြင့် မွေ့လျော်ခြင်းသည် ကြီးကျယ်မြင့်မြတ်၏။ တဏှာကုန်ပြတ် ခြင်းသည်ကား အရဟတ္တဖိုလ်သို့ ရောက်စေတတ်သည် အဖြစ်ကြောင့် အလွန်အကြူး အထူး သဖြင့် ကြီးကျယ်မြင့်မြတ်သည်သာလျှင်တည်း"ဟု မိန့်တော်မူပြီး ဤဂါထာကို ဟောကြားတော်မူ၏—

သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ၊ သဗ္ဗရသံ ဓမ္မရသော ဇိနာတိ။

သဗ္ဗရတိံ ဓမ္မရတိ ဇိနာတိ၊ တဏှက္ခယော သဗ္ဗဒုက္ခံ ဇိနာတိ။

တရားအလှူသည် အလှူဒါန အားလုံးကို အောင်နိုင်၏။ တရားအရသာသည် အရသာအားလုံးကို အောင်နိုင်၏၊ တရား၌ မွေ့လျော်ခြင်းသည် မွေ့လျော်ခြင်း အားလုံးကို အောင်နိုင်၏၊ တဏှာကုန်ပြီးသော အရဟတ္တဖိုလ်သည် ဒုက္ခအားလုံးကို အောင်နိုင်၏။

ထိုဂါထာ၌ စကြဝဠာတိုက်အတွင်း၌ ဗြဟ္မာ့ပြည်တိုင်အောင် အကြားမရှိသည်ကို ပြု၍ နေထိုင်ကြကုန်သော ဘုရား, ပစ္စေကဗုဒ္ဓါ ရဟန္တာတို့အား ငှက်ပျောဖူးအရောင်နှင့်တူကုန်သော သင်္ကန်းတို့ကို အကယ်၍ ပေးလှူရာ၏။ ထိုပေးလှူရာအခါ၌ ပေါင်းစုံ၍ ထားအပ်သော လေးပါဒရှိသော ဂါထာကို ရွတ်ဖတ်ကြားနာခြင်းပြုအပ်သော ဝမ်းမြောက်မှုသည်သာလျှင် မြတ်၏။ ထိုအလှူသည် ထိုဂါထာကို ရွတ်ဖတ်ကြားနာ၍ ဝမ်းမြောက်မှု၏ တစ်ဆယ့်ခြောက်စိတ် စိတ်၍ တစ်စိတ်မျှလောက်ပင် အဖိုးမထိုက်။ ဤသို့တရားတော်ကိုဟောကြားခြင်းသည်လည်းကောင်း, ရွတ်ဖတ်ရခြင်း သည့်လည်းကောင်း, ကြားနာရခြင်းသည်လည်းကောင်း အကျိုးများ၏၊ များစွာကုန်သော သူတို့အား ထိုတရားတော်ကို ဟောကြားခြင်းကို ပြုသော ပုဂ္ဂိုလ်အား များသော အကျိုးအာနိသင်ရှိ၏၊ ထိုသို့သော ပရိသတ်၌ မွန်မြတ်သော ဆွမ်းဖြင့် သပိတ်ပြည့်အောင် လှူဒါန်းသူ့ယက်လည်းကောင်း၊ ထောပတ်ဆီစသည်တို့ကို သပိတ်ပြည့်အောင် ပေးအပ်သော ဆေးအလှူထက်လည်းကောင်း၊ ကြီးကျယ် များမြတ်သော ကျောင်းနှင့်တူသော ကျောင်းစသည်တို့လည်း ဖြစ်ကုန်သော,ကြေးပြာသာဒ်နှင့်တူသော ပြာသာဒ်စသည်တို့လည်း ဖြစ်ကုန်သော များသော အရာအထောင်မျှကုန်သော ကျောင်းပြာသာဒ်တို့ကို ပြုလုပ်၍ ပေးလှူအပ်သော ကျောင်းနေရာအလှူထက်လည်းကောင်း၊ အနာထပိဏ် သူဌေး စသူတို့သည် ကျောင်းတို့ကို အကြောင်းပြု၍ ပြုလုပ်အပ်သောစွန့်ကြဲခြင်းကမ်းမှုထက်လည်းကောင်း အယုတ်ဆုံးအားဖြင့် လေးပါဒမျှရှိသော ဂါထာကို ဟောခြင်း, ရွတ်ခြင်း, ကြားနာခြင်းဟူသော ဝမ်းမြောက်မှု၏ အစွမ်းအားဖြင့် တရားအလှူသည်သာ မြတ်၏။ ချီးမွမ်းအပ်၏။ အဘယ့်ကြောင့်နည်းဟူမူ ဤသို့ သဘောရှိသော ကောင်းမှုတို့ကို ပြုကုန်သည်ရှိသော် တရားတော်ကို ကြားနာကုန်လျက်သာလျှင် ပြုလုပ်ကြကုန်၏၊ တရားမနာဘဲ မပြုလုပ်ကြကုန်၊ ဤသတ္တဝါတို့သည် တရားတော်ကို အကယ်၍ မကြားနာကြကုန်အံ့၊ တစ်ဇွန်းစာမျှသော ယာဂုကိုလည်းကောင်း တစ်ယောက်မ မျှသော ဆွမ်းကိုလည်းကောင်း အကယ်၍ မပေးကုန်လတ္တံ့၊ ဤသို့ မပေးခြင်းကြောင့် အလုံးစုံသော ဒါနတို့ထက် တရားအလှူသည်သာလျှင် မြတ်၏။

စင်စစ်သော်ကား ဘုရား ပစ္စေကဗုဒ္ဓါတို့ကို ထား၍ တစ်ကမ္ဘာလုံးကို မိုးရွာသည် ရှိသော် ထိုမိုးရေပေါက်တို့ကို ရေတွက်ခြင်းငှါ စွမ်းနိုင်သော ပညာနှင့် ပြည့်စုံသော အရှင်သာရိပုတ္တရာမထေရ် စသည်တို့သည်လည်း

မိမိသဘောဉာဏ်ဖြင့် သောတာပတ္တိဖိုလ် စသည်တို့ကို ရခြင်းငှါ မစွမ်းနိုင်ကုန်၊ အရှင်အသဃဇိမထေရ် စသည်တို့သည် ဟောကြားအပ်သော တရားကို ကြားနာ၍ သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုနိုင်ကုန်၏။မြတ်စွာဘုရား၏ တရားဒေသနာတော်ဖြင့် သာဝကပါရမီဉာဏ်သို့ မျက်မှောက် ပြုနိုင်ကြကုန်၏။ မင်းမြတ် ဤသို့သောအကြောင်းဖြင့်လည်း တရားတော် အလှူသည်သာလျှင် မြတ်၏။ ထို့ကြောင့် "သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ" ဟူ၍ ဆိုအပ်၏။

အလုံးစုံသော အနှံ့အရသာ စသည်တို့နှင့် ပြည့်စုံသော အရသာတို့သည်လည်းကောင်း, လွန်ကဲသောအားဖြင့် ဖြစ်သော နတ်တို့၏ ချိုမြိန်သော နတ်သုဓာ ရသာသည်လည်းကောင်း, သံသရာဝဋ်ဆင်းရဲ၌ ကျစေ၍ ဒုက္ခဖြစ်ခြင်း၏ အကြောင်းသာဖြစ်၏၊ သုံးဆယ့်ခုနစ်ပါးသော ဗောဓိပက္ခိယတရားဟု ဆိုအပ်သည်လည်းဖြစ်သော ကိုးပါးသော လောကုတ္တရာတရားဟု ဆိုအပ်သည်လည်းဖြစ်သော တရားအရသာသည်သာလျှင် အရသာအားလုံးထက် လွန်ကဲထူးမြတ်၏၊ ထို့ကြောင့် "သဗ္ဗရသံ ဓမ္မရသော ဇိနာတိ" ဟူ၍ ဆိုအပ်၏။

သားသမီးတို့၌ မွေ့လျော်ခြင်း, ပစ္စည်း မယားတို့၌ မွေ့လျော်ခြင်း, ကခြင်း, သီခြင်း, တီးမှုတ်ခြင်း စသည်တို့၌ မွေ့လျော်ခြင်းစသော များစွာသော မွေ့လျော်ခြင်း အပေါင်းသည် သံသရာဝဋ်ဆင်းရဲ၌ ကျစေ၍ ဆင်းရဲခံစားရခြင်း၏ အကြောင်းဖြစ်၏။ တရားဟောသော သူအား လည်းကောင်း, တရားနာသော သူအားလည်းကောင်း, တရားပို့ချသော သူအားလည်းကောင်း အဆုံးစွန်ခဏမျှဖြစ်သော ပီတိသည် ဝမ်းမြောက်မှုကို ဖြစ်စေ၏၊ မျက်ရည်တို့ကို ဖြစ်စေ၏၊ ကြက်သီးမွေးညင်းထစေ၏။ ထိုပီတိသည် သံသရာဝဋ်ဆင်းရဲ၏ အဆုံးကို ပြု၍ အရဟတ္တမဂ်လျှင် အဆုံးရှိ၏။ ထို့ကြောင့် မွေ့လျော်မှုအားလုံးတို့တွင် တရားတော်၌ မွေ့လျော်ခြင်းသည်သာ မြတ်၏၊ ထို့ကြောင့် "သဗ္ဗရတိံ ဓမ္မရတိ ဇိနာတိ" ဟူ၍ ဆိုအပ်၏။

တဏှာကုန်ရာဖြစ်သော တဏှာ၏ ကုန်ခြင်း၌ဖြစ်သော အရဟတ္တဖိုလ်သည် သံသရာဝဋ်ဒုက္ခအားလုံးကို နှိပ်စက် ပယ်သတ်ခြင်းကြောင့် အလုံးစုံမြတ်သည်ထက် ပို၍ မြတ်၏။ ထို့ကြောင့် "တဏှာက္ခယော သဗ္ဗဒုက္ခံ ဇိနာတိ" ဟူ၍ ဆိုအပ်၏။

## ဒေသနာတော်၏ အကျိုးအာနိသင်

ဤသို့လျှင် မြတ်စွာဘုရားရှင်သည် ဤတရားဂါထာ၏ အနက်အလာကို ကောင်းစွာဟောကြားတော်မူသည်ရှိသော်သာလျှင် ရှစ်သောင်း လေးထောင်ကုန်သော သတ္တဝါတို့သည် သစ္စာလေးပါးတရားကိုပိုင်းခြားသိမြင်သောအားဖြင့် အကျွတ်တရားကို ရသည်ဖြစ်လေ၏။ သိကြားမင်းသည်လည်း မြတ်စွာဘုရားမိန့်ဟောကြားသော တရားစကားကို ကြားနာရသည်ရှိသော် မြတ်စွာဘုရားရှင်

ကို ဦးတင်ရှိခိုး၍ ဤသို့ လျှောက်ကြား၏။ အဘယ်သို့ လျှောက်ကြားသနည်း ဟူမူ – ဘုန်းတော် ကြီးတော်မူသော မြတ်စွာဘုရား ဤသို့ ကြီးကျယ် မြင့်မြတ်သည် မည်သော တရားဟောပြ ဓမ္မဒါနကို လှူရာ၌ အဘယ်အကျိုးငှါ ဒကာတော်တို့အား ကုသိုလ်၏ အဖို့ဘာဂကို မဝေ မပေးကမ်းပါကုန်သနည်း။ ဘုန်းတော် ကြီးတော်မူသော မြတ်စွာဘုရား ဤအခါမှ စ၍ ရဟန်းတော် အပေါင်းအား ဓမ္မဒါန ဟောကြား ပြပြီး၍ ဒကာတော်တို့အား ကုသိုလ်၏ အဖို့ဘာဂကို ဝေပေးကမ်း ပါစေကုန်လော့ဟု လျှောက်ထား၏။ မြတ်စွာဘုရားသည် သိကြားမင်းလျှောက်ထားသော ထိုစကားကို ကြားတော်မူ၍ ရဟန်းအပေါင်းကို စည်းဝေးစေပြီးလျှင် ချစ်သားရဟန်းတို့ ယနေ့ကို အစပြု၍ ကြီးစွာသော တရားနာခြင်းကိုလည်းကောင်း ပြကတေ့သော တရားနာခြင်းကိုလည်းကောင်း အနီးအရပ် ချဉ်းကပ် နေထိုင်ပြောဆိုသော စာရေးစကားကိုလည်းကောင်း၊ အဆုတ်ဆုံးအားဖြင့် အလှူဝတ္ထု ကြည့်ရှု ပံ့ထောက် ချီးမြှောက်သော တရားစကားမျှကိုလည်းကောင်း ဟောကြားပြီး၍ အလုံးစုံသော သတ္တဝါတို့အား ဓမ္မဒါနအဖို့ဘာဂကို ဝေပေးကမ်းကြကုန်လော့ ဟု မိန့်တော်မူ၏။

သိကြားမင်း မေးလျှောက်သော ဝတ္ထု ပြီး၏။

## ၁၁။ အပုတ္တကသေဋ္ဌိဝတ္ထု

ဟနန္တိ ဘောဂါ – အစရှိသော ဤတရားဒေသနာတော်ကို မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် အပုတ္တကသူဌေးကို အကြောင်းပြု၍ ဟောတော်မူ၏။

သာဝတ္ထိပြည်ကြီး၌ အာဂန္တုက သူဌေးသည် ကြွယ်ဝတိုးပွားသော ဥစ္စာရှိသည် ဖြစ်၏။ ထိုအာဂန္တုက သူဌေးသည် ပစ္စည်းဥစ္စာ စည်းစိမ်တို့ကို မိမိသည်လည်း မသုံးဆောင်နိုင် သူတစ်ပါးတို့အားလည်း မစွန့်ကြဲ မပေးလှူ မြတ်သော အရသာရှိသော မွန်မြတ်သော ဘောဇဉ်ကို စီရင်ဆောင်ယူသည် ရှိသော် ထိုမွန်မြတ်သော ဘောဇဉ်ကို မစား မသုံးဆောင် ပအုံးရည်ဟင်းနှင့် ဆန်ကွဲ ထမင်းကိုသာလျှင် စားသုံး၏၊ နံ့သာမျိုးစုံ အခိုးတို့ဖြင့် ထုံအပ်ကုန်သော ကာသိကရာဇ် တိုင်းဖြစ်အမျိုး အဝတ်ပုဆိုးတို့ကို မြတ်နိုး ဝတ်ဆင်ရန် ရည်သန် ယူဆောင်အပ်ကုန်သည် ရှိသော် ထိုအဝတ် ပုဆိုးတို့ကို ပယ်ရှား တားဟန့်၍ ရုန့်ကြမ်းသည်ထက် ရုန့်ကြမ်းသော အဝတ် ပုဆိုးတို့ကို ဝတ်ဆင်၏။ အာဇာနည်မြင်း ကသော ပတ္တမြား ရွှေတို့ဖြင့် ဆန်းကျယ်စွာ ခြယ်စီအပ်သော ရထားကို သွားလာတက်စီးရန် စီမံယူဆောင်သည် ရှိသော် ထိုရထားကိုလည်း

ပယ်ရှား သိမ်းထားစေ၍ သစ်သားအခင်းဖြင့် ပြုအပ်သော ရထားငယ်ဖြင့် သွား၏။ ရွှေဖြင့်ပြီးသော ထီးကို ဆောင်းမိုးအပ်သည်ရှိသော် ထိုထီးကို ပယ်ထား၍ သစ်ရွက်ထီးဖြင့် ဆောင်မိုးလျက် သွားလာ လှည့်လည်၏။ ထိုအာဂန္တုက သူဌေးသည် အသက်ရှည်သမျှ ကာလပတ်လုံး ဒါနအစရှိသော ကောင်းမှုဘိုတွင် တစ်စုံတစ်ခုသော ကောင်းမှုကို မျှလည်း မပြုလုပ်မူ၍ သေလွန်ခြင်းကို ပြုသည်ရှိသော် ရောရုဝရဲ၌ ဖြစ်လေ၏။

ထိုသူဌေးကြီးသည် သေလွန်ခြင်းကို ကြားသိတော်မူ၍ ပသေနဒီကောသလ မင်းကြီးသည် အမွေခံ သားသမီး မရှိသော ဥစ္စာနှစ်သည် အဘယ်သူအား ရောက်လေသနည်းဟု မေးမြန်းတော်မူ၍ ပြည့်ရှင်မင်းမြတ်အား လျှောက်ပတ် ဆောက်ရှိပါသည်ဟု ပြောဆိုသော စကားကို ကြားသိတော်မူရလျှင် ခုနစ်ရက် တို့ဖြင့် ထိုသူဌေး၏ အိမ်မှ ပစ္စည်းဥစ္စာကို မင်းအိမ်နန်းတော်သို့ ယူဆောင် စေပြီးသော် မင်းကြီးသည် မြတ်စွာဘုရား အထံတော်သို့ ချဉ်းကပ်၍ မြတ်သော မင်းကြီး ဤယခုအခါ လွန်စွာနေမြင့်သော နေ့မွန်းတည့်အခါ၌ အသင်မင်းမြတ် သည် အဘယ်အရပ်မှ လာခဲ့သနည်းဟု မြတ်စွာဘုရားက မိန့်တော်မူသည် ရှိသော် ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ဤသာဝတ္ထိပြည် သူဌေး ကြီးတစ်ဦး သေလွန်ခြင်းကို ပြုပါသည်။ ဒကာတော်သည် အမွေခံ သားသမီး တစ်စုံတစ်ယောက်မျှ မရှိသော ထိုသူဌေးကြီး ဥစ္စာနှစ်ကို မင်းအိမ် နန်းတော် အတွင်းသို့ ဆောင်သွင်းပြီး၍ လာခဲ့ပါ၏ဟု ကြားလျှောက်၏။ ဘုန်းတော် ကြီးတော်မူသော မြတ်စွာဘုရား ထိုသူဌေးကြီးသည် ရွှေခွက်ဖြင့် အထူးထူး အပြားပြား များမြတ်သော အရသာရှိသော ဘောဇဉ်ကို ပြုပြင် ဆောင်ယူ အပ်သည်ရှိသော် ဤသို့ သဘောရှိသည်မည်သော ဘောဇဉ်ကို လူတို့ စားရကုန် သလော အသို့နည်း။ အသင်တို့သည် ဤအိမ်၌ ငါနှင့် အတူတကွ ပြက်ရယ် ပြုကြကုန်သလောဟု ပြောဆိုမောင်းမဲ၍ ဘောဇဉ် ဆောင်ယူတည်ထား ကုန်သော သူတို့ကို ခဲတုတ် လုံးဘဲ စသည်တို့ဖြင့် ပစ်ခတ် ရိုက်ပုတ် ထွက်ပြေး စေပြီး ဤသည်လျှင် လူတို့စားသုံးသော ဘောဇဉ်တည်းဟု ပြောဆို၍ ပအုံးရည် ဟင်းနှင့် ဆန်ကွဲ ထမင်းကို စားသုံး၏။ နှစ်သက်မြတ်နိုးဖွယ် ရှိကုန်သော အဝတ် ယာဉ် ထီး တို့ကိုလည်း ဆောင်ယူတည်ထား အပ်ကုန်သည်ရှိသော် ထိုလူတို့ကို ခဲ တုတ် လုံးတံ စသည်တို့ဖြင့် ပစ်ခတ်၊ ရိုက်ပုတ် ထွက်ပြေးစေ၍ ပိုက်ဆံလျှော် ချည်မျှင်ဖြင့် ရက်အပ်ကုန်သော ရှန့်ရင်းကြမ်းတမ်းသော ပုဆိုး တို့ကို ယူဆောင် ဝတ်ရုံ၏။ ဟောင်းနွမ်း ဆွေးမြေ့သော ရထားငယ်ယာဉ်ဖြင့် သွားလာ၏၊ သစ်ရွက်ထီးဖြင့် ဆောင်းမိုးလျက် လှည့်လည်ပါ၏ဟု ဤသို့ မင်းကြီးက ကြားလျှောက်သည်ရှိသော် မြတ်စွာဘုရားသည် ထိုသူဌေးကြီး၏ ရှေး၌ ပြုခဲ့ဖူးသော ကံကို ဟောကြားတော်မူ၏။

## အပုတ္တကသူဌေး၏ အတိတ်ဝတ္ထု

မြတ်သောမင်းကြီး ရှေး၌ ဖြစ်ဖူးသည်ကား ထိုသူဌေးကြီးသည် တဂရသိခီ အမည်ရှိသော ပစ္စေကဗုဒ္ဓါကို ဆွမ်းဖြင့် လုပ်ကျွေးပြုစုစေ၏။ ဤရဟန်းအား ဆွမ်းကို ပေးလှူကြ ကုန်လော့ဟု ပြောဆို၍ ထိုသူဌေးကြီးသည် နေရာမှထ၍ ဖဲသွား၏။ သဒ္ဓါတရား မရှိသော မိုက်မဲလှစွာသော ထိုသူဌေးကြီးသည် ဤသို့ ပြောဆို၍ ဖဲသွားသည်ရှိသော် ထိုသူဌေးကြီး၏ ခင်ပွန်းမယားသည် သဒ္ဓါတရား ရှိ၏။ ကြည်ညိုခြင်း ရှိ၏။ ဤဗျလောကတာ မြင့်ကြာ ရှည်ဝေးသဖြင့် ဤသူဌေး ကြီး၏ ခံတွင်းမှ ပေးလှူလေလော့ဟု ပြောဆိုသော စကားကို စင်စစ် ငါအား ကြားရပေ၏။ ယနေ့ ငါ၏စိတ်နှလုံးအလိုကို ပြည့်စေလျက် ဆွမ်းကို ပေးလှူအံ့ဟု ကြံ၍လျှင် ပစ္စေကဗုဒ္ဓါ၏ သပိတ်တော်ကို ယူပြီးသော် မွန်မြတ်သော ဘောဇဉ်ဖြင့် ပြည့်စေ၍ ပေးလှူ၏။ ထိုသူဌေးသည်လည်း ပြန်လည်၍ လာခဲ့ သည်ရှိသော် လမ်းခရီး၌ ထိုပစ္စေကဗုဒ္ဓါကို တွေ့မြင်၍ ရှင်ရဟန်း အသို နည်း၊ အသင့်အား တစ်စုံတစ်ခု ရပါ၏လောဟု ပြောဆိုကာ သပိတ်ကို ယူငင်၍ ဖွင့်လှစ် ကြည့်ရှုသည်ရှိသော် မွန်မြတ်သော ဆွမ်းကို တွေ့မြင်၍ နှလုံးမသာ ယာခြင်းရှိသည် ဖြစ်၍ ဤသို့ ကြံစည်၏။ အဘယ်သို့ ကြံစည်သနည်းဟူမူ ဤဆွမ်းသည် မွန်မြတ်၏။ ကျေးကျွန်တို့သည် လည်းကောင်း၊ အမှုလုပ်တို့သည် လည်းကောင်း စားရကုန်ငြားအံ့။ ထိုကျေးကျွန် အမှုလုပ်တို့သည် ဤမွန်မြတ် သော ဘောဇဉ်ကို စားရ၍ ငါ၏အမှုကြီးငယ်ကို ပြုလုပ်ကုန်လတ္တံ့။ ဤရဟန်းသည်ကား မိမိ၏ နေရာသို့ သွားရောက်၍ စားသောက် သုံးဆောင်ပြီး အိပ်လတ္တံ့။ ငါ၏ ဤမွန်မြတ်သော ဆွမ်းသည် ပျက်စီးလေစွ တကားဟု ကြံစည်၏။

ထိုသူဌေးကြီးသည်ပင် အစ်ကိုကြီး၏ တစ်ယောက်တည်းသော သားငယ်ကို ဥစ္စာနှစ်၏ အကြောင်းကြောင့် ဇီဝိတိန္ဒြေ အသက်မှ ပယ်ဖျက် ချသတ်ဖူးပြီ။ အဘယ်သို့ ချသတ်ဖူးသနည်း ဟူမူ ဘထွေး ဖြစ်သော ထိုသူဌေး၏ လက်ချောင်း ကို ကိုင်၍ လှည့်လည်သော ထိုအစ်ကို၏ သားငယ်သည် ဤဥစ္စာသည်ကား ငါ့ဖခင်၏ ဥစ္စာတည်း။ ဤယာဉ်သည်ကား ငါ့ဖခင်၏ ယာဉ်တည်း။ ဤနွား သည်ကား ငါ့ဖခင်၏ နွားတည်း။ ဤသို့ အစရှိသည်တို့ကို ပြောဆိုသတတ်။ ထိုအခါ ထိုသူဌေးသည် သူငယ်ကို ဤယခု ငယ်ရွယ်စဉ်အခါ၌ ဤသူငယ်သည် ဤသို့ ပြောဆိုတုံသေး၏။ ဤသူငယ်၏ အရွယ်ကြီးမြောက် ရောက်သောအခါ ၌ကား ဤအိမ်၌ စည်းစိမ်ဥစ္စာတို့ကို အဘယ်သူ စောင့်ရှောက်လတ္တံ့နည်းဟု ကြံ၍ ထိုသူငယ်ကို တောသို့ ခေါ်ဆောင်ပြီးလျှင် ဟာ်ခုသော ချုံရင်း၌ လည်၌ကိုင်ယူ ဖျစ်ညှစ်၍ သစ်မြစ် သစ်ဖုကဲ့သို့ လည်ကို လိမ်ချိုး သတ်ဖြတ်

ပြီးသော် ထိုအရပ်၌သာလျှင် စွန့်ပစ်ခဲ့၏။ ဤသည်လျှင် ထိုသူဌေး၏ ရှေး၌ ပြုလုပ်ခဲ့ဖူးသော ကံတည်း။

မြတ်သောမင်းကြီး ထိုသူဌေးသည် တဂရသိခီ ပစ္စေကဗုဒ္ဓါကို ဆွမ်းဖြင့် လှူဒါန်း လုပ်ကျွေးစေ၏။ ထိုကောင်းမှုကံ၏ အကျိုးဖြင့် ခုနစ်ကြိမ်တိုင်တိုင် ကောင်းမှုရှိသော သူတို့၏ လားကပ်ရာ နတ်ပြည် နတ်ရပ်သို့ ကပ်ရောက်၍ ဖြစ်ရလေ၏။ ထိုကောင်းမှုကံ၏ သာလျှင် အကျိုးအကြွင်းဖြင့် ဤသာဝတ္ထိပြည်၌ သာလျှင် ခုနစ်ကြိမ်တိုင်တိုင် သူဌေးအဖြစ်ကို ပြုလုပ်ရလေ၏။ မြတ်သော မင်းကြီး ထိုသူဌေးသည် ပေးလှူပြီး၍ နောက်အခါ၌ "ဤဆွမ်းကို ကျွန်တို့သည် လည်းကောင်း၊ အမှုလုပ်တို့သည် လည်းကောင်း သုံးဆောင်ရကုန်မူကား မြတ်သေး၏" ဟူသော အကြင်သို့သော အခြင်းအရာဖြင့် နှလုံးမသာမယာ ခြင်းသည် ဖြစ်၏။ နောက်၌တစ်ဖန် ဖောက်ပြန်ယွင်းပြု ထိုမကောင်းမှုကံ၏ အကျိုးဖြင့် ထိုသူဌေးကြီးအား ကောင်းမြတ်သော ဘောဇဉ်ထမင်းကို သုံးဆောင်ခြင်းငှါ စိတ်မညွတ် မပါနိုင်။ ထိုသူဌေးကြီးအား ကောင်းမြတ်သော အဝတ်၊ ပုဆိုး၊ ယာဉ် စသည်တို့ကို သုံးဆောင်ခြင်းငှါ စိတ်မညွတ် မပါနိုင်။ ထိုသူဌေးအား ကောင်းမြတ်ကုန်သော ငါးပါးသော ကာမဂုဏ်တို့ကို သုံးဆောင် ခံစားခြင်းငှါ စိတ်မညွတ် မပါနိုင်။ မြတ်သော မင်းကြီး ထိုသူဌေးသည် အစ်ကို၏ တစ်ယောက်တည်းသော သားငယ်ကို အမွေဥစ္စာအနှစ်၏ အကြောင်းကြောင့် ဇီဝိတိန္ဒြေ အသက်မှ ပယ်ဖျက် ချသတ်ဖူးပြီ။ ထိုမကောင်းမှု အကုသိုလ်ကံ၏ အကျိုးဖြင့် များစွာကုန်သော အနှစ်အရာတို့ပတ်လုံး များစွာကုန်သော အနှစ် အထောင်တို့ပတ်လုံး များစွာကုန်သော အနှစ်အသိန်းတို့ ပတ်လုံး ငရဲ၌ ကျရောက်ကျက်ပြန် ခံစားခဲ့ရပြီး၍ ထိုမကောင်းမှုကံ၏ သာလျှင် အကျိုး အကြွင်းဖြင့် အမွေခံ သားသမီးမရှိသော ဤဥစ္စာနှစ်ကို မင်းအိမ်နန်းတော် ကျီ ကြ ဘဏ္ဍာတိုက်သို့ ဆောင်သွင်းရကုန်၏။ မြတ်သော မင်းကြီး ထိုသူဌေးကြီးအား ရှေး၌ အဟောင်းဖြစ်သော ကောင်းမှုကုသိုလ်သည်လည်း ကုန်းခန်းခဲ့လေပြီ။ နောက်နောင် ခံစားကြောင်းစစ် အသစ်ဖြစ်သော ကောင်းမှု ကုသိုလ်ကိုလည်း မပြုလုပ် မဆည်းပူးသည်သာတည်း။ မြတ်သောမင်းကြီး ယခုအခါ၌ကား ထိုသူဌေးကြီးသည် မဟာရောရုဝ ငရဲ၌ ကျရောက်ပြန်လျက် ကျက်၍ ခံစားရ၏ ဟု မိန့်တော်မူ၏။

မင်းကြီးသည် မြတ်စွာဘုရား၏ စကားတော်ကို ကြားနာရ၍ ဘုန်းတော် ကြီးတော်မူသော မြတ်စွာဘုရား မကောင်းမှုကံမည်သည် ဩော် ဝန်လေးစွ ကကား။ ဤမျှ အတိုင်းအရှည် ရှိသည်မည်သော စည်းစိမ်ချမ်းသာ ပစ္စည်း ဥစ္စာသည် ထင်ရှားစွာရှိပါလျက် မိမိသည် မသုံးဆောင်နိုင်။ အရှင်ဘုရားတို့ကဲ့သို့ သဘောရှိသော မြတ်စွာဘုရားသည် အမြဲ အထူးအဦးဖြစ်သော ကျောင်း၌

သီတင်းသုံး စံနေတော်မူပါလျက် ကုသိုလ်ကောင်းမှု ကံကို စီမံပြုလုပ်ခြင်း မရှိချေဟု ကြားလျှောက်၏။ မြတ်စွာဘုရားက မြတ်သော မင်းကြီး ဒကာတော် မင်းမြတ် လျှောက်ထားအင်သော စကားသည် ထင်ရှားကေန် ဤသို့ ဟုတ်မှန်လှပေ၏။ ဆင်ခြင်တတ်စွာ ပညာကင်းမဲ့ကုန်သော ပုဂ္ဂိုလ်တို့မည်သည် စည်းစိမ်ဥစ္စာတို့ကို ရရှိကုန်ပြီး၍ ချုပ်ငြိမ်းရာမှန် နိဗ္ဗာန်ကို မရှာမှီးကြကုန်။ စည်းစိမ်ဥစ္စာတို့ကို မှီ၍ဖြစ်သော တပ်မက်တတ်သော တဏှာသည်ကား ထိုသဘ္ဘဝါ ပုဂ္ဂိုလ်တို့ကို မြင့်ရှည်စွာသော နေ့ညဉ့်ပတ်လုံး အပါယ်ငင်ဆွဲ ညှဉ်းဆဲသတ်ဖြတ်တော့သည် သာတည်းဟု မိန့်တော်မူပြီး ဤဂါထာကို ဟောတော်မူ၏—

**ဟနန္တိ ဘောဂါ ဒုမ္မေဓံ၊ နော စ ပါရဂဝေသိနော။**
**ဘောဂတဏှာယ ဒုမ္မေဓော၊ ဟန္တိ အညေဝ အတ္တနံ။**

စည်းစိမ်ဥစ္စာတို့သည် ပညာမဲ့သူကို ဖျက်ဆီးကုန်၏။ (နိဗ္ဗာန်တည်းဟူသော) တဖက်ကမ်းကို ရှာမှီးသူတို့ကိုကား မဖျက်ဆီးနိုင်ကုန်။ ပညာမဲ့သူသည် စည်းစိမ်ဥစ္စာ၌ တပ်မက်ခြင်းဖြင့် သူတပါးတို့ကို ဖျက်ဆီးသကဲ့သို့ မိမိကိုယ်ကို ဖျက်ဆီးဟတ်၏။

## ဒေသနာတော်၏ အကျိုးအာနိသင်

ဒေသနာတော်၏ အဆုံး၌ များစွာကုန်သော သူတို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်ကုန်၏။

[ဤအပုတ္တက သူဌေးကို ဇာတ်အဋ္ဌကထာ၌ အာဂန္တုက သူဌေးဟူသော အမည်ဖြင့်လည်း ပြတော်မူကုန်၏။]

အပုတ္တကသူဌေး၏ဝတ္ထု ပြီး၏။

## ၁၂။ အင်္ကုရဝတ္ထု

တိဏဒေါသာနိ အစရှိသော ဤတရားဒေသနာတော်မြတ်ကို မြတ်စွာဘုရားရှင်သည် ပဏ္ဍုကမ္ဗလာ ကျောက်ဖျာထက်၌ သီတင်းသုံးနေတော်မူစဉ် အင်္ကုရနတ်သားကို အကြောင်းပြု၍ ဟောကြားတော်မူ၏။

ငင်းဝတ္ထုကို "ယေ ဈာနပ္ပသုတာဓီရာ" အစရှိသော ဂါထာဖြင့် အကျယ် ပြအပ်ပြီးဖြစ်၏။ ဣန္ဒကနတ်သားကို အကြောင်းပြု၍ ငင်းအဖွင့်၌ ဆိုအပ်ပြီး ဖြစ်၏။

ထိုဣန္ဒက နတ်သားသည် အရှင်အနုရုဒ္ဓါမထေရ်၏ ရွာတွင်းသို့ ဆွမ်းခံကြွဝင်တော်မူစဉ် မိမိအား ရေးရှုဆောင်ဒုပ်သော တစ်ယောက်ချီမျှလောက်သော ဆွမ်းကို ပေးလှူ၏။ ထိုဣန္ဒက နတ်သား၏ ထိုကောင်းမှုသည် အင်္ကုရနတ်သားသည် အနှစ်တစ်သောင်းတိုင်တိုင် ဂစ်ဆယ့်နှစ်ယူဇနာမျှ ရှည်လျားသော

ဖိုခနောက်တန်းကြီးကို ပြု၍ ပေးလှူအပ်သော ဒါနထက် ဒသထူးသဖြင့် များသောအကျိုး ရှိ၏။ ထို့ကြောင့် တိဏဒေါသာနိ စသော ဂါထာတို့ကို ဟောကြားတော်မူ၏။

ဤသို့ ဆိုအပ်သည်ရှိသော် မြတ်စွာဘုရားသည် "အင်္ကုရ ဒါနမည်သည် ရွေးချယ်စိစစ်၍ ပေးလှူခြင်းငှါ သင့်၏။ ဤသို့ ရွေးချယ်သည်ရှိသော် ထိုဒါန သည် ကောင်းသောလယ်မြေ၌ စိုက်ပျိုးအပ်သော ကောင်းစွာပေါက်ရောက် သော မျိုးစေ့ကဲ့သို့ များသောအကျိုးရှိ၏။ သင်သည်ကား ထိုဆိုခဲ့သော အချင်းအရာအတိုင်း မပြုမိခဲ့ချေ။ ထို့ကြောင့် သင်၏ အလှူသည် များသော မရှိခြင်း ဖြစ်လေ၏"။ ဤသို့သော အကြောင်းကို ထင်စွာပြတော်မူလို၍ ဤဂါထာကို ဟောကြားတော်မူ၏—

ဝိစေယျ ဒါနံ ဒါတဗ္ဗံ၊ ယတ္ထ ဒိန္နံ မဟပ္ဖလံ။
ဝိစေယျ ဒါနံ သုဂတပ္ပသတ္ထံ၊
ယေ ဒက္ခိဏေယျာ ဣဓ ဇီဝလောကေ၊
ဧတေသု ဒိန္နာနိ မဟပ္ဖလာနိ၊
ဗီဇာနိ ဝုတ္တာနိ ယထာသုခေတ္တေ။

အကြင်ပုဂ္ဂိုလ်၌ ပေးလှူအပ်သော အလှူသည် အကျိုးများ၏။ ထိုပုဂ္ဂိုလ် မျိုးကို ရွေးချယ်၍ အလှူဒါနကို ပေးလှူအပ်၏။ ဤသို့ ရွေးချယ်၍ ပေးလှူ ခြင်းကို မြတ်စွာဘုရားတို့သည် ချီးမွမ်းတော်မူ၏။ ဤသတ္တလောက၌ မြတ်သော အလှူကို အလှူခံထိုက်သော ပုဂ္ဂိုလ်တို့၌ ပေးလှူအပ်သော အလှူတို့သည် လယ်မြေကောင်း၌ စိုက်ပျိုးအပ်သော အောင်မြင်သော မျိုးစေ့တို့သည် တိုးပွားကုန်သကဲ့သို့ များသောအကျိုးကို ပေးကုန်၏ ဟု ဟောတော်မူပြီး၍ ထိုထက်အလွန် တရားတော်ကို ဟောတော်မူပြန်လိုရကား ဤဂါထာတို့ကို ဟောကြားတော်မူ၏—

၃၅၆။ တိဏဒေါသာနိ ခေတ္တာနိ၊ ရာဂဒေါသာ အယံ ပဇာ။
တသ္မာ ဟိ ဝီတရာဂေသု၊ ဒိန္နံ ဟောတိ မဟပ္ဖလံ။

၃၅၇။ တိဏဒေါသာနိ ခေတ္တာနိ၊ ဒေါသဒေါသာ အယံ ပဇာ။
တသ္မာ ဟိ ဝီတဒေါသေသု၊ ဒိန္နံ ဟောတိ မဟပ္ဖလံ။

၃၅၈။ တိဏဒေါသာနိ ခေတ္တာနိ၊ မောဟဒေါသာ အယံ ပဇာ။
တသ္မာ ဟိ ဝီတမောဟေသု၊ ဒိန္နံ ဟောတိ မဟပ္ဖလံ။

၃၅၉။ တိဏဒေါသာနိ ခေတ္တာနိ၊ ဣစ္ဆာဒေါသာ အယံ ပဇာ။
တသ္မာ ဟိ ဝိဂတိစ္ဆေသု၊ ဒိန္နံ ဟောတိ မဟပ္ဖလံ။

လယ်တို့သည် မြက်ဟူသော အပြစ်ရှိကုန်၏။ ဤသတ္တဝါအပေါင်းသည် ရာဂဟူသော အပြစ်ရှိကုန်၏၊ ထို့ကြောင့် ရာဂကင်းသော ပုဂ္ဂိုလ်တို့၌ ပေးလှူခြင်းသည် များမြတ်သော အကျိုးရှိ၏။

လယ်တို့သည် မြက်ဟူသော အပြစ်ရှိကုန်၏၊ ဤသတ္တဝါအပေါင်းသည် ဒေါသဟူသော အပြစ်ရှိကုန်၏။ ထို့ကြောင့် ဒေါသကင်းကုန်သော ပုဂ္ဂိုလ်တို့၌ ပေးလှူခြင်းသည် များမြတ်သော အကျိုးရှိကုန်၏။

လယ်တို့သည် မြက်ဟူသော အပြစ်ရှိကုန်၏၊ ဤသတ္တဝါအပေါင်းသည် မောဟဟူသော အပြစ်ရှိကုန်၏။ ထို့ကြောင့် မောဟကင်းကုန်သော ပုဂ္ဂိုလ်တို့၌ ပေးလှူခြင်းသည် များမြတ်သော အကျိုးရှိကုန်၏။

လယ်သာတို့သည် မြက်ဟူသော အပြစ်ရှိကုန်၏၊ ဤသတ္တဝါအပေါင်းသည် အလိုဆိုးဟူသော အပြစ်ရှိကုန်၏၊ အလိုဆိုးကင်းကုန်သော ပုဂ္ဂိုလ်တို့၌ ပေးလှူခြင်းသည် များမြတ်သော အကျိုးရှိကုန်၏။

ထိုဂါထာတို့၌ **တိဏဒေါသာနိ**=ဟူသည် သမန်းစသော မြက်တို့ ထကြွပေါက်ကုန်လတ်သော် ကောက်ပဲသီးနှံရှိသော လယ်တို့သည် ပျက်စီးကုန်၏။ ထို့ကြောင့် အသီးကြီးထွားမှု မဖြစ်ကုန်၊ ဤအတူ သတ္တဝါတို့၏ အတွင်း၌ ရာဂဖြစ်လတ်သော် သတ္တဝါတို့ကို ဖျက်ဆီး၏၊ ထိုရာဂရှိသော ပုဂ္ဂိုလ်တို့၌ ပေးလှူခြင်းသည် အကျိုးမများချေ။ အာသဝေါကုန်သော ရဟန္တာပုဂ္ဂိုလ်တို့၌ ပေးလှူခြင်းသည် အကျိုးများ၏။ ထို့ကြောင့်——

တိဏဒေါသာနိ ခေတ္တာနိ၊ ရာဂဒေါသာ အယံ ပဇာ။
တသ္မာ ဟိ ဝီတရာဂေသု၊ ဒိန္နံ ဟောတိ မဟပ္ဖလံ–

ဟု ဟောတော်မူ၏။

ကြွင်းသော ဂါထာတို့၌လည်း ဤနည်းကူတည်း။

ဒေသနာတော်၏ အဆုံး၌ အင်္ကုရ နတ်သားသည် လည်းကောင်း။ ဣန္ဒက နတ်သားသည် လည်းကောင်း သောတာပတ္တိဖိုလ်၌ တည်ကုန်၏၊ ရောက်မျှသော ပရိသတ်တို့အားလည်း အကျိုးရှိသော တရားဒေသနာ ဖြစ်၏။

အင်္ကုရဝတ္ထု ပြီး၏။

နှစ်ဆယ့်လေးခုမြောက် တဏှာဝဂ် ပြီး၏။

# ၂၅။ ဘိက္ခုနိဝဂ်

## ၁။ ပဌမဘိက္ခုနိဝဂ်

**စက္ခုနာ သံဝရော** အစရှိသော ဤတရားဒေသနာတော်ကို မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် ရဟန်းငါးပါးတို့ကို အကြောင်းပြု၍ ဟောကြားတော်မူ၏။

### ဒွါရ တစ်ခုကိုသာ စောင့်စည်းခြင်း

ထိုငါးဦးကုန်သော ရဟန်းတို့တွင် တစ်ပါးတစ်ပါးသော ရဟန်းသည် စက္ခုဒွါရ အစရှိကုန်သော ငါးပါးကုန်သော ဒွါရတို့တွင် တစ်ပါးတစ်ပါးသော ဒွါရကိုသာလျှင် စောင့်ရှောက်ပေသတတ်။ ထိုနောက် တနေ့သောအခါ၌ စည်းဝေးကြကုန်၍ ငါသည် စောင့်ရှောက်နိုင်ခဲသော ဒွါရကို လုံခြုံအောင် စောင့်ရှောက်၏။ ငါသည် စောင့်ရှောက်နိုင်ခဲသော ဒွါရကို လုံခြုံအောင် စောင့်ရှောက်၏ဟု ငြင်းခုံကွဲပြား စကား ဖြစ်ကုန်သည်ရှိသော် မြတ်စွာဘုရားရှင်ကို မေးလျှောက်၍ ဤအနက်ကို သိရကုန်အံ့ဟု တိုင်ပင်ပြောဆိုကုန်ပြီးလျှင် မြတ်စွာဘုရားရှင်သို့ ချဉ်းကပ်၍ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား တပည့်တော်တို့သည် စက္ခုဒွါရ အစရှိသည်တို့ကို အသီးသီး စောင့်ရှောက်ကုန်လျက် မိမိ မိမိ၏ စောင့်ရှောက်အပ်သော ဒွါရကိုသာလျှင် စောင့်ရှောက်နိုင်ခဲသည်၊ ငြိုငြင်ဆင်းရဲသဖြင့် စောင့်ရှောက်အပ်သည် အောက်မေ့မှတ်ထင်ပါကုန်၏။ တပည့်တော်တို့တွင် အဘယ်သူသည် စောင့်ရှောက်နိုင်ခဲသော ဒွါရကို စောင့်ရှောက်ပါသနည်းဟု မေးလျှောက်ကုန်၏။ မြတ်စွာဘုရားရှင်သည် တစ်ဦးသော ရဟန်းကိုလည်း ပြီးဆုံးနိုင်ခြင်း မသွင်းမဆိုမူ၍ အစဉ်အတိုင်း အောက်မေ့စေပြီးလျှင် ချစ်သားရဟန်းတို့ အလုံးစုံလည်း ဖြစ်ကုန်သော ဤဒွါရတို့သည် စောင့်ရှောက်နိုင်ခဲကုန်သည်သာလျှင်တည်း။ စင်စစ်သော်ကား အသင်တို့သည် ဤယခုအခါ၌သာလျှင် ငါးပါးကုန်သော အရာဌာနတို့၌ မစောင့်စည်းကြကုန်သည် မဟုတ်တုံသေး။ ရှေး၌လည်း မစောင့်စည်းကြကုန်ဖူးပြီ။ မစောင့်စည်းသည့် အဖြစ်ကြောင့်သာလျှင်လည်း ပညာရှိတို့၏ အဆုံးအမ၌ မတည်ကုန်သည်ဖြစ်၍ အသက်ကုန်ခြင်းသို့ ရောက်ဖူးကုန်ပြီဟု မိန့်တော်မူ၏။ ဘုန်းမတော်ကြီးတော်မူသော မြတ်စွာဘုရား အဘယ်အခါ၌ပါနည်းဟု ထိုရဟန်းတို့ တောင်းပန်အပ်သောကြောင့် အတိတ်ကို ဆောင်တော်မူ၏။

## ရဟန်းတို့၏ အတိတ်ဝတ္ထု

ရှေးလွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ္တ မင်းကြီးသည် မင်းအဖြစ်ကို ပြုသည်ရှိသော် ဘုရားအလောင်းတော်သည် ထိုဗြဟ္မဒတ္တ မင်းကြီး၏ တစ်ရာသော သားတော် အလုံးစုံတို့အောက် အငယ်ဆုံး သားတော်ဖြစ်လေ၏။ အငယ်ဆုံးဖြစ်သော ဘုရားအလောင်း ထိုမင်းသားသည် အစဉ်အတိုင်းအားဖြင့် သိကြား လိမ္မာသော အရွယ်သို့ ရောက်လေ၏။ ထိုအခါ မင်းကြီး၏ နန်းအိမ်တော်၌ ပစ္စေကဗုဒ္ဓါတို့သည် ဆွမ်း ဘုဉ်းပေးတော်မူကုန်၏။ ဘုရားအလောင်းတော်သည် ထို ပစ္စေကဗုဒ္ဓါတို့၏ အမှု ကြီးငယ်ကို ပြုလုပ် ရှက်ဆောင်၏၊ ထိုဘုရားအလောင်း မင်းသားငယ်သည် တစ်နေ့သ၌ ငါ၏ နောင်တော်တို့သည် များစွာရှိကုန်၏။ ငါသည် ဤမြို့၌ အမျိုး၏ ဥစ္စာဖြစ်သော မင်းအဖြစ်ကို ရနိုင်ကောင်းအံ့လော။ ထိုသို့မဟုတ် မရနိုင်အံ့လောဟု ကြံစည်၏။ ထို့နောက် အလောင်းတော် မင်းသားအား ဤသို့သော အကြံအစည်သည် ဖြစ်ပြန်၏။ အဘယ်သို့ ဖြစ်ပြန်သနည်း ဟူမူ အရှင်ပစ္စေကဗုဒ္ဓါတို့ကို မေးလျှောက်၍ သိရတော့အံ့ ဟူသော အကြံသည်ဖြစ်၏။

## ဘုရင်ဖြစ်ရန် လမ်းညွှန်သြဝါဒ

ဤမင်းသားငယ်သည် နှစ်ရက်မြောက်သော နေ့၌ ပစ္စေကဗုဒ္ဓါတို့ ကြွလာတော်မူကုန်သည် ရှိသော် ဓမ္မကရိုဏ်ကို ယူ၍ သောက်ရေ သုံးဆောင်ရေကို စစ်ပြီးသော် ပစ္စေကဗုဒ္ဓါတို့၏ ခြေတော်တို့ကို ဆေးပြီးလျှင် ဆီးဖြင့် ပွတ်သပ် လိမ်းကျံ၍ ထိုပစ္စေကဗုဒ္ဓါတို့၏ ဆွမ်းမဘုဉ်းပေးမီ အကြားဝယ် ခဲဖွယ်ကို စားသုံးနေထိုင်သော ကာလ၌ ရှိခိုးဦးချ၍ သင့်တင့်လျောက်ပတ်သော အရပ်၌ ထိုင်နေလျက် မိမိသည် ကြံစည်၍ထားသော ထိုအကြောင်းကို မေးလျှောက်၏။ ထိုအခါ မင်းသားငယ်ကို ထိုပစ္စေကဗုဒ္ဓါတို့က မိန့်ဆိုတော်မူကြကုန်၏၊ အဘယ်သို့ မိန့်ဆိုတော်မူကုန်သနည်း ဟူမူ မင်းသား အသင်သည် ဤမြို့၌ မင်းအဖြစ်ကို မရလတ္တံ့။ ဤမြို့မှ ယူဇနာ တစ်ရာ့နှစ်ဆယ် ထက်အကျ ဂန္ဓာရတိုင်း၌ တက္ကသိုလ်ပြည် မည်သည်ရှိ၏၊ ထိုတက္ကသိုလ်ပြည်သို့ သွားခြင်းငှါ စွမ်းနိုင်သည် ရှိသော် ဤနေ့မှ နောက် ခုနစ်ရက် မြောက်သောနေ့၌ မင်းအဖြစ်ကို ရလတ္တံ့။ လမ်းခရီးအကြား၌ကား တောအုပ်ကြီး၌ ပေါ်များသော ဘေးရန်ရှိ၏။ ထိုတောအုပ်တွင်းသို့ အလျှင်းမဝင် ရှောင်ကြဉ်ဖယ်လွှဲ၍ သွားသောသူအား ယူဇနာ တစ်ရာရှိသော ခရီးလမ်းသည် ဖြစ်၏။ ဖြောင့်ဖြောင့် သွားသောသူအား ယူဇနာငါးဆယ်တို့သည် ဖြစ်ကုန်၏။

ထိုယူဇနာ ငါးဆယ်ရှိသော ခရီးလမ်းသည် အသားစားဘီလူး ပေါ်များလှသော အမနုဿ ကန္တာရမည်၏။ ထိုတောအုပ်၌ ဘီလူးမတို့သည် ခရီးလမ်း

အကြား၌ ရွှတို့ကိုလည်းကောင်း၊ ဇရပ်စသည်တို့ကိုလည်းကောင်း ဖန်ဆင်း၍ အထက်၌ ရွှေကြယ်တို့ဖြင့် ဆန်းကြယ်သော ဗိတာန်မျက်နှာကြက် ရှိသော မြတ်သောသူတို့အား ထိုက်သော အိပ်ရာနေရာကို ခင်းစေ၍ အထူးထူးအပြားပြား တပ်နှစ်သက်ဖွယ် ရှိသော ပုဆိုးတင်းတိမ်တို့ကို ဝန်းရံ၍ နတ်၌ ဖြစ်သော အတ္တဘောကို ဇွန်သာဆင်၍ ဇရပ် စသည်တို့၌ ထိုင်နေကုန်လျက် လာရောက် ကုန်သော ယောကျ်ားတို့ကို သာယာ ချိုမြိန်ကုန်သော စကားတို့ဖြင့် ပြောဆို ကုန်လျက် ပင်ပန်းသော သဘောရှိကုန်သကဲ့သို့ ထင်ကုန်၏။

ဤအရပ်သို့ လာ၍ ထိုင်နေပြီးသည့်အခါ သောက်ရေ သုံးဆောင်ရေကို သောက်သုံး၍ သွားကြပါကုန်လော့ဟု ပြောဆို ခေါ်ငင်၍ ရောက်လာတိုင်း ရောက်လာတိုင်းသော သူတို့အား အိပ်ရာနေရာတို့ကိုပေး၍ မိမိ၏ ရုပ်အဆင်း တင့်တယ်စံပာယ်ခြင်းတို့ဖြင့် ဖြားယောင်းကာ ကီလေသာအကြိုက် အလိုလိုက် သည်တို့ကို ပြု၏။ မိမိနှင့် အတူတကွ လွန်ကျူး၍ ကျင့်သော အကျင့်ကို ပြုလုပ်သည်ရှိသော် ထိုအရပ်၌ပင်လျှင် ထိုယောကျ်ားတို့ကို ယိုစီးသော သွေးဖြင့် ကိုက်စား သတ်ဖြတ်၍ အသက်ကုန်ခြင်းသို့ ရောက်စေကုန်၏။ အဆင်းလှစွာ ရူပါရုံ၌ ခုံမင်ကျက်စားသော သတ္တဝါကို ရူပါရုံဖြင့် သာလျှင် ဖြားယောင်းကုန်၏။ အသံသာယာ သဒ္ဒါရုံ၌ ခုံမင်ကျက်စားသော သတ္တဝါကို ချိုမြိန်သာယာ ကောင်းမြတ်သော သီချင်းသံ တီးမှုတ်သံဖြင့် ဖြားယောင်းကုန်၏။ အနံ့မွှမ်းထုံ ဂန္ဓာရုံကို ခုံမင်ကျက်စားသော သတ္တဝါကို နတ်၌ဖြစ်သော နံ့သာတို့ဖြင့် ဖြားယောင်းကုန်၏။ အရသာ၌ နှစ်ခြိုက် ကျက်စားသော သတ္တဝါကို နတ်၌ ဖြစ်သော အထူးထူး အပြားပြား မြတ်သော အရသာရှိသော ဘောဇဉ်ဖြင့် ဖြားယောင်းကုန်၏။ အတွေ့ ကောင်းစွာ ဖောဋ္ဌဗ္ဗာရုံကို ခုံမင်ကျက်စားသော သတ္တဝါကို နီမြန်း၍ နှစ်သက်ဖွယ် ခေါင်းအုံးမွေ့ရာ ရှိကုန်သော နတ်၌ ဖြစ်သော အိပ်ရာ နေရာတို့ဖြင့် ဖြားယောင်းကုန်၏။ အသင်မင်းသားသည် စက္ခုစသော ဣန္ဒြေတို့ကို ဖျက်လျက် ထိုဘီလူးမတို့ကို မကြည့်ရှုဘဲ သတိကို ထင်စေ၍ အကယ်သွားခြင်းငှါ စွမ်းနိုင်အံ့။ ခုနစ်ရက်မြောက်သော နေ့ဝယ် ထိုတက္ကသိုလ်ပြည်၌ မင်းအဖြစ်ကို ရလတ္တံ့ဟု မိန့်ဆိုတော်မူကုန်၏။

## ပရိတ်ချည်စသည်ကိုယူ၍ တက္ကသိုလ်ပြည်သို့ သွားခြင်း

ဘုရားအလောင်းတော်သည် အရှင်ဘုရားတို့ ရှိပါစေတော့၊အရှင်ဘုရားတို့၏ အဆုံးမကို ရယူပြီး၍ ထိုဘီလူးမတို့ကို အဘယ့်ကြောင့် ကြည့်ရှုတော့အံ့နည်းဟု ပြောဆိုလျှောက်ထားကာ ပစ္စေကဗုဒ္ဓါတို့ကို အရံအတား နိမိတ်ပရိတ်ကို ပြုလုပ်စေ၍ ပရိတ်သဲကိုလည်းကောင်း၊ပရိတ်ရေကိုလည်းကောင်း၊ပရိတ်ချည်ကို လည်းကောင်း၊ ပရိတ်ပန်းကိုလည်းကောင်း၊ ယူငင်၍ ပစ္စေကဗုဒ္ဓါတို့ကိုလည်း

ကောင်း၊ မယ်တော် ခမည်းတော် တို့ကိုလည်းကောင်း ရှိခိုးပြီးသော် နေရာအိမ်ဘော်သို့ သွား၍ မိမိ၏ အချင်းယောကျ်ားတို့ကို အိုအချင်းတို့ ငါသည် တက္ကသိုလ်ပြည်၌ မင်းအဖြစ်ကို ယူခြင်းငှာ သွားတော့အံ့။ အသင်တို့သည်ကျွ အရပ်၌သာလျှင် တည်နေရစ်ကုန်လော့ဟု ပြောဆို၏။ ထိုအခါ ဘုရားအလောင်းမင်းသားကို ငါးယောက်သော လူတို့က အကျွန်ုပ်တို့သည်လည်း လိုက်ပါကုန်အံ့ဟု ပြောဆိုကုန်၏။ အသင်တို့သည် အစဉ်တစိုက် လိုက်ပါခြင်းငှါ မစွမ်းနိုင်ကုန်လတ္တံ့။ အကြားဖြစ်သော ခရီးလမ်း၌ ဘီလူးမတို့သည် ရုပါရုံစသည်တို့၌ နှစ်ခြိုက်ပျော်ပါး ကျက်စားသော လူတို့ကို ဤသို့ ဤသို့သော သဘောရှိသော ရုပါရုံစသည်တို့ဖြင့် လှည့်ပတ်ဖြားယောင်း၍ ဖမ်းယူတတ်ကုန်၏။ ခရီးလမ်းသည် ဘေးဘျမ်းကြီးကျယ် ကြောက်မက်ဖွယ်ရှိ၏။ ငါသည်ကား မိမိ၏ကိုယ်ကို အလိုမလိုက်ရ ဆုံးမကြံစည်၍ သွားအံ့ဟု ပြောဆို၏။ အရှင်မင်းသား အရှင်တို့နှင့်အတူတကွ သွားကြကုန်သော အကျွန်ုပ်တို့သည် မိမိ၏ချစ်နှစ်သက်အပ်သော ရုပါရုံစသည်တို့ကို အဘယ့်ကြောင့် ကြည့်ရှုကုန်အံ့နည်း။ အကျွန်ုပ်တို့သည်လည်း အရှင်မင်းသား အတူသာလျှင် သွားပါကုန်အံ့ဟု ပြောဆိုကုန်၏။ ဘုရားအလောင်းသည် ကိုယ်ဖြစ်ပါမူ မမေ့မလျော့သည် ဖြစ်ကြကုန်လော့ဟု ပြောဆို၍ ထိုငါးယောက်သော လူတို့ကို ခေါ်ယူလေပြီး လမ်းခရီးသို့ သွားလေ၏။ ဘီလူးမတို့သည် ရွာစသည်တို့ကို ဖန်ဆင်း၍ ထိုင်နေကုန်၏။

## အာရုံငါးပါးလိုက်စားခြင်းကြောင့် ဘီလူးစားခံရခြင်း

ထိုငါးယောက်သော လူတို့တွင် ရုပါရုံ၌ ခုံမင်ပျော်ပါး ကျက်စားတတ်သော ယောကျ်ားသည် ထိုဘီလူးမတို့ကို ကြည့်ရှု၍ ရုပါရုံ၌ ခုံမင်ဖွဲ့မိသော စိတ်ရှိသည် ဖြစ်၍ အနည်းငယ် နောက်ကျန်ရစ်ခဲ့၏။ ဘုရားအလောင်းသည် အိုအချင်းယောကျ်ား အဘယ့်ကြောင့် အနည်းငယ်နောက်ကျန်ရစ်ဘိသနည်းဟု ပြောဆိုမေးမြန်းသောအခါ အရှင်မင်းသား အကျွန်ုပ်၏ ခြေတို့သည် ကျင်နာပါကုန်၏။ ဇရပ်၌ သက်သာပန်းဖြေ အနည်းငယ် ထိုင်နေ၍ လိုက်ခဲ့ပါအံ့ဟု ပြောဆို၏။ အိုအချင်းယောကျ်ား ဤသူတို့ကား အသားစားကြူး ဘီလူးမတို့ပေတည်း။ မတောင့်တပါလင့်ဟု ပြောဆိုသည်ရှိသော် အရှင်မင်းသား ဖြစ်ခါမှဖြစ်စေတော့၊ အကျွန်ုပ်သည် သခုလိုက်ခြင်းငှါ မစွမ်းနိုင်ပါဟု ပြောဆို၏။ ထိုသို့ဖြစ်ပါမူကား မိမိ၏ အမှုဖြင့် တင်ရှားလတ္တံ့ဟု ပြောဆိုပြီးလျှင် ထိုသူမှ တစ်ပါးကုန်သော လေးယောက်သောသူတို့ကို ခေါ်ယူ၍ သွား၏။ ရုပါရုံ၌ ခုံမင်ကျက်စား ကျန်ရှိသော ထိုယောကျ်ားသည်လည်း ထိုဘီလူးမတို့၏ အထံသို့ သွား၏။ ထိုဘီလူးမတို့သည် မိမိနှင့်အတူတကွ လွန်ကျူးသော အကျင့်ကို ပြုသည်ရှိသော် ထိုယောကျ်ားကို ထိုအရပ်၌ ပင်လျှင် အသက်ကုန်ခြင်းသို့ ရောက်စေ၍ ကိုက်ခဲစားသုံးပြီးလျှင် ရှေ့သွားရောက်၍ တစ်ပါးသော ဇရပ်ကို ဖန်ဆင်းပြီးသော်

အထူးထူးသော တူရိယာတို့ကို တီးမှုတ် ယူငင်စေ၍ သီချင်းသီလျက်နေကုန်၏။ ထိုအရပ် ဌာနဝယ် သဒ္ဓါရှိ၍ ခံမင်ကျက်စားသော ယောကျ်ားသည် ဆုတ်နစ် ကျန်ရစ်ခဲ့၏။ ရှေးနည်းဖြင့် သာလျှင် ထိုယောကျ်ားကိုလည်း ကိုက်ခဲ စားသောက်၍ ရှေ့မှ သွားရောက်ကာ အထူးထူး အပြားပြားကုန်သော နံ့သာ ကြုတ်တို့ကို ပြည့်စေပြီးသော် အိမ်ဈေးကို ဖြန့်ခင်း၍ ထိုင်နေကုန်၏။ ထိုအရပ် ဝယ် ဂန္ဓာရှိ၍ ခံမင်ကျက်စားသော ယောကျ်ားသည် တည်နေကျန်ရစ်ခဲ့၏။ ထိုယောကျ်ားကိုလည်း ကိုက်ခဲစားသောက်၍ ရှေ့မှသွားရောက်ကာ အထူးထူး သော မွန်မြတ်သော အရသာ ရှိကုန်သော နတ်၌ ဖြစ်သော ဘောဇဉ်တို့ဖြင့် ခွက်တို့ကို ပြည့်စေပြီး၍ ထမင်းဆိုင် အိမ်ဈေးကို ဖြန့်ခင်း ထိုင်နေကုန်၏။ ထို အရပ်၌ ရသာရှိ၍ ခံမင်ကျက်စားသော ယောကျ်ားသည် တည်နေကျန်ရစ်ခဲ့၏။ ထိုယောကျ်ားကိုလည်း ကိုက်ခဲစားသောက်၍ ရှေ့မှ သွားရောက်ပြီးသော် နတ်၌ ဖြစ်သော အိပ်ရာနေရာတို့ကို ဖြန့်ခင်းစေ၍ ထိုင်နေကုန်၏။ ထိုအရပ်ဝယ် ဖောဋ္ဌဗ္ဗာရှိ၍ ခံမင်ကျက်စားသော ယောကျ်ားသည် တည်နေကျန်ရစ်ခဲ့၏၊ ထိုယောကျ်ားကိုလည်း ကိုက်ခဲစားသုံးကုန်၏။ ဘုရားအလောင်းတော်သည် တစ်ဦးတည်းသာလျှင် ကြွင်းကျန်သည် ဖြစ်၏။

## ဘုရားလောင်းနောက်တော်သို့ ဘီလူးမ လိုက်ခြင်း

ထိုအခါ တစ်ယောက်သော ဘီလူးမသည် ဤယောကျ်ားကား အလွန် ထက်မြက် ကြမ်းခက် ခိုင်မာ ပညာမန္တာန်ရှိ၏။ ငါသည် ထိုယောကျ်ားကို ကိုက်ခဲ စားရ၍သာလျှင် ဆုတ်နစ်ပြန်လည်အံ့ဟု ကြံပြီးသောအခါ၌ ဘုရား အလောင်း၏ နောက်မှလိုက်သွား၏။ တောအုပ်၏ တစ်ဖက်၌ တောအမှုလုပ် စသည်တို့သည် ဘီလူးမကို မြင်၍ ရှေ့မှသွားသော ဤယောကျ်ားသည် အသင် အား အသို့တော်စပ်သည် ဖြစ်သနည်းဟု မေးကုန်၏။ အမောင် ဤသတို့သား သည်ကား ကျွန်တော်မ၏ အရှင်လင်ယောကျ်ားပါပေသည်းဟု ပြောဆို၏။ အို အချင်းယောကျ်ား ဤသို့ သိမ်မွေ့သော သဘောရှိသော ပန်းဆိုင်းတူလျှင်း ရွှေအဆင်းကဲ့သို့ အဆင်းရှိသော ဤသတို့သမီးသည် မိမိ၏ အမျိုးကိုစွန့်၍ အရှင်ဖြစ်သော သင့်ကို အားကိုးကာ လိုက်ပါထွက်ခွါခဲ့၏။ အဘယ့်ကြောင့် ထိုသတို့သမီးကို မပင်ပန်းစေဘဲ ခေါ်ဆောင်၍ မသွားပါသနည်းဟု ပြောဆို သည်ရှိသော် အရှင် ဤသူသည်ကား အကျွန်ုပ်၏ မယားခင်ပွန်း မဟုတ်ပါ။ ဤသူသည် ဘီလူးမပါတည်း။ ဤဘီလူးမသည် အကျွန်ုပ်၏ အပေါင်းအဖော် ဖြစ်ကုန်သော ငါးယောက်ကုန်သော လူတို့ကို စားအပ်ကုန်ပြီဟု ပြောဆို၏။ အမောင် ယောကျ်ားတို့သည် အမျက်ထွက်သောအခါ၌ မိမိ၏ မယားတို့ကို ဘီလူးမတို့ဟူ၍ လည်းကောင်း၊ ပြိတ္တာမဟူ၍လည်းကောင်း ပြုလုပ်ပြောဆို ကုန်၏။ ထိုဘီလူးမသည် မင်းသား၏ နောက်မှ အစဉ်တစိုက် လိုက်သွား

သည်ရှိသော် ကိုယ်ဝန်ရှိသော မိန်းမအသွင်ကို ပြ၍ တစ်ဖန်ရံခါ တစ်ကြိမ် သားဖွားသော မိန်းမ၏ အသွင်ကို ပြုလုပ်၍ သားငယ်ကို ရင်ခွင့်ဖြင့် ယူငင် ပြီးသော် ဘုရားအလောင်းတော်၏ နောက်သို့အစဉ်လိုက်လေ၏။ တွေ့မြင်တိုင်း တွေ့မြင်တိုင်းသော သူတို့သည် ရှေးနည်းဖြင့်သာလျှင် မေးကြကုန်၏။ ဘုရား အလောင်းသည်လည်း ရှေးနည်း အတူသာလျှင် ပြောဆို၍ သွားသည်ရှိသော် တက္ကသိုလ်ပြည်သို့ ရောက်လေ၏။ ထိုဘီလူးမသည် သားငယ်ကို ကွယ်ပျောက် စေ၍ တစ်ယောက်တည်းသာလျှင် အစဉ်လိုက်သွား၏။ ဘုရားအလောင်းသည် မြို့တံခါးသို့ သွား၍ တစ်ခုသော ဇရပ်၌ ထိုင်နေ၏။ ထိုဘီလူးမသည် ဘုရား အလောင်း၏ အရှိန်အဟော်အာနုဘော်ဖြင့် ဇရပ်သို့ ဝင်ခြင်းငှါ မစွမ်းနိုင်ရကား နတ်၌ ဖြစ်သော အဆင်းကို ဖန်ဆင်း၍ ဇရပ်တံခါး၌ တည်နေ၏။

## တက္ကသိုလ်ပြည်ရှင် မင်းကြီးသည် ဘီလူးမကို မိဖုရားမြှောက်ခြင်း

ထို အခါ၌ တက္ကသိုလ်ပြည်မှ ဘုရင်မင်းမြတ်သည် ဥယျာဉ်တော်သို့ သွားသည် ရှိသော် ထိုဘီလူးမကို မြင်လျှင် နှောင်ဖွဲ့တိမ်းညွတ်သော စိတ်ရှိသည်ဖြစ်၍ "သွားချေ၊ ဤသတို့သမီး၏ ခင်ပွန်းအရှင် လင်ရှိသော အဖြစ်ကိုလည်းကောင်း၊ အရှင်လင်မရှိသော အဖြစ်ကိုလည်းကောင်း သိလေလော့"ဟု ပြောဆို၍ မင်းချင်းလူကို စေလွှတ်၏။ ထိုမင်းချင်းယောကျ်ားသည် ဘီလူးမသို့ ချဉ်းကပ်၍ အရှင်ခင်ပွန်းလင် ရှိသလောဟု မေး၏။ ဘီလူးမက အရှင် သြော် ရှိပါ၏။ ဇရပ်၌ ထိုင်နေသော ဤသူသည် ကျွန်တော်မ၏ အရှင်ခင်ပွန်း လင်ပါတည်းဟု ပြောဆို၏။ ဘုရားအလောင်းက ဤသူသည် ငါ၏ မယား ခင်ပွန်းမဟုတ်၊ ဤ သူကား ဘီလူးမတည်း။ ဤဘီလူးမသည် ငါ၏ အဖော်ဖြစ်သော ငါးယောက် သော လူတို့ကိုစားအပ်ကုန်ပြီဟု ပြောဆို၏။ ထိုဘီလူးမကလည်း အရှင် ယောကျ်ားတို့မည်သည် အမျက်ထွက်သော အခါ၌ အလိုရှိတိုင်းသော စကား ကို ပြောကြားကုန်၏ဟု ပြောဆို၏။ ထိုမင်းချင်းယောကျ်ားသည် နှစ်ဦးကုန် သော သူတို့၏ စကားကို မင်းကြီးအား လျှောက်၏။ မင်းကြီးသည် အရှင် မရှိသော ဘဏ္ဍာမည်သည် မင်း၏ဥစ္စာလျှင် ဖြစ်၏ဟု ပြောဆို၍ ဘီလူးမကို ခေါ်စေပြီးလျှင် တစ်ခုသောဆင်၏ ကျောက်ကုန်းထက်၌ နေစေ၍ မြို့ကို လက်ယာရစ် လှည့်ပြီးသော် ပြာသာဒ်သို့ တက်ရောက်၍ ထိုဘီလူးမကို မြတ်သော မိဖုရားအရာ၌ ထား၏။ ထိုမင်းကြီးသည် ရေချိုးသုံးသပ်ကာ နံ့သာ လိမ်းကျံ ညဉ့်ယံ ပွဲတော်တည် ဘော်စားသုံးပြီး၍ အသရေရှိသော အိမ်ရာထက် သို့ တက်၏။ ထိုဘီလူးမသည်လည်း မိမိအား စားသောက် သုံးဆောင်လောက် သော အာဟာရကို သုံးဆောင် စားသုံးပြီး၍ ထူးပြားများစွာ တန်ဆာဆင်ယင် လျက် အသရေရှိသော အိပ်ရာ၌ မင်းကြီးနှင့် အတူတကွ အိပ်၍ မွေ့လျော်

သည့် အစွမ်းဖြင့် ချမ်းသာရိပ်ငြိမ် စည်းစိမ်စုံဝင်သော မင်းကြီး၏ လျောင်း အိပ်သောအခါ၌ တစ်ခုသော နံပါးဖြင့် ပြန်လှန်လူးလှိမ့်၍ ငိုကြွေး၏။

## မင်းအာဏာ တောင်းခံခြင်း

ထိုအခါ ဘီလူးမကို မင်းကြီးက ချစ်နှမ အဘယ်ကြောင့် ငိုကြွေးသနည်းဟု မေး၏။ အရှင်မင်းမြတ် အကျွန်ုပ်ကို အရှင်မင်းကြီးတို့သည် လမ်းခရီး၌ တွေ့မြင်၍ ဆောင်ယူခဲ့ပါ၏။ အရှင်မင်းကြီးတို့၏လည်း နန်းတော်၌ များစွာ ကုန်သော မိန်းမတို့သည် ရှိပါကုန်၏။ ရန်သူရှိသော သူတို့၏အကြား၌ နေရသော ကျွန်တော်မသည် ပြောဆိုစကား ဖြစ်ပွားခဲ့သည်ရှိသော် အသင်၏ အမိအဘ အမျိုးအနွယ်ကို အဘယ်သူ သိသနည်း။ အသင့်ကို လမ်းခရီး အကြား၌ တွေ့မြင်၍ ဆောင်ယူခဲ့၏ဟု ဦးခေါင်းကို ကိုင်ဆွဲ၍ ဖိနှိပ်ဘိသကဲ့သို့ မျက်နှာမသာဖွယ်ရာ ဖြစ်ပါလတ္တံ့။ အကယ်၍ အရှင်မင်းကြီးတို့သည် အလုံးစုံ သော မင်းအဖြစ်၌ အစိုးရခြင်းကိုလည်းကောင်း, အာဏာကိုလည်းကောင်း ကျွန်တော်မအား ပေးကုန်အံ့။ ထိုသို့ ပေးကုန်သည်ရှိသော် တစ်စုံတစ်ယောက် သော သူသည် ကျွန်တော်မ၏ စိတ်ကို အမျက်ထွက်စေ၍ ပြောဆိုခြင်းငှါ မတတ်နိုင်ပါလတ္တံ့ဟု လျှောက်တင်၏။ ချစ်နှမ ငါ့အား အလုံးစုံသောမြို့၌ နေသော လူတို့သည် တစ်စုံတစ်ခု ပြုလုပ်သည်မဖြစ်ကုန်။ ထိုသူတို့ကို ငါသည် အစိုးမရချေ။ အကြင်သူတို့သည်ကား မင်း၏ အာဏာကို ပျက်စီးစေ၍ မပြုလုပ် အပ်သည်ကို ပြုလုပ်ကုန်၏။ ထိုသူတို့အားသာလျှင် ငါသည် အစိုးရပေ၏။ ဤသို့သော အကြောင်းကြောင့် အသင့်အား အလုံးစုံသော တိုင်းပြည်၌ လည်းကောင်း၊ မြို့၌လည်းကောင်း၊ အစိုးရခြင်းကိုလည်းကောင်း၊ အာဏာကို လည်းကောင်း ပေးခြင်းငှါ မစွမ်းနိုင်ပါဟု ပြောဆို၏။ အရှင်မင်းမြတ် တိုင်းပြည်၌လည်းကောင်း၊ မြို့၌လည်းကောင်း အာဏာကို ပေးခြင်းငှါ အကယ်၍ မစွမ်းနိုင်ကုန်သည် ဖြစ်ခဲ့ပါမူကား နန်းတော်အတွင်း၌ သုံးဆောင် ကုန်သော သူတို့၏ အထက်၌ ကျွန်တော်မ၏ အလိုသို့ လိုက်ပါဖြစ်ရခြင်း အကျိုးငှါ အာဏာကို ပေးပါကုန်လော့ဟု လျှောက်တင်ပြန်၏။ မင်းကြီးသည် နတ်၌ဖြစ်သော အတွေ့ဖြင့် နှောင်ဖွဲ့အပ်သည်ဖြစ်၍ ထိုဘီလူးမ၏ စကားကို လွန်မြောက်ခြင်းငှါ မစွမ်းနိုင်သောကြောင့် ချစ်နှမ ကောင်းပြီ၊ အတွင်း၌ သုံးဆောင်ကုန်သော သူတို့၌ အသင့်အား အာဏာကို ပေးပါ၏။ အသင်သည် ထိုသူတို့ကို မိမိ၏ အလိုတို့သို့ လိုက်ပါစေလော့ဟု မိန့်ဆိုတော်မူ၏။

## တစ်နန်းတော်လုံး ဘီလူးစားခံရခြင်း

ထိုဘီလူးမသည် ကောင်းလှပါပြီဟု ဝန်ခံ၍ မင်းကြီး၏ အိပ်ပျော်ခြင်းသို့ သက်သောအခါ၌ ဘီလူးမြို့သို့ သွား၍ ဘီလူးတို့ကို ခေါ်ပြီးသော် မိမိသည်

မင်းကြီးကို အသက်ကုန်ခြင်းသို့ ရောက်စေပြီးလျှင် အရိုးမျှကိုသာ ကြွင်းကျန်စေ၍ အလုံးစုံသော အကြော အရေ အသား အသွေးကို ကိုက်ခဲစားသောက်၏။ ကြွင်းကုန်သော ဘီလူးတို့သည် တံခါးမကြီးမှစ၍ နန်းတော်အတွင်း၌ ကြက် ခွေးတို့ကို အစပြု၍ အလုံးစုံသော သူတို့ကို ကိုက်ခဲ စားသောက်၍ အရိုးမျှ ကြွင်းကျန်သည်တို့ကို ပြုကုန်၏။ တစ်ဖန်မိုးသောက် ရောက်သောနေ့၌ ပိတ်မြဲတိုင်းသာလျှင်ရှိသော နန်းတော်တံခါးကို မြင်၍ လူတို့သည် ပုဆိန်တို့ဖြင့် တံခါးရွက်တို့ကို ထုနှက် ခွဲလှစ်၍ အတွင်းသို့ ဝင်သည်ရှိသော် အရိုးစုဖြင့် ပြွမ်းသော နန်းတော် အလုံးစုံကို တွေ့မြင်၍ "ဤသူသည် ငါ၏ခင်ပွန်းမဟုတ် ဤသူကား ဘီလူးမတည်း"ဟု ဇရပ်၌ နေသော ထိုယောကျ်ား ပြောဆိုသော စကားသည် ဟုတ်မှန်လေစွတကား၊ ငါတို့၏ မင်းကြီးသည်ကား တစ်စုံတစ်ခုကို မသိမူ၍သာလျှင် ထိုဘီလူးမကို သိမ်းပိုက်၍ မိမိ၏ မယားခင်ပွန်း ပြုဘိ၏။ ထိုဘီလူးမသည် ဘီလူးတို့ကိုခေါ်၍ အလုံးစုံသော လူအပေါင်းကို ကိုက်ခဲစားသောက်၍ သွားသည်ဖြစ်လတ္တံ့ဟု ပြောဆိုကုန်၏။

## ဘုရားအလောင်း မင်းဖြစ်ခြင်း

ဘုရားအလောင်းသည်လည်း ထိုနေ့ ထိုဇရပ်၌သာလျှင် ပရိတ်သဲကို ဦးခေါင်း၌ ထားသည်ကိုပြု၍ ပရိတ်ချည်ကိုလည်း ဝန်းရံ၍ သန်လျက်ကို လက်စွဲ၍ ရပ်တည်နေလျက်သာလျှင် အရုဏ်ကို တက်စေ၏။ လူတို့သည် အလုံးစုံသော နန်းတော်ကို ရှင်းလင်းသုတ်သင်စေ၍ စိမ်းစိုဖြန့်လျက် မြေညက် လိမ်းကျံသည်ကို ပြုပြီးလျှင် အထက်၌ နံ့သာတို့ဖြင့် လိမ်းကျံ၍ ပန်းတို့ကို ကြဲပြီးသော် ပန်းဆိုင်းတို့ကို ဆွဲသွင်းပြုလုပ်ကာ နံ့သာအခိုးကို ပေးပြီးလျှင် အသစ်ဖြစ်သော ပန်းတို့ကို ဖွဲ့ချည်၍ အိုအချင်းတို့ ဇရပ်၌တည်နေသော ယောကျ်ားသည် နတ်၌ဖြစ်သော ရုပ်အဆင်းကို ဖန်ဆင်း၍ နောက်မှ အစဉ် တစိုက်လိုက်ပါလာသော ဘီလူးမကို ဣန္ဒြေတို့ကို ဖျက်၍ကြည့်ရှုခြင်းမျှကိုလည်း မပြု၊ အလွန်လျှင် မြတ်သောသူပေတည်း။ ခိုင်ကြံ့မြဲမြံသော ပညာရှိ၏။ အဆင်းအခြင်ဉာဏ်နှင့် ပြည့်စုံ၏။ ထိုသို့ သဘောရှိသော ယောကျ်ားသည် မင်းအဖြစ်ကို ပြု၍ ဆုံးမသည်ရှိသော် အလုံးစုံသော တိုင်းနိုင်ငံသည် ချမ်းသာခြင်းရှိသည် ဖြစ်လတ္တံ့။ ထိုယောကျ်ားကို မင်းအဖြစ်ကို တင်မြှောက်ခြင်း ပြုကုန်အံ့ဟု တိုင်ပင်ကြကုန်၏။ ထိုသို့ တိုင်ပင်ပြီးသည့်နောက် အလုံးစုံသော အမတ်တို့သည်လည်းကောင်း၊ မြို့သူမြို့သားတို့သည် လည်းကောင်း တူသော အလိုရှိကုန်သည်ဖြစ်၍ ဘုရားအလောင်းတော်သို့ ချဉ်းကပ်ပြီးသော် အရှင်မင်းမြတ် အရှင်တို့သည် ဤတိုင်းပြည်၌ မင်းအဖြစ်ကို ပြုတော်မူပါကုန်လော့ဟု တောင်းပန်ပြောဆို၍ မြို့သို့ ဆောင်သွားကာ ရတနာအစုထက်၌ တင်ထားပြည့်နှင်း အဘိသိက်သွန်း၍

တက္ကသိုလ်မင်းအဖြစ်ကို ပြုကုန်၏။ ထိုတက္ကသိုလ်မင်းသည် မလားအပ်သည်ကို လားခြင်းဟု ဆိုအပ်ကုန်သော အဂတိတရားတို့ကို ပယ်ရှား ကြဉ်ရှောင်၍ ဆယ်ပါးသော မင်းကျင့်တရားတို့ကို မပျက်ပြားစေမူ၍ တရားသဖြင့် မင်းအဖြစ်ကို ပြုလျက် အလှူပေးခြင်း အစရှိသော ကောင်းမှုတို့ကို ပြုလုပ်လျက် ကံအားလျော်စွာ လားဂပ်နေလေ၏။ ချစ်သားရဟန်းတို့ တက္ကသိုလ်ပြည်၌ ဘိလူးမတို့၏ အစွမ်းဖြင့် မင်းမျိုးအားလုံးသည် အသက်ကုန်ခြင်းသို့ ရောက်သည် ရှိသော် ရောက်အပ်ပြီးသော ဘိသိက်သွန်းခြင်းရှိသော ထီးဖြူတော်၏ အောက်ဖြစ်သော ပြည့်ရှင်မင်းမြတ်၏ နေရာ၌ ထိုင်နေသော ဘုရားအလောင်းတော်သည် မိမိ၏ အသရေစည်းစိမ်ကို ကြည့်ရှုတော်မူ၍ ဤဝီရိယ မည်သည်ကို သတ္တဝါတို့သည် ပြုအပ်သည်သာလျှင်တည်းဟု ဝမ်းမြောက် ရွှင်လန်း ဉဒါန်း ကျူးရင့်သည် အစွမ်းဖြင့် ဤဂါထာကို ကျူးရင့်တော်မူ၏—

ကုသလူပဒေသေ ဓိတိယာ ဒဠှာယ စ။  
အနိဝတ္တိတတ္တာ ဘယဘီရုတာယ စ။  
န ရက္ခသီနံ ဝသမာဂမိမှသေ၊  
သ သောတ္ထိဘာဝေါ မဟတာ ဘယေန မေ။

ကောင်းမှုကုသိုလ် ညွှန်းဆိုသကဲ့သို့သော အရပ်၌ အာရုံနောက်သို့ မလိုက်ပါဘဲ တည်ကြည်သဖြင့် လည်းကောင်း၊ အားထုတ်မှု မြဲမြံသဖြင့်လည်းကောင်း ငါအား ကြောက်မက်ဖွယ် ဘေးကြီးမှ ချမ်းသာရာ ရခဲ့ပြီ။ ကျန်အဖော်ငါးယောက်တို့မူ ဖောက်ပြန်၍ မတောင့်နိုင်သဖြင့် လည်းကောင်း၊ ဘေးဖြင့် အခြောက်ခံရသဖြင့် လည်းကောင်း ဘိလူးမတို့၏ အလိုသို့ ရောက်ရှိသက်ဆင်းခဲ့ရပြီတည်း။

ဤသို့သော ဂါထာကို ပြတော်မူပြီး၍ ချစ်သားရဟန်းတို့ ထိုအခါ၌လည်း အသင်တို့သည်သာလျှင် ငါးယောက်သော လူတို့သည် ဖြစ်ကုန်၍ တက္ကသိုလ်ပြည်၌ မင်းအဖြစ်ကို ယူခြင်းငှါ ထွက်သွားသော ဘုရားလောင်းကို လက်နက်လက်စွဲ အမြဲခြံရံ၍ လမ်းခရီးသို့ သွားကုန်သည် ရှိသော် လမ်းခရီးအကြား၌ ဘိလူးမတို့သည် စက္ခုဒွါရ စသည်တို့၏ အစွမ်းဖြင့် ရွှေရှုဆောင်အပ်ကုန်သော ရူပါရုံစသည်တို့၌ မချုပ်တည်း မစောင့်စည်းဘဲ ပညာရှိ၏ အဆုံးအမ ဩဝါဒ၌ မလိုက်နာဘဲ ဆုတ်နစ်ကျန်ရစ်ခဲ့လျက် ဘိလူးမတို့သည် ကိုက်စား ခဲမျိုကုန်သည်ဖြစ်၍ အသက်ကုန်ခြင်းသို့ ရောက်ဖူးကုန်ပြီ။ ထိုအာရုံတို့၌ ပိတ်ပင်စောင့်စည်းချုပ်တည်းသည် ဖြစ်၍ နောက်မှ နောက်မှ အစဉ်လိုက်သော နတ်ကဲ့သို့ အဆင်းရှိသော ဘိလူးမကို အလေးမမှု မယူမငဲ့မူ၍ ချမ်းသာသဖြင့် တက္ကသိုလ်ပြည်သို့ သွား၍ မင်းအဖြစ်သို့ ရောက်သော မင်းသည်ကား ငါဘုရား

သည်သာလျှင်တည်းဟု ဇာတ်တော်ကို ပေါင်းတော်မူ၍ ချစ်သားရဟန်းတို့ ရဟန်းမည်သည် အလုံးစုံသော ဒွါရတို့ကို ပိတ်ပင်စောင့်စည်းအပ်ကုန်၏။ ထို စကားမှန်၏။ ထိုဒွါရတို့ကို ပိတ်ပင်စောင့်စည်းသော သူတို့သည် သာလျှင် အလုံးစုံသော ဆင်းရဲအပေါင်းမှ လွတ်မြောက်ကုန်၏ဟု မိန့်တော်မူပြီး၍ တရား တော်ကို ဟောကြားတော်မူလိုသောကြောင့် ဤဂါထာကို မိန့်ဆိုတော်မူ၏။

စက္ခုနာ သံဝရော သာဓု၊ သာဓု သောတေန သံဝရော။
ဃာနေန သံဝရော သာဓု၊ သာဓု ဇိဝှါယ သံဝရော။

ကာယေန သံဝရော သာဓု၊ သာဓု ဝါစာယ သံဝရော။
မနသာ သံဝရော သာဓု၊ သာဓု သဗ္ဗတ္ထ သံဝရော။
သဗ္ဗတ္ထ သံဝုတော ဘိက္ခု၊ သဗ္ဗဒုက္ခာ ပမုစ္စတိ။

အကုသိုလ် မဖြစ်ရန် စက္ခုဒွါရ၌ စောင့်စည်းပိတ်ဆို မှုသည် ကောင်း၏ သောတဒွါရ၌ စောင့်စည်းပိတ်ဆို့မှုတို့သည် ကောင်း၏။ဃာနဒွါရ၌ စောင့်စည်း ပိတ်ဆို့မှုသည် ကောင်း၏။ ဇိဝှါဒွါရ၌ စောင့်စည်းပိတ်ဆို မှုသည် ကောင်း၏။

ကာယဒွါရ၌ စောင့်စည်းပိတ်ဆို့မှုသည် ကောင်း၏။ ဝစီဒွါရ၌ စောင့်စည်း ပိတ်ဆို့မှုသည် ကောင်း၏ အလုံးစုံသော ဒွါရတို့၌ စောင့်စည်းပိတ်ဆို့မှုသည် ကောင်း၏။ အလုံးစုံသော ဒွါရတို့၌ စောင့်စည်း ပိတ်ဆို့သော ရဟန်းသည် ဆင်းရဲအားလုံးမှ လွတ်မြောက်နိုင်၏။

ထိုဂါထာ၌–

**စက္ခုနာ**=ဟူသည် ရဟန်း၏ စက္ခုဒွါရ၌ ရူပါရုံ ထင်လာရာအခါ ကောင်း သော အာရုံထင်ရာ၌ မတပ်နှစ်သက်သော မကောင်းသောအာရုံ ထင်ရာ၌ မပြစ်မှားသော မညီမညွတ် ရှုခြင်းဖြင့် မောဟကို မဖြစ်စေသော သူအား ထို ဒွါရ၌ စောင့်ရှောက်ပိတ်ဆို့တားမြစ် လုံခြုံစေခြင်းကို ပြသည်မည်၏။ ထို ရဟန်း၏ စက္ခုဒွါရဖြင့် စောင့်ရှောက်ခြင်းသည် ကောင်း၏။ သောတဒွါရ စသည်တို့၌ ဤနည်းအတူ စောင့်ရှောက်အပ်၏။ စက္ခုဒွါရ စသည်တို့၌သာ စောင့်စည်းခြင်း, မစောင့်စည်းခြင်းသည် မဖြစ်၊ နောက်ဖြစ်သော ဇောဝီထိကျ သည်တိုင်အောင် ဤစောင့်စည်းခြင်းကို ရအပ်၏။ ထိုစောင့်စည်းသင့်ရာ၌ မစောင့်စည်းခဲ့သော် မယုံကြည်ခြင်း, သည်းမခံခြင်း, ပျင်းရိခြင်း, သတိလွတ် ခြင်း, မသိခြင်းဟူသော ဤငါးပါးသော အကုသလဝီထိကို ရအပ်၏။ စောင့်စည်း ခဲ့သော် ယုံကြည်ခြင်း, သည်းခံခြင်း, ဝီရိယရှိခြင်း, သတိရှိခြင်း, သိခြင်းဟူသော ဤငါးပါးသော ကုသိုလ်ဝီထိကို ရအပ်၏။

**ကာယေန သံဝရော** ဟူသည် ဤကာယေနဥ္စလည်း ပသာဒကာယ, စောပန ကာယ-ကို ယူရမည်ဟူလို၊ ထိုနှစ်ပါးလုံးသည်လည်း ကာယဒွါရသည်သာ ဖြစ်၏။ ထိုပသာဒဒွါရ, စောပနဒွါရ နှစ်ပါးတို့တွင် ပသာဒဒွါရ၌ စောင့်စည်းမှု မစောင့်စည်းမှုကိုသာ ဆိုအပ်၏။ စောပနဒွါရ၌လည်း ထိုလှုပ်ရှားခြင်း၏ တည်ရာ အကြောင်းဖြစ်သော သူ့အသက်သတ်ခြင်း, သူ့ဥစ္စာခိုးခြင်း, သူတစ်ပါး သားမယားကို ကျူးလွန်ခြင်းတည်း။ ထိုစောပနဒွါရတို့နှင့်တကွ အကုသလစိတ်၌ ဖြစ်သော် ထိုဒွါရကို စောင့်စည်းမှု မရှိ၊ ကုသလစိတ်၌ ဖြစ်သော် သူ့အသက် သတ်ခြင်းကို ရှောင်ကြဉ်ခြင်း စသည့်တို့မှ စောင့်စည်းမှု ဖြစ်၏။

**သာဓု ဝါစာယ** ဟူသည် ဤသာဓု ဝါစာယ၌လည်း စောပနဝါစာသည် လည်း ဝါစာမည်၏၊ ထိုစောပနဝါစာနှင့် တကွဖြစ်သော် မုသာဝါဒစသည်တို့မှ ထိုဒွါရကို စောင့်စည်းမှု မရှိ၊ မုသားစကား ပြောခြင်းကို ရှောင်ကြဉ်ခြင်း စသည်တို့မှ စောင့်စည်းမှု ဖြစ်၏။

**မနသာ သံဝရော** ဟူသည် ဤမနသာ သံဝရော ပုဒ်၌လည်း ဇောစိတ်မှ တပ်ပါးသော စိတ်နှင့်တကွ သူတစ်ပါး စည်းစိမ်ကို အလိုရှိခြင်း စသည်တို့သည် မရှိ၊ မနောဒွါရ၌ ဇောခဏတွင် ဖြစ်သော သူတစ်ပါး စည်းစိမ်ကို အလိုရှိခြင်း စသည်တို့မှ ထိုဒွါရကို စောင့်စည်းမှု မရှိ။ သူတစ်ပါး စည်းစိမ်ကို အလိုမရှိခြင်း စသည်တို့ဖြင့် ထိုဒွါရကို စောင့်စည်း၏။

**သာဓု သဗ္ဗတ္ထ** ဟူသည် စက္ခုဒွါရ စသော ဒွါရအားလုံးတို့၌လည်း စောင့်စည်းခြင်းသည် ကောင်း၏၊ ဤမျှအတိုင်းအရှည်ရှိသော ရှစ်ပါးကုန်သော စောင့်စည်းမှု ဒွါရတို့ကိုလည်းကောင်း, ရှစ်ပါးကုန်သော မစောင့်စည်းမှု ဒွါရတို့ကို လည်းကောင်း ဆိုအပ်ကုန်၏။ ထိုမစောင့်စည်းသော ဒွါရရှစ်မျိုးတို့၌ တည်သော ရဟန်းသည် အလုံးစုံသော ဝဋ်ဆင်းရဲမှ မလွတ်။ စောင့်စည်းမှု ဒွါရ ရှစ်မျိုး တို့၌ တည်သော ရဟန်းသည် ဝဋ်ဆင်းရဲ အားလုံးတို့မှ လွတ်၏။ ထို့ကြောင့် "သဗ္ဗတ္ထ သံဝုတော ဘိက္ခု၊ သဗ္ဗဒုက္ခာ ပမုစ္စတိ" ဟူ၍ ဆိုအပ်၏။

ဒေသနာတော်၏ အဆုံး၌ ထိုရဟန်းငါးပါးတို့သည် သောတာပတ္တိဖိုလ်၌ တည်ကုန်၏၊ ရောက်လာကုန်သော ပရိသတ်တို့အား အကျိုးရှိသော တရား ဟောခြင်း ဖြစ်၏။

ပဉ္စဘိက္ခုဝတ္ထု ပြီး၏။

---

မမ္မပဒဝတ္ထု (မ) ၅-ပ-မ-သ-စ

## ၂။ ဟံသာကို သတ်သော ရဟန်းဝတ္ထု

**ဟတ္ထသံယတော** အစရှိသော ဤတရားဒေသနာတော်ကို မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် ဟံသာကို သတ်သော ရဟန်းတစ်ပါးကို အကြောင်းပြု၍ ဟောတော်မူ၏။

သာဝတ္ထိပြည်၌ နေလေ့ရှိကုန်သော မိတ်ဆွေနှစ်ယောက်တို့သည် ရဟန်းတော်တို့ထံ၌ ရဟန်းပြု၍ ထိုနှစ်ပါးသော ရဟန်းတို့သည် များသောအားဖြင့် အတူတကွ တစ်ပေါင်းတည်း လှည့်လည်တတ်ကြကုန်၏။ ထိုရဟန်း နှစ်ပါးတို့သည် တစ်နေ့သော အခါ၌ အစိရဝတီမြစ်သို့ သွားရောက်၍ ရေချိုးပြီးသော် နေစာလှုံလျက် အသက်ဝင်ဆံ့ နှုတ်လုံးသွင်း အောက်မေ့အပ်သော စကားကို ပြောဆိုကုန်လျက် တည်နေကုန်၏။ ထိုခဏ၌ နှစ်ကောင်သော ဟံသာတို့သည် ကောင်းကင်ဖြင့် ရှေးရှုလာကုန်၏။ ထိုအခါ ရဟန်းငယ်တစ်ပါးသည် ကျောက်ခဲကို ကောက်ယူ၍ ဟံသာငယ်တစ်ကောင်၏ မျက်စိကို ပစ်ခတ်အံ့ဟု ပြောဆို၏။ ရဟန်းတစ်ပါးက အသင် မစွမ်းနိုင်လတ္တံ့ဟု ပြောဆိုသောအခါ ဤမှာဘက် မျက်လုံးကို ထားဘိဦး၊ ထိုမှာဘက်၌ မျက်လုံးကို ပစ်ခတ်အံ့ဟု ပြောဆိုပြန်လျှင် ဤသို့ပစ်ခြင်းကိုလည်း အသင် မစွမ်းနိုင်လတ္တံ့သည်သာတည်းဟု ပြောဆို၏။ ထိုသို့ဖြစ်ပါမူ စုံစမ်းသိရှိလေလော့ဟု ပြောဆိုပြီးလျှင် နှစ်ခုမြောက်သော ကျောက်ခဲကို ကောက်ယူ၍ ဟံသာ၏ နောက်အဖို့၌ ပစ်လွှတ်လိုက်၏။ ဟံသာသည် ကျောက်ခဲသံကို ကြား၍ ပြန်လည်ကြည့်ရှု၏။ ထိုအခါ လုံးသော ကျောက်ခဲတစ်လုံးကို ကောက်ယူ၍ ဟံသာကို ထိုမှာဘက်ဖြစ်သော မျက်လုံး၌ ပစ်ခတ်၍ ဤမှာဘက်ဖြစ်သော မျက်လုံးဖြင့် ထွက်သွားစေ၏။ ဟံသာသည် မြည်တမ်း၍ ထိုရဟန်းတို့၏ ခြေရင်း၌ ကျ၏။ ထိုထိုသော အရပ်တို့၌ တည်နေကုန်သော ရဟန်းတို့သည် မြင်ကုန်၍ ငါ့ရှင်တို့ မြတ်စွာဘုရား သာသနာတော်၌ ရဟန်းပြုပါကုန်လျက် သူတစ်ပါး၏ အသက်ကို လျင်စွာချသတ်ခြင်းကို ပြုခြင်းတို့ဖြင့် အသင်တို့သည် မသင့်လျော် မလျောက်ပတ်သော အမှုကို ပြုအပ်၏ဟု ပြောဆို၍ ထိုရဟန်းတို့ကို ခေါ်ယူ သွားရောက်ပြီးလျှင် မြတ်စွာဘုရားရှင်အား ပြကြကုန်၏။ မြတ်စွာဘုရားက ချစ်သားရဟန်း အသင်သည် ပါဏာတိပါတ အမှုကို ပြုလုပ်သောဟူသည် မှန်သလောဟု မေးတော်မူ၍ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ဟုတ်မှန်ပါ၏ဟု လျှောက်ကြားသည် ရှိသော် အိုရဟန်း အဘယ့်ကြောင့် ဤသို့ သဘောရှိသော သံသရာမှ ထုတ်ဆောင်တတ်သော သာသနာတော်၌ ရဟန်းပြုပါလျက် ဤသို့ ပြုလုပ်လေဘိသနည်း။ ရှေး၌ ဖြစ်ကုန်သော ပညာရှိတို့သည် ဘုရားရှင်ချစ် မဖြစ်မပွင့်မီ အိမ်ရာ ဖွဲ့နှောင်လူ့ဘောင်အလယ်၌ တင့်တယ်စွာ နေပါကုန်လျက် အနည်းငယ်မျှသော အရာဌာနတို့၌လည်း ယုံမှား သံသယ စိတ်ရှိသည် အဖြစ်ကို ပြုကုန်ပြီ။ အသင်

သည်ကား ဤသို့ သဘောရှိသော ဘုရားသာသနာတော်၌ ရဟန်းပြုပါလျက် စိတ်၏ သံသယမျှကိုလည်း မပြုလုပ်ချေဟု မိန့်တော်မူ၍ ထိုရဟန်းတို့ ဘောင်းပန်အပ်သောကြောင့် အတိတ်ကို ဆောင်တော်မူ၏။

## ကုရုတိုင်းသားများ သီလစောင့်ထိန်းမှု

ရှေးလွန်လေပြီးသောအခါ ကုရုတိုင်း ဣန္ဒပတ္တပြည်၌ ဓနဉ္စယကောရဗျ မင်းကြီးသည် မင်းအဖြစ်ကို ပြုသည် ရှိသော် ဘုရားအလောင်းတော်သည် ထို ဓနဉ္စယကောရဗျ မင်းကြီး၏ မြတ်သော မိဖုရားကြီးဝမ်း၌ ပဋိသန္ဓေတည်နေ စွဲယူ၍ အစဉ်အတိုင်းအားဖြင့် ဖွားမြင်ပြီးနောက် သိကြား လိမ္မာသော အရွယ်သို့ ရောက်သည် ရှိသော် တက္ကသိုလ်ပြည်၌ အလုံးစုံသော အတတ်ကို သင်ယူ၍ ခမည်းတော် မင်းကြီးသည် အိမ်ရှေ့မင်းအဖြစ်၌ ထားတော်မူ၏။ နောက်အဖို့၌ ခမည်းတော်မင်းကြီး နတ်ပြည်စံလွန်သဖြင့် မင်းအဖြစ်သို့ ရောက်တော်မူ၍ ဆယ်ပါးသော မင်းကျင့်တရားတို့ကို မပျက်စီးစေ၍ ကုရုဓမ္မ တရား၌ ကြိုးစားစောင့်ရှောက်၏။ "ဂုရုဓမ္မမည်သည်ကား ငါးပါးသီလ တို့တည်း"။ ထိုသီလတို့ကို ဘုရားအလောင်းတော်သည် ထက်ဝန်းကျင် စင်ကြယ်သည်တို့ကို ပြု၍ စောင့်ရှောက်၏။ ထိုဘုရားအလောင်းတော် စောင့်ရှောက်သကဲ့သို့ပင် ဘုရားအလောင်းတော်၏ မယ်တော်မိဖုရားကြီးသည် လည်းကောင်း, မြတ်သော မိဖုရားကြီးသည်လည်းကောင်း, ညီတော်အိမ်ရှေ့ မင်းသည်လည်းကောင်း, ပုရောဟိတ်ပုဏ္ဏားသည်လည်းကောင်း, မြေတိုင်းအမတ် သည်လည်းကောင်း, ရထားထိန်းသည်လည်းကောင်း, သူဌေးကြီးသည် လည်းကောင်း, အလေးတော်င်းတင်း ညီမျှခြင်းကို ဖြစ်စေတတ်သော အမတ် ကြီးသည်လည်းကောင်း, တံခါးဗိုလ်သည်လည်းကောင်း, ပြည့်တန်ဆာမသည် လည်းကောင်း ဤတစ်ကျိပ်တစ်ယောက်သော သူတို့သည်လည်း ထက်ဝန်းကျင် စင်ကြယ်သည်တို့ကို ပြု၍ ငါးပါးသီလတို့ကို စောင့်ရှောက်ကြကုန်၏။ မင်းကြီး သည် မြို့တံခါးလေးမျက်နှာတို့၌လည်းကောင်း, မြို့၏အလယ်၌လည်းကောင်း, စံတော်မူရာ နန်းအိမ်တံခါး၌လည်းကောင်း ဤသို့လျှင် ခြောက်ဌာနအရပ်တို့၌ ခြောက်ခုကုန်သော အလှူတင်းကုပ်ဇရပ်တို့ကို ဆောက်လုပ်၍ နေ့တိုင်းနေ့တိုင်း ခြောက်သိန်းသော ဥစ္စာကို စွန့်ကြဲလျက် အလုံးစုံသော ဇမ္ဗူဒိပ်ကျွန်းကို ထွန်ယက်စိုက်ပျိုး ထမ်းပိုးနှင်တံမရှိ ပကတိအားလုံး စားသုံးနေထိုင်ခြင်းကို ပြု၍ အလှူဒါနကို ပေးလှူတော်မူ၏။ ထိုမင်းကြီး၏ အလှူဒါန၌ အလွန် အလိုရှိသော အဖြစ် အလွန်မွေ့လျော်သော အဖြစ်သည် အလုံးစုံသော ဇမ္ဗူဒိပ်ကျွန်း၌ ပျံ့နှံ့လွှမ်းမိုး၏။ ထိုအခါဝယ် ကာလိင်္ဂတိုင်း ဒန္တပုရပြည်၌ ကာလိင်္ဂမင်းသည် မင်းပြု၏။ ထိုကာလိင်္ဂမင်း၏ တိုင်းနိုင်ငံ၌ မိုးသည် မရွာ၊

ထိုသို့ မိုးမရွာသည် ရှိသော် အလုံးစုံသော တိုင်းနိုင်ငံ၌ ငတ်မွတ်ခြင်း ဖြစ်၏။ အာဟာရပျက်စီးခြင်းကြောင့်လည်း လူတို့အား အနာရောဂါသည် ဖြစ်၏။ မွတ်သိပ်ခြင်းဘေး, အနာရောဂါဘေး, ထမင်းရခဲခြင်းဘေးဟု ဆိုအပ်သော သုံးပါးသော ဘေးတို့သည် ဖြစ်ကုန်၏။ လူတို့သည် အိမ်မှ ထွက်ခွါ၍ သူငယ်တို့ကို လက်ဆွဲကုန်လျက် ထိုထိုအရပ်တို့၌ လှည့်လည်ကြကုန်၏။ အလုံးစုံ တိုင်းနိုင်ငံ၌နေသော သူတို့သည် တစ်ပေါင်းတည်း ဖြစ်ကုန်၍ ဒန္တပုရမြို့သို့ သွားရောက်ကုန်ပြီးသော် မင်းအိမ် နန်းတော်တံခါး၌ ကြွေးကြော်ခြင်းကို ပြုကုန်၏။ မင်းကြီးသည် လေသောက်ပြတင်းကို မှီ၍ တည်နေလျက် ထိုအသံကို ကြား၍ အဘယ်အကြောင်းကြောင့် ဤသူတို့သည် ဟစ်အော်ကုန်သနည်းဟု မေးတော်မူ၏။ မြတ်သောမင်းကြီး အလုံးစုံသော တိုင်းနိုင်ငံ၌ သုံးပါးကုန်သော ဘေးတို့သည် ဖြစ်ကုန်၏။ မိုးသည် မရွာ၊ ကောက်ပင်တို့သည် မဖြစ်ကုန်၊ မွတ်သိပ်ခြင်း ဘေးသည် ဖြစ်၏။ လူတို့သည် မကောင်းသော အစာကြောင့် ရောဂါနှိပ်စက် အိမ်မှ ထွက်၍ သားငယ်တို့ကို ကိုင်ဆွဲလျက် လှည့်လည်ကုန်၏။ မြတ်သော မင်းကြီး မိုးကို ရွာပါစေလော့ဟု ပြောဆို လျှောက်တင်ကုန်၏။ ရှေး၌ ဖြစ်သော မင်းတို့သည် မိုးမရွာသည် ရှိသော် အဘယ်သို့ ပြုကုန်သနည်းဟု မင်းကြီးက မေးတော်မူပြန်သဖြင့် မြတ်သော မင်းကြီး ရှေး၌ဖြစ်ကုန်သော မင်းကောင်းမင်းမြတ်တို့သည် မိုးမရွာသည်ရှိသော် အလှူကို ပေးလှူ၍ သီလကို စောင့်ရှောက်၍ ဥပုသ်ကို ဆောက်တည်၍ ကောင်းစွာ ဆောက်တည်အပ်သော သီလရှိလျက် အသရေရှိသော တိုက်ခန်းသို့ ဝင်၍ သမန်းမြက်အခင်း၌ ခုနစ်ရက်ပတ်လုံး အိပ်ကုန်၏။ ထိုအခါ မိုးရွာပါလတ္တံ့ဟု ပြောဆိုကုန်၏။ မင်းကြီးသည် ကောင်းပြီဟု ဝန်ခံ၍ ထိုသူတို့ ပြောဆိုသည့်အတိုင်း ပြုလုပ်၏။ ဤသို့ ပြုလုပ်ပါသော်လည်း မိုးသည် မရွာ၊ မင်းကြီးသည် အမတ်တို့ကို ငါသည် ပြုလုပ်ဖွယ်ဟူသမျှ အမှုကိစ္စကို ပြုလုပ်ပေပြီ၊ မိုးသည် မရွာ၊ အဘယ်သို့ ပြုလုပ်ရပါကုန်အံ့နည်းဟု မေးတော်မူ၏။ မြတ်သော မင်းကြီး ကာလိင်္ဂတိုင်းပြည်၌ နေဥယကောရဗျမင်းကြီးအား အဉ္ဇနဝဏ္ဏမည်သော မင်္ဂလာဆင်တော်သည် ရှိ၏၊ ထိုဆင်ကို ဆောင်ယူကုန်အံ့။ ဤသို့ ဆောင်ယူကုန်သည် ရှိသော် မိုးသည် ရွာပါလတ္တံ့ ဟု လျှောက်တင်ကုန်၏။ ထိုနေဥယကောရဗျမင်းသည် ခွန်အား ဗိုလ်ပါကားကြီးမားသော စစ်သည်နှင့် ပြည့်စုံ၏။ သူ့ကို အောင်နိုင်ခဲ၏။ ထိုမင်း၏ ဆင်တော်ကို အဘယ်သို့ လျှင် ဆောင်ယူနိုင်ကုန်အံ့နည်းဟု မိန့်တော်မူ၏။ မြတ်သော မင်းကြီး ထိုမင်းနှင့် အတူတကွ စစ်ထိုးဖွယ်ကိစ္စ မရှိ၊ ထိုမင်းကြီးသည် အလှူဒါန၌ အလွန်မွေ့လျော်၏။ တောင်းအပ်သည် ရှိသော် တန်ဆာဆင်အပ်သော ဦးခေါင်းကိုလည်း ဖြတ်တောက်၍ ပေးလှူရာ၏။ ပသာဒရုပ်နှင့် ပြည့်စုံကုန်သော မျက်လုံးတို့ကိုလည်း ထုတ်၍ ပေးလှူရာ၏။ အလုံးစုံသော မင်းအဖြစ်ကိုလည်း

ဆောက်နှင်း၍ ပေးလှူရာ၏။ ဆင်ကို ပေးလှူရာ၌ ပြောဆိုဖွယ်သာလျှင် မရှိ။ တောင်းအပ်သည်ရှိသော် မချွတ်ပေးလှူပါလတ္တံ့ဟု လျှောက်တင်ကြကုန်၏။ အဘယ်သူတို့သည် ထိုမင်္ဂလာဆင်တော်ကို တောင်းခြင်းငှါ စွမ်းနိုင်ကုန်အံ့နည်းဟု မေးတော်မူပြန်သဖြင့် မြတ်သောမင်းကြီး ပုဏ္ဏားတို့သည် စွမ်းနိုင်ပါကုန်လတ္တံ့ဟု လျှောက်ထင်ကုန်၏။ မင်းကြီးသည် ပုဏ္ဏားအပေါင်းမှ ရှစ်ယောက်သော ပုဏ္ဏားတို့ကို ခေါ်တော်မူ၍ ပူဇော်သက္ကာရဖြင့် များစွာမြတ်နိုးသည်ကို ပြုလုပ်၍ ဆင်တော်ကို တောင်းခြင်းအကျိုးငှါ စေလွှတ်၏။ ထိုပုဏ္ဏားတို့သည် လမ်း၌ စားသုံးစရာ ရိက္ခာယူပြီး ခရီးသွား၏ အသွင်ကို ယူ၍ အလုံးစုံသော အရပ်တို့၌ တစ်ညဉ့် တည်းခိုခြင်းဖြင့် အဆောတလျင် သွား၍ နှစ်ရက်သုံးရက်ပတ်လုံး မြို့တံခါး၌ တည်ရှိသော အလှူတင်းကုပ်ဇရပ်၌ စားသုံးကုန်လျက် ကိုယ်ကို ရောင့်ရဲစေ၍ အဘယ်အခါ၌ မင်းကြီးသည် အလှူတင်းကုပ်သို့ ထွက်လာတော်မူလတ္တံ့နည်းဟု မေးကုန်၏။ လူတို့က ပက္ခ၏ တစ်ဆယ့်လေးရက်မြောက်သော နေ့၌လည်းကောင်း, တစ်ဆယ့်ငါးရက်မြောက်သော နေ့၌လည်းကောင်း, ရှစ်ရက်မြောက်သော နေ့၌လည်းကောင်း ဤသုံးပါးသော နေ့တို့၌ ထွက်တော်မူလာ၏။ နက်ဖြန်ခါ၌ကား တစ်ဆယ့်ငါးရက်မြောက်သော လပြည့်နေ့ပေတည်း။ ထို့ကြောင့် နက်ဖြန်ခါ၌ ထွက်ကြွတော်မူလတ္တံ့ဟု ပြောဆိုကုန်၏။ ပုဏ္ဏားတို့သည် တစ်ဖန် မိုးသောက်သောနေ့၌ နံနက်စောစောကသာလျှင် သွား၍ အရှေ့မျက်နှာတံခါး၌ တည်နေကုန်၏။ ဘုရားအလောင်းသည် နံနက်စောစောကသာလျှင် ရေသုံးသပ်၍ ကိုယ်ကို လိမ်းကျံလျက် အလုံးစုံသောတန်ဆာဖြင့် ဆင်ပြီးသော် တန်ဆာဆင်အပ်သော ဆင်ကျောက်ကုန်းထက်၌ စီးတော်မူလျက် ကြီးစွာသော အခြံအရံဖြင့် အရှေ့မျက်နှာတံခါး အလှူတင်းကုပ်ဇရပ်သို့ ကြွသွား၍ ဆင်ကျောက်ကုန်းထက်မှ သက်ဆင်းပြီးလျှင် ခုနစ်ယောက် ရှစ်ယောက်သော လူတို့အား မိမိ၏ လက်တော်ဖြင့် ထမင်းကို ပေးကမ်း၍ ဤသို့သော အမှတ်ဖြင့်သာလျှင် ပေးလှူကုန်လောဟု မိန့်ဆိုတော်မူ၍ ဆင်ကျောက်ကုန်းထက်သို့ တက်စီးပြီးသော် တောင်မျက်နှာတံခါးသို့ သွား၏။ ပုဏ္ဏားတို့သည် အရှေ့မျက်နှာတံခါး၌ အစောင့်အရှောက် အားကြီးသဖြင့် အခွင့်ကို မရသောကြောင့် တောင်မျက်နှာ တံခါးသို့သာလျှင် သွားရောက်၍ မင်းကြီး၏ ကြွလာခြင်းကို ကြည့်ရှုကြကုန်လျက် တံခါး၏ အနီးဖြစ်သော မြင့်မောက်သော နေရာ၌ ရပ်နေကုန်လျှင် ရောက်လာသော မင်းကြီးကို လက်ကို မြှောက်ပင့်၍ "ဇယတု ဘဝံ မဟာရာဇ=မြတ်သော မင်းကြီး အရှင်မင်းကြီးသည် အောင်မြင်စေသတည်း"ဟု အောင်ဆုကို ပေးကုန်၏။ မင်းကြီးသည် ဝရဇိန်အသွားတပ်သော ချွန်းဖြင့် ဆင်တော်ကို ပြန်လည်စေ၍ ထိုပုဏ္ဏားတို့၏အထံသို့ သွားပြီးလျှင် အိုပုဏ္ဏားတို့ အသင်တို့သည် အဘယ်ကို အလိုရှိကုန်သနည်းဟု မေးတော်မူ၏။ ပုဏ္ဏားတို့သည် ဘုရား

အလောင်း၏ ဂုဏ်ကျေးဇူးကို ချီးမွမ်းကုန်လျက် ရှေးဦးစွာသော ဤဂါထာကို ရွတ်ဆိုကုန်၏ —

တဝ ဲ သဒ္ဓဉ္စ သီလဉ္စ၊ ဝိဒိတ္ဝာန ဇနာဓိပ။
ဝတ္တံ အဥ္ဇနဝဏ္ဏေန၊ ကာလိင်္ဂသ္မိံ နိမိမှသေ။

လူဘို့ကို အစိုးရသော အရှင်မင်းမြတ် အရှင်မင်းမြတ်၏ သဒ္ဓါတရားကို လည်းကောင်း၊ သီလကိုလည်းကောင်း ကြားသိကုန်သောကြောင့် မျက်စဉ်းတောင်သို့ ညိုရောင်လက်လက် ဖိတ်ဖိတ်ဘွက်သော အဆင်းရှိသော အရှင်မင်းမြတ်၏ မင်္ဂလာဆင်တော်ဖြင့် ကာလိင်္ဂမင်း၏ ထံတော်၌ ရွှေ, ငွေ, စတို အလုံးစုံသော ဥစ္စာကို လဲလှယ်၍ ယူပါကုန်အံ့၊ ထိုသို့သောအကြောင်းကြောင့် ဤအရှင်မင်းမြတ်၏ ထံတော်သို့ လာရောက်ကြပါကုန်၏ဟု လျှောက်တင်ကုန်၏။

ဘုရားအလောင်းတော်သည် ထိုစကားကို ကြား၍ အိုပုဏ္ဏားတို့ အသင်တို့အား ဤဆင်ကို လဲလှယ်၍ ပစ္စည်းဥစ္စာကို စုဆောင်းကုန်အံ့ဟု မကြံစည်ကြကုန်လင့်၊ တန်ဆာဆင်မြဲတိုင်းသာဖြစ်သော ဆင်ကို အသင်တို့အား ပေးလှူအံ့ဟု ပြောဆိုမိန့်မြွက် သဟ်သာရေကို ရစေ၍ ဤဂါထာကို ရွတ်ဆို၏—

အန္နဘစ္စာ စ ဘစ္စာ စ၊ ယော'ဓ ဥဒ္ဒိဿ ဂစ္ဆတိ။
သဗ္ဗေ တေ အပ္ပဋိက္ခိပ္ပါ၊ ပုဗ္ဗာစရိယဝစော ဣဒံ။
ဒဒါမိ ဝေါ ဗြာဟ္မဏာ နာဂမေတံ၊ ရာဇာရဟံ ရာဇဘောဂ္ဂံ ယသဿိနံ။
အလင်္ကတံ ဟေမဇာလာဘိဆန္နံ၊ သသာရထိံ ဂစ္ဆထ ယေန ကာမံ။

ပုဏ္ဏားတို့ ရိက္ခာယမင်းပေးကမ်းအပ်သော အမှုထမ်းတို့သည်လည်းကောင်း၊ အမှုထမ်း မဟုတ်သူတို့သည် လည်းကောင်း ရှိကုန်၏။ ထိုသူတို့တွင် အကြင်သူသည် ငါသည် ချဉ်းကပ် ရပ်ခံတောင်းမူ ပေးလှူလိမ့်မည် ကြံစည်ရည်ွတ်၍ အနီးထံပါး ချဉ်းကပ်သွား၏။ ထိုအလှူခံ အားလုံးတို့ကို သွားလေ, ဖဲလေ မလှူပေဟု မပယ်ရှား မလှန်အပ်ကုန်။ လာရောက် တောင်းပြန် အလှူခံကို မပယ်လှန်သင့် အခွင့်လျော်စွာ ပေးလှူရာ၏ဟူသော ဤစကားသည် လက်ဦးဆရာ မည်ထိုက်စွာသား မိဘနှစ်ပါးတို့ ဆုံးမခဲ့သော စကားပေတည်း။

ပုဏ္ဏားဘို့ ပြည့်ရှင်မင်းမြတ်အား ထိုက်တန်သော ပြည့်ရှင်မင်းတို့၏ အသုံးအဆောင်ဖြစ်သော, များလှသော အခြံအရံရှိသော, ထူးပြားများစွာ တန်ဆာဆင်အပ်သော, အလျှံပိုးပြက် ရွှေကွန်ယက်ဖြင့် ဖုံးလွှမ်းအပ်သော, တတ်သိလိမ္မာ ဆင်ဆရာနှင့် တကွသော ဤမင်္ဂလာဆင်တော်ကို သင်တို့အား ငါသည် ပေးလှူတော်မူ၏၊ သင်တို့သည် မိမိဘို့အလိုရှိသည့်အတိုင်း ယူဆောင်၍ သွားကြကုန်လော့။

ဤသို့ မြတ်သော ဆင်ကျောက်ကုန်းထက်၌ စံနေတော်မူလျက်သာလျှင် ဘုရားအလောင်းတော်သည် နှုတ်ဖြင့် ပေးလှူတော်မူပြီးသော် တစ်ဖန် ဆင်ကျောက်ကုန်းထက်မှ သက်ဆင်းတော်မူ၍ တန်ဆာမဆင်အပ် လစ်လပ်ကြွင်းကျန်သော နေရာသည် အဘယ်၍ ရှိခဲ့အံ့၊ ဖြည့်သွင်းပြုပြင် တန်ဆာဆင်၍ လှူဒါန်းအံ့ဟု ပြောဆိုပြီးလျှင် သုံးကြိမ်သုံးခါ လက်ယာရစ် လှည့်လည်သည်ကို ပြုလျက် ကြည့်ရှု စုံစမ်းတော်မူ၍ အနည်းငယ်မျှ တန်ဆာမဆင်ရသော နေရာအရပ်ကို မတွေ့မြင်သောကြောင့် ထိုဆင်၏ နှာမောင်းကို ပုဏ္ဏားတို့၏ လက်၌ ထား၍ ရွှေကရားဖြင့် ပန်းနံ့သာထုံအပ်သော ရေကို ကျစေ၍ ပေးလှူတော်မူ၏။ ပုဏ္ဏားတို့သည် အခြံအရံနှင့်တကွသော မင်္ဂလာဆင်တော်ကို ခံယူ၍ ဆင်ကျောက်ကုန်းထက်၌ ထိုင်နေကုန်လျက် ဒန္တပုရပြည်သို့ သွား၍ ဆင်တော်ကို မင်းကြီးအား ပေးဆက်ကုန်၏။ မင်္ဂလာဆင်တော် သာရောက်သော်လည်း မိုးသည် မရွာ၊ မင်းကြီးသည် ထိုလူတို့ကို အကြောင်းအသို့နည်းဟု ဆင့်တက် တစ်ဖန် မေးတော်မူပြန်၏။ ထိုလူတို့က ဓနဉ္စယကောရဗျမင်းသည် ဂုရုဓမ္မကို စောင့်ရှောက်၏။ ထို့ကြောင့် ထိုမင်း၏ တိုင်းနိုင်ငံ၌ လခွဲတစ်ကြိမ် ဆယ်ရက်တစ်ကြိမ် အစဉ်အတိုင်း မိုးသည်ရွာ၏။ ဤမိုးရွာခြင်းသည် မင်းကြီး၏ ကျေးဇူးရှိန်စော် အာနုဘော်ပေတည်း။ ဤတိရစ္ဆာန်ဖြစ်သော ဆင်၏ ကျေးဇူးမဟုတ်ဟု ပြောဆိုသည်တို့ကို ကြားသိရသည် ရှိသော် ထိုသို့ ဖြစ်ပါမူကား တန်ဆာဆင်မြဲတိုင်းသော အခြံအရံနှင့်တကွသော ထိုဆင်ကို တစ်ဖန်ပြန်ဆောင်၍ မင်းကြီးအား ပေးဆက်ပြီး ထိုဓနဉ္စယကောရဗျမင်းသည် အပြင်ဂုရုဓမ္မကို စောင့်ရှောက်၏။ ထိုဂုရုဓမ္မကို ရွှေပြား၌ ရေးသား၍ ဆောင်ယူခဲ့ကုန်လော့ဟုပြောဆိုပြီးလျှင် ပုဏ္ဏားတို့ကိုလည်းကောင်း, အမတ်တို့ကိုလည်းကောင်း စေလွှတ်တော်မူ၏။

ကောရဗျမင်းကြီးထံ ဂုရုဓမ္မသီလကို တောင်းခြင်း

ထိုပုဏ္ဏား အမတ်တို့သည် စေလွှတ်တိုင်းအား သွားရောက်ကုန်ပြီးသော် ဓနဉ္စယကောရဗျမင်းကြီးအား ဆင်တော်ကို တစ်ဖန်ပြန်ပို့ဆောက်နှင်း၍ အရှင်မင်းမြတ် ဤဆင်တော်သည် ရောက်ရှိပါသော်လည်း အကျွန်ုပ်တို့၏ တိုင်းနိုင်ငံ၌ မိုးသည် မရွာသေး၊ အရှင်မင်းကြီးတို့သည် ဂုရုဓမ္မ အမည်ရသော သီလကို စောင့်ရှောက်ကြကုန်သတတ်။ အကျွန်ုပ်တို့၏ မင်းမြတ်သည်လည်း ထိုဂုရုဓမ္မသီလကို စောင့်ရှောက်ခြင်းငှါ အလိုရှိပါ၏။ ဤရွှေပြား၌ ရေးသား ဆောင်ယူခဲ့ကုန်လော့ဟု အကျွန်ုပ်တို့ကို စေလွှတ်၏၊ အကျွန်ုပ်တို့အား ဂုရုဓမ္မသီလကို ပေးပါကုန်လော့ဟု လျှောက်တင်ကုန်၏။ အမောင်တို့ ငါသည် ထိုဂုရုဓမ္မသီလကို စောင့်ရှောက်သည်ကား မှန်ပေ၏။ ယင်းသို့ စောင့်ရှောက်သော်လည်း ဤယခုအခါ ထိုစောင့်ရှောက်အပ်သော သီလ၌ ငါ့အား သံသယဖြစ်ပွားခြင်း ရှိပေ၏။ ထိုဂုရုဓမ္မသီလသည် ငါ၏ စိတ်ကို သန့်ရှင်းစင်ကြယ်သောအားဖြင့် မနှစ်သက်စေနိုင်။

ထို့ကြောင့် အသင်တို့အား ပေးခြင်းငှါ မစွမ်းနိုင်။ အဘယ့်ကြောင့် ထိုသီလသည် မင်းကြီးအား သန့်ရှင်းသော အဖြစ်အားဖြင့် မနှစ်သက်စေနိုင်သနည်း။ ထိုခေတ်အခါက ပြည့်ရှင်မင်းမြှုပ်တို့အား သုံးနှစ်မြောက် သုံးနှစ်မြောက်သော အခါ၌ တန်ဆောင်မုန်းလ ဝယ် ပွဲသဘင်မည်သည် ဖြစ်၏။ ထိုပွဲသဘင်ကို ဂစားကုန်သော မင်းတို့သည် အလုံးစုံသော တန်ဆာတို့ဖြင့် တန်ဆာဆင်ကုန်လျက် နတ်၏ အသွင်ကို ယူ၍ စိတ္တရာဇမည်သော ဘီလူး၏ အထံ၌ တည်နေ၍ လေးပါးကုန်သော အရပ်မျက်နှာတို့သို့ ပန်းတို့ဖြင့် တန်ဆာဆင်အပ်ကုန်သော မြားတို့ကို ပစ်လွှတ်ကြကုန်၏။ ဤမင်းကြီးသည်လည်း ထိုသို့ သဘောရှိသော သဘင်ကို ကစားလျက် တစ်ခုသော တစ်ဖက်ဆည်ကန်၏ ကန်ပေါင်ဝယ် စိတ္တရာဇဘီလူး၏ အထံ၌ တည်နေ၍ လေးပါးသော အရပ်မျက်နှာတို့သို့ မြားတို့ကို ပစ်လွှတ်သည် ရှိသော် ထိုမြားလေးစင်းတို့တွင် ကြွင်းသောအရပ်တို့သို့ သွားကုန်သော မြားသုံးစင်းတို့ကို တွေ့မြင်ရ၍ ရေအပြင်၌ ပစ်အပ်သော မြားကို မတွေ့မြင်ရလေ။ မင်းကြီးအား အသို့နည်း၊ ငါပစ်အပ်သော မြားသည် ငါး၏ ကိုယ်၌ ကျလေသလောဟု သံသယဖြစ်၏။ ပါဏာတိပါတကံဖြင့် သီလပျက်ခြင်းကို အကြောင်းပြု၍ ထိုသီလသည် ငါ့ကို မနှစ်သက်စေနိုင်ဟု ထိုမင်းကြီးသည် ဤသို့ ပြောဆို၏။ အမောင်တို့ ငါ့အား ဂရုဓမ္မသီလ၌ သံသယ ရှိ၏။ ငါ၏ မယ်တော်သည်ကား ကောင်းစွာ စောင့်ရှောက်ခြင်းကို စောင့်ရှောက်ပေ၏။ ထိုမယ်တော်၏ အထံ၌ ယူကြကုန်လော့ဟု ပြောဆို၏။

မြတ်သောမင်းကြီး အရှင်မင်းကြီးတို့အား သတ္တဝါကို သတ်အံ့ဟူသော စေတနာသည် မရှိ၊ ထိုသတ်အံ့ဟူသော စေတနာကို ကြဉ်၍ ပါဏာတိပါတ မည်သည် မဖြစ်၊ အကျွန်ုပ်တို့အား မိမိစောင့်ရှောက်အပ်သော ဂရုဓမ္မသီလကို ပေးပါကုန်လော့ဟု ပြောဆို လျှောက်တင်ကုန်၏။ ထိုသို့ဖြစ်ပါမူကား ရေးမှတ်ကုန်လော့ဟု မိန့်တော်မူ၍ ရွှေပြားအပြင်၌ ရေးသားစေ၏။ အဘယ်သို့ ရေးသားစေသနည်းဟူမူ "ပါဏော န ဟန္တဗ္ဗော၊ အဒိန္နံ နာဒါတဗ္ဗံ၊ ကာမေသု မိစ္ဆာစာရော န စရိတဗ္ဗော၊ မုသာဝါဒေါ န ဘာသိတဗ္ဗော၊ မဇ္ဇံ န ပါယိတဗ္ဗံ" ဟူ၍ ရေးသားစေ၏။ ရေးသားစေပြီး၍ကား ဤသို့ဖြစ်သော်လည်း သီလသည် ငါ့ကို ငြင်ကြယ် သန့်ရှင်းသောအားဖြင့် မနှစ်သက်စေနိုင်။ ငါ၏ မယ်တော်အထံ၌ ယူကြကုန်လော့ဟု မိန့်ဆိုတော်မူ၏။

## မယ်တော်၏ သီလ

တမန်တို့သည် မင်းကြီးကို ရှိခိုးပြီးသော် ထိုမယ်တော် မိဖုရားကြီး အထံသို့ သွားရောက်၍ အရှင်မိဖုရား အရှင်တို့သည်လည်း ဂရုဓမ္မသီလတို့ကို စောင့်ရှောက်ကုန်သတတ်။ ထိုသီလကို အကျွန်ုပ်တို့အား ပေးပါကုန်လော့ဟု ပြောဆိုကုန်၏။ အမောင်တို့ ငါသည် ဂရုဓမ္မသီလကို စောင့်ရှောက်သည်ကား မှန်၏။ ယင်းသို့

စောင့်သော်လည်း ဤယခုအခါ ထိုသီလ၌ ငါ့အား သံသယသည် ဖြစ်၏။ ထိုဂရုဓမ္မသီလသည် ငါ့အား မနှစ်သက်စေနိုင်။ ထို့ကြောင့် အသင်တို့အား ပေးခြင်းငှါ မစွမ်းနိုင်ဟု ပြောဆို၏။ ထိုမိဖုရားကြီးအား သားတော်အကြီးကား ပြည့်ရှင်မင်း, သားတော်အငယ်ကား အိမ်ရှေ့မင်းအားဖြင့် သားတော်နှစ်ပါးရှိ၏။ ထိုနောက် ပြည့်ရှင်မင်းတစ်ပါးသည် ဘုရားအလောင်းအား အဖိုးတစ်သိန်းထိုက်သော စန္ဒကူးနှစ်နှင့် အဖိုးတစ်ထောင်ထိုက်သော ရွှေပန်းကို စေလွှတ်ပေးပို့၏။ ဘုရားအလောင်းသည် မယ်တော်ကို ပူဇော်အံ့ဟု ကြံစည်၍ ရသမျှဥစ္စာ ထိုအလုံးစုံကို မယ်တော်အား ပေးပို့စေ၏။ ထိုမယ်တော်ကြီးသည် စန္ဒကူးနှစ်ကို မလိမ်းကျံတော့အံ့၊ ပန်းကို မပန်ဆင်တော့အံ့၊ ချွေးမတော်တို့အား ပေးအံ့ဟု ကြံစည်၏။ ထိုနောက် မယ်တော်ကြီးအား ဤသို့သော အကြံအစည်သည် ဖြစ်ပြန်၏။ အဘယ်သို့ဖြစ်ပြန်သနည်းဟူမူ ငါ၏အကြီးဖြစ်သော ချွေးမတော်သည် အစိုးရသော သူတည်း။ မြတ်သော မိဖုရားကြီးအရာ၌ တည်၏။ ထိုအကြီးဖြစ်သော ချွေးမတော်အား ရွှေပန်းကို ပေးအံ့။ အငယ်ဖြစ်သော ချွေးမတော်သည် ကား ဆင်းရဲ၏၊ ထိုအငယ်ဖြစ်သော ချွေးမတော်အား စန္ဒကူးနှစ်ကို ပေးအံ့ဟု ကြံစည်၏။ ကြံစည်ပြီး၍ကား ထိုမယ်တော်ကြီးသည် မင်းကြီး၏ မိဖုရားဖြစ်သော ချွေးမတော်အကြီးအား ရွှေပန်းကို ပေး၍ အိမ်ရှေ့မင်း၏ မယားဖြစ်သော ချွေးမတော်အငယ်အား စန္ဒကူးနှစ်ကို ပေး၏။ ပေးပြီး၍ကား ထိုမယ်တော်ကြီးအား ငါသည် ဂရုဓမ္မ သီလကို စောင့်ရှောက်၏။ ထို ချွေးမတော်တို့၏ ဆင်းရဲသောအဖြစ်သည် ငါ့အား ပမာဏမဟုတ်။ အမျိုး၌ ကြီးသောသူတို့အား အရိုအသေပြုခြင်း အမှုသာလျှင် ဖြစ်သော ပမာဏကို ပြုခြင်းငှါ ငါ့အား သင့်လျော်လျောက်ပတ်၏။ အသို့နည်း၊ ထိုအကြီးဖြစ်သော ချွေးမတော်အား ပြုလုပ်ဖွယ်အမှုကို မပြုလုပ်အပ်သည်အဖြစ်ကြောင့် ငါ၏ သီလသည် ပျက်စီးလေသလောဟု သံသယရှိသည်ဖြစ်၏။ ထို့ကြောင့် ဤသို့ပြောဆိုလေသတည်း။

ထိုအခါ မယ်တော်ကြီးကို တမန်တို့က "မိမိဥစ္စာမည်သည်ကို အလိုရှိသည်အားလျော်စွာ ပေးနိုင်၏။ အရှင်မတို့သည် ဤမျှလောက်ဖြင့်လည်း သံသယဖြစ်သည်ရှိသော် တစ်ပါးသော မကောင်းမှုကို အဘယ်သို့ ပြုကုန်လတ္တံ့နည်း။ သီလမည်သည် ဤသို့သော သဘောဖြင့် မပျက်စီးနိုင်။ အကျွန်ုပ်တို့အား ဂရုဓမ္မ သီလကို ပေးပါကုန်သော"ဟု ပြောဆို၍ ထိုမိဖုရားကြီး၏အထံ၌လည်း မှတ်ယူ၍ ထိုဂရုဓမ္မတို့ကို ရွှေပြားအပြင်၌ ရေးသားကုန်၏။

## မိဖုရားကြီး၏ သီလ

အမောင်တို့ ဤသို့ ဖြစ်သော်လည်း သီလသည် ငါ့ကို မနှစ်သက်စေနိုင်။ ငါ၏ ချွေးမတော်သည်ကား ကောင်းစွာ စောင့်ရှောက်၏။ ထို ချွေးမတော်၏ အထံ၌ ယူကြကုန်လော့ဟု ပြောဆိုလိုက်သည် အဖြစ်ကြောင့်ကား မြတ်သော

မိဖုရားကြီးသို့ ချဉ်းကပ်၍ ရှေးနည်းဖြင့်သာလျှင် ဂရုဓမ္မသီလကို တောင်းကြကုန်၏။ ထိုမိဖုရားကြီးကလည်း ရှေးနည်းတူသာလျှင် မိန့်ဆို၍ ဤယခုအခါ၌ကား သီလသည် ငါ့ကို စင်ကြယ် သန့်ရှင်းသောအားဖြင့် မနှစ်သက်စေနိုင်။ ထို့ကြောင့် အသင်တို့အား ပေးခြင်းငှါ မစွမ်းနိုင်ဟု ပြောဆို၏။ ထိုမိဖုရားကြီးသည် တစ်နေ့သောအခါ၌ ခြင်္သေ့ ခံသော လေသောက်ပြတင်း၌ ရပ်တည်လျက် မင်းကြီး၏ မြို့သို့ လက်ယာရစ် လှည့်သည်ကို ပြုစဉ် မင်းကြီး၏ နောက်မှ ဆင်ကျောက်ကုန်း၌ ထိုင်နေသော အိမ်ရှေ့မင်းကို မြင်၍ လောဘကို ဖြစ်စေပြီးလျှင် ငါသည် အကယ်၍ ဤအိမ်ရှေ့မင်းနှင့် အတူတကွ နိုးနှော ပေါင်းဖော်ခြင်းကို ပြုရအံ့၊ ဤသို့ ပြုရသည် ရှိသော် နောင်တော် ကွယ်လွန်သဖြင့် မင်းအဖြစ်၌ တည်သော အိမ်ရှေ့မင်းသည် ငါ့ကို ချီးမြှောက် သိမ်းပိုက်ရာ၏ဟု ကြံစည်မိသတတ်။ ထိုနောက် မိဖုရားကြီးအား ငါသည် ဂရုဓမ္မသီလကို စောင့်ရှောက်ပါလျက် စိုးပိုင်သောအရှင် ရှိသည် ဖြစ်၍ ကိလေသာ၏အစွမ်းဖြင့် တစ်ပါးသော ယောကျ်ားကို ကြည့်ရှုမိလေပြီ။ ငါ၏ သီလသည် ပျက်စီးသည် ဖြစ်ပေရာ၏ဟု သံသယရှိသည် ဖြစ်၏။ ထို့ကြောင့် ဤသို့ ပြောဆိုလေသတည်း။ ထိုအခါ မိဖုရားကြီးကို တမန်တို့က အရှင်မ လွန်ကျူး၍ ကျင့်သော အကျင့်မည်သည် စိတ္တုပ္ပါဒ်ဖြင့် မဖြစ်။ အရှင်မတို့သည် ဤမျှလောက်ဖြင့်လည်း သံသယဖြစ်သည် ရှိသော် လွန်ကျူးခြင်းအမှုကို အဘယ်သို့ ပြုကုန်အံ့နည်း။ ဤမျှဖြင့် သီလမပျက်စီးချေ။ အကျွန်ုပ်တို့အား ဂရုဓမ္မသီလကို ပေးပါကုန်လော့ဟု ပြောဆိုလျှောက်တင်၍ ထိုမိဖုရားကြီးအထံ၌လည်း မှတ်ယူ၍ ရွှေပြားအပြင်၌ ရေးသားကုန်၏။

## အိမ်ရှေ့မင်း၏ သီလ

အမေသင်တို့ ဤသို့ဖြစ်သော်လည်း သီလသည် ငါ့ကို မနှစ်သက်စေနိုင်။ အိမ်ရှေ့မင်းသည်ကား ကောင်းစွာ စောင့်ရှောက်၏။ ထိုအိမ်ရှေ့မင်း၏ အထံ၌ မှတ်ယူကုန်လော့ဟု မိန့်ဆိုလိုက်သောကြောင့် အိမ်ရှေ့မင်းသို့ ချဉ်းကပ်၍ ရှေးနည်းဖြင့်သာလျှင် ဂရုဓမ္မသီလကို တောင်းကြကုန်၏။ ထို အိမ်ရှေ့မင်းသည်ကား ညနေချမ်းအခါ၌ ပြည့်ရှင်မင်းအား အခစားရန် သွားသည် ရှိသော် ရထားဖြင့်သာလျှင် မင်းရင်ပြင်သို့ သွားရောက်၍ မင်းကြီးအထံတော်၌သာလျှင် အကယ်၍ အိပ်ခြင်းငှါ အလိုရှိသည် ဖြစ်အံ့၊ ကြိုးတို့ကိုလည်းကောင်း, နှင်တံတို့ကိုလည်းကောင်း, ရထားဦး အတွင်း၌ စွန့်လွှတ် ချ ထား၏၊ ထိုသို့သော အမှတ်ဖြင့် လူများအပေါင်းသည် ဖဲသွားဆုတ်ပြန်၍ နောက်နေ့နံနက် စောစောကသာလျှင် သွားရောက်၍ ထိုအိမ်ရှေ့မင်း၏ ထွက်တော်မူလာခြင်းကို ငံ့မျှော်ကြည့်ရှုလျက် သာလျှင် တည်နေ၏။ ရထားထိန်းသည်လည်း ထိုရထားကို ပြန်ဆောင်ယူသွား၍ တစ်ဖန် မိုးသောက်သောနေ့၌ နံနက်စောစောကသာလျှင် ထိုရထားကို

ယူ၍ မင်းကြီး၏ နန်းတော် တံခါး၌သာလျှင် တည်နေ၏။ ခဏမျှသာလျှင် အကယ်၍ စံနေခြင်းငှါ အလိုရှိသည်ဖြစ်အံ့၊ ကြိုးတို့ကိုလည်းကောင်း, နှင်တံတို့ကိုလည်းကောင်း ရထားအတွင်း၌သာလျှင်ထား၍ ပြည့်ရှင်မင်းမြတ်အား ခစားရန်သွား၏။ ထိုအမှတ်ဖြင့် များစွာသော လူအပေါင်းသည် ဤယခုအခါ၌သာလျှင် အိမ်ရှေ့မင်းထွက်တော်မူလတ္တံ့ဟု မင်းကြီး၏ နန်းတော် တံခါး၌သာလျှင် မျှော်ငံ့တည်နေ၏၊ ထိုအိမ်ရှေ့မင်းသည် တစ်နေ့သောအခါ၌ ကြိုးတို့ကို လည်းကောင်း, နှင်တံတို့ကိုလည်းကောင်း ရထား၏အတွင်း၌ ထား၍ နန်းတော်သို့ ဝင်တော်မူ၏။ ထိုအိမ်ရှေ့မင်း၏ နန်းတော်သို့ ဝင်ကာမျှ၌သာလျှင် မိုးသည်ရွာ၏၊ မင်းကြီးက မိုးသည်ရွာ၏ဟု ထိုအိမ်ရှေ့မင်းသားအား ပြန်၍ ထွက်ခြင်းငှါ အခွင့်မပေး။ ထိုနန်းတော်အတွင်း၌သာလျှင် စားသုံး၍ အိပ်ရလေ၏။ များစွာသော လူအပေါင်းသည် ဤယခုအခါ၌ အိမ်ရှေ့မင်း ထွက်တော်မူလာလတ္တံ့ဟု အလုံးစုံသော ညဉ့်ပတ်လုံး မိုးရေစွတ်စိုလျက်သာလျှင် ဆိုင်းငံ့တည်နေရ၏။ အိမ်ရှေ့မင်းသည် နှစ်ရက်မြောက်သောနေ့၌ နန်းတော်အတွင်းမှထွက်၍ မိုးစိုစွတ်လျက် ဆိုင်းငံ့တည်နေသော များစွာသော လူအပေါင်းကို မြင်သည်ရှိသော် ငါသည် ဂရုဓမ္မသီလကို စောင့်ရှောက်လျက် ဤမျှအတိုင်းအရှည်ရှိသော လူအပေါင်းကို ပင်ပန်းစေ၏၊ ငါ၏ သီလသည် ပျက်စီးသည်ဖြစ်ပေရာ၏ဟု သံသယရှိသည်ဖြစ်၏။ ထို့ကြောင့် အိမ်ရှေ့မင်းက ထိုတမန်တို့အား ငါသည် ဂရုဓမ္မသီလကို စောင့်ရှောက်သည်ကား မှန်၏။ ဤယခုအခါ၌ကား ငါ့အား သံသယ ပွါးခြင်းရှိ၏။ ထို့ကြောင့် အသင်တို့အား ပေးခြင်းငှါ မစွမ်းနိုင်ဟု ပြောဆို၍ ထိုသံသယဖြစ်ခြင်းအကြောင်းကို ပြောကြား၏။ ထိုအခါ တမန်တို့က အိမ်ရှေ့မင်းကို အရှင်မင်းမြတ် အရှင်တို့အား ဤသူသို့ ပင်ပန်းစေကုန် သတည်းဟု စိတ်အကြံအစည် မရှိ စေတနာမရှိရကား ကံသည် မဖြစ်။ ဤမျှဖြင့်လည်း သံသယ ရှိသည်ကို ပြုသည်ရှိသော် အဘယ်သို့လျှင် အရှင်တို့အားလွန်ကျူးခြင်း ဖြစ်လတ္တံ့နည်းဟု ပြောဆို၍ ထိုအိမ်ရှေ့မင်း၏ အထံ၌လည်း သီလကို နာယူ၍ ရွှေပြားအပြင်၌ ရေးသားကုန်၏။

## ပုရောဟိတ်၏ သီလ

ဤသို့ ဖြစ်သော်လည်း သီလသည် ငါ့ကို မနှစ်သက်စေနိုင်၊ ပုရောဟိတ်သည်ကား ကောင်းစွာ စောင့်ရှောက်၏။ ထို ပုရောဟိတ်ထံ၌ နာယူကုန်လော့ဟု မိန့်ဆိုတော်မူ ပို့က်သောကြောင့်ကား ပုရောဟိတ်အထံသို့ ချဉ်းကပ်၍ တောင်းကြကုန်၏၊ ထိုပုရောဟိတ်သည်လည်း တစ်နေ့သောအခါ၌ မင်းကြီးအား ခစားခြင်းသို့ သွားသည် ရှိသော် တစ်ဦးသော ပြည့်ရှင်မင်းသည် မိမိ အရှင်ဖြစ်သော ထိုမင်းကြီးအား ပေးပို့စေအပ်သော နီသောနေရောင်ခြည် အဆင်းရှိသော ရထားကို လမ်းခရီးအကြား၌ တွေ့မြင်၍ ဤရထားသည် အဘယ်

သူ၏ ရထားနည်းဟုမေးမြန်း၍ မင်းကြီးအား ဆောင်အပ်သော ရထားတည်းဟု ကြားသိ၍ ငါသည် ကြီးသော အရှုံးရှိ၏။ မင်းကြီးသည် ငါ့အား ဤရထားကို အကယ်၍ ပေးသနားငြားအံ့၊ ဤရထားကို တက်စီး၍ ချမ်းသာစွာလှည့်လည်နိုင်ပေရာ၏ဟု ကြံစည်ပြီးလျှင် မင်းကြီးအား ခစားခြင်းသို့ သွား၏။ ထိုပုရောဟိတ်၏ ဘိသိက်မင်္ဂလာ အောင်ဇေယျာ ဖြစ်စေ၍ တည်နေသောအခါ၌ မင်းကြီးအား ရထားကို ပို့ဆက်ပြသကုန်၏။ မင်းကြီးသည် ရထားကို မြင်၍ ဤရထားကား အလွန် လျှင် ကောင်း၏။ ဆရာ ပုရောဟိတ်အား ထို ရထားကို ပေးကြကုန်လော့ဟု မိန့် ဆိုဘော်မူ၏။ ပု ရော ဟိတ် သည် အ လို မရှိ၊ အဖန် တလဲလဲ မိန့်ဆို ပါသော်လည်း အလိုမရှိ သည် သာ လျှင် တည်း။ အ ဘယ် အ ကြောင်း ကြောင့် နည်း ဟူ မူ ထို ပု ရော ဟိတ် အား ငါ သည် ဂရုဓမ္မ သီလကို စောင့်ရှောက်လျက် သူတစ်ပါးပစ္စည်း၌ လိုချင်တတ်သော လောဘကို ပြုလုပ်မိပြီ၊ ငါ၏ သီလသည် ပျက်စီးသည် ဖြစ်ပေရာ၏ဟု ဤသို့ အကြံသည် ဖြစ်သတတ်။ ထိုကြောင့် အလိုမရှိသည်သာလျှင်တည်း။ ထိုပုရောဟိတ်သည် ထိုသို့သော အကြောင်းကို ပြောကြားပြီး၍ အမောင်တို့ ငါ့အား ဂရုဓမ္မသီလ၌ သံသယရှိ၏၊ ထိုဂရုဓမ္မတရားသည် ငါ့ကို မနှစ်သက်စေနိုင်။ ထိုကြောင့် အသင်တို့အား ပေးခြင်းငှါ မစွမ်းနိုင်ဟု ပြောဆို၏။ ထိုအခါ တမန်တို့သည် ထိုပုရောဟိတ်ကို လောဘ ဖြစ်ကာမျှဖြင့် သီလသည် မပျက်စီး။ အသင်တို့သည် ဤမျှဖြင့်လည်း သံသယရှိသည်ကို ပြုသည် ရှိသော် လွန်ကျူးခြင်းကို အသို့ ပြုကုန်လတ္တံ့နည်းဟု ပြောဆိုကုန်၍ ထိုပုရောဟိတ်၏ အထံလည်း၌ သီလကို နာယူ၍ ရွှေပြားအပြင်၌ ရေးသားကုန်၏။

## မြေတိုင်းအမတ်၏ သီလ

ဤသို့ ဖြစ်သော်လည်း ဤသီလသည် ငါ့ကို မနှက်သက်စေနိုင်။ မြေတိုင်းအမတ်သည်ကား ကောင်းစွာ စောင့်ရှောက်၏။ ထိုမြေတိုင်းအမတ်၏ အထံ၌ နာယူကုန်လော့ဟု ပြောဆိုလိုက်သောကြောင့် ထိုမြေတိုင်း အမတ်သို့လည်း ချဉ်းကပ်၍ တောင်းပန်ကုန်၏။ ထိုမြေတိုင်း အမတ်သည်လည်း တစ်နေ့သော အခါ၌ ဇနပုဒ်၌ လယ်ကို နိုင်းရှည့် ဟိုင်းထွာသည် ရှိသော် ကြိုးကို တုတ်လုံကန်၌ ဖွဲ့ချည်၍ တပ်ဖက်သော အစွန်းကြိုးစကို လယ်ရှင်ကို ကိုင်ဆွဲစေ၍ တစ်ဖက်သော အစွန်းကြိုးစကို မိမိသည် ကိုင်ဆွဲ၏။ ထိုမြေတိုင်းအမတ် ကိုင်ဆွဲအပ်သော ကြိုးအစွန်းဖြင့် ဖွဲ့ချည်အပ်သော တုတ် လုံကန်သည် တစ်ကောင်သော ပုစွန်လုံး၏ တွင်းလယ်သို့ ရောက်ရှိ၏။ ထိုမြေတိုင်းအမတ်သည် တုတ် လုံကန်ကို ငါသည် အကယ်၍ တွင်း၌ ကျသက် စိုက်မိခဲ့အံ့။ ဤသို့ စိုက်မိခဲ့သည် ရှိသော် ကျင်း၏ အတွင်း၌ ရှိသော ပုစွန်သည် ပျက်စီးလတ္တံ့။ တွင်း၏ တစ်ဖက် အနားကမ်းမှ အကယ်၍ စိုက်သည်ကို ပြုအံ့၊ မင်းကြီး၏ ဥစ္စာသည်

ပျက်စီးလတ္တံ့။ တွင်း၏ ဤမှာဘက် အနားကမ်းမှ အကယ်၍ စိုက်ခြင်းကို ပြုမိအံ့။ လယ်သူကြီး၏ ဥစ္စာသည် ပျက်စီးလတ္တံ့။ အဘယ်သို့ ပြုလုပ်ရပါအံ့ နည်းဟု ကြံစည်၏။ ထိုနောက် ထိုမြေတိုင်း အမတ်အား ဤသို့သော အကြံ သည် ဖြစ်ပြန်၏။ အဘယ်သို့ ဖြစ်ပြန်သနည်းဟူမူ ဤတွင်းကျင်း၌ ပုစွန်ရှိသည် မဖြစ်ပေရာ။ အကယ်၍ ရှိသည် ဖြစ်ငြားအံ့။ ထင်ရှားနဲ့ရာ၏။ ဤတွင်းကျင်း၌ သာလျှင် ထိုတုတ်လှံကန်ကို ကျသက် စိုက်ထောင်တော့အံ့ဟု ကြံစည်၏။ ကြံစည်ပြီး၍ကား ပုစွန်တွင်းကျင်း၌ ထိုတုတ်လှံကန်ကို ချသွင်း စိုက်ထူ၏။ ပုစွန်သည် "ကိရိ" ဟူသော အသံကို ပြု၏။ ထိုအခါ မြေတိုင်းအမတ်အား တုတ် လှံကန်သည် ပုစွန်၏ ကျောက်ကုန်း၌ ကျသက်သည် ဖြစ်လတ္တံ့။ ပုစွန်သည် သေသည် ဖြစ်လတ္တံ့။ ငါသည်လည်း ဂရုဓမ္မသီလကို စောင့်ရှောက်၏။ ထိုအကြောင်းကြောင့် ငါ၏ သီလသည် ပျက်စီးသည် ဖြစ်ရာ၏ဟု ဤသို့သော အကြံအစည်သည် ဖြစ်၏။ ထိုမြေတိုင်း အမတ်သည် ဤသို့သော အကြောင်းကို ပြောကြား၍ ငါ့အား ဤသို့သော အကြောင်းကြောင့် ဂရုဓမ္မသီလ၌ သံသယ သည်ရှိ၏။ ထို့ကြောင့် အသင်တို့အား ပေးခြင်းငှါ မစွမ်းနိုင်ဟု ပြောဆို၏။ ထိုအခါ တမန်တို့က ထိုမြေတိုင်း အမတ်ကို အသင်တို့အား ပုစွန်သေစေသတည်း ဟူသော စိတ်သည် မရှိ။ စေတနာ မရှိသော အရာကား ကံမည်သည် မဖြစ်။ အသင်တို့သည် ဤမျှလောက်ဖြင့်လည်း သံသယရှိသည်ကို ပြုသောကြောင့် လွန်ကျူးခြင်းအမှုကို အသို့ ပြုကုန်လတ္တံ့နည်းဟု ပြောဆို၍ ထိုမြေတိုင်း အမတ်၏ အထံ၌လည်း သီလကို နာယူ၍ ရွှေပြားအပြင်၌ ရေးသားကုန်၏။

## ရထားထိန်း၏ သီလ

ဤသို့ ဖြစ်သည် ရှိသော်လည်း ဤသီလသည် ငါ့ကို မနှစ်သက်စေနိုင်။ ရထားထိန်းသည်ကား ကောင်းစွာ စောင့်ရှောက်၏။ ထိုရထားထိန်း အထံ၌ နာယူကုန်လော့ဟု ပြောဆိုလိုက်သောကြောင့် ထိုရထားထိန်းသို့ ချဉ်းကပ်၍ ဂရုဓမ္မသီလကို တောင်းကြကုန်၏။ ထိုရထားထိန်းသည် တစ်နေ့သောအခါ၌ မင်းကြီးကို ရထားဖြင့် ဥယျာဉ်သို့ ဆောင်၏။ မင်းကြီးသည် ထိုဥယျာဉ်၌ တစ်နေ့ပတ်လုံး မြူးထူးပျော်ပါး ကစား၍ ညနေချမ်းအခါ၌ ဥယျာဉ်မှ ထွက်၍ ရထားသို့ တက်စီးတော်မူ၏။ မင်းကြီး စီးသွား ထိုရထား၏ မြို့သို့ မရောက်မီ သာလျှင် နေဝင်သော အခါ၌ မိုးသား တိမ်ပုပ်သည် ဖုံးအုပ် တက်ကြွ၏။ ထိုအခါ၌ ရထားထိန်းသည် မင်းကြီးအား မိုးရေ စိုစွတ်အံ့သည်မှ ကြောက်သော ကြောင့် သိန္ဓောမြင်းတို့အား နှင်တံအမှတ်ကို ပေး၏။ သိန္ဓောမြင်းတို့သည် လျင်စွာသော အဟုန်ဖြင့် ပြေးသွားကုန်၏။ ထိုအခါမှ စ၍ကား ထိုသိန္ဓောမြင်း တို့သည် ဥယျာဉ်သို့ သွားကုန်သည် ရှိသော် လည်းကောင်း, ထိုဥယျာဉ်မှ ပြန်လာကုန်သည် ရှိသော်လည်းကောင်း, ထိုအရပ်သို့ ရောက်သည် ရှိသော်

လျှင်စွာသော အဟုန်ဖြင့် သွားကုန် လာကုန်၏။ အဘယ် အကြောင်းကြောင့် နည်းဟူမူ ထိုသိန္ဓောမြင်းတို့အား ဤအရပ်၌ာန၌ ဘေးရန်ရှိသည် ဖြစ်ပေရာ၏။ ထို့ကြောင့် ငါတို့အား ရထားထိန်းသည် နှင်တံအမှတ်ကို ပေးသတည်းဟု ဤသို့သော အကြံသည် ဖြစ်သတတ်။

ရထားထိန်းအားလည်း မင်းကြီး၏ မိုးရေ စိုစွတ်ခြင်း၌လည်းကောင်း, မစိုစွတ်ခြင်း၌လည်းကောင်း ငါ့အား အပြစ်သည်မရှိ။ ငါသည်ကား အရာမဟုတ်သည်တို့၌ လဲမှာ သိတတ် သင်အပ်သော သိန္ဓောမြင်းတို့အား နှင်တံအမှတ်ကို ပေးမိလေပြီ။ ထို့ကြောင့် ဤသိန္ဓောမြင်းတို့သည် ယခုအခါ၌ သွားလာ နှစ်တန် အပြန်ပြန် အလှန်လှန် လျင်မြန်စွာ သွားခြင်းရှိကုန်သည် ဖြစ်၍ ပင်ပန်းရရှာကုန်၏။ ငါသည်လည်း ဂရုဓမ္မသီလကို စောင့်ရှောက်၏။ ထိုအကြောင်းကြောင့် ငါ၏ သီလသည် ပျက်စီးသည် ဖြစ်ပေရာ၏ဟု ဤသို့သော အကြံသည် ဖြစ်၏။ ထိုရထားထိန်းသည် ဤသို့သော အကြောင်းကို ပြောကြား၍ ငါ့အား ဤသို့သော အကြောင်းကြောင့် ဂရုဓမ္မသီလ၌ သံသယသည်ရှိ၏။ ထို့ကြောင့် အသင်တို့အား ပေးခြင်းငှါ မစွမ်းနိုင်ဟု ပြောဆို၏။ ထိုအခါ တမန်တို့က ထိုရထားထိန်းကို အသင်တို့အား သိန္ဓောမြင်းတို့သည် ပင်ပန်းစေကုန်သတည်းဟူသော စိတ်သည် မရှိ။ စေတနာမရှိသော အရာကား ကံမည်သည် မဖြစ်။ ဤမျှ အတိုင်း အရှည်ဖြင့်လည်း အသင်တို့သည် သံသယရှိသည်ကို ပြုကုန်သေး၏။ လွန်ကျူး ခြင်း အမှုကို အသို့ပြုကုန်လတ္တံ့ နည်းဟု ပြောဆိုကုန်၍ ထိုရထားထိန်း၏ အထံ၌ သီလကို နာယူ၍ ရွှေပြားအပြင်၌ ရေးသားကုန်၏။

## သူဌေးကြီး၏ သီလ

ဤသို့ ဖြစ်သည် ရှိသော်လည်း သီလသည် ငါ့ကို မနှစ်သက်စေနိုင်။ သူဌေး ကြီးသည်ကား ကောင်းစွာ စောင့်ရှောက်၏။ ထိုသူဌေးကြီး၏ အထံ၌ မှတ်ယူ ကုန်လော့ဟု ပြောဆိုလိုက်သောကြောင့်ကား ထိုသူဌေးကြီးသို့ ချဉ်းကပ် ကုန်၍ ဂရုဓမ္မသီလကို တောင်းကြကုန်၏။ ထိုသူဌေးကြီးသည်လည်း တစ်နေ့ သော အခါ၌ အဖုံးမှ ထွက်သော သလေးနှံရှိသော မိမိ၏ သလေးခင်းလယ်သို့ သွား၍ ဆင်ခြင် ကြည့်ရှုပြီးလျှင် ဆုတ်နစ်ပြန်လည်သည် ရှိသော် ကောက်စပါး ပန်းကို ဖွဲ့စည်း ပန်ဆင်စေအံ့ဟု ကြံစည်ပြီးလျှင် ထိုသလေးနှံတစ်ဆုပ်ကို ယူစေ၍ ဦးစွန်း၌ ဖွဲ့ချည် ပန်ဆင်စေ၏။ ထိုနောက် သူဌေးကြီးအား ငါသည် ဤလယ်မှ မင်းကြီးအား အခွန်အဖိုးကို ပေးအပ်၏။ ငါသည် မပေးအပ်သေးသော အခွန်အဖိုး ရှိသည်သာလျှင် ဖြစ်သော လယ်မှ သလေးနှံ တစ်ဆုပ်ကို ယူစေ အပ်ပြီ။ ငါသည်လည်း ဂရုဓမ္မသီလကို စောင့်ရှောက်၏။ ထို့ကြောင့် ငါ၏ သီလသည် ပျက်စီးသည် ဖြစ်ရာ၏ဟု ဤသို့သော အကြံအစည်သည် ဖြစ်၏။

ထိုသူဌေးကြီးသည် ဤသို့သော အကြောင်းကို ရှေးပေါင်း ပြောကြားပြီး၍ ငါ့အား ဤသို့သော အကြောင်းကြောင့် ဂရုဓမ္မသီလ၌ သံသယသည် ရှိ၏။ ထို့ကြောင့် အသင်တို့အား ပေးခြင်းငှါ မစွမ်းနိုင်ဟု ပြောဆို၏။ ထိုအခါ တမန်တို့က ထိုသူဌေးကြီးကို အရှင်တို့အား ခိုးယူလိုသောစိတ် မရှိ။ ထိုခိုးယူလိုသော စိတ်နှင့် ကင်း၍ အဒိန္နာဒါန် မည်သည်ကို သိစေခြင်းငှါ မဟုတ်ကောင်း။ ဤမျှဖြင့်လည်း သံသယရှိသည်ကို ပြုကုန်သော အရှင်တို့သည် သူတစ်ပါးဥစ္စာ မည်သည်ကို အသင့် ယူကုန်လတ္တံ့နည်းဟု ပြောဆိုကုန်၍ ထိုသူဌေးကြီး၏ အထံ၌ သီလကို နာယူကုန်ပြီးလျှင် ရွှေပြား အပြင်၌ ရေးသားကုန်၏။

## စာရင်းကိုင်၏ သီလ

ဤသို့ ဖြစ်သည် ရှိသော်လည်း သီလသည် ငါ့ကို မနှစ်သက်စေနိုင်။ တောင်း, တင်းကို ခြင်စေတတ်သော စာရင်းကိုင် အမတ်ကြီးသည်ကား ကောင်းစွာ စောင့်ရှောက်၏။ ထိုစာရင်းကိုင် အမတ်ကြီးအထံ၌ မှတ်ယူကုန်လော့ဟု ပြောဆိုလိုက်သောကြောင့် ထိုစာရင်းကိုင် အမတ်ကြီးသို့ ချဉ်းကပ်၍ ဂရုဓမ္မသီလကို တောင်းကြကုန်၏။ ထိုစာရင်းကိုင် အမတ်ကြီးသည် တစ်နေ့သော အခါဝယ် ကျီကြတံခါး၌ ထိုင်နေ၍ မင်းကြီး၏ အဖိုးဖြစ်ကုန်သော ကောက်စပါးတို့ကို ခြင်စေသည်ရှိသော် မခြင်အပ်သေးသော ကောက်စပါး အစုအပုံမှ ကောက်စပါးကို ယူ၍ အမှတ်ကို ပြု၏ (ဂရို့ချီး မှတ်သား၏)။ ထိုခဏ၌ မိုးသည်းစွာ ရွာ၏။ အမတ်ကြီးသည် အမှတ်ပြုသော ကောက်စပါးတို့ကို တိုးပွါးတင်မှတ် ခြင်အပ်သော ကောက်စပါးတို့သည် ဤမျှမည်သည် ဖြစ်ကုန်၏ဟု ပြောဆို၍ ဂရို့ချီးသော ကောက်စပါးကို ရုံးစုပြီးလျှင် ခြင်ပြီး ဖြစ်သော ကောက်စပါးစု၌ ထည့်သွင်းခဲ့၍ လျင်စွာသော အဟုန်ဖြင့် သွားပြီးသော် တံခါးမုခ်၌ တည်နေ၍ အသို့နည်း၊ ငါသည် အမှတ်ပြုအပ်သော ကောက်စပါးကို ခြင်အပ်ပြီးသော် ကောက်စပါးစု၌ ထည့်ခဲ့မိလေသလော၊ သို့တည်းမဟုတ် မခြင်အပ်သေးသော ကောက်စပါးစု၌ ထည့်မိသလောဟု ကြံစည်၏။

ထိုနောက် အမတ်ကြီးအား ဤသို့သော အကြံအစည်သည် ဖြစ်ပြန်၏။ ငါသည် ခြင်အပ်ပြီးသော ကောက်စပါးအစု၌ အကယ်၍ ထည့်မိခဲ့အံ့၊ ထိုသို့ ထည့်မိခဲ့သည် ရှိသော် အကြောင်းမဲ့သာလျှင် မင်းကြီး၏ ဥစ္စာကို တိုးပွါးစေအပ်၏။ သူကြွယ်တို့၏ ဥစ္စာကို ယုတ်လျော့စေပြီး ဖျက်ဆီးအပ်၏။ ငါသည်လည်း ဂရုဓမ္မသီလကို စောင့်ရှောက်၏။ ထို့ကြောင့် ငါ၏ သီလသည် ပျက်စီးသည် ဖြစ်ရာ၏ ဟူသော အကြံအစည်သည် ဖြစ်၏။ ထိုစာရင်းကိုင် အမတ်ကြီးသည် ဤသို့သော အကြောင်းကို ပြောကြား၍ ငါ့အား ဤသို့သော အကြောင်းကြောင့် ဂရုဓမ္မသီလ၌ သံသယသည် ရှိ၏။ ထို့ကြောင့် အသင်တို့အား

ပေးခြင်းငှါ မစွမ်းနိုင်ဟု ပြောဆို၏။ ထိုအခါ တမန်တို့က ထိုအမတ်ကြီးကို အရှင်တို့အား ခိုးယူလိုသော စိတ် မရှိ။ ထိုခိုးယူလိုသော စိတ်နှင့် ကင်း၍ အဒိန္နာဒါန် မည်သည်ကို သိမှတ်ခြင်းငှါ မတတ်ကောင်း။ ဤမျှဖြင့်လည်း သံသယရှိသည်ကို ပြုကုန်သော အရှင်တို့သည် သူတစ်ပါး ဥစ္စာကို အဘယ်သို့ ယူကုန်အံ့သနည်းဟု ပြောဆိုကုန်၍ ထိုစာရင်းကိုင် အမတ်ကြီး၏ အထံ၌လည်း သီလကို နာယူ၍ ရွှေပြားအပြင်၌ ရေးသားကုန်၏။

## တံခါးဗိုလ်၏ သီလ

ဤသို့ ဖြစ်သည်ရှိသော်လည်း သီလသည် ငါ့ကို မနှစ်သက်စေနိုင်။တံခါးဗိုလ်သည်ကား ကောင်းစွာ စောင့်ရှောက်၏။ ထိုတံခါးဗိုလ်၏ အထံ၌ မှတ်ယူကုန်လော့ဟု ပြောဆိုလိုက်သောကြောင့်ကား ထိုတံခါးဗိုလ်သို့ ချဉ်းကပ်ကုန်၍ သီလကို တောင်းကြကုန်၏။ ထိုတံခါးဗိုလ်သည်လည်း တစ်နေ့သောအခါ မြို့တံခါးဝယ် ညနေချမ်း ကာလ၌ သုံးကြိမ်တိုင်တိုင် အသံကို ကြွေးကြော် ကြားသိစေ၏။ ထိုအခါ တစ်ယောက်သော သူဆင်းရဲ ယောကျ်ားသည် မိမိ၏ နှမငယ်နှင့် အတူတကွ ထင်းသစ်ရွက်အကျိုးငှါ တောသို့ သွား၍ ဆုတ်နစ်ပြန်လည်သည် ရှိသော် ထိုတံခါးဗိုလ်၏ ကြွေးကြော်သံကို ကြားလျှင် နှမငယ်ကို ခေါ်ယူ၍ လျင်စွာသော အဟုန်ဖြင့် မြို့တံခါးသို့ ရောက်လာ၏။ ထိုအခါ တံခါးဗိုလ်က ထိုသူဆင်းရဲယောကျ်ားကို အသင်သည် မြို့၌ မင်းကြီး၏ ရှိသောအဖြစ်ကို မသိသလော၊ မိမိ၏ အချိန်ကာလ အတိုင်းသာလျှင် ဤမြို့၏ တံခါး ပိတ်အပ်သည်ကို မသိလေသလော။ မိမိ၏ မိန်းမကို ခေါ်ယူ၍ ကာမဂုဏ်၌ မွေ့လျော် ပျော်မြူးခြင်းကို ပျော်မြူးလျက် တစ်နေ့ပတ်လုံး လှည့်လည်ဘိ သည်ဟု ပြောဆို၏။

ထိုအခါ တံခါးဗိုလ်အား သူဆင်းရဲ ယောကျ်ားက ဤသူသည် အကျွန်ုပ်၏ မယားမဟုတ်၊ ဤသူသည် အကျွန်ုပ်၏ နှမငယ်ပါတည်းဟု ပြောဆိုသည်ရှိသော် နှမငယ်အား မယားတည်းဟူသော ပြောဆိုခြင်းဖြင့် ငါသည် အကြောင်း မဟုတ်သည်ကို ပြုမိလေစွတကား၊ ငါသည်လည်း ဂရုဓမ္မသီလကို စောင့်ရှောက်၏။ ထို့ကြောင့် ငါ၏ သီလသည် ပျက်စီးသည် ဖြစ်ရာ၏ဟု ဤသို့သော အကြံသည် ဖြစ်၏။ ထိုတံခါးဗိုလ်သည် ဤသို့သောအကြောင်းကို ဖော်ပြ ပြောကြား၍ ဤသို့သော အကြောင်းကြောင့် ဂရုဓမ္မသီလ၌ ငါ့အား သံသယသည် ရှိ၏။ ထို့ကြောင့် အသင်တို့အား ပေးခြင်းငှါ မစွမ်းနိုင်ဟု ပြောဆို၏။ ထိုအခါ တမန်တို့က ထိုတံခါးဗိုလ်ကို အသင်တို့သည် ဤစကားကို ထိုသို့ အမှတ် ရှိသဖြင့် ပြောဆိုမိပေ၏။ သီလပျက်စီးခြင်း မရှိ၊ ဤမျှလောက် အတိုင်း အရှည်ဖြင့်လည်း အဘယ်ရှိကုန်သော အသင်တို့သည် ဂရုဓမ္မသီလ၌ သိလျက်

ပြက်စကားပြောဆိုခြင်း မည်သည်ကို အဘယ်သို့ ပြုကုန်လတ္တံ့နည်းဟု ပြောဆို၍ ထိုတံခါးဗိုလ်၏ အထံ၌လည်း သီလကို နာယူကုန်ပြီးသော် ရွှေပြားအပြင်၌ ရေးသားကုန်၏။

## ပြည့်တန်ဆာမ၏သီလ

ဤသို့ ဖြစ်သည်ရှိသော်လည်း သီလသည် ငါ့ကို မနှစ်သက်စေနိုင်။ ပြည့်တန်ဆာမသည်ကား ကောင်းစွာ စောင့်ရှောက်၏။ ထိုပြည့်တန်ဆာမ၏ အထံ၌ နာယူကုန်လော့ဟု ပြောဆိုလိုက်သောကြောင့်ကား ထိုပြည့်တန်ဆာမသို့လည်း ချဉ်းကပ်၍ ဂရုဓမ္မသီလကို တောင်းကြကုန်၏။ ထိုပြည့်တန်ဆာမသည် ရှေးပြဆို အပ်ခဲ့ပြီးသော နည်းအတိုင်းဖြင့်သာလျှင် မြစ်ပယ်၏။ အဘယ် အကြောင်းကြောင့် မြစ်ပယ်သနည်းဟူမူ နတ်တို့၏ အရှင်ဖြစ်သော သိကြားမင်းသည် ထိုပြည့်တန်ဆာမ၏ သီလကိုစုံစမ်းအံ့ဟု ကြံစည်ပြီးလျှင် လုလင်ပျို၏ အသွင်ဖြင့် သက်ဆင်းလာရောက်၍ ငါသည်လာအံ့ဟု ပြောဆိုပြီးသော် အသပြာတစ်ထောင်ကို ပေးပြီးလျှင် နတ်ပြည်သို့သာလျှင် ပြန်သွား၍ သုံးနှစ်တိုင်အောင်လုံး မလာ ရောက်ဘဲ နေသတတ်။ ထိုပြည့်တန်ဆာမသည် မိမိ၏ သီလပျက်စီးအံ့သည်မှ ကြောက်သောကြောင့် သုံးနှစ်တိုင်အောင်လုံး တစ်ပါးသော ယောကျ်ားလက်မှ ကွမ်းတစ်ယာမျှကိုလည်းမယူ။ ထိုပြည့်တန်ဆာမသည် အစဉ်အတိုင်းအားဖြင့် ဆင်းရဲခြင်းသို့ ရောက်သည်ဖြစ်၍ ကြံစည်၏။ အဘယ်သို့ ကြံစည်သနည်းဟူမူ ငါ့အား အသပြာတစ်ထောင်ကိုပေး၍ သွားလေသောယောကျ်ား၏ သုံးနှစ်တိုင်အောင်လုံး မလာမရောက်စဉ် ဆင်းရဲခြင်းသို့ရောက်သည် ဖြစ်ခဲ့ရ၏။ အသက်မွေးမှုခြင်းကို စောင့်ဆောင်သမှု လုံ့လပြုခြင်းငှါ မစွမ်းနိုင်။ ယခု ဤအခါမှစ၍ ငါသည် တရားဆုံးဖြတ်သော အမတ်ကြီးတို့အား ပြောကြား၍ ရိက္ခာအဖိုးအခကို ယူခြင်းငှါ သင့်လျော်၏ဟု ကြံစည်၏။ ကြံစည်ပြီး၍ကား ထိုပြည့်တန်ဆာ မိန်းမသည် တရားဆုံးဖြတ်သော နေရာသို့ သွားရောက်၍ အရှင် ကျွန်တော်မအား အဖိုးအခ ရိက္ခာပေး၍ သွားသော ယောကျ်ား၏ ရှည်လျားတွင်စစ် သုံးနှစ်တိုင်အောင်လုံး ရှိခဲ့လေပြီ။ ထိုယောကျ်ား၏ သေလွန်သည့်အဖြစ်ကိုလည်း ကျွန်တော်မ မသိ အသက်မွေးမှုရန် စီမံသင့်လျော် စောင့်ဆောင်ခြင်းငှါ မစွမ်းနိုင် တော့ပါ၊ အဘယ်သို့ပြုရပါအံ့နည်းဟု ပြော၏။ သုံးနှစ်တိုင်တိုင် မလာရောက် ခဲ့သည်ရှိသော် အသို့ပြုနိုင်တော့အံ့နည်း။ ဤအခါမှစ၍ တပါးသော ယောကျ်ား လက်မှ အဖိုးအခရိက္ခာကို ယူလေလော့ဟု ပြောဆိုကြကုန်၏။

ထိုပြည့်တန်ဆာ မိန်းမသည် ရအပ်သော အဆုံးအဖြတ်ရှိသဖြင့် တရားဆုံး ဖြတ်ရာအရပ်မှ ထွက်သွားသည် ရှိသော်သာလျှင် တစ်ယောက်သော ယောကျ်ားသည် အသပြာတစ်ထောင်အိတ်ကို ကပ်ရောက်ညွတ်လေး ပေးစေ၍

အသပြာကို ယူခြင်းအကျိုးငှါ ထိုပြည့်တန်ဆာ မိန်းမ၏လက်ကို ဆန့်သောအခါ၌ သိကြားမင်းသည် မိမိကိုယ်ကို ပြလေ၏။ ထိုပြည့်တန်ဆာ မိန်းမသည် တွေ့မြင်လျှင် ငါ့အား လွန်ခဲ့သော သုံးနှစ်အထက်၌ အသပြာတစ်ထောင် ပေးသော ယောကျ်ားသည် လာခဲ့ချေပြီ။ အမောင် ယခုအသင်၏ အသပြာတို့ဖြင့် ငါ့အား အလိုမရှိတော့ပြီဟု ပြောဆို၍ အသပြာကို ယူအံ့ဟု ဆန့်တန်းသော လက်ကို ကွေးယူ၍ ပြန်သိမ်းလိုက်၏။ သိကြားမင်းသည် မိမိပြကတေ့သော ကိုယ်ကိုသာလျှင် ဖန်ဆင်း၍ နေသော နေမင်းကဲ့သို့ ထွန်းလင်းတောက်ပလျက် ကောင်းကင်၌ ရပ်တည်၏။ အလုံးစုံသော မြို့သူမြို့သားအပေါင်းသည် စည်းဝေး၏။ သိကြားမင်းသည် များစွာသောပေါ်ယာသ် လူတို့၏အလယ်၌ ငါသည် ဤပြည့်တန်ဆာ မိန်းမအား စုံစမ်းသည်၏ အစွမ်းဖြင့် ဤမှပြန်ထွက် သုံးနှစ်ထက်အခါ၌ အသပြာတစ်ထောင်ကို ပေးခဲ့ဖူးပြီ။ သီလကို စောင့်ရှောက်သော သူတို့မည်သည် ဤသို့ သဘောရှိသည်ဖြစ်၍ စောင့်ရှောက်ကုန်လော့ဟု အဆုံးအမကို ပေးပြီးသော် ထိုပြည့်တန်ဆာမ၏ အိမ်ကို ရတနာခုနစ်ပါးတို့ဖြင့် ပြည့်စေပြီးလျှင် ဤအခါမှ စ၍ မမေ့မလျော့သည် ဖြစ်လေလော့ဟု ထိုပြည့်တန်ဆာမိန်းမကို အစဉ်ဆုံးမ၍ နတ်ပြည်သို့သာလျှင် ပြန်သွား၏။ ဤသို့သော အကြောင်းကြောင့် ထိုပြည့်တန်ဆာမိန်းမသာ အမောင်ပေးသော ငါသည် ယူအပ်သော အဖိုးအခကို မကျေစေမူ၍သာလျှင် တပါးသော ယောကျ်ားသည် ပေးအပ်သော အဖိုးအခယူရန်အလို့ငှါ လက်ကိုကမ်းလှမ်း ဆန့်တန်းမိပေ၏။ ဤသို့သော အကြောင်းကြောင့် သီလသည် ငါ့ကို မနှစ်သက်စေနိုင်။ ထိုကြောင့် အသင်တို့အား ပေးခြင်းငှါ မစွမ်းနိုင်ပါဟု ပြောဆို မြစ်ပယ်၏။ ထိုအခါ တမန်တို့က ထိုပြည့်တန်ဆာမိန်းမကို ယူခြင်းငှါ လက်ကိုဆန့်တန်းကာမျှဖြင့် သီလပျက်ခြင်းမရှိ။ ဤသီလမည်သည် အဟုတ်ထက်အလွန် အထူးသဖြင့် စင်ကြယ်ခြင်း ဖြစ်ပေသည်ဟု ပြောဆို၍ ထိုပြည့်တန်ဆာ မိန်းမ၏ အထံ၌လည်း သီလကို နာယူပြီးသော် ရွှေပြားအပြင်၌ ရေးသားကုန်၏။

ဤသို့ ပြဆိုအပ်ခဲ့ပြီးသော အစဉ်အတိုင်း ကာလိင်္ဂမင်း၏ ထိုတမန် ယောကျ်ားတို့သည် ဤတစ်ကျိပ်တန်ယောက်သော သူတို့၏ စောင့်ရှောက်သော သီလကို ရွှေပြားအပြင်၌ ရေးသားပြီးသော် ဒန္တပုရမြို့သို့သွားပြီးလျှင် ကာလိင်္ဂ မင်းကြီးအား ရွှေပြားကို ပေးဆက်၍ ထိုသို့သော အကြောင်းဖြစ်ခြင်းကို ကြားလျှောက်ကုန်၏။ မင်းကြီးသည် ထိုဂုရုဓမ္မသီလ၌ စောင့်ရှောက်တည်နေ ဖြစ်စေလျက် ငါးပါးသော သိက္ခာသီလပုံကို ပြည့်စေ၏။ ထိုခဏ အလုံးစုံသော ကာလိင်္ဂတိုင်း၌ မိုးသည်ရွာ၏။ သုံးပါးသော ဘေးတို့သည် ငြိမ်းပျောက်ကုန်၏။ တိုင်းနိုင်ငံသည် ငြိမ်းအေးချမ်းသာ ကောင်းစွာ ဝပြောသည် ဖြစ်၏။ ဘုရား အလောင်းသည် အသက်ထင်သမျှ ကာလပတ်လုံး ဒါနအစရှိကုန်သော ကောင်းမှု

တို့ကို ပြုလုပ်အားထုတ်၍ ပရိသတ်နှင့်တကွ နဝ်ပြည်ကို ပြည့်စေ၏။ မြတ်စွာဘုရားရှင်သည် ဤသို့သော အတိတ်ဇာတ်ကို ဆောင်တော်မူ၍ ဤဂါထာတို့ဖြင့် ဇာတ်တော်ကို ပေါင်းတော်မူ၏—

ဂင်္ဂကာ ဥပ္ပလဝဏ္ဏာ၊ ပုဏ္ဏော ဒေဝါရိကော တဒါ။
ရန္ဓဂါဟော စ ကစ္စာယနော၊ ဒေါဏမာပကော စ ကောလိတော။

သာရိပုတ္တော တဒါ သေဋ္ဌိ၊ အနုရုဒ္ဓေါ စ သာရထိ။
ဗြာဟ္မဏော ကဿပေါ ထေရော၊ ဥပရာဇာ နန္ဒပဏ္ဍိတော။

မဟေသီ ရာဟုလမာတာ၊ မာယာဒေဝီ ဇနေတ္တိကာ။
ကုရုရာဇာ ဗောဓိသတ္တော၊ ဧဝံ ဓာရေထ ဇာတကံ။

ချစ်သားတို့ ထိုအခါ ပြည့်တန်ဆာမသည် ယခုအခါ၌ ဥပ္ပလဝဏ်ထေရီမ ဖြစ်ခဲ့ပြီ။ ထိုအခါ တံခါးမိုလ်သည် ယခုအခါ ပုဏ္ဏမထေရ် ဖြစ်ခဲ့ပြီ။ ထိုအခါ မြေတိုင်းအမတ်သည် ယခုအခါ ကစ္စည်းမထေရ် ဖြစ်ခဲ့ပြီ။ ထိုအခါ တင်းခြင်အမတ်ကား ယခုအခါ မောဂ္ဂလာန်မထေရ် ဖြစ်ခဲ့ပြီတည်း။

ထိုအခါ သူဌေးကြီးသည် ယခုအခါ သာရိပုတ္တရာမထေရ် ဖြစ်ခဲ့ပြီ၊ ထိုအခါ ရထားထိန်းသည် ယခုအခါ အနုရုဒ္ဓါမထေရ် ဖြစ်ခဲ့ပြီ။ ထိုအခါ ပုရောဟိတ်ပုဏ္ဏားသည် ယခုအခါ ကဿပမထေရ် ဖြစ်ခဲ့ပြီ။ ထိုအခါ အိမ်ရှေ့မင်းသည် ယခုအခါ အာနန္ဒာ ပညာရှိ ဖြစ်ခဲ့ပြီတည်း။

ထိုအခါ မိဖုရားကြီးသည် ယခုအခါ ရာဟုလာမယ်တော် ယသော်ဓရာမိဖုရားဖြစ်ခဲ့ပြီ။ထိုအခါမယ်တော်သည်ကား ယခုအခါ မဟာမာယာ မိဖုရားကြီး ဖြစ်ခဲ့ပြီ။ ထိုအခါ ဘုရားလောင်း ကုရုမင်းသည် ယခုအခါ သင်တို့ဆရာ ငါဘုရား ဖြစ်ခဲ့ပြီတည်း။ ဤသို့ဆိုအပ်ခဲ့သော နည်းအားဖြင့် ရှေး၌ဖြစ်ခဲ့သောကြောင်းရာ အတ္ထုပ္ပတ်ကို မှတ်သား ဆောင်ထားကြကုန်လော့။

မြတ်စွာဘုရားသည် ဇာတ်ကို ပေါင်းတော်မူပြီး၍ ချစ်သားရဟန်း ဤသို့လျှင် ရှေး၌ဖြစ်ကုန်သော ပညာရှိသည်တို့သည် အနည်းငယ်မျှလည်းဖြစ်သော အလိုအလိုသည် ဖြစ်ခဲ့သည်ရှိသော် မိမိ၏သီလ ပျက်စီးခြင်း၌ တွေးတောယုံမှားခြင်းကို ပြုကုန်ပြီ။ အသင်သည်ကား ငါကဲ့သို့ သဘောရှိသော မြတ်စွာဘုရား၏ သာသနာတော်၌ ရဟန်းပြုပြီး၍ ပါဏာတိပါတကို ပြုလုပ်လုက်အလွန်ဝန်လေးသောအမှုကို ပြုဘိ၏။ ရဟန်းမည်သည် လက်တို့ဖြင့်လည်းကောင်း ခြေတို့ဖြင့်လည်းကောင်း နှုတ်ဖြင့်လည်းကောင်း စောင့်စည်းသည် ဖြစ်ရာ၏ဟု မိန့်တော်မူပြီး ဤဂါထာကို ဟောတော်မူ၏။

**ဟတ္ထသံယတော ပါဒသံယတော၊**
**ဝါစာသံယတော သံယတုတ္တမော။**
**အဇ္ဈတ္တရတော သမာဟိတော၊**
**ဧကော သန္တုသိတော တမာဟု ဘိက္ခုံ။**

လက်ခြေကို စောင့်စည်းခြင်း၊ နှုတ်ကိုစောင့်စည်းခြင်း၊ တစ်ကိုယ်လုံးကို စောင့်စည်းခြင်း၊ အတွင်းအာရုံ၌ မွေ့လျော်၍ တည်ကြည်သော စိတ်ရှိခြင်း၊ တစ်ယောက်တည်းနေ၍ ရောင့်ရဲတင်းတိမ်ခြင်းတို့နှင့် ပြည့်စုံသူကို ရဟန်းဟူ၍ ဆိုကုန်၏။

ထိုဂါထာ၌ **ဟတ္ထသံယတော**=ဟူသည် လက်လှုပ် ကစားခြင်း, လက်ဖြင့် သူတပါးကို ပုတ်ခတ်ခြင်းစသည်တို့၏ မရှိသည်၏အဖြစ်ဖြင့် လက်၏စောင့်စည်း ခြင်းတည်း။

**ပါဒသံယတော**၌လည်း ထိုအတူ ခြေ၏စောင့်စည်းခြင်းတည်း။

နှုတ်ဖြင့် မုသားပြောဆိုခြင်း စသည်တို့ကို မပြုလုပ် မပြောဆိုသည်၏ အဖြစ်ကြောင့် နှုတ်ဇ စောင့်စည်းခြင်းတည်း။

**သံယတုတ္တမော**=ဟူသည် စောင့်စည်းသည်၏ အဖြစ်တည်း၊ ကိုယ်ကိုလှုပ် ခြင်း, ဦးခေါင်းမော့ခြင်း, မျက်မှောင်ကုတ်ခြင်း သည်တို့ကို မပြုခြင်းတည်း။

**အဇ္ဈတ္တရတော**=ဟူသည် ကိုယ်တွင်း၌ ကျက်စားခြင်းဟု ဆိုအပ်သော ကမ္မဋ္ဌာန်းပွားများမှု၌ မွေ့လျော်ခြင်းတည်း။

**သမာဟိတော**=ဟူသည် ကောင်းစွာထားအပ်သော။

**ဧကော သန္တုသိတော**=ဟူသည် တစ်ယောက်တည်းနေ၍ ကောင်းစွာ နှစ်သက်ခြင်းနှင့် ပြည့်စုံသော ဝိပဿနာအကျင့်မှစ၍ မိမိအား ရအပ်သော တရားဖြင့် နှစ်သက်သော စိတ်ရှိ၏၊

ကလျာဏ ပုထုဇဉ်မှစ၍ အလုံးစုံသော သေက္ခပုဂ္ဂိုလ်တို့သည် မိမိအား ရအပ်သောတရားဖြင့် ရောင့်ရဲ နှစ်သက်ကြကုန်သောကြောင့် သန္တုသိတမည်၏။

ရဟန္တာ ပုဂ္ဂိုလ်သည်ကား ကေန်သန္တုသိတ မည်သည်သာတည်း။ ထိုရဟန္တာ ပုဂ္ဂိုလ်ကို ရည်ရွယ်၍ "ဧကော သန္တုသိတော"ဟူ၍ ဆိုအပ်၏။

ဒေသနာတော်၏ အဆုံး၌ များစွာကုန်သော သူတို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်ကုန်၏။

ဟသာကိုသတ်သော ရဟန်းဝတ္ထုပြီး၏။

## ၁၀။ ကောကာလိကဝတ္ထု

ယော မုခသံယတော– အစရှိသော ဤတရားဒေသနာတော်ကို မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် ကောကာလိကကို အကြောင်းပြု၍ ဟောတော်မူ၏။ ဝတ္ထုကြောင်းမှာ "ထိုအခါ၌ ကောကာလိက ရဟန်းသည် မြတ်စွာဘုရားရှိရာ အရပ်သို့ ချဉ်းကပ်၏" စသောသုတ်၌ လာသည့် အတိုင်းသာတည်း၊ အနက်အဓိပ္ပါယ်ကိုလည်း ထိုအဋ္ဌကထာ၌ လာသည့်နည်းဖြင့်သာလျှင် သိအပ်၏။

ဤကောကာလိက ရဟန်းသည် ကောကာလိကတိုင်း ကောကာလိကမြို့၌ ကောကာလိကသူဌေး၏ သားသည်ဖြစ်၍ ဃရာဝါသ ကိစ္စဖွဲ့နှောင် အိမ်ရာ ထောင်သော လူ့ဘောင်မှ ရှောင်ခွါလျက် သာသနာတော်ထမ်း ရဟန်း ပြုပြီးသည်ရှိသော် မိမိ ဖခင်ဖြစ်သော သူဌေးကြီးသည် ဆောက်လုပ်စေအပ်သော ကျောင်း၌ နေလေသတတ်။

[ဤကောကာလိကသည် စူဠကောကာလိကဖြစ်၏။ ဒေဝဒတ်၏ တပည့်ဖြစ်သော ကောကာလိက မဟုတ်။ ဒေဝဒတ်၏ တပည့်ဖြစ်သော ထိုကောကာလိကသည် ပုဏ္ဏား၏သားဖြစ်သော မဟာကောကာလိကဖြစ်၏။]

မြတ်စွာဘုရားသည် သာဝတ္ထိပြည်မှန် ဇေတဝန် ရွှေကျောင်းတော်၌ သီတင်းသုံးတော်မူသည်ရှိသော် အရှင်သာရိပုတ္တရာ, အရှင်မောဂ္ဂလာန် ဟူကုန်သော နှစ်ပါးကုန်သော အဂ္ဂသာဝကဘွဲ့သည် ငါးရာမျှ အတိုင်းရှည်ရှိကုန်သော ရဟန်းတို့နှင့် အတူတကွ ဇနပုဒ် ဒေသစာရီ လှည့်လည်ကြွမြန်းတော်မူကုန်လျက် ငါကပ်ဆိုခြင်းငှါ နီးလာပ်လာခဲ့သည်ရှိသော် ဆိတ်ငြိမ်သော နေခြင်းကို နေခြင်းငှါ အလိုရှိသောကြောင့် နောက်ပါလှည့်မြန်း ထိုရဟန်းတို့ကို ရှင်ရဟန်း စေသောအား ပြောကြားစေလွှတ်လိုက်ပြီးလျှင် မိမိ သပိတ် သင်္ကန်းကို ယူဆောင်တော်မူ၍ ထိုဇနပုဒ်၌ ကောကာလိကမြို့သို့ရောက်၍ ထိုကျောင်းတိုက်သို့ လာကြကုန်၏။ ထိုကျောင်းတိုက်၌ အရှင်သာရိပုတ္တရာ,အရှင်မောဂ္ဂလာန်တို့အား ကောကာလိကသည် ဝတ်ကြီး ဝတ်ငယ် အသွယ်သွယ် အမှုကို ပြုလုပ်ဆောင်ရွက်၏။ ထိုအရှင်သာရိပုတ္တရာ,အရှင်မောဂ္ဂလာန်တို့သည် ကောကာလိကနှင့်အတူတကွ ဝမ်းမြောက်ဝမ်းသာ ပြောဆိုကြပြီးကြ၍ ငါ့ရှင် ကောကာလိက ငါတို့သည် ဤအရပ်ဌာန၌ သုံးလတို့ပတ်လုံး ဝါကပ်ဆို၍ နေကုန်အံ့။ အသင်သည် တစ်စုံတစ်ယောက်သောသူအား မပြောကြားပါလင့်ဟု ပဋိညာဉ်ကို ယူ၍နေကြကုန်၏။ နေမျှတော်မူကုန်ပြီး၍ သီတင်းကျွတ်လပြည့် ပဝါရဏာ နေ့၌ ပဝါရဏာ ပြုကုန်ပြီး၍ ငါ့ရှင်ကောကာလိက ငါတို့သည် သွားကုန်တော့

အံ့ဟု ပြောဆိုပြီးခါ ကောကာလိကကို ပန်ကြားကြကုန်၏၊ ကောကာလိကသည် ငါမှုင်ကို ယနေ့ တစ်ရက်မျှကို ဆိုင်းငံ့နေကြကုန်လျက် နက်ဖြန်ခါ၌ သွားပါကုန်လတ္တံ့ဟု တားမြစ် ပြောဆို၍ နှစ်ရက်မြောက်သောနေ့၌ မြို့သို့ ကြဝင်၍ လူတို့ကို ဒါယကာတို့ အသင်တို့သည် ဥယျာဉ်အရပ်သို့ ကြွလာကုန်၍ သီတင်းသုံးနေကြကုန်သော အဂ္ဂသာဝကနှစ်ပါးတို့ကိုလည်း မသိကြကုန်။ ထိုအဂ္ဂသာဝကတို့ကို တစ်စုံတစ်ယောက်သောသူသည် ပစ္စည်းလေးပါးဖြင့်လည်း မကြားလျှောက် မဖိတ်မန်ဟု ပြောဆို၏။ မြို့၌နေသော သူတို့က အရှင်ဘုရား မထေရ်တို့သည် အဘယ်မှာနည်း။ အဘယ်ကြောင့် အကျွန်ုပ်တို့အား မပြောကြားကုန်သနည်းဟု မေးလျှောက်ကုန်သည်ရှိသော် ဒါယကာတို့အား ပြောကြားသဖြင့် အဘယ်အကျိုး ရှိအံ့နည်း။ မထေရ်ကြီး၏ နေရာ၌ ထိုင်နေသီတင်းသုံးတော်မူကုန်သော နှစ်ပါးကုန်သော ရဟန်းတို့ကို အသင်တို့မမြင်ကုန်သလော။ ထိုရဟန်းတို့သည် အဂ္ဂသာဝက တို့ပေတည်းဟု ပြောဆို၏။ ထိုဒါယကာတို့သည် ဆောလျင်စွာ စုရုံးစည်းဝေးကုန်၍ ထောပတ် ထန်းလျက်စသည်တို့ကိုလည်းကောင်း, သင်္ကန်း လျာပုဆိုး တို့ကိုလည်းကောင်း, ဆောင်ယူကုန်၏။ ကောကာလိကသည် ကြံစည်၏။ အဘယ်သို့ ကြံစည်သနည်းဟူမူ အဂ္ဂသာဝကတို့သည် အတိုင်းထက်အလွန် အလိုနည်းကုန်၏။ နှုတ်မြွက်ပြောအပ်ဝိညတ်နှင့် စပ်ယှဉ်သော စကားဖြင့် ဖြစ်ပွါးလာသော လာဘ်ကို မခံယူ မသာယာကုန်လတ္တံ့။ မခံယူ မသာယာကုန်ဘဲ ကျောင်းနေဟောင်းအား ပေးလှူကုန်လော့ဟူ၍ ပြောကုန်လတ္တံ့ဟု ကြံစည်၏။ ကြံစည်ပြီး၍ကား ရှေးရှုဆောင်အပ် ထိုထိုသောလာဘ်ကို ယူစေ၍ မထေရ်တို့၏ အထံသို့ သွားလေ၏။ မထေရ်တို့သည် ဆောင်ယူအပ်သောလာဘ်ကို တွေ့မြင်ကုန်၍သာလျှင် ဤပစ္စည်းတို့သည် ငါတို့အားမအပ်ကုန်။ ကောကာလိကအားလည်း မအပ်ကုန်ဟု ကြံစည်ပယ်မြစ်တော်မူကုန်၍ ဖဲကြွတော်မူကုန်၏။

## အဂ္ဂသာဝကတို့အား ရန်ငြိုးဖွဲ့ခြင်း

ကောကာလိကသည် အဘယ်ကြောင့်လျှင် မိမိသည် မခံယူကုန်မူ၍ ငါ့အားလည်း မပေးလှူစေမူ၍ ဖဲကြွကုန်ဘိသနည်းဟု ပြစ်တင်ကဲ့ရဲ့ ရန်ငြိုးဖွဲ့ခြင်းကို ဖြစ်စေ၏။ ထိုအရှင်သာရိပုတ္တရာ, အရှင်မောဂ္ဂလာန်တို့သည်လည်း မြတ်စွာဘုရား၏ အထံတော်သို့ သွားရောက်ကုန်၍ မြတ်စွာဘုရားရှင်ကို ရှိခိုးပြီးသော် နောက်၌ တစ်ဖန် မိမိပရိသတ်ကို ခေါ်ယူ၍ ဇနပုဒ် ဒေသစာရီ လှည့်လည်ခြင်းကို လှည့်လည်တော်မူကုန်လျက် အစဉ်အတိုင်း အားဖြင့် ထိုကောကာလိကတိုင်း ထိုကောကာလိကမြို့သို့သာလျှင် တစ်ဖန် ကြွလာတော်မူပြန်ကုန်၏။ မြို့၌နေသော လူတို့သည် မထေရ်တို့ကို မှတ်မိကုန်သောကြောင့်

ပရိက္ခရာဘို့နှင့် တကွ အလှူကိုစီရင်ပြီးလျှင် မြို့၏အလယ်၌ မဏ္ဍပ်ကို ဆောက်လုပ်၍ အလှူကို ပေးလှူကြကုန်၏။ မထေရ်တို့အားလည်း ပရိက္ခရာတို့ကို ကြည်ညိုညွတ်ပျပ် ချဉ်းကပ်ပေးလှူကုန်၏။ မထေရ်တို့ကာ ရဟန်းသံဃာအား ဆောင်နှင်းစေကုန်၏။ ထိုသို့သော အခြင်းအရာကို မြင်သည်ရှိသော် ကောကာလိကသည် ကြံစည်၏။ အဘယ်သို့ ကြံစည်သနည်းဟူမူ ဤမထေရ်တို့သည် ရှေးအခါ၌ အလိုနည်းသည် ဖြစ်ကုန်၏။ ဤဂခုအခါ၌ ယုတ်မာပျက်စီး အလိုကြီးသည် ဖြစ်ကုန်၏။ ရှေး၌လည်း အလိုနည်းသည် ရှောင့်ရဲလွယ်သည် ဆိတ်ငြိမ်ရာ်မွေ့လျော်သည်နှင့် အလားတူစွာ မာယာမြွက်ထောင် ဟန်ဆောင် ပြုလုပ်ကုန်ယောင်တကားဟု ကြံစည်၏။ ကြံစည်ပြီး၍ကား မထေရ်တို့သို့ ချဉ်းကပ်၍ ငါ့ရှင်တို့ အသင်တို့သည် ရှေးအခါ၌ အာ်နည်းဘိသကဲ့သို ဟန်ဆောင်ပြုမူကုန်၏။ ဤယခုအခါ၌ကား ယုတ်မာသေ ၁ ရဟန်းတို့သည် ဖြစ်ကုန်ပြီဟု ပြောဆို၍ အကြောင်းရင်းဖြစ်သော နေရာ၌သာလျှင် ထိုမထေရ်တို့၏ တည်ရာကို ဖျက်ဆီးဖြတ်တောက်တော့အံ့ဟု ကြံစည်ပြီးလျှင် ဆောဆောလျှင်လျင် ရှောင်တခင်သဘော ပြောဆိုသော နေရာမှ ထွက်ခဲ့ပြီးသော် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်သို့သွား၍ အကြင်အရပ်၌ နန္ဒ မြတ်စွာဘုရားသည် သီတင်းသုံးစံနေတော်မူ၏ ထိုမြတ်စွာဘုရား သီတင်းသုံး စံနေတော်မူရာအရပ်သို့ ချဉ်းကပ်လေ၏။ ချဉ်းကပ်ပြီး၍ မြတ်စွာဘုရားကို လက်အုပ်ချီမိုး ရှိခိုး၍ သင့်တင့်လျောက်ပတ်သောအရပ်၌ ထိုင်နေ၏။ သင့်တင့်လျောက်ပတ်သောအရပ်၌ ထိုင်နေပြီးသော ကောကာလိကမည်သော ရဟန်းသည် မြတ်စွာဘုရားကို ဤသို့သောစကားကို လျှောက်ကြား၏။ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား သာရိပုတ္တရာ မောဂ္ဂလာန်တို့သည် ယုတ်မာသော အလိုရှိပါကုန်၏။ ယုတ်မာသောသူတို့၏ အလိုတို့သို့ လိုက်ပါသွားရောက်ကုန်သည်ဟု ကြားလျှောက်၏။ ဤသို့ ကြားလျှောက်သည်ရှိသော် မြတ်စွာဘုရားက ကောကာလိကရဟန်းကို ကောကာလိက ဤသို့ မပြောဆိုလင့်။ ကောကာလိက ဤသို့မပြောဆိုလင့်။ ကောကာလိက သာရိပုတ္တရာမောဂ္ဂလာန်တို့၌ စိတ်ကိုကြည်ညိုစေလော့။ သာရိပုတ္တရာ မောဂ္ဂလာန်တို့သည် သီလကိုချစ်မြတ်နိုးသောပုဂ္ဂိုလ်တို့ပေတည်းဟု မိန့်တော်မူ၏။ ကောကာလိကရဟန်းသည် နှစ်ကြိမ်မြောက် သုံးကြိမ်မြောက်တိုင်အောင် ရှေးနည်းအတူ လျှောက်ကြား၏။ မြတ်စွာဘုရားသည်လည်း ရှေးနည်းအတူ မြစ်ပယ် ဆုံးမတော်မူ၏။

## ကောကာလိက ပဒုမငရဲသို့ကျခြင်း

မြစ်ပယ်ဆုံးမခြင်း အကြောင်းသော်ကား မြတ်စွာဘုရားသည် ဆောဆောလျှင်လျှင် ရှောင်တခင် ရှေးရှုလာသော ထိုကောကာလိကရဟန်းကို မြင်၍သာလျှင် ဆင်ခြင်တော်မူသည်ရှိသော် ဤကောကာလိကသည် အဂ္ဂသာဝကတို့ကို ဆဲရေးရေရွတ်ခြင်းငှါ အလိုရှိသည်ဖြစ်၍ လာသည်ဟု သိတော်မူ၏။

တားမြစ်ခြင်းငှါ စွမ်းနိုင်အံ့လောဟု ဆင်ခြင်တော်မူပြန်သည်ရှိသော် တားမြစ်ခြင်းငှါ မစွမ်းနိုင် မထေရ်တို့၌ ပြင်မှား၍ သေလွန်ခြင်းကို ပြုသည်ရှိသော် စင်စစ်အားဖြင့် ပဒုမငရဲ၌ ဖြစ်လတ္တံ့ဟု မြင်တော်မူ၏။ မြင်တော်မူပြီး၍ကား သာရိပုတ္တရာ မောဂ္ဂလာန်တို့ကို အလွန်အကဲ ကဲ့ရဲ့ရှုတ်ချကာ စကားကိုကြားတော်မူပါလျက် မြတ်စွာဘုရားသည် မတားမြစ်လေဟု စွပ်စွဲပြောဆိုအံ့သည်မှ လွတ်ခြင်းအကျိုးငှါ လည်းကောင်း၊ အရိယာပုဂ္ဂိုလ်ကို ပြောဆိုစွပ်စွဲခြင်း၏ ကြီးကျယ်သော အပြစ်ရှိသောအဖြစ်ကို ပြခြင်းငှါ လည်းကောင်း၊ သုံးကြိမ်တိုင်အောင် တားမြစ်ဆုံးမတော်မူသတည်း။ ထိုအခါ ကောကာလိကရဟန်းသည် မိမိလျှောက်ကြားသော စကားကို မြတ်စွာဘုရားက တားမြစ်ဆုံးမတော်မူသည်ရှိသော် နေရာမှထ၍ မြတ်စွာဘုရားကို ရှိခိုးပြီးသော် လကျာ်ရစ်လှည့်လည်သည်ကိုပြု၍ ဖဲသွားလေ၏။ ဘုရားမျက်မှောက် လွတ်လောက်နေရာ ကျရောက်လာသဖြင့် မကြာမြင့်မီ ဖဲသွားသော ထိုကောကာလိကရဟန်းအား မုန်ညင်းစေ့မျှလောက်ကုန်သော အိုင်းအမာတို့သည် တစ်ကိုယ်လုံးပေါက်ရောက် တွေ့ထိသည်ဖြစ်၏။ ထိုအိုင်းအမာတို့သည် မုန်ညင်းစေ့ခန့်မျှမှ တက်ကြွကြီးထွား ပဲနောက်ပမာဏ၊ ပဲစင်းငုံစေ့ပမာဏ၊ အိမ်ဇီးစေ့ပမာဏ၊ သျှစ်သျှားသီးပမာဏ ဥသျှစ်သီးကင်းပမာဏ၊ ဝါးမျှစ်ဖျားပမာဏ အစဉ်အတိုင်း တက်ကြွတိုးပွား ကုန်၏။ ဝါမျှစ်ဖျားပမာဏ တက်ကြွ တိုးပွားပြီးနောက် ပေါက်ကွဲကုန်သည် ဖြစ်၍ သွေးပြည် ယိုစီးကုန်၏။ ဇေတဝန်ကျောင်းတော်၏ အထွက် တံခါးမုခ်၌ စက်ဆုပ်ဖွယ်ရာ အနာရောဂါကို ခံစားပြီး ငြီးတွားနေလျက် ငှက်ပျောဖက်တို့၌အိပ်နေရသော ကောကာလိကရဟန်းသည် ထိုအနာရောဂါဖြင့်သာလျှင် သေလွန်ခြင်းကိုပြုရလေ၏။ သေလွန်ခြင်းကိုပြုသော ကောကာလိကရဟန်းသည် အရှင်သာရိပုတ္တရာ, အရှင်မောဂ္ဂလာန်တို့၌ စိတ်ကို အမျက်ဖြစ်ပွား ပြစ်မှား ချုပ်ချယ်စေ၍ ပဒုမငရဲ၌ ဖြစ်ရလေ၏။

ကောကာလိကရဟန်းသည် ပဒုမငရဲ၌ဖြစ်သည် ရှိသော် တရားသဘင်၌ ငါ့ရှင်တို့ ကောကာလိကရဟန်းသည် မိမိ၏ခံတွင်း ပြောဆိုမှုကို အမှီပြု၍ ပျက်စီးခြင်းသို့ရောက်ရလေ၏။ သြော်–အံ့ဩဖွယ်ရှိစွ။ ထိုစကားမှန်၏ နှစ်ပါးကုန်သော အဂ္ဂသာဝကတို့ကို ဆဲရေး ရေရွတ်သည်သာလျှင်ဖြစ်သော ထိုကောကာလိကရဟန်းအား ဤမြေကြီးသည် ငဲ့ကွက်၍ပေါက်အခွင့်ကို ပေးလေ၏ ဟူသော စကားကို ဖြစ်စေကုန်၏။ မြတ်စွာဘုရားသည် ကြွတော်မူလာပြီးလျှင် ချစ်သား ရဟန်းတို့ ဤယခုအခါ၌ အဘယ်မည်သောစကားဖြင့် ပြောကြား ထိုင်နေကုန်ဘိသနည်းဟု မေးတော်မူ၍ ဤအမည်ရှိသောအကြောင်းပါဘုရားဟု ကြားလျှောက်သည်ရှိသော် ချစ်သားရဟန်းတို့ ဤယခုအခါ၌သာ မဟုတ်သေး။ ရှေးလွန်လေပြီးသောအခါ၌လည်း ကောကာလိကရဟန်းသည် မိမိ၏နှုတ်ခံတွင်းကို

မစောင့်စည်းမှု အမှီပြု၍ ပျက်စီးဖူးသည်သာလျှင်တည်းဟု မိန့်တော်မူပြီး၍ ထိုသို့သော အကြောင်းဖြစ်ရာကို ကြားနာခြင်းငှါ အလိုရှိကုန်သော ရဟန်းတို့သည် တောင်းပန်အပ်သောကြောင့် ထိုအကြောင်းကို ထင်ရှားပြခြင်းငှါ အတိတ်ကို ဆောင်တော်မူ၏။

## နှုတ်မစောင့်သောလိပ်ဝတ္ထု

ရှေးလွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ္တမင်းကြီးသည် မင်းအဖြစ်ကို ပြုသည်ရှိသော် ဘုရားအလောင်းတော်သည် အမတ်အမျိုး၌ဖြစ်၍ အရွယ်သို့ ရောက်သောအခါ ထိုပြည့်ရှင်မင်းမြတ်၏ ကောင်း, ကျိုး နှစ်ရပ်ကို ဆုံးမတတ်သော အမတ်ကြီးသည် ဖြစ်၏။ ထိုမင်းကြီးသည်ကား များစွာ စကား ပြောကြားမြွက်ဆိုလေ့ရှိသည် ဖြစ်၏။ ထိုမင်းပြောသည် စကားပြောဆိုသည်ရှိသော် တစ်ပါးသောသူတို့ စကားပြောဆိုရခြင်း၏ အခွင့်မည်သည်မရှိ။ ဘုရားအလောင်းတော်သည် ထိုမင်းမြတ်၏ သတ်မှတ်နိုင်းရသည် အတင်းအရှည်ကို လွန်သောအားဖြင့် ထိုများစွာ စကားပြောဆိုသည်ကို မြစ်ပယ်ခြင်းငှါ အလိုရှိသည်ဖြစ်၍ တစ်ခုသော အကြောင်းကို စည်းစောင်းရှာမှီးလျက် လှည့်လည်၏။ ထိုအခါ၌ ဟိမဝန္တာအရပ်ဝယ် တစ်ခုသော ရေအိုင်၌ တစ်ကောင်သော လိပ်သည်နေ၏။ နှစ်ကောင်သော ဟင်္သာငယ်တို့သည် ကျက်စားခြင်းငှါ လှည့်လည်ကုန်သည်ရှိသော် ထိုလိပ်နှင့်အတူတကွ ချစ်ကျွမ်းဝင်ခြင်းကိုပြု၍ မြဲမြံဖွဲ့နှစ် ချစ်ကျွမ်းဝင် ကုန်သည်ဖြစ်သောကြောင့် တစ်နေ့သောအခါ၌ ဟင်္သာငယ်တို့က ထိုလိပ်ကို အဆွေ ဟိမဝန္တာဝယ် စိတ္တကူဋတောင်ခြေ ရွှေဂူလိုဏ်၌ ငါတို့၏ နေရာအရပ်သည် မွေ့လျော်ဖွယ်ရှိသော အရပ်ပေတည်း။ ငါတို့နှင့် အတူတကွ အသင်သည် သွားလတ္တံ့လောဟု မေးကုန်၏။ အရှင် အကျွန်ုပ်သည် အဘယ်သို့ သွားနိုင်အံ့နည်းဟု လိပ်က ပြောဆိုသည်ရှိသော် အသင်သည် နှုတ်ခံတွင်းကို စောင့်ရှောက်ခြင်းငှါ အကယ်၍ စွမ်းနိုင်သည် ဖြစ်အံ့။ ငါတို့သည် အသင့်ကို ဆောင်ကုန်အံ့ဟု ပြောဆိုကုန်၏။ အရှင် အကျွန်ုပ်သည် နှုတ်ခံတွင်းကို စောင့်ရှောက်ပါအံ့၊ အကျွန်ုပ်ကို ယူ၍ သွားကုန်လော့ဟု ပြောဆိုသောအခါ ထိုဟင်္သာငယ်တို့က ကောင်းလှပြီဟု ဝန်ခံပြောဆိုကြ၍ တစ်ခုသော တုတ်လုံးကန်ကို လိပ်ကို ကိုက်စေ၍ မိမိတို့သည် ထိုတုတ်လုံးကန်၏ နှစ်ဘက်ဖြစ်သော အစွန်းတို့ကို ကိုက်ချီ၍ ကောင်းကင်သို့ ပျံသွားကုန်၏။ ထိုသို့သော အခြင်းအရာဖြင့် ဟင်္သာတို့ ဆောင်ယူအပ်သော ထိုလိပ်ကို ရွာသူသားငယ်တို့သည် တွေ့မြင်ကြ၍ နှစ်ကောင်သော ဟင်္သာတို့သည် လိပ်ကို တုတ်လုံးကန်ဖြင့် ဆောင်ယူကုန်၏ဟု ဟစ်အော် ပြောဆိုကုန်၏။ လိပ်သည် ငါ့ကို အပေါင်းအဖော် ဖြစ်ကုန်သော ဟင်္သာတို့သည် အကယ်၍ကား ဆောင်ကုန်၏၊ ဟယ်-ကျွန်ယုတ်တို့ ဤသို့ဆောင်ယူရာ၌ အသင်တို့အား အဘယ်သို့ ဖြစ်သနည်းဟု ပြောဆိုခြင်းငှါ

အလိုရှိသည်ဖြစ်၍ နှုတ်ခံတွင်းကို ဖွင့်လိုက်သည်ရှိသော် ဟင်္သာတို့၏ လျင်သော အဟုန်ရှိသည် အဖြစ်ကြောင့် ဗာရာဏသီမြို့ဝယ် မင်းနန်းတော်၏ အထက်အဖို့ပို ရောက်သောအခါ၌ ကိုက်ခဲ၍ ထားသောအရပ်မှ တုတ်လုံးကန်ကို လွှတ်၍ ကောင်းကင်ပြင်၌ တည်နေ တန်ရာရာမှ ရ၊ မြေကြီးထက်၌ ကျ၍ နှစ်ဖြာ ကွဲပျက် အသက်သေဆုံးရလေ၏။ လိပ်သည် ကောင်းကင်မှ ကျ၍ နှစ်ဖြာ ကွဲပျက် အသက်သေဆုံးသည် ဟူသော တစ်ပြိုင်နက်တည်းသော အုတ်အုတ်ကျက်ကျက်သည် ဖြစ်၏။ မင်းကြီးသည် ဘုရားအလောင်းတော်ကို ခေါ်ယူ၍ အမတ်အပေါင်း ခြံရံလျက် ထိုအရပ်သို့ သွားပြီးသော် လိပ်ကို ကြည့်ရှု တွေ့မြင်၍ ဘုရားအလောင်းတော်ကို အို-ပညာရှိ အဘယ်သို့သော အမှုကိုပြု၍ ဤလိပ်သည် ကျရလေသနည်းဟု မေးတော်မူ၏။ ဘုရားအလောင်းတော်သည် "တောင့်တသည်ကား ကြာမြင့်ပြီ ငါသည် မင်းကြီးကို ဆုံးမခြင်းငါ အလိုရှိသည် ဖြစ်၍ အကြောင်းကို စူးစမ်းလျက် လှည့်လည်ခဲ့၏။ ဤလိပ်သည် ဟင်္သာတို့နှင့် အတူတကွ ချစ်ကျွမ်းဝင်ခြင်းကို ပြုသည်ဖြစ်လတ္တံ့။ ထိုဟင်္သာတို့သည် ဤလိပ်ကို ဟိမဝန္တာသို့ ဆောင်ကုန်အံ့ဟု တုတ်လုံးကန်ကို ကိုက်ခဲစေ၍ ကောင်းကင်သို့ ပျံသွားသည် ဖြစ်ကုန်ရာ၏။ ထိုအခါ ဤလိပ်သည် တစ်စုံတစ်ယောက်သောသူ၏ စကားကြား၍ မစောင့်စည်းသော နှုတ်ခံတွင်းရှိသည် အဖြစ်ကြောင့် တစ်စုံတစ်ခုကို ပြောဆိုခြင်းငှါ အလိုရှိသဖြင့် ကိုက်ထားသော တုတ်လုံးကန် လွှတ်သည် ဖြစ်လတ္တံ့။ ဤသို့ လွှတ်ခြင်းကြောင့် ကောင်းကင်မှ ကျ၍ အသက်ကုန်ခြင်းသို့ ရောက်သည် ဖြစ်ပေရာ၏" ဟု ကြံစည်၍ မြတ်သော မင်းကြီး သြော်-ဟုတ်မှန်ပေ၏၊ ပြောဆိုစကား အပိုင်းအခြားမထင် အစဉ်ငမ်းငမ်း အလွန်နှုတ်ကြမ်းသော သူတို့သည် ဤသို့သဘောရှိသော ဆင်းရဲသို့ ရောက်ကုန်သည်သာလျှင်တည်းဟု ပြောဆိုပြီး၍ ဤဂါထာကို ဆို၏—

အဝဓီ ဝတ အတ္တာနံ၊ ကစ္ဆပေါ ဗျာဟရံ ဂိရံ။
သုဂ္ဂဟီတသ္မိံ ကဋ္ဌသ္မိံ၊ ဝါစာယ သကိယာ ဝဓိ။

ဧဝမ္ပိ ဒိသွာ နရဝီရိယသေဋ္ဌ၊ ဝါစံ ပမုဉ္စေ ကုသလံ နာတိဝေလံ။
ပဿသိ ဗဟုဘာဏေန၊ ကစ္ဆပံ ဗျသနံ ဂတံ။

မြတ်သောမင်းကြီး ထိုလိပ်သည် ခံတွင်းဖြင့်သာ ကောင်းစွာကိုက်ချီ၍ ယူအပ်သော ဟင်္သာချီပျံ တုတ်လုံးကန်၌ နှုတ်ခံတွင်းကို စောင့်စည်းခြင်းမထား စကားပြောဆိုခြင်းကြောင့် မိမိကိုယ်ကို သတ်ဖြတ်လေသည်ဟု အကျွန်ုပ် ကြံစည်မိ၏။ မိမိဥစ္စာဖြစ်သော စကားဖြင့် မိမိကိုယ်ကို မိမိပင် သတ်ခဲ့လေ၏။

လူအပေါင်းတို့တွင် မြတ်သော လုံ့လ ရှိတော်မူသော အရှင်မင်းမြတ် ပညာရှိသော ယောကျ်ားသည် ထိုသို့သော အကြောင်းကိုလည်း သိမြင်၍

အပြစ်လွတ်ကင်း သန့်ရှင်းသော စကားကိုသာလျှင် ပြောဆိုရာ၏။ ထိုအပြစ် လွတ်ကင်း သန့်ရှင်းသော စကားဉ်လည်း အခွင့်ကာလကို လွန်စေ၍ မပြော ဆိုရာ များစွာစကား ပြောကြားခြင်းကြောင့် မြေသို့ကျ၍သက် ပျက်စီးခြင်းသို့ ရောက်ရသောလိပ်ကို အရှင်မင်းမြတ်သည် စေ့စေ့ငုံငုံကြည့်ရှုတော်မူပါလေဟု ပြောဆိုလျှောက်တင်၏။

မင်းကြီးသည် ထိုအခါမှစ၍ များစွာ စကားပြောကြားခြင်းမှ ကြဉ်ရှောင် လျက် ပညာဖြင့်မြော်တွေး ငြိမ်လေးသက်သာ ကောင်းစွာ ပြောဆိုလေ့ရှိသည် ဖြစ်၏။ မြတ်စွာဘုရားရှင်သည် ဤသို့သော တရားဒေသနာတော်ကို ဆောင် တော်မူ၍ ချစ်သားရဟန်းတို့ ထိုအခါ၌ နှစ်ဖြာကွဲ၍ သေလွန်ရသော လိပ်သည် ဤယခုအခါ ကောကာလိက ဖြစ်လာ၏။ ထိုအခါ လိပ်ကိုချီဆောင် နှစ်ကောင် သော ဟင်္သာတို့သည် ဤယခုအခါ နှစ်ပါးကုန်သော အဂ္ဂသာဝက မဟာ ထေရ်တို့ ဖြစ်လာကုန်၏။ ထိုအခါဝယ် စကားပြောကြားလေ့ရှိသော မင်းကြီး သည် ဤယခုအခါ အာနန္ဒာဖြစ်လာ၏ ထိုအခါ အမတ်ပညာရှိသည် ဤယခု အခါ ငါဘုရားသည်သာလျှင်တည်းဟု ဇာတ်ကိုပေါင်းတော်မူ၏။ ဒုက နိပါတ်၌ ဤသို့သော ဗဟုဘာဏိဇာတ်ကို အကျယ်ဝိတ္ထာရ ဟောပြတော် မူပြီး၍ ချစ်သား ရဟန်းတို့ ရဟန်းမည်သည် နှုတ်ခံတံခါးကို စောင့်စည်းနိုင်း ရှိသဖြင့် သိမ်မွေ့ချောညက် ငြိမ်သက်စွာ ကျင့်လေ့ရှိသဖြင့် ပျံ့လွင့်ကင်းဝေး ငြိမ်းအေးသောစိတ်ရှိသဖြင့် ဖြစ်ပေရာ၏ဟု မိန့်တော်မူပြီး၍ ဤဂါထာကို ဟောတော်မူ၏။

ယော မုခသံယတော ဘိက္ခု၊ မန္တဘာဏီ အနုဒ္ဓတော။
အတ္ထံ ဓမ္မဉ္စ ဒီပေတိ၊ မဓုရံ တဿ ဘာသိတံ။

အကြင်ရဟန်းသည် နှုတ်စောင့်၏ ပညာဖြင့်ပြောဆို၏ ပျံ့လွင့်ခြင်း မရှိ အနက်နှင့်ပါဠိကို ဖော်ပြ၏ ထိုရဟန်း၏ စကားသည် အလွန်ချိုလှ၏။

ထိုဂါထာ၌ မုခသံယတော=ဟူသည် ကျွန် ဒွန်းစဏ္ဍား စသည်တို့ကိုလည်း "သင်သည် မကောင်းသောဇာတ်ရှိသည် သင်သည် သီလမရှိ (အကျင့်ပျက်) သည်" စသည်တို့ကို မပြောဆိုခြင်းဖြင့် ခံတွင်းဖြင့် စောင့်စည်း၏၊

မန္တဘာဏီ=ဟူသည် ပညာကို မန္တဟု ဆိုအပ်၏၊ ထိုပညာဖြင့် ပြောဆိုလေ့ ရှိ၏၊

အနုဒ္ဓတော=ဟူသည် ငြိမ်းအေးသော စိတ်ရှိ၏၊

အတ္ထံ ဓမ္မဉ္စ ဒီပေတိ=ဟူသည် ပြောဆိုအပ်သော အနက်ကိုလည်းကောင်း ဟောအပ်သော တရားပါဠိကိုလည်းကောင်း ဟောပြော၏။

မစုရံ=ဟူသည် ဤသို့သဘောရှိသော ရဟန်း၏ပြောဆိုအပ်သော စကား သည် မစုရ(ချိုသည်)မည်၏။ အနက်ကိုသာ ပြည့်စုံစေ၍ ပါဠိကို မပြည့်စုံစေ၊ ပါဠိကိုသာ ပြည့်စုံစေ၍ အနက်ကိုမပြည့်စုံစေ၊ ပါဠိအနက်နှစ်ပါးလုံးကို မပြည့်စုံ စေသော ပုဂ္ဂိုလ်၏ ဟောအပ်သောစကားသည် ချိုသည်မမည်။

ဒေသနာတော်၏ အဆုံး၌ များစွာကုန်သောသူတို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်ကုန်၏။

ကောကာလိက ဝတ္ထုပြီး၏။

---

## ၄။ ဓမ္မာရာမမထေရ်ဝတ္ထု

ဓမ္မာရာမော—အစရှိသော ဤတရားဒေသနာတော်ကို မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် ဓမ္မာရာမ မထေရ်ကို အကြောင်း ပြု၍ ဟောတော်မူ၏။

လူနတ်ဗြဟ္မာ သတ္တဝါတို့၏ ဆရာတစ်ဆူ ဖြစ်တော်မူသော မြတ်စွာ ဘုရားသည် ဤအခါမှနောက် လေးလမြောက်ကိုလွန်သဖြင့် ငါဘုရားရှင် ပြည်ခွင် နိဗ္ဗာန်သို့ ဝင်စံကြွသွားသည် ဖြစ်လတ္တံ့ဟု ပြောကြား မိန့်ဆိုတော်မူသည်ရှိသော် အထောင်မက များစွာ သောင်းသောင်း ရဟန်းအပေါင်းတို့သည် ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားကို နီးပါးမပြတ် ဝန်းပတ်ခြံရံကုန်၍ လှည့်လည် ကုန်သတတ်။ ထိုရဟန်းအပေါင်းတို့တွင် ဆယ်ဖြာသံယောဇဉ် မကုန်စင်သော ပုထုဇဉ်ရဟန်းတို့သည် ပင်ပန်းညှိုးပိန် စိုးရိမ်ကျထွက် မျက်ရည်စက်တို့ကို ဖျောက်ဖျက် တည်တံ့စေခြင်းငှါ မစွမ်းနိုင်ကုန်။ အာသဝေါကုန်ခန်းသော ရဟန္တာတို့အား မူကား ဓမ္မသံဝေဂသည် ဖြစ်၏။ ခပ်သိမ်းဥဿုံ အလုံးစုံကုန်သော ရဟန်းတို့သည်လည်း အဘယ်သို့ ပြုရပါကုန်အံ့နည်းဟု တီးတိုးစကား ပြောကြား သမှု အစုအစု ဖွဲ့သဖြင့် လှည့်လည်ကုန်၏။ ဓမ္မာရာမ အမည်ရှိသော တစ်ပါး သော ရဟန်းတော်သည်ကား တိုင်ပင်ဆွေးနွေးသော ရဟန်းတို့၏ အထံသို့ မချဉ်းကပ်။ ရဟန်းတော်တို့က ငါ့ရှင် ဓမ္မာရာမ အကြောင်းအသို့နည်းဟု ပြောဆိုသည် ရှိသော် အကြောင်းပြန်ကြား စကားတို့မှုကိုလည်း မပေးမူ၍ "ဆရာဖြစ်တော်မူသော မြတ်စွာဘုရားသည် လေးလကို လွန်မြောက်သဖြင့် ပရိနိဗ္ဗာန် ဝင်စံကြွသွားတော်မူတော့သတတ်။ ငါသည်လည်း တပ်ခြင်းရာဂ မကင်းသေး ဖြစ်ခဲ့၏။ မြတ်စွာဘုရား သက်တော်ထင်ရှား ရှိစဉ်သာလျှင် အားထုတ်သမှု သို့လပြု၍ အရဟတ္တဖိုလ်သို့ ရောက်အံ့" ဟု ကြံစည်ပြီးသော် အပေါ်မလှောက် တစ်ယောက်ထီးတည်းသာလျှင် နေမျှလျက် မြတ်စွာဘုရား ဟောကြားတော်မူအပ်သော တရားတော်ကို ကြံစည်ဆင်ခြင် အစဉ်မပြတ်

အောက်မေ့၏။ ရဟန်းတို့သည် မြတ်စွာဘုရားအား ကြားလျှောက် ကုန်၏။ အဘယ်သို့ ကြားလျှောက်ကုန်သနည်း ဟူမူ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ဓမ္မာရာမ မည်သော ရဟန်းအား အရှင်ဘုရားတို့၌ ချစ်ခင်ခြင်း မျှလည်း မရှိ၊ မြတ်စွာဘုရားသည် ပရိနိဗ္ဗာန် ဝင်စံတော်မူတော့သတတ်။ အဘယ်သို့ ပြုရပါကုန်အံ့နည်းဟု တပည့်တော်တို့နှင့် အတူတကွ မြွက်ဟ စကားကြော နှီးနှောခြင်းမျှကိုလည်း မပြုဟု ကြားလျှောက်ကုန်၏။ မြတ်စွာ ဘုရားသည် ထိုဓမ္မာရာမ မထေရ်ကို ခေါ်စေ၍ ချစ်သားရဟန်း အသင်သည် ဤသို့ ပြုလုပ်ဘိသော ဟူသည် ဟုတ်မှန်ပေသလောဟု မေးတော်မူ၏။ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ဟုတ်မှန်ပါသည်ဟု လျှောက်ကြား သည်ရှိသော် အဘယ် အကြောင်းကြောင့် ဤသို့ ပြုလုပ်ဘိသနည်းဟု မေးတော်မူပြန်၏။ ဘုန်းတော် ကြီးတော်မူသော မြတ်စွာဘုရား အရှင်ဘုရား တို့သည် ဤအခါမှ နောက်လေးလကို လွန်မြောက်သဖြင့် ပရိနိဗ္ဗာန် စံဝင် တော်မူတော့ကုန်သတတ်။ တပည့်တော်သည်လည်း မကင်းစင်သေးသော ရာဂရှိသည် ဖြစ်ခဲ့ပါ၏။ အရှင်ဘုရားတို့သည် သက်တော်ထင်ရှားရှိကုန်လျက် သာလျှင် အရဟတ္တဖိုလ်သို့ ရောက်အံ့ဟု အောက်မေ့ကြံစည်၍ အရှင်ဘုရားတို့ ဟောကြားအပ်သော တရားတော်ကို ကြံစည်ဆင်ခြင် အစဉ်အောက်မေ့ နှလုံး သွင်းပါ၏ဟု လျှောက်ကြား၏၊ မြတ်စွာဘုရားရှင်က သာဓု သာဓု ကောင်း၏ ကောင်း၏ဟု ထိုဓမ္မာရာမ မထေရ်အား ကောင်းချီးကို ပေးတော်မူ၍ ချစ်သား ရဟန်းတို့ ငါဘုရား၌ ချစ်ခင်မြတ်နိုးခြင်းရှိသော တစ်ပါးသော ရဟန်းမည်သည် ကား ဤဓမ္မာရာမ ရဟန်းနှင့် တူသည်သာလျှင် ဖြစ်ပေရာ၏။ ထိုစကားမှန်၏ ငါဘုရားအား ပန်း နံ့သာ စသည်တို့ဖြင့် ပူဇော်ခြင်း ကို ပြုကုန်သော သူတို့သည် ငါဘုရားအား စင်စစ်ပူဇော်ခြင်းကို ပြုကုန်သည်မမည်။ လောကုတ္တရာ တရား အားလျော်သောကျင့်ပတ် ပဋိပတ်တရားကို အားထုတ်ဖြည့်ကျင့်သော ပုဂ္ဂိုလ် တို့သည်သာလျှင် ငါဘုရားကို စင်စစ်ပူဇော်သည် မည်ကုန်၏ဟု မိန့်တော်မူပြီး၍ ဤဂါထာကို ဟောတော်မူ၏။

ဓမ္မာရာမော ဓမ္မရတော၊ ဓမ္မံ အနုဝိစိန္တယံ။
ဓမ္မံ အနုဿရံ ဘိက္ခု၊ သဒ္ဓမ္မာ န ပရိဟာယတိ။

ဘာဝနာတရားသျှင် မွေ့လျော်ရာရှိသော ဘာဝနာတရား၌ မွေ့လျော်တတ် သော တရားတော်ကို အဖန်ဖန်ကြံစည်သော တရားတော်ကို အစဉ်အောက်မေ့ သော ရဟန်းသည် သူတော်ကောင်းတရားမှ မဆုတ်ယုတ်ချေ။

ထိုဂါထာ၌ ထိုရဟန်း၏ တည်နေရာ၏အဖြစ်ဖြစ် သမထဝိပဿနာတရား တည်းဟူသော မွေ့လျော်ရာ ဖြစ်သောကြောင့် ဓမ္မာရာမ မည်၏။

ထိုသမထ, ဝိပဿနာ တရား၌သာလျှင် မွေ့လျော်တတ်သောကြောင့် **ဓမ္မရတ** မည်၏။

ထိုသမထ, ဝိပဿနာတရားကိုသာလျှင် အဖန်ဖန် ကြံစည်နှလုံးသွင်းခြင်းကြောင့် **ဓမ္မံအနုဝိစိန္တယ** မည်၏။

ထိုသမထ, ဝိပဿနာတရားကို ဆင်ခြင်လျက် နှလုံးသွင်းလျက် ဟူလို။

**အနုဿရံ**=ဟူသည် ထိုသမထ, ဝိပဿနာတရားကိုသာလျှင် အဖန်ဖန် အောက်မေ့လျက်။

**သဒ္ဓမ္မ**=ဟူသည် ဤသို့သဘောရှိသော ရဟန်းသည် သုံးဆယ့်ခုနစ်ပါး အပြားရှိသော ဗောဓိပက္ခိယတရားတို့မှ လည်းကောင်း, ကိုးပါးသော လောကုတ္တရာတရားတို့မှလည်းကောင်း မဆုတ်ယုတ်။

ဒေသနာတော်၏ အဆုံး၌ ထိုဓမ္မာရာမ ရဟန်းသည် အရဟတ္တဖိုလ်၌တည်၏၊ ရောက်လာကုန်သော ပရိသတ်အားလည်း အကျိုးရှိသော တရားဟောခြင်း ဖြစ်၏။

ဓမ္မာရာမ မထေရ်ဝတ္ထု ပြီး၏။

---

### ၅။ ဝိပက္ခသေဝက ရဟန်း၏ဝတ္ထု

**သလာဘံ-အစရှိသော** ဤတရား ဒေသနာတော်ကို မြတ်စွာဘုရားသည် ဝေဠုဝန်ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် မထင်ရှားသော ဝိပက္ခသေဝက ရဟန်းကို အကြောင်းပြု၍ ဟောတော်မူ၏။

ထိုရဟန်းအား ဒေဝဒတ်၏ အပင်းအသင်းဖြစ်သော အဖော်ရဟန်းတစ်ပါး ရှိသည် ဖြစ်သတတ်။ ထိုဒေဝဒတ်၏ အပင်းအသင်းပါ ရဟန်းက ရဟန်းတော်တို့နှင့် အတူတကွ ဆွမ်းအလို့ငှါလှည့်လည်၍ ဆွမ်းစားခြင်းကိစ္စ ပြီးဆုံးသဖြင့် ရွေးရှုလာသော ထိုရဟန်းကို တွေ့မြင်၍ အသင်သည် အဘယ်အရပ်သို့ သွားသနည်းဟု မေး၏။ ဤအမည်ရှိသော အရပ်သို့ ဆွမ်းခံလှည့်လည်ခြင်းငှါ သွားသည်ဟု ပြောဆို၏။ အသင့်အား ဆွမ်းကိုရအပ်၏လောဟု မေးပြန်သည် ရှိသော် ကြော် ရအပ်ပေ၏ဟု ပြောဆို၏၊ ထိုအခါ ဒေဝဒတ်ဘက်သား ရဟန်း က ဤအရပ်၌ ငါတို့အား များစွာသော လာဘ်ပူဇော်သက္ကာရသည်ဖြစ်၏။ နှစ်ရက် သုံးရက်ပတ်လုံး ဤအရပ်၌သာလျှင် နေပါသော့ဟု ပြောဆို၏။ မြတ်စွာ ဘုရား၏ ကပ္ပည့်ဖြစ်သော ထိုရဟန်းသည် ထိုရဟန်း၏စကားဖြင့် နှစ်ရက် သုံးရက်ပတ်လုံး ထိုဒေဝဒတ်၏ အပင်းအသင်း၌နေ၍ မိမိ၏နေရာသို့သာလျှင်

ပြန်သွား၏။ ထိုအခါ ရဟန်းတော်တို့က ထိုရဟန်းကို ဘုန်းတော်ကြီးတော်မူသောမြတ်စွာဘုရား ဤအမည်ရှိသော ရဟန်းကား ဒေဝဒတ်အားဖြစ်သောလာဘ်ပူဇော်သက္ကာရကို စားသောက်သုံးဆောင်၏။ ဤရဟန်းသည် ဒေဝဒတ်၏ အပင်းအသင်းပါ တည်းဟု မြတ်စွာဘုရားအား ကြားလျှောက်ကုန်၏။ မြတ်စွာဘုရားသည် ထိုရဟန်းကို ခေါ်တော်မူ၍ အို ရဟန်း အသင်သည် ဤသို့ သဘောရှိသော အမှုကို ပြုလုပ်သော ဟူသည်၊ ဟုတ်မှန်ပေသလောဟု မေးတော်မူ၏။ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ဩော် ဟုတ်မှန်ပါ၏။ တပည့်တော်သည် ထိုဒေဝဒတ် အပင်းအသင်း၌ တစ်ယောက်သော ရဟန်းငယ်ကို အမှီပြု၍ နှစ်ရက် သုံးရက်ပတ်လုံး နေမိလေပြီ။ စင်စစ်သော်ကား ဒေဝဒတ်၏ အယူကို မနှစ်သက်ပါဟု လျှောက်ကြား၏။ ထိုအခါ မြတ်စွာဘုရားက ထိုရဟန်းကို အသင်သည် အယူကို အကယ်၍ကား မနှစ်သက်။ ထိုသို့ မနှစ်သက်သော်လည်း တွေ့မြင်တိုင်း တွေ့မြင်တိုင်းသော သူတို့အားသာလျှင် အယူကို နှစ်သက်ဘိသကဲ့သို့ ပန်ဆောင် လှည့်လည်ဘိ၏။ အသင်သည် ဤယခုအခါ၌သာလျှင် ဤသို့ ပြုလုပ်သည် မဟုတ်သေး၊ ရှေးအခါ၌လည်း ဤသို့ သဘောရှိသည်သာလျှင် တည်းဟု မိန့်တော်မူသည် ရှိသော် ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ဤယခုအခါ၌ တပည့်တော်တို့သည် ကိုယ်တိုင်တွေ့မြင်ရပါ၏။ ရှေးအခါ၌ ဤရဟန်းသည် ထိုထိုသို့သောသူတို့၏ အယူကို နှစ်သက်ဘိသကဲ့သို့ လှည့်လည်ဘိသော ဟူသည် အဘယ်သို့ပါနည်း။ တပည့်တော်တို့အား မိန့်ကြားတော်မူပါကုန်လော့ဟု ရဟန်းတို့ တောင်းပန်အပ်သောကြောင့် အတိတ်ကို ဆောင်တော်မူ၏။

## အတိတ်ဝတ္ထု၊

ရှေးလွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ္တအမည်ရှိသောမင်းသည် မင်းအဖြစ်ကိုပြုသည်ရှိသော် ဘုရားအလောင်းတော်သည် ထိုဗြဟ္မဒတ္တမင်း၏ အမတ်သည်ဖြစ်၏။ ထိုအခါ မင်းကြီး၏ မင်္ဂလာဆင်တော်သည် ဆင်မ၏ မျက်နှာနှင့်တူသောကြောင့် မဟိဠာမုခအမည်ရှိသည် ဖြစ်၏။ သီလရှိ၏။ အကျင့်နှင့်ပြည့်စုံ၏။ တစ်စုံတစ်ယောက်သော သူတို့ကိုလည်း မညှဉ်းဆဲ။ ထိုနောက် တစ်နေ့သောအခါ၌ မင်္ဂလာဆင်တော် ဆင်တင်းကုပ်အနီး၌ ညဉ့်အဖို့ဖြစ်သော ကောင်းသောအခြားမဲ့၌ ခိုးသူတို့သည် စုရုံးလာရောက်ကုန်၍ ထိုမင်္ဂလာဆင်တော်၏အနီး၌ ထိုင်နေကုန်လျက် "ဥမင်ကို ဤသို့ဖောက်အပ်၏။ တိုက်နံရံ ဖောက်ခြင်းအမှုကို ဤသို့ပြုအပ်၏။ ဥမင်ကိုလည်းကောင်း၊ တိုက်နံရံ ဖောက်ခြင်းကိုလည်းကောင်း ခရီးလမ်းနှင့်တူစွာ သက်ဆင်းရာ ရေဆိပ်နှင့် တူစွာ အရှုပ်အထွေးမရှိသည်ကို ချုံမရှိသည်ကိုပြုလုပ်၍ ဘဏ္ဍာကို ခိုးဆောင်ခြင်းငှါ သင့်၏။ ခိုးဆောင်သောသူသည် ဘဏ္ဍာရှင်ကို သတ်၍သာလျှင်

ခိုးဆောင်အပ်၏။ ဤသို့ပြုလုပ်သည်ရှိသော် ဘဏ္ဍာရှင်သည် နေရာမှထခြင်းငှါ စွမ်းနိုင်သော မည်သည် မဖြစ်သတတ်။ ခိုးဝှက်တတ်သော ခိုးသူမည်သည် သီလ အကျင့်နှင့် ပြည့်စုံသည် မဖြစ်ရာ ကြမ်းတမ်းကြမ်းကြုတ်သဖြင့် အနိုင်အထက် နှိပ်စက်ကလူ ပြုမူရာ၏”ဟု ခိုးသူတို့၏ ပြောဆိုတိုင်ပင်ခြင်းကို ပြောဆိုတိုင်ပင် ကုန်၏။ ဤသို့ပြောဆိုတိုင်ပင်ကုန် ပြီးသော် တစ်ယောက်သည်တစ်ယောက်အား အချင်းချင်းသင်ယူစေ၍ သွားကုန်၏။ ဤသို့သော အကြောင်းဖြင့်သာလျှင် တစ်ဖန် မိုးသောက်သော နေ့၌လည်းကောင်း, တစ်ဖန် မိုးသောက်သော နေ့၌ လည်းကောင်း ဤသို့လျှင် များစွာသော နေ့တို့ပတ်လုံး ထို ဆင် တင်းကုပ်သို့ လာရောက်၍ ပြောဆို တိုင်ပင်ကုန်၏။ ထိုမင်္ဂလာဆင်တော် သည် ထို ခိုးသူတို့ ပြောဆို တိုင်ပင်သော စကားကို ကြား၍ ထိုသူတို့သည် ငါ့ကို မှတ်နာလိုက်မူ သင်ယူစေကုန်၏ ဟူသော အမှတ်ဖြင့် ဤယခုအခါ၌ ငါသည် ခက်ထန် ကြမ်းကြုတ်သဖြင့် နှိုင့်ထက်ကလူ နှိပ်စက်မူသဖြင့် ဖြစ်ထိုက် ၏ဟု ကြံပြီးလျှင် ထိုသို့ သဘောရှိ သည်သာလျှင် ဖြစ်လေ၏။

နံနက်စောစောကသာလျှင် လာရောက်သော ဆင်ထိန်းကို နှာမောင်းဖြင့် ဆွဲယူ၍ မြေကြီး၌ ရိုက်ခတ် သတ်လေ၏။ နောက်၌ လာရောက် တစ်ယောက် သော ဆင်ထိန်းကိုလည်းကောင်း, နောက်၌ လာရောက် တစ်ယောက်သော ဆင်ထိန်းကို လည်းကောင်း၊ ဤသို့လျှင် လာတိုင်း လာတိုင်းသော ဆင်ထိန်းကို မြေ၌ ရိုက်ခတ်သည် သာလျှင်တည်း။ မင်္ဂလာမုခ ဆင်တော်သည် ရူးသွပ်ခြင်း ဖြစ်ခဲ့လေပြီ။ တွေ့မြင်တိုင်း တွေ့မြင်တိုင်းသော သူတို့ကို သတ်လေသည်ဟု မင်းကြီးအား ကြားလျှောက်ကုန်၏။ မင်းကြီးသည် ဘုရားအလောင်းတော်ကို အို ဝိညာရှိ သွားပါချေ။ အဘယ်သို့သော အကြောင်းကြောင့် ထိုမင်္ဂလာ ဆင်တော်သည် ခက်ထန်ကြမ်းကြုတ် ပြုလုပ်သည် ဖြစ်ဘိသည်ကို အသင်သည် သိအောင် ပြုလေလော့ဟု ပြောဆို စေလွှတ်တော်မူ၏။ ဘုရားအလောင်းတော် သည် ဆင် တင်းကုပ်သို့ သွားရောက်ပြီးလျှင် ထိုမင်္ဂလာ ဆင်တော်၏ ကိုယ်၌ တစ်စုံတစ်ရာ ရောဂါမရှိသော အဖြစ်ကိုသိ၍ အဘယ်သို့သော အကြောင်းကြောင့် ဤမင်္ဂလာ ဆင်တော်သည် ခက်ထန် ကြမ်းကြုတ်သည် ဖြစ်လေဘိသနည်းဟု စူးစမ်းသည်ရှိသော် မချွတ်ကေန် အမှန်အားဖြင့် ဤဆင်တော်၏ အနီး၌ အကြင်သူတို့၏ အချို့သောစကားကို ကြား၍ ဤသူတို့သည် ငါ့ကို မှတ်နာ လိုက်မူ သင်ယူစေကုန်ဘိ၏ ဟူသော အမှတ်ဖြင့် ခက်ထန် ကြမ်းကြုတ်သည် ဖြစ်ပေလိမ့်မည်ဟု ဆုံးဖြတ်ခြင်းကို ပြု၍ ဆင်ထိန်းတို့ကို ဆင်တင်းကုပ်၏ အနီးဝယ် ညဉ့်အခါ၌ တစ်စုံတစ်ယောက်သော သူသည် တစ်စုံတစ်ခုသော စကားကို ပြောဆိုဖူးသည် ရှိသလောဟု မေး၏။ အရှင် ဩော် ဟုတ်မှန်ပါ၏။ ခိုးသူတို့သည် လာရောက်၍ ပြောဆိုကုန်ပြီဟု ပြန်ကြား၏။

ဘုရားအလောင်းတော်သည် သွားရောက်၍ အရှင်မင်းမြတ် ဆင်တော်၏ ကိုယ်၌ တစ်ပါးသော ဖောက်ပြန်ခြင်းသည် မရှိ။ ခိုးသူတို့ ပြောဆိုသော စကားကို ကြား၍ ခက်ထန် ကြမ်းကြုတ်သည် ဖြစ်၏ဟု မင်းကြီးအား ကြားလျှောက်၏။ ဤယခုအခါ၌ အဘယ်သို့ ပြုခြင်းငှါ သင့်သနည်းဟု မေးတော်မူသဖြင့် မြတ်သောမင်းကြီး သီလရှိကုန်သော ရဟန်းပုဏ္ဏားတို့ကို ဆင်တင်းကုပ်၌ ထိုင်နေစေ၍ သီလအကျင့်နှင့် စပ်ယှဉ်သော စကားကို ပြောဆိုစေခြင်းငှါ သင့်ပါ၏ဟု လျှောက်တင်သည်ရှိသော် အမောင် ဤသို့ အသင် ပြောဆိုသည့်အတိုင်း ပြုလုပ်စေလော့ဟု မိန့်ဆိုတော်မူ၏။ ဘုရားအလောင်းတော်သည် သွားရောက်၍ သီလရှိကုန်သော ရဟန်းပုဏ္ဏားတို့ကို ဆင်တင်းကုပ်၌ ထိုင်နေစေ၍ အရှင်တို့ သီလနှင့်စပ်ယှဉ်သော စကားကို ပြောဟောပါကုန်လော့ဟု ပြောဆို၏။ ထိုရဟန်းပုဏ္ဏားတို့သည် ဆင်တော်၏အနီး၌ ထိုင်နေကုန်လျက် "တစ်စုံတစ်ယောက်သော သူကို ပြစ်မှားသောအားဖြင့် မသုံးသပ်ဆိုက်, မသတ်ထိုက်, သီလအကျင့်နှင့် ပြည့်သဖြင့် သည်းခံခြင်း ချစ်ခင်ခြင်း အစဉ်သနားခြင်းနှင့် ယှဉ်သဖြင့် ဖြစ်ခြင်းငှါ အပ်၏"ဟု ဤသို့ အစရှိသော သီလနှင့် စပ်ယှဉ်သော စကားကို ပြောဆိုကုန်၏။ ထိုဆင်တော်သည် ရဟန်းပုဏ္ဏားတို့ ပြောဆိုသော ထိုစကားကို ကြား၍ ဤသူတို့သည် ငါ့ကို လိုက်နာမှတ်မူ သင်ယူစေကုန်၏။ ဤအခါမှစ၍ ယခုအခါ ငါ့အား သီလရှိသဖြင့် ဖြစ်အပ်၏ဟု ကြံစည်၍ သီလရှိသည် ဖြစ်လေ၏။ မင်းကြီးသည် ဘုရားအလောင်းတော်ကို အမောင် အသို့နည်း။ ဆင်တော် သီလရှိသည် ဖြစ်ပြီလော့ဟု မေးတော်မူ၏။ ဘုရားအလောင်းက အရှင်မင်းမြတ် ဖြော် သီလရှိသည် ဖြစ်ပါပြီဟု တင်လျှောက်၏။ ဤသို့သဘောရှိသော ခက်ထန်ကြမ်းကြုတ်သော ဆင်သည် ပညာရှိတို့ကို အမှီပြု၍ ရှေး၌ဖြစ်သော ဂုဏ်ကျေးဇူး၌သာလျှင် တည်ပေပြီဟု မိန့်ဆိုတော်မူ၍ ဤဂါထာကို ရွတ်ဆို၏။

ပုရာဏစောရာနံ ဝစော နိသမ္မ၊ မဟိလာမုခေါ ပေါထယ မန္ဝစာရီ။
သုသညတာနံ ဟိ ဝစော နိသမ္မ၊ ဂဇုတ္တမော သဗ္ဗဂုဏေသု အဋ္ဌာ။

မဟိလာမုခ-ဆင်သည် ရှေးဦးစွာ ခိုးသူတို့၏ စကားကိုကြား၍ ဆင်ထိန်းကို ရိုက်သတ်ပြီး ကြမ်းတမ်းသောအမှုကို အတုလိုက် ပြုကျင့်၏။ ထို့နောက် ကိုယ်နှုတ်နှလုံး စောင့်သောသူတို့၏ စကားကို ကြားရ၍ မြတ်သောဆင်တော်သည် ခပ်သိမ်းသောဂုဏ်ကျေးဇူး၌ တည်လေပြီ။

ပြည့်ရှင်မင်းမြတ်သည် တိရစ္ဆာန်အလိုကို သော်လည်း သိပါစေသည်ဟု ဘုရားအလောင်းတော်အား ကြီးစွာသော အခြံအရံကို ပေးသနားတော်မူ၏။

ထိုမင်းမြတ်သည် ဘုရားအလောင်းတော်နှင့်အတူတကွ အသက်ရှည်သမျှကာလ ပတ်လုံး တည်နေ၍ ကံအားလျော်စွာ လားကပ်ရလေ၏။ မြတ်စွာဘုရားရှင်က ချစ်သားရဟန်း၊ အသင်သည် ရှေးအခါ၌လည်း မြင်တိုင်း မြင်တိုင်းသော သူတို့ကိုသာလျှင် မှီဝဲဆည်းကပ်၏။ ခိုးသူတို့၏ စကားကိုကြား၍ ခိုးသူတို့ကို မှီဝဲဆည်းကပ်၏၊ တရားကိုစောင့်ကုန်သော သူတို့၏စကားကို ကြား၍ တရားကို စောင့်ကုန်သော သူတို့ကိုမှီဝဲဆည်းကပ်၏ဟု ဤဓမ္မဒေသနာကို ဆောင်တော်မူပြီးလျှင် အနုသန္ဓေကိုစပ်၍ ထိုအခါ မဟိလာမုခအမည်ရှိသော မင်္ဂလာဆင်တော်သည် ယခုအခါ ဝိပက္ခသေဝကရဟန်း ဖြစ်လာပြီ။ ပြည့်ရှင်မင်းသည် အာနန္ဒာဖြစ်လာပြီ၊ ပညာရှိ အမတ်သည်ကား ငါဘုရားသာလျှင် တည်းဟု ဇာတ်တော်ကို ပေါင်းတော်မူ၏။ ဤမဟိလာမုခဇာတ်ကို အကျယ်ဝိတ္ထာရဟော ပြတော်မူပြီး၍ ချစ်သားရဟန်းတို့၊ ရဟန်းမည်သည်မိမိအား ရရှိသော လာဘ်ဖြင့်သာလျှင် ရောင့်ရဲသည် ဖြစ်ရာ၏။ သူတစ်ပါးအား ရရှိဖြစ်ပေါ်သော လာဘ်ကို တောင့်တခြင်းငှါမအပ် ထိုစကားမှန်၏။ သူတပါးအား ရရှိဖြစ်ပေါ်သော လာဘ်တောင့်တသောရဟန်းအား ဈာန်, ဝိပဿနာ, မဂ်, ဖိုလ်တို့တွင် တစ်ခုသော တရားမျှလည်း မဖြစ်ပေါ်နိုင်၊ မိမိ၏လာဘ်ဖြင့် ရောင့်ရဲ နှစ်သက်သော ရဟန်းအားသာလျှင် ဈာန်အစရှိသော တရားတို့သည် ဖြစ်ပေါ်ကုန်၏ဟု မိန့်တော်မူ၍ တရားတော်ကို ဟောကြားလိုသောကြောင့် ဤဂါထာကိုမိန့်တော်မူ၏။

သလာဘံ နာတိမညေယျ၊ နာညေသံ ပိဟယံ စရေ။
အညေသံ ပိဟယံ ဘိက္ခု၊ သမာဓိံ နာဓိဂစ္ဆတိ။
အပ္ပလာဘောပိ စေ ဘိက္ခု၊ သလာဘံ နာတိမညတိ။
တံ ဝေ ဒေဝါ ပသံသန္တိ၊ သုဒ္ဓါဇီဝိံ အတန္ဒိတံ။

မိမိအား ဖြစ်ပေါ်သောလာဘ်ကို မထီမဲ့မြင်မပြုရာ၊ သူတစ်ပါး၏လာဘ်ကို လိုချင်တောင့်တမှု မပြုရာ၊ သူတစ်ပါး၏လာဘ်ကို လိုချင်တောင့်တသောရဟန်းသည် ဥပစာရသမာဓိ အပ္ပနာသမာဓိကို မရနိုင်။

လာဘ်လာဘနည်းသော်လည်း အယုတ်အမြတ် အစဉ်အတိုင်း လှည့်လည်ဆွမ်းခံသောရဟန်းသည် မိမိလာဘ်ကို မထီမဲ့မြင်မပြုရာ၊

ထိုဂါထာ၌ သလာဘံ—ဟူသည် မိမိအဘို့ ဖြစ်လာသော လာဘ်လာဘတည်း၊ အိမ်စဉ်လှည့်လည်ဆွမ်းခံခြင်းကို ရှောင်ကြဉ်၍ အနေသန ၂၁-ပါးဖြင့် အသက်မွေးမှုခြင်းကိုပြုလျက် မိမိလာဘ်ကို မထီမဲ့မြင် ပြုရာရောက်၏၊ ရှုံ့ချရာရောက်၏၊ စက်ဆုပ်ရာရောက်၏။ ထို့ကြောင့် ဤသို့မပြုဘဲ မိမိလာဘ်လာဘကို အထင်မသေးရ။

အဍ္ဎေနာပိဟယံ–ဟူသည် သူတစ်ပါး၏ လာဘ်လာဘကို တောင့်တလျက် မကျင့်ရာ ဟူလို။

**သမာဓိံ နာဓိဂစ္ဆတိ**–ဟူသည် သူတစ်ပါးတို့၏ လာဘ်လာဘကို ခုံမင်၍ ထိုသူတို့၏ သက်န်းချုပ်မှုစသော လုပ်ငန်း၌ ကူညီပြုလုပ်ပေးနေသော ရဟန်းသည် အပ္ပနာသမာဓိ ဥပစာရသမာဓိကို မရနိုင်။

**သလာဘံ နာတိ မညတိ**–ဟူသည် လာဘ်လာဘနည်းသော်လည်း အယုတ် အမြတ် အိမ်အစဉ်အတိုင်းခြေသျှင် ဆွမ်းခံလှည့်သောရဟန်းသည် မိမိလာဘ်ကို မထီမဲ့မြင်ပြုသည် မမည်။

**တံဝေ**–ဟူသည် ဤသို့သဘောရှိသော ထိုရဟန်းကို အနှစ်သာရ ရှိသော အသက်မွေးမှုကြောင့် ခြေသလုံးအားကိုပြု၍ စင်ကြယ်စွာ အသက်မွေးသော ပျင်းရိခြင်းမရှိသော ထိုရဟန်းကို နတ်တို့သည် ချီးမွမ်းကြကုန်၏ဟူလို။

ဒေသနာတော်၏အဆုံး၌ များစွာသော သူတို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်ကုန်၏။

ဝိပက္ခသေဝကရဟန်းဝတ္ထု ပြီး၏။

## ၆။ ပဥ္စဂ္ဂဒါယကဗြာဟ္မဏဝတ္ထု

**သဗ္ဗသော**–အစရှိသော ဤတရားဒေသနာတော်ကို မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် ပဥ္စဂ္ဂဒါယကမည်သော ပုဏ္ဏားကို အကြောင်းပြု၍ ဟောတော်မူ၏။

ထိုပုဏ္ဏားသည် ကောက်ပင်စိုက်ဖွယ် လယ်မြေကို သုတ်သင်သောအခါ၌ သာလျှင် လယ်ဦးအလှူမည်သည်ကို ပေးလှူ၏။ ကောက်နယ်သောအခါ၌ နယ်ဦးအလှူမည်သည်ကို ပေးလှူ၏။ ကောက်နယ်ပြီးခါ ဘဏ္ဍာဖြစ်သော အခါ၌ကား ဘဏ္ဍာဦးအလှူမည်သည်ကို ပေးလှူ၏။ အိုးခွက်ထဲသို့ သိမ်းသော အခါ၌ အိုးခွက်ဦးအလှူမည်သည်ကို ပေးလှူ၏။ ထမင်းခွက်၌ ခူးဆွထည့်သွင်းသောအခါ၌ ခွက်ဦးအလှူမည်သည်ကို ပေးလှူ၏။ ဤသို့လျှင် ငါးပါးကုန်သော ဤအဦးအလှူတို့ကို ပေးလှူသတတ်။ ရောက်လာသော သူအား မပေးလှူမူ၍ စားဘူးသည် မည်သည်မရှိ။ ထို့ကြောင့် ထိုပုဏ္ဏားအား ပဥ္စဂ္ဂဒါယကဟူ၍ သာလျှင် အမည်ထင်ရှားသည် ဖြစ်၏။

မြတ်စွာဘုရားသည် ထိုပဥ္စဂ္ဂဒါယကပုဏ္ဏား၏လည်းကောင်း, ထိုပုဏ္ဏား၏ ခင်ပွန်းမယား ပုဏ္ဏေးမ၏လည်းကောင်း သောတာပတ္တိ, သကဒါဂါမိ, အနာဂါမိဟု ဆိုအပ်ကုန်သော သုံးပါးကုန်သော ဖိုလ်တို့၏ အမှီဖြစ်ကောင်း

အကြောင်းဥပနိဿယ ပြည့်ဝစုံလင်သည်ကို မြင်တော်မူသောကြောင့် ပုဏ္ဏားအ ထမင်းစားသော အချိန်အခါ၌ ကြွသွားတော်မူ၍ တံခါး၌ ရပ်တည်တော်မူ၏။ ထိုပုဏ္ဏားသည်လည်း တံခါးမုခ်ဦး အိမ်၏အတွင်းဘက်သို့ မျက်နှာရှေးရှု ထိုင်နေလျက် စားသောက်၏။ အိမ်တံခါး၌ ရပ်တည်တော်မူသော မြတ်စွာ ဘုရားကို မမြင်နိုင်လေ။ ပုဏ္ဏေးမသည်ကား ထိုပုဏ္ဏားကို လုပ်ကျွေးပြုစုလျက် မြတ်စွာဘုရားကို မြင်၍ကြံစည်၏။ အဘယ်သို့ ကြံစည်သနည်းဟူမူ ဤ ပုဏ္ဏားသည် ငါးပါးသောအရာတို့၌ အဦးကိုပေးလှူ၍ စား၏။ ယခုအခါ ၌လည်း ရဟန်းဂေါတမသည် ကြွလာတော်မူ၍ အိမ်တံခါး၌ ရပ်တည်၏။ အကယ်၍ ပုဏ္ဏားသည် ထိုရဟန်းဂေါတမကို မြင်သည်ဖြစ်အံ့။ မိမိစားရန် ထမင်းကိုယူဆောင်၍ ပေးလှူလတ္တံ့၊ ဤသို့ ပေးလှူခဲ့သည်ရှိသော် ထဖန်လည်း ငါသည် ချက်ခြင်းငှါ မစွမ်းနိုင်တော့အံ့ဟု ကြံစည်၏။ ကြံစည်ပြီး၍ကား ထိုပုဏ္ဏေးမသည် ဤသို့သောအခြင်းအရာဖြင့် ပြုလုပ်ရသည်ရှိသော် ဤပုဏ္ဏား သည် ရဟန်းဂေါတမကို မမြင်လတ္တံ့ဟု မြတ်စွာဘုရားအား ကျောက်ကုန်းကို ပေး၍ ထိုပုဏ္ဏား၏နောက်မှ ထိုပုဏ္ဏားကို ဖုံးကွယ်လျက် ကိုယ်ကိုညွတ်၍ လပြည့်ဝန်းကို လက်ဖြင့်ဖုံးကွယ်ဘိသကဲ့သို့ တည်နေ၏။

ထိုသို့ တည်နေပြီးလျက်သာလျှင် ရဟန်းဂေါတမသည် ကြွသွားလေပြီလော၊ မကြွသွားသေးသလောဟု မြတ်စွာဘုရားကို ထက်ဝက်သော မျက်စိဖြင့် စောင်းငဲ့၍ ကြည့်၏။ မြတ်စွာဘုရားသည် ထိုအရပ်၌သာလျှင် ရပ်တော်မူ၏။ ခင်ပွန်းလင်ယောကျ်ား ပုဏ္ဏား၏ ကြားအံ့သည်မှ ကြောက်သောကြောင့်ကား ကန်တော့ဘုမ်းပါ (ရှေ့သို့လွန်မြောက် ကြွရောက်အလိုရှိပါကုန်လော့) ဟူသော စကားကို ပွင့်ပွင့်လင်းလင်း မပြောဆို၊ တွန့်တိုဆုတ်နစ်၍ကား တိုးတိုးဖြည်းဖြည်း သာလျှင် (ရှေ့သို့လွန်မြောက် ကြွရောက် အလိုရှိပါကုန်လော့) ဟု ပြောဆို၏။ မြတ်စွာဘုရားသခင်က ငါမသွားအံ့ဟူသော အလိုတော်ဖြင့် ဦးခေါင်းကိုလှုပ်ခါ တော်မူ၏။ လူများအပေါင်း ဦး ခေါင်းတင်မှု အလေး ပြုအပ်သော မြတ်စွာဘုရား သည် ငါမသွားအံ့ ဟူသော အလိုဖြင့် ဦးခေါင်းကို လှုပ်ခါတော်မူသည် ရှိသော် ထိုပုဏ္ဏေးမသည် ပြက်တေ့ကည်တုံ့ခြင်းငှါ မစွမ်းနိုင်သည်ဖြစ်၍ ပြင်းစွာ သော ရယ်ရွှင်ခြင်းကို ရယ်ရွှင်လေ၏။ ထိုခဏ၌ မြတ်စွာဘုရားသည် နေအိမ်သို့ ရှေးရှု အရောင်ကို လွှတ်တော်မူ၏၊ ပုဏ္ဏားသည်လည်း ကျောက်ကုန်းကိုပေး၍ ထိုင်နေလျက်သာလျှင် ပုဏ္ဏေးမ၏ရယ်ရွှင်သော အသံကိုကြား၍လည်းကောင်း ခြောက်သွယ်သော ရောင်ခြည်တော်တို့၏ အရောင်အလင်းကို ကြည့်ရှု၍ လည်းကောင်း မြတ်စွာဘုရားကို မြင်လေ၏။

[ထိုစကားသည် မှန်၏၊ ဘုရားရှင်တို့ မည်သည် ရွာ၌ လည်းကောင်း တော၌လည်းကောင်း၊ မဂ်ဖိုလ်ရောက်ကြောင်း ကောင်းမှုနှင့် ပြည့်စုံ

ကုန်သော သူတို့အား မိမိတည်းဟူသော ကိုယ်တော်ကို တွေ့မြင်ရအောင် မပြုမူ၍ မဖဲကြွတော်မူကုန်။]

ပုဏ္ဏားသည်လည်း မြတ်စွာဘုရားကိုမြင်၍ အို ရှင်မ ပျက်စီးလေပြီ။ အသင်သည် အိမ်တံခါး၌ ရပ်တည်တော်မူသော သာကီဝင် မင်းသားဖြစ်သော ရဟန်းဂေါတမကို မြင်ပါလျက် ငါ့အား မပြောကြားဘဲ အသင်သည် ဝန်လေးသောအမှုကို ပြုအပ်၏ဟု ပြောဆို၍ ထက်ဝက်စားပြီးသော ထမင်းခွက်ကို ယူပြီးလျှင် မြတ်စွာဘုရားသခင်၏ အထံတော်သို့သွား၍ အိုအရှင်ဂေါတမ၊ အကျွန်ုပ်သည် ငါးပါးသော အရာတို့၌ အဦးကိုပေးလှူ၍ သာလျှင် စားသုံးပါ၏။ ဤထမင်းမှလည်း အလယ်၌ခွဲဝေ၍ တခုသော ထမင်းအဖိုးစုကိုသာလျှင် အကျွန်ုပ်သည် စားအပ်ပြီ။ တခုသောအဖို့စုသည် ကြွင်းကျန်ပါသေး၏။ အကျွန်ုပ်၏ ဤထမင်းကို အသင်ခံယူပါလတ္တံ့လောဟု မေး၏။ မြတ်စွာဘုရားက အသင်၏ စားကြွင်းထမင်းဖြင့် ငါဘုရား အလိုမရှိဟု ဤကဲ့သို့မဆိုမူ၍ အိုပုဏ္ဏား၊ အဦးဖြစ်သော ထမင်းသည်လည်း ငါဘုရားအားသာလျှင် လျောက်ပတ်၏။ အလယ်၌ခွဲဝေ၍ ထက်ဝက်စားပြီးသော ထမင်းသည်လည်းကောင်း၊ စားခြင်းကိစ္စ လုံးဝအားလုံး အပြီးအဆုံးဖြစ်သော ထမင်းခဲသည်လည်းကောင်း ငါဘုရားအားသာလျှင် သင့်တင့်လျောက်ပတ်၏။ ထိုစကားမှန်၏။ အိုပုဏ္ဏား၊ ငါဘုရားတို့သည် သူတပါးတို့ ပေးကမ်းသည်ကို မှီ၍ မြင့်တည် အသက်ရှည်ကုန်သော ပြိတ္တာနှင့်တူကုန်၏ဟု မိန့်ဆိုတော်မူပြီး၍။ ဤဂါထာကို ဟောတော်မူ၏။

ယဒဂ္ဂတော မဇ္ဈတော သေသတော ဝါ၊ ပိဏ္ဍံ လဘေထ ပရဒတ္တူပဇီဝီ။
နာလံ ထုတိ နာပိ နိပစ္စဝါဒီ၊ တံ ဝါပိ ဓီရာ မုနိ ဝေဒယန္တိ။

အိုပုဏ္ဏား သူတပါးပေးစာကမ်းစာဖြင့် အသက်မွေးရသော ရဟန်းမည်သည် အဦးအဖျားဆွမ်း သို့မဟုတ်စားနေစဉ် ထက်ဝက်ခွဲသော အလယ်ဆွမ်း သို့မဟုတ် စားကြွင်းဆွမ်း ရရာဆွမ်းကို ချီးမွမ်းခြင်း ကဲ့ရဲ့ခြင်း မပြုထိုက်၊ ထိုပုဂ္ဂိုလ်ကို ပညာရှိတို့သည် မုနိမည်၏ဟု ဆိုကုန်၏။

ပုဏ္ဏားသည် မြတ်စွာဘုရားမိန့်ဆိုသော ထိုစကားကို ကြား၍သာလျှင် ကြည်ညိုသောစိတ် ရှိသည်ဖြစ်၍ ဧသြော် အံ့သြဖွယ်ရှိလေစွ။ တစ်ကျွန်းလုံး၏ အရှင်မည်ထိုက်သော သာကီဝင်မင်းသားသည် အသင်၏ စားကြွင်း ထမင်းဖြင့် ငါ့အား အလိုမရှိဟု မပြောဆိုမူ၍ ဤသို့သော စကားကို ပြောကြားပေ၏ဟု ချီးမွမ်းထောမနာ၍ တံခါး၌ ရပ်တည်လျက်သာလျှင် မြတ်စွာဘုရားကို အို-အရှင် ဂေါတမ အသင်တို့သည် မိမိတပည့်တို့ကို ဘိက္ခုဟူ၍ ပြောဆိုကုန်၏။ အဘယ်မျှလောက် အတိုင်းအရှည်ဖြင့် ဘိက္ခုမည်သည်

ဖြစ်ပါသနည်း ဟူသော အမေးပုစ္ဆာကို မေးလျှောက်၏။ ဤပုဏ္ဏားအား အဘယ်သို့ သဘောရှိသော တရားဒေသနာသည် သင့်လျော်လျောက်ပတ်သနည်းဟု စူးစမ်းဆင်ခြင်သည်ရှိသော် ဤနှစ်ယောက်လည်း ဖြစ်ကုန်သော သမီး ခင်ပွန်းတို့သည် ကဿပမြတ်စွာဘုရား လက်ထက်တော်အခါ၌ နာမ်တရား, ရုပ်တရား ဟူ၍ ခွဲဝေဟောကြား ကုန်သော ပုဂ္ဂိုလ်တို့၏ တရားစကားကို ကြားနာဘူးကုန်ပြီ။ နာမ် ရုပ်ကို မစွန့်လွှတ်မူ၍ သာလျှင် ထိုသူနှစ်ဦးတို့အား တရားကို ဟောကြားခြင်းငှါ သင့်၏ဟု ဆင်ခြင်တော်မူ၍ အို- ပုဏ္ဏား၊ နာမ်၌ လည်းကောင်း, ရုပ်၌ လည်းကောင်း, မတပ်နှစ်သက်သောသူ မကပ်ငြိသော သူသည် ဘိက္ခုမည်သည် ဖြစ်၏ဟု မိန့်တော်မူပြီး၍ ဤဂါထာကို ဟောတော်မူ၏။

**သဗ္ဗသော နာမရူပသ္မိံ၊ ယဿ နတ္ထိ မမာယိတံ။**
**အသတာ စ န သောစတိ၊ သ ဝေ ဘိက္ခူတိ ဝုစ္စတိ။**

အလုံးစုံသော နာမ်ရုပ်၌ ငါ ငါ့ဥစ္စာ ဟူ၍ စွဲလမ်းဖြစ်နိုင်ခြင်း မရှိ။ မရှိသော ကြောင့် မစိုးရိမ်၊ ထိုသူကို ဘိက္ခုဟု ဆိုအပ်၏။

ထိုဂါထာ၌ သဗ္ဗသော– ဟူသည် ဝေဒနာ စသော နာမ်ခန္ဓာလေးပါး နှင့် ရူပက္ခန္ဓာ ဟူ၍ ခန္ဓာငါးပါးတို့၏ အစွမ်းဖြင့် ဖြစ်သော အလုံးစုံသော နာမ်ရုပ်၌

မမာယိတံ– ဟူသည် ငါ ငါ့ဟာ ဟူ၍ စွဲယူခြင်း မရှိ။

အသတာ စ နသော စတိ–ဟူသည် ထိုနာမ်ရုပ် ကုန်ခန်းပျက်စီးသည်ရှိသော် ငါ၏ ရုပ်သည် ကုန်ခန်းရာပြီ၊ ငါ၏ ဝိညာဉ်သည် ကုန်ခန်းရပြီ ဟူ၍ စိုးရိမ်ခြင်း ပင်ပန်းခြင်း မဖြစ်၊ ကုန်ခန်းပျက်စီးတတ်သော သဘောသည် ကုန်ခန်း၏ ဟူ၍ ရှုမြင်၏။

သဝေ– ဟူသည် ထိုသို့ သဘောရှိသော သူကို နာမ်ရုပ်နှစ်ပါး ထင်ရှား ရှိငြားသော်လည်း ငါ ငါ့ဟာ အစွဲကင်းမှုကြောင့် မစိုးရိမ်တတ်သောကြောင့် ဘိက္ခု ဟူ၍ ဆိုရာ၏။

ဒေသနာတော်၏ အဆုံး၌ နှစ်ဦးဖြစ်ကုန်သော သမီး ခင်ပွန်းတို့သည် အနာဂါမိဖိုလ်၌ တည်ကုန်၏၊ ရောက်လာသော ပရိသတ်တို့အားလည်း အကျိုး ရှိသော တရားဟောခြင်း ဖြစ်၏။

ပဉ္စဂ္ဂ ဒါယကာ ပြာဟ္မဏ ဝတ္ထုပြီး၏။

မေဏ္ဍာဝိဟာရီ–အစရှိသော ဤတရား ဒေသနာတော်ကို မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် ရဟန်းများစွာတို့ကို အကြောင်းပြု၍ ဟောတော်မူ၏။

တပါးသော အခါ၌ အရှင်မဟာကစ္စည်း မထေရ်သည် အဝန္တိတိုင်း ဇနပုဒ်တို့၌ အမျိုးအိမ်ရှိရာ မြို့ကို အမှီပြု၍ ပဝတ္တတောင်၌ သီတင်းသုံး နေတော်မူသည်ရှိသော် ကောဠိကဏ္ဏသောဏ အမည်ရှိသော ဥပါသကာသည် မထေရ်၏ တရားစကား၌ ကြည်ညို၍ မထေရ်၏ထံ၌ ရဟန်းပြုခြင်းငှါ အလို ရှိသည်ဖြစ်၍ အရှင်မဟာကစ္စည်း မထေရ်က "ငါ့ရှင် သောဏ၊ အသက်ထက်ဆုံး တထပ်တည်းသော ထမင်းကိုစားရသော တစ်ခုတည်းသော အိပ်ရာနေရာ၌ အိပ်နေရသော သာသနာတော်တည်း ဟူသော မြတ်သော အကျင့်သည် ခဲယဉ်း လှ၏" ဟု ပြောဆို၍ နှစ်ကြိမ်တိုင်တိုင် ပယ်မြစ်သော်လည်း ရဟန်းပြုခြင်းငှါ အလွန်လျှင် အားထုတ်ခြင်း ရှိသည် ဖြစ်၏။ သုံးကြိမ်မြောက်၌ မထေရ်ကို တောင်းပန်ခယမ်း ရဟန်းပြု၍ ဒက္ခိဏာပထတိုင်း၌ နည်းသော ရဟန်းရှိသည် အဖြစ်ကြောင့် သုံးနှစ်တို့ကို လွန်မြောက်သဖြင့် ရအပ်သော ပဉ္စင်းအဖြစ်ရှိရကား မြတ်စွာဘုရားကို မျက်မှောက်ဖူးမြော်ခြင်းငှါ အလိုသည်ဖြစ်၍ ဥပဇ္ဈာယ်ဆရာကို ပန်ကြားပြီးလျှင် ထိုဥပဇ္ဈာယ်ဆရာ ပေးသနားသော အဆုံးအမကို ယူ၍ အစဉ် အတိုင်းအားဖြင့် ဇေတဝန်ကျောင်းတော်သို့ သွားရောက်၍ မြတ်စွာဘုရားကို ရှိခိုးဦးချ ပဋိသန္ထာရကို ပြုပြီးသောအခါ မြတ်စွာဘုရားရှင်နှင့် အတူတကွ တစ်ခု တည်းသော ဂန္ဓကုဋ္ဌိ၌သာလျှင် သနား ခွင့်ပြုအပ်သော အိပ်ရာနေရာရှိသဖြင့် ကြာမြင့်စွာသော ညဉ့်ပတ်လုံး လွင်တီးခေါင်၌သာလျှင် လွန်မြောက်စေပြီး၍ ညဉ့်အဖို့၌ ဂန္ဓကုဋိသို့ ဝင်ပြီးသော် မိမိအား ရောက်သော အိပ်ရာနေရာ၌ ထိုညဉ့် အဖို့ကိုလွန်စေ၍ မိုးသောက်သောအခါ၌မြတ်စွာဘုရားသည်တိုက်တွန်းအပ်သည် ရှိသော် တစ်ဆယ့်ခြောက်ပါးသော ဝဂ်, ရှစ်ပါးသော ဝဂ် ရှိကုန်သော အလုံးစုံ သာလျှင် ဖြစ်ကုန်သော ဘုရားစကားတော်တို့ကို သရဘညဝတ်ဖြင့် ရွတ်ဆို၏။ ထိုအခါ မြတ်စွာဘုရားသည် ထိုကောဠိကဏ္ဏသောဏ၏ သရဘညဝတ် ရွတ်ဆို အားလုံး အပြီးအဆုံး၌ အလွန်ဝမ်းမြောက်တော်မူသည် ဖြစ်၍ ချစ်သားရဟန်း သာဓု,သာဓု ကောင်း၏ ကောင်း၏ဟု ကောင်းချီးကို ပေးတော်မူ၏။ မြတ်စွာ ဘုရားသည် ပေးတော်မူအပ်သော ကောင်းချီးသံကိုကြား၍ ဘူမဋ္ဌကနတ်, နဂါး, ဂဠုန် ဤသို့ အစရှိသောအားဖြင့် အာကာသပြဟ္မာ့ပြည်သို့ တိုင်အောင် တစ်ပြိုင်နက် တည်းသော ကောင်းချီးသံသည် ဖြစ်၏။ ထိုခဏာ၌ ဇေတဝန်ကျောင်းတော်မှ ယူဇနာ တစ်ရာနှစ်ဆယ်ထက် အမျိုးအိမ် တစ်အိမ်ရှိရာ မြို့၌ သောဏမထေရ်၏ မိခင်ဖြစ်သော ဥပါသိကာမကြီးအိမ်၌ စောင့်ရှောက် စိုးအုပ်သော နတ်သည်

လည်း ကျယ်စွာသော အသံဖြင့် ကောင်းချီးကို ပေး၏။ ထိုအခါ ဥပါသိကာမက ထိုနတ်ကို "တစ်ခုသော ကောင်းချီးကို ပေးသောသူကား အဘယ်သူနည်း" ဟု မေးမြန်း ပြောဆို၏။ "ချစ်နှမ အကျွန်ုပ် ပေတည်းဟု ပြောဆိုသောအခါ "အသင်သည် အဘယ်သူ ဖြစ်သနည်း"ဟု တစ်ဖန် မေးမြန်းပြန်သဖြင့် "အသင်၏ အိမ်၌ စိုးအုပ် စောင့်ရှောက်သော နတ်ပေတည်း"ဟု ပြောဆို၏။ အသင်သည် ဤမှ ရှေးအခါ၌ ငါ့အား ကောင်းချီးကို မပေးမူ၍ ယခု အဘယ်ကြောင့် ပေးသနည်း"ဟု မေးမြန်းသဖြင့် "ငါသည် အသင့်အား ကောင်းချီးကို မပေး"ဟု ပြောဆို၏။ "ထိုသို့ ငါ့အား ကောင်းချီးကို မပေးသည်ရှိသော် အသင်သည် အဘယ်သူအား ကောင်းချီးကို ပေးသနည်း"ဟု မေးမြန်းလျှင် "အသင်၏ သား ဖြစ်သော ကောဠိကဏ္ဏသောဏမထေရ်အား ကောင်းချီးကို ပေး၏"ဟု ပြော ဆို၏။ ငါ၏ သားသည် အဘယ်အမှုကို ပြုအပ်သနည်းဟု မေးမြန်းသောအခါ အသင်၏ သားဖြစ်သော ကောဠိကဏ္ဏသောဏမထေရ်သည် ယခု မြတ်စွာ ဘုရားနှင့် အတူတကွ တစ်ခုသော ဂန္ဓကုဋိ၌ သီတင်းသုံးနေ၍ တရားတော်ကို ဟော၏။ မြတ်စွာဘုရားသည် အသင့်သား၏ ဟောကြားသော တရားကို ကြားနာ နှစ်မြို့ ကြည်ညိုသည်ဖြစ်၍ ကောင်းချီးကို ပေးတော်မူ၏။ ထို့ကြောင့် ငါသည်လည်း ထိုကောဠိကဏ္ဏသောဏမထေရ်အား ကောင်းချီးကို ပေးအပ်၏" ဟု ပြောဆို၏။

[မြတ်စွာဘုရား၏ ကောင်းချီးသံကို ခံယူ၍ ဘုမ္မဋ္ဌာနတ်ဘိုကို အစပြု၍ ဗြဟ္မာ့ပြည်တိုင်အောင် တစ်ပြိုင်နက်တည်းသော ကောင်းချီးသံသည်သာလျှင် ဖြစ်၏။]

"အို-အရှင်နတ်မင်း အသို့ပေနည်း ကျွန်တော်မ၏သားကတည်း မြတ်စွာ ဘုရားအား တရားဟောအပ်ပါသလော မြတ်စွာဘုရားကတည်း ကျွန်တော်မ၏ သားအား တရားဟောအပ်ပါသလော" ဟု တဖန်မေးမြန်းသဖြင့် "အသင်၏ သားက မြတ်စွာဘုရားအား တရားတော်ကို ဟောပါသည်" ဟု ပြောဆို၏ ဤသို့နတ်မင်းသည် စကားပြောဆိုစဉ်ပင်လျှင် ဥပါသိကာမအား ငါးပါးသော အမျိုးရှိသော ပီတိသည်ဖြစ်၍ အလုံးစုံသော ကိုယ်ကိုနှံ့၏ ထိုနောက် ဥပါ သိကာမအား ဤသို့သော အကြံအစည်သည်ဖြစ်၏ အဘယ်သို့ အကြံဖြစ်သနည်း ဟူမူ"ငါ၏သားသည် မြတ်စွာဘုရားနှင့် အတူတကွ တခုတည်းသော ဂန္ဓကုဋိ၌ နေ၍ မြတ်စွာဘုရားအား တရားတော်ကိုဟောခြင်းငှါ စွမ်းနိုင်တုံသေး၏ ငါ့အားလည်း တရားတော်ကို ဟောခြင်းငှါ စွမ်းနိုင်အံ့သည် သာလျှင်တည်း။ ငါ့သား၏ ပြန်လာသော အခါ၌ တရားနာသော နေရာကို ပြုလုပ်စေ၍တရား စကားကို ကြားနာအံ့"ယူသောအကြံသည်ဖြစ်၏ သောဏမထေရ်သည်လည်း မြတ်စွာဘုရားသည် ကောင်းချီးကို ပေးတော်မူသည်ရှိသော်"ဤအခါသည်ကား

ငါ၏ ဥပဇ္ဈာယ်ဆရာသည် ပေးလိုက်သော သတင်းစကားကို ကြားလျှောက်ခြင်းငှါ သင့်လျော်လျောက်ပတ်သော အခါတည်း”ဟု ဆင်ခြင်ကြံစည်၍ မြတ်စွာဘုရားကို ပစ္စက္ခမဖြစ်သော ဇနပုဒ်တို့၌ ဝိနည်းမိုရ်လျှင်ငါးယောက်မြောက်ရှိသော ဂိုဏ်းဖြင့် ပဥ္စင်းခံရခြင်းကို အစပြု၍ ငါးပါးသောဆုတို့ကို တောင်းပြီးသော် နှစ်ရက်သုံးရက်ပတ်လုံး မြတ်စွာဘုရားအထံ၌သာလျှင် နေမျှ၍ဥပဇ္ဈာယ်ဆရာကို ဖူးမျှော်အံ့ဟူသော အကြံဖြင့် မြတ်စွာဘုရားကို လျှောက်ထားပန်ကြားပြီးလျှင် ဇေတဝန်ကျောင်းတော်မှ ထွက်၍ အစဉ်အတိုင်းအားဖြင့် ဥပဇ္ဈာယ်ဆရာ၏ အထံသို့ သွားလေ၏ အရှင်မဟာကစ္စည်း မထေရ်သည် တဖန်မိုးသောက်သောနေ့၌ ထိုသော၏ထေရ်ကိုခေါ်၍ ဆွမ်းအလို့ငှါလှည့်လည်လျက် မိခင်ဖြစ်သော ဥပါသိကာမ၏ အိမ်တံခါးသို့ ကြွသွား၏။

ထိုဥပါသိကာမသည်သည်း မိမိသားကိုမြင်၍ နှစ်သက်သော စိတ်ရှိသဖြင့် ရှိခိုးပြီးသော် ရိုသေကောင်းမွန်စွာ ပြုစု လုပ်ကျွေး၏ “ချစ်သား အသင်သည် မြတ်စွာဘုရားနှင့် အတူတကွ တခုတည်းသော ဂန္ဓကုဋိ၌ နေမျှ၍ မြတ်စွာဘုရားအား တရားစကားကို ဟောကြားရဘိသောဟူသည် ဟုတ်မှန်ပါသလော” ဟုမေးလျှောက်၏ “ဥပါသိကာမကြီး အသင့်အား ဤသို့သော အကြောင်းကို အဘယ်သူ ပြောကြားအပ်သနည်း” ဟု မေးပြန်၏ “ချစ်သား ဤအိမ်၌ စိုးအုပ် စောင့်ရှောက်သော နတ်သည် ကျယ်စွာသော အသံဖြင့် ကောင်းချီးကို ပေးသောကြောင့် ငါက ဤသူကား အဘယ်သူနည်းဟု ပြောဆိုသည်ရှိသော် ဤအိမ်ကို စိုးအုပ်စောင့်ရှောက်သော ငါနတ်ပေတည်းဟု ပြောဆို၏ ဤသို့ ဤသို့သော အကြောင်းကိုလည်း ပြောဆိုပေ၏ နတ်မင်း ပြောဆိုသော ထိုစကားကို ကြား၍ ငါ့အားဤသို့သော အကြံအစည်သည် ဖြစ်ပါ၏ အဘယ်သို့ ဖြစ်သနည်းဟူမူ ငါ၏သားသည် မြတ်စွာဘုရားအား တရားစကားကို အကယ်၍ ဟောကြားနိုင်ခဲ့သည်ဖြစ်အံ့ ဤသို့ဟောကြားနိုင်ခဲ့သည်ရှိသော် ငါ့အားလည်း ဟောကြားခြင်းငှါ စွမ်းနိုင်ပေလတ္တံ့ဟူသော အကြံသည်ဖြစ်ပါ၏” ထိုသို့ လျှောက်ကြားပြီးသောအခါ ထိုသော၏ထေရ်ကို “ချစ်သား အကြင်သို့သော အခြင်းအရာဖြင့် အသင်သည် မြတ်စွာဘုရား၏ မျက်မှောက်တော်၌ တရားတော်ကို ဟောကြားအပ်၏ ဤသို့သော အခြင်းအရာဖြင့် ငါ့အားလည်း ဟောကြားခြင်းငှါ စွမ်းနိုင်လတ္တံ့သည်သာတည်း ချစ်သား ဤအမည်ရှိသော နေ့၌ တရားနာချန် မဏ္ဍပ်ကို ဆောက်လုပ်စေ၍ အသင်ဟောကြားသော တရားကို ကြားနာလိုပါ၏”ဟု လျှောက်ထား၏ ထိုသော၏ထေရ်သည် ဆိတ်ဆိတ်နေသောအားဖြင့် သည်းခံတော်မူ၏။

## အိမ်ကို ဖောက်ထွင်းခိုးယူနေကြောင်း ကြားပါသော်လည်း တရားကို မတုန် မလှုပ် နာကြားခြင်း

ဥပါသိကာမသည် ရဟန်းအပေါင်းအား အလှူကိုပေးလှူ ပူဇော်ခြင်းကိုပြု၍ ငါ့သား၏ တရားစကားကို ကြားနာအံ့ဟု ကြံစည်ပြီးလျှင် တစ်ယောက်တည်းသာလျှင် ဖြစ်သော အိမ်ကျွန်မကို အိမ်၌ အစောင့် အရှောက်ကို ထား၍ အလုံးစုံသော အခြွေအရံ လူအပေါင်း ခေါ်ယူပြီးလျှင် မြို့၏အတွင်း၌ တရားနာခြင်းအကျိုးငှါ ဆောက်လုပ်အပ်သော မဏ္ဍပ်၌ တန်ဆာဆင်အပ်သော တရားဟောနေရာသို့ ကြွတက်တော်မူ၍ တရားတော်ကို ဟောကြားသော မိမိသား၏တရားစကားကို ကြားနာခြင်းငှါ သွားလေ၏။ ထိုအခါ၌ကား ကိုးရာသော ခိုးသူတို့သည် ထိုဥပါသိကာမ၏အိမ်၌ ခိုးယူနိုင်အံ့သော အခွင့်ကို ရှာမှီးကြည့်ရှုကြကုန်လျက် လှည့်လည်ကုန်၏။ ထိုဥပါသိကာမ၏ အိမ်ကား တံတိုင်းခုနစ်ထပ်တို့ဖြင့် ဝန်းရံအပ်၏။ ခုနစ်ခုကုန်သော တံခါးမုခ်တို့နှင့် ယှဉ်၏ ထိုထိုသော တံခါးမုခ် ထိုထိုသော နေရာတို့၌ ခက်ထန် ကြမ်းကြုတ်သော ခွေးကြီးတို့ကို ဖွဲ့ချည်၍ ထားကုန်၏။ အိမ်တွင်းဖြစ်သော အမိုး၏ ရေပေါက်ကျရာ တံစက်မြိတ်အရပ်၌ကား ကျုံးကိုတူး၍ စူးရှသောသလွဲဖြင့် ပြည့်စေကုန်၏။ ထိုအိမ်သည် နေ့အခါ၌ နေပူဖြင့် ကျက်ကြေပြင်းလှိုက် ကျိုက်ကျိုက်ဆူဘိသကဲ့သို့ ဖြစ်၍တည်၏ ညဉ့်၌ကား ခက်မာကြမ်းတမ်းသည် ဖြစ်၍ တည်၏ ထိုကျုံး၏အခြားမဲ့၌ ကြီးစွာသောသံဖြင့်ပြီးသော တံခါးဆုံတို့သည် အကြားမလပ်မြေ၌ စိုက်ထူထားရကုန်၏ ဤသို့သော အစောင့်အရှောက်ကို လည်းကောင်း ဥပါသိကာမ၏ အိမ်တွင်း၌ တည်ရှိသောအဖြစ်ကိုလည်းကောင်း စွဲ၍ ထိုခိုးသူတို့သည် ခိုးယူခွင့်ကို မရကုန်ဘဲ ထိုတရားနာသောနေ့၌ ထိုဥပါသိကာမ၏ သွားသော အဖြစ်ကိုသိ၍ ဥမင်ကိုဖောက်ပြီးလျှင်သလွဲကျုံးမြောင်း၏ လည်းကောင်း သံဖြင့်ပြီးသော တံခါး၏လည်းကောင်း အောက်အဖို့ဖြင့်သာလျှင်အိမ်သို့ဝင်၍ ခိုးသူအကြီးအမှူးကို ဥပါသိကာမ၏ အထံသို့ စေလွှတ်ကုန်၏ အဘယ်သို့ စေလွှတ်ကုန်သနည်းဟူမူ "ထို ဥပါသိကာမသည် ငါတို့ ဤအိမ်သို့ဝင်သော အဖြစ်ကို ကြားသိသောကြောင့် ဆုတ်နစ်ပြန်လည်၍အိမ်သို့ ရှေ့ရှုအကယ်၍လာခဲ့သည်ဖြစ်အံ့ ယင်းသို့လာခဲ့သည်ရှိသော် ထိုဥပါသိကာမကို သန်လျက်ဖြင့် ခုတ်ဖြတ်၍ သတ်လေကုန်လော့"ဟု မှာထားပြောဆို စေလွှတ်ကုန်၏ ထိုခိုးသူအကြီးအမှူးသည် တရားနာသော နေရာသို့ သွားရောက်၍ ထို ဥပါသိကာမ၏ အနီးဖြစ်သော အထံ၌တည်နေ၏ ခိုးသူတို့သည်လည်း အိမ်၏ အတွင်း၌ ဆီမီးကို ညှိထွန်း၍ အသပြာထားရာ တိုက်ခန်းတံခါးကို ဖွင့်ကုန်၏။ အစောင့်အရှောက်ထားခဲ့သော ထိုအိမ်ကျွန်မသည် ခိုးသူတို့ကိုမြင်၍ ဥပါသိကာမ၏ အထံသို့သွားပြီးလျှင် "အရှင်မ များစွာသော ခိုးသူတို့သည် အိမ်သို့ဝင်၍ အသပြာထားရာတိုက်ခန်းတံခါးကို ဖွင့်လှစ်ပြီ"ဟု ပြောကြား၏ "ခိုးသူတို့သည်

မိမိတို့တွေ့မြင်သော အသပြာတို့ကိုယူဆောင်စေကုန်သတည်း ငါသည်ငါ့သား၏ ဟောကြားသောတရားစကားကိုကြားနာ၍ ငါ့အားတရားတော်၏ အန္တရာယ်ကို မပြုလင့် အိမ်သို့ပြန်သွားလေလော့”ဟုပြောဆို၍ ထိုအိမ်ကျွန်မကို လွှတ်လိုက်၏ ခိုးသူတို့သည်လည်း အသပြာထားရာ တိုက်ခန်းကို ရှာဖွေ၍သုံ့ အလုံးစုံ သိမ်းယူပြီး အချည်းနှီးကိုပြု၍ ငွေထားရာ တိုက်ခန်းကိုဖွင့်လှစ်ကုန်၏ ထိုအိမ်ကျွန်မသည် တဖန်လည်းလာရောက်၍ ထိုအကြောင်းကို ပြောကြားပြန်၏ ထိုအခါ ဥပါသိကာမက ထိုအိမ်ကျွန်မကိုခေါ်၍ “ခိုးသူတို့သည် မိမိတို့ အလိုရှိသည်ကို ဆောင်ယူစေကုန်သတည်း ငါ့အား တရားတော်၏ အန္တရာယ်ကို မပြုလင့်”ဟု ပြောဆို၍ တဖန် ထိုအိမ်ကျွန်မကို စေလွှတ်ပြန်၏ ထိုခိုးသူတို့သည် ငွေထားရာ တိုက်ခန်းကိုလည်း အလုံးစုံသိမ်းကျုံးယူပြီး အချည်းနှီးကိုပြု၍ ရွှေထားရာတိုက်ခန်းကို ဖွင့်လှစ်ကုန်၏ ထိုအိမ်ကျွန်မသည်လည်း တဖန်လည်း သွား၍ ဥပါသိကာမအား ထိုအကြောင်းကို ပြောကြားပြန်၏ ထိုအခါဥပါသိကာမက ထိုအိမ်ကျွန်မကိုခေါ်၍ “ဟယ်ကျွန်မ အသင်သည် အကြိမ်များစွာ ငါ၏ထံသို့လာ၏ ခိုးသူတို့သည် အလိုရှိသည်အတိုင်း ဆောင်ယူ စေကုန်သတည်း ငါသည် ငါ့သား၏ ဟောကြားသော တရားကို နာအံ့ ငါ့အား အန္တရာယ်ကို မပြုလင့်ဟုငါသည် ပြောဆိုပါလျက်လည်း ငါ၏စကားကို မနာယူမူ၍ ဖန်ဖန် အထပ်ထပ် လာသည်သာလျှင်တည်း ဤယခုအခါ၌ အသင်သည် အကယ်၍ လာခဲ့သည်ဖြစ်အံ့ အသင့်အား တစုံတခုအမူ ပြုလုပ်အပ်သည်ကို သိရပေအံ့ အိမ်သို့သာလျှင် သွားလေလော့” ဟု ခြိမ်းခြောက်ပြောဆို၍ လွှတ်လိုက်၏ ခိုးသူ အကြီးအမှူးဖြစ်သောသူသည် ထိုဥပါသိကာမ၏ စကားကိုကြား၍ “ဤသို့သဘောရှိသော မိန်းမ၏ ဥစ္စာကို ဆောင်ယူကုန်သောသူတို့အား မိုးကြိုးစက်သည် ကျရောက်၍ ဦးခေါင်း ဦး ထိပ်ကိုခွဲရာ၏”ဟု ကြံစည်ပြီးလျှင် ခိုးသားတို့၏ အထံသို့သွား၍ လျင်စွာ ဥပါသိကာမ၏ဥစ္စာကို တစ်ဖန် ရှေးရှု ပကတိအတိုင်း ထားသည်ကို ပြုသော့ဟု ပြောဆို၏၊ ထို ခိုးသားတို့သည် အသပြာတို့ဖြင့် အသပြာထားရာ တိုက်ခန်းကို ငွေ, ရွှေတို့ဖြင့် ငွေ, ရွှေ ထားရာ တိုက်ခန်းတို့ကို တစ်ဖန် ပြည့်စေကုန်၏၊ ။သူဘစ်ပါးမဆို အလိုသို မိမိ သဘောအတိုင်းသာ ဤသို့ ဖြစ်ပေါ်လာရခြင်းသည် ဓမ္မတာ ဖြစ်သတတ်။

ဤ သူခိုးတော်ကောင်းတရားသည် တရားကို ကျင့်လေ့ရှိသော ပုဂ္ဂိုလ်တို့အား စောင့်ရှောက်ပေ၏။ ထို့ကြောင့်သာလျှင် မြတ်စွာဘုရားရှင်သည် ဤဂါထာကို ဟောတော်မူ၏။

ဓမ္မော ဟဝေ ရက္ခတိ ဓမ္မစာရိံ၊ ဓမ္မောသုစိဏ္ဏော သုခမာဝဟာတိ။
ဧသာနိသံသော ဓမ္မေ သုစိဏ္ဏေ၊ န ဒုဂ္ဂတိံ ဂစ္ဆတိဓမ္မစာရီ။

တရားသည် စင်စစ် တရားကျင့်သူကို စောင့်ရှောက်ဘတ်၏၊ ကောင်းစွာ လေ့ကျက်အပ်သော တရားသည် ချမ်းသာကို ဆောင်တတ်၏၊ တရားကျင့်သူ သည် ဒုဂ္ဂတိဘဝသို့ မရောက်၊ ဤကား တရားကို ကောင်းစွာလေ့ကျက်မှု၏ အကျိုးဆက်တည်း။

ခိုးသူတို့သည်လည်း သွားရောက်၍ တရားနာသော နေရာ၌ တည်နေကြ ကုန်၏။ သောတာပန်ရသည်လည်း တရားတော်ကို ဟောကြား၍ ညဉ့်ယာမ် ကုန်ပျောက် လင်းစင်ခြင်းသို့ ရောက်သည်ရှိသော် တရားဟောနေရာမှ သက် ဆင်း၏ ထိုခဏ၌ ခိုးသူ အကြီးအမှူးသည် ဥပါသိကာမ၏ ခြေရင်း၌ တို့ဝပ်၍ "အရှင်မ၊ အကျွန်ုပ်အား သည်းခံပါလော့"ဟု ပြောဆို၏။ "အမောင်၊ ဤအမှုကား အကြောင်း အဘယ်သို့နည်း"ဟု မေးပြန်သည်ရှိသော် "အကျွန်ုပ် သည်သာလျှင် အရှင်မတို့၌ ရန်ငြိုးဖွဲ့ခြင်းကို ပြု၍ အရှင်မကို သတ်ခြင်းငှါ အလိုရှိသည်ဖြစ်၍ တည်နေမိပါပြီ"ဟု ပြောဆို၏။ "အမောင်၊ ထိုသို့ တပြီးကား အသင့်အား ငါ သည်းခံ၏"ဟု ပြောဆို၏။ ကြွင်းသော ခိုးသူတို့သည်လည်း ထို့အတူသာလျှင် တောင်းပန်ဝန်ချ ပြောဆိုကြကုန်၍ "အမောင်တို့၊ ငါသည်းခံ ပါ၏"ဟု ပြောဆိုသည်ရှိသော် ထိုခိုးသူတို့က "အရှင်မ၊ အကျွန်ုပ်တို့အား အကယ်၍ သည်းခံကုန်သည်ဖြစ်အံ့၊ အသင့်သား၏ အထံ၌ ငါတို့အား ရဟန်းပြုခြင်းကို ပေးပါစေကုန်လော့"ဟု ပြောဆိုကုန်၏။

## ကိုးရာသော ခိုးသူတို့ ရဟန်းပြုခြင်း

ထိုဥပါသိကာမသည် မထေရ်ဖြစ်သော မိမိသားကို ရှိခိုး၍ "ချစ်သား၊ ဤခိုးသူတို့သည် ငါ၏ဂုဏ်ကျေးဇူးတို့၌ လည်းကောင်း, အသင်ချစ်သား၏ တရားစကား၌ လည်းကောင်း, ကြည်ညိုကုန်သည်ဖြစ်၍ ရဟန်းအဖြစ်ကို တောင်းပန်ကြကုန်၏၊ ထိုခိုးသူကြီးတို့ကို ရဟန်းပြုပါကုန်လော့"ဟု လျှောက် ထား၏။ သောတာပန်ထေရ်သည် ကောင်းပြီဟု မိန့်ဆို၍ ထိုခိုးသူတို့သည် ဝတ်အပ် သော အဝတ်တို့၏ အမြိတ်အဆာတို့ကို ဖြတ်စေပြီးလျှင် မြေနီညက်ဖြင့် ဆိုးစေ၍ ထိုခိုးသူတို့ကို ရဟန်းပြုစေပြီးသော် သီလတို့၌ တည်စေ၏။ ပဉ္စင်း ဖြစ်သော ထိုခါ၌လည်း ထိုရဟန်းတို့တွင် တစ်ပါးတစ်ပါးသော ရဟန်းအား အသီးအသီးသော ကမ္မဋ္ဌာန်းကို ပေး၏။ ထိုကိုးရာသော ရဟန်းတို့သည် အသီးအသီး ကိုးရာသော ကမ္မဋ္ဌာန်းတို့ကို ယူ၍ တစ်ခုသော တောင်သို့ တက်ရောက်ပြီးလျှင် ထိုထိုသော သစ်ပင်၏ အရိပ်၌ ထိုင်နေ၍ ရဟန်းတရားကို အားထုတ်ခြင်း ပြုကုန်၏၊ မြတ်စွာဘုရားသည် ယူဇနာတစ်ရာ့နှစ်ဆယ်အထက် ၌ ကည်ရှိသော ဇေတဝန်ကျောင်းမြတ်၌ လျှောက်ပတ်မျှထုံး သီတင်းသုံးတော် မူလျက်သာလျှင် ထိုရဟန်းတို့ကို ကြည့်ရှုတော်မူ၍ ထိုရဟန်းတို့စရိုက်၏ အစွမ်း ဖြင့် တရားဒေသနာကို ပိုင်းခြားမှတ်သား၍ ကိုယ်ရောင်တော်နှံ့လျက် ရှေ့တူရှု

မျက်မှောက်၌ ထိုင်နေ၍ ဟောကြားတော်မူဘိသကဲ့သို့ ဤဂါထာတို့ကို ဟောတော်မူ၏။

မေတ္တာဝိဟာရီ ယော ဘိက္ခု၊ ပသန္နော ဗုဒ္ဓသာသနေ။
အဓိဂစ္ဆေ ပဒံ သန္တံ၊ သင်္ခါရူပသမံ သုခံ။

သိဉ္စ ဘိက္ခု ဣမံ နာဝံ၊ သိတ္တာ တေ လဟု မေဿတိ။
ဆေတွာ ရာဂဉ္စ ဒေါသဉ္စ၊ တတော နိဗ္ဗာန မေဟိသိ။

ပဉ္စ ဆိန္ဒေ ပဉ္စ ဇဟေ၊ ပဉ္စ စုတ္တရိ ဘာဝယေ။
ပဉ္စ သင်္ဂါတိဂေါ ဘိက္ခု၊ ဩဃတိဏ္ဏောတိ ဝုစ္စတိ။

ဈာယ ဘိက္ခု မာ ပမာဒေါ၊
မာ တေ ကာမဂုဏေ ရမေဿု စိတ္တံ။
မာ လောဟဂုဠံ ဂိလီ ပမတ္တော၊
မာ 'ကန္ဒိ ဒုက္ခမိဒ'န္တိ ဍယှမာနော။

နတ္ထိ ဈာနံ အပညဿ၊ ပညာ နတ္ထိ အဈာယတော။
ယမှိ ဈာနဉ္စ ပညာ စ၊ သ ဝေ နိဗ္ဗာနသန္တိကေ။

သုညာဂါရံ ပဝိဋ္ဌဿ၊ သန္တစိတ္တဿ ဘိက္ခုနော။
အမာနုသီ ရတီ ဟောတိ၊ သမ္မာ ဓမ္မံ ဝိပဿတော။

ယတော ယတော သမ္မသတိ၊ ခန္ဓာနံ ဥဒယဗ္ဗယံ။
လဘတီ ပီတိပါမောဇ္ဇံ၊ အမတန္တံ ဝိဇာနတံ။

တတြာယ မာဒိ ဘဝတိ၊ ဣဓ ပညဿ ဘိက္ခုနော။
ဣန္ဒြိယဂုတ္တိ သန္တုဋ္ဌိ၊ ပါတိမောက္ခေ စ သံဝရော။

မိတ္တေ ဘဇဿု ကလျာဏေ၊ သုဒ္ဓါဇီဝေ အတန္ဒိတေ။
ပဋိသန္ထာရ ဝုတျဿ၊ အာစာရ ကုသလော သိယာ။
တတော ပါမောဇ္ဇ ဗဟုလော၊ ဒုက္ခဿန္တံ ကရိဿတိ။

အကြင်ရဟန်းသည် မေတ္တာဖြင့် နေလေ့ရှိ၏။ ထိုရဟန်းတို့သည် ဘုရားမြတ်စွာ သာသနာတော်၌ ကြည်ညိုသည် ဖြစ်၏။ ငြိမ်သက်သော အလုံးစုံကုန်သော သင်္ခါရတို့၏ ချုပ်ငြိမ်းရာဖြစ်သော နိဗ္ဗာန်ချမ်းသာသို့ ရောက်သည်သာလျှင်တည်း။

အို ရဟန်း ဤအတ္တဘောတည်းဟူသောလှေကို မိစ္ဆာဝိတက် ရေယိုထွက်သည်ကို ပက်ပစ်သွန်ပက်လေလော့။ သင်၏ မိစ္ဆာဝိတက် ပက်ပစ် သွန်အပ်ပြီးသော အတ္တဘောတည်းဟူသော လှေသည် လျင်စွာ နိဗ္ဗာန်ကမ်းသို့ ကူးသန်း

ထုတ်ချောက် ရောက်ပေလတ္တံ့။ ရာဂ ကိုလည်းကောင်း ဒေါသကိုလည်းကောင်း ပယ်ဖျက် ဖြတ်တောက်ခြင်းကြောင့် အနုပါဒိသေသ နိဗ္ဗာန်သို့သာလျှင် ရောက်ရလတ္တံ့။

အငါယ်လေးထပ် ကပ်ရောက်စေတတ်သည့် ဩရမ္ဘာဂိယ မည်သော သံယော ဇဉ် ငါးပါးတို့ကို အောက်မဂ်သုံးပါးဖြင့် ပယ်ရှားဖြတ်တောက်ရာ၏။ အထက် နတ်ပြဟ္မာ အရပ်သို့ လားကပ်တတ်သောအဖို့ ရှိသောကြောင့် ဥဒ္ဓံဘာဂိယ မည်သော သံယောဇဉ်ငါးပါးတို့ကို အရဟတ္တမဂ်ဖြင့် စွန့်လွှတ် ပယ်ဖျက်ရာ၏။ သဒ္ဓိန္ဒြေ အစရှိသော ငါးပါးသော ဣန္ဒြေတို့ကိုလည်း အလွန်ပွားများရာ၏။ ရာဂ ဒေါသ-မောဟ-မာန-ဒိဋ္ဌိဟု ဆိုအပ်သော ကပ်ငြိတတ်သော တရားငါးပါး အပေါင်းမှ လွန်မြောက်သည်ဖြစ်သောကြောင့် ရဟန်းကို ဩဃလေးပါးပယ်ရှား ကူးမြောက်သူဟူ၍ ဆိုအပ်၏။

အို ရဟန်း သင်သည် အဖန်ဖန်ရှုလေလော့။ မမေ့လျော့ပါလေလင့်။ သင်၏ စိတ်ကို ငါးပါးကာမဂုဏ်၌ မမွေ့မလျော်စေသင့်။ မေ့လျော့သည်ဖြစ်၍ ပူလောင် ရဲရဲ သံတွေခဲကို မမျိုမိစေလင့်။ ပြင်းစွာပူလောင်သည်ရှိသော် ဤသို့ ပူလောင် ခြင်းသည်ကား ဆင်းရဲလှချေ၏တကားဟူ၍ မမြည်တမ်းရစေလင့်။

ပညာမရှိသောသူအား အဖန်တလဲလဲ ရှုခြင်းသည် မရှိ။ အဖန်တလဲလဲ ရှုလေ့မရှိသောသူအား ပညာသည် မရှိ။ အကြင်ပုဂ္ဂိုလ်၌ အဖန်တလဲလဲကပ်၍ ရှုခြင်းသည်လည်းကောင်း ပညာသည်လည်းကောင်း ရှိ၏။ ထိုပုဂ္ဂိုလ်သည် စင်စစ် နိဗ္ဗာန်၏အနီး၌ တည်တော့သည်သာလျှင်တည်း။

ဆိတ်ငြိမ်ရာအရပ်သို့ ဝင်နေသော ငြိမ်းအေးသောစိတ် ရှိသော သင့်သော အကြောင်းအားဖြင့် တရားကို မှုမြင်သော ရဟန်းအား လူဝတ်ကြောင်တို့နှင့် မတန်သော မွေ့လျော်ခြင်းသည် ဖြစ်၏။

အကြင်အကြင်သို့သောအခါ၌ ငါးပါးကုန်သော ခန္ဓာတို့၏ ဖြစ်ခြင်းပျက်ခြင်း ကို သုံးသပ်၏။ ထိုထိုသောအခါ၌ နှစ်သက်ခြင်း ဝမ်းမြောက်ခြင်းကို ရ၏။ ထို နှစ်သက်ခြင်း ဝမ်းမြောက်ခြင်းသည် ပညာရှိတို့အား အမြိုက်နိဗ္ဗာန်သည် သာလျှင်တည်း။

အကြင်ဣန္ဒြေကို စောင့်စည်းခြင်းသည်လည်းကောင်း အကြင် ရောင့်ရဲခြင်း သည်လည်းကောင်း၊ ပါတိမောက္ခသီလ၌ အကြင် စောင့်စည်းခြင်းသည်လည်း ကောင်း ရှိ၏၊ ဤစတုပါရိသုဒ္ဓိသီလသည် ဤမြတ်စွာဘုရား သာသနာတော်၌ ပညာရှိသော ရဟန်းအား ထိုနိဗ္ဗာန်သို့ဆက်ကြောင်း အကျင့်၌ အဦးအစ ဖြစ်၏။

ကောင်းသောသဘော ရှိကုန်သော စင်ကြယ်သော အသက်မွေးခြင်းရှိကုန်သော ပျင်းရိခြင်းမရှိကုန်သော အဆွေခင်ပွန်းတို့ကို မှီဝဲဆည်းကပ်လေလော့။ အာမိသ, ဓမ္မ ပဋိသန္ထာရ နှစ်ပါးဖြင့် ပြည့်စုံသော အသက်မွေးခြင်းရှိသည် ဖြစ်ရာ၏။ သီလကျင့်ဝတ်၌ လိမ္မာသည် ဖြစ်ရာ၏။ ထိုနှစ်ပါးသော ပဋိသန္ထာရဖြင့် အသက်မွေးခြင်း သီလကျင့်ဝတ်၌ လိမ္မာခြင်းကြောင့် ဝမ်းမြောက်ခြင်းများသည် ဖြစ်၍ သင်သည် အလုံးစုံသော ဝဋ်ဆင်းရဲ၏အဆုံးကို ပြုရလတ္တံ့။

ထိုဂါထာ၌—

**မေတ္တာဝိဟာရီ**—ဟူသည် မေတ္တာကမ္မဋ္ဌာန်းကို ပွားများသော ပုဂ္ဂိုလ်၏ မေတ္တာ၏အစွမ်းဖြင့် ဈာန်သုံးပါး လေးပါးတို့ကို ဖြစ်စေ၍ တည်သည်ရှိသော မေတ္တာဖြင့် နေသူမည်၏။

**ပသန္နော**—ဟူသည် ဗုဒ္ဓသာသနာ၌ ကြည်ညို၏၊ ကြည်ညိုခြင်းကို နှစ်သက်၏ ဟူ၍။

**ပဒံ သန္တံ**—ဟူသည် နိဗ္ဗာန်၏ အမည်တည်း။

ဤသို့သဘောရှိသော ရဟန်းသည် ငြိမ်သက်သောအဖို့ရှိသော သင်္ခါရတို့ ငြိမ်းအေးပြီးသော လွန်မြတ်သော ချမ်းသာဖြစ်သောကြောင့် သုခဟု အမည်ရသော နိဗ္ဗာန်ကို ရ၏ ဟူလို။

**သိဉ္စ ဘိက္ခု ဣမံ နာဝံ**—ဟူသည် အိုရဟန်း ဤအတ္တဘောတည်းဟူသော လှေကို မှားယွင်းသောအကြံအစည်တည်းဟူသော ရေစုန့်ပစ်လျက် သွန်ပစ်လော့။

**သိတ္တာ တေ လဟုမေဿတိ**—ဟူသည် ဥပမာသော်ကား ပဟာသမုဒ္ဒရာ၌ ရေဖြင့်ပြည့်နေသောလေမှ အပေါက်တို့ကို ပိတ်ဆို့ပြီးလျှင် ရေကိုသွန်ခတ် ပက်ထုတ် စွန့်ပစ်လျက် သွန်ပြီးသည့် ပေါ့ပါးသည်ဖြစ်၍ သမုဒ္ဒရာ၌ မနစ်မြုပ်ဘဲ လျှင်မြန်စွာ ကောင်းသောဆိပ်သို့ ရောက်၏။ ဤအတူ သင်ရဟန်းအားလည်း ဤမိစ္ဆာဝိတက်ရေဖြင့် ပြည့်နေသော အတ္တဘောတည်းဟူသောလှေမှ စက္ခုဒွါရစသော အပေါက်တို့ကို စောင့်ထိန်းပိတ်ဆို့၍ ဖြစ်ပေါ်ပြီးသော မိစ္ဆာဝိတက်ရေကို ခတ်ထုတ်သွန်ပြီးသောကြောင့် ပေါ့ပါးသည်ဖြစ်၍ သံသရာဝဋ်၌ မနစ်မြုပ်ဘဲ နိဗ္ဗာန်သို့ လျှင်စွာ ရောက်လတ္တံ့။

**ဆေတွာ**—ဟူသည် ရာဂဒေါသ အနှောင်အဖွဲ့တို့ကိုဖြတ်လော။

ယင်းတို့ကိုဖြတ်တောက်၍ အရဟတ္တဖိုလ်သို့ ရောက်၏။ ထို့နောက် အနုပါဒိသေသ နိဗ္ဗာန်သို့ ရောက်လတ္တံ့ဟူလို။

**ပဉ္စ ဆိန္ဒေ**–ဟူသည် အောက် အပါယ်ဘုံသို့ ရောက်စေတတ်ကုန်သော ဩရမ္ဘာဂိယ သံယောဇဉ်ငါးပါးတို့ကို ခြေ၌နှောင်ဖွဲ့သောကြိုးကို ဓါးဖြင့်ဖြတ် သကဲ့သို့ အောက်မဂ်သုံးပါးဖြင့် ဖြတ်ရာ၏။

**ပဉ္စ ဇဟေ**–ဟူသည် အထက်နတ်ပြည်သို့ ရောက်စေတတ်သော ဥဒ္ဓံဘာဂိယ သံယောဇဉ်ငါးပါးတို့ကို လည်ပင်း၌ နှောင်ဖွဲ့သောကြိုးကို ဖြတ်ပယ်သကဲ့သို့ အရဟတ္တမဂ်ဖြင့် ပယ်စွန့် ဖြတ်တောက်ရာ၏။

**ပဉ္စ ဥတ္တရိ ဘာဝယေ**—ဟူသည် ဥဒ္ဓံဘာဂိယ သံယောဇဉ်တို့ကို ပယ်ခြင်းငှာ သဒ္ဓါစသော ဣန္ဒြေငါးပါးတို့ကို အဘိုင်းထက်အလွန် ပွားများရာ၏။

**ပဉ္စ သင်္ဂါတိဂေါ**—ဟူသည် ဤသို့ဖြစ်သည်ရှိသော် ရာဂ ဒေါသ မောဟ မာန ဒိဋ္ဌိဟူသော ငါးပါးသော ကပ်ငြိခြင်းတို့ကို လွန်မြောက်ခြင်းဖြင့် ထိုရဟန်းကို ဩဃတိဏ္ဏဟု ဆိုအပ်၏။ ဩဃလေးပါးကို ကူးမြောက်ပြီးဟူ၍ ဆိုအပ်၏။

**ဈာယ ဘိက္ခု**—ဟူသည် အိုရဟန်း သင်သည် ဈာန်နှစ်ပါးတို့၏ အစွမ်းဖြင့် ရှုလေလော့၊ ကာယကံ စသည်တို့၌ မမေ့မလျော့နေခြင်းဖြင့် မေ့မလင့်။

**ပမေသော**—ဟူသည် ကာမဂုဏ်ငါးပါးတို့၌ မိမိစိတ်ကို မပျော်မွေ့စေလင့်။

**မာ လောဟဂုဠံ**—ဟူသည် သတိလက်လွတ်သော သဘောဖြင့် မေ့လျော့သောသူတို့၏ ငရဲ၌ ပူလောင်သော သံတွေခဲကို မျိုကုန်၏။ ထို့ကြောင့် “မာပမဇ္ဇော။ပ။ကန္ဒိ”ဟူ၍ ဟောတော်မူ၏။

**နတ္ထိ ဈာနံ**—ဟူသည် ဈာန်ကိုဖြစ်စေနိုင်သော ဝီရိယပညာဖြင့် **ပညာမရှိသူ အား** ဈာန်မရှိနိုင်။

**ပညာ နတ္ထိ**—ဟူသည် ဈာန်မရှိသော မတည်ကြည်သော ရဟန်းသည် ဟုတ်တိုင်းမှန်စွာ သိမြင်တတ်သော ပညာမရှိချေ။

**ယမှိ ဈာနဉ္စ ပညာစ**—ဟူသည် အကြင်ပုဂ္ဂိုလ်၌ ဈာန်နှင့်ပညာ နှစ်ပါးစုံ ရှိ၏။ ထိုပုဂ္ဂိုလ်သည် နိဗ္ဗာန်၏အနီး၌ တည်၏ဟူလို။

**သုညာဂါရံ ပဝိဋ္ဌဿ**—ဟူသည် တစ်စုံတစ်ခုသော ဆိတ်ငြိမ်ရာ အရပ်၌ ကမ္မဋ္ဌာန်းကို မစွန့်ဘဲ ကမ္မဋ္ဌာန်းကို နှလုံးသွင်းနေသောသူအား။

**သန္တ စိတ္တဿ**—ဟူသည် ငြိမ်းအေးသော စိတ်ရှိသော။

**သမ္မာ**—ဟူသည် အကြောင်းယုတ္တိဖြင့် တရားသဘောကို ရှုနေတတ်သော ဝိပဿနာဟု ဆိုအပ်သော လူသာမာန်တို့ မထိုက်တန်သည့် ပျော်မွေ့ခြင်းဖြစ်၏။ သမာပတ် ၈-ပါးဟုဆိုအပ်သော နတ်၌ဖြစ်သော ပျော်မွေ့ခြင်းသည် ဖြစ်၏။

**ယတော ယတော သမ္မသတိ**=ဟူသည် ၃၈-ပါးသော ကမ္မဋ္ဌာန်းအာရုံတို့၌ အားထုတ်လေ့ရှိသော အကြင် အကြင် အခြင်းအရာဖြင့် ဆွမ်းမစားမီ နံနက် ခင်းအချိန်စသော မိမိနှစ်သက်သောအချိန်၌ မိမိနှစ်သက်သော ကမ္မဋ္ဌာန်းကို အားထုတ်လျက် သုံးသပ်၏။

**ဥဒယဗ္ဗယံ**=ဟူသည် ခန္ဓာငါးပါးတို့၏ ၂၅-ပါးသော လက္ခဏာတို့နှင့် ဖြစ် ပေါ်ခြင်းကိုလည်းကောင်း၊ ၂၅-ပါးသော လက္ခဏာတို့ဖြင့် ပျက်ခြင်းကိုလည်း ကောင်း။

**ပိတိပါမောဇ္ဇံ**=ဟူသည် ဤသို့ခန္ဓာတို့၏ ဖြစ်ခြင်း ပျက်ခြင်းကို သုံးသပ် သည်ရှိသော် တရားနှင့်ယှဉ်သော နှစ်သက်ခြင်း ဝမ်းမြောက်ခြင်းကို ရ၏။

**အမတံ**=ဟူသည် အကြောင်းနှင့်တကွသော နာမ်ရုပ်တို့သည် ထင်ရှားစွာ ဉာဏ်၌ ထင်လာသည်ရှိသော် ဖြစ်ပေါ်လာသော နှစ်သက် ဝမ်းမြောက်မှုသည် အမတနိဗ္ဗာန်သို့ ရောက်စေနိုင်သောကြောင့် ပညာရှိတို့အတွက် အမတမည်၏ ဟူလို။

**တတြာယမာဒိ ဘဝတိ**=ဟူသည် ထိုနိဗ္ဗာန်ရောက်ကြောင်းအကျင့်၌ ဤစတု ပါရိသုဒ္ဓိသီလ၏ အစအဦးတည်း ရှေးဦးဖြစ်၏။

**ဣဓ ပညဿ**=ဟူသည် ဤသာသနာတော်၌ ပညာရှိသော ရဟန်းအား။

ယခုအခါ၌ တံ အာဒိ ဟု ဆိုအပ်သော ရှေးဦးဌာနကို ပြလိုသောကြောင့် ဣန္ဒြိယ ဂုတ္တိ စသည်ကို ဟောတော်မူ၏။ သီလလေးပါး ထက်ဝန်းကျင် စင်ကြယ် ခြင်းသည် ရှေးဦးဌာန မည်၏။

**ဣန္ဒြိယ ဂုတ္တိ**=ဟူသည် ဣန္ဒြေ စောင့်စည်းခြင်းတည်း။

**သန္တုဋ္ဌိ**=ဟူသည် ပစ္စည်းလေးပါး၌ ရောင့်ရဲခြင်းတည်း။

ထိုပုဒ်ဖြင့် အာဇီဝပါရိသုဒ္ဓိသီလနှင့် ပစ္စယသန္နိဿိတသီလကို ဟောအပ်ပြီ။

**ပါတိမောက္ခေ**=ဟူသည် ပါတိမောက္ခဟုဆိုအပ်သော အကြီးအကဲအကြီးစား သီလတို့ကို ဖြည့်ကျင့်ခြင်းကို ဟောအပ်၏။

**မိတ္တေ ဘဇဿု ကလျာဏေ**=ဟူသည် အလုပ်အကိုင်မရှိကုန်သော မသင့် တော်သော အပေါင်းအသင်းတို့ကို ကြဉ်ဖယ်၍ ကောင်းသော အသက်မွေးခြင်း ရှိသော ခြေသလုံးစွမ်းအားကို အမှီပြု၍ အသက်မွေးခြင်းဖြင့် စင်ကြယ်သော အသက်မွေးခြင်းရှိကုန်သော မပျင်းမရိကုန်သော မိတ်ကောင်းဆွေကောင်းတို့ကို ချဉ်းကပ်လော မှီဝဲလောဟူလို။

**ပဋိသန္ထာရ ဝုတျဿ**=ဟူသည် အာမိသဖြင့် စေ့စပ်ခြင်း တရားဓမ္မဖြင့် စေ့စပ်ခြင်း ဤသို့ ပြည့်စုံစွာ အသက်မွေးခြင်းဖြင့် စေ့စပ်သော အသက်မွေးခြင်းရှိသည် ဖြစ်ရာ၏။ စေ့စပ်ဆက်ဆံမှု ပြုတတ်သူ ဖြစ်ရာ၏။

**အာစာရ ကုသလော**=ဟူသည် သီလသည် အာစာရမည်၏။ ဝတ်ကြီး ဝတ်ငယ်သည် အာစာရ မည်၏။ ထိုအာစာရ၌ လိမ္မာကျွမ်းကျင်ရာ၏။

**တတော ပါမောဇ္ဇဗဟုလော**=ဟူသည်ပျူငှာစေ့စပ်မှုရှိခြင်း သီလအာစာရ၌ ကျွမ်းကျင်ခြင်းကြောင့် ဖြစ်ပေါ်လာသော ဝမ်းမြောက်မှု များပြားသည်ဖြစ်၍ ထိုအလုံးစုံသော ဝဋ်ဆင်းရဲ၏အဆုံးကို ပြုလတ္တံ့ဟူလို။

### ဒေသနာတော်၏အကျိုး

ဤသို့ မြတ်စွာဘုရား ဟောကြားတော် မူအပ်ကုန်သော ဤ ဂါထာတို့တွင် တစ်ဂါထာ တစ်ဂါထာ၏အဆုံး၌ တစ်ရာ တစ်ရာသော ရဟန်းအပေါင်းသည် ထိုင်နေရာ ထိုင်နေရာ အရပ်၌သာလျှင် ပဋိသမ္ဘိဒါတို့နှင့် တကွ အရဟတ္တဖိုလ်သို့ရောက်၍ ကောင်းကင်သို့ ပျံတက်ကုန်ပြီးသော် အလုံးစုံလည်း ဖြစ်ကုန်သော ထိုရဟန်းတို့သည် ကောင်းကင်ခရီးဖြင့်သာလျှင် ယူဇနာတစ်ရာ့နှစ်ဆယ်ရှိသောခရီးခဲကို လွန်မြောက်ကုန်၍ မြတ်စွာဘုရား၏ ရွှေအဆင်းကဲ့သို့ အဆင်းရှိသောကိုယ်တော်ကို ချီးမွမ်းထောမနာကုန်လျက် ခြေတော်ကို ရှိခိုးကုန်၏။

၇။ များစွာသော ရဟန်းတို့၏ဝတ္ထု ပြီး၏။

---

### ၈။ ပဉ္စသတဘိက္ခုဝတ္ထု

**ဝဿိကာ ဝိယ ပုပ္ဖာနိ**—အစရှိသော ဤတရားဒေသနာတော်ကို မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် ငါးရာသော ရဟန်းတို့ကို အကြောင်းပြု၍ ဟောတော်မူ၏။

ထိုငါးရာသော ရဟန်းတို့သည် မြတ်စွာဘုရား၏ အထံတော်၌ ကမ္မဋ္ဌာန်းကို သင်ယူကုန်၍ စည်ကား ပြန့်ပြောသော တော၌ ရဟန်းတရားကို အားထုတ်ပြုလုပ်ကုန်လျက် နံနက်စောစောကသာလျှင် လန်းလန်းစွင့်စွင့် ကောင်းစွာပွင့်ကုန်သော ညနေချမ်းအခါ အညှာမှ ကျွတ်လွတ် ကြွေကျကုန်သော မုလေးပန်းတို့ကို မြင်ကုန်၍ "ဒီသင်တို့၏ အညှာတို့မှ ကျွတ်လွတ်ကြွေကျခြင်းထက် ရှေးဦးစွာ ငါတို့သည် ရာဂအစရှိသည်တို့မှ လွတ်မြောက်ကုန်အံ့" ဟု ကြံစည်အားလို မိမိကိုယ်ကို ဆုံးမ၍ လုံ့လအားထုတ်ကြကုန်၏။ မြတ်စွာဘုရားသည် ထိုရဟန်းတို့ကို ကြည့်ရှုတော်မူ၍ ချစ်သားရဟန်းတို့ ရဟန်းမည်သည် အညှာမှ

လွှတ်ထွက် ကြွေကျသော ပန်းကဲ့သို့ ဆင်းရဲအပေါင်းမှ လွတ်မြောက်ခြင်းငှါ လုံ့လပြုအပ်သည်သာလျှင်တည်းဟု မိန့်တော်မူ၍ ဂန္ဓကုဋိ၌ ထိုင်နေတော်မူလျက်သာလျှင် အရောင်အလင်းကို ဖြန့်၍ ဤဂါထာကို မိန့်တော်မူ၏—

**ဝဿိကာ ဝိယ ပုပ္ဖါနိ၊ မဒ္ဒဝါနိ ပမုဉ္စတိ။**
**ဧဝံ ရာဂဉ္စ ဒေါသဉ္စ၊ ဝိပ္ပမုဉ္စေထ ဘိက္ခဝေါ။**

ရဟန်းတို့ မိုးရာသီ၌ ပွင့်သော မုလေးပန်းသည် ပွင့်ပြီးရင့်ရော်၍ ကြွေကျကုန်သကဲ့သို့ ဤအတူ ရာဂနှင့် ဒေါသကို စွန့်လွှတ်ကြကုန်၏။

ထိုဂါထာ၌—

**ဝဿိကာ**=ဟူသည် မုလေးပန်းကည်း။

**မဒ္ဒဝါနိ**=ဟူသည် ညှိုးနွမ်းကုန်သော။

အဓိပ္ပါယ်ကား- ယမန်နေ့က ပွင့်သော မုလေးပန်းတို့သည် နောက်တစ်နေ့၌ ဟောင်းနွမ်းကုန်သည်ဖြစ်၍ ကြွေကျကုန်၏။ အညှာမှ စွန့်လွှတ်၏။ ဤအတူ သင်တို့သည်လည်း ရာဂ စသောအပြစ်တို့ကို စွန့်လွှတ်ကြကုန်လော့။

ဒေသနာ၏အဆုံး၌ အလုံးစုံလည်း ဖြစ်ကုန်သော ထိုရဟန်းတို့သည် အရဟတ္တဖိုလ်၌ တည်ကုန်၏။

ဂ။ ပဉ္စသတဘိက္ခုဝတ္ထု ပြီး၏။

---

## ၉။ သန္တကာယတ္ထေရဝတ္ထု

**သန္တကာယော**=အစရှိသော ဤတရားဒေသနာတော်ကို မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် သန္တကာယ မထေရ်ကို အကြောင်းပြု၍ ဟောတော်မူ၏။

ထိုသန္တကာယ မထေရ်အား လက်, ခြေတို့၏ လှုပ်ရှားမှုမည်သည် မဖြစ်သတတ်၊ ကိုယ်၏ တုန်လှုပ်ခြင်း ကင်းသော ငြိမ်သက်သော အတ္တဘော ရှိသည်သာလျှင်ဖြစ်၏။ ထိုမထေရ်သည် ခြင်္သေ့၏အမျိုးမှလာသော မထေရ်ဖြစ်သတတ်။

ထိုစကားကို အနည်းငယ် ချဲ့ဦးအံ့။ ခြင်္သေ့တို့သည် တစ်နေ့သော အခါ၌ ကျက်စားရာကို ယူပြီးသော် ငွေဖြင့်ပြီးသော ဂူလိုဏ်၊ ရွှေဖြင့်ပြီးသော ဂူလိုဏ်၊ သန္တာဖြင့်ပြီးသော ဂူလိုဏ်တို့တွင် အမှတ်မရှိ တစ်ခုခုသော ဂူလိုဏ်သို့ ဝင်၍ ဆေးဒါန်း, မြင်းသိလာ အပြင်ငယ် စိမ်းရွှေသော ဆေးဒါန်းမှုန့်တို့၌ ခုနစ်ရက်တို့ ပတ်လုံး အိပ်၍ ခုနစ်ရက်မြောက်သော နေ့၌ အိပ်ရာမှ ထပြီးလျှင် အိပ်နေရာ

အရပ်ကို ကြည့်ရှု၍ အမြီး၏လည်းကောင်း နား‌တို့၏လည်းကောင်း လက်ခြေတို့၏လည်းကောင်း၊ တုန်လှုပ် ရွေ့ရှားသည် အဖြစ်ကြောင့် မြင်းသိလာ အပြင်ဝယ် စိမ်းရွှေသော ဆေးဒါန်းမှုန့်တို့၏ ဖရိုဖရဲ ပြန့်ကြဲ ရောပြွမ်းသည် အဖြစ်ကို အကယ်၍ တွေ့မြင်ကုန်သည် ဖြစ်အံ့။ အသင်၏ ဤအမှုသည် အမျိုးဇာတ်နှင့် ပြည့်စုံသော သူအားလည်းကောင်း၊ အနွယ်နှင့် ပြည့်စုံသော သူအားလည်းကောင်း မသင့်လျော် မလျော်ကန်ပတ်ချေဟု ကြံစည်၍ တစ်ဖန် ခုနစ်ရက်တို့ပတ်လုံး အစာရေစာ မဖွေရှာဘဲ အာဟာရ ကင်းပြတ် ထပ်၍ တစ်ဖန် အိပ်နေပြန်ကုန်၏။ ဆေးဒါန်းမှုန့်တို့၏ကား ဖရိုဖရဲ ပြန့်ကြဲ ရောပြွမ်းသော အဖြစ်သည် မရှိခဲ့သော်ကား အသင်၏ ဤအမှုသည် အမျိုးအနွယ်နှင့်ပြည့်စုံသော သူတို့အား သင့်လျော် လျောက်ပတ်ပေ၏ဟု ကြံစည်ပြီးလျှင် ယခင် အိပ်ခင်းကျင်းမှ ထွက်ပြီးသော် ကိုယ်ကိုခါတွက်၍ တူရူဖြစ်သော အရပ်မျက်နှာ အထောင့်ဖြစ်သော အရပ်မျက်နှာတို့သို့ စောင်းငဲ့ လှည့်ကြည့်၍ သုံးကြိမ်တိုင်တိုင် ခြသေ့်၏ အသံကို ပြင်းထန် ဟောက်မြည်ပြီးသော် ကျက်စားခြင်းငှါ ဖဲသွားကုန်၏။ ဤရဟန်းသည် ဤသို့ သဘောရှိသော ခြသေ့်မျိုးမှ လာခဲ့ပေသတတ်။

ထိုရဟန်း၏ အမူအရာ ကောင်းစွာ ငြိမ်သက်သော အကျင့်ကို မြင်၍ ရဟန်းတို့သည် မြတ်စွာဘုရားအား ကြားလျှောက်ကုန်၏။ အဘယ်သို့ ကြားလျှောက်ကုန်သနည်း ဟူမူ ဘုန်းတော် ကြီးတော်မူသော မြတ်စွာဘုရား သန္တကာယ မထေရ်နှင့် တူသော ရဟန်းတို့ကို တပည့်တော်တို့ မတွေ့မြင်ဖူးပါ။ ထိုစကား မှန်ပါ၏။ ဤသန္တကာယ မထေရ်အား ထိုင်နေရာ အရပ်၌ လက်တို့၏ လှုပ်ခြင်းသည်လည်းကောင်း၊ ခြေတို့၏ လှုပ်ခြင်းသည်လည်းကောင်း ကိုယ်၏ တုန်လှုပ် ယိမ်းခါခြင်းသည်လည်းကောင်း မရှိပါဟု ကြားလျှောက်ကုန်၏။ ရဟန်းတို့ လျှောက်ထားသော ထိုစကားကို ကြားတော်မူ၍ မြတ်စွာဘုရားသည် "ချစ်သား ရဟန်းတို့ ရဟန်းမည်သည် သန္တကာယမထေရ်ကဲ့သို့ ကိုယ် အစရှိသည်တို့သည် ငြိမ်သက်သဖြင့်သာလျှင် ဖြစ်ပေရာ၏" ဟု မိန့်တော်မူ၍ ဤဂါထာကို ဟောတော်မူ၏။

**သန္တကာယော သန္တဝါစော၊ သန္တဝါ သုသမာဟိတော။**
**ဝန္တလောကာမိသော ဘိက္ခု၊ 'ဥပသန္တော'တိ ဝုစ္စတိ၊**

ငြိမ်သက်သော ကိုယ်ရှိ၏၊ ငြိမ်သက်သော နှုတ်ရှိ၏၊ ငြိမ်သက်သော စိတ်ရှိ၍ ကောင်းစွာ တည်ကြည်သော လောကီ အာမိသကို ထွေးအန်ပြီးသော ရဟန်းကို ငြိမ်သက်သူဟု ဆိုအပ်၏။

ထိုဂါထာ၌—

**သန္တကာယော**=ဟူသည် သူ့အသက် သတ်ခြင်း စသည်တို့၏ မရှိခြင်းကြောင့် ငြိမ်သက်သော ကာယကံရှိ၏။ မုသာဝါဒ မရှိခြင်းကြောင့် ငြိမ်သက်သော ဝစီကံရှိ၏။ အဘိဇ္ဈာ စသည် မရှိခြင်းကြောင့် ငြိမ်သက်သော မနောကံရှိ၏။

ကံသုံးပါးတို့ကို ကောင်းစွာ ထားသောကြောင့် **သုသမာဟိတ** မည်၏။

မဂ်လေးပါးတို့ဖြင့် လောကီ အာမိသကို အန်ထုတ် ပြီးသောကြောင့် **ဝန္တလောကာမိသ** မည်၏။

ကိုယ်အတွင်း၌ ရာဂ စသည်တို့ ငြိမ်းပြီးသောကြောင့် ရဟန်းကို **ဥပသန္တ**ဟု ဆိုအပ်၏။

ဒေသနာတော်၏ အဆုံး၌ ထိုသန္တကာယ မထေရ်သည် အရဟတ္တဖိုလ်၌ တည်လေ၏၊ ရောက်လာသော သူတို့အားလည်း အကျိုးရှိသော တရားဒေသနာ သည် ဖြစ်၏။

၉။ သန္တကာယတ္ထေရဝတ္ထုပြီး၏

## ၁၀။ နင်္ဂလမထေရ်ဝတ္ထု

အတ္တနာ စောဒယတ္တာနံ—အစရှိသော ဤတရားဒေသနာတော်ကို မြတ်စွာ ဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူစဉ် နင်္ဂလကုလမထေရ် ကို အကြောင်းပြု၍ ဟောတော်မူ၏။

ပစ္စည်း ဥစ္စာ လွန်စွာ ချို့နဲ့ ဆင်းရဲသော လူတစ်ယောက်သည် သူတစ်ပါး တို့၏ ထံမှောက် သွားရောက် စေပါး အခစားအမှုကို ပြုလုပ်၍ အသက်ရှည်စေ တည်နေ မွေးမြူရသတတ်။ မြတ်စွာဘုရား၏ တပည့်သား တစ်ပါးသော ရဟန်းတော်သည် ပုဆိုးပိုင်းကို ဝတ်ဆင်သော ထွန်တုံးကို မြောက်ပင့် ထမ်းယူ၍ သွားသော ထိုသူဆင်းရဲ အစေးလူကို တွေ့မြင်သည်ရှိသော် "အသို့ပေနည်း အသင့်အား ဤသို့ အသက်ရှည်စေ မွေးမြူ၍ နေရသောထက် ရဟန်းပြုခြင်းငှါ မအပ်ပါသလော"ဟု ဤသို့ ပြောဆို၏။ သူဆင်းရဲယောကျ်ားက "အရှင်ဘုရား၊ ဤသို့လျှင် အသက်ရှည်စေ မွေးမြူ၍ နေရသော တပည့်တော်ကို အဘယ်သူ သည် ရဟန်းပြုလုပ်၍ ပေးလတ္တံ့နည်း"ဟု ပြန်၍ လျှောက်ထားသဖြင့် "အသင် သည် အကယ်၍ ရဟန်းပြုနိုင်သည် ဖြစ်အံ့။ ငါသည် အသင့်ကို ရဟန်းပြု ပေးအံ့ဟု ပြောဆိုသောအခါ "အရှင်ဘုရား၊ ကောင်းလှပါပြီ။ တပည့်တော်ကို အကယ်၍ ရဟန်းပြုလုပ်၍ ပေးကုန်အံ့။ တပည့်တော်သည် ရဟန်းပြုပါအံ့"ဟု လျှောက်ထား၏။

ထိုအခါ သူဆင်းရဲယောကျ်ားကို ထိုမထေရ်သည် ဇေတဝန်ကျောင်းတော်သို့ ခေါ်ဆောင်၍ မိမိလက်ဖြင့် ရေချိုးစေပြီးလျှင် ရဟန်းပြုရာ ကျောင်းအပြင်၌ ထား၍ ရဟန်းပြုစေပြီးသော် ဝတ်ဆင်အပ်သော ပုဆိုးပိုင်းနှင့် တကွ ထွန်တုံးငယ်ကို ရဟန်းပြုရာ အပြင်၏ အပိုင်းအခြားဖြစ်သော သစ်ပင်၏ သစ်ကိုင်း ထက်၌ တင်ထားစေ၏။ ထိုရဟန်းသည် ပဉ္စင်းဖြစ်သော အခါ၌လည်း နင်္ဂလ (=ထွန်ဘုံး) မထေရ် ဟူ၍သာလျှင် အမည်ထင်ရှား၏။ ထိုနင်္ဂလမထေရ်သည် ဘုရားရှင်တို့အား ဖြစ်ပွား များမြတ် လာဘ်ပူဇော်သက္ကာရကို အမှီပြု၍ အသက်ရှည်လျက် သာသနာတော်၌ ဆန့်ကျင်သည် ဖြစ်၍ ထိုသာသနာတော်၌ ဆန့်ကျင်ခြင်းကို ပယ်ဖျောက်ခြင်းငှါ မစွမ်းနိုင်သောကြောင့် ဤယခုအခါ၌ ငါသည် သဒ္ဓါ၍ ပေးလှူအပ်ကုန်သော ဖန်ရည်စွန်းသော အဝတ်တို့ကို ဝတ်ရုံ၍ သွားတော့အံ့ဟု ကြံပြီးလျှင် မိမိ၏ အဝတ်ပိုင်းနှင့်၊ ထွန်တုံးငယ်ကို ထားရာ ဖြစ်သော ထိုသစ်ပင်ရင်းသို့ သွားရောက်၍ မိမိသည်ပင်လျှင် မိမိကိုယ်ကို ဆုံးမ၏။ အဘယ်သို့ ဆုံးမသနည်းဟူမူ၊ "ဟယ်–အရှက်မရှိသောသူ၊ ဟယ်–အရှက်ကင်းသောသူ၊ အသင်သည် ဤအဝတ်ကို ဝတ်၍ လူထွက်ပြီးလျှင် အခစား အမှုကိုပြုလုပ်၍ အသက်ရှည်ခြင်းငှါ အလိုရှိသည် ဖြစ်ခဲ့ချေ၏တကား" ဟု ဆုံးမ၏။ ဤသို့ မိမိကိုယ်ကို ဆုံးမစဉ်ပင်လျှင် ထိုမထေရ်၏ သာသနာတော်၌ ဆန့်ကျင်သော စိတ်သည် နည်းပါးသော အဖြစ်သို့ ရောက်လေ၏။

ထိုမထေရ်သည် ဆုတ်နစ် ပြန်လည်၍ တစ်ဖန် နှစ်ရက်, သုံးရက်တို့ကို လွန်သဖြင့် သာသနာတော်၌ ဆန့်ကျင်ပြန်၍ ထိုရှေးနည်းအတူသာလျှင် မိမိကိုယ်ကို ဆုံးမ၏၊ တစ်ဖန် ထိုမထေရ်၏စိတ်သည် ဆုတ်နစ်ပြန်လေ၏၊ ထိုနင်္ဂလမထေရ်သည် ဤသို့ဖြစ်ကောင်း အကြောင်း အမှတ်ဖြင့်သာလျှင် ဆန့်ကျင်တိုင်း ဆန့်ကျင်တိုင်းသောအခါ၌ ထိုသစ်ပင်ရင်းသို့သွား၍ မိမိ၏ကိုယ်ကို ဆုံးမ၏။ ထိုအခါ ရဟန်းတော်တို့သည် ထိုသစ်ပင်ရင်း အရပ်သို့ မပြတ် သွားရောက်သော ထိုမထေရ်ကို တွေ့မြင်ကုန်သည်ရှိသော် "ငါ့ရှင် နင်္ဂလမထေရ် အဘယ်ကြောင့် ဤအရပ်သို့ မပြတ်သွားဘိသနည်း" ဟု မေးကုန်၏။ ထိုနင်္ဂလမထေရ်က "အရှင်ဘုရားတို့ ဆရာ၏အထံသို့သွားပါ၏" ဟု လျှောက်ထား ပြောဆို၍ နှစ်ရက် သုံးရက်၌သာလျှင် အရဟတ္တဖိုလ်သို့ရောက်လေ၏။ ရဟန်းတော်တို့သည် ထိုနင်္ဂလမထေရ်နှင့် အတူတကွ ကစားကြီစယ် ပြက်ရယ်ပြုကုန်လျက် "ငါ့ရှင် နင်္ဂလမထေရ် အသင်၏ လှည့်လည်ရာဖြစ်သော ခရီးလမ်းသည် လုံးလုံးကြည်ရှောင် မသုံးဆောင်ဘိသကဲ့သို့ ဖြစ်ခဲ့ချေ၏။ အသင်သည် ဆရာ၏အထံသို့ မသွားတော့ချေယောင်တကား" ဟု ပြောဆိုကုန်၏။ "အရှင်ဘုရားတို့ ခြေဘ်–ဟုတ်မှန်ပါ၏၊ တပည့်တော်တို့သည် နှီးနှောရောယှက်ခြင်း ရှိခဲ့သော် သွားပါကုန်ပြီ။ ဤယခုအခါ၌ကား တပည့်တော်တို့အား နှီးနှောရောယှက်ခြင်းသည် ပြတ်ခဲ့၏။ ထို့ကြောင့် ငါသည် မသွားပေဟု ပြောဆို၏။ ထိုစကားကို

ကြား၍ ရဟန်းတော်တို့သည် ဤနဂ်လမထေရ်ကား မဟုတ်မမှန်သည်ကို ပြောဆို၍ အရဟတ္တဖိုလ်ကို ကြားဘိသည်ဟု မြတ်စွာဘုရားအား ထိုအကြောင်းကို ကြားလျှောက်ကုန်၏။ မြတ်စွာဘုရားက "ချစ်သားရဟန်းတို့ ကြောင် ဟုတ်မှန်ပေ၏။ ငါဘုရား၏သားတော်သည် မိမိပင်လျှင် မိမိကိုယ်ကို ပြောဆို အပြစ်တင်၍ ရဟန်းပြုခြင်းကိစ္စ၏ အပြီးအဆုံးသို့ ရောက်သည်"ဟု မိန့်ဆိုတော်မူရကား ဤဂါထာတို့ကို ဟောတော်မူ၏။

အတ္တနာ ခစောဒယတ္တာနံ၊ ပဋိမံသေထ အတ္တနာ။
သော အတ္တဂုတ္တော သတိမာ၊ သုခံ ဘိက္ခု ဝိဟာဟိသိ။

အတ္တာ ဟိ အတ္တနော နာထော၊ ကော ဟိ နာထော ပရော သိယာ။
အတ္တာ ဟိ အတ္တနော ဂတိ၊ တသ္မာ သံယမ မတ္တာနံ။
အဿံ ဘဒြံဝ ဝါဏိဇော။

ဒေသနာတော်၏အဆုံး၌ များစွာကုန်သော သူဟူသည် သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်ကုန်၏။

မိမိကိုယ်ကို ပြန်လည်စောဒနာရာ၏၊ မိမိကိုယ်ကို ပြန်လည်စူးစမ်းရာ၏။ မိမိကိုယ်ကို စောင့်ရှောက်လျက် သတိနှင့် ပြည့်စုံသောရဟန်းသည် ချမ်းသာစွာ နေရလတ္တံ့။

မိမိသည်သာလျှင် မိမိ၏ ကိုးကွယ်ရာဖြစ်၏၊ အဘယ်မည်သော သူတစ်ပါးသည် ကိုးကွယ်ရာ ဖြစ်နိုင်အံ့နည်း၊ မိမိသည်သာလျှင် မိမိ၏ထောက်တည်ရာဖြစ်၏။ ထို့ကြောင့် မိမိကိုယ်ကို စောင့်စည်းရမည်၊ ကုန်သည်သည် ကောင်းသော မြင်းကို စောင့်ရှောက်သကဲ့သို့တည်း။

ထိုဂါထာ၌——

စောဒယတ္တာနံ=ဟူသည် မိမိသည်သာလျှင် မိမိကိုယ်ကို စောဒနာ၏အပြစ်ကို အောက်မေ့စေ၏။

ပဋိမံသေထ=ဟူသည် မိမိသာလျှင် မိမိကိုစုံစမ်းရာ၏။

သော=ဟူသည် ထိုသင်ရဟန်းပင်တည်း၊ ဤသို့ဖြစ်သည်ရှိသော် မိမိသည်သာလျှင် စောင့်ရှောက်အပ်သည်မည်၏။ ထင်ရှားမှုသတိရှိသည်ဖြစ်၍ ဣရိယာပုထ်အားလုံးတို့၌ ချမ်းသာစွာနေရလတ္တံ့ဟူလို။

နာထော=ဟူသည် မလွဲမသွေ ဆောက်တည်ရာဖြစ်၏။

ကောဟိနာထော ပရော=ဟူသည်သူတစ်ပါးကိုယ်၌ရပ်တည်၍ကုသိုလ်ပြုခြင်း နတ်ပြည်ရောက်ကြောင်းခရီးကို ပွားများခြင်း ဖိုလ်ကိုမျက်မှောက်ပြုခြင်းငှါ

မတတ်ကောင်း၊ ထို့ကြောင့် အဘယ်မည်သော သူတစ်ပါးသည် ကိုးကွယ်ရာ ဖြစ်နိုင်အံ့နည်းဟူလို။

တသ္မာ=ဟူသည် မိမိသည်သာလျှင် မိမိရပ်တည်ရာ ကိုးကွယ်ဆည်းကပ်ရာ ဖြစ်သောကြောင့် အာဇာနည်မြင်းကောင်းကို အမှီပြု၍ ပစ္စည်းရှာလိုသော ကုန်သည်သည် ထိုမြင်း၏ မသင့်လျော်သောဌာနသို့ သွားခြင်းကိုဖြတ်တောက်၍ တစ်နေ့ သုံးကြိမ် ရေချိုးပေးလျက် ကျွေးမွေးလျက် စောင့်ရှောက်၏။ ဤအတူ အသင်ရဟန်းသည်လည်း မဖြစ်ပေါ်သေးသော အကုသိုလ်၏ ဖြစ်ပေါ်ခြင်းကို တားမြစ်လျက် သတိလက်လွှတ်၍ ဖြစ်ခဲ့သော အကုသိုလ်ကို စွန့်ပယ်လျက် မိမိကိုယ်ကို စောင့်ရှောက်လော ဤသို့ပြုသည်ရှိသော် သဂ္ဂ-ဒါဂါမ်ကို အစပြု၍ လောကီ လောကုတ္တရာတရားအထူးကို ရလတ္တံ့ဟူလို။

၁၀။ နင်္ဂလမထေရ် ဝတ္ထုပြီး၏။

---

## ၁၁။ ဝက္ကလိမထေရ်ဝတ္ထု

ပါမောဇ္ဇဗဟုလော-အစရှိသော ဤတရားဒေသနာတော်ကို မြတ်စွာဘုရား သည် ဝေဠုဝန်ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် ဝက္ကလိမထေရ်ကို အကြောင်း ပြု၍ ဟောတော်မူ၏။

ထိုဝက္ကလိမထေရ်သည် သာဝတ္ထိပြည်ဝယ် ပုဏ္ဏားအမျိုး၌ဖြစ်၍ အရွယ်သို့ ရောက်သောအခါ ဆွမ်းခံခြင်းအလို့ငှါ မြို့တွင်းသို့ ကြွဝင်တော်မူလာသော မြတ်စွာဘုရားရှင်ကို တွေ့မြင်၍ မြတ်စွာဘုရား၏ လက္ခဏာကြီးငယ် အံ့ဖွယ်အဖုံဖုံ ကိုယ်တော်၏ ပြည့်စုံခြင်းကို ဖူးမြော်ကြည့်ရှုရ၍ ကိုယ်တော်၏ ပြည့်စုံခြင်းကို ကြည့်ရှုဖူးမြော်ရခြင်းဖြင့် တင်းတိမ်ရောင့်ရဲခြင်းမရှိနိုင်ရကား "မြတ်စွာဘုရား အထံတော်၌ ဤသို့ ရဟန်းပြုရသည်ရှိသော် ငါသည် အမြဲ မြတ်စွာဘုရားရှင်ကို ကြည့်ရှုဖူးမြော်ခြင်းငှါ အခွင့်ရပေလိမ့်မည်"ဟု ကြံစည်ပြီးလျှင် မြတ်စွာဘုရား ရှင်၏ အထံ၌ ရဟန်းပြု၍ အကြင်အရပ်၌ တည်နေသောသူသည် အားဆယ် ပါးရှင် ဘုရားသခင်ကို ဖူးမြင်ကြည့်ရှုခြင်းငှါ အခွင့်ရကြောင်းတတ်ကောင်း စွမ်း နိုင်၏။ ထိုသို့ အထပ်ထပ်မပြတ်စေငှ ကြည့်ရှုဖူးမြော်ခြင်းငှါ အခွင့်ရကောင်းသော နေရာ၌တည်နေလျက် သရဇ္ဈာယ်ခြင်း, ကမ္မဋ္ဌာန်းနှလုံးသွင်းခြင်း စသည်တို့ကို ပယ်စွန့်၍ မြတ်စွာဘုရားရှင်ကို ဖူးမြင် ကြည့်ရှုလျက်သာလျှင် လှည့်လည်လေ သတတ်။ မြတ်စွာဘုရားသည် ထိုဝက္ကလိမထေရ်၏ အသိအလိမ္မာ ပညာဉာဏ် ရင့်ကျက်ခြင်းကို မျှော်လင့်ငံ့စားလျက် တစ်စုံတစ်ခုသောစကားကို မပြောဆို မဆုံးမမူ၍ ဤယခုအခါ၌ကား ထိုဝက္ကလိမထေရ်အား အသိအလိမ္မာ ပညာဉာဏ် ရင့်ကျက်ခြင်းသို့ ရောက်ခဲ့လေပြီဟု သိတော်မူ၍ ဤသို့မိန့်တော်မူ၏။

အိုဝက္ကလိ၊ ဤငါဘုရား၏ အပုပ်ကောင်တည်းဟူသော ကိုယ်ကို ကြည့်နေခြင်းဖြင့် အဘယ်အကျိုးရှိအံ့နည်း။ အို ဝက္ကလိ၊ အကြင်ပုဂ္ဂိုလ်သည် ငါဘုရားဟောကြားသော တရားတော်ကိုမြင်၏။ ထိုပုဂ္ဂိုလ်သည် ငါဘုရားကို မြင်သည် မည်၏၊ အကြင်ပုဂ္ဂိုလ်သည် ငါဘုရားကိုမြင်၏၊ ထိုပုဂ္ဂိုလ်သည် တရားတော်ကို မြင်သည် မည်၏ဟု ဆုံးမတော်မူ၏။

ထိုဝက္ကလိမထေရ်သည် ပြဆိုအပ်ခဲ့ပြီးသော စကားအစဉ်ဖြင့် မြတ်စွာဘုရားရှင်က ဆုံးမသြဝါဒပေးပါသော်လည်း မြတ်စွာဘုရားအားမပြတ်ကြည့်ရှု ဖူးမြော်ခြင်းကို ပယ်စွန့်၍ တပါးသောအရပ်သို့ သွားခြင်းငှါ မစွမ်းနိုင်သည်သာလျှင်တည်း။ထိုအခါ မြတ်စွာဘုရားသည် ထိုဝက္ကလိမထေရ်ကို ဤရဟန်းကား တုန်လှုပ်ထိတ်လန့်ခြင်းကိုမရမူ၍ သစ္စာလေးပါးတရားကို မသိလတ္တံ့ဟု သိမြင်တော်မူသောကြောင့် ဝါကပ်ဆိုခြင်းငှါ နီးလတ်သည်ရှိသော် ရာဇဂြိုဟ်ပြည်သို့ ကြွတော်မူ၍ ဝါကပ်ဆိုအံ့သောနေ့၌ "အပေဟိ ဝက္ကလိ အပေဟိ ဝက္ကလိ" ထွက်သွားလော့ ဝက္ကလိ ထွက်သွားလော့ဟု နှင်ထုတ်တော်မူ၏။ထိုဝက္ကလိမထေရ်သည် ငါ့ကိုဆရာဖြစ်တော်မူသော မြတ်စွာဘုရားသည် နှင်ထုတ်သောအားဖြင့် စကားမပြောဆိုတော့ပြီ"ဟုကြံ၍ သုံးလပတ်လုံး မြတ်စွာဘုရားမျက်မှောက်တော်၌ ဖူးမြော်ကြည့်ရှုနေခွင့်မရသောကြောင့် ငါ့အား အသက်ရှင်နေသဖြင့် အဘယ်အကျိုးရှိအံ့နည်း၊ မြင့်မားလှစွာသော ဂိဇ္ဈကုဋ်တောင်ထိပ်မှ မိမိကိုယ်ကို ကျစေတော့အံ့(ခုန်ချအံ့)"ဟု ကြံ၍ ဂိဇ္ဈကုဋ်တောင်ထက်သို့ ရှေးရှုတက်လေ၏။

မြတ်စွာဘုရားရှင်သည် ထိုဝက္ကလိမထေရ်၏ ပင်ပန်း နွမ်းနယ်သည့်အဖြစ်ကို သိတော်မူ၍ "ရဟန်းသည် ငါဘုရားအထံမှ သက်သာရာကို မရခဲ့သည်ရှိသော် မဂ်ဖိုလ်တို့၏ရကြောင်း ဥပနိဿယသည် အချည်းနှီးပျက်စီးလေရာ၏"ဟုဆင်ခြင်တော်မူ၍ ကိုယ်တော်ကို ပြသတော်မူခြင်းငှါ ရောင်ခြည်လွှတ်တော်မူ၏။ထိုအခါ ထိုဝက္ကလိမထေရ်အား မြတ်စွာဘုရားကို ဖူးတွေ့ရသောအခါမှစ၍ ဤမျှကြီးမားသော စိုးရိမ်ကြောင့်ကြ သောကတရားသည် ကင်းပျောက်လေ၏။ မြတ်စွာဘုရားသည် ရေကုန်ခန်း၍ သွေ့ခြောက်လေပြီးသော တစ်ဖက်ဆည် ကန်ကိုရေအလျဉ်ဖြင့် မြန်စွာ ပြည့်စေဘိသကဲ့သို့ ဝက္ကလိမထေရ်အား ကြီးစွာသောနှစ်သက်ဝမ်းမြောက်ခြင်းကို ဖြစ်စေခြင်းငှါ ဤဂါထာကို ဟောတော်မူ၏။

**ပါမောဇ္ဇဗဟုလော ဘိက္ခု၊ ပသန္နော ဗုဒ္ဓသာသနေ။**
**အဓိဂစ္ဆေ ပဒံ သန္တံ၊ သင်္ခါရူပသမံ သုခံ။**

ဝမ်းမြောက်ခြင်းများသောရဟန်းသည် ဘုရားသာသနာတော်၌ ကြည်ညိုသည်ဖြစ်၍ သင်္ခါရတရားတို့၏ချုပ်ငြိမ်းရာငြိမ်သက်အေးမြသော နိဗ္ဗာန်ချမ်းသာကို ရပေရာ၏။

အဝိပ္ပာယ်မှာ–ပင်ကို ပြကတေ့အားဖြင့် ဝမ်းမြောက်ခြင်း များသော ရဟန်းသည် ဘုရားသာသနာတော်၌ ကြည်ညိုနှစ်သက်၍ ဤသို့ ကြည်ညိုသော ရဟန်းသည် ဘုရားသာသနာ၌ ငြိမ်သက်အေးမြသော သင်္ခါရတို့၏ ချုပ်ငြိမ်းရာ သုခအမည်ရှိသောနိဗ္ဗာန်ကို ရောက်လေရာ၏။

ဤသို့သော ဂါထာကိုလည်း ဟောကြားတော်မူပြီး၍ကား မြတ်စွာဘုရား ရှင်သည် ဝက္ကလိမထေရ်အား လက်တော်ကို ဆန့်တန်းတော်မူလျက် ဤဂါထာကို ဟောကြားတော်မူ၏—

ဧဟိ ဝက္ကလိ မာ ဘာယိ၊ ဩလောကေဟိ တထာဂတံ။
အဟံ တံ ဥဒ္ဓရိဿာမိ၊ ပင်္ကေ သန္နံဝ ကုဉ္ဇရံ။

ဧဟိ ဝက္ကလိ မာ ဘာယိ၊ ဩလောကေဟိ တထာဂတံ။
အဟံ တံ မောစယိဿာမိ၊ ရာဟုဂ္ဂဟံဝ သူရိယံ။

ဧဟိ ဝက္ကလိ မာ ဘာယိ၊ ဩလောကေဟိ တထာဂတံ။
အဟံ တံ မောစယိဿာမိ၊ ရာဟုဂ္ဂဟံဝ စန္ဒိမံ။

ချစ်သား ဝက္ကလိ ငါဘုရားထံ အမြန်လာလှည့်လော့။ မကြောက်မရွံ့ပါ လေလင့်၊ ငါဘုရားကို ကြည့်ရှုဖူးမြော်လော့၊ ချစ်သား ဝက္ကလိ၊ ရွှံ့ညွန် ပျောင်း၌ ကျွံနစ်ငြိတွယ်၍နေသော ဆင်ပြောင်ကြီးကို လုံ့လ ကြိုးကုတ် တမှုဟုတ်ဖြင့် ထုတ်ဆောင်ဘိသကဲ့သို့ ဤဥပမာနည်းတူစွာသာလျှင် ကိလေ သာတည်းဟူသော ညွန်ပျောင်း၌ ကျွံနစ်ငြိတွယ်၍ နေသော သင်ချစ်သား ဝက္ကလိကို ငါဘုရားသည် ကယ်ဘင်ထုတ်ဆောင်တော်မူပေအံ့။

ချစ်သားဝက္ကလိ ငါဘုရားထံ အမြန်လာလှည့်လော့၊ မကြောက်ရွံ့ပါလေ လင့်၊ ငါဘုရားကို အသင်ချစ်သား ဝက္ကလိသည် ကြည့်ရှု ဖူးမြော်ပါလေလော့၊ ရာဟုအမည်ရှိသော အသုရိန်နတ်ကြီးသည် ဖမ်းဆီးချုပ်ချယ်အပ်သော နေဝန်း ဗိမာန်ကို လွတ်မြောက်စေဘိသကဲ့သို့ ဤဥပမာနည်းတူစွာသာလျှင် ကိလေ သာအထု ရာဟုနတ်ကြီး ဖမ်းဆီးချုပ်ချယ်၍ ထားအပ်သော သင်ချစ်သား ဝက္ကလိကို လွတ်မြောက်တော်မူစေအံ့။

ချစ်သားဝက္ကလိ ငါဘုရားထံ အမြန်လာလှည့်လော့၊ မကြောက်မရွံ့ပါလေ လင့်၊ ငါဘုရားကို အသင်ချစ်သား ဝက္ကလိသည် ကြည့်ရှု ဖူးမြော်ပါလေလော့၊ ရာဟုအမည်ရှိသော အသုရိန်နတ်ကြီးသည် ဖမ်းဆီး ချုပ်ချယ်အပ်သောလဝန်း ဗိမာန်ကို လွတ်မြောက်စေဘိသကဲ့သို့ ဤဥပမာ နည်းတူစွာသာလျှင် ကိလေ သာအထု ရာဟုနတ်ကြီး ဖမ်းဆီး ချုပ်ချယ်၍ ထားအပ်သော သင်ချစ်သား ဝက္ကလိကို သင်တို့ဆရာ ငါဘုရားသည် လွတ်မြောက်တော်မူစေအံ့။

## ဝက္ကလိတောင်ထိပ်မှ ခုန်ချခြင်း

ထိုဝက္ကလိမထေရ်သည် ဘုရားရှင်ကို ငါဖူးမြင်ခြင်းငှါ ရပေပြီ။ "ချစ်သား ဝက္ကလိ၊ လာလှည့်လော့"ဟူ၍ မိန့်ခေါ်တော်မူခြင်းကို ရအပ်ပေပြီဟု အားကြီးသော နှစ်သက်ခြင်းကိုဖြစ်စေ၍ အဘယ်လမ်းဖြင့် သွားရမည်နည်းဟုကြံစည်ပြီး သွားစရာလမ်းမမြင်သောကြောင့် ဘုရားရှင်၏ မျက်မှောက်ဖြစ်သော အဇ္ဈာပြင် ကောင်းကင်၌ ကြွမြောက်ပျံတက်၍ ပထမခြေလှမ်းသည် တောင်ထိပ်၌ တည်လျက်သာလျှင် မြတ်စွာဘုရားရှင်သည် ဟောကြားတော်မူအပ်သော တရားဂါထာကို ဆင်ခြင်လျက် ကောင်းကင်ထက်၌ သာလျှင် နှစ်သက်ခြင်း ပီတိကိုခွါ၍ ပဋိသမ္ဘိဒါတို့နှင့်တကွ အရဟတ္တဖိုလ်သို့ ရောက်ပြီးသော် မြတ်စွာ ဘုရားကို လက်အုပ်ချီမိုး ရှိခိုးလျက်သာလျှင် ကောင်းကင်မှ သက်ဆင်း၍ မြတ်စွာဘုရား၏ ထံတော်၌ တည်နေ၏။ ထိုဝက္ကလိမထေရ်ကို မြတ်စွာဘုရားသည် ထိုအခါမှ နောက်အဖို့၌ သဒ္ဓါတရားရှိကုန်သော သူတို့တွင် အထွတ်အထိပ် အမြတ်ဆုံးအရာ၌ ထားတော်မူ၏။

၁၁။ ဝက္ကလိမထေရ်ဝတ္ထုပြီး၏။

---

## ၁၂။ သုမနသာမဏေရဝတ္ထု

**ယော ဟဝေ**–အစရှိသော ဤတရားဒေသနာတော်ကို မြတ်စွာဘုရားသည် ပုဗ္ဗာရုံကျောင်း၌ သီတင်းသုံးနေတော်မူစဉ် သုမနသာမဏေကို အကြောင်းပြု၍ ဟောတော်မူ၏။ ထိုစကားရပ်၌ အစဉ်အတိုင်းဖြစ်သောစကားတည်း။

ဤကမ္ဘာမှ ပြန်ကာရေတွက်သော် အထက်ကပ် တစ်သိန်းမြောက် အကျ ဖြစ်သော အခါသမယ၌ တစ်ဦးသော အမျိုးသားသည် မြတ်စွာဘုရားရှင်သည် လေးပါးသော ပရိသတ် အလယ်၌ ဒိဗ္ဗစက္ခုအဘိညာဏ်ကို ရကုန်သော သူတို့တွင် အထွတ်အမြတ်အရာ၌ ထားသော တစ်ပါးသော ရဟန်းတော်ကို တွေ့မြင်၍ ထိုကဲ့သို့သော နေရာအထူး၏ ပြည့်စုံခြင်းကို နှစ်မြို့တောင့်တလျက် မြတ်စွာဘုရားရှင်ကို ပင့်ဖိတ်၍ ခုနစ်ရက်ပတ်လုံး ဘုရားအမှူးရှိသော ရဟန်းတော်အပေါင်းအား ကြီးစွာသော အလှူကို ပေးလှူပြီးသော်–

ဘုန်းတော် အလွန်တရာ ကြီးမြတ်တော်မူလှပေသော အရှင်ဘုရား၊ တပည့်တော်သည်လည်း နောင်လာလတ္တံ့သော အခါ၌ အရှင်ဘုရားကဲ့သို့သော တစ်ဆူသော ဘုရားရှင်၏ ဆုံးမသြဝါ သာသနာတော်၌ ဒိဗ္ဗစက္ခုအဘိညာဏ်ကို ရကုန်သော ပုဂ္ဂိုလ်တို့တွင် အထွတ်အမြတ် ဖြစ်ရပါလို၏ဟု ဆုတောင်း ပတ္ထနာကို ဖြစ်စေ၏၊ မြတ်စွာဘုရားရှင်သည် ကမ္ဘာတစ်သိန်း ကာလပတ်လုံးကို

ကြည့်ရှုတော်မူ၍ ထိုအမျိုးသား ဆုတောင်းပတ္ထနာ၏ ပြည့်စုံအံ့သည့် အဖြစ်ကို သိတော်မူသောကြောင့် "ဤဂ. မ္ဘာမှနောက် ကမ္ဘာတစ်သိန်းမြောက်ထက်ဝယ် ဂေါတမမြတ်စွာဘုရား သာသနာတော်၌ ဒိဗ္ဗစက္ခု အဘိညာဏ်ကို ရကုန်သော ပုဂ္ဂိုလ်တို့တွင် အထွတ်အမြတ်ဖြစ်သော အနုရုဒ္ဓါမထေရ်မည်သည် ဖြစ်လတ္တံ့"ဟု မိန့်ကြားတော်မူ၏။ ထိုအမျိုးသားသည် မြတ်စွာဘုရား ထိုသို့ မိန့်ကြားသည်ကို ကြားနာရ၍ နက်ဖြန်ခါ၌ ရောက်အံ့သကဲ့သို့ ထိုသို့သော ဆုတောင်းပတ္ထနာ၏ ပြည့်စုံခြင်းကို အောက်မေ့ မှတ်ထင်လျက် မြတ်စွာဘုရားသည် ပရိနိဗ္ဗာန် ဝင်စံတော်မူသည်ရှိသော် ရဟန်းတော်တို့အား ဒိဗ္ဗစက္ခု အဘိညာဏ် ပရိကံကို မေးလျှောက်၍ ခုနစ်ယူဇနာ ရှိသော ရွှေစေတီကြီးကို ဝန်းရံ၍ အထောင်မက များလှဖြင်ပည်း ဆီမီးတိုင်တို့ကို မြှုလုပ်စေ၍ ဆီမီးပူဇော်ခြင်းကို ပြုပြီးလျှင် ထိုဘဝမှ စုတေသည်ရှိသော် နတ်ပြည်၌ ဖြစ်၍ နတ်ပြည် လူ့ပြည်တို့၌ ကမ္ဘာတစ်သိန်း ကာလပတ်လုံး ကျင်လည်လျက် ဤဘဒ္ဒကပ်၌ ဗာရာဏသီ ပြည်ဝယ် သူဆင်းရဲအမျိုး၌ ဖြစ်၍ သုမနသူဌေးကို အမှီပြုပြီးလျှင် မြက်ထမ်း ယောကျ်ားဖြစ်၍ အသက်မွေးမှုခြင်းကို ပြု၏။

## အန္နဘာရ မြက်ထမ်းသမား

ထို မြက်ထမ်းသမား ယောကျ်ားအား အန္နဘာရ ဟူသော အမည်သည် ဖြစ်၏။ သုမနသူဌေးသည်လည်း ထိုမြို့၌ အမြဲမပြတ် ကြီးစွာသော အလှူ ပေးလှူ၏။ ထိုနောက်အခါဖြစ်သော တစ်နေ့သ၌ ဥပရိဋ္ဌ အမည်တော်ရှိသော ပစ္စေကဗုဒ္ဓါသည် ဂန္ဓမာဒန တောင်၌ နိရောဓသမာပတ်မှ ထ၍ အဘယ်သူအား ချီးမြှောက်ခြင်းကို ပြုရပါမည်နည်းဟု ကြံစည်တော်မူ၍ ယနေ့အဖို့၌ ငါသည် အန္နဘာရအား ချီးမြှောက်ခြင်းကို ပြုခြင်းငှါ သင့်လျော်လျောက်ပတ်ပေ၏။ ဤယခုအခါ၌လည်း ထိုအန္နဘာရသည် တောအုပ်မှ မြက်ကို ထမ်းဆောင် ယူငင်၍ အိမ်သို့ လာလတ္တံ့ဟု သိမြင်တော်မူသောကြောင့် သပိတ်, သင်္ကန်းကို ဆင်မြန်းယူငင်၍ တန်ခိုးတော်ဖြင့် ကြွသွားပြီးလျှင် မြက်ထမ်းယောကျ်ား အန္နဘာရ၏ မျက်မှောက် ရှေ့တူရှု၌ ရပ်တည်တော်မူ၏၊ အန္နဘာရသည် ဆွမ်းမပါသော သပိတ် လက်တော်၌ရှိသော ထိုပစ္စေကဗုဒ္ဓါကိုမြင်၍ "အရှင်ဘုရား စင်စစ်အားဖြင့် ဆွမ်းအာဟာရ ရပါကုန်၏လော"ဟု မေးလျှောက်၍ "အို ကြီးကျယ်သော ဘုန်းရှိသောသူ ဩဘ် ရပါကုန်လတ္တံ့"ဟု မိန့်ဆိုတော်မူသည်ရှိသော် "ဘုန်းတော်ကြီးတော်မူသော အရှင်ဘုရား ထိုသို့ ဖြစ်ပါမူကား အနည်းငယ် ငံ့လင့်တော်မူပါကုန် ဦးလော့"ဟု လျှောက်ထားပြီးသော် မြက်ထမ်း ထမ်းပိုးကို မြေ၌စွန့်ချ၍ လျင်စွာသောအဟုန်ဖြင့် နေအိမ်သို့ သွားရောက်၍ "အို ချစ်နှမ ချွင်းချန် ဖယ်ထားအပ်သော ငါ၏အဖို့ဖြစ်သော ထမင်းသည်

ရှိပါသေးသလော မရှိတော့ပြီလော''ဟု ခင်ပွန်းမယားကို မေး၍ ''အို အရှင် ရှိပါသေး၏''ဟု ပြောဆိုသည်ရှိသော် လျင်စွာသော အဟုန်ဖြင့် တစ်ဖန် ပြန်လာခဲ့၍ ပစ္စေကဗုဒ္ဓါ၏ သပိတ်တော်ကို တောင်းယူ၍ ကြံစည်၏။ ငါ့အား ပေးလှူခြင်းငှါ အလိုရှိသည်ရှိသော် ပေးလှူဖွယ် ဝတ္ထုရှိသည် မဖြစ်ခဲ့၊ ပေးလှူဖွယ်ဝတ္ထု ရှိပြန်ပါသော်လည်း အလှူခံပုဂ္ဂိုလ်ကို မရရှိလေ။ ယနေ့ ငါ့အား အလှူခံပုဂ္ဂိုလ်သည် လည်းကောင်း၊ ပေးလှူဖွယ် ဝတ္ထုသည် လည်းကောင်း ထင်ရှားရှိခဲ့၏။ ငါ့အား အရတော်လေစွဟု ကြံစည်၏။ ကြံစည်ပြီး၍ကား အိမ်သို့ သွားပြီးလျှင် ထမင်းကို သပိတ်တော်၌ လောင်းထည့် စေပြီးသောအခါ တစ်ဖန် ဆောင်ယူ၍ ပစ္စေကဗုဒ္ဓါ၏ လက်တော်၌ တည်စေ ပြီးသော်။

ဤမိနာ ပန ဒါနေန၊ မာ မေ ဒါလိဒ္ဒိယံ အဟု။
နတ္ထီတိ ဝစနံ နာမ၊ မာ အဟောသိ ဘဝါဘဝေ။
ဘန္တေ ဝေရူပါ ဒုဇ္ဇီဝိတာ မုစ္စေယျံ၊ 'နတ္ထိ'တိ ပဒမေဝ န သုဏေယျံ။

ဟု ဆုတောင်းခြင်းကို ဖြစ်စေ၏။

အရှင်ဘုရား ဤအလှူကောင်းမှုကြောင့် တပည့်တော် အန္နဘာရအား ဆင်းရဲသော အမျိုး၌ တစ်ရံတစ်ဆစ်မျှ မဖြစ်ရပါစေသော၊ ဘဝဇာတ် အသွယ်သွယ်၌ မရှိပါဟူ၍ ပြောဆိုရခြင်းမည်သည် မဖြစ်ပါစေသတည်း။ အရှင် ဘုရား ဤသို့သဘောရှိသော ဆင်းရဲငြိုငြင် ပင်ပန်းသော အသက်မွေးမှု ရခြင်းမှ လွတ်မြောက်ရပါလို၏၊ မရှိဟူသော စကားကိုမျှ သာလျှင်လည်း မကြား မသိရပါလို၏ဟု ဆုတောင်းပတ္ထနာ ပြု၏။

ပစ္စေကဗုဒ္ဓါ အရှင်က ''အို ကြီးကျယ်သော ကောင်းမှုရှိသောသူ ဤသို့ အသင် ဆုတောင်းပတ္ထနာသည့်အတိုင်း ဖြစ်စေသတည်း''ဟု မိန့်ဆို ဟောဖော် အနုမောဒနာကိုပြု၍ ဖဲကြွသွားတော်မူ၏။ သုမနသူဌေး၏လည်း ထီး၌ အုပ်စိုး သော နတ်သည် ''လှူဒါန်းခြင်းသည် ဩော် အံ့ဖွယ်ရှိလေစွ။ ဥပရိဋ္ဌ အရှင်ပစ္စေက ဗုဒ္ဓါ၌ ဒါနသည် ကောင်းစွာတည်ပေ၏''ဟု မြွက်ဆို၍ သုံးကြိမ် တိုင်တိုင် ကောင်းချီးကို ပေး၏၊ ထိုအခါ သူဌေးကြီးက ထိုထီး၌ အုပ်စိုး စောင့်ရှောက် သော နတ်ကို ''ဤမျှလောက် တာရှည်စွာသောကာလပတ်လုံး အလှူဒါနကို စွန့်ကြဲကြည်ဖြူ ပေးလှူ၍နေသော ငါ့ကို အသင်နတ်မင်း မတွေ့မမြင်သလော'' ဟု ပြောဆို၏။ ထီး၌စောင့်ရှောက်သောနတ်က 'ငါသည် အသင်၏အလှူကို အကြောင်းပြု၍ ကောင်းချီးကို မပေး၊ စင်စစ်သော်ကား အန္နဘာရသည် ဥပရိဋ္ဌ အရှင်ပစ္စေကဗုဒ္ဓါအား ပေးလှူအပ်သော ဆွမ်းအလှူ၌ ကြည်ညိုသည် ဖြစ်၍ ငါသည် ဤသို့သော ကောင်းချီးကို ဖြစ်စေအပ်၏''ဟု ပြောဆို၏။

## သုမနသူဌေးက အန္နဘာရ၏ ကုသိုလ်ကို ဝယ်ခြင်း

ထိုသုမန သူဌေးက “အို အချင်း ဘို့ ဪ အံ့ဩဖွယ် ရှိလေစွ။ ငါသည် ဤမျှလောက်ကာ မြင့်ရှည်စွာသော အခါကာလပတ်လုံး ရွှင်ပြုံးကြည်ဖြူ အလှူဒါနကို စွန့်ချပေးကမ်း လှူဒါန်းပါလျက် နတ်တို့အား ကောင်းချီးကို ပေးခြင်းငှါ မစွမ်းနိုင်။ အန္နဘာရသည် ငါ့ကိုမှီ၍ အသက်ရှည်စေ တည်နေ မွေးမြူရသောသူ ဖြစ်လျက် တစ်ခါတစ်ကြိမ် ကိုက်ကြိမ်လှူဒါန်းရသော ဆွမ်း အလှူဒါနဖြင့်သာလျှင် နတ်တို့အား ကောင်းချီးကိုပေးစေ၏။ ထိုအန္နဘာရ၏ အလှူ၌ ပူမူချင့်မျှော် သင့်လျော်သည်ကို ပြုလုပ်၍ ဆွမ်းအလှူဒါနကို ငါ၏ ဥစ္စာပြုလုပ်အံ့”ဟု ကြံစည်ပြီးလျှင် ထိုအန္နဘာရကို ခေါ်စေ၍ “အမောင်ယခု အသင်သည် တစ်စုံတစ်ယောက်သော သူအား တစ်စုံတစ်ခုသော အလှူကို ပေးလှူပါသလော”ဟု မေး၏။ “အရှင် ဪ ဟုတ်မှန်ပါ၏။ ဥပရိဋ္ဌပစ္စေက ဗုဒ္ဓါအား အကျွန်ုပ်သည် ယနေ့အဖို့ စားရန်အလို့ငှါဖြစ်သောထမင်းကို ပေးလှူ အပ်ပါ၏”ဟု အန္နဘာရ-က ပြောဆိုသောအခါ “အိုအချင်း ဤယခုအခါ အသပြာကိုယူ၍ ငါ့အား ထိုအသင်လှူအပ်သော ဆွမ်းအလှူကို ပေးပါလော့”ဟု ပြောဆို၏။ “အရှင် အကျွန်ုပ် မပေးနိုင်ပါ”ဟု ပြောဆိုသည်ရှိသော် ထိုသုမန သူဌေးသည် အဆင့်ဆင့်မြင့်ဆောင်လျက် အသပြာ တစ်ထောင်တိုင်အောင် တိုးပွား ပေးကမ်း၏။ အန္နဘာရ-က “အသပြာတစ်ထောင်ဖြင့်လည်း မပေး နိုင်ပါ”ဟု ပြောဆိုပြန်၏။ ထိုအခါ အန္နဘာရကို “အို အမောင် ရှိပါစေ လော့။ အကယ်၍ ဆွမ်းအလှူကို မပေးနိုင်ခဲ့အံ့။ အသပြာ တစ်ထောင်ကိုယူ၍ ကုသိုလ်အဖို့ကို ငါ့အား ပေးပါလော့”ဟုဆို၏။ ထိုအန္နဘာရသည် “အရှင် ကောင်းနှင့် အတူတကွ လျှောက်ထားတိုင်ပင်၍ သိရတော့အံ့”ဟု ပြောဆို ပြီးသော် လျင်စွာသောအဟုန်ဖြင့် သွားလေကာ ပစ္စေကဗုဒ္ဓါကို မှီရောက်၍ “အရှင်ဘုရား သုမနသူဌေးသည် အသပြာတစ်ထောင်ကိုပေး၍ အရှင်ဘုရား တို့အား ပေးလှူအပ်သော ဆွမ်း၌ ကုသိုလ်အဖို့ကို တောင်း၏။ အဘယ်သို့ ပြုပါရမည်နည်း”ဟု မေးလျှောက်၏။ ထိုအခါ အန္နဘာရအား ထိုပစ္စေကဗုဒ္ဓါက ဥပမာကို ဆောင်တော်မူ၏။ “အို ပညာရှိ ဥပမာ မည်သည်ကား အိမ်ခြေ တည်ကာအမျိုးတစ်ရာရှိသော ရွာဝယ် တစ်ခုသော အိမ်၌ ဆီမီးညှိထွန်းလေရာ၏။ ကြွင်းသောအိမ်၌ တည်ရှိသောသူတို့သည် မိမိ၏ဆီဖြင့် လုံးကျစ်ပြီးခါ ဆီမီး စာကို ကောင်းစွာ ညှိညွှတ် ဆီဆွတ်သွားရောက်၍ မီးလျှံကူးညှိ ညှိထွန်းစေပြီး လျှင် ယူကုန်ရာ၏။ ယင်းသို့ ယူကုန်သည်ရှိသော် ရှေးဦးစွာဖြစ်သော အိမ်၌ ဆီမီး၏ အရောင်သည် ရှိ၏ဟူ၍ပင် ဆိုရမည်လော၊ ကုန်ပျောက်သေဘိ မရှိတော့ပြီ ဟူ၍ပင် ဆိုရမည်လော”ဟု မေးတော်မူသဖြင့် “အရှင်ဘုရား တိုးထက်ထူးချွန် ပိုလွန်ထွန်းပြောင် အရောင်ရှိသည် ဖြစ်ပါသတည်း”

ဟု လျှောက်ကြား၏။ "အို ပသာဒရှိ ဤဥပမာနည်းတူသာလျှင် တစ်မုတ်မျှသော ယာဂုအလှူသည်မူလည်းဖြစ်စေ၊ တစ်ယောက်ချီမျှသော ဆွမ်းအလှူသည်မူလည်း ဖြစ်စေ မိမိပေးလှူအပ်သော ဆွမ်း၌ သူတစ်ပါးတို့အား ကုသိုလ်အဖို့ကို ပေးဝေသောသူ၏ ကုသိုလ်ကောင်းမှုသည် အကြင်မျှလောက်သော သူတို့အား ပေးဝေ၏။ ထိုမျှလောက် အတိုင်းအရှည်ရှိသော ကုသိုလ်သည် တိုးပွားတော့သည်သာတည်း။ အသင်သည်လည်း တစ်ကြိမ်တစ်ခါ တစ်ထပ်စာ မျှသာလျှင်ဖြစ်သောဆွမ်းကို ပေးလှူ၏။ ယင်းသို့ တစ်ခုသောဆွမ်းကိုပေးလှူစေကာမူ သူဌေးကြီးအား ကုသိုလ်အဖို့ကို ပေးဝေအပ်သည်ရှိသော် နှစ်ခုသော ဆွမ်းအလှူတို့ ဖြစ်ကုန်၏။ တစ်ခုသောဆွမ်းအလှူသည် အသင့်အား ဖြစ်စေလော့၊ တစ်ခုသော ဆွမ်းအလှူသည် ထိုသူဌေးကြီးအား ဖြစ်စေလော့"ဟု မိန့်ဆိုတော်မူ၏။

## အန္နဘာရ မြက်ထမ်းသမား သူဌေးဖြစ်ခြင်း

ထိုအန္နဘာရသည် အရှင်ဘုရား ကောင်းလှပါပြီဟု လျှောက်ကြား ပြောဆို ထိုပစ္စေကဗုဒ္ဓါကို ရှိသေစွာ ရှိခိုးပြီးသော် သူဌေးကြီး၏ထံသို့ ပြန်သွား၍ "အရှင်သူဌေးမင်း ကုသိုလ်အတိုကိုယူပါလော့"ဟုပြောဆို၏။ ထိုသို့ဖြစ်ပါမူကား "အမောင် ဤအသပြာတို့ကိုယူလော့"ဟု သူဌေးကြီးက ပြောဆိုသဖြင့် "အကျွန်ုပ်သည် လှူဒါန်းသောဆွမ်းကို မရောင်းချပါ၊ သဒ္ဓါတရား ဖြစ်ပွါးသော အားဖြင့် အရှင်သူဌေးအား ကုသိုလ်အဖို့ကို ပေးပါ၏' ဟုပြောဆို၏။ "အမောင်သည် သဒ္ဓါတရား တက်ပွါးသောအားဖြင့် ပေးပါလော့။ ငါသည်လည်းအသင်၏ ဂုဏ်ကျေးဇူး၌ ပူဇော်အံ့၊ အမောင် ယူသာ ယူပါလော့။ ဤနေ့မှ စ၍လည်း မိမိ၏လက်ဖြင့် အမှုကြီးငယ်ကို အမောင် မပြုလင့်၊ တစ်ခုသော ခရီးလမ်းမ၌ မိမိနေအိမ်ကို ဆောက်လုပ်စေ၍ နေလေလော့၊ အကြင်သို့သော ပစ္စည်းဥစ္စာ ဘဏ္ဍာ စသည်ဖြင့်လည်း အမောင်အား အလိုရှိသည်ဖြစ်၏။ အလုံးစုံကို ငါ၏ ထံမှ ယူလေလော့"ဟု ပြောဆို၏။ နိရောဓသမာပတ်မှ ထမြောက်သောပစ္စေကဗုဒ္ဓါအား ပေးလှူအပ်သော ဆွမ်းအလှူသည် ထိုနေ့၌ပင် ကြီးမား ဖွံ့ဖြိုး အကျိုးကိုပေး၏။ ထို့ကြောင့် ပြည့်ရှင်မင်းမြတ်သည်လည်း ထိုသို့ ရုံးပေါင်း အကြောင်းဖြစ်ခြင်းကို ကြားသိတော်မူ၍ အန္နဘာရကို ခေါ်စေပြီးသော် ကုသိုလ်အဖို့ကိုယူ၍ ကြီးကျယ်မြင့်မြတ်သော စည်းစိမ်ကို ပေးပြီးလျှင် ထို အန္နဘာရအား သူဌေးကြီး၏ရာထူးကို ချီးကျူးမြှောက်စား ပေးသနားတော်မူလေ၏။ ထိုအန္နဘာရ သူဌေးသည် သုမနသူဌေးကြီး၏ အပေါင်းအဖော် သည်ဖြစ်၍ အသက်ရှည်သမျှကာလပတ်လုံး ကုသိုလ်ကောင်းမှုတို့ကို ဆည်းပူး ပြုလုပ်၍ ထိုအန္နဘာရ သူဌေးဘဝမှ စုတေခဲ့သည်ရှိသော် နတ်ပြည်၌ဖြစ်၍

လူ့ပြည် နတ်ပြည်ဘို့၏ လောကီရိပ်ငြိမ် စည်းစိမ်အများကို ခံစားကျင်လည်လျက် ဂေါတမ မြတ်စွာဘုရား ပွင့်တော်မူသောအခါဝယ် ကပိလဝတ်ပြည်၌ မြတ်စွာဘုရား ခမည်းတော် သုဒ္ဓေါဒနမင်းကြီး၏ ညီတော်ရင်းစစ်ဖြစ်သော အမိတောဒန သာကီဝင်မင်း၏ စံအိမ်တော်၌ ပဋိသန္ဓေ တည်နေစွဲယူလေ၏။

## အနုရုဒ္ဓါမင်းသား

မယ်တော် မိဖုရားသည် ဆယ်လကို လွန်မြောက်သဖြင့် သားတော်ကို ဖွားမြင်၏။ ထိုသားတော်အား အနုရုဒ္ဓါဟူသောအမည်ကို မှည့်ခေါ် ပြုလုပ်ကုန်၏၊ ထိုအနုရုဒ္ဓါ မင်းသားသည်ကား မြတ်စွာဘုရား ဘထွေးတော်၏ သားတော် မဟာနာမသာကီဝင်မင်း၏ ညီတော်ရင်းဖြစ်သော တိုင်းထက်အလွန် သိမ်မွေ့နူးညံ့သော ကြီးကျယ်မြင့်မြတ်သော ဘုန်းရှိသော သူသည် ဖြစ်ပေ၏၊ တစ်နေ့သောအခါ၌ ခြောက်ဦးကုန်သော မင်းသားတို့သည် ခဲဖွယ်မုန့်တို့ဖြင့် အဖိုးအခကိုပြု၍ အန်စာခုံညင်းတို့ဖြင့် ကစားကုန်သည်ရှိသော် အနုရုဒ္ဓါမင်းသားသည် ဆိုးရှုံးခဲ့လေသောကြောင့် မုန့်တို့၏အလို့ငှါ မယ်တော်၏အထံသို့ တောင်းယူရန် စေလွှတ်သတတ်၊ ထိုမယ်တော်သည် ကြီးစွာသော ရွှေခွက်ကို ပြည့်စေ၍ မုန့်တို့ကို ပေးပို့စေ၏၊ ရောက်လာရရှိသော မုန့်တို့ကို စားသုံး၍ တစ်ဖန် ကစားပြန်သည်ရှိသော် ဆိုးရှုံးပြန်လေသောကြောင့် ရှေးနည်းအတူ သာလျှင် မုန့်ယူရန် စေလွှတ်ပြန်၏။ ဤသို့လျှင် သုံးကြိမ်တိုင်တိုင် မုန့်တို့ကို ဆောင်စေအပ်ကုန် ပြီးသော် လေးဆင့်မြောက် စေခိုင်းသော အကြိမ်၌ မယ်တော်က ဤယခုအခါ၌ မုန့်တို့သည် မရှိကုန်ဟုမှာသားပြောဆိုစေလွှတ်၏။ ထိုမယ်တော်၏ မှာထားပြောဆိုသောစကားကိုကြား၍ မရှိဟူသော စကားကို တရံတဆစ်မျှ မကြားဖူးသည် အဖြစ်ကြောင့် ဤယခုအခါ မရှိမုန့်မည်သည် အမည်ထူး ဖြစ်ပေလိမ့်မည်ဟု မှတ်ထင်ခြင်းကို ပြု၍ "သွားချေ၊ မရှိမုန့်တို့ကို ဆောင်လေလော့"ဟု ပြောဆို စေလွှတ်၏။ ထိုအခါ မင်းသား၏ မယ်တော်ကို အစေအပါးတို့က "အရှင်မ မရှိမုန့်တို့ကို ပေးစေလိုကုန်သတတ်" ဟု လျှောက်တင်သည်ရှိသော် မယ်တော်က "ငါ၏ သားတော်သည် မရှိဟူသော စကားကို မကြားမသိဖူးလေ။ အဘယ်သို့သော အကြောင်းဖြင့် ငါ၏ သားတော်အား မရှိသည်၏ အဖြစ်ကို သိနိုင်စေရပါအံ့နည်း"ဟု ကြံစည်ပြီးသော် မုန့်တည့်သောရွှေခွက်ကို စင်စွာ ဆေးကြော၍ တစ်ပါးသော ရွှေခွက်ဖြင့် မှောက်ဘင်ဖုံးအုပ်ပြီးလျှင် "အမောင်တို့ ယခု ဤရွှေခွက်ကို ငါ့သားတော်အား ပေးလေလော့"ဟု ပြောဆိုစေလွှတ်၏။ ထိုခဏ၌ မြို့ကို စောင့်ရှောက် သိမ်းဆည်းကုန်သော နတ်တို့သည် "ငါတို့၏ အရှင်ဖြစ်သော မင်းသားသည် အနုဘာရဘဝ ဖြစ်သောကာလ၌

ဥပရိဋ္ဌ ပစ္စေကဗုဒ္ဓါအား မိမိစားရန်ဖြစ်သော ထမင်းကို ပေးလှူ၍ မရှိဟူသော စကားကိုလျှင် မကြားမနာရပါလို၏ ဟူ၍ ဆုတောင်းပတ္ထနာ မည်သည်ကို ဖြစ်စေခဲ့ပြီ။ ငါတို့သည် ထိုအကြောင်းကို သိရှိပါလျက် အကယ်၍ အရေးမယူ လျစ်လျူရှုခဲ့ကုန်ငြားအံ့၊ ငါတို့၏ ဦးခေါင်း ဦးထိပ်သည်လည်း ခုနစ်စိတ် ခုနစ်ဖြာ ကွဲလေရာ၏"ဟု ကြံစည်ကုန်၍ နတ်၌ဖြစ်သော မုန့်တို့ဖြင့် ရွှေခွက်ကို ပြည့်စေကုန်၏။ အစေအပါး ထိုမင်းချင်း ယောကျ်ားသည် ရွှေခွက်ကို ဆောင်ယူ၍ အနုရုဒ္ဓါ မင်းသား၏ အထံ၌ထား၍ ဖွင့်၏။ ထိုမုန့်တို့၏ အနံ့သည် အလုံးစုံသော မြို့ကို ပျံ့နှံ့လေ၏။ အရသာရှိသော မုန့်သည်ကား ခံတွင်း၌တည် ထားကာမျှဝယ် ခုနစ်ထောင်ကုန်သော အရသာဆောင်သည့် အကြောတို့ကို ပျံ့နှံ့၍ တည်၏။ အနုရုဒ္ဓါမင်းသည်လည်း "ဤမှ ရှေးအခါ၌ ငါ့ကို မယ်တော်သည် မချစ်မြတ်နိုးယောင်တကား။ ဤနေ့မှာကား တစ်ပါးသောအခါ၌ မယ်တော်သည် ငါ့အား စားသုံးရန် ရည်သန်ပေးဘိ မရှိမုန့်မည်သည်ကို ပြုလုပ် ကျွေးချက်ဖူးသည် မရှိ"ဟု ကြံစည်၏၊ ကြံစည်ပြီး၍ကား ထိုအနုရုဒ္ဓါမင်းသား သည် မယ်တော်၏ အထံသို့ သွားရောက်၍ မယ်တော်ကို ဤသို့ပြောဆို၏။ "မိခင်မယ်တော် အကျွန်ုပ်သားတော်ကို အသင်မယ်တော် ချစ်ပါ၏လော"ဟု ပြောဆို၏။ "ချစ်သား အမောင် အဘယ်သို့ ပြောဆိုပါလေသနည်း။ ငါမယ် တော်၏ မျက်စိထက်လည်းကောင်း၊ နှလုံးသားထက် လည်းကောင်း၊ အမောင် သားတော်ကို ချစ်အပ်ပါသည်"ဟု ပြောဆိုလျှင် "မယ်တော် အကျွန်ုပ် သားတော်ကို အကယ်၍ ချစ်ခင်ခဲ့ပါသော် သားတော် အကျွန်ုပ်အား အဘယ် ကြောင့် ရှေးအခါ၌ ဤသို့ သဘောရှိသော မရှိမုန့်မည်သည်ကို မပေးပါသနည်း" ဟု မေး၏။

ထိုမယ်တော်သည် အစေအပါး ထိုမင်းချင်းယောကျ်ားကို အမောင် ရွှေခွက်အတွင်း၌ တစ်စုံတစ်ခုရှိသည် ဖြစ်ပါသလော"ဟု မေး၏။ မင်းချင်း ယောကျ်ားကလည်း "အရှင်မ ပြေ်-ဟုတ်မှန်ပါ၏။ မုန့်တို့ဖြင့် ရွှေခွက်၌ ပြည့်သည် ဖြစ်ပါ၏။ အကျွန်ုပ်အား ဤသို့သဘောရှိသော မုန့်မျိုးကို ရှေး၌ ထင်ထင် မတွေ့မြင်ဖူးပါ"ဟု လျှောက်တင်၏။ ထိုမင်းသား၏ မယ်တော်သည် "ငါ၏ သားတော်ကား ပြုအပ်သော ကောင်းမှုရှိသော သူပေတည်း၊ ထိုသား တော်အား နတ်တို့သည် နတ်၌ ဖြစ်သောမုန့်ကို ပေးပို့အပ်သည် ဖြစ်ပေလိမ့် မည်"ဟု ကြံစည်၏။ ထိုအနုရုဒ္ဓါမင်းသားသည်လည်း "မယ်တော် မိခင် အကျွန်ုပ်သည် ဤသို့ သဘောရှိသော မုန့်မျိုးကို မစားမသုံးခဲ့ရဖူးပါ။ ဤနေ့ ကာလ ဤအခါမှစ၍ အကျွန်ုပ်သားတော်အား မရှိမုန့်ကိုသာလျှင် ပေးပို့ပါ လော့"ဟု ပြောဆို၏။ မင်းသား၏ မယ်တော်သည် မင်းသား ပြောကြား မှာထားလျှောက်ရွှေ ထိုနေ့မှစ၍ အနုရုဒ္ဓါမင်းသားက မုန့်တို့ကို စားသုံးခြင်းငှါ အလိုရှိပါ၏ဟု ပြောဆိုစေလွှတ်သောအခါ၌ ရွှေခွက်ကို ဆေးကြော၍ တစ်ပါး သော ခွက်ဖြင့် မှောက်လျက် ဖုံးအုပ် စေလွှတ် ပေးပို့၏။ နတ်တို့သည် တစ်စုံ

တစ်ခု မုန့်ခဲဖွယ်မပါဘဲ အချည်းနှီးသော ထိုရွှေခွက်ကိုမုန့်တို့ဖြင့် ပြည့်စေကုန်၏။ ဤသို့ ပြဆိုခဲ့ပြီးသော အစဉ်အတိုင်းဖြင့် ထိုအနုရုဒ္ဓ မင်းသားသည် အိမ်ရာဖွဲ့နှောင်လူ့ဘောင်အလယ်၌နေလျက် မရှိဟူသော စကားပုဒ်၏ အနက်အလိုကို မသိမူ၍ နတ်၌ဖြစ်သောမုန့်တို့ကိုသာလျှင် ခံစား သုံးဆောင်တော်မူ၏။

မြတ်စွာဘုရား၏ အခြံအရံဖြစ်ခြင်းအလို့ငှါ အမျိုးအစဉ်အားဖြင့် သာကီဝင်မင်းသားတို့သည် ရဟန်းပြုကုန်သည်ရှိသော် နောင်တော်ဖြစ်သော မဟာနာမ် သာကီဝင်မင်းက အနုရုဒ္ဓါမင်းသားကို "ညီမောင် ငါတို့၏ အမျိုး၌ တစ်စုံတစ်ယောက်သော ရဟန်းပြုသောသူသည် မရှိချေသေး။ အသင်သည်မူလည်း ရဟန်းပြုအံ့လော။ သို့တည်းမဟုတ် ငါသည်မူလည်း ရဟန်းပြုရအံ့လော" ဟု ပြောဆိုသည်ရှိသော် ထိုအနုရုဒ္ဓါမင်းသားက "နောင်တော် အကျွန်ုပ်ညီတော်သည်ကား အလွန်သိမ်မွေ့နူးညံ့ပါသည်။ ရဟန်းပြုခြင်းငှါ မစွမ်းနိုင်ပါလတ္တံ့" ဟု ပြောဆို၏။ "ညီမောင် ထိုသို့ဖြစ်ပါမူ အမှုကြီးငယ်ကို မှတ်နာသင်ယူပါလော့ ငါသည် ရဟန်းပြုပါအံ့" ဟု ပြောဆိုသည်ရှိသော် "နောင်တော် အမှုကြီးငယ်မည်သည် အဘယ်ပါနည်း" ဟု မေးပြန်၏။

[ထိုသို့ တစ်ဖန်ပြန်၍မေးခြင်းအကြောင်းကား ထိုအနုရုဒ္ဓါမင်းသားသည် ထမင်း၏ ဖြစ်ပေါ်သော နေရာကိုမျှလည်းမသိ။ နောင်တော် ပြောကြားသော အမှုကြီးငယ်ကို အဘယ်သို့လျှင် သိနိုင်လတ္တံ့နည်း။ ထို့ကြောင့် ဤသို့တစ်ဖန် ပြောဆိုပြန်သတည်း။]

### အနုရုဒ္ဓါမင်းသား ရဟန်းပြုခြင်း

တစ်နေ့သောအခါ၌ အနုရုဒ္ဓါမင်းသား လည်းကောင်း၊ ဘဒ္ဒိယမင်းသား လည်းကောင်း၊ ကိမိလမင်းသား လည်းကောင်း ဤ သုံးဦးကုန်သော မင်းသားတို့သည် "ထမင်းမည်သည် အဘယ်အရပ်၌ ထမြောက်ဖြစ်ပေါ်သနည်း" ဟု ပြောဆိုတိုင်ပင်ကုန်၏။ ထိုသုံးဦးကုန်သော မင်းသားတို့တွင် ကိမိလမင်းသားက "ထမင်းမည်သည် ကျီကြတို့၌ ဖြစ်ပေါ်လာ၏" ဟု ပြောဆို၏။ ယင်းသို့ ပြောဆိုသော အကြောင်းကား ထိုကိမိလမင်းသားသည် တစ်နေ့သောအခါ၌ ကောက်ကို ကျီကြ၌ထည့်သွင်းသည်တို့ကို မြင်ရဖူးသတတ်။ ထို့ကြောင့် ကျီကြ၌ ထမင်း ဖြစ်ပေါ်လာ၏ဟု အမှတ်ရှိသဖြင့် ဤသို့ ပြောဆိုလေသတည်း။

ထိုအခါ ကိမိလမင်းသားကို ဘဒ္ဒိယမင်းသားက "အသင်သည် ထမင်း ထမြောက်ဖြစ်ပေါ်လာသော အရပ်ကို မသိ" ဟု ပြောဆို၍ "ထမင်းမည်သည် ထမင်းအိုး၌ ဖြစ်ပေါ်လာ၏" ဟု ပြောဆို၏။ ယင်းသို့ ပြောဆိုခြင်းအကြောင်း

ကား ထိုဘဒ္ဒိယမင်းသားသည် တစ်နေ့သောအခါ၌ ထမင်းအိုးမှ ထမင်းကို ခူးဆွသည်တို့ကို မြင်၍ ဤအိုးခွက်၌သာလျှင် ထမင်းဖြစ်၏ ဟူသော အမှတ်ကို ပြုသတတ်၊ ထို့ကြောင့် ဤသို့ ပြောဆိုလေသတည်း။

အနုရုဒ္ဓါ မင်းသားက နှစ်ဦးလည်း ဖြစ်ကုန်သော ထိုမင်းသားတို့ကို "အသင်တို့သည် ထမင်းဖြစ်ပေါ်လာရာ အရပ်ကို မသိကြလေကုန်"ဟု ပြော ဆို၍ "ထမင်းမည်သည် တစ်တောင်မျှလောက် မြင့်သော အထွတ်အဖူးရှိသော ရွှေခွက်ကြီး၌ ဖြစ်ပေါ်လာ၏"ဟု ပြောဆို၏။ ယင်းသို့ ပြောဆိုခြင်းအကြောင်း ကား ထိုအနုရုဒ္ဓါမင်းသားသည် ကောက်တို့ကို ထောင်းဖွပ်သည်တို့ကို ရှေး၌ မမြင်အပ်ကုန်၊ ထမင်းကို ချက်သည်တို့ကိုလည်း ရှေး၌ မမြင်အပ်ကုန်၊ ရွှေခွက်၌ ခူးဆွ၍ မိမိ၏ရှေ့မှာထားအပ်သော ထမင်းကိုသာလျှင် တွေ့မြင်၏။ ထို့ကြောင့် ရွှေခွက်၌သာလျှင် ထိုထမင်းသည် ဖြစ်၏ဟု အမှတ်ကိုပြုသတတ်။ ထို့ကြောင့် ဤသို့ပြောဆို၏။

ဤသို့ ပြဆိုခဲ့ပြီးသော အစဉ်အတိုင်းအားဖြင့် ထမင်း၏ ထမြောက်ဖြစ် ပေါ်လာရာ အရပ်ကို ဆုံးဖြတ်ထင်ထင် မမြင် မသိရလောက်အောင် ကြီးကျယ် မြင့်မြတ်သော ကောင်းမှုကုသိုလ်ရှိသော အမျိုးသားသည် အိမ်ရာဖွဲ့နှောင် လူ့ဘောင်အလယ် ပြုလုပ်ဖွယ်ဖြစ်သော အမှုကြီးငယ်တို့ကို အဘယ်သို့ သိနိုင် လတ္တံ့နည်း။ ထို့ကြောင့် နောင်တော်မဟာနာမ်ကို ထဖန်ပြန်၍ မေးမြန်း ပြောဆိုသည်ဟု မှတ်ရာ၏။

ထိုအနုရုဒ္ဓါမင်းသားသည် မဟာနာမ်မင်းက "အမောင် အနုရုဒ္ဓါ လာ လှည့်လော့၊ အသင် ညီတော်အား အိမ်ရာဖွဲ့နှောင် လူ့ဘောင်၌နေခြင်း အကျိုးငှာ ကောင်းစွာညွှန်ပြ ဆုံးမပေအံ့"ဟု ရှေ့မှောက် ခေါ်ယူပြီးကာ ရှေးဦးစွာ လယ်ကိုထွန်စေအပ်၏။ ဤသို့အစရှိသော နည်းဖြင့် ညွှန်ပြပြောဆို အပ်ကုန်သော ရှက်ဆောင်ဖွယ်အစုံ အမှုကြီးငယ်တို့၏ ပြီးဖွယ်တိုင်းစား အပိုင်း အခြား မရှိသော အဖြစ်ကို ကြား၍ အိမ်ရာဖွဲ့နှောင် လူ့ဘောင်၌ နေခြင်း ဖြင့် ငါအားအကျိုးမရှိဟု ကြံစည်ပြီးလျှင် မယ်တော်ကို ပန်ကြားခွင့်တောင်း၍ ဘဒ္ဒိယ မင်းသားအမှူးရှိကုန်သော ငါးဦးကုန်သော သာကီဝင်မင်းသားတို့နှင့် အတူတကွ ထွက်လာခဲ့ကြ၍ အနုပိယမည်သော သရက်တောဉယျာဉ်၌ မျှနှင့် စံပယ်တော်မူသော မြတ်စွာဘုရားရှင်သို့ ကြည်လင်ညွတ်တွား သွားရောက် ချဉ်းကပ်၍ ရဟန်းပြုလေ၏။ ရဟန်းပြုပြီး၍ မဖောက်မပြန် ဟုတ်မှန်ကောင်း မြတ်သော ကျင့်ဝတ်ပဋိပတ်ကို မပြတ်နေ့ည လုံ့လကြိုးကုတ် အားထုတ်ကျင့်ကြံ လျက် အစဉ်အတိုင်းအားဖြင့် ပုဗ္ဗေနိဝါသဉာဏ် ဒိဗ္ဗစက္ခုဉာဏ် အာသဝက္ခယ ဉာဏ်ဟု ဆိုအပ်သော သုံးပါးကုန်သော ဝိဇ္ဇာတို့ကို မျက်မှောက်ပြုတော်မူရ၍

ဒိဗ္ဗစက္ခုအဘိညာဏ်ဖြင့် တစ်ခုသောနေရာ၌ ထိုင်နေလျက်သာလျှင် လက်ဝါး အပြင်ဝယ် တင်ထားအပ်သော သျှစ်သျှားသီးတို့ကဲ့သို့ တစ်ထောင်သော စကြဝဠာလောကဓာတ်တို့ကို ကြည့်ရှုခြင်းငှာ စွမ်းနိုင်သည်ဖြစ်၍ ဤဂါထာတော်ကို ရွတ်ဆိုတော်မူ၏။

ပုဗ္ဗေနိဝါသံ ယောဝေဒိ၊ သဂ္ဂါပါယဉ္စ ပဿတိ။ (?)

ပုဗ္ဗေနိဝါသံ ဇာနာမိ၊ ဒိဗ္ဗစက္ခု ဝိသောဓိတံ။
တေဝိဇ္ဇော ဣဒ္ဓိပတ္တောမှိ၊ ကတံ ဗုဒ္ဓဿ သာသနံ။

ရှေးဘဝ၌ နေခဲ့ဖူးသော ခန္ဓာအစဉ်ကို သိမြင်ရပေပြီ။ နတ်ဘို့မျက်စိနှင့် တူသော ဒိဗ္ဗစက္ခုဉာဏ်ကို သုတ်သင်အပ်လေပြီ။ဝိဇ္ဇာသုံးပါးတို့နှင့် ပြည့်စုံသည် ဖြစ်၍ တန်ခိုးအထူးသို့ ရောက်ပြီ။ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာခြင်းကို ပြုအပ်လေပြီ။

ဤသို့ ရှင်လန်းဥဒါန်းကို ကျူးရင့်တော်မူပြီး၍ အဘယ်သို့သော ကောင်းမှုကံကို စိမ်အားထုတ် ပြုလုပ်ခဲ့ခြင်းကြောင့် ငါ့အား သုံးပါးဝိဇ္ဇာ ထင်စွာကုံလုံ ဤသို့သော ပြည့်စုံခြင်းကို ရအပ်လေသနည်းဟု ကြည့်ရှုတော်မူသည် ရှိသော် ပဒုမုတ္တရ မြတ်စွာဘုရား၏ ခြေတော်ရင်း၌ ဝပ်ဆင်းခညောင်း ဆုတောင်း ပဌနာခြင်းကို ဖြစ်စေခဲ့ပြီဟု သိတော်မူ၍ တဖန်သုံးသရာ၌ ကာလရှည်ရှည် ကျင်လည်ရသည်ရှိသော် ဤအမည်ရှိသော အခါကာလ၌ ဗာရာဏသီပြည်ဝယ် သုမန သူဌေးကို အမှီတံကဲ သဟဲပြု၍ အသက်ရှည်စေ တည်နေ မွေးမြူလျက် အန္နဘာရ မည်သောသူသည် ဖြစ်ခဲ့လေပြီ ဟူ၍လည်း သိတော်မူ၍ ဤဂါထာကို ရွတ်ဆို၏။

အန္နဘာရော ပုရေ အာသိံ၊ ဒလိဒ္ဒေါ တိဏဟာရကော။
ပိဏ္ဍပါတော မယာ ဒိန္နော၊ ဥပရိဋ္ဌဿ တာဒိနော။

ရှေးအခါ၌ ပစ္စည်းဥစ္စာ လွန်စွာဆင်းရဲသော မြက်ကိုထမ်းဆောင်ရသော အန္နဘာရ အမည်ရသောသူသည် ဖြစ်ခဲ့ရလေပြီ။ အန္နဘာရဖြစ်စဉ် ထိုအခါ၌ ငါသည် တာဒိဂုဏ်နှင့် ပြည့်စုံတော်မူသော ဥပရိဋ္ဌ အမည်တော်ရှိသော အရှင် ပစ္စေကဗုဒ္ဓါအား မိမိစားရန် ဆောင်ယူခဲ့သော ဆွမ်းကို ပေးလှူအပ်လေပြီ။

နောက်ကာလ၌ ထိုအရှင် အနုရုဒ္ဓါအား ဤသို့သော အကြံအစည်သည် ဖြစ်၏။ ထိုအန္နဘာရဖြစ်သောအခါ၌ အကြင် သုမနမည်သော သူဌေးသည် ဥပရိဋ္ဌ အရှင်ပစ္စေကဗုဒ္ဓါအား ငါသည် ပေးလှူအပ်သော ဆွမ်းမှ အသပြာတို့ကို ပေး၍ ကုသိုလ်အဖို့ကို ယူလေပြီ။ ငါ၏ အဆွေခင်ပွန်း အပေါင်းအဖော် ဖြစ်သော ထိုသုမနသူဌေးသည် ဤယခုအခါ အဘယ်အရပ်၌ ဖြစ်လေသနည်း ဟူသော အကြံအစည်သည် ဖြစ်၏။

## သုမန သူငယ်ကို ရှင်ပြုပေးခြင်း

ထိုနောက် ကြည့်ရှုတော်မူသည်ရှိသော် ဝိဇ္ဈာဋဝီတောအုပ် တောင်ခြေ၌ မုဏ္ဍနိဂုံးမည်သည် ရှိ၏။ ထိုနိဂုံး၌ မဟာမုဏ္ဍ မည်သော ဥပါသကာအား မဟာသုမနဟူ၍လည်းကောင်း, စူဠသုမနဟူ၍လည်းကောင်း, နှစ်ယောက် ကုန်သော သားတို့သည် ရှိသည်ဖြစ်ကုန်၏။ ထိုနှစ်ယောက်ကုန်သော သားတို့တွင် အငယ်ဖြစ်သော စူဠသုမနအဖြစ်ဖြင့် ဖြစ်လေသည်ဟူ၍ ထိုသုမနသူငယ်ကို မြင်တော်မူ၏။ မြင်တော်မူပြီး၍ ထိုအရပ်ဒေသသို့ ငါကြွသွားရသည်ရှိသော် ကျေးဇူးရှိအံ့လော, မရှိအံ့လောဟု ကြံစည်တော်မူ၏။ ဆင်ခြင်တော်မူသော် ထိုအနုရုဒ္ဓါမထေရ်သည် ထိုအရပ်သို့ ချဉ်းကပ်၍ ငါကြွသွားခဲ့သည်ရှိသော် အသက် ခုနစ်နှစ်အရွယ်သာရှိသော ထိုသူငယ် စူဠသုမနသည် လူ့ဘောင်မှ ရှောင်ခွါ၍ သာသနာတော်ထမ်း ရဟန်းပြုလတ္တံ့၊ ရဟန်းပြုရန် ဆံရိတ်ခြင်း အားလုံးပြီး၍ သင်ဓုန်း၏ အဆုံး၌သာလျှင် ရဟန်းကိစ္စ လုံး၀ပြီးလျက် အရဟတ္တဖိုလ်သို့ ရောက်လတ္တံ့ဟူသော ဤသို့သော အကြောင်းကို မြင်တော်မူလေ၏။ မြင်တော်မူပြီး၍ ဝါကပ်ဆိုရန် နီးလတ်သည်ရှိသော် လပြည့်ကျော် တစ်ရက် ဝါတွင်း ဖြစ်သောနေ့၌ ကောင်းကင်ခရီးဖြင့် ကြွသွားတော်မူ၍ ရွာတံခါးအနီး၌ သက်ဆင်းတော်မူ၏။ မဟာမုဏ္ဍဥပါသကာသည်ကား ရှေးအခါ ၌လည်း အနုရုဒ္ဓါ မထေရ်၏ ချစ်ကျွမ်းဝင်သော သူတို့သည်သာလျှင်တည်း။ ထိုမဟာမုဏ္ဍဥပါသကာသည် ဆွမ်းခံလှည့်လည်ချိန် တိုင်သောအခါ၌ သင်္ကန်းကို ပြုပြင် ဝတ်ရုံတော်မူသော အနုရုဒ္ဓါမထေရ်ကိုမြင်၍ သားအကြီးဖြစ်သော မဟာသုမနကို "ချစ်သား ငါဖခင်၏ အရှင်ဖြစ်တော်မူသော အနုရုဒ္ဓါမထေရ် သည် ကြွတော်မူလာ၏။ အကြင်မျှလောက် တစ်ပါးတစ်ယောက်သောသူသည် ထိုအနုရုဒ္ဓါမထေရ်၏ သပိတ်ကိုမယူ မပင့်ဖိတ်ရသေး။ ထိုမျှလောက်တာ သူတကာတို့ထက် ရှေးဦးစွာ သွားရောက်၍ ထိုမထေရ်၏ သပိတ်ကို ယူချေ လော့၊ ငါသည် နေရာကို ခင်းထားအံ့"ဟု မှာထားပြောဆို၏။ ထိုမဟာသုမန သည် ဖခင် မှာထား ပြောဆိုသည့်အတိုင်း ပြု၏။ မဟာမုဏ္ဍဥပါသကာ သည် အနုရုဒ္ဓါမထေရ်ကို နေအိမ်အတွင်း ခင်းထားအပ်သော နေရာ၌ နေတော် မူစေလျက် ကောင်းမွန်ရှိသေစွာ ပြုစုလုပ်ကျွေး၍ ဝါတွင်း သုံးလပတ်လုံး သီတင်းသုံးနေခြင်းအကျိုးငှါ တောင်းပန် လျှောက်ထား၍ ပဋိညာဉ်ကို ယူလေ၏။ အနုရုဒ္ဓါမထေရ်သည်လည်း သာယာသည်းခံတော်မူ၏။ ထိုသို့ လျှောက်ထားအခွင့် ရရှိသောအခါ၌ ထိုအနုရုဒ္ဓါ မထေရ်ကို တစ်နေ့မျှလောက် ချီးမြှောက်ခွင့်ပေး ဝန်မလေးဘဲ အရေးတစ်ခု အထူးမှုဖြင့် ပြုစုလုပ်ကျွေးဘိသကဲ့ သို့ ဝါတွင်းခေါ် ရသုံးလပတ်လုံး ရှင်ပြုံးနှစ်မြို့ကြည်ညိုစွာ လုပ်ကျွေးပြုစု၍ သီတင်း ကျွတ်လပြည့် မဟာပဝါရဏာနေ့၌ သုံးထည်သော သင်္ကန်းကိုလည်းကောင်း၊

တင်လဲ၊ ဆီ၊ ဆန် အစရှိသည်တို့ကိုလည်းကောင်း၊ ယူဆောင်ပြီးလျှင် မထေရ်၏ အနီးခြေရင်း၌ထား၍ "အရှင်ဘုရား ဤအလှူဝတ္ထုတို့ကို မချွတ်စေမူ ခံယူတော်မူကုန်လော့"ဟု ကြားလျှောက်၏။ "အို – ဥပါသကာ တန်ပြီ။ ငါ့အား ဤပစ္စည်းဝတ္ထုဖြင့် အလိုမရှိ"ဟု မိန့်ဆိုတော်မူ၏။ "အရှင်ဘုရား ထိုသို့ဖြစ်တပြီးကား ဤပစ္စည်းသည် ဝါကပ်ဆိုသော ပုဂ္ဂိုလ်တို့အား ရသင့်ရထိုက်သော ဝဿာဝါသိကလာဘ် မည်ပါ၏။ ထိုအသုံးအဆောင်ကို အရှင်ဘုရားတို့သည် ခံယူပါကုန်လော့"ဟု လျှောက်ထားပြန်သဖြင့် "ဥပါသကာ ငါသည် မခံယူ"ဟု မိန့်ဆိုတော်မူပြန်၏။ "အရှင်ဘုရားတို့၊ အဘယ်သို့သော အကြောင်းကြောင့် မခံယူပါကုန်သနည်း"ဟု မေးလျှောက်ပြန်သည်ရှိသော် "ဥပါသကာ ငါ၏ အထံ၌ အမှုကြီးငယ်ကို ရွက်ဆောင်တတ်သော ကပ္ပိယ ကာရကသည် လည်းကောင်း၊ သာမဏေသည်လည်းကောင်း မရှိခဲ့ချေ။ ထို့ကြောင့် ငါမခံယူပေသည်"ဟု မိန့်ဆိုတော်မူ၏။ "အရှင်ဘုရား ထိုသို့ဖြစ်တပြီးကား မဟာသုမန အမည်ရှိသော တပည့်တော်၏သားသည် သာမဏေ ဖြစ်ပါလတ္တံ့" ဟုလျှောက်ထားပြန်သောအခါ "အို– ဥပါသကာ ငါ့အား မဟာသုမနဖြင့် အလိုမရှိ"ဟု မိန့်ဆိုတော်မူပြန်သည်ရှိသော် "အရှင်ဘုရား ထိုသို့ ဖြစ်တပြီးကား စူဠသုမနကို ရှင်ရဟန်းပြုတော်မူပါကုန်လော့"ဟု လျှောက်ထား၏။ မထေရ်သည် "ကောင်းလှပြီ"ဟု ဝန်ခံ၍ စူဠသုမနကို ရှင်ရဟန်းပြုတော်မူ၏။ ထိုစူဠသုမနသည် ဆံရိတ်ပယ်သုံး သင်ဓုန်း၏ အပြီးအဆုံး၌သာလျှင် အရဟတ္တဖိုလ်သို့ ရောက်လေ၏။ အနုရုဒ္ဓါမထေရ်သည် ထိုသုမနသာမဏေနှင့် အတူတကွ ၁၅ လ ထက်ဝက် ဆယ့်ငါးရက်မျှလောက် ပတ်လုံး ထိုရွာနိဂုံး၌ သီတင်းသုံးနေတော်မူ၍ မြတ်စွာဘုရားရှင်ကို ဦးတင်ကော်ရော် ဖူးမျှော်ကြည့်ရှုအံ့ဟု ကြံစည်၍ ထိုသုမနသာမဏေ၏ အဆွေအမျိုးတို့ကို ခွင့်တောင်း ပန်ကြားပြီးသော် ကောင်းကင်ခရီးဖြင့်သာလျှင် ကြွသွားတော်မူ၍ ဟိမဝန္တာ အရပ်ငယ် သတ်မှတ်ခိုအောင်း တောကျောင်းကုဋီ၌ သက်ဆင်းတော်မူ၏။ အနုရုဒ္ဓါမထေရ်သည်ကား ပကတိအားဖြင့်လည်း အားထုတ်အပ်သော ဝီရိယရှိသော သူမြတ်ပေတည်း။ ထိုဟိမဝန္တာ တောကျောင်း၌ ညဉ့်၏ရှေ့အဖို့ နောက်အဖို့ပတ်လုံး စင်္ကြံတုံ့ခေါက် ကြွလျှောက်အားထုတ်သော ထိုမထေရ်အား လေနာသည် ပြင်းစွာတက်ကြွ ဖြစ်ပေါ်လာ၏။ ထိုအခါ မရှင်မလန်း ပင်ပန်းသောသဘော ရှိသော ထိုဆရာ မထေရ်ကိုမြင်၍ သာမဏေက "အရှင်ဘုရား အသို့ပေနည်း။ အရှင်ဘုရားအား ကျင်နာသလော"ဟု မေးလျှောက်၏။ "ငါ့အား ရင်၌ လေနာပြင်းစွာ ဖြစ်ပေါ်တက်ကြွ၏"ဟု မိန့်ဆိုတော်မူသဖြင့် "အရှင်ဘုရား၊ ဤမှတပါးသော အခါ၌လည်း တက်ကြွဖြစ်ပေါ်ဖူးပါ သလော"ဟု မေးလျှောက်ပြန်သည် ရှိသော် "ငါ့ရှင် သာမဏေ ဖြေ၍– ဖြစ်ပေါ်ဖူးပေ၏"ဟု မိန့်ဆိုတော်မူ၏။ "အရှင်ဘုရား အဘယ်ဆေးဖြင့် ချမ်းသာသည် ဖြစ်သနည်း"ဟု မေးလျှောက်

ပြန်သောအခါ "ငါ့ရှင်သာမဏေ၊ အနောတတ္တအိုင်မှ ရေကိုရသည် ရှိသော် ချမ်းသာသည် ဖြစ်ပေ၏"ဟု မိန့်ဆိုတော်မူ၏။

## သုမနသာမဏေနှင့် ပန္နဂ နဂါးမင်း တန်ခိုးပြိုင်ခြင်း

"အရှင်ဘုရား ထိုသို့ဖြစ်ပါမူ တပည့်တော်သည် ဆောင်ယူပါအံ့"ဟု လျှောက်ထားသည်ရှိသော် "ငါ့ရှင် သာမဏေ အသင်သည် စွမ်းနိုင်လတ္တံ့လော"ဟု မေးတော်မူသဖြင့် "အရှင်ဘုရား ဩော်– စွမ်းနိုင်ပါ၏"ဟု ကြားလျှောက်၏။ "ထိုသို့ တပြီးကား အနောတတ္တအိုင်၌ ပန္နဂအမည်ရှိသော နဂါးမင်းသည် ငါ့ကိုသိ၏။ ထိုနဂါးမင်းအား ပြောကြား၍ ဆေးအကျိုးငှါ တစ်လုံးသော ရေအိုးကို ဆောင်ယူခဲ့လော့"ဟု မိန့်ဆိုတော်မူ၏။ ထိုသုမနသာမဏေသည် ကောင်းလှပါပြီဟု ကြားလျှောက်ကာ ဥပဇ္ဈာယ်ဆရာကို ရှိခိုး၍ ကောင်းကင်ထက်သို့ တက်ကြွတော်မူပြီးသော် ယူဇနာငါးရာ ဝေးကွာသတ်မှတ် အနောတတ္တအိုင်ရှိရာ အရပ်သို့ ကြွသွားတော်မူလေ၏။ သုမနသာမဏေ ကြွသွားသော ထိုနေ့၌ကား နဂါးမင်းသည် နဂါးမကချေသည်အပေါင်း ခြံရံလျက် ရေကစားခြင်းကို ကစားရှင်မြူးခြင်းငှါ အလိုရှိသည် ဖြစ်ပေ၏။ ထိုနဂါးမင်းသည် ရွှေရှုလာသော သာမဏေကို မြင်ရ၍သာလျှင် အမျက်ထွက်လေ၏။ ဤဦးပြည်းသော သာမဏေသည် မိမိ၏ခြေ၌ ကပ်ငြိပါတုံ မြေမှုန့်ဖုံကို ငါ၏ဦးခေါင်းထက်၌ ကြဲဖြန့်လျက် လှည့်လည်လေဘိ၏။ အနောတတ္တ အိုင်၌ ရေကို ဆောင်ယူခြင်းအကျိုးငှါ လာရောက်သည် ဖြစ်ပေလတ္တံ့။ ဤယခုအခါ၌ ငါသည် ထိုသာမဏေအား ရေကိုမပေးအံ့ဟု ကြံ၍ ကြီးစွာသော အိုးဖုံးဖြင့် အိုးခွက်ကို ဖုံးအုပ်ဘိသကဲ့သို့ ယူဇနာငါးဆယ်ရှိသော အနောတတ္တအိုင်ကို မိမိ၏ ပါးပျဉ်းဖြင့် ဖုံးအုပ်၍ အိပ်နေ၏။ သာမဏေသည် နဂါးမင်း၏ ပြုမူသော အခြင်းအရာကို ကြည့်ရှု၍သာလျှင် ဤနဂါးမင်းသည် ငါ့အား အမျက်ထွက်သည်ဟု သိ၍ ဤဂါထာကို ရွတ်ဆို၏–

သုဏောဟိ မေ နာဂရာဇ၊ ဥဂ္ဂတေဇ မဟဗ္ဗလ။
ဒေဟိ မေ ပါနီယဃဋံ၊ ဘေသဇ္ဇတ္ထမှိ အာဂတော။

ထက်မြက်လျင်မြန် ပြင်းထန်သော တန်ခိုးရှိသော ကြီးကျယ်သော ခွန်အားစွမ်းပကား ရှိသော အိုနဂါးမင်း ငါ၏စကားကို နားထောင်ပါဦးလော့။ ဥပဇ္ဈာယ်ဆရာ မကျန်းမာ၍ ရောဂါပျောက်နိုး ဆေးအကျိုးငှါ လာခဲ့သည် ဖြစ်ပါ၏။ သုံးသောက်ရေ အိုးတစ်လုံးစာရေကို ငါ့အားပေးပါလော့၊ သာမဏေ ပြောဆိုသော ထိုစကားကို ကြား၍ နဂါးမင်းသည် ဤဂါထာကိုဆို၏။

ပုရတ္ထိမသ္မိံ ဒိသာဘာဂေ၊ ဂင်္ဂါနာမ မဟာနဒီ။
မဟာသမုဒ္ဒမပ္ပေတိ၊ တတော တံ ပါနိယံ ဟရ။

မောင်ရှင် သာမဏေ ဤမှ အရှေ့မျက်နှာအဖို့၌ ဂင်္ဂါအမည်ရှိသော ကြီးစွာသော မြစ်သည် မဟာသမုဒ္ဒရာသို့ စီးဝင်လေ၏၊ ထိုဂင်္ဂါ အမည်ရှိသော မြစ်ကြီးမှ အသင်သာမဏေသည် သုံးရေသောက်ရေကို ယူဆောင်ပါလေလော့။

နဂါးမင်းပြောဆိုသော ထိုစကားကို ကြား၍ သာမဏေသည် "ဤနဂါးမင်းကား မိမိအလိုအလျောက် မပေးတော့လတ္တံ့။ ငါသည် အနိုင်အာကာက် ဗလက္ကာရကိုပြု၍ တန်ခိုးရှိန်စော် အာနုဘော်ကို သိစေပြီးလျှင် ဤနဂါးမင်းကို လွှမ်းမိုးနှိမ်နင်း၍ ရေကိုယူအံ့"ဟု ကြံစည်ပြီးသော် "အသင် နဂါးမင်းကြီး အဖသဖွယ် ဥပဇ္ဈာယ်ဆရာသည် ငါ့ကို အနောတတ္တအိုင်မှသာလျှင် ရေကို ဆောင်ယူစေတော်မူ၏။ ထိုကြောင့် ငါသည် ဤရေကိုသာလျှင် ဆောင်ယူအံ့၊ အသင်သည် ဖဲရှောင်လေလော့။ ငါ့ကို မတားမြစ်လင့်"ဟု ပြောဆို၍ သာမဏေသည် ဤဂါထာကို ဆို၏။

ဣတောဝ ပါနီယံ ဟရိဿံ၊ ဣမိနာဝမှိ အတ္ထိကော။
ယဒိ တေ ထာမဗလံ အတ္ထိ၊ နာဂရာဇ နိဝါရယ။

အိုနဂါးမင်း ဤအနောတတ် အိုင်မှသာလျှင် သောက်ရေကို ငါသည် မရရအောင် ကြံယူဆောင်ပေအံ့။ ဤအနောတတ်အိုင် ရေဖြင့်သာလျှင် အလို ရှိသည် ဖြစ်ခဲ့ပေ၏၊ နဂါးမင်းအား ဟန်ခိုးထက်သန် အားစွမ်းအန်သည် အကယ်၍သာ ရှိခဲ့ပါအံ့၊ ဤသို့တစ်စိ ရှိခဲ့သည်ရှိသော် အသင်နဂါးမင်းသည် မယူနိုင်အောင် ကြံဆောင်အားသစ်၍ တားမြစ်ပါလေလော့။

ထိုအခါ သာမဏေကို နဂါးမင်းက ဤသို့ဆို၏—

သာမဏေရ သစေ အတ္ထိ၊ တဝ ဝိက္ကမပေါရိသံ၊
အဘိနန္ဒာမိ တေ ဝါစံ၊ ဟရဿု ပါနိယံ မမ။

မောင်ရှင် သာမဏေကလေး သင့်အား ယောကျ်ားတို့၏ ကြီးစွာလုံ့လ ကြိုးပပြင်းထန် ရဲစွမ်းအန်သည် အကယ်တိတိ ရှိခဲ့ဘုံအံ့၊ အသင်၏ ကြုံးဝါးသော စကားကို ငါသည် အားနှုန်းနှစ်သက်ပါ၏။ ငါ၏ သုံးရေသောက်ရေကို အသင်သည် မရ-ရအောင် ယူဆောင်ပါလေလော့။

ထိုအခါ သာမဏေယ်က ထိုနဂါးမင်းကို "အိုနဂါးမင်း ကောင်းလှပြီ။ ငါသည် ယူဆောင်ပေအံ့"ဟု ပြောဆို၍ "မောင်ရှင် သာမဏေသည် အကယ်၍ စွမ်းနိုင်သည် ဖြစ်အံ့၊ ဆောင်ယူလေလော့"ဟု နဂါးမင်းက ပြောဆိုသည် ရှိသော် "ထိုသို့ ဖြစ်သော် အသင်၏စကားကို ကောင်းစွာမှတ်သား သိရှိလေ

လော့”ဟု သုံးကြိမ်တိုင်တိုင် ပြောဆိုဝန်ခံ ပဋိညာဉ်ကိုယူ၍ “ဘုရားမြတ်စွာ သာသနာတော်၏ အရှိန်အစော် အာနုဘော်ကို ပြ၍ ငါသည် ရေကိုဆောင်ယူခြင်းငှါ သင့်လျော်လျောက်ပတ် အပ်ပေ၏”ဟု ကြံစည်ပြီးသော် အာကာသ၌ နတ်တို့၏ အထံသို့ ရှေးဦးစွာ ကြွသွားလေ၏။ ထိုနတ်တို့လည်း ဝပ်ပျပ်တောက်လျှောက် လာရောက်ညွတ်လျှိုး ရှိခိုးကုန်လျက် “အရှင်ဘုရား အကြောင်းအသို့ပါနည်း”ဟု မေးလျှောက်၍ ရပ်တည်ကြကုန်၏။ “ထိုအနောတတ္တအိုင် အပြင်ထက်၌ ပန္နဂနဂါးမင်းနှင့် အတူတကွ ငါ၏ စစ်ထိုးခြင်းသည် ဖြစ်ပါလတ္တံ့၊ ထိုအရပ်သို့ သွားရောက်ကြ၍ အောင်နိုင်ခြင်း ရှုံးခြင်းကို ကြည့်ရှုကြကုန်လော့”ဟု ပြောဆို၏။ ထိုသုမနသာမဏေသည် ဤသို့သော အမှတ်ဖြင့် သာ၍ လေးဦးကုန်သော လောကပါလ နတ်မင်း သိကြားမင်း သုယာမနတ်၊ သန္တုသိတနတ်၊ နိမ္မာနရတိနတ်၊ ပရနိမ္မိတဝသဝတ္တီနတ်တို့ကိုလည်း သွားရောက်ချဉ်းကပ်၍ ထိုသို့သော အကြောင်းကို ပြောကြားလေ၏။ ထိုမှနောက်၌ အစဉ်အတိုင်းအားဖြင့် ဗြဟ္မာ့ပြည်တိုင်အောင် သွားရောက်၍ ထိုထိုဘုံရပ်ချဉ်းကပ်နေရှာ ဗြဟ္မာအပေါင်းတို့ ဦးခေါင်းညွတ်လျှိုး ရှိခိုးတည်နေလျက် “အရှင်ဘုရား အကြောင်း အသို့ပါနည်း” ဟု မေးလျှောက်သည် ရှိသော် ထိုအကြောင်းကို ပြောကြားလေ၏။ ဤသို့လျှင် ထိုသာမဏေသည် အသညသတ် ဗြဟ္မာတို့ကိုလည်းကောင်း အရူပဗြဟ္မာတို့ကို လည်းကောင်း ချန်ထား၍ အလုံးစုံသော နတ်ဗြဟ္မာဘုံတို့၌ တစ်မုဟုတ်ချင်းဖြင့်သာလျှင် လှည့်လည်ပြောကြား၏။ ထိုသာမဏေ၏ စကားကို ကြား၍ အလုံးစုံသော နတ်ဗြဟ္မာတို့သည်လည်း အနောတတ္တ အိုင်ကြီးအပြင် အထက်၌ ကျည်တောက်၌ ထည့်သွင်းအပ်သော နှမ်း·မုန့်ညက်·မှုန့်တို့ကဲ့သို့ ကောင်းကင် အလုံးအကြား မလပ် ပြည့်ကြပ်စေ၍ စုရုံးစည်းဝေးကုန်၏။ နတ်ဗြဟ္မာအပေါင်းသည် သောင်းသောင်းခြိမ့်အုန်း စုရုံးစည်းဝေးမိသည် ရှိသော် သာမဏေသည် ကောင်းကင်၌ တည်နေ၍ နဂါးမင်းကို ရှေ့၌ဖော်ပြပြီးသည်အတိုင်း ဆို၏။

သုဏောဟိ မေ မဟာနာဂ၊ ဥဂ္ဂတေဇ မဟဗ္ဗလ။
ဒေဟိ မေ ပါနီယဃဋံ၊ ဘေသဇ္ဇတ္ထမှိ အာဂတော။

ထိုအခါ သာမဏေကို နဂါးမင်းက ဤသို့ ရှေးနည်းဒ. တိုင်းပြောဆို၏။

သာမဏေရ သစေ အတ္ထိ၊ တဝ ဝိက္ကမပေါ်ရိသံ။
အဘိနန္ဒာမိ တေ ဝါစံ၊ ဟရဿု ပါနိယံ မမ။

ထိုသာမဏေသည် သုံးကြိမ်တိုင်တိုင် နဂါးမင်း၏ ဝန်ခံ ပဋိညာဉ်ကို ယူပြီးသော် ကောင်းကင်၌ ရပ်တည်လျက်သာလျှင် တစ်ဆယ့်နှစ်ယူဇနာ ရှိသော ဗြဟ္မာမင်း၏ အတ္တဘောကို ဖန်ဆင်း၍ ကောင်းကင်မှ သက်ဆင်းပြီးလျှင်

နဂါးမင်း၏ ပါးပျဉ်း၌ တက်နင်း၍ အောက်သို့ ခံတွင်း ကျဆင်းအောင် ဖိနှိပ်လေ၏။ ထိုခဏ၌သာလျှင် ခွန်အားရှိသော ယောကျ်ားသည် တက်နင်းအပ်သော စိုစွတ်နူးညံ့ ပျော့ပျောင်းသော သားရေကဲ့သို့ နဂါးမင်းပါးပျဉ်း၌ တက်နင်းကာမျှဖြင့် လျှောကျရှုံ့တွန့်၍ ယောက်မကြီးမျှလောက် ကုန်သော ပါးပျဉ်းအဖုတို့သည် ဖြစ်ကုန်၏။ နဂါးမင်း၏ ပါးပျဉ်းတို့မှ လွတ်ကင်းသောအရပ်၌ ထန်းပင်လုံးခန့် အတိုင်းအရှည်ရှိသော ရေတံခွန်လုံးတို့သည် အန်ထွက်၍ တက်ကုန်၏။ သာမဏေသည် အဇ္ဈာဝဟောင် အထက်ကောင်းကင်၌သာလျှင် သုံးရေ သောက်ရေအိုးကို ပြည့်စေ၏။ နတ်ပြဟ္မာအပေါင်းသည် တပြိုင်နက်တည်း ကောင်းချီးကို ပြုလေ၏။ ထိုအခါ နဂါးမင်းသည် ရှက်နိုးသည်ဖြစ်၍ သာမဏေအား အမျက်ထွက်လျှက် ထိုနဂါးမင်း၏မျက်စိတို့သည် လယ်ခေါင်ရန်းပန်းကဲ့သို့ နီမြန်းသော အဆင်း၌သည် ဖြစ်ကုန်၏။ ထိုနဂါးမင်းသည် "ဤသာမဏေငယ်ကား နတ်ပြဟ္မာအပေါင်းကို စည်းဝေးပြီးလျှင် ရေကိုယူလျက် ငါ့ကို ရှက်စေဘိ၏။ ထိုငါသည် သာမဏေကို ဖမ်းယူ၍ ခံတွင်း၌ လက်ကို ထည့်သွင်းလျှိုနှိုက်၍ ထိုသာမဏေ၏ နှလုံးသားကိုမူလည်း ဆုပ်နယ်အံ့။ ခြေတို့ကိုမူလည်း ကိုင်ငင်ဆွဲယူ၍ ထိုသာမဏေကို ဂင်္ဂါမြစ်တစ်ဖက်သို့ ပစ်လွှတ်အံ့"ဟု ကြံစည်ပြီးလျှင် လျင်စွာသောအဟုန်ဖြင့် အစဉ်အတိုင်း လိုက်၏။ အစဉ်တစိုက် အလျင်လိုက်သော်လည်း ထိုသာမဏေကို မှီခြင်းငှါ မစွမ်းနိုင်သည်သာလျှင်တည်း။ သာမဏေသည် သွားရောက်၍ ဥပဇ္ဈာယ်ဆရာ၏ လက်၌ရေကို ဆက်ကပ်လှူထား၍ "အရှင်ဘုရား သောက်တော်မူပါကုန်လော့"ဟု လျှောက်ထား၏။ နဂါမင်းသည်လည်း နောက်မှ နောက်မှ အစဉ်တစိုက် လိုက်လာ၍ "အရှင်ဘုရားအနုရုဒ္ဓါ ငါသည် မပေးလှူဘဲ သာလျှင် ရေကို ယူ၍ လာသည်။ မသောက်တော်မူပါကုန်လင့်"ဟု ဟစ်အော်လျှောက်ထား၏။ "ငါ့ရှင်သာမဏေ ဤသို့ နဂါးမင်း လျှောက်ထားသည့်အတိုင်း ဟုတ်မှန်ပေသလော"ဟု မေးတော်မူသည်ရှိသော် "အရှင်ဘုရား သောက်တော်မူပါကုန်လော့။ ဤနဂါးမင်းသည် တပည့်တော်အား ဆောင်ယူနိုင်သော် ရေကိုယူလေလော့ဟု ပေးအပ်ပါသည်"ဟု လျှောက်ကြား၏။ အနုရုဒ္ဓါမထေရ်သည် အာသဝေါကုန်ခန်း ရဟန္တာဖြစ်ပြီးသော သာမဏေအား လိမ်လည်လှည့်ဖြား မုသားပြောဆိုခြင်းမည်သည်မရှိဟု သိတော်မူသောကြောင့် ရေကို ဘုဉ်းပေး သောက်သုံးတော်မူ၏။ ထိုရေကို သောက်သုံးတော်မူလိုက်သော ခဏ၌သာလျှင် ထိုအနုရုဒ္ဓါမထေရ်အား တက်ကြွပြင်းစွာ လေအနာသည် လျင်စွာ ငြိမ်းပျောက်လေ၏။ တဖန် နဂါးမင်းက "အရှင်ဘုရား မောင်ရှင်သာမဏေသည် တပည့်တော်ကို အလုံးစုံသော နတ်ပြဟ္မာ အပေါင်းကို စုရုံးစည်းပေးစေ၍ အရှက်ကွဲစေပါ၏။ တပည့်တော်သည် ထိုသာမဏေငယ်၏ နှလုံးကိုမူသည်း ခွဲအံ့။ ထိုသာမဏေငယ်၏ ခြေတို့ကိုမူလည်း ကိုင်ယူဘွဲ့ငင်၍ ဂင်္ဂါ၏ တဘက်၌ ပစ်ချအံ့၊ ကြံစည်မိပါသည်"

ဟု အနုရုဒ္ဓါမထေရ်ကို လျှောက်ထား၏။ မထေရ်က "မြတ်သော ဒကာတော် နဂါးမင်း သာမဏေငယ်သည် ကြီးကျယ် မြင့်မြတ်သော အာနုဘော်ရှိ၏။ အသင်တို့သည် သာမဏေငယ်နှင့် အတူတကွ မနိုင့်အနိုင် စစ်ပြိုင်ခြင်းငှါ မစွမ်းနိုင်ကုန်လတ္တံ့။ ထိုသာမဏေငယ်ကို သည်းခံစေ၍ သွားကုန်လော့"ဟု မိန့်ဆိုသော်မူ၏။ ထိုနဂါးမင်းသည် မိမိကိုယ်တိုင်လည်း သာမဏေငယ်၏ တန်ခိုး အာနုဘော်ကို သိသည် သာလျှင်တည်း။ ယင်းသို့ သိသော်လည်း ရှက်နိုးသောကြောင့် အစဉ်တစိုက်လိုက်၍ လာခဲ့၏။ ထိုအခါ မထေရ်၏ မိန့်ဆိုသော စကားဖြင့် ထိုသာမဏေငယ်ကို သည်းခံစေ၍ ထိုသာမဏေငယ်နှင့် အတူတကွ မိတ်ဆွေခင်ပွန်း ကျမ်းဝင်နိုးနှောသည်ကို ပြု၍ "ဤအခါမှစ၍ အနောတတ္တအိုင် ရေဖြင့် အလိုရှိခဲ့သည်ရှိသော် အရှင်ဘုရားတို့အား ကြွလာဖွယ်ကိစ္စ မရှိ၊ တပည့်တော်၏ ထံသို့ ပို့လွှတ်လိုက်ပါကုန်လော့။ တပည့်တော်သည်သာလျှင် ယူဆောင်၍ ပေးလှူပါအံ့"ဟု ပြောဆို လျှောက်ထား၍ ဖဲ့သွားလေ၏။ အနုရုဒ္ဓါမထေရ်သည်လည်း သာမဏေကို ခေါ်ယူ၍ ကြွသွားတော်မူ၏။ မြတ်စွာဘုရားသည် အနုရုဒ္ဓါမထေရ်၏ ကြွလာသော အဖြစ်ကို သိတော်မူ၍ မိဂါရမာတာ အမည်ရှိသော ဝိသာခါ ဒါယိကာမသည် ဆောက်လုပ် လှူဒါန်း အပ်သော ကျောင်းပြာသာဒ်၌ မထေရ်၏ ကြွလာခြင်းကို ကြည့်ရှုတော်မူလျက် သီတင်းသုံး ထိုင်နေတော်မူ၏။ ရဟန်းဘို့သည်လည်း ရှေးရှု ကြွလာသော အနုရုဒ္ဓါ မထေရ်ကို မြင်ကုန်၍ ခရီးဦးကြိုဆိုကုန်လျက် သပိတ်သကန်းကို လှမ်းလင့် ယူငင်ကုန်၏။ ထိုအခါ အချို့ကုန်သော ရဟန်းငယ်တို့သည်လည်း ကောင်း, အချို့ကုန်သော သာမဏေတို့သည်လည်းကောင်း, သုမနသာမဏေကို ဦးခေါင်း၌လည်းကောင်း, နားတို့၌လည်းကောင်း, လက်မောင်း၌လည်းကောင်း, သုံးသပ်ကိုင်ဆွဲ ခါတွက် လှုပ်ကုန်လျက် "ညီငယ်သာမဏေ အသို့ပေနည်း ငြီးငွေ့ဆန့်ကျင်ခြင်း ဖြစ်သလော"ဟု မေးမြန်းပြောဆိုကုန်၏။ မြတ်စွာဘုရား သည် ထိုရဟန်းသာမဏေတို့၏ အပြုအမူကို မြင်တော်မူ၍ ဤရဟန်းတို့၏ ပြုမူသော အမှုကား မြွေဝန်လေးလေစွာ့တကား လျင်စွာသော အဆိပ် ရှိသော မြွေမျိုးကို လည်၌ ကိုင်ယူကုန်ဘိသကဲ့သို့ သာမဏေငယ်ကို သုံးသပ် ကိုင်ငင်ကြကုန်၏။ ထိုသာမဏေငယ်၏ တန်ခိုးရှိန်စော် အာနုဘော်ကို မသိ ကြကုန်။ ယခုငါဘုရားသည် သုမနသာမဏေ၏ ဂုဏ်ကျေးဇူးထင်ရှားသည်ကို ပြုခြင်းငှါ သင့်လျော်ပေ၏ဟု ကြံစည်တော်မူ၏။ အနုရုဒ္ဓါ မထေရ်သည်လည်း လာရောက်ပြီးလျှင် မြတ်စွာဘုရားရှင်ကို ကြည်လင်ညွတ်လျှိုးရှိခိုး၍ ထိုင်နေ၏။ မြတ်စွာဘုရားသည် ထိုအနုရုဒ္ဓါ မထေရ်နှင့် အတူတကွ ပဋိသန္ထာရကို ပြုပြီး၍ အာနန္ဒာမထေရ်ကို "ချစ်သားအာနန္ဒာ အနောတတ္တအိုင်ရေဖြင့် ခြေတော်တို့ကို ဆေးကြောခြင်းငှါ အလိုရှိတော်မူသည် ဖြစ်ပေ၏။ သာမဏေတို့အား ရေအိုးကို ပေးအပ်၍ ရေကို ဆောင်ယူစေလော့"ဟု မိန့်တော်မူ၏။ အာနန္ဒာမထေရ်သည်

ဘုရားကိုနီးအောင်း ကျောင်းတော်မြတ်၌ ငါးရာမျှလောက် အတိုင်းအရှည် ရှိသော သာမဏေတို့ကို စုရုံးစည်းဝေး စေတော်မူ၏။ ထိုသာမဏေတို့တွင် သုမနသာမဏေသည် အလုံးစုံတို့အောက် အငယ်ဆုံးသည်ဖြစ်၏။ အာနန္ဒာ မထေရ်သည် အလုံးစုံသော သာမဏေတို့ထက် အကြီးဆုံးဖြစ်သော သာမဏေ ကို "ငါ့ရှင်သာမဏေ ဆရာဖြစ်တော်မူသော မြတ်စွာဘုရားသည် အနောတတ္တ အိုင် ရေဖြင့် ခြေတော်ဘို့ကို ဆေးခြင်းငှါ အလိုရှိတော်မူသည် ဖြစ်ပေ၏။ ရေအိုးကိုယူငင်သွားရောက်၍ ရေကို ဆောင်ချေလော့ဟု မိန့်ဆိုတော်မူ၏။ ထိုသာမဏေက "အရှင်ဘုရား တပည့်တော် မစွမ်းနိုင်ပါ"ဟု ပြောဆို လျှောက် ကြား သွားရောက်ဆောင်ယူခြင်းငှါ အလိုမရှိ။ အာနန္ဒာမထေရ်သည် ကြွင်း ကျန်ကုန်သော သာမဏေတို့ကိုလည်း အစဉ်အတိုင်းအားဖြင့် စိစစ်မေးမြန်း တော်မူ၏ ထိုသာမဏေတို့ကလည်း ရှေးနည်းအတူသာလျှင် ပြောဆို၍ပယ်ကြ ကုန်၏။

[အသို့ပေနည်း ဤသာမဏေ အစည်းအဝေး၌ အာသဝေါကုန်ခန်း ပြီးသော ရဟန္တာ ဖြစ်ကုန်သော သာမဏေတို့သည် မပါမရှိကုန် ပြီလော။ ပါရှိတော်မူကြပါကုန်၏။ ယင်းသို့ပင် ပါရှိကုန်သော်လည်း ထိုသာမဏေတို့က ဖွဲ့ချည်ပြုလုပ် ဤပန်းထုပ်သည် သုမနသာမဏေ၏ အသို့ငှါသာလျှင် ဖွဲ့ချည်ပြုလုပ် ပန်းထုပ်ပေတည်းဟု သိတော်မူကြ သောကြောင့် သွားရောက် ဆောင်ယူခြင်းငှါ အလိုမရှိကုန်။ ပုထုဇဉ် ဖြစ်ကုန်သော သာမဏေတို့သည်ကား မိမိ၏ မစွမ်းနိုင်သည်၏ အဖြစ် ကြောင့်သာလျှင် သွားရောက် ဆောင်ယူခြင်းငှါ အလိုမရှိကုန်။]

## သုမနသာမဏေ အနောတတ်အိုင်၌ ခြေဆေးရေခပ်ခြင်း

အပြီးအဆုံး၌ကား သုမန သာမဏေ၏ အလှည့်အကြိမ်ရောက်သည်ရှိသော် အာနန္ဒာမထေရ်က "ငါ့ရှင်သာမဏေကလေး ဆရာဖြစ်တော်မူသော မြတ်စွာ ဘုရားသည် အနောတတ္တအိုင်ရေဖြင့် ခြေတော်တို့ကို ဆေးကြောခြင်းငှါ အလိုရှိ တော်မူ၏။ ရေအိုးကို ယူငင်၍ ရေကို ဆောင်ယူလာခဲ့လော့"ဟု မိန့်ဆိုတော် မူ၏။ ထိုသုမနသာမဏေသည် "အရှင်ဘုရား မြတ်စွာဘုရားရှင်က ဆောင်ယူ စေသည်ရှိသော် တပည့်တော် ဆောင်ယူပါအံ့"ဟု လျှောက်ထားပြီးလျှင် မြတ်စွာ ဘုရားကို ညွတ်တွားရှိခိုးကျိုး ရှိခိုး၍ "ဘုန်းတော်ကြီးတော်မူသော မြတ်စွာ ဘုရား တပည့်တော်ကို အနောတတ္တအိုင်၌ ရေကို ဆောင်ယူစေကုန်သတတ်"ဟု လျှောက်ကြား၏။ မြတ်စွာဘုရားက "ခြေဘ် သုမန ဟုတ်မှန်ပေ၏"ဟု မိန့်တော်မူသည် ရှိသော် ထိုသုမနသာမဏေသည် ဝိသာခါဒါယိကာ၊ ပြုလုပ် လှူဒါန်းအပ်သော တခဲနက်သော ရွှေစင်ဖြင့် ရိုက်ခတ်ထုနှက်အပ်သော

ကျောင်းအသုံးအဆောင်ဖြစ်ကုန်သော အိုးတို့တွင် ပကတိရေအိုး အလုံး ခြောက်ဆယ်မျှလောက် ရေကို ယူနိုင်လောက်ပင် ဆံ့ဝင်သော တစ်လုံးသော ရေအိုးစရည်းကြီးကို လက်ဖြင့် ကိုင်ယူ၍ ဤမျှလောက် ရေအိုးဖြင့် ပင့်မြှောက် ချီကြွ ပခုံးစွန်းထက်၌ တင်ထားထမ်းဆောင်ခြင်းဖြင့် အကျိုးမရှိဟု ပြောဆိုပြီးသော် တွဲလဲကိုင်ဆွဲခြင်းကိုပြု၍သာလျှင် ကောင်းကင်သို့ကြွတက်၍ ဟိမဝန္တာသို့ ရှေးရှုကြွသွားတော်မူလေ၏။ နဂါးမင်းသည် အဝေးမှသာလျှင် ရှေးရှုလာသော သာမဏေကို မြင်၍ ခရီးဦးကြိုဆိုပြီးလျှင် ရေအိုးကို ပခုံးစွန်းထက်ဖြင့် ပင့်တင် ထမ်းယူ၍ "အရှင်ဘုရား အရှင်ဘုရားတို့သည် အကျွန်ုပ်ကဲ့သို့ သဘောရှိသော ကျေးကျွန်ဖြစ်ငြား အစေအပါးသည် ထင်ရှားရှိပါလျက် အဘယ်ကြောင့် ကိုယ်တော်တိုင် ကြွလာပါသနည်း။ ရေဖြင့် အလိုရှိတော်မူခဲ့သည် ရှိသော် အဘယ်ကြောင့် သတင်းစကားမျှကိုလည်း အရှင်ဘုရားတို့ မစေလွှတ်ပါကုန်သနည်း"ဟု ပြောဆိုလျှောက်ထား၍ ရေအိုးဖြင့် ရေကို ခပ်ယူပြီးလျှင် မိမိကိုယ်တိုင် မြှောက် ချီပင့်မ ထမ်းဆောင်၍ "အရှင်ဘုရားတို့ ရှေးရှုကြွသွားတော်မူသည် ဖြစ်ပါကုန် လော့၊ အကျွန်ုပ်သည်သာလျှင် ဆောင်ယူပါအံ့"ဟု ပြောဆို၏။ "မြတ်သော မင်းကြီး အသင်တို့သည် တည်နေကုန်လော့၊ ငါ့ကိုသာလျှင် မြတ်စွာဘုရားနှင့် စေခိုင်း တော်မူအပ်၏"ဟု ပြောဆိုပြန်ကြား နဂါးမင်းကို ဆုတ်နစ် ပြန်လည် စေပြီးသော် ရေအိုးကို မျက်နှာဝ၌ လက်ဖြင့် ကိုင်ငင် ဆွဲယူ၍ ကောင်းကင်ဖြင့် သာလျှင် ပြန်ကြွတော်မူလာ၏။ ထိုအခါ မြတ်စွာဘုရားသည် ရှေးရှုလာသော ထိုသုမနသာမဏေကို ကြည့်ရှုတော်မူ၍ ရဟန်းတို့ကို ခေါ်တော်မူပြီးကာ "ချစ်သားရဟန်းတို့ သာမဏေ၏ တင့်တယ် စံပယ်ခြင်းကို အသင်တို့ ကြည့်ရှု ကြကုန်လော့။ အဇ္ဈောဝေဟင် ထက်ကောင်းကင်၌ ဟင်္သာမင်းကဲ့သို့ အလွန် တင့်တယ်လှ၏"ဟု မိန့်တော်မူ၏။ ထိုသာမဏေသည်လည်း သောက်ရေအိုးကို သင့်လျော်သောအား ချထားပြီးသော် မြတ်စွာဘုရားကို ညွတ်တွားရိုကျိုး ရှိခိုး၍ တည်နေ၏။ ထိုအခါ မြတ်စွာဘုရားက ထိုသုမနသာမဏေကို "ချစ်သား သုမန အသင်သည် အဘယ်နှစ်နှစ် ရှိပြီနည်း"ဟု မေးတော်မူသဖြင့် "ဘုန်းတော် ကြီးတော်မူသော မြတ်စွာဘုရား ခုနစ်နှစ်ရှိသည် ဖြစ်ပါပြီ"ဟု လျှောက်ထား၏၊ "ထိုသို့ ခုနစ်နှစ် ရှိလေပြီဖြစ်လျှင် ချစ်သား သုမန ယနေ့မှ အစပြု၍ ဥပသမ္ပဒ ဇာတ် မြင့်မြတ်တက်လှမ်း ရဟန်းဖြစ်လေလော့"ဟု မိန့်တော်မူ၍ အမွေခံအဖြစ် ဒါယဇ္ဇအတွင်း ပဋ္ဌင်းအဖြစ်ကို ပေးသနားတော်မူ၏။

[ဤသုမနသာမဏေ လည်းကောင်း, သောပါကသာမဏေလည်း ကောင်း,ခုနစ်နှစ်ရှိကုန်သော နှစ်ပါးသာလျှင် ဖြစ်ကုန်သော သာမဏေ တို့သည် မြင့်မြတ်ကောင်းခြင်း ပဋ္ဌင်းအဖြစ်ကို ရကုန်သတတ်။]

ဤသို့ပြဆိုခဲ့ပြီးသော အတိုင်း ထိုသုမန သာမဏေသည် ရဟန်းပဥ္စင်းဖြစ်သည်ရှိသော် တရားသဘင်၌ "ငါ့ရှင်တို့ ဤသို့သဘောရှိသည်မည်သော မကြီးအရွယ် သေးငယ်လှပေ သာမဏေကလေး၏ တန်ခိုးရှိန်စော် အာနုဘော်ကားကြော်-အံ့ဖွယ် ရှိလေစွ။ ငါတို့အား ဤမှလွန်ရာ ရှေးအခါ၌ ဤသို့သဘောရှိသည် မည်သော တန်ခိုးရှိန်စော် အာနုဘော်ကို မမြင်ဖူးပလေ "ဟူသောစကားကို ဖြစ်စေကြကုန်၏။ မြတ်စွာဘုရားသည် ကြွတော်မူလာ၍ "ချစ်သားရဟန်းတို့ ဤယခုအခါ၌ အဘယ်မည်သော စကားဖြင့် ပြောကြား စည်းဝေးထိုင်နေကုန်သနည်း"ဟု မေးတော်မူ၍ "ဤအမည်ရှိသော အကြောင်းပါ"ဟုရိုးပေါင်းညွတ်တွား လျှောက်ကြားသည်ရှိသော်"ချစ်သားရဟန်းတို့ ငါဘုရား၏သာသနာတော်၌ မကြီးအရွယ် အလွန်သေးငယ်ပါလျက်လည်း မဖောက်မပြန် ဟုတ်မှန်တိုင်းသာ ကောင်းစွာကျင့်သော ပုဂ္ဂိုလ်သည် ဤသို့သဘောအံ့ဩဘနန်း ပြောမခန်းသော အစွမ်းရှိန်စော် အာနုဘော်နှင့် ပြည့်စုံခြင်းကိုရရှိသည်သာလျှင်တည်း"ဟု မိန့်တော်မူလိုရကား ဤဂါထာကို ဟောကြားတော်မူ၏—

> ယော ဟဝေ ဒဟရော ဘိက္ခု၊ ယုဉ္ဇတိ ဗုဒ္ဓသာသနေ။
> သော မံ လောကံ ပဘာသေတိ၊ အဗ္ဘာ မုတ္တောဝ စန္ဒိမာ။

အသက်အရွယ် ပျိုနုငယ်သော အကြင်ရဟန်းသည် မြတ်ဘုရား သာသနာတော်၌ ကေန်စင်စစ် အားထုတ်၏။ ထိုရဟန်းသည် တိမ်တိုက်မှ လွတ်လာသော လမင်းကဲ့သို့ ဤလောကကြီးကို မဂ်ဉာဏ်အရောင်ဖြင့် ထွန်းလင်းတောက်ပ၏။

ထိုဂါထာ၌——

ယုဉ္ဇတိ=ဟူသည် အားထုတ်ခြင်းတည်း။

ပဘာသေတိ = ဟူသည် ထိုရဟန်းသည် မိမိ၏ အရဟတ္တမဂ်ဉာဏ်ဖြင့် တိမ်တိုက်စသည်တို့မှ လွတ်ထွက်လာသော လမင်းကဲ့သို့ ခန္ဓာစသော လောကကို ထွန်းလင်းတောက်ပစေ၏။ တပြေးညီ အရောင်တောက်စေ၏ဟူလို။

ဒေသနာတော်၏ အဆုံး၌ များစွာသော လူတို့သည် သောတာပတ္တိဖိုလ်စသည်တို့သို့ ရောက်ကုန်၏။

သုမနသာမဏေဝတ္ထု ပြီး၏။

နှစ်ဆယ့်ငါးခုမြောက် ဘိက္ခုဝဂ် ပြီး၏။

## ၂၆။ ဗြာဟ္မဏဝဂ်

### ၁။ ပသာဒဗဟုလ ဗြာဟ္မဏဝတ္ထု

ဆိန္ဒသောတံ–အစရှိသော ဤတရားဒေသနာတော်ကို မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် ကြည်ညိုခြင်းများသော ပုဏ္ဏား ကို အကြောင်းပြု၍ ဟောတော်မူ၏။

ထိုပုဏ္ဏားသည် မြတ်စွာဘုရား၏ တရားတော်ကို ကြားနာရ၍ ဘုရား မြတ်စွာ သာသနာဝယ် လွန်စွာကြည်ညိုသော စိတ်ရှိလေရကား မိမိ၏ နေရာ အိမ်၌ တစ်ကျိပ်ခြောက်ပါး အတိုင်းအရှည် ရှိကုန်သော ရဟန်းတော်တို့အား အမြဲမပြတ် နိစ္စဘတ်ဟု ဆိုအပ်သော ဆွမ်းဝတ် မချွတ်မယွင်း ဖြည့်ဆင်း ရှည်လျား တည်ထားဖြစ်စေ၏။ ရဟန်းတော်တို့ ကြွလာတော်မူကြသောအခါ၌ သပိတ်ကို ကိုဆိုယူငင်၍ "အရှင်ရဟန္တာတို့သည် ကြွတော်မူလာပါကုန်လော့၊ အရှင်ရဟန္တာတို့သည် ထိုင်နေ သီတင်းသုံးတော် မူပါကုန်လော" ဤသို့ အစရှိသော အားဖြင့် ရဟန်းတော်တို့ အပေါ်၌ သင့်လျော်ကြောင်းဆို တစ်စုံတစ်ခုသော စကားကို ပြောဆိုသည်ရှိသော် ရဟန္တာဟူသော ပြောဆို ခြင်းနှင့် စပ်ယှဉ်၍သာလျှင် အစဉ်မပြတ် ပြောဆို၏။ ထိုရဟန်းတော်တို့တွင် ပုထုဇဉ် ရဟန်းတို့ကား "ဤပုဏ္ဏားသည် ငါတို့၌ ရဟန္တာဟု မှတ်ထင် အောက်မေ့လေသည်"ဟု ကြံစည်ကုန်၏။ ရဟန္တာဖြစ်သော ရဟန်းတို့ကား "ဤပုဏ္ဏားသည် ငါတို့၏ ရဟန္တာအဖြစ်ကို သိလေဘိသည်"ဟုကြံစည်ကုန်၏။ ဤသို့ကြံစည် မှတ်ရည်တွေးတောခြင်း ရှိသည်အားလျော်စွာ အလုံးစုံလည်း ဖြစ်ကုန်သော ထိုရဟန်းတို့သည် အလှိုအလို တွန့်တိုစိတ်က ကုက္ကုစ္စတရား ဖြစ်ပွားကုန်လျက် ထိုပုဏ္ဏား၏ နေအိမ်ကို ကြဉ်ရှောင်ဖဲကြ မကြွမသွားကုန်။ ထိုပုဏ္ဏားသည် ရဟန်းတော်တို့ မကြွလာတော်မူသောကြောင့် ဆင်းရဲညှိုးနွမ်း ပင်ပန်းသော စိတ်ရှိရကား "အရှင်ကောင်းတို့သည် အဘယ်ကြောင့် ကြွလာ တော်မမူပါလိမ့် ကုန်သနည်း"ဟု ကြံစည်ပြီးသော် ကျောင်းတော်သို့ သွားရောက်ပြီးလျှင် ဘုရားရှင်ကို ကြည်လင် ညွတ်လျှိုး ရှိခိုးဦးချ၍ ဖြစ်သမျှ အကြောင်းကို ရိုးပေါင်းကြားလျှောက်၏။ မြတ်စွာဘုရားသည် ရဟန်းတို့ကို ခေါ်တော်မူ၍ "ချစ်သားရဟန်းတို့ ဒါယကာပုဏ္ဏား ငါဘုရားအား လျှောက် ထားသော ထိုအကြောင်းသည် အဘယ်သို့ပေနည်း"ဟု မေးတော်မူသောကြောင့် ထိုရဟန်းတို့က မူလအစ ကုက္ကုစ္စဖြစ်ပွား မကြွသွားသော ထိုအကြောင်းကို လျှောက်ထားသည်ရှိသော် "ချစ်သား ရဟန်းတို့ အသင်တို့သည် ပုဏ္ဏား ကြည်ညို၍ ရဟန္တာ ခေါ်ဆိုသော ထိုစကားကို နှစ်မြို့သာယာ ကုန်သလော"ဟု

မေးတော်မူသောအခါ "ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား တပည့်တော်တို့သည် မသာယာပါကုန်"ဟု လျှောက်ထား၏။ ဤသို့ မသာယာသည် ရှိသော် လူတို့ကြည်ညို ရှိသေသမှု အလေးပြု၍ ခေါ်ဝေါ်ပြောဆိုခြင်းမျှသာ ဖြစ်၏။ ချစ်သားရဟန်းတို့ ကြည်ညိုသည် အလျော် ခေါ်ဝေါ်ပြောဆိုရာ၌ ခံယူသော ရဟန်းတို့အား အာပတ်မသင့်ချေ။ စင်စစ်သော်ကား ပုဏ္ဏားအား ရဟန်းတို့၌ တိုင်းထက်သူးချွန် အလွန်အကဲ ကြည်ညို ချစ်ခင်ခြင်းရှိ၏။ ထို့ကြောင့် အသင်ချစ်သား တို့သည်လည်း တဏှာအလျဉ်ကို ဖြတ်၍ အရဟတ္တဖိုလ်သို့ ရောက်ခြင်းငှါ သင့်လျော် လျှောက်ပတ်၏ဟု မိန့်ဆိုတော်မူပြီး၍ တရားကို ဟောကြားတော်မူလို၍ ဤဂါထာကို မိန့်တော်မူ၏။

ဆိန္ဒ သောတံ ပရက္ကမ၊ ကာမေ ပနုဒ ဗြာဟ္မဏ၊
သင်္ခါရာနံ ခယံ ဉတွာ၊ အကတညူသိ ဗြာဟ္မဏ။

မကောင်းမှုကို အပပြုပြီးသော အိုရဟန်း လုံ့လကြိုးကုတ် အားထုတ်၍ တဏှာတည်းဟူသော ရေအလျဉ်ကို ဖြတ်တောက်ပါလော၊ ကာမတို့ကို နှတ်ပယ် စွန့်ပယ်လော၊ အိုရဟန်း သင်္ခါရတရားတို့၏ ကုန်ဆုံးရာ နိဗ္ဗာန်ကို မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် သိ၍ မပြုမပြင်အပ်သော နိဗ္ဗာန်ကို သိရတော့၏။

ထိုဂါထာ၌– ပရက္ကမ ဟူသည် တဏှာရေအလျဉ်ကို အနည်းငယ်သော လုံ့လဖြင့် ဖြတ်တောက်ခြင်းငှါ မစွမ်းနိုင်၊ ထို့ကြောင့် ဉာဏ်နှင့်ယှဉ်သော ကြီးစွာသော လုံ့လဖြင့် အားထုတ်၍ ထိုအလျဉ်ကို ဖြတ်လော့။ ကာမ ၂-မျိုး တို့ကို သုတ်သင်လေလော။

ဗြာဟ္မဏ ဟူသည် ရဟန္တာပုဂ္ဂိုလ်ကို ခေါ်ခြင်းတည်း။

သင်္ခါရာနံ ဟူသည် ခန္ဓာငါးပါးတို့၏ ကုန်ခန်းခြင်းကို သိ၍။

အကတညူ ဟူသည် ဤသို့ ဖြစ်လတ်သော် သင်သည် ရှေးစသော ဝတ္ထု တို့တွင် တစ်စုံတစ်ခုမျှ မပြုလုပ်အပ်သော နိဗ္ဗာန်ကို သိခြင်းကြောင့် အကတညူ မည်၏။

ဒေသနာတော်၏ အဆုံး၌ များစွာသောသူတို့သည် သောတာပတ္တိဖိုလ် စသည်တို့ကို ရောက်ကုန်၏။

ပသာဒဗဟုလဗြာဟ္မဏဝတ္ထုပြီး၏။

## ၂။ သမ္ဗဟုလဘိက္ခုဝတ္ထု

**ယဒါ ဒွယေသု** အစရှိသော ဤတရားဒေသနာတော်ကို မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် ရဟန်းများစွာကို အကြောင်းပြု၍ ဟောတော်မူ၏။

တစ်နေ့သောအခါ၌ သုံးကျိပ်မျှလောက် အတိုင်းအရှည်ရှိကုန်သော ထိုထိုများစွာ အရပ်မျက်နှာတို့၌ နေလေ့ရှိကုန်သော ရဟန်းတို့သည် မြတ်စွာဘုရား၏ ထံပါးမျက်မှောက်သို့ လာရောက်ကြကုန်၍ မြတ်စွာဘုရားကို ညွတ်တွားရှိကျိုး ရှိခိုးဦးချ ထိုင်နေကြကုန်၏။ တရားစစ်သူကြီး ဖြစ်တော်မူသော သာရိပုတ္တရာ မထေရ်သည် အဝေးရပ်မှ လာရောက်ကြသော ထိုအာဂန္တုက ရဟန်းတို့၏ အရဟတ္တမဂ်, ဖိုလ် တက်ခိုထုတ်ချောက် ရောက်နိုင်လောက်သော အဆောက်အဦး ဆည်းပူးခဲ့ကြ ဥပနိဿယကို မြင်တော်မူသောကြောင့် မြတ်စွာဘုရား ကိုယ်တော်မြတ်သို့ ချဉ်းကပ်၍ ရပ်တည်လျက်သာ လျှင် "ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား နှစ်ပါးကုန်သော တရားတို့ဟူ၍ ပြောဆိုကြကုန်၏။ ထိုနှစ်ပါးကုန်သော တရားတို့ဟူသည် အဘယ်သည်တို့ပါနည်း" ဟူသော အမေး ပုစ္ဆာကို မေးလျှောက်၏။ ထိုသို့ မေးလျှောက်သောအခါ မြတ်စွာဘုရားရှင်က ထိုမထေရ်ကို "ချစ်သား သာရိပုတ္တရာ နှစ်ပါးသာလျှင် ဖြစ်ကုန်သော တရားတို့ဟူသည် သမထတရား, ဝိပဿနာ တရားတို့ကို ဆိုအပ်ကုန်၏" ဟု ဖြေဆိုတော်မူပြီး၍ ဤဂါထာကို မိန့်ဆိုတော်မူ၏။

**ယဒါ ဒွယေသု ဓမ္မေသု၊ ပါရဂူ ဟောတိ ဗြာဟ္မဏော၊**
**အထဿ သဗ္ဗေ သံယောဂါ၊ အတ္ထံ ဂစ္ဆန္တိ ဇာနတော။**

အကြင်အခါ၌ ရဟန္တာပုဂ္ဂိုလ်သည် သမထဝိပဿနာ နှစ်ဖြာသော တရားတို့၌ တဖက်ကမ်းခတ် တတ်မြောက်သိမြင်၏၊ ထိုအခါ ဉာဏ်နှင့်သိတတ်သော ထိုရဟန္တာ၏ သံယောဇဉ် အားလုံးတို့သည် အကြွင်းမဲ့ ချုပ်ငြိမ်းခြင်းသို့ ရောက်ကုန်၏။

ထိုဂါထာ၌ ယဒါ=ဟူသည် အကြင်အခါ၌ သမထဝိပဿနာတရား နှစ်ပါးတို့လာသောအခါ ကမ်းတစ်ဖက်သို့ ရောက်ခြင်း၏ အစွမ်းဖြင့် ဤရဟန္တာသည် ပါရဂူမည်၏။ ဝဋ်ဆင်းရဲ၌ ယှဉ်စပ်ခြင်းငှါ စွမ်းနိုင်သော အလုံးစုံသော ကာမ ယောဂ စသော ယှဉ်တွဲခြင်းတို့သည် ဤသို့ သိသောပုဂ္ဂိုလ်အား ကုန်ခန်းခြင်းသို့ ရောက်ကုန်၏ဟူလို၊

ဒေသနာတော်၏ အဆုံး၌ အလုံးစုံသော ထိုရဟန်းတို့အည် အရဟတ္တဖိုလ်၌ တည်ကုန်၏။

သမ္ဗဟုလဘိက္ခုဝတ္ထု ပြီး၏။

---

## ၃။ မာရဝတ္ထု

**ယဿ ပါရံ**–အစရှိသော ဤတရားဒေသနာတော်ကို မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် မာရ်မင်းကို အကြောင်းပြု၍ ဟောတော်မူ၏။

ထိုမာရ်မင်းသည် သက်ဆင်းလာ၍ တနေ့သောအခါ၌ အမျိုးအမည် မထင်ရှားသော ယောကျ်ားကဲ့သို့ ဖန်ဆင်း၍ မြတ်စွာဘုရားထံ ချဉ်းကပ်ပြီးသော် "ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ပါရ-အပါရဟူ၍ ခေါ်ဝေါ် ပြောဆိုပါသည်။ ထိုသို့ ပြောဆိုကြသော ပါရ-အပါရဟူသည် အဘယ်ပါနည်း" ဟု မေးလျှောက်သတတ်၊ မြတ်စွာဘုရားရှင်သည် ဤသူသည်ကား မာရ်နတ်ပေတည်းဟု သိတော်မူသောကြောင့် "ယယ်-မာရ်ယုတ် အသင်မာရ်ယုတ်အား ပါရဖြင့်လည်းကောင်း၊ အပါရဖြင့်လည်းကောင်း အဘယ်အကျိုး ရှိအံ့နည်း၊ ခြောက်ပါးသော အဇ္ဈတ္တိကာယတန တည်းဟူသော ပါရ၊ ခြောက်ပါးသောဗာဟိရာယတန တည်းဟူသော အပါရ။ ထိုပါရ-အပါရ နှစ်ပါးသို့ ရဟန္တာပုဂ္ဂိုလ်တို့သည် ရောက်အပ်ပေ၏ဟု မိန့်တော်မူ လို့ကား ဤဂါထာကို ဟောတော်မူ၏—

> **ယဿ ပါရံ အပါရံ ဝါ၊ ပါရာပါရံ န ဝိဇ္ဇတိ။**
> **ဝီတဒ္ဒရံ ဝိသံယုတ္တံ၊ တမဟံ ဗြူမိ ဗြာဟ္မဏံ။**

အကြင်ပုဂ္ဂိုလ်အား ဤမှာဘက်သည်လည်းကောင်း၊ ထိုမှာဘက်သည်လည်းကောင်း၊ ဤမှာ ထိုမှာ နှစ်ဘက်လုံးသည်လည်းကောင်း စွဲလမ်းခြင်းမရှိ ပူပန်ခြင်းကင်းသော ကိလေသာတို့နှင့် မယှဉ်သော ထိုပုဂ္ဂိုလ်ကို မကောင်းမှုမှန်သမျှ အပပြုပြီးသော ရဟန္တာဟူ၍ ငါဘုရားဟောပော်မူ၏။

ထိုဂါထာ၌—

**ပါရံ** = ဟူသည် ခြောက်ပါးသော အတွင်းအာယတနတို့တည်း။

**အပါရံ** = ဟူသည် ခြောက်ပါးသော အပြင်အာယတနတို့တည်း။

**ပါရာပါရံ** = ဟူသည် ထိုနှစ်ပါးတို့တည်း။

**န ဝိဇ္ဇတိ** = ဟူသည် အကြင်ပုဂ္ဂိုလ်အား ဤအလုံးစုံသည် ငါ, ငါ့ဟာဟူ၍ စွဲယူခြင်းဖြင့် မရှိ၊ ကိလေသာပူလောင်ခြင်းတို့၏ မရှိသဖြင့် ဝီတဒြ မည်၏။ အလုံးစုံသော ကိလေသာတို့နှင့် မယှဉ်တဲ့သူကို ဗြာဟ္မဏဟူ၍ ငါဘုရား ဟောတော်မူ၏။

ဒေသနာတော်၏အဆုံး၌ များစွာသောသူတို့သည် သောတာပတ္တိဖိုလ်စသည်တို့၌ တည်ကုန်၏။

မာရဝတ္ထု ပြီး၏။

## ၄။ အညတရ ဗြာဟ္မဏဝတ္ထု

**ဈာယိ**–အစရှိသော ဤဘုရားဒေသနာကို မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် မထင်ရှားသော ပုဏ္ဏားကို အကြောင်းပြု၍ ဟောတော်မူ၏။

**ထိုပုဏ္ဏားကား** မြတ်စွာဘုရားသည် မိမိ၏ဘပည့်တို့ကို သိရှိရသမျှ ဤသမယ၌ ဗြာဟ္မဏဟူ၍သာ ပြောဆို၏။ ငါသည် တမူလည်း အမျိုးမြင့်မြတ် ဇာတ်အနွယ်အားဖြင့် ဗြာဟ္မဏဖြစ်ခဲ့ပေ၏။ ငါ့ကိုလည်း ဤသို့ အကြောင်းကောင်းစွာဖော်ပြ ဗြာဟ္မဏဟူ၍ ပြောဆိုခြင်းငှာ သင့်လျော်လျောက်ပတ်အပ်ပါမည်လောဟု ကြံစည်သတတ်၊ ကြံစည်ပြီး၍ကား ထိုပုဏ္ဏားသည် မြတ်စွာဘုရားထံပါး မျက်မှောက်သို့ သွားရောက်ချဉ်းကပ်၍ မိမိပဋိဘာန် အသိဉာဏ်ဖြင့် ကြံစည်မိသော ထိုအကြောင်းကို မေးလျှောက်၏။ မြတ်စွာဘုရားက "အိုပုဏ္ဏား၊ ငါဘုရားသည် မိမိ၏ဇာတ်အမျိုးဖြင့် ဗြာဟ္မဏမည်သည်ဟု ဟောကြားတော်မမူပေ။ အလွန်အကျူး အထူးမြင့်မြတ်သော အရဟတ္တဖိုလ်သို့ ရောက်ရှိသော သူတို့ကိုသာလျှင် ဗြာဟ္မဏဟူ၍ ဟောကြားတော်မူပေ၏"ဟု မိန့်တော်မူလိုရကား ဤဂါထာကို ဟောကြားတော်မူ၏—

**ဈာယိံ ဝိရဇ' မာသီနံ၊ ကတကိစ္စ' မနာသဝံ။**
**ဥတ္တမတ္ထ' မနုပ္ပတ္တံ၊ တမဟံ ဗြူမိ ဗြာဟ္မဏံ။**

ဈာန်ဝင်စားလျက် ကာမမှုန်လျက် ဆိပ်ငြိမ်စွာ နေလေ့ရှိသော ရဟန်းကိစ္စပြုပြီးသော အာသဝေါတရားမရှိသော မြတ်သော အရဟတ္တဖိုလ်သို့ အစဉ်အတိုင်းရောက်သော ထိုရဟန်းကို ငါဘုရားသည် ဗြာဟ္မဏဟူ၍ ခေါ်တော်မူ၏။

ထိုဂါထာ၌ **ဈာယိံ**=ဟူသည် ဈာန်နှစ်ပါးနှင့် ဈာန်ဝင်စားသောသူတည်း။ ကာမဂုဏ်တည်းဟူသော မြူဖြင့် မြူကင်းသော တော၌တစ်ပါးတည်းနေသော မဂ်လေးပါးတို့ဖြင့် ကိစ္စ ၁၆-ချက်ကို ပြုလုပ်တတ်သောကြောင့် ကတကိစ္စမည်၏။ အာသဝတို့ မရှိခြင်းကြောင့် အနာသဝမည်၏။ မြတ်သော အကျိုးစီးပွားဖြစ်သော အရဟတ္တဖိုလ်ကို အစဉ်အတိုင်းရောက်သော သူကို ဗြာဟ္မဏဟူ၍ ငါဘုရားမိန့်တော်မူ၏။

ဒေသနာတော်၏အဆုံး၌ ထိုပုဏ္ဏားသည် သောတာပတ္တိဖိုလ်၌ တည်၏။ ရောက်လာသော ပရိသတ်အားလည်း အကျိုးရှိသော တရားဟောခြင်း ဖြစ်၏။

အညတရဗြာဟ္မဏ ဝတ္ထုပြီး၏။

## ၅။ အာနန္ဒတ္ထေရဝတ္ထု

ဒိဝါ တပတိ–အစရှိသော ဤတရားဒေသနာတော်ကို မြတ်စွာဘုရားသည် မိဂါရမာတာမည်သောပြာသာဒ်၌ သီတင်းသုံးနေတော်မူစဉ် အာနန္ဒာမထေရ်ကို အကြောင်းပြု၍ ဟောတော်မူ၏။

သာဝတ္ထိပြည်ကြီးရှင် ဘုရင်ပသေနဒီကောသလမင်းသည် သီတင်းကျွတ်လပြည့် မဟာပဝါရဏာနေ့၌ အလုံးစုံသော တန်ဆာတို့ဖြင့် တန်ဆာဆင်လျက် နံ့သာပန်း စသည်တို့ကို ယူငင်၍ ကျောင်းတော်သို့ သွားလေသတတ်။ ထိုပသေနဒီမင်းဖျား ဘုရားထံရပ်သို့ ချဉ်းကပ်သော ထိုခဏ၌ မြတ်စွာဘုရားနှင့် ဖွားမြင်နေ့ရက် တစ်ချက်တည်း ဖြစ်ပေါ်သဖြင့် ဖွားဖက်တော် ကာဠုဒါယီမထေရ်သည် စျာန်ကို ဝင်စားတော်မူ၍ ပရိသတ်အစွန်၌ ထိုင်နေတော်မူသည် ဖြစ်၏။ ထိုကာဠုဒါယီ မထေရ်မြတ်၏ ရွှေအဆင်းကဲ့သို့ အဆင်းရှိသော ကိုယ်တော်သည် နှစ်သက်ဖွယ် ရှိသည်သာလျှင် ဖြစ်ပေ၏။ ထိုသို့ကြုံကြိုက် အခိုက်အခါ ခဏ၌ လဝန်းဗိမာန်သည်လည်း အရှေ့ဥဒည်စွန်းက တက်ထွန်းတောက်ပခဲ့လေ၏။ ရောင်ခြည်တင်ထောင် အလင်းရောင်ကို ဆောင်လျက် ပြောင်ပြောင်ပထွန်းသော နေဝန်းဗိမာန်သည် ဂေါယာန်ကျွန်းထက် ငင်ဆဲဖြစ်ပေ၏။ အာနန္ဒာမထေရ်သည် အနောက်ကျွန်းသို့ ဝင်ဆဲဆဲဖြစ်သော နေဝန်းဗိမာန်၏ တက်လျှံထွန်းပြောင်သော အရောင်ကို လည်းကောင်း, ဥဒည်တောင်စွန်း အရှေ့ကျွန်းမှ တက်ယှဉ်ထွန်း တောက်ပသော လဗိမာန်၏ အလျှံထွန်းပြောင် အရောင်ကို လည်းကောင်း ကြည့်ရှုတော်မူလျက် ပသေနဒီကောသလမင်းကြီး၏ အဆင်တန်ဆာ ကောင်းစွာဝတ်ဆင် ပြုပြင်ထွန်းပြောင် ကိုယ်ရောင်ကို လည်းကောင်း, ကာဠုဒါယီ မထေရ်၏ လျှပ်လျှပ်ကြည်ဆောင် ကိုယ်အရောင်ကို လည်းကောင်း, မြတ်စွာဘုရား၏ ကြီးမားဘုန်းကံ စီမံပြုဆောင် ကိုယ်တော်ရောင်ကို လည်းကောင်း, ရည်ဆောင်လှည့်လည် အတည်ကြည့်ရှုလေ၏။ ထိုသို့ပြုမှာ ကောင်းစွာထွန်းပြောင် အရောင်မျိုးဒေ ပေါင်းတို့တွင် ကြွင်းကျန်ဥဿုံ အလုံးစုံသော အရောင်တို့ကို ကျော်ဆောင် လွှန်မြောက်၍ မြတ်စွာဘုရားသည်သာလျှင် ကြီးမားအံ့ဖွယ် တင့်တယ် တောက်ပလေ၏။ အာနန္ဒာ မထေရ်သည် မြတ်စွာဘုရားရှင်ကို ဦးတင်ညွတ်လျှိုး ရှိခိုးပြီး၍ “ဘုန်းတော် ကြီးတော်မူသော မြတ်စွာဘုရား ဤအခိုက်အခါဝယ် နေရောင် လရောင်, မင်း၏ ကိုယ်ရောင်, ရဟန္တာမထေရ်၏ ကိုယ်ရောင်, ရှင်တော်ဘုရား၏ ကိုယ်ရောင်အားဖြင့် များပြားထွန်းပြောင် ဤအရောင်တို့ကို ရည်ဆောင်လှည့်လည် ကြည့်ရှုသော တပည့်တော်အား အရှင်ဘုရားတို့၏သာလျှင် အရောင်တော်သည် ရှုမျှော်စဖွယ် တင့်တယ်အားတကဲ နှစ်သက်ဖွယ် ဖြစ်ပါပေ၏။ ထိုစကားသည်လျှင် မှန်၏။ အရှင်မြတ်စွာဘုရားတို့၏ နှိုင်းဆဖွယ်ရာ ပမာမပေါ်

ရွှေကိုယ်တော်သည် အလုံးစုံသော အရောင်တို့ကို လွှမ်းမြောက်၍ ထွန်းတောက် တင့်တယ် လှပါ၏” ဟု လျှောက်ကြား၏။ ထိုအခါ အာနန္ဒာမထေရ်ကို မြတ်စွာဘုရားရှင်က “ချစ်သား အာနန္ဒာ နေဝန်းဗိမာန်မည်သည် နေ့အခါ၌သာလျှင် တင့်တယ်တောက်ပ၏၊ လဝန်းဗိမာန်မည်သည် ညဉ့်အခါ၌သာလျှင် တင့်တယ်တောက်ပ၏။ ပြည့်ရှင်မင်းသည် ရတနာအမျိုးမျိုး အဖိုးထိုက်တန်စွာ တန်ဆာဆင်အပ်သော အခါ၌သာလျှင် တင့်တယ် တောက်ပ၏။ အာသဝေါ ကုန်ခန်းသော ရဟန္တာပုဂ္ဂိုလ်သည် မည်းသစ်ခြင်း အကြောင်း အပေါင်း အဖော်နှင့် မွေ့လျော်ခြင်းကို ဖြတ်ရှင်းစွန့်ပယ်၍ တင့်တယ် လျှောက်ပတ် ဈာန်သို့ ကပ်သော သမာပတ် အတွင်း၌သာလျှင် တင့်တယ် တောက်ပ၏။ ဘုရားရှင်တို့သည်ကား ညဉ့်အခါ၌ လည်းကောင်း နေ့အခါ၌ လည်းကောင်း သီလ, ဂုဏ, ပညာ, ပုည, ဓမ္မဟု ဆိုအပ်သော ငါးပါးအပြားရှိသော တေဇဟု ဆိုအပ်သော အရောင်ခြန်လျှပ် တန်ခိုးဓာတ်ဖြင့် မပြတ်တောက်ပ တင့်တယ် ကြကုန်၏” ဟု မိန့်တော်မူလိုရကား ဤဂါထာကို ဟောကြားတော်မူ၏—

> ဒိဝါ တပတိ အာဒိစ္စော၊ ရတ္တိမာဘာတိ စန္ဒိမာ။
> သန္နဒ္ဓေါ ခတ္တိယော တပတိ၊ ဈာယီ တပတိ ဗြာဟ္မဏော။
> အထ သဗ္ဗမဟောရတ္တိံ၊ ဗုဒ္ဓေါ တပတိ တေဇသာ။

နေမင်းသည် နေ့အခါ၌ တောက်ပ၏၊ လမင်းသည် ညအခါ၌ ထွန်းလင်း၏၊ ပြည့်ရှင်မင်းသည် စစ်သည်လေးပါးခြံရံမှု တောက်ပ၏၊ ရဟန္တာသည် ဈာန် ဝင်စားမှု တောက်ပ၏ မြတ်စွာဘုရားသည်မူကား အလုံးစုံသော နေ့ညဉ့် ပတ်လုံး တန်ခိုးတော်ဖြင့် ထွန်းလင်းတောက်ပ၏။

ထိုဂါထာ၌– **ဒိဝါ တပတိ**=ဟူသည် နေ့အခါ၌ တင့်တယ်၏၊ ညဉ့်အခါ၌မူကား သွားရာလမ်းကြောင်းသည်ပင် မထင်ရှားချေ၊ လမင်းသည် တိမ်တိုက် စသည်ကိုမှ လွတ်မြောက်သည်ရှိသော် ညဉ့်အခါ၌သာ တင့်တယ်၏၊ နေ့အခါ၌ မပြုနိုင်ချေ။

**သာရဒ္ဓော**=ဟူသည် ရွှေ, ပတ္တမြားတို့ဖြင့် ဆန်းကြယ်သော ဝတ်စား တန်ဆာ အားလုံးတို့နှင့် တန်ဆာဆင်လျက် အင်္ဂါလေးပါးရှိသော စစ်သည် ဖြင့် ခြံရံမှုသာလျှင် မင်းသည် တင့်တယ်၏၊ မထင်မရှားနေခြင်းဖြင့် မထင် ရှားသော အသွင်ဖြင့် တည်နေသည်မဟုတ်။

**ဈာယီ**=ဟူသည် ရဟန္တာပုဂ္ဂိုလ်သည် ရောဘုက်ခြင်းကို ပယ်ဖျောက်၍ ဈာန်ဝင်စားမှုသာ တင့်တယ်၏။

တေဇသာ=ဟူသည် မြတ်စွာဘုရားသည် သီလတန်ခိုးဖြင့် သီလကင်းမဲ့ခြင်းကို လည်းကောင်း၊ ဂုဏ်တန်ခိုးဖြင့် ဂုဏ်မဲ့ခြင်းကို လည်းကောင်း ပညာတန်ခိုးဖြင့် ပညာမဲ့ခြင်းကို လည်းကောင်း၊ ကောင်းမှုရှိသူကို ကောင်းမှု၏ တန်ခိုးဖြင့် မတရားသူကို တရားတန်ခိုးဖြင့် ကုန်ခန်းစေ၍ ဤငါးပါးအပြား နှင့်သော တန်ခိုးဖြင့် အမြဲတမ်း တောက်ပ၏ ဟူလို။

အာနန္ဒာမထေရ်ဝတ္ထု ပြီး၏။

---

## ၆။ အညတရဗြာဟ္မဏပဗ္ဗဇိတဝတ္ထု

**ဗာဟိတပါပေါ** အစရှိသော ဤတရားဒေသနာတော်ကို မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူစဉ် မထင်ရှားသော ပုဏ္ဏားရဟန်းကို အကြောင်းပြု၍ ဟောတော်မူ၏။

အမျိုးအနွယ် မထင်ရှားသော တစ်ယောက်သော ပုဏ္ဏားသည် ဘုရားမြတ်စွာ ဆုံးမဟောကြားရာ ဖြစ်သော သာသနာတော်မှ အပပြင်ဘက် လွတ်ထွက်ခွါရှောင် ရဟန်းဘောင်၌ ရှက်ဆောင်ဆင်မြန်း ရဟန်းပြုပြီး၍ "ရဟန်းဂေါတမသည် မိမိ၏ တပည့်တို့ကို ဃရာဝါသ ကိစ္စဖွဲ့နှောင် အိုးရာထောင်သော လူ့ဘောင်ဘဝမှ ထွက်ကြရှောင်မြန်း ရဟန်းပြုသည် အရကြောင့် ပဗ္ဗဇိတဟု မှည့်ခေါ်ပြောဆို၏။ ငါသည် တမူလည်း လူ့ဘောင်ကို ရှောင်ခွါလျက် ကောင်းစွာထွက်မြန်း ရဟန်းပြုခဲ့သည် ဖြစ်ပေ၏။ ငါ့ကိုလည်း ဤသို့သော အကြောင်း ကောင်းစွာဖော်ပြ ပဗ္ဗဇိတအမည်ဖြင့် ရည်သန်မြွက်လို ပြောဆိုခေါ်ယူခြင်းငှါ သင့်လျော်လျောက်ပတ် အင်ပေလိမ့်မည်လော" ဟု ကြံစည်ပြီးသော် မြတ်စွာဘုရား ထံပါးမျက်မှောက်သို့ သွားရောက် ချဉ်းကပ်၍ ထိုအကြောင်းကို မေးလျှောက်၏။ မြတ်စွာဘုရားကိုယ်တော်မြတ်က "အိုပုဏ္ဏား ငါဘုရားသည် လူ့ဘောင်မှ ရှောင်ခွါလျက် ရဟန်းပြုခြင်းတည်းဟူသော ဤမျှအတိုင်းအရှည်ဖြင့် စင်စစ်မုချ ပဗ္ဗဇိတ မည်သည်ဟု ဟောတော်မမူချေ။ ကိလေသာ တည်းဟူသော အညစ်အကြေးတို့၏ကား ပယ်ရှားထုတ်နုတ် သုတ်သင်အပ်သည်၏ အဖြစ်ကြောင့် ပဗ္ဗဇိတမည်သည် ဖြစ်၏" ဟု မိန့်တော်မူလိုရကား ဤဂါထာကို ဟောကြားတော်မူ၏–

**ဗာဟိတပါပေါတိ ဗြာဟ္မဏော၊ သမစရိယာ သမဏောတိ ဝုစ္စတိ။**
**ပဗ္ဗာဇယမတ္တနော မလံ၊ တသ္မာ ပဗ္ဗဇိတောတိ ဝုစ္စတိ။**

မကောင်းမှုကို အပပြုပြီးသောကြောင့် ဗြာဟ္မဏမည်၏။ ငြိမ်းအေးအောင် ကျင့်တတ်သော သူတို့ကို သမဏဟု ဆိုအပ်၏။ မိမိအညစ်အကြေးကို နှင်ထုတ် သုတ်သင်သူကို ပဗ္ဗဇိတဟု ဆိုအပ်၏။

ထိုဂါထာ၌—**သမစရိယာ** -ဟူသည် အကုသိုလ်အားလုံးတို့ကို ချုပ်ငြိမ်းစေ၍ ကျင့်တတ်သောကြောင့်။

**တသ္မာ**=ဟူသည် မကောင်းမှုကို အပပြုပြီးသောကြောင့် ဗြာဟ္မဏ မည်၏။ အကုသိုလ်တို့ကို ငြိမ်းစေ၍ ကျင့်တတ်သောကြောင့် သမဏ မည်၏။ ထို့ကြောင့် မိမိ၏ ရာဂစသော အညစ်အကြေးကို နှင်ထုတ်ပယ်ဖျောက်လျက် ကျင့်တတ်သော သူသည်လည်း ထိုသို့ နှင်ထုတ်တတ်မှုကြောင့် ပဗ္ဗဇိတဟူ၍ ဆိုအပ်၏

ဒေသနာတော်၏ အဆုံး၌ ထိုပုဏ္ဏားရဟန်းသည် သောတာပတ္တိဖိုလ်၌ တည်၏။ ရောက်လာသော ပရိသတ်အားလည်း အကျိုးရှိသော တရားဟော ခြင်းသည် ဖြစ်၏။

အညတရပြဗ္ဗဇိတဝတ္ထု ပြီး၏။

---

## ၇။ သာရိပုတ္တရာမထေရ် ဝတ္ထု

န ဗြာဟ္မဏဿ အစရှိသော ဤတရားဒေသနာတော်မြတ်ကို မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် အရှင်သာရိပုတ္တရာ မထေရ်ကို အကြောင်းပြု၍ ဟောကြားတော်မူ၏။

တစ်ခုသော အရပ်ဌာန၌ များစွာကုန်သောလူတို့သည် "ငါတို့၏ အရှင် ဖြစ်တော်မူသော သာရိပုတ္တရာ မထေရ်သည် တစ်စုံတစ်ရာ ပြန်ကာဆော်လို့ မတုံ့မပြန်ဘဲ သည်းခံတော်မူနိုင်သော ခွန်အားစွမ်းပကားနှင့် ပြည့်စုံတော်မူသည်ကား သြော်-အံ့ဖွယ်ရှိလေစွ၊ တစ်ပါးသော သူတို့သည် ယုတ်မာဖွင့်လှစ် ရေရွတ်ဆဲရေးကုန်သော် လည်းကောင်း၊ ယုတ်မာကြမ်းခက် ရိုက်နှက်ပုတ်ခတ် ကုန်သော် လည်းကောင်း ပြန်လှန်တုံဖက် အမျက်ထွက်ခြင်းမျှလည်း မရှိပလေ" ဟု ဤသို့ အစရှိသောအားဖြင့် မထေရ်၏ ဂုဏ်ကျေးဇူး စကားတို့ကို ပြောကြား ကြလေကုန်သတတ်။ ထိုအခါ မိုက်မှားယူရှိ မိစ္ဆာဒိဋ္ဌိ ပုဏ္ဏား တစ်ယောက်သည် "ထိုအမျက် မထွက်တတ်သောသူသည် အဘယ်သူပေနည်း" ဟု မေး၏။ "ငါတို့၏ အရှင်ဖြစ်သော သာရိပုတ္တရာ မထေရ်ပေတည်း" ဟု ပြောဆိုကြသောအခါ "ထိုမထေရ်ကို အမျက်ထွက်စေသောသူ ရှိသည်ဖြစ်ပေလတ္တံ့" ဟု ပုဏ္ဏားက ပြောဆိုပြန်သဖြင့် "အိုပုဏ္ဏား ဤသို့သော အကြောင်းသည် မရှိပသလျှင်ကတည်း" ဟု ပြောဆိုကုန်၏။ "ထိုသို့ ဖြစ်ပါမူကား ငါသည် ထိုမထေရ်ကို အမျက်ထွက်စေအံ့" ဟု ပြောဆိုပြန်သဖြင့် "အိုပုဏ္ဏား အသင်သည် အကယ်၍ စွမ်းနိုင်ခဲ့အံ့၊ ထိုသို့ စွမ်းနိုင်သည်ရှိသော် မထေရ်ကို အမျက်ထွက်စေဘိလော့" ဟု ပြောဆိုကုန်၏။ ထိုပုဏ္ဏားသည် "ရှိစေဦးတော့

ထိုသာရိပုတ္တရာအား အမျက်ထွက်ရန် ရည်သန်ကြံမှန်းကြ၍ ပြုလုပ်ဖွယ်အမှုကို သိရှိစေရတော့အံ့" ဟု ကြံစည်ပြီးလျှင် ဆွမ်းခံလှည့်လည်ခြင်းငှါ ကြွဝင်တော်မူသော သာရိပုတ္တရာမထေရ်ကိုတွေ့မြင်သည်ရှိသော် နောက်အဖို့ဖြင့် လိုက်သွား၍ ကျောက်ကုန်းအလယ်၌ ကြီးကျယ်ပြင်းထန် အသံမြည်ထွက်အောင် လက်ဖြင့် ထုနှက်ပုတ်ခတ်ခြင်းကို ပေး၏။ သာရိပုတ္တရာမထေရ်သည် ဤအမှုကား အဘယ်မည်သော အမှုပေနည်းဟု သိရှိရန် ကြံစည်ပြန်လည် စောင်းငဲ့၍မျှ မကြည့်ရှုမူ၍ သာလျှင် ကြွသွားမြဲတိုင်း ကြွသွားတော်မူ၏။ ပုဏ္ဏားအား အလုံးစုံသော ကိုယ်၌ မခံရပ်နိုင်အောင် ပြင်းစွာ ပူလောင်ခြင်း ဖြစ်လေ၏။ ထိုပုဏ္ဏားသည် "အရှင်ကောင်းကား ဂုဏ်ကျေးဇူး အထူးနှင့် ပြည့်စုံခြင်းသည်ဖြေ အံ့ဖွယ်ရှိလေစွ"ဟု ကြံစည်၍ မထေရ်၏ ခြေတော်ရင်း၌ ဝပ်စင်း၍ "အရှင်ဘုရားတို့ ဘုရားတပည့်တော်အား သည်းခံတော်မူပါကုန်လော့"ဟု တောင်းပန် လျှောက်ကြား၍ "ဤအကြောင်းကား အသို့ပေနည်း"ဟု မိန့်ဆိုတော်မူသည်ရှိသော် "အကျွန်ုပ်သည် စုံစမ်းခြင်းအကျိုးငှါ အရှင်ဘုရားတို့အား ရိုက်နှက် ပုတ်ခတ်မိပေပြီ"ဟု မလျှောက်ထား၏။ "အို ပုဏ္ဏား ရှိပါစေတော့။ အသင့်အား ငါသည် သည်းခံ၏"ဟု မထေရ်က မိန့်ဆိုတော်မူ၏။ "အရှင်ဘုရား အကျွန်ုပ်အား အရှင်ဘုရားတို့သည် အကယ်၍ သည်းခံကုန်သည်ဖြစ်အံ့။ အကျွန်ုပ်၏ အိမ်၌သာလျှင် ထိုင်နေတော်မူ၍ ဆွမ်းကို ခံယူပါကုန်လော့"ဟု ပြောဆို လျှောက်ထားပြီးလျှင် မထေရ်၏ သပိတ်ကို လှမ်းလင့်ယူငင်၏။ မထေရ်သည်လည်း သပိတ်ကို ပေးသနားတော်မူ၏။ ပုဏ္ဏားသည် မထေရ်ကို အိမ်သို့ ပင့်ဆောင်၍ ပြုစုလုပ်ကျွေး၏။ လူတို့သည် အမျက်ထွက်ကုန်သည်ဖြစ်၍ "ဤပုဏ္ဏားသည် တစ်စုံတစ်ရာ ဖြစ်ရာစွန်းငြိ အပြစ်မရှိသော ငါတို့၏ အရှင်ကို ထုနှက်ပုတ်ခတ်အပ်၏။ ထိုပုဏ္ဏားအား ပေးဆောင် အပ်သော ဒဏ်ဖြင့်လည်း လွတ်မြောက်ဖွယ်မရှိ။ ဤအရပ်၌ပင်လျှင် ပုဏ္ဏားကို ရိုက်နှက်သတ်ဖြတ်ကုန်အံ့" ဟု ပြောဆိုမောင်းမဲ ခဲတုတ်လှံကန် စသည်တို့ကို လက်စွဲကုန်လျက် ပုဏ္ဏား၏ အိမ်တံခါး၌ ရပ်တည်ကုန်၏။ မထေရ်သည် နေရာမှထ၍ ကြွသွားတော်မူသည်ရှိသော် ပုဏ္ဏား၏ လက်၌ သပိတ်ကို ပေးတော်မူ၏။ ကြည့်ရှုနေသူ လူအများတို့သည် မထေရ်နှင့် အတူတကွ လိုက်ပါ၍ သွားသော ထိုပုဏ္ဏားကို မြင်ကုန်၍ "အရှင်ဘုရား သာရိပုတ္တရာ အရှင်တို့၏ သပိတ်တော်ကို ယူတော်မူ၍ ပုဏ္ဏားကို ဆုတ်နစ် ပြန်သည်ပါစေကုန်လော့"ဟု လျှောက်ကြားကုန်၏။ "ဒါယကာတို့ ဤအမှုကား အဘယ်သို့ပေနည်း"ဟု မေးတော်မူပြန်လျှင် "ပုဏ္ဏားသည် အရှင်ဘုရားတို့ကို ထုနှက် ပုတ်ခတ် အပ်ကုန်၏။ ထို့ကြောင့် တပည့်တော်တို့သည် ထိုပုဏ္ဏားအား ပြုလုပ်ဖွယ် အမှုရှိသည်ကို သိပါကုန်အံ့"ဟု လျှောက်ကြားကုန်၏။ "အသို့ပေနည်း ဤပုဏ္ဏားသည် အသင်တို့ကိုတည်း ထုနှက်

ပုတ်ခတ်အပ်ပေသလော၊ သို့မဟုတ် ငါတို့ကို ထုနှက် ပုတ်ခတ်အပ်သလော”ဟု မေးတော်မူပြန်သဖြင့် “အရှင်ဘုရား အရှင်တို့ကို ထုနှက် ပုတ်ခတ် အပ်ပါ ကုန်သည်”ဟု ကြားလျှောက်ကုန်သည်ရှိသော် “ဤပုဏ္ဏားသည် ငါ့ကို ထုနှက် ပုတ်ခတ်၍ သည်းခံစေဘိ၏၊ အသင်တို့သည် ကြံရှောင် ဖဲသွားကြကုန်လော့” ဟု လူတို့ကို ဆုံးမပြောဆို လွှတ်လိုက်ပြီးသော် ပုဏ္ဏားကိုလည်း ဆုတ်နစ်ပြန်ဝ ည် စေ၍ မထေရ်သည် ကျောင်းသို့သာလျှင် ကြွသွားတော်မူ၏။ ရဟန်းတို့သ ည် ကဲ့ရဲ့ရှုတ်ချကုန်၏။ အဘယ်သို့ ကဲ့ရဲ့ရှုတ်ချကုန်သနည်းဟူမူ ငါ့ရှင် သာရိပုတ္တရာ အကြင်ရဟန်းကို အကြင်ပုဏ္ဏားသည် ထုနှက် ပုတ်ခတ်အပ်၏။ ထိုထုနှက် ပုတ်ခတ် အပ်သော ပုဏ္ဏား၏သာလျှင် နေအိမ်၌ထိုင်နေ၍ ဆွမ်းကို ခံယူ ကြွလာခဲ့၏။ ဤသို့ ပြုလုပ်သော ထိုအမှုသည် အဘယ်မည်သော အမှုပေနည်း။ မထေရ်အား ထုနှက် ပုတ်ခတ်ဝံ့သော အခါမှစ၍ ဤယခုအခါ၌ ထိုပုဏ္ဏားသည် အဘယ်သူ့အား ရှက်ကြောက်လတ္တံ့ တော့အံ့နည်း။ ကြွင်းကုန်သော ရဟန်း တို့ကို ရိုက်နှက် ပုတ်ခတ်လျက် လှည့်လည်ပေလတ္တံ့ဟု ကဲ့ရဲ့ရှုတ်ချကုန်၏။ မြတ်စွာဘုရားသည် ကြွတော်မူလာ၍ “ချစ်သားရဟန်းတို့ ငါဘုရား ကြွတော် မူလာ ဤယခုအခါ၌ အဘယ်မည်သော စကားဖြင့် ပြောကြားစည်းဝေး နေထိုင် ကုန်ဘိသနည်း”ဟု မေးတော်မူ၍ “ဤအမည်ရှိသော အကြောင်းပါ”ဟု လျှောက်ကြားသည်ရှိသော် ချစ်သား ရဟန်းတို့ မကောင်းမှုကို အပြုပြီး သည်၏ အဖြစ်ကြောင့် ဗြာဟ္မဏမည်သော ရဟန္တာသည် မကောင်းမှုကို အပ ပြုပြီးသည်၏ အဖြစ်ကြောင့် ဗြာဟ္မဏ မည်သော ရဟန္တာကို ပြစ်မှားပုတ်ခတ် သော မည်သည် မရှိ။ လူဖြစ်သော ဗြာဟ္မဏမည်သော ပုဏ္ဏားသည်ကား ရဟ န်း ဖြစ်သော ဗြာဟ္မဏမည်သော သူကို ပြစ်မှား ပုတ်ခတ်သည် ဖြစ်လတ္တံ့။ ကြမ်းကြုတ် ဖွဲ့ယှက် ဤအမျက် မည်သည်ကို အနာဂါမိမဂ်ဖြင့် ပယ်ဖျက် ခွါလှစ် ခြင်းသို့ ရောက်လေ၏ဟု မိန့်တော်မူလိုရကား ဤဂါထာတို့ကို ဟောကြားတော် မူ၏—

န ဗြာဟ္မဏဿ ပဟရေယျ၊ နာဿ မုဉ္စေထ ဗြာဟ္မဏော။
ဓိ ဗြာဟ္မဏဿ ဟန္တာရံ၊ တတော ဓိ ယဿ မုဉ္စတိ။

န ဗြာဟ္မဏဿေ’တဒကိဉ္စိ သေယျော၊
ယဒါ နိသေဓော မနသော ပိယေဟိ။
ယတော ယတော ဟိံသမနော နိဝတ္တတိ၊
တတော တတော သမ္မတိမေဝ ဒုက္ခံ။

ရဟန္တာ ဗြာဟ္မဏကို ရိုက်ပုတ်ခြင်း မပြုရ။ ရဟန္တာ ဗြာဟ္မဏသည် ထိုရိုက် နှက် ပုတ်ခတ်သူအား ရန်လိုစိတ်ကို လွှတ်မပေးရ၊ ရဟန္တာ ဗြာဟ္မဏကို ရိုက်ပုတ်ခြင်း

သည် စက်ဆုတ်ဖွယ်ရှိ၏။ ထိုရှိက်ပုတ်သူကို ပြန်လည်၍ ရန်လိုစိတ်လွှတ်ခြင်း ရန်တုံ့မူခြင်းသည် စတင်ရိုက်ပုတ်မှုထက် စက်ဆုတ်ဖွယ်ရှိ၏။ ရဟန္တာ ပြာဟ္မဏအား ဆဲရေးခြင်း တုံ့ပြန်ဆဲရေးခြင်း ရိုက်ပုတ်ခြင်း တုံ့ပြန်ရိုက်ပုတ်ခြင်း ထိုအသုံးစုံသည် မပြောပလောက်သော မြင့်မြတ်မှု မဟုတ်ချေ။ အတိုင်းမသိ လွန်မြတ်ခြင်း ဖြစ်၏၊ ချစ်ခင်မှု မေတ္တာတရားဖြင့် စိတ်ကို မတားမြစ်ခြင်းသည် အနည်းငယ်မျှ မမြင့်မြတ်ချေ၊ အကြင်အကြင် ဝတ္ထုအာရုံမှ ညှင်းဆဲလိုစိတ် သည် ပြန်လည်ဆုတ်နစ်၏။ ထိုထိုဝတ္ထုအာရုံမှ ဝဋ်ဆင်းရဲသည် ငြိမ်းလေ၏။

ထိုဂါထာ၌ ပဟရေယျ=ဟူသည် ငါသည် အာသဝေါကုန်ခန်း ရဟန္တာဖြစ်၏ ဟူ၍ သိသော ပုဂ္ဂိုလ်သည် အခြားရဟန္တာ ပုဂ္ဂိုလ်ကို လည်းကောင်း၊ တစ်စုံ တစ်ယောက်သော ပြာဟ္မဏမျိုးနွယ်ကို လည်းကောင်း ရိုက်ပုတ်ခြင်း မပြုရ။

နာဿ မုဥ္စေထ=ဟူသည် ထိုရိုက်ပုတ်ခံရသော ရဟန္တာ ပြာဟ္မဏသည် ထိုရိုက်ပုတ်သော ပြာဟ္မဏအား ရန်သုံ့စိတ်ကို လွှတ်မပေးရ ဒေါသထွက်ခြင်း မပြုရ ဟူလို။

ဓိ ပြာဟ္မဏဿ=ဟူသည် ရဟန္တာဖြစ်သော ပြာဟ္မဏအား ပုတ်ခတ်သတ်ဖြတ် ခြင်းကို ငါသည် ကဲ့ရဲ့၏။

တတော ဓိ=ဟူသည် အကြင်ပုဂ္ဂိုလ်သည် ရိုက်ပုတ်သောသူကို ပြန်လှန် ရိုက်ပုတ်လျက် ထိုပုဂ္ဂိုလ်အပေါ်၌ ရန်လိုစိတ်ကို လွှတ်ပေး၏၊ ထိုသို့ ရန်တုံ့မူခြင်း ကို စတင်ရိုက်ပုတ်မှုထက် ပို၍ ရှုံ့ချအပ်သည်သာတည်း။

နေတံ ကိဉ္စိ သေယျော=ဟူသည် ရဟန္တာပုဂ္ဂိုလ်အား ဆဲရေးသောသူကို ပြန်လှန်မဆဲရေးခြင်း၊ ရိုက်ပုတ်သူကို ပြန်လှန်မရိုက်ပုတ်ခြင်း၊ ဤသို့ သည်းခံ ခြင်းသည် ထိုရဟန္တာ ပြာဟ္မဏ၏ သေးသေးမွှားမွှား မြင့်မြတ်ခြင်းမဟုတ် အနည်းငယ်သော မြင့်မြတ်ခြင်းမဟုတ် အတိုင်းထက်အလွန် မြင့်မြတ်ခြင်း မည်၏။

ယဒါ နိသေဓော မနသော ပိယေဟိ=ဟူသည် အမျက်ထွက်တတ်သောသူ၏ အမျက်ထွက်ခြင်းသည် သားလျှင် စိတ်၏ ချစ်ခြင်းမည်၏။ ဤဒေါသသည် အမိအဖတို့၌ လည်းကောင်း၊ ဘုရားစသည်တို့၌ လည်းကောင်း ဖြစ်မှားတတ်၏။ ထို့ကြောင့် ထိုချစ်မြတ်နိုးသော ပုဂ္ဂိုလ်တို့မှ ဒေါသစိတ်ကို တားမြစ်ခြင်း ဒေါသ၏ အစွမ်းအားဖြင့် ဖြစ်သောစိတ်ကို နှိပ်ကွပ်ခြင်းသည် အနည်းငယ်သော မြင့်မြတ်ခြင်း မဟုတ်။

ဟိံသမနော=ဟူသည် ဒေါသစိတ်ရှိသော ထိုပုဂ္ဂိုလ်သည် ထိုဒေါသကို အကြင်အကြင်ဝတ္ထုမှ အနာဂါမိမဂ်ဖြင့် ပယ်ခွာလျက် ဆုတ်နစ်စေ၏။

တတော တတော=ဟူသည် ထိုထိုဝတ္ထုအာရုံမှ အလုံးစုံသော ဝဋ်ဆင်းရဲကို ဆုတ်နစ်စေသည်သာတည်း၊

ဒေသနာတော်၏ အဆုံး၌ များစွာသောသူတို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်ကုန်၏။

သာရိပုတ္တရ မထေရ်ဝတ္ထုပြီး၏။

---

## ဂ၊ မဟာပဇာပတိဂေါတမီဝတ္ထု

**ယဿ ကာယေနဝါစာယ** အစရှိသော ဤတရားဒေသနာတော်ကို မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် **မဟာပဇာပတိ** ဂေါတမီကို အကြောင်းပြု၍ ဟောတော်မူ၏။

### ရတ္တညူ (အသက်ကြီးဆုံး)ဧတဒဂ်ဆု

ဤမဟာပဇာပတိ ဂေါတမီသည် အထက်လွန်ရောက် ကပ်တစ်သိန်းမြောက် အကျ ပဒုမုတ္တရ မြတ်စွာဘုရား လက်ထက်တော်အခါ၌ ဟံသာဝတီပြည်ဝယ် တစ်ဦးသော အမျိုးအိမ်၌ ပဋိသန္ဓေ တည်နေစွဲယူ၍ နောက်အဖို့ဖြစ်သော တစ်ပါးသောအခါ၌ မြတ်စွာဘုရား ဟောကြားမြွက်ဖော် တရားတော်ကို ကြားနာလျက်နေစဉ် တစ်ဦးသော ရဟန်းမိန်းမကို ညဉ့်အပိုင်းအခြား သိကုန်သော တပည့်မတို့တွင် အထွတ်အမြတ် (ရတ္တညူ ဧတဒဂ်) အရာထားသည်ကို မြင်ရ၍ အဆောက်အဦ အထူးရည်သန် ကောင်းမှုကံကို စီမံပြုလုပ်၍ ညဉ့်အပိုင်းအခြား တိုင်းစားတိတ် သိမြင်သူ အပေါင်းတို့ထက် ထူးတက်မြတ်ဦး ထိုရာထူးကို တောင့်တပန်ဆင်လေ၏။ ထိုအမျိုးသမီးသည် အသက်ရှည်သမျှ ကာလပတ်သုံး စွန့်ကြဲပေးကမ်း လှူဒါန်းဖွယ် ဒါနကို စွန့်ချပေးလှူ၍ ကိုယ်နှုတ်ဆုံးမ သီလကိုစောင့်ရှောက်၍ ထိုဘဝမှ စုတေခဲ့သည်ရှိသော် နတ်ပြည်၌ ဖြစ်၍ပစ်ဖန် တစ်ဆူသောဘုရားရှင် အကြားကာလ၌ နတ်ပြည်မှ စုတေခဲ့၍ ဗာရာဏသီပြည်၌ ငါးရာကုန်သော ကျွန်မိန်းမတို့တွင် အကြီးအမှူးဖြစ်သော အိမ်ကျွန်မအဖြစ်ဖြင့် ဖြစ်လေ၏။

### မိထွေးတော် ဂေါတမီ၏ အတိတ်ဘဝ ကျွန်မဝတ္ထု

ထိုအခါ ဝါကပ်ဆိုခြင်းငှါ နီးသောကာလ၌ ငါးပါးကုန်သော ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့သည် နန္ဒမူလတောင်ဝှမ်းမှ ကြွတော်မူလာကြ၍ ဣသိပတန မိဂဒါဝုန်တောနေရာ၌ သက်ဆင်းတော်မူကြ၍ မြို့၌ ဆွမ်းအလို့ငှါ လှည့်လည် ပြီးသော် ဣသိပတန တောနေရာသို့သာ ပျင် ကြွသွားတော်မူပြန်၍ ဝါကပ်

ဆိုရန် ကျောင်းကုဋိအကျိုးငှါ ဆောက်လုပ်ပြုစု လက်အမှုကို တောင်းကုန်အံ့ဟု ကြံစည်ကုန်၏။

[မိုးဥတုအခါ ဝါသိုကပ်ဆိုသော ရဟန်းသည် နာလကကျင့်ဝတ်ကို ဖြည့်ကျင့်သော ပုဂ္ဂိုလ်သည်ပင်လည်း ငါးမျိုးကုန်သော အမိုးတို့တွင် တစ်မျိုးမျိုးသော အမိုးဖြင့် မိုးအပ်သော အကာရစ်သွဲ တံခါးအဖွဲ့ ရှိသောကျောင်း၌ ဝါကပ်ဆိုအပ်၏။ ထိုကြောင့် ဝါကပ်ဆိုရန် နီးခဲ့သည်ရှိသော် ဝါဆိုကိန်းအောင်း ကျောင်းကို အကယ်၍ ရရှိခဲ့အံ့။ ဤသို့ ရရှိခဲ့သော် သင့်လျော် ကောင်းမွန်လှပေ၏။ အကယ်၍ မရရှိခဲ့အံ့ ကျောင်းကန် ဆောက်ပြု လက်အမှုကို ရှာမှီး၍သော်လည်း ပြုအပ်၏။ လက်အမှုကို ရှာမှီး၍မရသော ရဟန်းသည် မိမိကိုယ်တိုင်ပင်လည်း ပြုလုပ်အပ်၏။ နေမှုကိန်းအောင်း ကျောင်းမရှိပါဘဲ ဖင်စစ် မိုးလပတ်လုံး သီတင်းသုံးခြင်းတည်းဟူသော ဝါသို့ကပ်ရောက် မနေအပ်။ ဤသည်သာလျှင်ရဟန်းတို့ အစဉ်အလာ အမြဲမမှတ်တာ ဖြစ်ပေ၏။]

ထိုကြောင့် ထိုပစ္စေကဗုဒ္ဓါ အရှင်တို့သည် လက်အမှုကို တောင်းကုန်အံ့ဟု သက်န်းကို ပြုပြင် ဝတ်ရုံတော်မူကြ၍ ညနေချမ်းအခါ မြို့သို့ ကြွဝင်တော်မူကုန်၍ သူဌေး၏ နေအိမ်တံခါး၌ ရပ်တည်တော်မူကုန်၏။ အကြီးအမှူးဖြစ်သော ကျွန်မသည် ရေအိုးကိုယူ၍ ရေဆိပ်သို့သွားစဉ် မြို့သို့ ကြွဝင်တော်မူကုန်သော အရှင်ပစ္စေကဗုဒ္ဓါတို့ကို တွေ့မြင်လိုက်၏။ သူဌေးသည် ထိုပစ္စေကဗုဒ္ဓါတို့၏ ကြွလာသော အကြောင်းကို ကြား၍ "ငါ့ဘို့အား အရှင်တို့ ကိန်းအောင်းရန် ကျောင်းကန်ကို ဆောက်လုပ်ဖို့ယ် အခွင့်မရှိ။ အရှင်ဘို့ ကြွသွားစေကုန်သတည်"ဟု ပြောဆိုလိုက်၏။ ထိုနောက် တစ်စုံတစ်ခု လက်မှုကိစ္စ မရမရှိဘဲ မြို့မှထွက်ကြွတော်မူကုန်သော ထိုပစ္စေကဗုဒ္ဓါ အရှင်တို့ကို အကြီးအမှူးဖြစ်သော ကျွန်မသည် ရေအိုးကိုရွက်သူ၍ မြို့သို့ပြန်ဝင်သည်ရှိသော် တွေ့မြင်၍ ရေအိုးကို ခေါင်းထက်မှ ချသားရိုကျိုး ရှိခိုးဦးညွတ်၍ မျက်နှာကို ပင့်မော့လျက် "အရှင်ဘုရားတို့သည် မြို့သို့ ကြွဝင်တော်မူကာမျှ တခဏချင်းသာလျှင် ထွက်ကြွတော်မူလာကြကုန်သည်။ အကြောင်းအဘယ်သို့ပါနည်း"ဟု မေးလျှောက်၏။ 'ဝါကပ်ဆိုရာ ကုဋိကျောင်း၏ လက်အမှုကို တောင်းခြင်းငှါ ကြွလာကြသည် ဖြစ်ကုန်၏"ဟု မိန့်ဆိုတော်မူကြသောအခါ "အရှင်ဘုရားတို့ ရအပ်ပါပြီလော"ဟု မေးလျှောက်ပြန်သဖြင့် "ဥပါသိကာမ၊ မရပါသေး"ဟု မိန့်ဆိုတော်မူကုန်၏။ "အရှင်ဘုရားတို့၊ အသို့ပေနည်း။ နေမှုကိန်းအောင်း ထိုကျောင်းကုဋိကို စည်းစိမ်ဖွံ့ဖြိုး အစိုးရသော သူတို့သည်သာလျှင် ပြုအပ်ကုန်သလော။ ထိုသို့မဟုတ် ဥစ္စာချွတ်နဲ့ ဆင်းရဲသော သူတို့သည်လည်း ပြုလုပ်ခြင်းငှါ တတ်ကောင်းပါကုန်သလော"ဟု မေးလျှောက်ပြန်သည် ရှိသော် အို

ဥပါသိကာမ၊ အမှတ်မထင် အကြင် တစ်စုံတစ်ယောက်သော သူတို့သည် ပြုခြင်းငှါ တတ်ကောင်းပါကုန်၏”ဟု မိန့်ဆိုတော်မူကုန်၏။

## ကျောင်းဆောက်လှူဒါန်းခြင်း

“အရှင်ဘုရားတို့ ကောင်းလှပါပြီ။ တပည့်တော်မတို့သည် ပြုလုပ်ပါကုန်အံ့။ နက်ဖြန်ခါ၌ တပည့်တော်မ၏ဆွမ်းကို ခံယူတော်မူပါကုန်လော့”ဟု လျှောက်ကြား ပင့်ဖိတ်၍ တဖန် ရေအိုးကိုမြှောက်ချီယူငင်၍ ရေဆိပ်သို့ ရောက်လာသော လမ်းခရီး၌ ရပ်တည်ပြီးလျှင် လာတိုင်းလာတိုင်းကုန်သော မိမိမှကြွင်းသော ကျွန်မတို့ကို ဤအရပ်၌သာလျှင် တန့်ရပ်တည်နေသည် ဖြစ်ကြကုန်ဦးလေ”ဟု ပြောဆို၍ အလုံးစုံသော ကျွန်မတို့ လာရောက် ဆုံစည်းမိသောအခါ၌ “ဒဲ့ မိခင်တို့ အသို့ပေနည်း။ အမြဲသာလျှင် သူတပါး၏ကျွန်အမှုကို ပြုလုပ်ကုန်လတ္တံ့လော။ ထိုသို့မဟုတ် ကျွန်အဖြစ်မှ လွတ်မြောက်ခြင်းငှါ အလိုရှိကုန်သလော”ဟု မေး၏။ “အရှင်မ ယခုပင်လျှင် လွတ်မြောက်ခြင်းငှါ အလိုရှိပါကုန်၏”ဟု ပြောဆိုကုန်သဖြင့် ဤသို့လွတ်မြောက်ခြင်းကို အကယ်၍ အလိုရှိခဲ့ဒံ့၊ လက်အမှုကိုတောင်းခံ၍ မရကုန်သော ငါးပါးကုန်သော ပစ္စေကဗုဒ္ဓါတို့ကို ငါသည် နက်ဖြန်အလို့ငှါ ပင့်ဖိတ်အပ်ကုန်၏။ အသင်တို့၏ ခင်ပွန်းအရှင်ယောကျ်ားတို့ကို တနေ့မျှလောက်လက်အမှုကို ပေးစေကြကုန်လော့”ဟု ပြောဆို၏။ ထိုကျွန်မတို့သည် ကောင်းပါပြီဟု ဝန်ခံ၍ ညနေချမ်းအခါ တောအုပ်မှ ပြန်လာသောကာလ၌ အရှင်လင်ယောကျ်ားတို့အား ပြောကြားကုန်၏။ ထိုသူတို့က ကောင်းပြီဟု ဝန်ခံ၍ အကြီးအမှူးဖြစ်သော ကျွန်မ၏အိမ်တံခါး၌ စုရုံးစည်းဝေးကုန်၏။ ထိုနောက် အကြီးအမှူးကျွန်မ-က ထိုလူတို့ကို “အမောင်တို့ နက်ဖြန်ခါ၌ အရှင်ပစ္စေကဗုဒ္ဓါတို့အား လက်အမှုကို ပေးလှူကုန်လော့”ဟု တိုက်တွန်းနှိုးဆော် အကျိုးအာနိသင်ကိုပြောကြား၍ အကြင်သူတို့သည် ပြုလုပ်ခြင်းငှါ အလိုမရှိကုန်။ ထိုသူတို့ကို မြဲမြံစွာသော အဆုံးအမဖြင့် ခြိမ်းခြောက်ပြောဆို အလုံးစုံသော သူတို့ကို ဝန်ခံစေ၏။ ထိုအကြီးအမှူးဖြစ်သော ကျွန်မသည် တဖန် မိုးသောက်ရောက်သောနေ့၌ ပစ္စေကဗုဒ္ဓါအရှင်တို့အား ဆွမ်းကို ပေးလှူ၍ အလုံးစုံကုန်သော ကျွန်သားတို့အား ပြောကြားသိအပ် အမှတ်ပေး၏။

## ဝါတွင်းသုံးလ ပစ္စည်းလေးပါးဖြင့် လှူဒါန်းခြင်း

ထိုကျွန် ယောကျ်ားတို့သည် ထိုခဏ၌သာလျှင် တောသို့သွားဝင်၍ အဆောက်အဦတို့ကို ပေါင်းစည်းစုရုံးပြီးလျှင် တစ်ရာတစ်ရာစီ တစ်စုတစ်စုဖြစ်၍ တစ်ဆောင်သော ကုဋီကျောင်း စင်္ကြံအစရှိသော ပရိဝုဏ်ကို ဆောက်လုပ်၍

ညောင်စောင်းအင်းပျဉ် သောက်ရေသုံးရေ စသည်တို့ကို တည်ထား၍ ပစ္စေကဗုဒ္ဓါ အရှင်တို့အား ဝါတွင်း သုံးလပတ်လုံး ထိုကျောင်းပရိဝုဏ်၌သာလျှင် သီတင်းသုံးနေမှု ခြင်းအကျိုးငှါ စကားဝန်ခံ ပဋိညာဉ်ကို ပြုစေ၍ အလှည့်အကြိမ်ဖြင့် ဆွမ်းဝတ်ကို တည်ထားဖြစ်စေကြကုန်၏။ အကြင်မိန်းမသည် မိမိ၏ အလှည့်အကြိမ် ဖြစ်သောနေ့၌ ဆောက်တည် ပေးလှူခြင်းငှါ မစွမ်းနိုင်။ ထိုမိန်းမအား အကြီးအမှူးဖြစ်သော ကျွန်မသည် မိမိ၏ အိမ်မှ ထုတ်ဆောင်၍ ပေး၏၊ ဤသို့ ပြဆိုခဲ့ပြီးသော အတိုင်းအားဖြင့် ဝါတွင်း သုံးလပတ်လုံး လုပ်ကျွေးပြုစုကြကုန်၍ အကြီးအမှူးဖြစ်သော ကျွန်မသည် တစ်ယောက်တစ်ယောက်သော ကျွန်မကို တစ်ထည် တစ်ထည်သော အဝတ်ပုဆိုးကို စီရင်စေ၏။ ထူထဲရှန့်ကြမ်းသော ငါးရာကုန်သော ပုဆိုးတို့သည် ဖြစ်ကုန်၏။ ထိုပုဆိုးတို့ကို ကောင်းမွန် နူးညံ့သော ပုဆိုးတို့ဖြင့် လဲလှယ်စေ၍ ငါးပါးကုန်သော ပစ္စေကဗုဒ္ဓါ အရှင်တို့အား သုံးထည် သုံးထည်ကုန်သော သင်္ကန်းတို့ကို ပြုလုပ်ကုန်၍ ပေးလှူကုန်၏။ ပစ္စေကဗုဒ္ဓါ အရှင်တို့သည် ထိုမိန်းမတို့ ကြည့်ရှုတွေ့မြင်ကုန်စဉ်သာလျှင် အဇ္ဈာဝေဟင် ထက်ကောင်းကင်ဖြင့် ဂန္ဓမာဒနတောင်သို့ ကြွသွားတော် မူကုန်၏။ အလုံးစုံသော ထိုမိန်းမတို့သည်လည်း အသက်ရှည်သမျှ ကာလပတ်လုံး ကျင့်သုံးပွားလို ကုသိုလ်ကောင်းမှုကို ရွက်ဆောင်အားထုတ် ပြုလုပ်၍ နတ်ပြည်၌ ဖြစ်ကြကုန်၏။

## မိထွေးတော် ဂေါတမီ၏ ရက်ကန်းသည်မ ၁၀

ထိုမိန်းမ အပေါင်းတို့တွင် အလုံးစုံသော သူတို့၏ အကြီးအမှူးဖြစ်သော မိန်းမသည် ထိုနတ်ပြည်မှ စုတေခဲ့၍ ဗာရာဏသီပြည်၏ အနီးဖြစ်သော ရက်ကန်းသည်တို့ ရွာ၌ ရက်ကန်းသည် အကြီးအမှူး၏ အိမ်၌ ဖြစ်လေ၏။ ထိုနောက် တစ်နေ့သော အခါ၌ ပဒုမဝတီမိဖုရား၏ သားတော် ဖြစ်ကုန်သော ငါးရာကုန်သော အရှင်ပစ္စေကဗုဒ္ဓါတို့သည် ဗာရာဏသီ ပြည့်ရှင်မင်းမြတ် ပင့်ဖိတ်အပ်ကုန်သည် ဖြစ်၍ မင်းနန်းတော်တံခါးသို့ ကြွလာတော်မူကုန်၍ ကြည့်ရှုသော်လည်း တစ်စုံတစ်ယောက်သော သူကိုမျှလည်း မတွေ့မြင်သောကြောင့် ဆုတ်နစ်ပြန်လည်၍ မြို့၏တံခါးဖြင့် ထွက်ကြွတော်မူကုန်ပြီးသော် ထိုရက်ကန်းသည်ရွာသို့ ကြွသွားတော်မူကုန်၏၊ ဂေါတမီ၏ အလောင်းဖြစ်သော ထိုမိန်းမသည် အရှင်ပစ္စေကဗုဒ္ဓါတို့ကို မြင်၍ ကောင်းစွာ ချစ်မြတ်နိုးခြင်းရှိလျက် အလုံးစုံသော အရှင်ပစ္စေကဗုဒ္ဓါတို့ကို ရှိသေညွတ်လျှိုး ရှိခိုး၍ ဆွမ်းကို ပေးလှူ၏။ ထိုပစ္စေကဗုဒ္ဓါ အရှင်တို့သည် ဆွမ်းဘုဉ်းပေးခြင်း ကိစ္စကိုပြု၍ ဂန္ဓမာဒနတောင်သို့ သာလျှင် ကြွသွားတော်မူကုန်၏။ ထိုရက်ကန်းသည် မိန်းမသည်လည်း အသက်ရှည်ရှည် တည်နေသမျှ ကာလပတ်လုံး ကုသိုလ် ကောင်းမှုကို အားထုတ် ပြုစု၍

နတ်ပြည် လူ့ပြည်တို့၌ အမြဲမတည် ကျင်လည် ပြေးသွားလျက် ငါတို့ မြတ်စွာဘုရား ဖြစ်ထွန်း ပွင့်လာတော်မူသည်မှ ရှေးဦးစွာကပင်လျှင် ဒေဝဒဟပြည် မဟာသုပ္ပဗုဒ္ဓမင်းကြီး၏ နန်းအိမ်တော်၌ ပဋိသန္ဓေ တည်နေစွဲယူလေ၏။

## မိထွေးတော် ဂေါတမီ၏ ပစ္စုပ္ပန်ဝတ္ထု

ထိုမင်းသမီးအား ဂေါတမီဟူသော အမည်ကို ပြုကြကုန်၏။ မဟာမာယာ မင်းသမီး၏ ညီမတော်ရင်းစစ် ဖြစ်ပေ၏။ ဗေဒင်မန္တန် ရွတ်အံသရဏ္ဍာယ်ကာ လက္ခဏာဖတ် ပုဏ္ဏားတို့သည် မင်းသမီးနှစ်ပါးတို့၏ လက္ခဏာတို့ကို ကြည့်ရှုဖတ် ဆုံ ကုန်သည်ရှိသော် နှစ်ပါးလည်း ဖြစ်ကုန်သော ဤမင်းသမီးတို့၏ ဝမ်းတိုက်၌ ကိန်းပိုက်သန္ဓေ တည်နေကုန်သော သူငယ်တို့သည် စကြာမင်းတို့ ဖြစ်ကုန်လတ္တံ့ဟု နိမိတ်ပြောင်းလျား ဖတ်ကြား ပြောဆိုကုန်၏။ ကပိလဝတ် ပြည့်ရှင် ဘုရင် သုဒ္ဓေါဒနမင်းမြတ်သည် အရွယ်သင့်မြောက် ရောက်လေသော အခါ၌ နှစ်ပါးလည်း ဖြစ်ကုန်သော ထိုမင်းသမီးတို့ကို လောကီကျက်သရေ တက်နေထင်စွာ မင်္ဂလာကိုပြု၍ မိဖိစံပျော် နန်းတော်သို့ ဆောင်ယူလေ၏။ နောက်အဖို့အခါ၌ ငါတို့ ဘုရားအလောင်းတော်သည် တုသိတာနတ်ပြည်မှ စုတေတော်မူခဲ့၍ မဟာမာယာမိဖုရားကြီး၏ ဝမ်း၌ပဋိသန္ဓေတည်နေစွဲယူတော်မူ၍ မဟာမာယာ မိဖုရားကြီးသည် ထိုဘုရားအလောင်းတော်ကို ဖွားမြင်သော နေ့မှ နောက်ခုနစ်ရက် မြောက်သောနေ့၌ သေလွန်ခြင်းကို ပြု၍ တုသိတာ နတ်ပြည်၌ ဖြစ်လေ၏။ သုဒ္ဓေါဒနမင်းကြီးသည် ဘုရားလောင်း၏ မိထွေးတော် မဟာပဇာပတိဂေါတမီကို မြတ်သော မိဖုရားကြီးရာထူးကို ချီးကျူးမြှောက်စား တင်ထားတော်မူ၏။ ထိုအခါ၌ နန္ဒမင်းသားကိုဖွားမြင်တော်မူ၏။ ဤမဟာပဇာပတိဂေါတမီ မိဖုရားကြီးသည် သားတော်ရင်းစစ် ဖြစ်တော်မူသော နန္ဒမင်းသား ကို နို့ထိန်းတို့အား ပေးထားအပ်နှံ၍ မိမိသည် အစ်မတော်၏သား ဘုရား အလောင်းတော်ကို နို့ချိုတိုက်ကျွေး ပိုက်ထွေးထိန်းဆောင်တော်မူ၏။ ကာလ မြင့်ကြာ နောက်အဖို့အခါ၌ ဘုရားအလောင်းတော်သည် မြတ်သောတောထွက် ခြင်းသို့ ထွက်တော်မူ၍ သဗ္ဗညုတ ဘုရားရှင်အဖြစ်သို့ ရောက်တော်မူပြီးသည် ရှိသော် သတ္တဝါအပေါင်းကို လမ်းကြောင်းမမှု ဟောပြချီးမြှောက်တော်မူလျက် အစဉ်အတိုင်းအားဖြင့် ကပိလဝတ်ပြည်သို့ ရောက်တော်မူ၍ မိုးသောက်ထလေ့ နောက်တစ်နေ့၌ မြို့သို့ ဆွမ်းခံကြွဝင်တော်မူ၏။ ထိုအခါ လျင်စွာ လာရောက် လျှောက်ထားသော မြတ်စွာဘုရား၏ခမည်းတော် သုဒ္ဓေါဒနမင်းကြီးသည် လမ်း ခရီးအကြား၌သာလျှင် တရားစကားကို ကြားနာရ၍ သောတာပန်ဖြစ်လေ၏။ နန်းတော်သို့ ကြွရောက်တော်မူသောအခါ "မေ့ဥ္စရေ သုစရိတံ" အစရှိသောဂါထာ ကိုဟောကြားတော်မူသည်ရှိသော် မိထွေးတော်ဂေါတမီသည်သောတာပန်ဖြစ်၍ ခမည်းတော် သုဒ္ဓေါဒနမင်းကြီးသည် သကဒါဂါမ် ဖြစ်လေ၏။ ထိုနောက် နှစ်ရက်

မြောက်သောနေ့၌ နန္ဒမင်းသား ရဟန်းပြုတော်မူ၏။ ခုနစ်ရက်မြောက်သော နေ့၌ ရာဟုလာမင်းသား ရဟန်းပြုတော်မူ၏။ တစ်ဖန် မိုးသောက်သော နေ့၌ မင်းအိမ်နန်းတော်၌ ပြုအပ်ပြီးသော နံနက်စာစားခြင်း ရှိသည်ဖြစ်၍ သင့်ဝင့် လျောက်ပတ်သောအရပ်၌ ထိုင်နေတော်မူသော ခမည်းတော်မင်းကြီးက "အရှင်ဘုရား၊ အရှင်ဘုရားတို့၏ ပြုနိုင်ခဲသောအမှုကို ပြုလုပ်ကျင့်ကြံတော် မူစဉ်အခါ၌ တစ်ဦးသောနတ်သည် ခမည်းတော်သို့ချဉ်းကပ်၍ အသင်၏သားတော်သည် သေလွန်ပြီဟု ပြောကြားပါ၏။ ခမည်းတော်အကျွန်ုပ်သည် ထိုနတ်၏ ပြောကြားသောစကားကို မယုံကြည်ဘဲ ငါ၏သားတော်သည် သဗ္ဗညုတ ဘုရားအဖြစ်သို့ မရောက်မူ၍ သေလွန်ခြင်းကို မပြုဟု ပယ်မြစ်ခဲ့ဖူးပါသည်"ဟု ကြားလျှောက်သည်ရှိသော် မြတ်စွာဘုရားရှင်က "ခမည်းတော်မင်းကြီး၊ ဤ ယခုအခါ၌ အဘယ်မှာ ယုံကြည်ကုန်လတ္တံ့နည်း၊ ရှေးရှေးသော ဘဝအခါ၌လည်း အရိုးတို့ ပြ၍ အသင့်သားသေလွန်ပြီဟု ပြောဆိုလေငြားသော်လည်း မယုံကြည်ဖူးကုန်ပြီ"ဟု မိန့်တော်မူ၍ ဤသို့သော အတ္ထုပ္ပတ်၌ မဟာဓမ္မပါလ ဇာတ်ကို ဟောကြားတော်မူ၏။ ဒေသနာတော်၏အဆုံး၌ သုဒ္ဓေါဒနမင်းကြီးသည် အနာဂါမိဖိုလ်၌တည်သော အနာဂါမ်ဖြစ်လေ၏။ ဤသို့လျှင် မြတ်စွာဘုရားသည် ခမည်းတော်မင်းတရားကို သုံးပါးသောဖိုလ်၌ တည်စေတော်မူ၍ ရဟန်းအပေါင်း ခြံရံလျက် တစ်ဖန်မိုးသောက်သောနေ့၌ ရာဇဂြိုဟ်ပြည်သို့ ပြန်ကြွတော်မူလေ၏။ ထိုမှတစ်ဖန် သာဝတ္ထိပြည်သို့ ကြွတော်မူခြင်းစသောအားဖြင့် လှည့်လည် ရှင်ပြုး သီတင်းသုံးနေတော်မူခဲ့ရာ ကာလမြင့်ကြာ တစ်ပါးသော နောက်အဖို့ဖြစ်သော အခါ၌ မြတ်စွာဘုရားသည် ဝေသာလီပြည်ကို အမှီပြု၍ စုလစ်မွန်းချွန် အထွတ်တပ်သော ဇရပ်ကျောင်း၌ ကိန်းအောင်းနေမျှ သီတင်းသုံးတော်မူ၏။ ထိုအခိုက်အခါ၌ ခမည်းတော်သုဒ္ဓေါဒနမင်းကြီးသည် ထီးဖြူတော်၏အောက်၌ အရဟတ္တဖိုလ်ကို မျက်မှောက်ပြု၍ ပရိနိဗ္ဗာန် ဝင်စံတော်မူ၏။ ခမည်းတော် မင်းတရား ဝင်သွားနိဗ္ဗာန် ကြောင်းဖြစ်ဟန်ကို အမှန်ကြားသိတော်မူသော မြတ်စွာဘုရားသည် များစွာသော ရဟန်းအပေါင်း ခြံရံလျက် ကပိလဝတ်ပြည်သို့ ကြွသွားတည်ရှိ ခမည်းတော်၏အလောင်းကို ကောင်းစွာသင်္ဂြိုဟ်ပြီး၍ သက္ကတိုင်း ကပိလဝတ်ပြည် နိဂြောဓာရုံ ကျောင်းအာရာမ်၌ သီတင်းသုံးတော်မူခိုက် မဟာပဇာပတိ ဂေါတမီသည် ဘုရားမြတ်စွာ သာသနာတော်၌ ကောင်းစွာ ဝင်မြန်း ရဟန်းပြုလိုသောစိတ်ကိုဖြစ်စေ၏။ ထိုအခါမဟာပဇာပတိဂေါတမီသည် အကြင်အရပ်၌ မြတ်စွာဘုရား ထင်ရှားမွေ့ထုံး သီတင်းသုံး နေတော်မူ၏။ ထိုဘုရားမြတ်စွာ သီတင်းသုံးတော်မူရာအရပ်သို့ ချဉ်းကပ်ညွတ်လျှိုး ရှိခိုးဦးချ၍ အပြစ်လွတ်ကင်း သန့်ရှင်းအခွင့် သင့်တင့်သောအရပ်၌ တည်နေပြီးသော အခါ မဟာပဇာပတိဂေါတမီသည် မြတ်စွာဘုရားရှင်အား ဤစကားကို လျှောက်တင်၏။

## မိန်းမများ ရဟန်းပြုခွင့်ပေးရန် တောင်းပန်ခြင်း

ဘုန်းတော် ကြီးလှပေသော သားတော်ဘုရား ရှိသေ့ညွတ်လျှိုး ရှိခိုး တောင်းပန်ပါ၏၊ မာတုဂါမသည် မြတ်စွာဘုရား ဟောကြားသတ်မှတ် သိစေအပ်သော သာသနာတည်းဟူသော သုတ်, အဘိဓမ္မာ, ဝိနည်း တရားတော်၌ အိမ်ရာဖွဲ့နှောင် လူတို့ဘောင်မှ ရှောင်ခွါထွက်မြန်း၍ အိမ်ရာမနှောင် ရဟန်းဘောင်၌ ရဟန်းအဖြစ်ကို ရလိုပါ၏ဟု တောင်းပန် လျှောက်ကြားသော အခါ မြတ်စွာဘုရားက မိထွေးတော် ဂေါတမီ အသင်မယ်တော်အား အခွင့်မလျှော် မသင့်တော်ချေ။ ငါဘုရားသည် ဟောကြားသတ်မှတ် သိစေအပ်သော သာသနာ တည်းဟူသော သုတ်, အဘိဓမ္မာ, ဝိနည်း တရားတော်၌ အိမ်ရာဖွဲ့နှောင် လူတို့ ဘောင်မှ ရှောင်ခွါထွက်မြန်း၍ အိမ်ရာမနှောင် ရဟန်းဘောင်၌ မာတုဂါမ၏ ရဟန်းအဖြစ်ကို အသင် မယ်တော် ဂေါတမီသည် မနှစ်သက်ပါလေလင့်ဟု မိန့်ဆို ပြန်ကြား ဟန့်တား ပယ်မြစ်တော်မူ၏။

မဟာပဇာပတိ ဂေါတမီသည် သုံးကြိမ်တိုင်အောင် ဘုန်းခေါင်မြတ်ဖျား သားတော်ဘုရားကို လျှောက်ထားတောင်းပန်ပါသော်လည်း သုံးဖန်သုံးကြိမ် ချိုးနှိမ် ပယ်ရှား မြစ်တားတော်မူဘိရကား မဟာပဇာပတိ ဂေါတမီသည် "သားတော်ဘုရားကား ဟောကြားသတ်မှတ် သိစေအပ်သော သာသနာတည်း ဟူသော သုတ်, အဘိဓမ္မာ, ဝိနည်းတရားတော်၌ အိမ်ရာဖွဲ့နှောင် လူတို့ဘောင်မှ ရှောင်ခွါထွက်မြန်း ရဟန်းဘောင်၌ မာတုဂါမ၏ ရဟန်းအဖြစ်ကို ခွင့်ပြုတော် မမူပလေ"ဟု အထွေထွေ ကြံစည်လျက် ဆောက်တည်ရာမရ လွန်စွာ ဆင်းရဲ ကြေကွဲဖွယ်နိုး နှလုံးမသက်သာ ဖြာဖြာယိုထွက် မျက်ရည်စက်တို့ဖြင့် ပြည့်သော မျက်နှာရှိလျက် နွမ်းရိပူဆွေး ငိုကြွေးပြီးသော် သားတော်ဘုရားကို ညွတ်တွား ပန်ထွာ ရှိသေစွာ ရှိခိုးပြီး လက်ယာရစ်လှည့်လည်သည်ကို ပြု၍ ဖဲသွားလေ၏။ မြတ်စွာဘုရားသည် ကပိလဝတ်ပြည်၌ သင့်တင့်ခွင့်ရနေမျှ သီတင်းသုံးတော် မူပြီး၍ ခရီးအစဉ်အတိုင်း ဖဲကြွတော်မူသည် ရှိသော် ဝေသာလီပြည်သို့ ရောက်တော်မူ၍ ဝေသာလီပြည်၏ အနီးဖြစ်သော မဟာဝုန်တောဝယ် စုလစ် မွမ်းချွန်အထွတ်တပ်သောဇရပ်(ကျောင်း)၌ကိန်းအောင်းသီတင်းသုံးတော်မူ၏။

## မိထွေးတော်ဂေါတမီသည် ရဟန်းအဖြစ် ခွင့်ပေးရန် ဒုတိယတစ်ဖန် တောင်းပန်ခြင်း

ရောဟဏီ မြစ်ကမ်း၌ ကလဟဝိဝါဒ သုတ်ကို ဟောကြား ပြီးသော အဆုံး၌ လူ့ဘောင်မှ ထွက်၍ ရဟန်းပြုကုန်သော ငါးရာကုန်သော မင်းသား တို့၏ ခြေရင်းအလုပ်အကျွေး ဖြစ်ကုန်သော မင်းသမီးတို့သည် တူမျှသော စိတ်ရှိကုန်သည် ဖြစ်၍ မဟာပဇာပတိ ဂေါတမီ၏ အထံသို့ သွားရောက်၍

အလုံးစုံသာလျှင် ဖြစ်ကုန်သော အကျွန်ုပ်တို့သည် မြတ်စွာဘုရားရှင်၏ အထံတော်၌ ရဟန်းပြုကုန်အံ့ဟု တိုင်ပင်ပြောဆိုကာ မဟာပဇာပတိ ဂေါတမီကို အကြီးအမှူး ဦးစီးရှေ့ဆောင် ပြု၍ မြတ်စွာဘုရား အထံတော်သို့ လိုက်သွားခြင်းငှါ အလိုရှိသည် ဖြစ်ကုန်၏။ ဤမဟာပဇာပတိ ဂေါတမီသည်လည်း ရှေးဦးစွာသာလျှင် တစ်ကြိမ် မြတ်စွာဘုရားကို ရဟန်းအဖြစ် စင်စစ်ပေးရန် တောင်းပန် လျှောက်ကြားသော်လည်း အခွင့် မရခဲ့ချေဟု ကြံစည်လျက် ဆေတ္တာသည်ကို ခေါ်စေပြီးလျှင် ဆံပင်တို့ကို ဖြတ်ရိတ်စေ၍ ဖန်ရည်စွန်းသော အဝတ်သင်္ကန်းတို့ကို ဝတ်ပြီးသော် အလုံးစုံသော ထိုသာကီဝင် မင်းသမီးတို့ကို ခေါ်ယူ၍ မြတ်စွာဘုရား သီတင်းသုံးစံတော်မူရာ ဝေသာလီပြည်သို့ ခရီးအစဉ်အတိုင်း လိုက်သွားကြ၍ ဖူးဖူးရောင်သော ခြေတို့ဖြင့် နေအရှိန်ရောင် ပူလောင်ချေးဖြာ လေလာဝိုက်အုံ မြူမှုန်အထပ်ထပ် လိမ်းကပ်သော ကိုယ်ဖြင့် ငြိုငြင်ဆင်းရဲ စိတ်နှလုံးမသာ ညှိုးခွေမျက်နှာ ငိုကြွေးရှာလျက် ဝေသာလီပြည် မဟာဝုန်တော စုလစ်မွမ်းချွန် အထွတ်တပ်သော ကျောင်းတံခါးမုခ် အပပြင်ဘက်၌ ဆိုက်ရောက်တည်နေ၏၊ အာနန္ဒာမထေရ်သည် လှည့်လည် ကြွလာ တွေ့ရှိတော်မူသောအခါ "မယ်တော်ဂေါတမီ အဘယ့်ကြောင့် ဖူးဖူးရောင်သောခြေ,မြူမှုန့်လိမ်းကပ်သော ကိုယ်ဖြင့် ဆင်းရဲပင်ပန်း ညှိုးနွမ်းကျထွက် မျက်ရည်ယိုစီးသောမျက်နှာပြင်းစွာ ငိုကြွေးလျက် ဤတံခါးမုခ်အပ၌ တည်နေပါသနည်း" ဟု မေးတော်မူသဖြင့် "အရှင်ဘုရား အာနန္ဒာ ဟုတ်မှန်တိုင်းသာ လျှောက်ထားပါအံ့။ အမောင့်နှောင်တော်ဖြစ်သော သားတော်ဘုရားသည် ဟောကြားမိန့်ရာ သာသနာတည်းဟူသော သုတ်, အဘိဓမ္မာ, ဝိနည်းတရားတော်၌ မာတုဂါမ၏ အိမ်ရာဖွဲ့နှောင် လူ့နှောင် လူ့ဘောင်မှ ထွက်၍ အိမ်ရာမနှောင် ရဟန်းဘောင်၌ ရဟန်းအဖြစ်ကို ခွင့်ပြုတော်မမူ။ ထို့ကြောင့် ဤကဲ့သို့ ပြုလုပ် တည်နေလာပါသည်"ဟု လျှောက်ကြား၏။ "မယ်တော် ဂေါတမီ ထိုသို့ ဖြစ်ပါမူကား အကြင်မျှလောက် ကာလပတ်လုံး အကျွန်ုပ်သည် မာတုဂါမ၏ မြတ်စွာဘုရား ဟောကြား မိန့်ရာ သာသနာ တည်းဟူသော သုတ်, အဘိဓမ္မာ, ဝိနည်းတရားတော်၌ လူတို့ဘောင်မှ ခွါရှောင်၍ ရဟန်းဘောင်၌ ရဟန်းအဖြစ်ကို ရအောင် မြတ်စွာဘုရားကို လျှောက်ထား တောင်းပန်ပါအံ့။ ထိုမျှလောက်တာကာလကြာအောင် တစ်ခဏမျှ ဤအရပ်၌သာနေ၍ ဆိုင်းငံ့ပါဦးလော့"ဟု ပြောဆိုပြီးလျှင် အရှင်အာနန္ဒာသည် မြတ်စွာဘုရားထံတော်သို့ ချဉ်းကပ်၍ "ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား အရှင်ဘုရားသည် ဟောကြားဆုံမရာ သာသနာတည်းဟူသော သုတ်, အဘိဓမ္မာ, ဝိနည်းတရားတော်၌ လူ့ဘောင်မှ ထွက်၍ ရဟန်းဘောင်၌ မာတုဂါမ၏ ရဟန်းအဖြစ်ကို ခွင့်ပြုတော်မမူ။ ထိုအကြောင်းကြောင့် ထိုမယ်တော် ဂေါတမီသည် ဆံပင်တို့ကို ရိတ်ပယ်လျက် ဖန်ရည်စွန်းသော အဝတ်သင်္ကန်းတို့ကို ဆင်မြန်းပြီးခါ ဝေးကွာလှစွာ လှမ်းခရီးဖြစ်သော

ကပိလဝတ်ပြည်မှ လိုက်လာ၍ ဖူးဖူးရောင်သော ခြေတို့ဖြင့် မြူမှုန်လိမ်းကပ်သော ကိုယ်ဖြင့် ဆင်းရဲပင်ပန်းစွာ မျက်ရည် ယိုစီးသောမျက်နှာ သည်းစွာငိုကြွေးလျက် ကျောင်း၏ တံခါးမုခ် အပ၌ တည်နေလာပါသည်။ ဘုန်းတော် ကြီးတော်မူသော မြတ်စွာဘုရား တပည့်တော် တောင်းပန်ပါ၏။ မာတုဂါမသည် မြတ်စွာဘုရား ဟောကြားဆုံးမရာ သာသနာတည်းဟူသော သုတ်, အဘိဓမ္မာ, ဝိနည်း တရားတော်၌ အိမ်ရာတည်ထောင် လူတို့ဘောင်မှ ထွက်ရှောင်စွန့်ခွါ၍ အိမ်ရာမနှောင် ရဟန်းဘောင်၌ ရဟန်းအဖြစ်ကို ရပါစေလော့”ဟု တောင်းပန် လျှောက်ကြားသည် ရှိသော် “ချစ်သား အာနန္ဒာ မသင့်လျော် မလျှောက်ပတ်ချေ။ ငါဘုရား ဟောကြားဆုံးမရာ သာသနာတည်းဟူသော သုတ်, အဘိဓမ္မာ, ဝိနည်းတရားတော်၌ လူတို့ဘောင်မှထွက်ခွါ၍ ရဟန်းဘောင်၌ မာတုဂါမ၏ ရဟန်းအဖြစ်ကို အသင်ချစ်သားသည် မနှစ်သက်ပါလင့်”ဟု တားမြစ်မိန့်ဆိုတော်မူ၏။ ဤသို့သော နည်းဖြင့် အာနန္ဒာမထေရ်သည် သုံးကြိမ်တိုင်အောင် လျှောက်ထား တောင်းပန်၍ မြတ်စွာဘုရားက သုံးကြိမ်တိုင်တိုင် တားမြစ် မိန့်ဆိုတော်မူသော အခါ အာနန္ဒာမထေရ်သည် “ဘုန်းစည်ထွတ်ထား မြတ်ဘုရားကား ဟောကြားတော်မူရာ သာသနာတည်းဟူသော သုတ်, အဘိဓမ္မာ, ဝိနည်း၌ အိမ်ရာတည်ထောင် လူ့ဘောင်မှ ထွက်၍ အိမ်ရာမနှောင် ရဟန်းဘောင်၌ မာတုဂါမ၏ ရဟန်းအဖြစ်ကို ခွင့်ပြုတော်မမူ။ အကယ်၍ ငါသည် တစ်ပါးသော အကြောင်း ပရိယာယ်ဖြင့် လဲလှယ်ထင်ရှား မြတ်စွာဘုရားကို တောင်းပန် လျှောက်ကြား ရပါမူကား သင့်လျော်ကောင်းမြတ် ပေလိမ့်မည်”ဟု ကြံစည်တော်မူ၍ “ဘုန်းတော် ကြီးတော်မူသော မြတ်စွာဘုရား မာတုဂါမသည် အရှင်ဘုရား ဟောကြားသိစေရာ သာသနာတည်းဟူသော သုတ်, အဘိဓမ္မာ, ဝိနည်း တရားတော်၌ အိမ်ရာတည်ဘောင် လူ့ဘောင်မှ ထွက်၍ အိမ်ရာမနှောင် ရဟန်း ဘောင်၌ ရဟန်းပြု၍ သောတာပတ္တိဖိုလ်ကို လည်းကောင်း၊ သကဒါဂါမိဖိုလ်ကို လည်းကောင်း၊ အနာဂါမိဖိုလ်ကိုလည်းကောင်း၊ အရဟတ္တဖိုလ်ကိုလည်းကောင်း မျက်မှောက်ပြုခြင်းငှါ ထိုက်ပါအံ့လော”ဟု မေးလျှောက်၏။ ချစ်သားအာနန္ဒာ မာတုဂါမသည် ငါဘုရားဟောကြားဆုံးမရာ သာသနာတည်းဟူသော သုတ်, အဘိဓမ္မာ, ဝိနည်း တရားတော်၌ အိမ်ရာတည်ထောင် လူ့ဘောင်မှ ထွက်၍ အိမ်ရာမနှောင် ရဟန်းဘောင်၌ ရဟန်းပြုပြီး၍ သောတာပတ္တိဖိုလ်ကို လည်းကောင်း၊ သကဒါဂါမိဖိုလ်ကို လည်းကောင်း၊ အနာဂါမိဖိုလ်ကို လည်းကောင်း၊ အရဟတ္တဖိုလ်ကိုလည်းကောင်း မျက်မှောက်ပြုခြင်းငှါ ထိုက်ပေသည်”ဟူ၍ မြတ်စွာဘုရားက ဖြေကြားတော်မူသည် ရှိသော် “ဘုန်းတော် ကြီးတော်မူသော မြတ်စွာဘုရား မာတုဂါမသည် အရှင်ဘုရားဟောကြားသော သာသနာတည်းဟူသော သုတ်, အဘိဓမ္မာ, ဝိနည်း တရားတော်၌ လူ့ဘောင်မှ ထွက်၍ ရဟန်းဘောင်၌ ရဟန်း အဖြစ်ကို ပြု၍ သောတာပတ္တိဖိုလ်ကို

လည်းကောင်း၊ သကဒါဂါမိဖိုလ်ကိုလည်းကောင်း၊ အနာဂါမိဖိုလ်ကိုလည်းကောင်း၊ အရဟတ္တဖိုလ်ကိုလည်းကောင်း မျက်မှောက်ပြုခြင်းငှါ ထိုက်ခဲ့ပါအံ့။ ဤသို့ ထိုက်ခဲ့သည် ရှိသော် ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား မဟာပဇာပတိ ဂေါတမီသည် ထို ဤရွေ့ဤမျှဟု မပိုင်းခြားနိုင်အောင် ကြီးမားများမြတ်သော ကျေးဇူးရှိပါပေ၏။ အရှင် မြတ်စွာဘုရား၏ မယ်တော်ရင်းစစ် ဖြစ်သော မဟာမာယာ မိဖုရားကြီး၏ ညီမတော် မိထွေးတော်ရင်းပါပေတည်း။ အရှင်ဘုရား မွေးဖွားတော်မူစ ငယ်ငယ်ကလျှင် စ၍ မိမိအလိုလို ခြေဖြင့် သွားနိုင်လောက်သော အရွယ်သို့ ရောက်အောင် စောင့်ရှောက် ကျွေးပွါးစေပါ၏။ ထိုထို ဤဤ ဘေးမသီအောင် ပိုက်ချီဆောင်ယူ မွေးမြူတော်မူခဲ့ပါပေ၏။ မိမိကိုယ်ဖြစ် ရင်နှစ်နို့ရည်ကို ကြည်ဖြူစွာ တိုက်ကျွေးတော်မူပါပေ၏။ အရှင်ဘုရား မယ်ဖွား ရင်းချာ မဟာမာယာ မိဖုရားကြီးသည် နတ်ထီးကြငှန်း စံမြန်းကွယ်လွန်တော်မူသည် ရှိသော် မိမိမှ မွေးဖွားသော သားတော်ရင်းဖြစ်သော နန္ဒမင်းသားကို နို့ထိန်းတို့ထံ အပ်နှံမွေးမြူစေပြီးသောအခါ အရှင်မြတ်စွာဘုရားကို မိမိကိုယ်တိုင် ထိန်းသိမ်းပိုက်ထွေး အရေးတယူ ကြည်ဖြူမြတ်လေး နို့ချိုအေးကို တိုက်ကျွေးခဲ့ပါ၏။ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား တပည့်တော် တောင်းပန်လျှောက်ကြားဝံ့ပါ၏။ မာတုဂါမသည် အရှင်ဘုရား၏ 'ဟောကြားသိစေရာ သာသနာတည်း'ဟူသော သုတ်, အဘိဓမ္မာ, ဝိနည်း တရားတော်၌ အိမ်ရာတည်ထောင် လူ့ဘောင်မှ ထွက်၍ အိမ်ရာမဲ့သော ရဟန်းဘောင်၌ ရဟန်းအဖြစ်ကို ရပါစေလော့"ဟု တောင်းပန်လျှောက်ကြား၏။

### အရှင်အာနန္ဒာ လျှောက်ထားတောင်းပန်သဖြင့် မိန်းမများ ရဟန်းပြုခွင့် ပေးတော်မူခြင်း

ထိုအခါ မြတ်စွာဘုရားရှင်က ချစ်သား အာနန္ဒာ မဟာပဇာပတိ ဂေါတမီသည် ရှစ်ပါးကုန်သော ဂရုဓမ္မတို့ကို အကယ်၍ ကောင်းစွာ ခံယူအံ့။ ဤသို့ ခံယူခဲ့သည် ရှိသော် ထိုမဟာပဇာပတိ ဂေါတမီအား ထိုရှစ်ပါးသော ဂရုဓမ္မ ခံယူခြင်းသည်ပင်လျှင် ရဟန်းပဉ္စင်း ဖြစ်ပေ၏။

ရှစ်ပါးကုန်သော ဂရုဓမ္မတို့ ဟူသည်ကား—

၁။ အဝါ တစ်ရာ ရပြီးသော ရဟန်းမိန်းမသည် ယနေ့ ပဉ္စင်း အဖြစ်သို့ ရောက်သော ရဟန်းယောကျ်ားအား အချိအခသရှိခိုးခြင်း ခရီးဦး ကြိုခြင်း လက်အုပ်ချီခြင်းအမှု အချိအလေ အမှုကို ပြုအပ်၏။

၂။ ရဟန်းမိန်းမသည် ရဟန်းယောကျ်ား အနီး မရှိသော ကျောင်း၌ ဝါကပ်ဆို မနေအပ်။

၃။ တစ်လ၏ ထက်ဝက် ဖြစ်သော ပက္ခတိုင်း ပက္ခတိုင်း ရဟန်းမိန်းမသည် ရဟန်းယောကျ်ားသံဃာတော်ထံမှ ဥပုသ်နေ့ကို မေးလျှောက်ခြင်းလည်းကောင်း၊ အဆုံးအမ ခံယူခြင်းငှါ ကပ်ရောက်ခြင်းလည်းကောင်း ဤနှစ်ပါးကုန်သော တရားတို့ကို အဖန်တလဲလဲ တောင့်တအပ်ကုန်၏။

၄။ ဝါမှ ထမြောက် ဝါကျွတ်ရောက်သော ရဟန်းမိန်းမသည် ရဟန်းယောကျ်ား, ရဟန်းမိန်းမ နှစ်ဦးသော သံဃာ၌ အမြင်ဖြင့်လည်းကောင်း၊ အကြားဖြင့်လည်းကောင်း၊ တွေးတော ယုံမှားခြင်းဖြင့် လည်းကောင်း ဤသုံးပါးကုန်သော အကြောင်းတို့ဖြင့် ပြောဆိုဆုံးမရန် ဖိတ်ကြားအပ်၏။

၅။ ဂရုဓမ္မ အမည်ရှိသော သံဃာဒိသိသ် အာပတ်သို့ ရောက်သော ရဟန်းမိန်းမသည် နှစ်ဦးသော သံဃာ၌ ပက္ခမာနတ်ကို ကျင့်အပ်၏။

၆။ နှစ်နှစ်တိုပတ်လုံး ခြောက်ပါးကုန်သော သိက္ခာပုဒ် တရားတို့၌ ကျင့်အပ်ပြီးသော သိက္ခာရှိသော သိက္ခမာန်မ၏ နှစ်ဦးသော သံဃာ၌ ရဟန်းပဉ္စင်းအဖြစ်ကို ရှာမှီးအပ်၏။

၇။ ရဟန်းမိန်းမသည် တစ်စုံတစ်ခုသော အကြောင်းဖြင့် ရဟန်းယောကျ်ားကို မဆဲဆိုအပ်၊ မရေရွတ်အပ်။

၈။ ယနေ့ကို အစပြု၍ ရဟန်းယောကျ်ားတို့၌ ရဟန်းမိန်းမတို့၏ ပြစ်တင်ပြောဆိုခြင်း စသော စကားအကြောင်းကို ပိတ်ပင်အပ်၏။ ရဟန်းမိန်းမတို့၌ ရဟန်းယောကျ်ားတို့၏ ပြစ်တင် ပြောဆိုခြင်း စသော စကားအကြောင်းကို မပိတ်ပင်အပ်။

ဤသို့ ဖော်ပြခဲ့သော တစ်ပါးပါးသော ကျင့်ဝတ်တရားကို အရိုအသေပြု၍ အလေးပြု၍ မြတ်နိုး၍ ပူဇော်၍ အသက်ရှည်သမျှ ကာလပတ်လုံး မလွန်မီ ကျူးအပ်။

"ချစ်သား အာနန္ဒာ ဤသို့ဖော်ပြ ဂရုဓမ္မကို မဟာပဇာပတိ ဂေါတမီသည် အကယ်၍ ခံယူနိုင်အံ့၊ ယင်းသို့ ခံယူနိုင်သည် ရှိသော် ထိုရှစ်ပါးသော ဂရုဓမ္မ ခံယူခြင်းသည်ပင်လျှင် ထိုမဟာပဇာပတိ ဂေါတမီအား မြင့်မြတ်သော ရဟန်းပဉ္စင်းအဖြစ် ဖြစ်စေလော"ဟု မိန့်ကြားတော်မူ၏။

### မိထွေးတော် ဂေါတမီ ရဟန်းအဖြစ်ကို ရခြင်း

အာနန္ဒာမထေရ်သည် မြတ်စွာဘုရား အထံတော်မှ ဂရုဓမ္မရှစ်ပါးကို သင်ယူ၍ မဟာပဇာပတိ ဂေါတမီအား အကြောင်းပြန်ကြား ရှစ်ပါးသော ဂရုဓမ္မကို

ဝမ်းမြောက်ဝမ်းသာ ကောင်းစွာ ခံယူသော မဟာပဇာပတိ ဂေါတမီသည် ရှစ်ပါးကုန်သော ဂရုဓမ္မတို့ဖြင့် ရှင်အဖြစ်ကို လည်းကောင်း၊ ရဟန်းပဉ္စင်းအဖြစ်ကို လည်းကောင်း ရရှိလေ၏။ မိထွေးတော် ဂေါတမီမှ တစ်ပါးကုန်သော အလုံးစုံလည်း ဖြစ်ကုန်သော သာကီဝင် မင်းသမီးတို့သည်လည်း တစ်ပြိုင်နက်တည်း သာလျှင် ရဟန်းပဉ္စင်းအဖြစ် ဖြစ်လေကုန်၏။ ထိုနောက် တစ်ရံသောအခါ မဟာပဇာပတိဂေါတမီသည် မြတ်စွာဘုရား အထံတော်သို့ ချဉ်းကပ်၍ သင့်တင့်လျောက်ပတ်သော အရပ်၌ တည်နေ၏။ ထိုအခါ မဟာပဇာပတိ ဂေါတမီအား မြတ်စွာဘုရားသည် တရားကို ဟောကြားတော်မူ၏။ ထိုမဟာပဇာပတိ ဂေါတမီသည် မြတ်စွာဘုရား အထံတော်၌ ကမ္မဋ္ဌာန်းကို ယူ၍ အရဟတ္တဖိုလ်သို့ ရောက်လေ၏။ ကြွင်းကုန်သော ငါးရာကုန်သော ဘိက္ခုနီမတို့သည် နန္ဒကောဝါဒသုတ်အဆုံး၌ အရဟတ္တဖိုလ်သို့ ရောက်ကုန်၏။

နောက်အဖို့၌ မြတ်စွာဘုရားရှင်သည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူလျက် ဘိက္ခုနီမတို့ကို အရာအထူး၌ ချီးကျူးမြှောက်စားထားတော်မူသည် ရှိသော် မဟာပဇာပတိ ဂေါတမီကို ညဉ့်အပိုင်းအခြားကို သိကုန်သော ဘိက္ခုနီမတို့တွင် အထွတ်အမြတ် (ရတ္တညူတေဒဂ်) အရာ၌ ထားတော်မူ၏။

မြတ်စွာဘုရားရှင်သည် ဖော်ပြခဲ့ပြီးသော စကားအစဉ်အတိုင်းအားဖြင့် သိက္ခာပုဒ် ပညတ်ခြင်း၏ အကြောင်းဝတ္ထုသည် မဖြစ်ပေါ်မီ ပညတ်တော်မူအပ်ကုန်သော ရှစ်ပါးကုန်သော ဂရုဓမ္မတို့ကို တန်ဆာ ဆင်လေ့ရှိသော ယောကျ်ားသည် ကောင်းစွာရည်သွန်း ထုံမွမ်းအပ်သော ပန်းကုံးကို ကောင်းစွာ ပန်ဆင် ခံယူသကဲ့သို့ ဦးခေါင်းဖြင့် ကောင်းစွာ ခံယူ၍ အခြံအရံနှင့် တကွသော မဟာပဇာပတိဂေါတမီသည် မြင့်မြတ်သော ရဟန်းပဉ္စင်းအဖြစ်ကို ရလေ၏။

ထိုမဟာပဇာပတိ ဂေါတမီအား တစ်ပါးသောဥပဇ္ဈာယ်သည်လည်းကောင်း၊ ဆရာသည်လည်းကောင်း မရှိ၊ ဤသို့ ရအပ်သော ရဟန်းပဉ္စင်း အဖြစ်ရှိသော မထေရီမကို အကြောင်းပြု၍ ဤသို့ စကားဖြစ်ပွားလာကုန်၏—

တစ်ပါးသောအခါ၌ "မဟာပဇာပတိ ဂေါတမီ၏ ဆရာဥပဇ္ဈာယ်တို့သည် ရည်ရွယ်ပြစ်စင် ဤသူပင်ဟု မထင်ကြကုန်။ မိမိ၏လက်ဖြင့်သာလျှင် ဖန်ရည်စွန်းသော အဝတ်ကိုကို ယူ၍ဝတ်ဆင်၏" ဟူသောစကားကို ဖြစ်စေကြကုန်၏။ ဤသို့သော စကားကိုလည်း ပြောကြားကုန်ပြီး၍ကား ရဟန်းမိန်းမတို့သည် အလို့လို့ရှိကြကုန်သည် ဖြစ်၍ ထိုမဟာပဇာပတိ ဂေါတမီနှင့် အတူတကွ ဥပုသ်ကံကို မပြုကြကုန်။ ပဝါရဏာကံကို မပြုကြကုန်၊ ထိုရဟန်း မိန်းမတို့သည် သွားရောက်ကုန်၍ မြတ်စွာဘုရားအားလည်း ထိုအကြောင်းကို ကြားလျှောက်ကုန်၏။ မြတ်စွာဘုရားသည် ထိုရဟန်းမိန်းမတို့ လျှောက်ကြားသော စကားကို ကြားတော်မူ၍ "မဟာပဇာပတိ ဂေါတမီအား ရှစ်ပါးကုန်သော ဂရုဓမ္မတို့ကို

ပေးအပ်ကုန်၏။ ငါဘုရားသည်သာလျှင် ထိုမဟာပဇာပတိ ဂေါတမီ၏ ဥပဇ္ဈာယ် ပေတည်း။ ကာယဒုစရိုက် စသည်တို့မှ ကင်းစင်ကုန်သော, ကုန်ပြီးသော အာသဝေါ ရှိကုန်သော ရဟန္တာပုဂ္ဂိုလ်တို့၌ အလိုလိုမည်သည် မပြုအပ်ပေ”ဟု မိန့်တော်မူပြီး တရားတော်ကို ဟောကြားတော်မူလိုရကား ဤဂါထာကို မိန့်တော်မူ၏—

ယဿ ကာယေန ဝါစာယ၊ မနသာ နတ္ထိ ဒုက္ကဋံ။
သံဝုတံ တီဟိ ဌာနေဟိ၊ တမဟံ ဗြူမိ ဗြာဟ္မဏံ။

အကြင် ပုဂ္ဂိုလ်အား ကိုယ်ဖြင့် လည်းကောင်း, နှုတ်ဖြင့် လည်းကောင်း, စိတ်ဖြင့်လည်းကောင်း မကောင်းမှုပြုခြင်း မရှိ၊ ကိုယ် နှုတ် စိတ် သုံးပါးသော အကြောင်းတို့ဖြင့် စောင့်စည်းအပ်သော ထိုပုဂ္ဂိုလ်ကို ဗြာဟ္မဏဟူ၍ ငါဘုရား ဟောတော်မူ၏။

ထိုဂါထာ၌– ဒုက္ကဋ ဟူသည် အပြစ်ရှိသော ဆင်းရဲကို ပွါးစေတတ်သေ၁ အပါယ်သို့ ရောက်စေတတ်သော ကံတည်း။

တီဟိ ဌာနေဟိ ဟူသည် ထိုကိုယ်စသော သုံးပါးသော အကြောင်းတို့ဖြင့် ကာယဒုစရိုက်စသော အကုသိုလ်ဝင်ပေါက်တို့ကို တားမြစ်ခြင်းငှါ တံခါးကို ပိတ်ထား၏၊ ထိုသူကို ဗြာဟ္မဏဟူ၍ ငါဘုရားဟောတော်မူ၏။

ဒေသနာတော်အဆုံး၌ များစွာသော သူတို့သည် သောတာပတ္တိဖိုလ်သို့ ရောက်ကုန်၏။

မဟာပဇာပတိဂေါတမီဝတ္ထု ပြီး၏။

---

## ၉။ သာရိပုတ္တတ္ထေရဝတ္ထု

ယမှာ အစရှိသော ဤတရားဒေသနာတော်မြတ်ကို မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် အရှင်သာရိပုတ္တရာမထေရ်ကို အကြောင်းပြု၍ ဟောကြားတော်မူ၏။

ဓမ္မသေနာပတိ မည်၍ထင်စွာ ထိုအရှင်သာရိပုတ္တရာသည် ပဉ္စဝဂ္ဂီမထေရ် ငါးပါးတို့တွင် တစ်ပါးဝင်ဘိ အဿဇိ မထေရ်၏ အထံ၌ “ယေ ဓမ္မာ ဟေတုပ္ပဘဝါ” အစလာသော ဂါထာ တရားကို ကြားနာရ၍ သောတာပတ္တိဖိုလ်သို့ ရောက်သောကာလမှ စ၍ အကြင် အရပ်မျက်နှာ၌ ဆရာဖြစ်သော အဿဇိ မထေရ်သည် သီတင်းသုံးနေမျှတော်မူသည်ဟု ကြားသိရ၏။ ထိုအဿဇိမထေရ် သီတင်းသုံး တည်ရှိတော်မူရာ အရပ်မျက်နှာသို့ လက်အုပ်ကို မြှောက်ချီ၍ ထိုအဿဇိမထေရ် သီတင်းသုံး တည်ရှိသော အရပ်မျက်နှာ၌သာလျှင် မိမိ ဦးခေါင်းထားသည်ကို မြင်၍ လျှောင်းအိပ်ပေသတတ်။ ရဟန်းတို့သည် “သာရိပုတ္တရာ မထေရ်ကား မှားသော အယူရှိသော မိစ္ဆာဒိဋ္ဌိပေတည်း။

ယခုနေ့တိုင်အောင်လည်း အရပ်မျက်နှာတို့ကို ရှိခိုးလျက် လှည့်လည်လေတိသည်”ဟု ပြောဆို ရှက်ချကဲ့ရှိကြကုန်၍ ထိုသို့သော အကြောင်းကို မြတ်စွာဘုရားအား ကြားလျှောက်ကုန်၏။ မြတ်စွာဘုရားသည် သာရိပုတ္တရာမထေရ်ကို ခေါ်စေတော်မူ၍ “ချစ်သား သာရိပုတ္တရာ အသင်သည် အရပ်မျက်နှာတို့ကို ရှိခိုးလျက် လှည့်လည်ဘိသော ဟူသည် ဟုတ်မှန်ပေသလော”ဟု မေးတော်မူသည် ဖြစ်၍ “ဘုန်းတော် ကြီးတော်မူသော မြတ်စွာဘုရား တပည့်တော်၏ အရပ်မျက်နှာတို့ကို ရှိခိုးသော အဖြစ်ကိုလည်းကောင်း၊ ရှိမခိုးသော အဖြစ်ကို လည်းကောင်း အရှင်မြတ်စွာဘုရားတို့သည်သာလျှင် သိတော်မူပါကုန်လော”ဟု လျှောက်ထားသည် ရှိသော် မြတ်စွာဘုရားရှင်က “ချစ်သား ရဟန်းတို့ ငါ့သားတော် သာရိပုတ္တရာသည် အရပ်မျက်နှာတို့ကို ရှိခိုးသည် မဟုတ်။ အဿဇိမထေရ်၏ အထံမှကား တရားတော်ကို ကြားနာရသည် ဖြစ်၍ သောတာပတ္တိဖိုလ်သို့ ရောက်သည်၏ အဖြစ်ကြောင့် မိမိ၏ ဆရာဖြစ်သော အဿဇိမထေရ်ကို ရှိခိုး၏။ ထိုစကားသည် မှန်၏၊ အကြင်ဆရာကို အမှီပြု၍ ရဟန်းသည် သစ္စာလေးပါးတရားကို ထိုးထွင်း၍ သိ၏။ ထိုရဟန်းသည် မိမိမှီရာ ထိုဆရာကို ပုဏ္ဏားသည် ယဇ်ပူဇော်သော မီးကို ရိုသေစွာ ရှိခိုးသကဲ့သို့ ရိုသေစွာ ရှိခိုးအပ်သည်သာလျှင်တည်း”ဟု မိန့်တော်မူပြီး တရားတော်ကို ဟောကြားတော်မူလိုရကား ဤဂါထာကို မိန့်တော်မူ၏။

**ယမှာ ဓမ္မံ ဝိဇာနေယျ၊ သမ္မာသမ္ဗုဒ္ဓဒေသိတံ။**
**သက္ကစ္စံ တံ နမဿေယျ၊ အဂ္ဂိဟုတ္တံဝ ဗြာဟ္မဏော။**

အကြင်ဆရာထံမှ မြတ်စွာဘုရား ဟောကြားအပ်သော တရားတော်ကို ထိုးထွင်းသိခဲ့ရာ၏။ ထိုဆရာကို ပုဏ္ဏားသည် ယဇ်ပူဇော်သောမီးကို ရှိခိုးသကဲ့သို့ ရိုသေစွာ ရှိခိုးရာ၏။

ထိုဂါထာ၌—

အဂ္ဂိဟုတ္တံ ဟူသည် ပုဏ္ဏားသည် ယဇ်ပူဇော်သော မီးကို ကောင်းမွန်စွာ လုပ်ကျွေးခြင်းဖြင့်လည်းကောင်း၊ လက်အုပ်ချီခြင်း စသည်ဖြင့် လည်းကောင်း ရိုသေစွာ ရှိခိုးသကဲ့သို့ ထို့အတူ အကြင်ဆရာထံ၌ ဘုရားဟောတရားတော်ကို ထိုထွင်း သိခဲ့ရာ၏။ ထိုဆရာကို ရိုသေစွာ ရှိခိုးရာ၏။

ဒေသနာတော်၏ အဆုံး၌ များစွာသော သူတို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်ကုန်၏။

သာရိပုတ္တတ္ထေရဝတ္ထု ပြီး၏။

## ၁၀။ ဇဋိလဗြာဟ္မဏဝတ္ထု

န ဇဋာဟိ အစရှိသော ဤဓမ္မဒေသနာတော်ကို မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူစဉ် ဇဋိလ အမည်ရှိသော ပုဏ္ဏားတစ်ယောက်ကို အကြောင်းပြု၍ ဟောတော်မူ၏။

ဇဋိလ အမည်ရှိသော ထိုပုဏ္ဏားသည် "ငါသည်ကား မွေးဖွားသန့်စင်မိခင်၏ ဘက်မှလည်းကောင်း၊ စောင့်ရှောက်ပြုပြင် ဖခင်၏ ဘက်မှလည်းကောင်း နှစ်ဦး နှစ်ဖက် ပြစ်ချက် မထား မွေးဖွား ကောင်းစွာ ဖြစ်ပေါ်လာသော လေးဖြာအမျိုး သည်ဖြစ်ရိုးတွင် ပြစ်မျိုးမခ သန့်စင်လှသော ဗြာဟ္မဏအမျိုး၌ ဖြစ်ခဲ့ပေ၏။ ရဟန်း ဂေါတမသည် မိမိ၏ တပည့်တို့ကို ဗြာဟ္မဏဟူ၍ ပြောဆို၏။ စင်စစ်အမှန်အားဖြင့် ငါ့ကိုလည်း ထိုဗြာဟ္မဏဟူသော အမည်ဖြင့် ခေါ်ဆိုခြင်းငှါ သင့်လျော် လျောက်ပတ် အပ်တော့သည်သာတည်း" ဟု ကြံစည်၍ မြတ်စွာဘုရား၏ ထံပါးမျက်မှောက်သို့ သွားရောက်ပြီးသော် မိမိရည်သန် အကြံဖြစ်သော ထိုအကြောင်းကို မေးလျှောက်၏။ ထိုအခါ မြတ်စွာဘုရားရှင်က ထိုဇဋိလပုဏ္ဏားကို "အို ပုဏ္ဏား ငါဘုရားသည် ဆံကျစ်ရှိကာမျှဖြင့် အမျိုးအနွယ်မျှဖြင့် ဗြာဟ္မဏဟူ၍ မခေါ်ဆို မဟောကြားချေ၊ ထိုးထွင်း သိမြင်အပ်သော သစ္စာရှိသော ပုဂ္ဂိုလ်ကိုသာလျှင် ငါဘုရားသည် ဗြာဟ္မဏဟူ၍ ခေါ်ဆိုဟောကြားတော်မူပေ၏" ဟု မိန့်တော်မူပြီး တရားတော်ကို ဟောကြားတော်မူလိုရကား ဤဂါထာကို မိန့်တော်မူ၏။

> န ဇဋာဟိ န ဂေါတ္တေန၊ န ဇစ္စာ ဟောတိ ဗြာဟ္မဏော။
> ယမှိ သစ္စဉ္စ ဓမ္မော စ၊ သော သုစီ သော စ ဗြာဟ္မဏော။

ဆံကျစ်ထုံးကာမျှဖြင့် လည်းကောင်း၊ အနွယ်စစ်ကာမျှဖြင့် လည်းကောင်း၊ အမျိုးကောင်းကာမျှဖြင့် လည်းကောင်း ဗြာဟ္မဏ မဖြစ်သေး။ သစ္စာလေးပါး တရားသိမြင် လောကုတ္တရာ ဉာဏ်အမြင် နှစ်ပါးလုံး ပြည့်ဝ တည်ရှိသော ပုဂ္ဂိုလ်သည် ညစ်ကြေးမတင် သန့်ရှင်းစင်၏။ ထိုပုဂ္ဂိုလ်သာ ဗြာဟ္မဏ မည်၏။

ထိုဂါထာ၌— သစ္စံ ဟူသည် အကြင် ပုဂ္ဂိုလ်၌ သစ္စာ လေးပါးတို့ကို ၁၆-ပါးသော အခြင်းအရာတို့ဖြင့် ထိုးထွင်းသိ၍ တည်သော သစ္စာဉာဏ်သည် လည်းကောင်း၊ ကိုးပါးအပြားရှိသော လောကုတ္တရာ တရားသည်လည်းကောင်း ရှိ၏။ ထိုသူသည် စင်ကြယ်သော သူလည်း မည်၏၊ ဗြာဟ္မဏလည်း မည်၏။

ဒေသနာတော်၏ အဆုံး၌ များစွာကုန်သော သူတို့သည် သောတာပတ္တိဖိုလ်စသည်တို့သို့ ရောက်ကုန်၏။

ဇဋိလဗြာဟ္မဏဝတ္ထု ပြီး၏။

## ၁၁။ ကုဟကဗြာဟ္မဏဝတ္ထု

ကိံ တေ အစရှိသော ဤတရားဒေသနာတော်ကို မြတ်စွာဘုရားသည် စုလစ်မွမ်းချွန် အထွတ်တပ်သော ဇရပ်၌ သီတင်းသုံးနေတော်မူစဉ် တွဲလဲဆွဲ လင်းနို့ကျင့်ဝတ် ဆောက်တည်သော စဉ်းလဲသော ပုဏ္ဏားကို အကြောင်းပြု၍ ဟောကြားတော်မူ၏။

ထိုပုဏ္ဏားသည် ဝေသာလီပြည်၏ မြို့တံခါးအနီး၌ တစ်ခုသော ရေခံတက်ပင်သို့ တက်၍ နှစ်ဖက်ကုန်သော ခြေတို့ဖြင့် သစ်ခက်ကို ချိတ်ယူ၍ အောက်သို့ ညွတ်ပျောင်း ဦးခေါင်းဇောက်ထိုး တွဲလဲဆွဲလျက် "ညိုမှောင်မည်းလျက်နက်သောအဆင်းရှိကုန်သော နွားတို့၏ တစ်ရာသော နွားကို ငါ့အား ပေးကြကုန်လော့၊ အသပြာတို့ကို ငါ့အား ပေးကြကုန်လော့။ အလုပ်အကျွေးကို ငါ့အား ပေးကြကုန်လော့။ အကယ်၍ မပေးခဲ့ကုန်အံ့၊ ဤသို့ မပေးခဲ့သည် ဖြစ်လျှင် ဤသစ်ပင်ထက်မှ လွတ်ကျပြုတ်ကြွေ သေလွန်ခဲ့သည် ရှိသော် အိမ်ခြေပြည့်မို့ လူနေမြို့ကို ယှင်းချို့ချည်းနီး ပျက်စီးဆုတ်ယုတ် မြို့မဟုတ်သည်ကို ပြုပေအံ့"ဟု မြည်တမ်း ပြောဆို၏။ ရဟန်းသံဃာတော်အပေါင်း ခြံရံအပ်သော မြတ်စွာဘုရား၏ မြို့သို့ကြွခင်တော်မူသောအခါ ရဟန်းတော်တို့သည် ထိုပုဏ္ဏားကို တွေ့မြင်ခဲ့၍ မြို့မှ ထွက်သော အခါ၌လည်း ရှေးနည်းအတူသာလျှင် တွဲလဲဆွဲသော ထိုပုဏ္ဏားကို တွေ့မြင်ကုန်၏၊ မြို့သူမြို့သားတို့သည်လည်း "ဤပုဏ္ဏားသည် နံနက်စောစောမှသာလျှင် အစပြု၍ ဤသို့ပစ်လွဲ တွဲလဲဆွဲလျက် မမြဲချော်ချွတ် လွတ်ထုက် လိမ့်ကျ သေလွန်ရသည် ရှိသော် အိမ်ခြေပြည့်မို့ လူနေမြို့ကို ယှင်းချို့တိမ်မြုပ် မြို့မဟုတ်သည်ကို ပြုလုပ်ပေရာ၏"ဟု ကြံစည်ကုန်၏။ ကြံစည်ကုန်ပြီး၍ မြို့ပျက်စီးအံ့သည်မှ ကြောက်သောကြောင့် "အကြင်ဝတ္ထုကို ထိုပုဏ္ဏားသည် တောင်း၏၊ အလုံးစုံသော ထိုဝတ္ထုကို ပေးကုန်အံ့"ဟု ဝန်ခံကြကုန်၍ စုဆောင်းပေးစွန့်ကြကုန်၏၊ ထိုပုဏ္ဏားသည် သစ်ပင်မှ သက်ဆင်း၍ အလုံးစုံသော ပစ္စည်းဥစ္စာ ဘဏ္ဍာအစုကို ယူ၍ သွား၏။ ရဟန်းတော်တို့သည် ကျောင်းတော်၏အနီးဖြစ်သော ဥပစာ၌ နွားကဲ့သို့ မြည်ဘွန် ဖြတ်သန်းသွားသော ထိုပုဏ္ဏားကို မြင်သည် ရှိသော် မှတ်မိသောကြောင့် "အိုပုဏ္ဏား အသင့်အား အလိုဆန္ဒ တောင့်တသည့်အတိုင်း ရပါ၏လော"ဟု မေးကြကုန်သည်ရှိသော် "အကျွန်ုပ်အား ခြေ ရရှိပါ၏"ဟု ပြောဆိုသောစကားကို ကြားသိကုန်၍ ကျောင်းတော်အတွင်း၌ သီတင်းသုံးတော်မူသော မြတ်စွာဘုရားအား ထိုသို့သော အကြောင်းကို ရှုံးပေါင်းလျှောက်ကြားကုန်၏။ မြတ်စွာဘုရားရှင်က "ချစ်သား ရဟန်းတို့ ဤယခုအခါ၌သာလျှင် ထိုပုဏ္ဏားသည် အံ့ဖွယ်သရဲ စဉ်းလဲပြုလုပ်လျက် ခိုးဝှက်တတ်သော ခိုးသူဖြစ်သည် မဟုတ်သေး။ ရှေးအခါ၌လည်း အံ့ဖွယ်သရဲ စဉ်းလဲလှည့်ပတ်လျက် ခိုးဝှက်တတ်သော ခိုးသူသာလျှင် ဖြစ်ဖူးလေပြီ။ ဤယခုအခါ

၌ကား ဤပုဏ္ဏားသည် ရှေ့နောက် မျှော်ကြည့် စိစစ်တတ်စွာ ပညာကင်းသူ မိုက်သောလူအပေါင်းကို လှည့်ပတ်၏။ လွန်လေပြီးသော ထိုရှေးအခါ၌ကား ရှေ့နောက်နှစ်ပြင် ဆင်ခြင်တတ်စွာ ပညာရှိသော သူတို့ကို လှည့်ပတ်ခြင်းငှါ မစွမ်းနိုင်လေ”ဟု မိန့်တော်မူပြီး၍ ထိုရဟန်းတို့သည် တောင်းပန်အပ်သော ကြောင့် အတိတ်ကို ဆောင်တော်မူ၏။

## ပုဏ္ဏားစဉ်းလဲ၏ အတိတ်ဝတ္ထု

ရှေးလွန်လေပြီးသောအခါ ဗာရာဏသီပြည်မြတ်၌ ဗြဟ္မဒတ်မင်းသည် မင်းအဖြစ်ကို ပြုသည် ရှိသော် ဗာရာဏသီပြည်၏ အနီးဖြစ်သော တစ်ခုသောရွာကို အမှီပြု၍ ကောက်ကျစ်စဉ်းလဲသော တစ်ယောက်သော ရသေ့သည် နေမျှခြင်းကို မြူ၏။ ထိုရသေ့စဉ်းလဲကို တစ်ဦးသော အချို့သည် လုပ်ကျွေးပြုစု၏။ နေ့အခါ၌ ဖြစ်ပေါ် ရရှိလာသော ခဲဖွယ်ဘောဇဉ်မှ မိမိ၏သားသမီးတို့အား တစ်ဖို့တစ်စုကို ပေးဝေဘိသကဲ့သို့ ထိုရသေ့စဉ်းလဲအားလည်း တစ်ဖို့တစ်စုကို ပေးလှူ၏။ ညချမ်းအခါ၌ ဖြစ်ပေါ် ရရှိလာသော အဖို့အစုကို သိမ်းဆည်းထား၍ နှစ်ရက်မြောက်သောနေ့၌ ပေးလှူ၏၊ ထိုနောက် တစ်နေ့သော ညချမ်းအခါ၌ ဖွတ်သားကို ရ၍ ကောင်းစွာ ချက်လုပ်ပြီးလျှင် ထိုဖွတ်သားမှ အဖို့အစုကို သိမ်း သိမ်းဆည်းထား၍ နှစ်ရက်မြောက်သော နေ့၌ ထိုရသေ့စဉ်းလဲအား ပေးလှူကုန်၏။ ရသေ့စဉ်းလဲသည် ဖွတ်သားကို စား၍ ရသာ၌ ခုံမင်တပ်မက်ကာ တဏှာဖြင့် ဖွဲ့မိရကား “ဤဟင်းမျိုးသည် အဘယ်မည်သော အသားနည်း”ဟု မေး၍ “ဖွတ်သားပေတည်း”ဟု ပြောဆိုကြားသိရသည် ရှိသော် ဆွမ်းခံဝတ်ဖြင့် လှည့်လည်၍ ထောပတ်, နို့ဓမ်း, ရှိန်းခို, ဇီယာ, ဂျင်း, ကြက်သွန်, ငရုတ်,ပိတ်ချင်း ဘဏ္ဍာ စသည်တို့ကို ဆောင်ယူ၍ သစ်ရွက်မိုးသော ဇရပ်သခ်မ်းသို့ သွားရောက်ပြီးသော် သင့်တင့်လျောက်ပတ်သော တစ်ခုသော အစွန့်အဖျားအရပ်၌ ထား၏။ သစ်ရွက်မိုးသော ဇရပ်သခ်မ်းနှင့် မနီးမဝေးသော တစ်ခုသော တောင်ပို့၌ ဘုရားအလောင်း ဖွတ်မင်းသည် နေ၏။ ထိုဖွတ်မင်းသည် ရံခါရံခါ ရသေ့စဉ်းလဲကို ဦးချညွတ်သျှိုး ရှိခိုးခြင်းငှါ လာရောက်လေ့ရှိ၏။ ဖွတ်သားကို စားရပြီးသော ထိုနေ့ကား ထိုဖွတ်ကို သတ်တော့အံ့ဟု ကြံ၍ တုတ်လုံးကန်ကို မမြင်နိုင်စွမ်း ဖုံးလွှမ်းကွယ်ထား၍ ထိုတောင်ပို့၏ အနီးဖြစ်သော နေရာ၌ ငိုက်ချဉ်း အိပ်ပျော်ဘိသကဲ့သို့ ထိုင်နေ၏။ ထိုဖွတ်မင်းသည်သည်း တောင်ပို့မှ ထွက်၍ ထိုရသေ့စဉ်းလဲ၏ အထံသို့ လာလျက်သာလျှင် အခြင်းအရာကို ကြည့်ရှုမှတ်သား၍ “ယနေ့ ငါသည် ဆရာရသေ့၏ အပြုအမူအခြင်းအရာကို မယုံကြည်မနှစ်သက်”ဟု ကြံပြီးသည့်အခါ ထိုကြံစည်မိသော နေရာမှသာလျှင် ဆုတ်နစ်ပြန်လည်၏။ ရသေ့စဉ်းလဲသည် ထိုဖွတ်မင်း၏ ဆုတ်နစ်ပြန်လည်သော အဖြစ်ကို စောင်း၍ ကြည့်ရှုခြင်းဖြင့် သိ၍ ထိုဖွတ်မင်းကို ဇိဝိန်ဖြတ်ခွင်း သတ်ခြင်းအကျိုးငှါ

တုတ်လုံကန်ကို ပစ်၏။ ပစ်ခတ်လေပြန် တုတ်လုံကန်သည် တွေးကြံမြော်သိသတိရှိသော ဖွတ်မင်းကို မထိခိုက်ဘဲ ချွတ်လွဲ၍ သွားလေ၏။ ဖွတ်မင်းသည်လည်း တောင်ပို့လိုဏ်ခေါင်း အတွင်းသို့ သက်ဆင်းပြေးဝင်၍ ထိုတောင်ပို့လိုဏ်ခေါင်းမှ ဦးခေါင်းကို ထုတ်ပြီးလျှင် လာလမ်းခရီးကို ပြန်လည်ကြည့်ရှုလျက် ရသေ့စဉ်းလဲကို နှစ်ဂါထာတို့ဖြင့် ပြောဆို၏။

သမဏံ တံ မညမာနော၊ ဥပဂစ္ဆိံ ' မသညတံ၊
သော မံ ဒဏ္ဍေန ပါဟာသိ၊ ယထာ အဿမဏော တထာ။

ကိံ တေ ဇဋာဟိ ဒုမ္မေဓ၊ ကိံ တေ အဇိနသာဋိယာ။
အဗ္ဘန္တရံ တေ ဂဟနံ၊ ဗာဟိရံ ပရိမဇ္ဇသိ။

ငါသည် ကိုယ်,နှုတ်,နှလုံး သုံးပါးလုံးကို စောင့်သုံးခြင်း မရှိသော အသင်ရသေ့ကို ရဟန်းဟု မှတ်ထင်အောက်မေ့သည်ဖြစ်၍ ရှိနိုးခြင်းငှါ ကပ်ရောက်မိပြီ၊ ရဟန်းမဟုတ် ကြမ်းကြုတ်ခက်မာသော အခြင်းအရာဖြင့် သင်သည် ငါ့ကို တုတ် လုံကန်ဖြင့် ပစ်ခတ်လေပြီ။

ပညာချတ်နဲ့ အိုရသေ့စဉ်းလဲ အသင်အား ဦးခေါင်း၌ ရစ်အပ်သောဆံကျစ်တို့ဖြင့် အဘယ်အကျိုး ရှိချေအံ့နည်း။ ပခုံးထက်ရှိ ခွါနှင့်တကွသော သစ်နက်ရေဖြင့် အသင်အား အဘယ်အကျိုးရှိချေအံ့နည်း၊ သင်ရသေ့၏ ကိုယ်အတွင်းသည် အဆိပ်ပြည့်သည့်ဗူးပမာ ကျင်ကြီးပြည့်နေသော တွင်းကျင်းအနေ မြွေဖြင့်ပြည့်မို့ တောင်ပို့ပမာ ကိလေသာထူထဲ ပြည့်ကြပ်၏။ တစ်ပါးသူတို့ ရှုမှုနိုင်ရန် အပသန္တာန်ကား ဆင်,မြင်း စွန့်ပြီး ကျင်ကြီးတုံးပမာ လှန်စွာပြေပြစ်၏ဟု ပြောဆို၏။ ထိုအခါ ရသေ့စဉ်းလဲသည် ထိုဘုရားလောင်းဖွတ်မင်းကို မိမိ၏ ဥစ္စာဖြင့် ဖြားယောင်းခြင်းငှါ ဤဂါထာကို ရွတ်ဆို၏။

ဧဟိ ဂေါဓ နိဝတ္တဿု၊ ဘုဉ္ဇ သာလီနမောဒနံ၊
တေလံ လောဏဉ္စ မေ အတ္ထိ၊ ပဟူတံ မယှ ပိပ္ဖလီ၊

အိုဖွတ်မင်း ငါ့ထံသို့လာခဲ့ပါဦးလော့။ ခိုအောင်းရာမှ ပြန်လည်ခဲ့ပါဦးလော့။ ငါ့အား ဆီသည်လည်းကောင်း၊ ဆားသည်လည်းကောင်း ရှိ၏။ ငါ့အား များပြားစွာသော ရှိန်းခို, ဇီယာ, ဂျင်း, ကြက်သွန်, ငရုတ်, ပိတ်ချင်းအားဖြင့် စပ်သော အမျိုးအစားသည်လည်း ရှိ၏။ ထိုသို့ အမျိုးအစားဖြင့် ပြုစီရင်အပ်သော သလေးထမင်းကို စားလှည့်ပါဦးလော့။

ရသေ့စဉ်းလဲ ပြောဆိုသော စကားကို ကြား၍ ဖွတ်မင်းက အသင်သည် အကြင်အကြင်သို့သော အကြောင်းဖြင့် အခါခါ ပြောဆို၏။ မယုံကြောင်း အပြောကောင်းလှသော ထိုဆိုသို့သော အကြောင်းသည် ငါ့အား ရှောင်ရှား

လွတ်ရေး ထွက်ပြေးခြင်းငှါ အလိုရှိသည်သာလျှင် ဖြစ်ဘော့သည်ဟု ပြောဆို လိုသောကြောင့် ဤဂါထာကို ရွတ်ဆို၏။

သေ ဘိယျော ပဝေက္ခာမိ၊ ဝမ္မိကံ သတပေါရိသံ။
တေလံ လောဏဋ္ဌ ကိတ္တေသိ၊ အဟိတံ မယှ ပိပ္ပလိ။

ပညာချတ်နဲ့ အိုရသေ့စဉ်းလဲ အသင်သည် ဆီကိုလည်းကောင်း၊ ဆားကို လည်းကောင်း ငါ့ကို ဖြားယောင်းသောအားဖြင့် ပြောကြားဘိ၏။ ထိုစကား ကြောင့် ငါသည် အလွန်လျှင် နက်လှစွာသော တောင်ပို့ခေါင်းသို့ ပြေးဝင် တော့အံ့။ ပိတ်ချင်းစသော ဘဏ္ဍာသည် ငါ့အား စီးပွားသတ်မှတ် မလျောက် ပတ်တော့ပြီ။

ဤသို့စကား ပြောကြားပြီး၍ ငါသည် ဤမျှအဘိုင်းအရှည်ရှိသော ကာလ ပတ်လုံး အသင်၌ ရဟန်းဟူသော အမှတ်ကို ပြုခဲ့ပေ၏။ ဤယခုအခါ၌ အသင်သည် ငါ့ကို သတ်ဖြတ်ပုတ်ခတ်ခြင်းငှါ အလိုရှိသဖြင့် တုဘ်လုံ့ကန်ကို ပစ်လွှတ်၏။ ထိုတုတ်လုံ့ကန်ကို ပစ်လွှတ်သော အခါ၌သာလျှင် အသင်၏ ရဟန်းမဟုတ်သော အဖြစ်သည် ဖြစ်ခဲ့လေပြီ။ ထိုသို့ သဘောရှိသော ပညာ မရှိသော အသင်အား ထုံးမှတ်ဖွဲ့ရစ် ဆံကျစ်တို့ဖြင့် အဘယ်အကျိုး ရှိအံ့နည်း။ ပခုံးထက်ဘွင် စံပယ်ဟင်းအပ်သော ခွါနှင့်တကွသော သစ်နက်ရေဖြင့် အဘယ် အကျိုးရှိအံ့နည်း။ ထိုစကားမှန်၏၊ အသင်၏ ကိုယ်တွင်းသန္တာန်သည် ကိလေသာ အဆိပ် ပြည့်သိပ် တင်းကြပ်ယှုအပ်၏။ သက်သက်သော်ကား အပပြင်ဘက်၌ သာလျှင် ပြေပြေပြစ်ပြစ် ရှိ၏ဟု ပြောဆို၏။ မြတ်စွာဘုရားသည် ဤသို့သော အတိတ်ကို ဆောင်တော်မူ၍ ထိုအခါ အဲ့ဖွယ်သရဲ စဉ်းလဲသော ဤပုဏ္ဏားသည် စဉ်းလဲသော ရသေ့ဖြစ်ဖူးပြီ။ ဖွတ်မင်းသည်ကား ငါဘုရား သာလျှင်တည်းဟု မိန့်ဆိုသတ်မှတ် ဇာတ်တော်ကို ပေါင်းတော်မူ၍ ထိုအခါ ပညာရှိဖွတ်မင်းသည် ထိုရသေ့စဉ်းလဲအား နှိပ်ကွပ်သုံးမဖူးသော အကြောင်းကို ပြတော်မူလိုရကား ဤဂါထာကို ဟောကြားတော်မူ၏။

ကိံ တေ ဇဋာဟိ ဒုမ္မေဓ၊ ကိံ တေ အဇိနသာဋိယာ။
အဗ္ဘန္တရံ တေ ဂဟနံ၊ ဗာဟိရံ ပရိမဇ္ဇသိ။

အို ပညာမဲ့သူ ဆံကျစ်တို့ဖြင့် သင့်အား အဘယ်အကျိုး ရှိအံ့နည်း၊ သစ်နက်ရေအပိုင်းမျှဖြင့် သင့်အား အဘယ်အကျိုး ရှိအံ့နည်း၊ သင်၏ ကိုယ်တွင်း ကိုယ်ပကို ကိလေသာ တောရှုပ်သည် ဖုံးသပ်အပ်၏။

ထိုဂါထာ၌-ကိံ တေ ဇဋာဟိ ဟူသည် အိုပညာမဲ့သူ သင်၏ ထုံးဖွဲ့အပ် ကုန်သော ဤဆံကျစ်တို့ဖြင့်လည်းကောင်း၊ ဤသားရေပိုင်းမျှဖြင့်လည်းကောင်း အဘယ်အကျိုး ရှိအံ့နည်း။

အဇ္ဈတ္တံရဲ့ ဟူသည် ကိုယ်တွင်း၌ ရာဂ စသော ကိလေသာတောရှုပ်သည် သက်သက် ဆင်ချေး မြင်းချေး ကဲ့သို့ ပြေပြစ်စွာ အပြင်ပကို သုတ်လိမ်းအပ်၏။

ဒေသနာတော်၏ အဆုံး၌ များစွာသော လူတို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်ကုန်၏။

ကုဟကဗြာဟ္မဏဝတ္ထု ပြီး၏။

---

## ၁၂။ ကိသာဂေါတမီဝတ္ထု

ပံသုကူလဓရံ အစရှိသော ဤတရားဒေသနာမြတ်ကို မြတ်စွာဘုရားရှင်သည် ဂိဇ္ဈကူဋ်တောင်၌ သီတင်းသုံးနေတော်မူစဉ် ကိသာဂေါတမီကို အကြောင်းပြု၍ ဟောကြားတော်မူ၏။

ဤကိသာဂေါတမီ ထေရီမ၏ အလောင်းလျာသည် ဘဒ္ဒကပ္ပါမှ ပြန်၍ ရေတွက်သည်ရှိသော် အထက်ကပ် တစ်သိန်းမြောက် အကျ ပဒုမုတ္တရ မြတ်စွာဘုရားလက်ထက်တော် အခါ၌ ဟံသာဝတီပြည်ဝယ် တစ်ဦးသော အမျိုးအိမ်၌ ဖြစ်၍ မြတ်စွာဘုရား ဟောကြားမြွက်ဖော် တရားတော်ကို ကြားနာလျက် မြတ်စွာဘုရားသည် တစ်ဦးသော ရဟန်းမိန်းမကို ရှုန့်ရင်းနိမ့်စား ခေါင်းပါးသော သင်္ကန်းကို ဆောင်ကုန်သော ရဟန်းမိန်းမတို့တွင် ဧတဒဂ်အမြတ်အရာ ထားသည်ကို တွေ့မြင်ရသည် ဖြစ်၍ အဆောက်အဦ ဆည်းပူးအဖန်ဖန် ကုသိုလ်ကံကို စီမံပြုလုပ်လျက် မပျက်ရည်စူး ထိုရာထူးကို တောင့်တပန်ဆင်၏။ ထို အမျိုးသမီးသည် ကပ်တစ်သိန်း ကာလပတ်လုံး နတ်ပြည် လူ့ပြည်တို့၌ ကျင်လည်ခဲ့၍ ဤဂေါတမမြတ်စွာဘုရား ဖြစ်ပေါ်တော်မူသော လက်ထက်တော်အခါ သာဝတ္ထိပြည်ဝယ် သူဆင်းရဲအမျိုး၌ ဖြစ်၍ သဟဿဝဂ် ကိသာဂေါတမီဝတ္ထု၌ ဖော်ပြ ရေးသားခဲ့သော စကားအစဉ်အတိုင်း ခီဏာသဝအစစ် ရဟန္တာမ ဖြစ်ပြီးသောအခါ မြတ်စွာဘုရားရှင်က ထိုကိသာဂေါတမီ ထေရီမကို—

ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝိကာနံ လူခစီဝရဓရာနံ ယဒိဒံ ကိသာဂေါတမီ

ချစ်သားရဟန်းတို့ ငါဘုရား၏ တပည့်မတို့တွင် ခေါင်းပါးသော သင်္ကန်းကို ဆောင်ရာတွင် ကိသာဂေါတမီသည် အမြတ်ဆုံး ဖြစ်ပေ၏ဟု ဧတဒဂ်ရာထူးဖြင့် ချီးကျူးမြှောက်စားတော်မူ၏။

ယင်းသို့ ဖော်ပြခဲ့ပြီးသည်မှ နောက်ဖြစ်သော ထိုအခါ၌ သိကြားမင်းသည် ပထမယာမ်အဆုံး၌ နတ်ပရိသတ်နှင့်တကွ မြတ်စွာဘုရားသို့ ချဉ်းကပ်ညွတ်လျိုး ရှိခိုး၍ သင့်တင့်လျောက်ပတ် တစ်ခုသော အရပ်၌ အဆက်ထက်ဆုံး နှလုံး

သွင်းမှုတ် အောက်မေ့အပ်သော တရားစကားကို ကြားနာလျက် ထိုင်နေ၏။ ထိုအခိုက်ခဏ၌ ကိသာဂေါတမီ ထေရီမသည် မြတ်စွာဘုရားရှင်ကို ကြည်ညို ညွတ်နူး ဖူးမြင်အံ့ဟု ကြံစည်ပြီးလျှင် ကောင်းကင်ခရီးဖြင့် ကြွလာ၍ သိကြားမင်းကို မြင်သည် ရှိသော် ဆုတ်နစ်ပြန်လည်လေ၏။ ထိုသိကြားမင်းသည် ဆုတ်နစ်ပြန်လည်သော ထိုထေရီမကို မြင်၍ မြတ်စွာဘုရားရှင်ကို "ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ရှေးရှုလာလျက်သာလျှင် အရှင်ဘုရားတို့ကို မြင်၍ ဆုတ်နစ်ပြန်လည်သော ထိုထေရီမသည် အဘယ်အမည် ရှိပါသနည်း" ဟု မေးလျှောက်၏။ မြတ်စွာဘုရားက "မြတ်သော ဒကာတော် သိကြားမင်း ဤထေရီမသည် ပံသုကူသင်္ကန်းကို ဆောင်ကုန်သော ထေရီမတို့တွင် အထွတ်အမြတ်ဖြစ်သော ငါဘုရား၏ သမီးတော် ကိသာဂေါတမီ အမည်ရှိသော သူပေတည်း" ဟု မိန့်ဆိုပြီး ဤဂါထာကို ဟောကြားတော်မူ၏—

**ပံသုကူလဓရံ ဇန္တုံ၊ ကိသံ ဓမနိသန္ထတံ။**
**ဧကံ ဝနသ္မိံ ဈာယန္တံ၊ တမဟံ ဗြူမိ ဗြာဟ္မဏံ။**

မြေမှုန့်လိမ်းကျံ ပံသုကူသင်္ကန်းကို ဆင်မြန်းထသော ကြုံလှီပိန်ခြုံးသော အကြောပြိုင်းပြိုင်းထသော တစ်ယောက်ထီးတည်း တောအုပ်၌ ဈာန်ဝင်စားလေ့ရှိသော ဂိုပုဂ္ဂိုလ်ကို ဗြာဟ္မဏဟူ၍ ငါဘုရား ဟောတော်မူအပ်၏။

ထိုဂါထာ၌— **ကိသံ** ဟူသည် မြေမှုန့်လိမ်းကျံ ပံသုကူသင်္ကန်းဖြင့် အလိုရှိသူတို့သည် မိမိအား လျောက်ပတ်သော အကျင့်ကို ဖြည့်ကျင့်လျက် နည်းသော အသားအသွေး ရှိကုန်သည်၏ အဖြစ်လည်းကောင်း၊ ပြိုင်းပြိုင်း ခင်းထားအပ်သောကိုယ် ရှိကုန်သည်၏အဖြစ်လည်းကောင်း "ကိသံ" ဟူ၍ဟောတော်မူ၏။

**ဧကံ ဝနသ္မိံ** ဟူသည် တိတ်ဆိတ်ရာအရပ်၌ တစ်ယောက်တည်း တော၌ ဈာန်ရှုသူကို ဗြာဟ္မဏဟူ၍ ဟောတော်မူ၏။

ဒေသနာတော်၏ အဆုံး၌ များစွာကုန်သော လူတို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်ကုန်၏။

ကိသာဂေါတမီဝတ္ထု ပြီး၏။

---

## ၁၃။ ကေမြာဟ္မဏဝတ္ထု

**န စာဟံ** အစရှိသော ဤတရား ဒေသနာတော်မြတ်ကို မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ပုဏ္ဏား တစ်ယောက်ကို အကြောင်းပြု၍ ဟောကြားတော်မူ၏။

သာဝတ္ထိပြည်သား တင်ဦးသော ထိုပုဏ္ဏားသည် ရဟန်းဂေါတမသည် မိမိ၏ တပည့်တို့ကို ဗြာဟ္မဏဟူ၍ ပြောဆိုသတတ်။ ငါသည်တမူလည်း ဖြူစင်သန့်ရှင်း ကြောင်းရင်းမူလ ဗြာဟ္မဏမျိုး၌ ဖြစ်ခဲ့ပေ၏။ ငါ့ကိုလည်း စင်စစ်ဧကန် အမှန် မချို ဤသို့ဖော်ပြ ဗြာဟ္မဏဟု ခေါ်ဆိုခြင်းငှါ သင့်လျော်အံ့လောဟု ကြံစည်၏၊ ကြံစည်ပြီး၍ကား ဘုရားမြတ်စွာ ထံတော်သာသို့ ကောင်းစွာချဉ်းကပ် သတ်မှတ် တိုင်းရည် ကြံစည်သော ထိုအကြောင်းကို ရှုံးပေါင်းပြန်ကြား သျှောက်ထား မေးမြန်းသတတ်။ ထိုအခါ မြတ်စွာဘုရားက ထိုပုဏ္ဏားကို "ငါဘုရားသည် ပုဏ္ဏားခေါ်ရ ဗြာဟ္မဏမျိုး၌ ဖြစ်ကာမျှဖြင့်သာလျှင် စင်စစ်ဗြာဟ္မဏဟု ဖော်ပြ ဟောကြားတော်မမူ။ အကြင်ပုဂ္ဂိုလ်သည်ကား ရာဂစသည် ဆယ်လီမျှားစွာ ကိလေသာတို့ဖြင့် တစ်စုံတစ်ရာ လွန်စွာကြောင့်ကြ ကိဥ္စနတရားမရှိ။ ထိုပုဂ္ဂိုလ်ကို မကောင်းမှုမှုန်သချကို အပပြုပြီးသည်အရ ဗြာဟ္မဏမည်၏ဟူ၍ ငါဘုရား ခေါ်ဆိုတော်မူ၏"ဟု မိန့်တော်မူပြီး ဤဂါထာကို ဟောတော်မူ၏—

န စာဟံ ဗြာဟ္မဏံ ဗြူမိ၊ ယောနိဇံ မတ္တိသမ္ဘဝံ။
ဘောဝါဒိ နာမ သော ဟောတိ၊ သစေ ဟောတိ သကိဉ္စနော။
အကိဉ္စနံ အနာဒါနံ၊ တမဟံ ဗြူမိ ဗြာဟ္မဏံ။

ဗြာဟ္မဏမျိုး၌ ဖြစ်ထသော ပုဏ္ဏားမဝမ်း၌ ပဋိသန္ဓေ တည်နေထသော ပုဂ္ဂိုလ်ကို ဗြာဟ္မဏဟု ငါဘုရား မဟောပေ၊ ကိလေသာ အညီအဟောက် မရှိသော "ဘော ဘော"ဟု ခေါ်လေ့ရှိသော ကာမစသော စွဲလမ်းမှု ဥပါဒါန် လေးမျိုးမရှိသော သူကို ဗြာဟ္မဏဟု ငါဘုရား ဟောတော်မူအပ်၏။

ထိုဂါထာ၌—

နိယောဇံ ဟူသည် ပုဏ္ဏားမျိုး၌ ဖြစ်သောသူတည်း။

မတ္တိသမ္ဘဝံ ဟူသည် ပုဏ္ဏားမိခင်၏ ဝမ်း၌ ဖြစ်သောသူတည်း။

ဘောဝါဒိ ဟူသည် ခေါ်ဝေါ်ခြင်း စသည်တို့၌ "ဘော ဘော"ဟု ခေါ်၍ လှည့်လည်သော သူသည် ဘောဝါဒိ မည်၏၊ အကယ်၍ ရာဂစသည် ကပ်ငြိခြင်း တို့ရှိအံ့၊ သကိဉ္စန မည်၏၊ ငါဘုရားသည်ကား ထိုရာဂ စသော ကပ်ငြိခြင်းများ မရှိ(အကိဉ္စန)၊ ဥပါဒါန်လေးပါးတို့ဖြင့် စွဲလမ်းခြင်းမရှိသောသူကို ဗြာဟ္မဏဟူ၍ ဟောတော်မူ၏။

ဒေသနာတော်၏ အဆုံး၌ ထိုပုဏ္ဏားသည် သောတာပတ္တိဖိုလ်၌ တည်ပြီး ရောက်လာသူတို့အားလည်း အကျိုးရှိသော တရားဒေသနာတော် ဖြစ်ပြီ။

ဧကဗြာဟ္မဏဝတ္ထု ပြီး၏။

## ၁၄။ ဥဂ္ဂသေန သူဌေးသားဝတ္ထု

သဗ္ဗ သံယောဇနံ အစရှိသော ဤတရားဒေသနာတော်ကို မြတ်စွာဘုရား ရှင်သည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ဥဂ္ဂသေနမည်သော သူဌေးသားကို အကြောင်းပြု၍ ဟောကြားတော်မူ၏။

[ဝတ္ထုဇာတ်ကြောင်းကို "မုဉ္စ ပုရေ မုဉ္စ ပစ္ဆတော" ဟူသော ဂါထာ အဖွင့်ဖြင့် အကျယ် ပြအပ်ပြီးပြီ။]

ထိုအခါ၌ မြတ်စွာဘုရားသည် "ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ဥဂ္ဂသေနသည် ငါမကြောက်ရွံ့ပါဟု ပြောဆို၏။ မဟုတ်မမှန် ပြောဆို၍ အရဟတ္တဖိုလ်ကို ပြောကြားပါသည်" ဟု ရဟန်းတို့ လျှောက်ထားကြကုန်သည် ရှိသော် "ချစ်သားရဟန်းတို့ ငါဘုရား၏ သားတော်ဖြစ်သော ဥဂ္ဂသေနနှင့် တူကုန်သော ဖြတ်တောက် ဖျက်ဆီးအပ်သော သံယောဇဉ်ရှိသော ရဟန်း တို့သည် မကြောက်မရွံ့ကြကုန်" ဟု မိန့်တော်မူလိုရကား ဤဂါထာကို ဟောကြားတော်မူ၏—

၃၉၇။ သဗ္ဗသံယောဇနံ ဆေတွာ၊ ယော ဝေ န ပရိတဿတိ။
သင်္ဂါတိဂံ ဝိသံယုတ္တံ၊ တမဟံ ဗြူမိ ဗြာဟ္မဏံ။

အကြင်ပုဂ္ဂိုလ်သည် အလုံးစုံသော သံယောဇဉ်ကို ဖြတ်တောက်ပြီး၍ စင်စစ် မကြောက်ရွံ့၊ ရာဂစသော ကိလေသာတို့ကို လွတ်မြောက်သော ကာမယောဂ စသော ယောဂလေးပါးနှင့် မယှဉ်သော ပုဂ္ဂိုလ်ကို ဗြာဟ္မဏဟူ၍ ငါဘုရား ဟောတော်မူ၏။

ထိုဂါထာ၌—

သဗ္ဗသံယောဇနံ=ဟူသည် သံယောဇဉ် ဆယ်ပါးတည်း။
န ပရိတဿတိ=ဟူသည် တဏှာ၌ မကြောက်ရွံ့။

တမဟံ=ဟူသည် ငါသည် ရာဂစသည့် ကိလေသာတို့ကို လွန်မြောက်ပြီး သည်၏ အဖြစ်ကြောင့် လေးပါးသော ယောဂတို့၏ မရှိသည်၏ အဖြစ်ဖြင့် ယောဂကင်းသော ပုဂ္ဂိုလ်ကို ဗြာဟ္မဏဟူ၍ ငါဘုရား ဟောတော်မူ၏။

ဒေသနာတော်၏ အဆုံး၌ များစွာကုန်သော သူတို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်ကုန်၏။

ဥဂ္ဂသေန သူဌေးသား ဝတ္ထုပြီး၏။

---

## ၁၅။ ဒွေ ဗြာဟ္မဏဝတ္ထု

ဆေတွာ နန္ဒိံ အစရှိသော ဤတရားဒေသနာတော်မြတ်ကို မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ပုဏ္ဏားနှစ်ယောက်တို့ကို အကြောင်းပြု၍ ဟောကြားတော်မူ၏။

ထိုနှစ်ယောက်ကုန်သော ပုဏ္ဏားတို့တွင် တစ်ယောက် ပုဏ္ဏားအား စူဠရောဟိတ အမည်ရှိသော နွားသည် ရှိသည် ဖြစ်ပေ၏။ တစ်ယောက်သော ပုဏ္ဏားအား မဟာရောဟိတ အမည်ရှိသော နွားသည် ရှိသည် ဖြစ်ပေ၏။ ထိုနှစ်ယောက်ကုန်သော ပုဏ္ဏားတို့သည် တစ်နေ့သောအခါ၌ အသင်၏ နွားသည် ခွန်အားရှိ၏။ ငါ၏နွားသည် ခွန်အားရှိ၏ စသည်တို့ဖြင့် တစ်ဦးသည် တစ်ဦး အကြူးအလွန် အကျုံ့နှစ်စုံ ငြင်းခုံစကား ဖြစ်ပွားကြ၍ ငါတို့ နှစ်ကောင်သောနွားကို ထင်ရှားတူယှဉ် မောင်းနှင်၍ သိရကုန်တော့အံ့ဟု ပြောဆို ချိန်းချက်ပြီးသော အခါ အစိရဝတီ မြစ်ကမ်း၌ လှည်းကို သဲဖြင့်ပြည့်စေ၍ နွားတို့ကို ယှဉ်ကကုန်၏။ ထိုအခိုက်အခါ ခဏ၌ ရဟန်းတို့သည်လည်း ရေချိုးခြင်းငှါ အစိရဝတီ မြစ်ကမ်းဝယ် အားစွမ်းပြိုင်မှတ် ထိုအရပ်သို့ ကြွရောက်တော်မူကြသည် ဖြစ်ကုန်၏။ ပုဏ္ဏားတို့သည် အားပြိုင်လိုအား ယှဉ်က၍ ထားကုန်သော နွားတို့ကို မောင်းနှင်ကုန်၏။ သဲအပြည့်တင်ပြီးသော လှည်းသည် အနည်းငယ်မျှ ရွေ့ကြွတုန်လှုပ်ခြင်းမရှိ ပကတိတည်မြဲဘိုင်းပင် တည်နေ၏။ မြေးယှက်ချည်တုပ်ပြုလုပ်အမျိုးမျိုး ကြိုးလွန်ဘို့သည်ကား ပြတ်ကုန်၏။ ရဟန်းတော်တို့သည် ယင်းသို့ဖြစ်ပုံ အလုံးစုံကို အကုန်တွေ့မြင်၍ အရှင်မြတ်ဖျား ကိန်းအောင်းကျောင်းသို့သွားရောက်၍ လျှောက်ပတ်နေရပ် ချဉ်းကပ် ညွတ်မျှောင်းလျက် ထိုအကြောင်း အလုံးစုံကို အကုန်ထင်ရှား မြတ်စွာဘုရားအား လျှောက်ကြားကုန်၏။ မြတ်စွာဘုရားရှင်က "ချစ်သားရဟန်းတို့ ဖွဲ့ယှက်ချည်တုပ် ပြုလုပ်အမျိုးမျိုး ထိုကြိုးလွန်တို့သည်ကား တွေ့ရမြင်ရ လွယ်ကူလှသော အပြင်အပ၌ ဖြစ်သော ကြိုးတို့ပေတည်း။ အမှတ်မထင် အကြွင် တစ်စုံတစ်ယောက်သော သူသည် အပ၌တည် ဖွဲ့ချည်အမျိုးမျိုး ထိုကြိုးလွန်တို့ကို လွယ်လင့်တကူ နည်းယူလုံလောက် ဖြတ်တောက်နိုင်သည် သာလျှင်တည်း။ ရဟန်းတော်မည်သည်ကား အတွင်းခေါ်ရ အဇ္ဈတ္တိက သန္တာန်၌ဖြစ်သော ကြမ်းကြုတ်မာခက်အမျက်တည်းဟူသော ကြိုးကိုလည်းကောင်း၊ ထိုထိုအာရုံ ကာမဂုဏ်နှင့် ဘုံဘဝ အဆက်ဆက်ကို တပ်မက်တတ်သော တဏှာတည်းဟူသော ကြိုးကိုလည်းကောင်း ဖြတ်တောက်ခြင်းငှါ သင့်လျော်လျောက်ပတ် အပ်တော့သည်သာတည်း"ဟု မိန့်တော်မူလိုရကား ဤဂါထာကို ဟောကြားတော်မူ၏–

ဆေတွာ နန္ဒိံ ဝရတ္တဉ္စ၊ သန္ဒာနံ သဟနုက္ကမံ။
ဥက္ခိတ္တပလိဃံ ဗုဒ္ဓံ၊ တမဟံ ဗြူမိ ဗြာဟ္မဏံ။

မြွေးယှက်အပ်သော အမျက်ကိုလည်းကောင်း၊ ဖွဲ့ကြိုးနှင့်တူသော တဏှာကို လည်းကောင်း၊ အနုသယနှင့် တကွသော ၆၂-ပါးသော ဒိဋ္ဌိကိုလည်းကောင်း၊ မဂ်ဉာဏ်ဖြင့် ဖြတ်တောက်၍ အဝိဇ္ဇာ တံခါးကျည်ကို ခွါလှစ်လှက် သစ္စာလေးပါး ကို ပိုင်းခြားသိမြင်သူ ပုဂ္ဂိုလ်ကို မကောင်းမှုကို အပပြုပြီးသူဟု ငါဘုရား မိန့်တော်မူ၏။

ထိုဂါထာ၌-

နဒ္ဓိံ=ဟူသည် မြွေးယှက်သည်၏ အဖြစ်ဖြင့် ဖြစ်သော အမျက်တည်း။

ဝရတ္တံ=ဟူသည် နှောင်ဖွဲ့သည်၏ အဖြစ်ဖြင့် ဖြစ်သော တဏှာတည်း။

သန္ဒာနံ သဟနုက္ကမံ=ဟူသည် အစဉ်ကိန်းအောင်းခြင်းနှင့် တကွဖြစ်သော ခြောက်ဆယ့်နှစ်ပါး အပြားရှိသော မိစ္ဆာဒိဋ္ဌိကို။

ဤအလုံးစုံသော မိစ္ဆာဒိဋ္ဌိ စသည်တို့ကို ဖြတ်ပြီး၍ တည်လျက် အဝိဇ္ဇာ တည်းဟူသော တံခါးကျည်ကို နှင်ထုတ်အပ်ပြီးသည်၏ အဖြစ်ကြောင့် အဝိဇ္ဇာ တည်းဟူသော တံခါးကျည်ကို ပယ်ထုတ်အပ်ပြီးသော သစ္စာလေးပါးကို ပိုင်းခြား သိမြင်တတ်သောကြောင့် သစ္စာလေးပါးကို သိမြင်သော ပုဂ္ဂိုလ်ကို ဗြာဟ္မဏဟူ၍ ငါဘုရား ဟောတော်မူ၏။

ဒေသနာတော်၏ အဆုံး၌ ရဟန်းငါးရာတို့သည် အရဟတ္တဖိုလ်၌ တည်ကုန်၏။ ရောက်လာကုန်သော ပရိသတ်တို့လည်း အကျိုးရှိသော တရား ဟောခြင်း ဖြစ်၏။

ဒွေဗြာဟ္မဏဝတ္ထု ပြီး၏။

---

## ၁၆။ အင်္ဂေါသက ဘာရဒွါဇပုဏ္ဏားဝတ္ထု

အင်္ဂေါသကံ-အစရှိသော ဤတရားဒေသနာတော်မြတ်ကို မြတ်စွာဘုရား ရှင်သည် ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် အင်္ဂေါသက ဘာရဒွါဇကို အကြောင်းပြု၍ ဟောကြားတော်မူ၏။

အင်္ဂေါသကဘာရဒွါဇ ပုဏ္ဏား၏ အစ်ကိုကြီးဖြစ်သော ဘာရဒွါဇပုဏ္ဏား၏ မယားခင်ပွန်းမဖြစ်သော ဓနဉ္စာနီအမည်ရှိသော ပုဏ္ဏေးမကား မြတ်စွာဘုရား၏ တပည့်မအစစ် သောတာပတ္တိမဂ်ဖိုလ်သို့ ရောက်ပြီးသော သောတာပန် အရိယာ သာဝိကာမ ဖြစ်ပေ၏။ ထို ဓနဉ္စာနီအမည်ရှိသော ပုဏ္ဏေးမသည် ချော်ဆော်သည် ရှိသော်လည်းကောင်း၊ တစ်စုံတစ်ခု ပြုမူယွင်းရော် ချွတ်ချော်ခဲ့သည်ရှိသော် လည်းကောင်း "နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ" ဟူသော

ဤသို့သော ဥဒါန်း ကို ရှင်လန်းမြှောက်မြူး သုံးကြိမ်တိုင်တိုင် ကျူးရင့် ရွတ်ဆို လေ့ရှိ၏။ ခင်ပွန်းလင်ဖြစ်သော ဘာရဒွါဇပုဏ္ဏားနှင့် မယားခင်ပွန်းမဖြစ်သော ဓနဉ္စာနီပုဏ္ဏေးမတို့သည် အယူဝါဒမတူမျှကြကုန်။ ဘာရဒွါဇပုဏ္ဏားသည် မိစ္ဆာဒိဋ္ဌိအယူရှိသောသူတည်း။ ဘုရား တရား သံဃာဟူ၍ပြောဆိုသည် ရှိသော် နှစ်ဖက်သော နားတို့ကိုပိတ်ထား၏။ ကြမ်းတမ်းခက်ကြုတ်ရှားသစ်ငုတ်နှင့်တူ၏။ ထိုပုဏ္ဏားသည် အလှူဒါန ဝေငှလှူဒါန်းသည်ရှိသော် ငါးရာကုန်သောပုဏ္ဏားတို့အား ရေမရောသောနို့ထမင်းကို ပေးလှူ၏။ ပုဏ္ဏေးမသည်ကား ဘုရားအမှူးရှိသော သံဃာတော်အပေါင်းအား အရသာရှိသော ဘောဇဉ်ကို ပေးလှူ၏။ ပုဏ္ဏား၏ အလှူပေးလှူသောနေ့၌ ပုဏ္ဏေးမသည် ထိုခင်ပွန်းလင်ဖြစ်သော ပုဏ္ဏား၏အလိုသို့ လိုက်သောအားဖြင့်လည်းကောင်း မပေးလှူလို ဝန်တိုတတ်သော မစ္ဆရိယတရား ပယ်ရှားသမှု အပပြုပြီးသည်၏ အဖြစ်အားဖြင့်လည်းကောင်း ကိုယ်တိုင် မိမိ၏လက်ဖြင့် ပြုစုလုပ်ကျွေး၏။ ပုဏ္ဏေးမ၏ အလှူဒါန ပေးငှလှူဒါန်းသောနေ့၌ကား ပုဏ္ဏားသည် နံနက်စောစောက သာလျှင် နေအိမ်မှ ထွက်၍ တိမ်းရှောင်ပြေးသွား၏။

ထိုနောက် ကာလကြာသော တစ်နေ့၌ ပုဏ္ဏားသည် မယားပုဏ္ဏေးမနှင့် အတူတကွ ပြောပြတိုင်ပင်ခြင်း မပြုမူ၍ ငါးရာကုန်သော ပုဏ္ဏားတို့ကို ဖိတ်ကြားပြီး မယားဖြစ်သော ပုဏ္ဏေးမကို “အို ရှင်မ၊ မနက်ဖြန်ခါ၌ ငါတို့၏ နေအိမ်၌ ပုဏ္ဏားငါးရာတို့သည် ဘောဇဉ်ကို စားသုံးကုန်လတ္တံ့”ဟုပြောဆို၏။ မယားဖြစ်သော ပုဏ္ဏေးမက “အို အရှင်ပုဏ္ဏား ကျွန်တော်မသည် အဘယ်မည်သောအမှုကို ပြုလုပ်အပ်ပါသနည်း”ဟု မေးမြန်းသည်ရှိသော် “အိုရှင်မ အသင်သည် တစ်ပါးတစ်ခြားပြုဖွယ်ကိစ္စမရှိပေ။ အလုံးစုံသော ချက်ပြုတ်ဖွယ် အမှုဟူသမျှကို တစ်ပါးသော သူတို့သည် ပြုလုပ်ကုန်လတ္တံ့။ အရှင်မသည် ရပ်တည်သော်လည်းကောင်း၊ ထိုင်နေသော်လည်းကောင်း ချေဆတ်သော်လည်းကောင်း ချောင်းညှိသော်လည်းကောင်း “နမော ဗုဒ္ဓဿ”စသည်တို့ဖြင့် ထိုဦးပြည်း ရဟန်းအား ရှိခိုးခြင်းအမှုကို နက်ဖြန်ခါ၌ တစ်နေ့မျှလောက်ကို အောင့်အည်း သည်းခံကာ မပြုလုပ်ပါလင့်။ ထိုစကားမှန်၏။ ပုဏ္ဏားတို့သည် ထိုသို့သော စကားကို ကြားကုန်သည်ရှိသော် နှလုံးမသာ ဖြစ်ကြကုန်၏။ ငါ့ကို ပုဏ္ဏားတို့နှင့် မေတ္တာပျက်အောင် မခွဲပါလင့်”ဟု ပြောဆို၏။ “အို အရှင်ပုဏ္ဏား အသင်သည် ပုဏ္ဏားတို့နှင့် ကွဲပြားမှုလည်း ကွဲပြားစေ၊ နတ်တို့နှင့် ကွဲပြားမှုလည်း ကွဲပြားစေ ကျွန်တော်မသည်ကား ဆရာဖြစ်တော်မူသော မြတ်စွာဘုရားကို သတိရရှိ အောက်မေ့ခဲ့သည်ရှိသော် လက်အုပ်ချီမိုး ရှိမခိုးဘဲ တည်နေခြင်းငှါ မစွမ်းနိုင်ပါ”ဟု ပြန်ကြားပြောဆိုလျှင် “အိုရှင်မ အမျိုးတို့၏ ဥစ္စာဖြစ်သော ရွာ၌ ရွာတံခါးကြီးကို ပိတ်ထားခြင်းငှါ အားထုတ်နိုင်ကြပါသေး၏။ အသင်သည်

နှစ်ခုသော လက်ချောင်းတို့ဖြင့် ပိတ်ခြင်းငှါ တတ်နိုင်ကောင်းလောက်သော ခံတွင်းကို ပုဏ္ဏားတို့ စားသုံးဆဲအခါကာလ အနည်းငယ်မျှကို ပိတ်ထားခြင်းငှါ မစွမ်းနိုင်တော့ပြီလော"ဟု ဤသို့ အစရှိသော စကားတို့ဖြင့် အဖန်ဖန် ပြောဆိုပါသော်လည်း ထိုပုဏ္ဏားသည် ပုဏ္ဏေးမကို မရဲ့ရအောင် ကြံဆောင် တားမြစ်ခြင်းငှါ မစွမ်းနိုင်သောကြောင့် ဦးခေါင်းရင်း၌ ထားအပ်သော အလွန့်ထက်သော သန်လျက်ကို ကိုင်ယူ၍ "အိုရှင်မ မနက်ဖြန်ခါ၌ ပုဏ္ဏားတို့ ထိုင်နေကုန်သည်ရှိသော် ထိုဦးပြည်း ရဟန်းကို အကယ်၍ ရှိခိုးခဲ့သည်ရှိသော် ထက်လှစွာသော ဤသန်လျက်ဖြင့် ခြေဖဝါးအပြင်မှစ၍ အထက်ဆံဖျားသို့ ဆုံးသည်တိုင်အောင် သစ်ညွန့်သစ်ညှောက်ကဲ့သို့ ရိုက်ခတ် ခုတ်မျှင်အသင့်ကိုယ်ကိုပြုအံ့" ဟု ဤသို့ အစရှိသော စကားတို့ဖြင့် ခြိမ်းခြောက်ပြောဆိုပြန်၏။

အရိယာဖြစ်သော မြတ်စွာဘုရား၏ တပည့်မကိုကား မဟာပထဝီအမည်တွင်ပြီး ဤမြေကြီးကဲ့သို့ တုန်လှုပ်စေနိုင်ခဲ၏။မေရုဗဟို မြင်းမိုရ်တောင်မင်းကဲ့သို့ အောက်ထက်ပြောင်းပြန် ဖောက်ပြန်စေနိုင်ခဲ၏။ ထိုကြောင့် ပုဏ္ဏေးမက "အိုအရှင်ပုဏ္ဏား ကျွန်တော်မ၏ အင်္ဂါကြီးငယ် ဒုသွယ်သုယ်တို့ကို အကယ်စင်စစ် ဖြတ်တောက်သည်ဖြစ်စေကာမူ သယမ္ဘူဉာဏ်တ် ဘုရားမြတ်၏ သတ်မှတ် ဆုံးမတော်မူသော သာသနာမှ ဖယ်ခွာလွတ်ပ ကျွန်တော်မ မရှောင်ကြဉ်နိုင်ပါ"။ ဤသို့အစလာသော ငါးရာသော ဂါထာရှိသော မနုဥ္စာနီဂဇ္ဇိတ မည်သော ကြုံးဝါးပြောဆိုခြင်းဖြင့် ပြန်ကြားပြောဆို၏။ ပုဏ္ဏားသည် ပုဏ္ဏေးမကိုသုံးသပ်ခြင်းငှါလည်းကောင်း၊ ပုတ်ခတ်ခြင်းငှါလည်းကောင်း မစွမ်းနိုင်သောကြောင့် "အိုရှင်မ အသင်သည် အကြင်အမှုကို ပြုလုပ်လိုရန် နှစ်သက်ပေ၏။ ထိုအမှုကိုသာ ပြုလုပ်ပါလေလော့"ဟု နှလုံးမသက်သာ ပြင်းထန်စွာ ပြောဆိုလျက် သန်လျက်ကိုပစ်ချလိုက်၏။

တစ်ဖန် မိုးသောက်သောနေ့၌ နေအိမ်ကို စိမ်းစိုသော နွားချေး စသည်တို့ဖြင့် လိမ်းကျံခြင်းကို ပြုစေ၍ ပေါက်ပေါက်ဖြင့် ပြည့်သော ကြာသွတ်အိုးပန်း နံ့သာစသည်တို့ဖြင့် ထိုထိုသော နေရာဌာနတို့၌ တန်ဆာဆင်စေ၍ ငါးရာကုန်သော ပုဏ္ဏားတို့အား ဆီဦးထောပတ် သကာ ပျားရည်တို့နှင့်စပ်ယှဉ်သော ရေမရောသော နို့ထမင်းအဖျော်ကို စီရင်စေ၍ အချိန်တန်လျှင် အခါကာလကို ကြားစေ၏။ ထိုပုဏ္ဏေးမသည် နံနက်စောစောမှသာလျှင် နံ့သာရေဖြင့် မိမိကိုယ်ကို သန့်ရှင်းအောင် ရေချိုး သုံးသပ်၍ အဖိုးတစ်သိန်းထိုက်သောအဝတ်ကို ဝတ်၍ အဖိုးငါးရာထိုက်သော အဝတ်တဘက်ကို ပခုံးစွန်းတစ်ဖက်၌ တင်ပြီးလျှင် ဆင်မြန်းဖွယ်ကြုံ အလုံးစုံသော တန်ဆာတို့ဖြင့် တန်ဆာဆင်၍ ရွှေယောက်ချိုကိုကိုင်ပြီးလျှင် ဘောဇဉ်ကျွေးမွေးရာ တင်းကုပ်၌ ပုဏ္ဏားတို့ကို ပြုစုလုပ်ကျွေး၏။

ပုဏ္ဏားတို့နှင့် အတူတကွ တစ်ခုသောအစဉ်၌ ထိုင်နေသော ပုဏ္ဏားတစ်ဦးအား ထမင်းကို ချဉ်းကပ်ဆောင်ယူစဉ် မကောင်းသဖြင့် ထားအပ်သော သစ်သား ဘဏ္ဍာ၌ ခြေချော် တိုက်ခိုက်မိသောကြောင့် အလွန်အကဲ ဆင်းရဲဝေဒနာသည် ဖြစ်လေ၏။ ထိုအခိုက် ခဏ၌ မြတ်စွာဘုရားကို အောက်မေ့မိလေ၏။ သတိနှင့် ပြည့်စုံသည်အဖြစ်ကြောင့်ကား နို့ထမင်းခွက်ကို အလျင်အမြန် မစွန့်ပစ်မူ၍ ဖြည်းဖြည်းသာသာ ကောင်းစွာမြေ၌တည်စေပြီးရွဲ ငါးရာကုန်သောပုဏ္ဏားတို့၏ အလယ်၌ ဦးခေါင်း၌လက်အုပ်ကို မြှောက်ချီတင်ထား၍ အကြင်အရပ်၌ ဝေဠုဝန်ကျောင်းတော် အာရာမ်သည်ရှိ၏။ ထိုဝေဠုဝန်ကျောင်းတော် အာရာမ် ရှိရာ အရပ်သို့ လက်အုပ်ကိုညွတ်စေ၍"နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ"ဟူသော ဥဒါန်းကို သုံးကြိမ်တိုင်တိုင် ရွတ်ဆိုကျူးရင့်၏။

ထိုအခါကာလ၌ စည်းဝေးရောက်လာ ထိုငါးရာကုန်သော ပုဏ္ဏားတို့တွင် အချို့ကုန်သော ပုဏ္ဏားတို့သည် စားပြီးသည်ဖြစ်ကုန်၏။ အချို့ကုန်သောပုဏ္ဏား တို့တွင် စားဆဲဖြစ်ကုန်၏။ အချို့ကုန်သော ပုဏ္ဏားတို့သည် ဘောဇဉ်ခွက်၌ လက်ကို ချထားကာမျှဖြစ်ကုန်၏။ အချို့သော ပုဏ္ဏားသည် ဘောဇဉ်ကို ရှေ့တည့်တည့်မှ ချထားကာမျှဖြစ်၏။ ထိုပုဏ္ဏားတို့သည် ဓနဉ္စာနီ ပုဏ္ဏေးမရွတ်ဆို သော ထိုဥဒါန်းစကားကို ကြားကုန်၍သာလျှင် မြင်းမိုရ်တောင် ပမာဏရှိ ဆောက်ပုတ်ဖြင့် ဦးခေါင်း၌ ရိုက်နှက် ပုတ်ခတ်ဘိသကဲ့သို့လည်းကောင်း နား နှစ်ဖက်တို့၌ အသွားထက်သည့် တံကျင်ဖြင့် ထိုးဘိသကဲ့သို့ လည်းကောင်း ဆင်းရဲလှစွာ နှလုံးမသက်သာ ဖြစ်ပွါးသည်ကို ခံစားရကုန်လျက် တစ်ပါးသော အယူရှိသော ဤပုဏ္ဏားသည် ငါတို့ကို အိမ်သို့ ခေါ်သွင်းအပ်ကုန်၏ဟု အမျက် ထွက်ကုန်၏။ လက်၌ ကိုင်ယူသောဘောဇဉ် ထမင်းခဲကို စွန့်ပစ်၍ ခံတွင်းဖြင့် ယူအပ်သော ဘောဇဉ်ထမင်းလုတ်ကို စွန့်ပစ် ထွေးအန်၍ လေးကို မြင်သဖြင့် လန့်သော ကျီးသတ္တဝါတို့ကဲ့သို့ ဘာရဒွါဇပုဏ္ဏားကို များစွာဆဲရေး ရေရွတ် ကုန်လျက် တူရူဖြစ်သော အရပ်မျက်နှာ, အထောင့်ဖြစ်သော အရပ်မျက်နှာ တို့သို့ ဖဲသွားကုန်၏။

ဘာရဒွါဇပုဏ္ဏားသည် ဤသို့ကဲ့ပြား ဖဲထွက်၍ သွားကုန်သော ပုဏ္ဏား တို့ကိုမြင်သည်ရှိသော် မယားပုဏ္ဏေးမကို ဦးခေါင်းမှစ၍ စိမ်းစိမ်း ကြည့်ရှုပြီး လျှင် ဤသို့ဖြစ်ရေး ဘေးကိုထင်ထင် ငါသိမြင်သောကြောင့် ငါတို့သည် ယမန်နေ့မှစ၍ သင်ရှင်မကို တောင်းပန်ပါလျက် မရရှိလေ။ အထွေထွေ အကြောင်း ရုံးပေါင်းပြောကြားပြီးလျှင် ပုဏ္ဏားသည် ပြင်းစွာ အမျက်ထွက် သည်ဖြစ်၍ ဤသူယုတ်မသည် ဟုတ်ဟုတ်ငြားငြား ဤသို့အားဖြင့်သာလျှင် ဦးပြည်းဖြစ်သော ထိုရဟန်း၏ ဂုဏ်ကျေးဇူးကို အထူးမပြတ် အထပ်ထပ်ရွတ်ဆို

ဘိ၏ဟု ပြောဆိုပြီးလျှင် "ဟယ်သူယုတ်မ ဤယခုအခါ ငါသည် သွားရောက်၍ အသင်၏ဆရာဖြစ်သော ထိုဦးပြည်းရဟန်းအား မေးမြန်းခဲ့ဆစ် အပြစ်ဆိုဖွယ်သို့ တင်တော့အံ့"ဟု ပြောဆို၏။ ထိုအခါ ပုဏ္ဏေးမက ထိုပုဏ္ဏားကို "အရှင်ပုဏ္ဏား ထိုမြတ်စွာဘုရားအား စကားဆန့်ကျင် အပြစ်တင်နိုင်ရာသော ပုဂ္ဂိုလ်မျိုးကို ငါသည် မတွေ့မမြင်ဖူးချေ။ စင်စစ်သော်ကား အသင်သွား၍ ထိုမြတ်စွာ ဘုရားကို အမေးပုစ္ဆာကို မေးမြန်းလေလော့"ဟု ပြောဆို၏။ ထိုပုဏ္ဏားသည် မြတ်စွာဘုရား၏ အထံတော်သို့ သွားရောက် ရိုမခိုးမှု၍သာလျှင် ဆင့်တင့်သော အရပ်၌ တည်နေလျက် အမေးပုစ္ဆာကို မေးမြန်းလိုသောကြောင့် ဤဂါထာကို ရွတ်ဆို၏—

ကိံသု ဆေတွာ သုခံ သေတိ၊ ကိံသု ဆေတွာ န သောစတိ။
ကိဿဿု ဧကဓမ္မဿ၊ ဝဓံ ရောစေသိ ဂေါတမ။

အို ရှင်ဂေါတမ'အဘယ်မည်သော အရာကို မကျန်မကြွင်း ဖြတ်တောက်ခြင်းကြောင့် မပင်မပန်း ချမ်းချမ်းသာသာ အိပ်ခြင်း စသည့် လေးပါးသော ဣရိယာပထဖြင့် နေရပါလေသနည်း။ အဘယ်မည်သော အရာကို မကျန်မကြွင်း ဖြတ်တောက်ခြင်းကြောင့် မကြောင့်ကြ မစိုးရိမ်ရပါသနည်း။အဘယ်သို့ သဘောရှိသည့် တရားတစ်ခု၏ သေအောင် သတ်ခြင်းကို နှစ်သက်ပါလေသနည်းဟု မေးလျှောက်၏။

ထိုအခါ ပုဏ္ဏား၏ အမေးပုစ္ဆာကို ဖြေကြားတော်မူလိုသောမြတ်စွာဘုရားရှင်သည် ဤဂါထာကို မိန့်တော်မူ၏။

ကောဓံ ဆေတွာ သုခံ သေတိ၊ ကောဓံ ဆေတွာ န သောစတိ။
ကောဓဿ ဝိသမူလဿ၊ မဓုရဂ္ဂဿ ဗြာဟ္မဏ။
ဝဓံ အရိယာ ပသံသန္တိ၊ တဟိ ဆေတွာ န သောစတိ။

အို ဘာရဒွါဇပုဏ္ဏား ခိုက်ရန်အမျက်ကို မကျန်မကြွင်းအောင် ဖြတ်တောက်ခြင်းကြောင့် မပင်မပန်း ချမ်းချမ်းသာသာ အိပ်ခြင်းစသည့် လေးပါးသော ဣရိယာပထဖြင့် နေရပေ၏။ ခိုက်ရန်အမျက်ကို မကျန်မကြွင်းဖြတ်တောက်ခြင်းကြောင့် မကြောင့်ကြ မစိုးရိမ်ရပေ။ လတ်တလော ရှောင်တခင် သေစေတတ်သောအရိပ်ကြောင့် အဆိပ်ဝည်းဟူသော အမြစ်ရှိထသော, ကောင်းစွာ မှတ်မှား အဖျား အဆုံးရှိထသော,မျက်ကြွတ်ကိုးဝန်အကြောင်းခံလျက် ဖန်ဖန်ပေါ်ထွက်ခိုက်ရန် အမျက်၏ အမြစ်မကြွင်း သေအောင်သတ်ခြင်းကို ဘုရားအစရှိသော အရိယာအပေါင်း သူတော်ကောင်းတို့သည် ချီးမွမ်းတော်မူကြကုန်၏။

အဘယ်ကြောင့် ချီးမွမ်းတော်မူကြသနည်းဟူမူ ခိုက်ရန်အမျက်ကို မကျန် မကြွင်းအောင် ဖြတ်တောက်ခြင်းကြောင့် မစိုးရိမ် မကြောင့်ကြ မပူပန်ရလေ။ ထိုကြောင့် ချီးမွမ်းတော်မူကြကုန်၏ဟု မိန့်ဆို ဟောဖော် ဖြေကြားတော်မူ၏။

## ဒေသနာတော်၏ အကျိုးအာနိသင်

ဤသို့ မြတ်စွာဘုရား ဖြေကြားဟောပြသော ဓမ္မဒေသနာတော်အဆုံးဝယ် ထိုဘာရဒွါဇ ပုဏ္ဏားသည် မြတ်စွာဘုရား၌ ဖြစ်ပွါးသဒ္ဓါ များစွာ ကြည်ညိုခြင်း ရှိသည်ဖြစ်၍ တောင်းပန်လျှောက်ကြား ဘုရားသာသနာတော်ဝယ် ကောင်းစွာ ဝင်မြန်း ရဟန်းအဖြစ်ကိုရ၍ အရဟတ္တဖိုလ်သို့ ရောက်လေ၏။ ထိုနောက်အခါ ဘာရဒွါဇ ပုဏ္ဏား၏ညီငယ်ဖြစ်သော အက္ကောသက ဘာရဒွါဇ ပုဏ္ဏားသည် ငါ၏အစ်ကိုကြီးသည် ရဟန်းပြုသတတ်ဟု ကြားသိရသည်ရှိသော် ပြင်းစွာ အမျက်ထွက်ပြီး လျင်စွာလာခဲ့၍ မြတ်စွာဘုရားကိုယ်တော်ကို ကြမ်းကြုတ် ကုန်သော စကားတို့ဖြင့် ရမ်းကားဆဲရေးလေ၏။ ထိုအက္ကောသကဘာရဒွါဇ ပုဏ္ဏားသည်လည်း မြတ်စွာဘုရားရှင်က ဧည့်သည်အာဂန္တုတို့အား ခဲဖွယ် စသည်ကို ပေးသော ဥပမာဖြင့် သိဒစအပ်သည် ရှိသော် မြတ်စွာဘုရား၌ ကြည်ညိုခြင်း ရှိလေရကား ရဟန်းပြု၍ အရဟတ္တဖိုလ်သို့ ရောက်လေ၏။နောက် အဖို့ဖြစ်သော တစ်ပါးသောအခါ၌လည်း ထိုဘာရဒွါဇ ပုဏ္ဏား၏ ညီငယ်ဖြစ် ကုန်သော သုန္ဒရိကဘာရဒွါဇ ပုဏ္ဏား, ဗိလင်္ဂိကဘာရဒွါဇပုဏ္ဏား ဟူကုန်သော နှစ်ယောက်ကုန်သော ညီအစ်ကိုတို့သည်လည်း မြတ်စွာဘုရားကို ဆဲရေးရေရွတ် ကုန်လျက်သာလျှင် မြတ်စွာဘုရားသည် ဆုံးမအပ်ကုန်သည်ဖြစ်၍ အလုံးစုံသော သူတို့သည် ရဟန်းပြုကာ အရဟတ္တဖိုလ်သို့ ရောက်လေကုန်၏။

ထိုနောက်ဖြစ်သော တစ်နေ့သောအခါ၌ တရားသဘင် အစည်းအဝေး ခွင်ဝယ် "ငါ့ရှင်တို့ ဘုရားရှင်တို့၏ ဂုဏ်တော်ကျေးဇူးတော်တို့ကား လက်ဖျစ်တီး၍ အံ့ချီးဖွယ် ဖြစ်လေစွတကား။ လေးယောက်လည်း မည်ကုန်သော ပုဏ္ဏား ညီအစ်ကိုတို့သည် ဆဲရေးရေရွတ်ကုန်သော်လည်း မြတ်စွာဘုရားသည် တစ်စုံ တစ်ခုသော စကားကိုမျှ ပြန်လှန်ပြောကြားခြင်း မပြုမူ၍ ထိုသူတို့၏ ထောက် တည်ရာ ဖြစ်လေကုန်သည်"ဟူသော စကားကို ဖြစ်စေကြကုန်၏။ မြတ်စွာ ဘုရားသည် ကြွတော်မူလာ၍ "ချစ်သားရဟန်းတို့ ငါဘုရား ကြွတော်မူလာ ဆဲသော ဤယခုအခါ၌ အဘယ်မည်သော စကားဖြင့် ပြောကြား စည်းဝေး ထိုင်နေကုန်ဘိသနည်း"ဟု မေးတော်မူ၍ "ဤအမည်ရှိသောအကြောင်းပါ"ဟု ရိုးပေါင်း လျှောက်ထားသည်ရှိသော် "ချစ်သားရဟန်းတို့ ငါဘုရားသည် ငါ၏ သည်းခံခြင်းခွန်အားနှင့် ပြည့်စုံသည်၏ အဖြစ်ကြောင့် ပြစ်မှားကုန်သော

သူတို့၌ ပြန်လှန်သောအား မပြစ်မှားဘဲ လူများအပေါင်း၏ ညွတ်ပျောင်းရှိကျိုး အားကိုးထောက်တည်ရာ ဖြစ်တော့သည်သာလျှင်တည်း”ဟု မိန့်တော်မူပြီး ဤဂါထာကို ဟောတော်မူ၏—

အက္ကောသံ ဝဓဗန္ဓဉ္စ၊ အဒုဋ္ဌော ယော တိတိက္ခတိ။
ခန္တိဗလံ ဗလာနီကံ၊ တမဟံ ဗြူမိ ဗြာဟ္မဏံ။

ဆယ်ပါးသော ဆဲရေးခြင်းတို့ဖြင့် ရေရွတ် ဆဲရေးခြင်းကို လည်းကောင်း၊ လက်ဖြင့် ပုတ်ခတ်ခြင်း နှောင်အိမ်စသည်တို့ဖြင့် နှောင်ဖွဲ့ခြင်းကိုလည်းကောင်း ပြန်၍ အမျက်ထွက်ခြင်းမပြုဘဲ သည်းခံခြင်း ခွန်အားရှိ၍ အဖန်ဖန် သည်းခံနိုင်ခြင်း တည်းဟူသော စစ်သည်ဗိုလ်ပါရှိသော ပုဂ္ဂိုလ်ကို မကောင်းမှုမှ အပပြုပြီးသူဟူ၍ ငါဘုရား ဟောကြားတော်မူ၏။

ထိုဂါထာ၌ အဒုဋ္ဌော=ဟူသည် ဆယ်ပါးသော ဆဲရေးခြင်းတို့ဖြင့် ဆဲရေးခြင်းကိုလည်းကောင်း, လက်စသည်တို့ဖြင့် ပုတ်ခတ်ခြင်းကိုလည်းကောင်း, နှောင်အိမ်စသည်တို့ဖြင့် နှောင်ဖွဲ့ခြင်းကိုလည်းကောင်း အမျက် မထွက်ဘဲ သည်းခံ၏။

သည်းခံခြင်းအားအစွမ်းနှင့် ပြည့်စုံသောကြောင့် ခန္တိဗလံ မည်၏။

အဖန်ဖန် သည်းခံခြင်းကိုဖြစ်ခြင်း ဟူသော စစ်သည်ဗိုလ်ထုဖြစ်သော ထိုသည်းခံခြင်းအားအစွမ်းနှင့် ပြည့်စုံသောကြောင့် ဗလာနီကမည်၏။

ထိုသည်းခံခြင်းအားအစွမ်းရှိသော ပုဂ္ဂိုလ်ကို ငါဘုရားသည် ဗြာဟ္မဏ ဟူ၍ ဟောတော်မူ၏။

ဒေသနာတော်၏ အဆုံး၌ များစွာကုန်သောသူတို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်ကုန်၏။

အက္ကောသက ဘာရဒွါဇပုဏ္ဏား၏ ဝတ္ထုပြီး၏။

---

## ၁၇။ အရှင်သာရိပုတ္တရာမထေရ်ဝတ္ထု

**အက္ကောဓနံ** အစရှိသော ဒေသနာတော်မြတ်ကို မြတ်စွာဘုရားရှင်သည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် အရှင်သာရိပုတ္တရာမထေရ်ကို အကြောင်းပြု၍ ဟောကြားတော်မူ၏။

တစ်နေ့သောအခါ၌ သာရိပုတ္တရာမထေရ်သည် ရဟန်းငါးရာတို့နှင့် တကွ ဆွမ်းအလို့ငှါ လှည့်လည်တော်မူလျက် နာလကရွာ၌မယ်တော် သာရီပုဏ္ဏေးမ၏ အိမ်သို့ ကြွတော်မူ၏။ ထိုအခါ သာရိပုတ္တရာမထေရ်ကို ထိုမယ်တော်ပုဏ္ဏေးမသည် ကောင်းစွာထိုင်နေစေ၍ ပြုစုလုပ်ကျွေးရင်း ရေရွတ်၏။ အဘယ်သို့ ရေရွတ်ဆဲရေးသနည်းဟူမူ အို စားကြွင်းစား စားကြွင်းညစ်ပေ ပအုံးရေကို အလိုပြည့်ဝအောင် မရမရှိသည်ဖြစ်၍ သူတစ်ပါးတို့၏ အိမ်တို့၌ ယောင်ကုမ်တ်ဖြင့် လောင်းလှူအပ်သော ပအုံးရေကို သုံးဆောင် စားသောက်၏။ ကုဋေရှစ်ဆယ် ကြွယ်ဝသော ဥစ္စာကို ပယ်ကာစွန့်ပစ် ရဟန်းပြုသည်ဖြစ်၍လည်း ဖျက်ဆီးအပ်သည် ဖြစ်ခဲ့၏။ အသင်သည် ဤယခုအခါ၌ သုံးဆောင် စားသောက်လေလော့ဟု ရေရွတ်၏။ ရဟန်းတို့အားလည်း ဆွမ်းကို ပေးလှူသည်ရှိသော် အသင်တို့ကား ငါ၏ သားသည် အလုပ်အကျွေးငယ်ကို ပြုအပ်၏။ ဤယခုအခါ၌ စားသုံးကြကုန်လော့ဟု ပြောဆို၏။ သာရိပုတ္တရာမထေရ်သည် ဆွမ်းကိုခံယူ၍ ကျောင်းသို့ သာလျှင် ကြွသွားတော်မူ၏။

ထိုအခါ အရှင်ရာဟုလာသည် မြတ်စွာဘုရားကို မိမိ ခံယူခဲ့သော ဆွမ်းဖြင့် အလိုတော်ရှိရန် ရည်သန်လျှောက်ထား ပန်ကြားသည်ရှိသော် ထိုအခါ မြတ်စွာဘုရားက ထိုအရှင်ရာဟုလာကို "ချစ်သား ရာဟုလာ အဘယ် အရပ်သို့ အသင်တို့ သွားရောက်ကုန်ဘိသနည်း"ဟု မေးတော်မူ၏။ "ဘုန်းတော်ကြီးသော မြတ်စွာဘုရား ဥပဇ္ဈာယ်ဆရာ၏မယ်တော်ဖြစ်သော အဘွားမ၏ ရွာသို့ သွားကြပါကုန်သည်"ဟု လျှောက်ကြားသောအခါ "အသို့ပေနည်း။ အသင်၏ အဘွားမက အသင်၏ဥပဇ္ဈာယ်ဆရာကို နှုတ်ညံ့ညင်သာစကား ကောင်းစွာ ပြောကြားပါ၏လော"ဟု မေးတော်မူသဖြင့် "ဘုန်းတော်ကြီးသော မြတ်စွာဘုရား တပည့်တော်၏ အဘွားမသည် ပြင်းစွာ ကြမ်းခက် အမျက်ထွက်ပါ သည်"ဟု ကြားလျှောက်သည်ရှိသော် "အဘယ်သို့ မြည်တွန်ပြောဆို၍ အမျက် ထွက်သနည်း"ဟု မေးတော်မူပြန်လျှင် "ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ ဤ အမည်ရှိသော စကားကို ပြောကြားပြန်လျက် အမျက် ထွက်ပါသည်"ဟု လျှောက်ထား၏။ "ချစ်သား ရာဟုလာ ယင်းကဲ့သို့ အသင်တို့၏ အဘွားမက မြည်တမ်း ပြောဆိုလျက် အမျက်ထွက်သောအခါ အသင်၏ ဥပဇ္ဈာယ်ဆရာက အဘယ်သို့ ပြောဆိုသနည်း"ဟု မေးတော်မူပြန်သဖြင့် ဘုန်းတော်ကြီးသော မြတ်စွာဘုရား တပည့်တော်တို့ ဥပဇ္ဈာယ်ဆရာက တစ်စုံတစ်ခုကိုမျှ မပြော ဆိုပါ။ ဆိတ်ဆိတ်သာ နေပါသည်"ဟု လျှောက်ကြား၏။ မြတ်စွာဘုရား မေးတော်မူသောကြောင့် အရှင်ရာဟုလာလျှောက်ထားသော ထိုစကားကိုကြား ကုန်၍ ရဟန်းတို့သည် တရားသဘင်၌ "ငါ့ရှင်တို့ သာရိပုတ္တရာမထေရ်၏ ဂုဏ် ကျေးဇူးတို့ကား အံ့ဩဖွယ်ရှိပေစွ ထိုသာရိပုတ္တရာမထေရ်ကား ဤသို့သဘော

ရှိသည်မည်သော မယ်တော် ပုဏ္ဏေးမသည် ရေရွတ်သော်လည်း အမျက်ထွက်ခြင်းမျှလည်း မဖြစ်ပလေ”ဟူသောစကားကို ဖြစ်စေကြကုန်၏။ မြတ်စွာဘုရားသည် ကြွတော်မူလာ၍“ချစ်သားရဟန်းတို့ ငါဘုရား ကြွတော်မူလာသော ဤယခုအခါ၌ အဘယ်မည်သောစကားဖြင့် ပြောကြား စည်းဝေး ထိုင်နေကုန်သနည်း”ဟု မေးတော်မူ၍ “ဤအမည်ရှိသော စကားပါ”ဟု လျှောက်ကြားသည်ရှိသော်“ချစ်သား ရဟန်းတို့ အာသဝေါ ကုန်ပြီးသော ရဟန္တာတို့မည်သည် အမျက်မထွက်သည်သာလျှင် ဖြစ်ကုန်၏”ဟု မိန့်တော်မူလို၍ ဤဂါထာကို ဟောတော်မူ၏—

**အက္ကောဓနံ ဝတဝန္တံ၊ သီလဝန္တံ အနုဿဒံ။**
**ဒန္တံ အန္တိမသာရီရံ၊ တမဟံ ဗြူမိ ဗြာဟ္မဏံ။**

အမျက်ထွက်ခြင်းမရှိသော ပိဏ္ဍပါတိက ဓုတင်စသော အကျင့်ကို ကျင့်ဆောင်သော သီလစင်ကြယ်သော တဏှာကပ်ငြိမှုကင်းသော ဣန္ဒြေကို စောင့်စည်းပြီးသော သံသရာအဆုံးကို ပြုပြီးသော ပုဂ္ဂိုလ်ကို မှကောင်းမှုကို အပပြုပြီးသူဟု ငါဘုရားဟောကြားတော်မူ၏။

ထိုဂါထာ၌ **ဝတဝန္တံ**=ဟူသည် ပိဏ္ဍပါတ် စသော ဓုတင်အကျင့်ရှိသော။

**သီလဝန္တံ**=ဟူသည် စတုပါရိသုဒ္ဓိသီလနှင့်ပြည့်စုံသော။

**အနုဿဒံ**=ဟူသည် တဏှာ တိုးပွါးခြင်း မရှိသော။

**ဒန္တံ**=ဟူသည် ဣန္ဒြေခြောက်ပါးကို ဆုံးမခြင်းဖြင့် ယဉ်ကျေးသော။

**သံသရာလမ်းအဆုံး** ဟူသော အထွတ်အထိပ်၌ တည်သော အတ္တဘောရှိသော ပုဂ္ဂိုလ်ကို ဗြာဟ္မဏ ဟူ၍ ငါဘုရား ဟောတော်မူ၏။

ဒေသနာတော်၏ အဆုံး၌ များစွာကုန်သော သူတို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်ကုန်၏။

ဆက်လက်၍ အရှင်သာရိပုတ္တရာမထေရ်၏အကြောင်း အပြည့်အစုံကို သိရှိကြည်ညိုနိုင်ရန်အတွက် သုတ်မဟာဝါ ပရိနိဗ္ဗာနသုတ် အဋ္ဌကထာနှင့် မဟာဝဂ္ဂသံယုတ်အဋ္ဌကထာတို့မှ ထုတ်နုတ်၍ ဖော်ပြပါဦးမည်။

## အရှင်သာရိပုတ္တရာမထေရ် ပရိနိဗ္ဗာန်ပြုခန်း

လူနတ် ဗြဟ္မာ သတ္တဝါတို့၏ ဆရာတစ်ဆူဖြစ်တော်မူ၍ ဂူဃရိယစသည့် ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်ကိုယ်တော်မြတ်သည် အရပ်ရပ်သော သတ္တဝါဝေနေယျတို့ အကျိုးစီးပွားအကျိုးငှါ ဘုရားဖြစ်တော်မူလာခဲ့သည့် အတိုင်း ဘုရားဖြစ်တော်မူသည်ကစ၍ အမြို့မြို့အရပ်ရပ်၌ သီတင်းသုံးနေလျက် ဓမ္မစည်ကြီးကို ရိုက်တီးလှည့်လည်ခဲ့ရာ ၄၅-ဝါတော် အကျ၌ ဝေဠုဝရွာဝယ် ဝါကပ်ဆိုတော်မူ၍ ဝါမှထမြောက်ပြီးသော် ဝေဠုဝရွာမှ ထွက်ကြွတော်မူ၏။ သာဝတ္ထိပြည်သို့ သွားအံ့ဟူသော စိတ်တော်ကို ဆောက်တည်ကာ ကြွလာတော်မူသော လမ်းခရီးစဉ်ဖြင့်သာလျှင် ဆုတ်နစ်ပြန်လည်တော်မူလျက် အစဉ်အတိုင်းအားဖြင့် သာဝတ္ထိပြည်သို့ ရောက်တော်မူ၍ ဇေတဝန်ကျောင်းတော်သို့ ကြွဝင်တော်မူ၏။ တရားစေ်သူကြီး ဖြစ်တော်မူသော အရှင်သာရိပုတ္တရာ မထေရ်သည် မြတ်စွာဘုရားအား ဝတ်ကြီးဝတ်ငယ် ပြုလုပ်ခဲ့ပြီး၍ နေသန့်ရာအရပ်သို့ ချဉ်းကပ်တော်မူလေ၏။ ထိုအရှင်သာရိပုတ္တရာမထေရ်သည် နေသန့်ရာအရပ်၌ ချဉ်းကပ်လျက် တပည့်တော်ဘို့၌ ကြည့်ရှု စောင့်ရှောက်ဖွယ်ဖြစ်သော ဝတ်ကြီးဝတ်ငယ်ကို ပြုလုပ်ပြုသ၍ ထိုဘပည့်ဘို့ ဖဲကြွကုန်သည်ရှိသော် နေ့သန့်ရာအရပ်ကို တံမြက်လှည်းခတ် ခင်းအပ်သော စမ္မခဏ်ကို ခင်းတော်မူ၍ ခြေတော်တို့ကို ဆေးကြောပြီးသော် ထက်ဝယ်ဖွဲ့ခွေ ထိုင်နေတော်မူလျက် ဖလသမာပတ်ကို ဝင်စားတော်မူ၏။

### အရှင်သာရိပုတ္တရာမထေရ်၏ ပရိနိဗ္ဗာန်ပြုရာ အကြံတော်

ထို့နောက် ကာလအပိုင်းအခြားဖြင့် ဝင်စားအပ်သော ထိုဖလသမာပတ်မှ ထမြောက်တော်မူသော ထိုအရှင်သာရိပုတ္တရာ မထေရ်အား ဤသို့သော အကြံအစည်သည် ထင်ရှားဖြစ်၏။ အဘယ်တို့ ဖြစ်သနည်း ဟူမူကား "သခင်မြတ်ဖျား ဘုရားရှင်တို့ပင်တည်း ရှေးဦးစွာ ပရိနိဗ္ဗာန် ပြုကုန်သလော၊ သို့မဟုတ်က အဂ္ဂသာဝကတို့ဘည်း ရှေးဦးစွာ ပရိနိဗ္ဗာန်ပြုကုန်သလော" ဟူသော အကြံအစည်သည် ထင်ရှားဖြစ်၏။ ထို့နောက်မှ "အဂ္ဂသာဝကတို့သည် ရှေးဦးစွာ ပရိနိဗ္ဗာန်ပြုကုန်သတည်း" ဟု သိတော်မူသည်ဖြစ်၍ မိမိ၏ အာယုသင်္ခါရကို ကြည့်ရှုတော်မူ၏။ ထိုအရှင် သာရိပုတ္တရာမထေရ်သည် "ခုနစ်ရက်မျှလောက်သာလျှင် ငါ၏ အာယုသင်္ခါရဘို့သည် တည်ဖြစ်ကုန်လတ္တံ့" ဟု သိတော်မူသောကြောင့် "အဘယ်အရပ်၌ ငါသည် ပရိနိဗ္ဗာန်ပြုရပါအံ့နည်း" ဟု ကြံစည်တော်မူပြန်၏။

ထို့နောက်မှ "မြတ်စွာဘုရား၏ သားတော် ငါ၏တပည့်အရှင်း ဖြစ်သော ရာဟုလာသည် တာဝတိံသာနတ်ပြည်ဘို့၌ ပရိနိဗ္ဗာန်ပြုတော်မူ၏၊ ငါတို့၏

နောင်တော်ကြီးဖြစ်သော အညာတကောဏ္ဍညမထေရ်သည် ဆဒ္ဒန္တအိုင်၌ ပရိနိဗ္ဗာန်ပြုတော်မူ၏။ ငါသည်မူကား အဘယ်အရပ်၌ ပရိနိဗ္ဗာန်ပြုရအံ့နည်း” ဟု အဖန်ဖန်အထပ်ထပ် သုံးသပ်ကြံစည်တော်မူလျက် မယ်တော်ဖြစ်သော သာရီ ပုဏ္ဏေးမကိုအကြောင်းပြု၍ သတိရခြင်းကိုဖြစ်စေ၏။ “ငါ၏မယ်တော်သည် ရဟန်းယောကျ်ား ရဟန်းမိန်းမဟု ဆိုအပ်ကုန်သော ခုနစ်ပါးကုန်သော ရဟန္တာတို့၏ မယ်တော်ရင်းအစစ် ဖြစ်ရပါလျက်လည်း ဘုရား, တရား,သံဃာ တို့၌ ကြည်ညိုခြင်းမရှိ။ ထိုမယ်တော်အား မဂ်ဖိုလ်ရကောင်း အကြောင်း ဥပနိဿယသည် ရှိပါ၏လော, မရှိလေသလော”ဟု တွေးတောကြည့်ရှုပြန်သည် ရှိသော် သောတာပတ္တိမဂ်ဖိုလ် တက်ရောက်ကောင်း အကြောင်း ဥပနိဿယ ပြည့်ဝသည်ကို တွေ့မြင်တော်မူ၍ “အဘယ်သူ၏ ဟောကြားပြသ ဆိုဆုံးမ သော တရားစကားဖြင့် အကျွတ်တရားကိုရသည် ဖြစ်ပေလတ္တံ့နည်း”ဟု ကြည့်ရှုတော်မူပြန်သည်ရှိသော် ငါ၏သာလျှင် တရားစကား ဟောကြား ဆုံးမခြင်းဖြင့် အကျွတ်တရားကိုရသည်ဖြစ်လတ္တံ့။ ငါမှတစ်ပါး အခြားသောသူ ၏ တရားစကား ဟောကြားဆုံးမခြင်းဖြင့် အကျွတ်တရားကိုမရပေလတ္တံ့ ငါသည်တမူ အယူမစင် မိခင်မယ်တော်အား ဟောဖော်ခမ္မ ဆုံးမခြင်းမပြု လျစ်လျူရှုသည် ဖြစ်၍ ကြောင့်ကြမဲ့ ဖြစ်ခဲ့မူကား ငါ့အား လူအများတို့ သည် ကဲ့ရဲ့ဘိသောနှယ်ပြောဆိုလွယ်သည် ဖြစ်ကုန်လတ္တံ့။ အဘယ်သို့ ပြောဆို လွယ်ကုန်မည်နည်းဟူမူ။ “အရှင်သာရိပုတ္တရာမထေရ်သည် မိမိ၏ ကျေးဇူးရှင် မိခင်ဖြစ်သော သာရီပုဏ္ဏေးမမှ ကြွင်းကုန်သော လူတို့၏လည်း ကိုးကွယ်ရာ ဖြစ်ပါပေ၏။ ထိုစကားသည် မှန်၏။ ထိုအရှင်သာရိပုတ္တရာမထေရ်၏ သမစိတ္တ သုတ္တန်ကို ဟောကြားတော်မူသော နေ့၌သာလျှင် ကုဋေတစ်သိန်းကုန်သော နတ်တို့သည် အရဟတ္တဖိုလ်သို့ ရောက်ကုန်၏။ အောက်မဂ်သုံးပါးတို့ကို ထိုးထွင်း ၍ သိကုန်သော နတ်တို့၏ အရေအတွက် အပိုင်းအခြားသည် မရှိ။ ထိုမှ တစ်ပါးကုန်သော အရာတို့၌လည်း များစွာကုန်သော အကျွတ်တရားကို ရကုန်သောသူတို့သည် ထင်ရှားကုန်၏။ မထေရ်မြတ်၌ စိတ်ကိုကြည်ညိုစေ၍ နတ်ပြည်၌ ဖြစ်ကုန်သော သူတို့သည်သာလျှင် အမျိုးတစ်ထောင် အတိုင်း အရှည် ရှိကုန်၏။ အရှင်သာရိပုတ္တရာမထေရ်သည် ဤယခုအခါ မိမိ၏ မိခင် မယ်တော် မလျော်မတန် ဖောက်ပြန် မှားယွင်းသောအားဖြင့် အယူမှားကိုလည်း ပယ်ချနုတ်ပစ်ခြင်းငှါ မစွမ်းနိုင်ချေတကား”ဟု ဆိုလွယ်သည် ဖြစ်ပေလတ္တံ့။

ထို့ကြောင့် ကျေးဇူးတော်ရှင် မွေးမိခင်ကို ဖောက်ပြန်မှားယွင်းသော အယူ အမြင်မှ ကင်းစင်လွတ်မြောက်စေ၍ ငါ့ကို ဖွားမြင်ရာဖြစ်သော တိုက်ခန်း၌ သာလျှင် ပရိနိဗ္ဗာန်ပြုတော့အံ့ဟု ဆုံးဖြတ်ခြင်းကိုပြု၍ ယနေ့ပင်လျှင် ဘုရား ရှင်ကို ကြေခင်းစဉ် ကြည့်ရှုခွင့်ပြုစေ၍ ထွက်သွားတော့အံ့ဟု ကြံစည်ပြီးသော်

ညီတော်ဖြစ်သော စုန္ဒမထေရ်ကို "ငါ့ရှင်စုန္ဒ ငါတို့၏အခြံအရံ တပည့်ပရိသတ် ဖြစ်သော ရဟန်းငါးရာအပေါင်းကို ကောင်းစွာ အမှတ်သညာကို ပေးဘိလော့။ အဘယ်သို့ အမှတ်သညာကို ပေးရမည်နည်း ဟူမူ ငါ့ရှင်တို့ မိမိတို့၏ သပိတ်၊ သင်္ကန်းတို့ကို ကိုင်ယူကြကုန်လော့။ တရားစစ်သူကြီး ဖြစ်တော်မူသော သာရိပုတ္တရာမထေရ်သည် နာလကရွာသို့သွားခြင်းငှါ အလိုရှိတော်မူ၏ဟု အမှတ်သညာကို ပေးဘိလော့"ဟု မိန့်ဆိုတော်မူ၏။ စုန္ဒမထေရ်သည် နောင်တော်ရင်းစစ် ဖြစ်တော်မူသော အရှင်သာရိပုတ္တရာမထေရ် စေခိုင်းသော အတိုင်း ရွက်ဆောင်ပြုလုပ်၏။

ရဟန်းတို့သည် ကျောင်းအိပ်ရာနေရာကို သိမ်းဆည်းပြီးလျှင် သပိတ်၊ သင်္ကန်းကို ကိုင်ယူ၍ အရှင်သာရိပုတ္တရာမထေရ်၏ အထံသို့ သွားကြကုန်၏။

## အရှင်သာရိပုတ္တရာမထေရ် ပရိနိဗ္ဗာန်ပြုရန် လျှောက်ထားခြင်း

အရှင်သာရိပုတ္တရာမထေရ်သည် ကျောင်းအိပ်ရာနေရာကို သိမ်းပြီးသော် မိမိနေ့သန့်ရာအရပ်ကို တံမြက်ခတ်လှည်း၍ နေ့သန့်ရာအရပ်၏ တံခါး၌ ရပ်တည်ပြီးလျှင် နေ့သန့်ရာအရပ်ကို ကြည့်ရှုတော်မူ၍ "ဤယခုအခါ ငါသည် ဤနေ့သန့်ရာအရပ်ကို ကြည့်ရှုခြင်းသည်ကား အဆုံးစွန်သော ကြည့်ရှုခြင်းပေတည်း။ နောက်၌ တစ်ဖန် ပြန်လည်၍ လာခြင်းမရှိတော့ပြီ"ဟု ကြံစည်တော်မူ၍ ငါးရာသော ရဟန်းတို့ဖြင့် ခြံရံလျက် မြတ်စွာဘုရားကို ရှိခိုးပြီး၍ "ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား တပည့်တော်အား သနားသမှု ခွင့်ပြုတော်မူပါလော့။ ကောင်းသောစကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရား တပည့်တော်အား သနားသမှု ခွင့်ပြုတော်မူပါလော့။ တပည့်တော်အား ပရိနိဗ္ဗာန်ပြုပါရန် ချိန်ခါတန်ပါပြီ။ တပည့်တော်သည် အာယုသင်္ခါရကို လွှတ်အပ်ပါပြီ"ဟု ဤသို့သောစကား မြတ်စွာဘုရားကို လျှောက်ကြား၏။

ဘုရားရှင်တို့ကား "အသင်သည် ပရိနိဗ္ဗာန်ပြုလေလော့"ဟု မိန့်ဆိုတော်မူသည်ရှိသော် သေခြင်း၏ ဂုဏ်ကျေးဇူးကို ချီးမွမ်းသည် မည်ကုန်၏။ "အသင်သည် ပရိနိဗ္ဗာန် မပြုလေလင့်"ဟု မိန့်ဆိုတော်မူသည်ရှိသော် ဝဋ္ဋဆင်းရဲ၏ ဂုဏ်ကျေးဇူးကို ပြောဆိုသည်မည်ကုန်၏၊ မှားယွင်းဖောက်ပြန်သော သူတို့က အပြစ်တင်ကုန်လတ္တံ့။ ထို့ကြောင့်အပြစ်များပြား ထိုနှစ်ပါးကုန်သောစကားကို လည်း ပြောကြားမိန့်ဆိုတော်မမူကုန်။

မြတ်စွာဘုရားက ထိုအရှင်သာရိပုတ္တရာမထေရ်ကို "ချစ်သား-သာရိပုတ္တရာ အဘယ်အရပ်၌နေ၍ ပရိနိဗ္ဗာန် ပြုလတ္တံ့နည်း"ဟု မေးမြန်းမိန့်ဆိုတော်မူ၍

"ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား မဂဓတိုင်း နာလကရွာ၌ တပည့်တော် မွေးဖွားရာ တိုက်ခန်းသည် ရှိပါ၏။ ထိုတိုက်ခန်း၌ တပည့်တော်သည် ပရိနိဗ္ဗာန်ပြုပါအံ့" ဟု လျှောက်ကြားသည် ရှိသော် "ချစ်သား– သာရိပုတ္တရာ သွားရန်သင့်လျော်သည့် အချိန်အခါကို အသင်သိပေ၏။ သိသည်အလျောက် သွားရောက်ရမည့် ထိုအချိန်ကို အသင်သာလျှင် အောက်မေ့ နှလုံးသွင်းလေဘိလော့။ ချစ်သား သာရိပုတ္တရာ ဤယခုအခါ အသင်၏အောက် ထေရ်ဝါငယ်ကုန်သော အသင်၏ ညီတော်ဖြစ်သောရဟန်းတို့အား အသင်ကဲ့သို့ သဘောရှိသော ရဟန်းအား ကြည့်ရှုဖူးမြော်ခြင်းကို ရခဲသည်ဖြစ်ပေလတ္တံ့။ ထိုရဟန်းတို့အား တရားတော်ကို ဟောကြားဘိလော့" ဟု မိန့်တော်မူ၏။

## အရှင်သာရိပုတ္တရာ တန်ခိုးအမျိုးမျိုး ဖန်ဆင်း၍ တရားဟောခြင်း

အရှင် သာရိပုတ္တရာမထေရ်သည် "မြတ်စွာဘုရားကား တန်ခိုးဖန်ဆင်းခြင်းလျှင် ရှေ့သွားရှိသော ငါ၏တရားဟောခြင်းကို တောင့်တတော်မူ၏" ဟု သိတော်မူသောကြောင့် ဘုရားရှင်ကို ကြည်လင် ညွတ်လျိုးရှိခိုး၍ ထန်းပင် တစ်ဆင့်မျှ ပမာဏရှိသော ကောင်းကင်သို့ ပျံတက်ပြီးသော် ကောင်းကင်မှ သက်ဆင်း၍ မြတ်စွာဘုရား ခြေတော်တို့ကို ရှိခိုးဦးခိုက်၏။ တဖန် ထန်းပင် နှစ်ဆင့်ခန့်မျှ ပမာဏရှိသော ကောင်းကင်သို့ ပျံတက်ပြီးသော် ကောင်းကင်မှ သက်ဆင်း၍ မြတ်စွာဘုရား၏ ခြေတော်တို့ကို ရှိခိုးဦးခိုက်၏။ ဤသို့သော အကြောင်းဖြင့် တိုးတက်မြင့်ကာ ထန်းပင် ခုနစ်ဆင့်ခန့်မျှရှိသော ကောင်းကင်သို့ ပျံတက်၍ အရာမက များပြားလှသော တန်ခိုးပြာဋိဟာတို့ကို ပြတော်မူလျက် တရားစကား ဟောကြားတော်မူခြင်းငှါ အားထုတ်တော်မူ၏။ ထင်ထင်ရှားရှား အများဖူးမြင်နိုင်သော ကိုယ်ဖြင့် တရားကို ဟောကြားတော်မူ၏။ မထင်မရှား အများ မမြင်နိုင်သော ကိုယ်ဖြင့်လည်း တရားကို ဟောကြားတော်မူ၏။ ကိုယ်တော်၏ ထက်ဝက် အထက်အဖို့ဖြစ်သော ကိုယ်တော်ဖြင့်လည်း တရားကို ဟောကြားတော်မူ၏။ အောက်ထက်ဝက် ကိုယ်တော်ဖြင့်လည်း တရားကို ဟောကြားတော်မူ၏။ အလျားရှိသောတစ်ခြမ်းမျှပြသောကိုယ်တော်ဖြင့် တရားကို ဟောကြားတော်မူ၏။ အများဖူးမြင် ထင်ရှားသော ကိုယ်တော် တစ်စုံတစ်ယောက်ပင် မတွေ့ မြင်ကောင်းသော ကိုယ်တော်အားဖြင့် နှစ်မျိုး ရောယှက်သော ကိုယ်တော်ဖြင့် တရားကို ဟောကြားတော်မူလေ၏။ ရံခါ လဝန်းသဏ္ဌာန် အဆင်းကို ပြတော်မူ၏။ ရံခါ နေဝန်းသဏ္ဌာန် အဆင်းကို ပြတော်မူ၏။ ရံခါ တောင်ကြီး၏ အဆင်းသဏ္ဌာန်ကို ပြတော်မူ၏။ ရံခါ သမုဒ္ဒရာ အဆင်းသဏ္ဌာန်ကို ပြတော်မူ၏။ ရံခါ စကြာမင်း အသွင်သည်ဖြစ်၏။ ရံခါ ဝေဿဝဏနတ်မင်းကြီး၏ အသွင်သည် ဖြစ်၏။ ရံခါ သိကြားနတ်မင်းကြီး၏

အသင်သည် ဖြစ်၏၊ ရံခါ ဗြဟ္မာကြီး၏ အသင်ဖြစ်၏။ ဤသို့လျှင် အရာမက များပြားလှသော တန်ခိုးပြာဋိဟာတို့ကို ပြတော်မူလျက် တရားစကားကို ဟောကြားတော်မူ၏။ အလုံးစုံသော မြို့သူမြို့သား အပေါင်းသည် စုရုံး စည်းဝေး၏။ အရှင်သာရိပုတ္တရာ မထေရ်သည် ကောင်းကင်မှ သက်ဆင်းပြီးခါ မြတ်စွာဘုရား၏ ခြေတော်တို့ကို ရှိခိုးဦးခိုက် တည်နေတော်မူ၏။

ထိုအခါ အရှင်သာရိပုတ္တရာ မထေရ်ကို မြတ်စွာဘုရား ကိုယ်တော်မြတ်က "ချစ်သား သာရိပုတ္တရာ အသင်ဟောကြား ပြသ ဤဓမ္မပရိယာယကား အဘယ်မည်သော ဓမ္မပရိယာယပေနည်း" ဟု မေးတော်မူ၏။ ဘုန်းတော် ကြီးတော်မူသော မြတ်စွာဘုရား ခြင်္သေ့မင်း၏ မြူးကွန့်စမွယ်ခြင်းနှင့် တူသော သီဟဝိကီဠိတမည်သော ဓမ္မပရိယာယပါတည်း" ဟု လျှောက်ကြား၏။ မြတ်စွာ ဘုရားက "ချစ်သား သာရိပုတ္တရာ အသင်လျှောက်ကြားတိုင်း သီဟဝိကီဠိတ မှန်ပေ၏။ ချစ်သား သာရိပုတ္တရာ အသင်လျှောက်ကြားတိုင်း သီဟဝိကီဠိတ မှန်ပေ၏" ဟု မိန့်တော်မူ၏။ အရှင်သာရိပုတ္တရာ မထေရ်သည် ချိတ်ရည်ဖြင့် ဆိုးဘိသကဲ့သို့ နီးမြန်းသော အဆင်းရှိကုန်သော လက်တို့ကို ဆန့်တန်း၍ မြတ်စွာဘုရား၏ ရွှေလိပ်ရုပ်နှင့် တူကုန်သော ခြေတော် ဖမျက်တော်တို့၌ ပွေ့ဖက်ကိုင်ယူ၍ "ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား အရှင်မြတ်၏ ဤ ခြေတော်တို့ကို ရှိခိုးရခြင်းအကျိုးငှါ ကမ္ဘာတစ်သိန်း အလွန်ရှိသော တစ်သင်္ချေ ပတ်လုံး ပါရမီတို့ကို ဖြည့်ဆည်းပူးခဲ့ရ ပါကုန်၏။ တပည့်တော်၏ နှလုံးအလို သည် နှစ်မြို့ဖွယ်၏အပြီးအဆုံးသို့ ရောက်ရပါပေပြီ။ ဤနေ့သမယ ဤအခါမှစ၍ ပဋိသန္ဓေတည်နေသည်၏ အစွမ်းဖြင့် တစ်ခုသော နေရာဌာန၌ တစ်ဖန်စုဝေးပေါင်း ဆုံမိခြင်း မရှိနိုင်တော့ပါပြီ။ ဤသို့ဖြစ်သော ချစ်ကျွမ်းဝင်ခြင်းသည် ပြတ်ပါပြီ၊ တစ်သိန်းမက အလွန်များပြားလှသော ဘုရားရှင်ကိုယ်တော်မြတ်တို့ကပ်ရောက် ကြွတော်မူရာဖြစ်သော မအိုရာ, မသေရာ,ဆင်းရဲငြိမ်းရာ, စင်စစ် အေးမြရာ, ဘေးအပေါင်းတို့ ကင်းကုန်ရာ,နိဗ္ဗာန်တည်းဟူသော ပြည်မြို့ကြီးသို့ ဝင်ရပါတော့အံ့၊ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ တပည့်တော် ပြုလုပ်သော တစ်စုံတစ်ခုကိုယ်အမူကိုလည်းကောင်း နှုတ်အမူကိုလည်းကောင်း အရှင်ဘုရားတို့ အကယ်၍ မနှစ်သက်ကုန်အံ့။ မနှစ်သက်ဖွယ်မှု တစ်စုံတစ်ရာ တပည့်တော်ပြုမိသော ထိုအမူအပြစ်ကို ခွင့်လွှတ် သည်းခံတော်မူပါကုန်လော့၊ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား တပည့်တော်အား ထွက်သွားဖို့ရန် အချိန်တန်ပါပြီ" ဟု လျှောက်ကြား၏။

မြတ်စွာဘုရားက "ချစ်သား သာရိပုတ္တရာ အသင်အား ငါဘုရားသည်းခံ တော်မူ၏။ စင်စစ်သော်ကား အသင်ချစ်သားတို့၏ ငါဘုရားအား မနှစ်သက် ဖွယ်ဖြစ်သော တစ်စုံတစ်ခု ကိုယ်အမူသည် လည်းကောင်း၊ နှုတ်အမူသည်

လည်းကောင်း မရှိပေ။ ချစ်သား သာရိပုတ္တရာ အကြင်အခါ သွားရာအခွင့် အချိန် သင့်သည်ကို အသင် သိပေ၏။ ထိုသို့ အသင်သိသည်အတိုင်းသာ ကောင်းစွာ နှလုံးသွင်း အောက်မေ့ဘိလော့”ဟု မိန့်တော်မူ၏။ ဤသို့လျှင် ဘုရားရှင် ကိုယ်တော်မြတ်က ခွင့်လွှတ်တော်မူသည်၏ အခြားမဲ့၌ ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရား၏ ခြေတော်တို့ကို ရှိခိုး၍ အရှင်သာရိပုတ္တရာ မထေရ် နေရာမှ ထကာမျှဝယ် မြင်းမိုရ်တောင်မင်း စကြဝဠာတောင် ဟိမဝန္တာတောင်ဟုဆိုအပ် ကုန်သော အလွန်အကြူး အထူး ကြီးမားသော ဘဏ္ဍာဝန် ဖြစ်ကုန်သော တောင်ကြီးတို့ကို ရွက်ဆောင်၍ နေနိုင်ငြားသော်လည်း ယခု အရှင်ဘုရား၏ ဤဂုဏ်ကျေးဇူးတော် အစုကို အလွန်အမင်း လေးလံခြင်းဖြင့် အကျွန်ုပ် ရွက်ဆောင်ခြင်းငှါ မစွမ်းနိုင်ပါဟု ပြောဆိုဘိသကဲ့သို့ တစ်ပြိုင်နက်တည်းသာ ကြည်းဟည်းအော်မြည်လျက် ရေအဆုံးရှိသည်တိုင်အောင်သော မြေကြီးသည် ပြင်းထန်စွာ တုန်လှုပ်၏။ အထက်ကောင်းကင်၌ နတ်စည်တို့သည် ကွဲပြိုတော် လည်းကုန်၏။ ကြီးစွာသော မိုးသည်တက်၍ ကြာဖက်ရေကျ ပမာဏသို့ ပေါက်ခွရမည်သော မိုးသည် ရွာ၏။ မြတ်စွာဘုရားသည် တရားစစ်သူကြီးကို အလိုဆန္ဒ ဘောင့်တတိုင်းသာ ကောင်းစွာပြီးစေအံ့ဟူသော အကြံတော်ဖြင့် တရားဟောနေရာမှ ထ၍ ဂန္ဓကုဋိသို့ ရှေးရှု ကြွသွားဘော်မူပြီးသော် ပတ္တမြား ပျဉ်ချပ်၌ ရပ်တည်တော်မူ၏။

အရှင်သာရိပုတ္တရာမထေရ်သည် သုံးကြိမ်တိုင်တိုင် လက်ယာရစ် လှည့်လည် သည်ကိုပြု၍ လေးခုသော အချပ်ဌာနတို့၌ ရှိခိုးပြီးသော် “ဘုန်းတော်ကြီးတော် မူသော မြတ်စွာဘုရား ဤဘဒ္ဒကမ္ဘာမှ ကပ်ဘစ်သိန်း အလွန်ရှိသော အသင်္ချေ၏ အထက်၌ အနောမဒဿီ အမည်ရှိတော်မူသော မြတ်စွာဘုရား၏ ခြေတော် ရင်း၌ ဝပ်စင်း စေး၍ အရှင်ဘုရားတို့အား ဖူးမြင်ရလိုခြင်းကို နှစ်မြို့တသ တောင့်တပန်ဆင်ခဲ့ပါ၏။ တပည့်တော်၏ ထိုဆုပတ္ထနာသည် ကောင်းစွာပြည့်စုံ ပါပြီ။ အရှင်ဘုရားတို့ကို တပည့်တော် ဖူးမြင်ရပါကုန်ပြီ။ ထိုသို့ထင်ထင် ဖူးမြင်ရခြင်းသည် ရှေးဦးစွာ ဖူးမြင်ရခြင်းပါတည်း။ ဤယခုပင် ဖူးမြင်ရခြင်း သည် နောက်ဆုံး ဖူးမြင်ရခြင်းပါတည်း။ နောင်တစ်ဖန် အရှင်ဘုရားတို့အား ဖူးမြင်ရခြင်းမရှိတော့ပါပြီ”ဟု လျှောက်ကြား၍ ဆယ်ခု စုထောင် လက်သည်း ရောင်တို့ဖြင့် ထွန်းပြောင် တောက်ပသော လက်အုပ်ကို မြှောက်ချီ၍ အကြင် မျှလောက် မြတ်စွာဘုရားရှင်ကို မြင်နိုင်သောက်သောအရာသည် ရှိ၏။ ထိုမျှ လောက်သော နေရာအရပ်တိုင်အောင် ဘုရားရှင်သို့ ရှေးရှုသာလျှင် နောက်ဆုတ် ကြွသွား၍ ရှိခိုးပြီးသော် ဖဲကြွတော်မူလေ၏။ တစ်ဖန်လည်း မဟာပထဝီ မြေကြီးသည် အတည်ဖြစ်အောင် ရွက်ဆောင်ခြင်းငှါ မစွမ်းနိုင်ဘိရကား ရေလျှင်အဆုံးရှိသည်ကိုပြု၍ လှုပ်ပြန်၏။

## အရှင်သာရိပုတ္တရာ မထေရ်ကို မြို့သူမြို့သားအများ ငိုယိုမြည်တမ်းလျက် လိုက်ပို့ကြခြင်း

မြတ်စွာဘုရားက ဝန်းရံတည်ရှိကုန်သော ရဟန်းတို့ကို "ချစ်သား ရဟန်းတို့ အသင်တို့၏ နောင်တော်ကြီးကို အစဉ်တစိုက် လိုက်၍ပို့ကြကုန်လော့"ဟု မိန့်ဆိုတော်မူ၏။ မြတ်စွာဘုရား မိန့်ကြားသော ထိုခဏ၌ သာလျှင် လေးပါးကုန်သော ပရိသတ်တို့သည် ဘုရားကိုယ်တော်မြတ် တစ်ပါးတည်းသာလျှင် ဇေတဝန်ကျောင်းတော်၌ ကျန်ခဲ့၍ ရဟန်းအားလုံး လိုက်ပါထွက်သွားကုန်၏။ သာဝတ္ထိမြို့၌ နေကြကုန်သော မြို့သူမြို့သားယောကျ်ား မိန်းမတို့သည်လည်း "အရှင်သာရိပုတ္တရာ မထေရ်သည် မြတ်စွာဘုရားကို ပန်းကြားခွင့်တောင်း၍ ပရိနိဗ္ဗာန်ပြုခြင်းငှါ ထွက်ကြွတော်မူသတဲ့။ ထိုမထေရ် မြတ်ကို ကြည့်ရှုဖူးမြော်ကုန်အံ့"ဟု ပြောဆိုပြီးကာ သူထက်ငါ လာကြ၍ မြို့တံခါးအထွက်ဝ၌ တိုးဝှေ့ကြသဖြင့် နေရာထွက်ခွင့် မရသည်တို့ကို ပြုကုန်လျက် ထွက်သွားကြကုန်၍ နံ့သာပန်း စသည် လက်စွဲပြီးခါ ကောင်းစွာ ပြုပြင်၍ ဆံပင်တို့ကို ဖရိုဖရဲကြဲကုန်လျက်"ဤယခုအခါ ကြီးကျယ်သော ပညာရှိတော်မူသော အရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီးသည် ဘယ်အရပ်၌ နေမျှတည်ရှိပါသနည်း။ တရားစစ်သူကြီး ဖြစ်တော်မူသော အရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီးသည် ဘယ်အရပ်၌ နေမျှတည်ရှိတော် မူပါသနည်းဟု သူတစ်ပါးတို့က မေးမြန်းကုန်သည်ရှိသော် တပည့်တော်-တပည့်တော်မတို့ အဘယ်သို့ ပြောကြားရပါကုန်မည်နည်း။ အဘယ်သူ၏ အထံသို့ သွားရပါကုန်မည်နည်း။ အရှင်ဘုရား၏ ဆရာသခင် ဘုရားရှင်ကို အဘယ်သူ၏ လက်၌ ပုံလွှဲအပ်ထား၍ မထေရ်အရှင်ဘုရားသည် ကြွသွားတော် မူရက်ပါလေသနည်း"။ ဤသို့စသောနည်းဖြင့် အသီးသီး အထွေထွေ မျက်ရည်ယိုစီး ငိုညည်း မြည်တမ်းကြကုန်လျက် မထေရ်မြတ်သို့ အစဉ်လိုက်ကုန်၏။

အရှင်သာရိပုတ္တရာမထေရ်သည် ကြီးကျယ်မြင့်မြတ်သော ဉာဏ်ပညာရှိသော အရာ၌ တည်တော်မူသည်၏ အဖြစ်ကြောင့် "သေမင်းနိုင်ငံသို့ မငြင်းဆန်သာ လိုက်ပါသွားရောက်ရသော ဤလမ်းကြောင်းခရီးသည်ကား အလုံးစုံသော သူတို့ မလွန်မြောက်နိုင်သော လမ်းခရီးပေတည်း"ဟု ဤသို့ အစရှိသော တရားစကားဖြင့် လူများအပေါင်းအား ကောင်းစွာ ဆုံးမတော်မူ၍ "ငါ့ရှင်တို့ အသင်တို့သည်လည်း တန့်ရပ် တည်နေရစ်ကြကုန်လော့။ ကျေးဇူးတော်ရှင် ဘုရားရှင်၌ မေ့လျော့ခြင်းသို့ မရောက်ကြကုန်လင့်"ဟု မိန့်ဆိုပြီးခါ ရဟန်း သံဃာကိုလည်း ဆုတ်နစ်ပြန်လည်၍ မိမိ၏ ပရိသတ်နှင့်သာလျှင် အတူတကွ ဖဲ့ကြွတော်မူ၏။ အကြင်လူတို့သည်လည်း"ရှေးရှေးအခါ အရှင်သာရိပုတ္တရာသည်

ကောင်းစွာတဖန် ပြန်ကြွလာမည် လှည့်လည်တော်မူခြင်းဖြင့် လှည့်လည်တော်မူ၏။ ဤယခုအခါ ကြွသွားတော်မူခြင်းကား တဖန် မပြန်လာဘဲ အဆုံးစွန် ကြွသွားတော်မူခြင်းပေတည်း”ဟု ငိုကြွေး မြည်တမ်းကုန်လျက် အစဉ်လိုက်ကြကုန်သည်သာတည်း။ ထိုလူတို့ကိုလည်း “အို ဒါယကာ ဒါယိကာမတို့ မမေ့မလျော့ကုန်သည် ဖြစ်ကြကုန်လော့၊ အကြောင်းတရား ပေါင်းငြားပြုပြင် သင်္ခါရတရားတို့မည်သည်ကား ဤသို့ ဖြစ်တတ်သော အလေ့ရှိကုန်၏” ဤသို့ စသော ဓမ္မဒေသနာ ကောင်းစွာနက်လေး အဆုံးအမပေး၍ ဆုတ်နစ်ပြန်သည်စေ၏။

## အရှင်သာရိပုတ္တရာမထေရ် ဖွားရာတိုက်ခန်း၌ သီတင်းသုံးခြင်း

ထိုနောက် အရှင်သာရိပုတ္တရာ မထေရ်သည် လမ်းခရီးကျသော အလုံးစုံသော အရပ်ဌာနတို့၌ တစ်ညဉ့်မျှ ကိန်းအောင်းနေမှုတော် မူခြင်းဖြင့် ခရီးလမ်းအကြား၌ ခုနစ်ရက်ပတ်လုံး လူတို့အား သင်္ဂြိုဟ်ပံ့ထောက် ချီးမြှောက်ခြင်းအမှုကို ပြုတော်မူလျက် ညနေချမ်းအခါ နာလကရွာသို့ ရောက်တော်မူ၍ ရွာတံခါးအနီးရှိသော ပညောင်ပင်ရင်း၌ တည်နေတော်မူ၏။ ထိုအခါ မထေရ်မြတ် နှမ၏သား တူတော်ဖြစ်သော ဥပရေဝတ အမည်ရှိသောသူသည် ရွာမှအပသို့ ထွက်သွားသည်ရှိသော် မထေရ်ကို တွေ့မြင်သောကြောင့် အနီးသို့ ချဉ်းကပ်ညွတ်လျိုး ရှိခိုး၍တည်၏၊ မထေရ်မြတ်က ထိုဥပရေဝတကို “နေအိမ်၌ အသင်၏အဖွားမကြီးသည် ရှိပါ၏လော”ဟု မေးမြန်း မိန့်ဆိုတော်မူ၏။ “အရှင်ဘုရားသြော်-ရှိပါ၏”ဟု လျှောက်ကြားသည်ရှိသော် “အသင် သွားတည့်ချေ ငါတို့၏အရပ်သို့ ကြွလာသည်အဖြစ်ကို ပြောကြားလေလော့။ အဘယ်အကြောင်းကြောင့် ကြွလာသနည်းဟု အသင့်ကို မေးခဲ့သည်ရှိသော် ယခုတစ်နေ့ အဖို့မျှကို ရွာတွင်း၌ သီတင်းသုံးနေလတ္တံ့၊ မွေးဖွားရာ တိုက်ခန်းကို သုတ်သင်ရှင်းလင်းလေကုန်လော့၊ ငါးရာကုန်သော ရဟန်းတို့၏ သီတင်းသုံးနေမှုဖို့ရာ အရပ်ဌာနကိုလည်း သိရှိပြုလုပ် သုတ်သင်ကြစေလိုကုန်သတဲ့ဟု ပြောကြားလေလော့”ဟူ၍ မှာထား မိန့်ဆိုတော်မူ၏။ ထိုဥပရေဝတသည် သွားရောက်၍ “အို-အဖွားမကြီး အကျွန်ုပ်၏ ဦးရီးဖြစ်သော အရှင်သာရိပုတ္တရာမထေရ် ကြွလာတော်မူသည်”ဟု ပြောကြား၏။ “ဤယခုအခါ အဘယ်မှာနည်း”ဟု မေးသောအခါ “ရွာတံခါး၌ တည်ရှိပါသည်”ဟု ပြောကြား၏။ “တစ်ဦးတစ်ယောက်တည်းသာလျှင်လော၊ သို့မဟုတ်ငြား တစ်ပါးလည်းဖြစ်သော တစ်စုံတစ်ယောက်သောသူ ပါရှိသေးသလော”ဟု မေးမြန်းသဖြင့် “ငါးရာကုန်သော ရဟန်းတို့ ပါရှိကုန်၏”ဟု ပြောကြား၏။ “ဘယ်အကြောင်းကြောင့် ကြွလာသနည်း”ဟု မေးမြန်းသည်ရှိသော် ထိုဥပရေဝတသည် မထေရ် မှာကြား စကားသတင်း ထိုသို့သော ဖြစ်ခြင်းကို ပြောကြား၏။ “ပုဏ္ဏေးမကြီးက အကြောင်း အသို့ပေနည်း။ ဤမျှလောက် အတိုင်းအရှည် ရှိကုန်သော ရဟန်းတို့၏ နေရာဌာနကို ပြုစု

ပြင်ဆင် သုတ်သင် ရှင်းလင်းစေ၏။ ငယ်ရွယ် ပျိုနုသောအခါ၌ ရဟန်းပြု၍ အရွယ်ကြီးပြင်း အိုမင်းသောအခါ လူဖြစ်ခြင်းငှါ အလိုရှိလေသလော" ဟု ကြံစည်လျက် မထေရ်ဖွားမြင်ရာ တိုက်ခန်းကို သုတ်သင် စေပြီးလျှင် ငါးရာကုန်သော ရဟန်းတို့ သီတင်းသုံး နေမျှရာ အရပ်ကို ပြုပြင်လုပ်ကိုင်၍ ဆီမီးတိုင်တို့ကို ညှိထွန်းပြီးသော် မထေရ်၏ အထံတော်သို့ စေလွှတ်၏။ သာရိပုတ္တရာမထေရ်သည် ရဟန်းတို့နှင့် အတူတကွ ကြွလာ၍ ပြာသာဒ်ထက်သို့ တက်ပြီး မိမိကိုယ်တော်ကို မွေးဖွားရာ တိုက်ခန်းသို့ ကြွဝင်၍ ထိုင်နေ သီတင်းသုံးတော်မူ၏။ ထိုင်နေတော်မူပြီး၍ အသင်တို့၏ အဖို့ငှါ ခင်းကျင်း၍ထားအပ်သော နေရာအရပ်သို့ သွားကြကုန်လော့ဟု မိန့်ဆိုတော် မူပြီးခါ ရဟန်းအပေါင်းကို စေလွှတ်လိုက်၏။

## အရှင်သာရိပုတ္တရာမထေရ်ထံ နတ်မင်းကြီးလေးပါး သိကြား, ဗြဟ္မာတို့ ဆည်းကပ်ခြင်း

ထိုရဟန်းတို့ ကြွသွားတော်မူကာမျှ၌ အရှင်သာရိပုတ္တရာမထေရ်အား ကြမ်းတမ်းလှစွာသော အနာရောဂါသည် ဖြစ်ပေါ်လာ၏။ သွေးသွန် ယိုစီးကုန်သော သေခါနီးရောက် ကြောက်မက်ဖွယ်သော ဝေဒနာသည် ဖြစ်ကုန်၏၊ သွေးသွန်ဆင်းလျက် တစ်ခုသော ခွက်သွင်းခြင်း, တစ်ခုသောခွက် ထုတ်ဆောင်ခြင်းဖြင့် အလဲအလှယ် ပြုလုပ်ရ၏၊ မယ်တော် ပုဏ္ဏေးမကြီးသည် "ငါ့သားတော်၏ ဤရောဂါကား ငါ့အား မနှစ်သက် စိုးရိမ်ဖွယ်ရှိလှ၏"ဟု ကြံစည်၍ မိမိ၏ နေရာ တိုက်ခန်း တံခါးကို မှီလျက် ရပ်တည် ကြည့်ရှု၍ နေ၏။ လေးဦးကုန်သော နတ်မင်းကြီးတို့သည် တရားစစ်သူကြီး ဖြစ်တော်မူသော အရှင်သာရိပုတ္တရာ မထေရ်ကား အဘယ်အရပ်၌ နေမျှ သီတင်းသုံးလေသနည်း"ဟု ကြည့်ရှုကုန်သည်ရှိသော် "နာဠကရွာ မိမိကို ဖွားမြင်တော်မူရာ ဖြစ်သော တိုက်ခန်းဝယ် ပရိနိဗ္ဗာန် ပြုရာဖြစ်သော ညောင်စောင်း၌ လျောင်းနေ သီတင်းသုံးတော်မူလေသည်"ဟု သိမြင်ကုန်သောကြောင့် "အဆုံးစွန်သော ကြည့်ရှုဖူးမြင်ခြင်းကို ဖူးမြင်ခြင်းငှါ သွားကုန်အံ့"ဟု ကြံစည်ပြီးကာ ကောင်းစွာ လာရောက်ချဉ်းကပ်တုံ့ဝပ်ချီ ကျိုး ရှိခိုး၍ တည်နေကုန်၏။ "အသင်တို့သည် အဘယ်သူတို့နည်း"ဟု မထေရ်က မေးတော်မူသည် ရှိသော် "အရှင်ဘုရား အကျွန်ုပ်တို့ကား နတ်မင်းကြီးတို့ပါတည်း"ဟု ကြားလျှောက်၏။

အဘယ်အကြောင်းကြောင့် လာရောက်ကုန်သနည်း"ဟု မေးတော်မူပြန်သဖြင့် "အရှင်သူမြတ် ရောဂါဖြစ်ပေါ်ရာကို ကောင်းစွာ ပြုစုသည် ဖြစ်ပါကုန်အံ့ ဟူသော အကြံဖြင့် လာရောက်ကြပါကုန်၏" ဟု လျှောက်ကြားသောအခါ "ရှိသည် ဖြစ်ပါစေတော့ ငါ့အား ပြုစုလုပ်ကျွေးမည့်သူ ဂိလာနုပဋ္ဌာက ရှိပါ၏။

အသင်တို့သည် သွားကြကုန်လော့”ဟု ပြောဆို နှုးညွှတ် ခွင့်လွှတ်လိုက်ပေ၏။ ထိုနတ်မင်းကြီး လေးပါးတို့ သွားပြီးသည့် အဆုံး၌ ထိုသို့သော နည်းဖြင့်သာလျှင် နတ်တို့ကို အစိုးရတော်မူသော သိကြားမင်းသည် လာရောက်ဆည်းကပ် ကြောင်းစပ် မေးဦး၍ အနှုးအညွှတ် ခွင့်လွှတ်တော်မူလိုက်ပြန်၏။ ထိုသိကြား ပြန်သွားသည်ရှိသော် ဗြဟ္မာမင်းကြီးတို့သည်လည်း လာရောက်ဆည်းကပ်ကြကုန်ပြန်၏။ ထိုဗြဟ္မာမင်းကြီးတို့ကို ရှေးနည်းအတူသာလျှင် ပြောဆို စေလွှတ်လိုက်ပြန်၏။ မယ်တော် ပုဏ္ဏေးမကြီးသည် နတ်ဗြဟ္မာတို့ လာခြင်း သွားခြင်းကို တွေ့မြင်ရသည်ရှိသော် “ငါ၏ သားတော်ကို ဖူးမြော်ရှိခိုး၍သွားသော ဤသူတို့ကား အဘယ်သူတို့ ဖြစ်ပါလိမ့်မည်နည်း”ဟု ကြံစည်တွေးတောပြီးလျှင် တိုက်ခန်းတံခါးသို့ သွားရောက်၍ “ချစ်သား စုန္ဒ၊ အသင်၏ နောင်တော်ကြီးအား အကြောင်းအသို့ ဖြစ်သနည်း” ဟု ရောဂါဝေဒနာ သက်သာတိုးပွား နှစ်ပါးသော အကြောင်းကို ကောင်းစွာ သိလိုသော အရေးဖြင့် မေးမြန်း၏။ ထိုစုန္ဒမထေရ်က မယ်တော်ပုဏ္ဏေးမကြီးအား ရောဂါဝေဒနာ ဖြစ်ပေါ်လာသော ထိုအကြောင်းကို ပြောကြားပြီးလျှင် နောင်တော်သာရိပုတ္တရာမထေရ်ကို “အရှင်ဘုရား မယ်တော် ဥပါသိကာမကြီး လာရောက်ပါသည်” ဟု လျှောက်ထား၏။ အရှင်သာရိပုတ္တရာ မထေရ်က “မယ်တော်ဥပါသိကာမကြီး၊ အချိန်အခါ မဟုတ်သည်၌ အဘယ်ကြောင့် လာသနည်း” ဟု မေးတော်မူ၏။ ထိုမယ်တော် ပုဏ္ဏေးမကြီးက “ချစ်သား အသင်အား ကြည့်ရှုခြင်းအကျိုးငှါ လာရောက်ပါသည်”ဟု ပြောဆိုပြီးသော် “ချစ်သား၊ ရှေးဦးစွာ အသင်၏အထံသို့ လာကြကုန်သော သူတို့သည် အဘယ်သူတို့ပေနည်း”ဟု မေး၏။ “ဥပါသိကာမကြီး၊ လေးယောက်ကုန်သော နတ်မင်းတို့ပေတည်း”ဟုပြောကြားသည်ရှိသော် “ချစ်သား အသင်သည် နတ်မင်းကြီးလေးဦးတို့ထက် မြင့်မြတ် ကြီးကျယ်သလော” ဟု တစ်ဖန် မေးသဖြင့် “ဥပါသိကာမကြီး ထိုနတ်မင်းကြီး လေးဦးတို့သည် ငါတို့၏ အာရာမ်စောင့်နှင့်တူကုန်၏။ ငါတို့၏ ဆရာဖြစ်တော်မူသော မြတ်စွာဘုရား အလောင်းတော်ပဋိသန္ဓေ တည်နေသည်မှ အစပြု၍ သန်လျက် လက်၌ ကိုင်စွဲကုန်လျက် အစောင့်အရှောက်ကို ပြုရကုန်ပြီ”ဟု ပြောဆိုတော်မူ၏။ ချစ်သား ထိုနတ်မင်းကြီးတို့ ပြန်သွားသည်အဆုံး၌ လာရောက် ချဉ်းကပ်သော သူကား အဘယ်သူပေနည်း”ဟု မေးပြန်သဖြင့် “ဥပါသိကာမကြီး နတ်တို့ကို အစိုးရသော သိကြားမင်းပေတည်း”ဟု မိန့်ကြားတော်မူ၏။ “ချစ်သား အသင်သည် သိကြားနတ်မင်းထက်သင် မြင့်မြတ်ကြီးကျယ်သလော”ဟု မေးမြန်းသောအခါ “ဥပါသိကာမကြီး ထိုသိကြားနတ်မင်းသည် ငါတို့၏ ပစ္စည်းဘဏ္ဍာကို ယူငင် သယ်ပိုး ရွက်ဆောင်လိုက်ပါရသော သာမဏေနှင့် တူ၏။ ထိုသိကြားနတ်မင်းသည် ငါတို့၏ ဆရာဖြစ်တော်မူသော မြတ်စွာဘုရားသည် တာဝတိံသာ နတ်ပြည်မှ သက်ဆင်း

တော်မူသောအခါ သပိတ် သက်န်းတော်ကို ယူငင် လွယ်ဆောင်၍ သက်ဆင်း လိုက်ပါရသော သူပေတည်း''ဟု ပြောကြားတော်မူ၏။

"ချစ်သား ထိုသိကြားနတ်မင်း ပြန်သွားသည့်အဆုံး၌ အလွန်အကြူး အထူးသဖြင့် အရောင်တောက်ပဘိသကဲ့သို့ လာရောက် ချဉ်းကပ်သော သူကား အဘယ်သူပေနည်း''ဟု တစ်ဖန် မေးမြန်းသဖြင့် "ဥပါသိကာမကြီး အလွန် အကြူး အထူးသဖြင့် အရောင် တောက်ပဘိသကဲ့သို့ လာရောက်သော ထိုသူသည်ကား အခြားသူမဟုတ်၊ အသင် ဥပါသိကာမကြီးတို့၏ ဘုရားဟူ၍ လည်းကောင်း၊ ဆရာဟူ၍လည်းကောင်း ကိုးကွယ်ဆည်းကပ်သော ဗြဟ္မာ မင်းကြီးပေတည်း''ဟု ပြောဆိုတော်မူ၏။ "ချစ်သား အသင်သည် ငါတို့ဘုရား ဖြစ်သော ဗြဟ္မာမင်းကြီးထက်ပင် မြင့်မြတ် ကြီးကျယ်သေးသလော''ဟု မေးမြန်းပြန်သဖြင့် "ဥပါသိကာမကြီး အော်-ဟုတ်မှန်လှပေ၏။ ငါတို့၏ ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရား ဖွားမြင်တော်မူသောနေ့၌ ထိုလေးဦးကုန်သော ဗြဟ္မာမင်းကြီးတို့သည် အလောင်းတော် ယောကျ်ားမြတ်ကို ရွှေကွန်ရက်ဖြင့် ခံယူရကုန်ပြီ''ဟု မိန့်ကြားတော်မူ၏။ သားတော် မထေရ်က ပြန်လည် ပြောဆိုသော စကားကို ကြားသိရသော ထိုအခိုက်အခါ၌ "ငါ၏ သားအား ဤသို့သတောချိသော အရှိန်အစော် အာနုဘော် ရှိတုံသေး၏။ ထိုငါ့သား၏ ဆရာဖြစ်တော်မူသော မြတ်စွာဘုရား၏ အရှိန်အစော် အာနုဘော် ကား အဘယ်သို့ သဘောရှိသည် ဖြစ်ပေလတ္တံ့နည်းဟု ကြံစည်တွေးတောသော ထိုပုဏ္ဏေးမကြီးအား အဆောတလျင် ငါးမျိုးသော ပီတိသည် ဖြစ်၍ အလုံးစုံ သော ကိုယ်ကို ပျံ့နှံ့၏။

## အရှင်သာရိပုတ္တရာမယ်တော် သောတာပန်ဟည်ဖြင်း

အရှင်သာရိပုတ္တရာ မထေရ်သည် "ငါ၏ မယ်တော်အား နှစ်သက် ဝမ်းမြောက်ခြင်းဖြစ်၏။ ယခုအခါကား တရားစကား ဟောကြားခြင်းငှာ သင့်လျော် လျောက်ပတ်သော အခါပေတည်း'' ဟု ကြံစည်တော်မူ၍ "မယ်တော် ဥပါသိကာမကြီး အသင်သည် အဘယ်ကို တွေးတော ကြံစည်ဘိသနည်း''ဟု မေးတော်မူ၏။ ထိုပုဏ္ဏေးမကြီးက "ချစ်သားဥပတိဿ ငါ၏သားအား ဤသို့သဘောရှိသော ဂုဏ်ကျေးဇူးရှိတုံသေး၏။ ငါ့သား၏ ဆရာဖြစ်တော်မူသော ထိုမြတ်စွာဘုရား၏ ဂုဏ်ကျေးဇူးကား အဘယ်သို့ သဘောရှိသည် ဖြစ်လိမ့်မည်နည်း''ဟု၊ ဤသို့သော အကြံကို ရှေးဦးစွာ ကြံစည် တွေးတောမိပါ၏ဟု ပြောဆို၏။ "ဥပါသိကာမကြီး ငါ၏ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရား၏ ဖွားမြင်တော်မူသော အခိုက်အခါ၌ လည်းကောင်း, မြတ်သော

ဟောထွက်ခြင်းသို့ တောထွက်တော်မူသော အခါ၌ လည်းကောင်း, အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်တော်ကို ထိုးထွင်းသိမြင် ဘုရားဖြစ်တော်မူသော အခါ၌ လည်းကောင်း, ဓမ္မစကြာဒေသနာကို ကောင်းစွာလည်စေသော အခါ၌ လည်းကောင်း တစ်သောင်းသော စကြဝဠာ လောကဓာတ်တိုက်သည် တုန်လှုပ်လေပြီ။ သီလကျေးဇူးသမာဓိကျေးဇူးပညာကျေးဇူးမဂ်ဉာဏ် ဖိုလ်ဉာဏ် တည်းဟူသော ဝိမုတ္တိ,ပစ္စဝေက္ခဏာဉာဏ် တည်းဟူသော ဝိမုတ္တိ ဉာဏ်အမြင်ဖြင့် တစ်စုံတစ်ယောက်သော တူသောသူ မည်သည် မရှိ။ "သော ဘဂဝါ ဣတိပိ အရဟံ" ဤသို့ စသည်ဖြင့် အကျယ်ချဲ့ထွင်၍ မြတ်စွာဘုရား၏ ဂုဏ်ကျေးဇူးတော်နှင့် စပ်ယှဉ်သော ဓမ္မဒေသနာကို ကောင်းစွာဟောကြားတော်မူ၏။ ရူပသာရီအမည်ရှိသော ပုဏ္ဏေးမကြီးသည် ချစ်ခင်လှစွာသော သားတော်ကြီး အရှင်သာရိပုတ္တရာမထေရ်၏ တရားစကား ဟောကြားသော အပြီးအဆုံး၌ သောတာပတ္တိဖိုလ်၌ တည်လေ၍ မိမိ၏သားတော် သာရိပုတ္တရာမထေရ်ကို "ချစ်သား ဥပတိဿ အဘယ်ကြောင့် ဤသို့ပြုလုပ်လေဘိသနည်း။ ဤသို့ သဘောရှိသည်မည်သော အမြိုက်နိဗ္ဗာန်တရားကို အကျွန်ုပ်မယ်တော်အား ဤမျှလောက်သော ကာလပတ်လုံး အဘယ်ကြောင့် မပေးပါသနည်း"ဟု ပြစ်တင်ပြောဆို၏။ အရှင် သာရိပုတ္တရာမထေရ်သည် "ဤယခုအခါ၌ ငါသည် မယ်တော်ဖြစ်သော ရူပသာရီ ပုဏ္ဏေးမအား မွေးဖွားသော အဖိုးရင်းပွားကို တုံ့ဆပ်သောအားဖြင့် ပေးအပ်ပေပြီ။ ဤမျှလောက်မည် အတိုင်းအရှည်ဖြင့် သင့်လျော်လောက် ပေလတ္တံ့"ဟု ကြံစည်တော်မူ၍ "မယ်တော် ဥပါသိကာမကြီး သွားလေတော့"ဟု ပြောဆိုပြီးလျှင် မိခင်ပုဏ္ဏေးမကြီးကို လွှတ်လိုက်၍ "ငါ့ရှင် စုန္ဒ ဘယ်အချိန်ကာလ မျှလောက် ရှိပြီနည်း"ဟု မေးတော်မူ၏။ "အရှင်ဘုရား လင်းရောင်ခြည် နီးအားကြီးသော မိုးသောက်ယံ ကာလလောက် ရှိပါလိမ့်မည်"ဟု စုန္ဒမထေရ်က လျှောက်ကြားသော အခါ "ငါ့ရှင်စုန္ဒ ရဟန်းသံဃာတော်အပေါင်းကို စုရုံးစည်းဝေးစေလော့"ဟု မိန့်တော်မူ၏။ ရဟန်းသံဃာ ကောင်းစွာ စည်းဝေးမိသောအခါ စုန္ဒမထေရ်က "အရှင်ဘုရား ရဟန်းသံဃာတော်အပေါင်း ကောင်းစွာ စည်းဝေးမိပါပြီ"ဟု လျှောက်ကြားသဖြင့် "ငါ့ရှင်စုန္ဒ ငါ့ကို မြှောက်ချီပင့်မ၍ ထိုင်နေပါစေလော့"ဟု မိန့်တော်မူသည်ရှိသော် အရှင်စုန္ဒမထေရ်သည် မြှောက်ချီ ပင့်မ၍ ထိုင်နေစေ၏။

### အရှင်သာရိပုတ္တရာ ပရိနိဗ္ဗာန်စံရာ မယ်တော် ငိုကြွေးခြင်း

ထိုအခါ အရှင်သာရိပုတ္တရာမထေရ်သည် ရဟန်းတို့ကို ခေါ်တော်မူ၍ "ငါ့ရှင်တို့ ငါနှင့်အတူတကွ လေးဆယ့်လေးနှစ်တို့ပတ်လုံး လှည့်လည်နေမျှကုန်သော အသင်တို့အား ငါ၏အထက်၌ အကြင်ရှေးပြု ကိုယ်အမှု နှုတ်အမှုကို မနှစ်သက်ကုန်အံ့။ အသင်တို့ မနှစ်သက်သော ထိုကိုယ်အမှု နှုတ်အမှုကို ငါ့ရှင်တို့ သည်းခံ

ကြပါကုန်လော့”ဟု မိန့်ဆိုတော်မူ၏။ “အရှင်ဘုရား ဤမျှလောက်သော ကာလပတ်လုံး ခိုမိုးရာအရပ်ကဲ့သို့ အရှင်ဘုရားတို့ကို မလွှတ်မူ၍ လှည့်လည်ကုန်သော တပည့်တော်တို့အား မနှစ်သက်ဖွယ်သော အရာမည်သည် မရှိပါ။ အရှင်ဘုရားတို့ကသာ တပည့်တော်တို့အား သည်းခံတော် မူကြပါကုန်လော့”ဟု လျှောက်ထားကုန်၏။ ထိုနောက် အရှင်သာရိပုတ္တရာမထေရ်သည် သင်္ကန်းကြီးကို ဆွဲငင်ပြီးလျှင် မျက်နှာတော်ပေါ်၌ ဖုံးအုပ်၍ လက်ယာ နံတောင်းဖြင့် လျောင်းတော်မူလျက် မြတ်စွာဘုရားကဲ့သို့ အစဉ်အတိုင်း ဝင်စားအပ်သော ကိုးပါးကုန်သော သမာပတ်တို့ကို အနုလုံ, ပဋိလုံအားဖြင့် ဝင်စားတော်မူ၍ တဖန် ပထမစျာန်ကို အစပြု၍ စတုတ္ထစျာန်တိုင်အောင် ဝင်းစားတော်မူ၏။ ထိုစတုတ္ထစျာန်မှ ထပြီးသည်၏ အခြားမဲ့၌သာလျှင် မဟာပထဝီ မဟီမြေလုံး သိမ်းကျုံး ရိုက်ခတ် ပဲ့တင်ထပ်စေလျက် ခန္ဓာကမ္မဇရုပ် အကြွင်းမဲ့ချုပ်သော နိဗ္ဗာနဓာတ်ဖြင့် ပရိနိဗ္ဗာန်ပြုတော်မူလေ၏။ မယ်တော်ဖြစ်သော ဥပါသိကာမကြီးသည် “အကြောင်းအသို့ပေနည်း၊ ငါ၏သားကြီးသည် တစ်စုံတစ်ခုသော စကားကိုမျှ မပြောဆိုတော့ချေတကား”ဟု ကြံစည်ပြီးလျှင် နေရာမှထလာ၍ မထေရ် ရပ်အလောင်းတော်၏ ခြေဖမိုးတို့ကို စမ်းသပ်ဆုပ်ကိုင်၍ ကြည့်သည် ရှိသော် ပရိနိဗ္ဗာန်ပြုသော အဖြစ်ကို သိသောကြောင့် ကျယ်စွာသောအသံကို ပြုလျက် အလောင်းတော်၏ ခြေတော်တို့အထက်၌ ဦးခေါင်းချဝပ်၍ “အမောင်သားကြီး ဥပတိဿ၊ အကျွန်ုပ်မိခင်တို့သည် ဤမှ ရှေးရှေးအခါယယ် အသင်သားကြီး၏ ဂုဏ်ကျေးဇူး အထူးကြီးကျယ် မြင့်မြတ်သည်ကို မသိရပါကုန်၊ ယခုမှပင် ကျေးဇူး ဂုဏ်ထူးဝိသေသကို သိရပါကုန်၏။ ဤယခုအခါ အမောင်သားကြီးကို ဦးစီးအစပြု၍ အရာမကအထောင်မက အသိန်းမက များပြားလှသော ရဟန်းတော် အရှင်ကောင်းတို့ကို ပင့်ဖိတ်ပြီးက ဤအိမ်နေရာ၌ ထိုင်နေသီတင်းသုံးစေကုန်၍ အကျွန်ုပ်မိခင်တို့ ဆွမ်းလုပ်ကျွေး ပြုစုခြင်းငှာမျှ မရချေကုန်တော့သည်တကား၊ အမောင်သားကြီး ဥပတိဿ၊ အသိန်းမက များပြားလှသော ရဟန်းတော်အရှင်ကောင်းတို့ကို အဝတ်သင်္ကန်းတို့ဖြင့် ဖုံးလွှမ်းလှူဒါန်းခြင်းငှာ အကျွန်ုပ်မိခင်တို့ မရခဲ့ကုန်ချေတကား, အမောင်သားကြီးဥပတိဿ အဆောင်တစ်ရာသောကျောင်း, အဆောင်တစ်ထောင်သော ကျောင်းကို ဆောက်လုပ်လှူဒါန်းခြင်းငှာ အကျွန်ုပ်မိခင်တို့ အခွင့်မရခဲ့ကုန်ချေပြီတကား” ဤသို့အစရှိသော စကားတို့ဖြင့် ပြောကြားဟစ်အော်လျက် နေအရုဏ်တက်သည်တိုင်အောင် မြည်တမ်းငိုကြွေးလေ၏။

## အလောင်းတော် အခမ်းအနား

အရုဏ်တက်မြောက် လင်းစင်ခြင်းသို့ ရောက်သောအခါ၌သာလျှင် ရွှေပန်းထိမ်သည်တို့ကို ခေါ်စေ၍ ရွှေစင်သိုလှောင်ထားရာ တိုက်ခန်းကို ဖွင့်လှစ်စေ

ပြီးသော် ငွေ့တုံးရွှေပြားတို့ကို ကြီးစွာသော ချိန်ခွင်ဖြင့် ချိန်စေ၍ "ငါးရာကုန် သော အထွတ်တပ်ပြာသာဒ်, ငါးရာကုန်သော စေတီတို့ကို ပြုလုပ်ကုန်လော့" ဟု ပြောဆိုမှာထား၍ ပေးစေ၏။ သိကြားနတ်မင်းသည်လည်း ဝိသကြုံနတ်သား ကို ခေါ်စေတော်မူ၍ "အမောင်ဝိသကြုံ၊ တရားစစ်သူကြီးဖြစ်သော အရှင် သာရိပုတ္တရာမထေရ်သည် ပရိနိဗ္ဗာန်ပြုတော်မူ၏၊ ငါးရာကုန်သော အထွတ်တပ် သော ပြာသာဒ်, ငါးရာကုန်သော စေတီတို့ကို ဖန်ဆင်းလော့"ဟု မိန့်ဆိုတော် မူ၏။ ဤသို့လျှင် မယ်တော်ဥပါသိကာမကြီး ပြုလုပ်အပ်သော အထွတ်တပ်သော ပြာသာဒ်-စေတီ, ဝိသကြုံနတ်သား ဖန်ဆင်းအပ်သော အထွတ်တပ်သော ပြာသာဒ် စေတီဟု ဆိုအပ်သော အလုံးစုံကုန်သော အထွတ်တပ်သော ပြာသာဒ်-စေတီတို့သည် နှစ်ထောင်အတိုင်းအရှည်ရှိသည် ဖြစ်ကုန်၏။ ထိုနောက်မှ မြို့၏အလယ်၌ ကြီးစွာသော မဏ္ဍပ်တို့ကို ဆောက်လုပ်စေ၍ မဏ္ဍပ်၏အလယ် ကြီးစွာသော အထွတ်တင်သော ပြာသာဒ်ကိုတည်ထား၍ ကြွင်းကုန်သော အထွတ်တပ်သော ပြာသာဒ်-စေတီတို့ကို အခြံအရံအသွင်ဖြင့် ပြုပြင်တည်ထား၍ သူတော်ကောင်းတို့ ကစားမြူးထူးခြင်းကို အားထုတ်ကုန်၏။ နတ်တို့အကြား၌ လူတို့သည်, လူတို့၏အကြား၌ နတ်တို့သည် ရောပြွမ်းပြည့်ကျပ် သည် ဖြစ်ကုန်၏။

## အလောင်းတော် အခမ်းအနားပွဲတွင် ရေဝတီနတ်သမီး ဘုံဗိမာန်နှင့် ရောက်လာခြင်း

အရှင်သာရိပုတ္တရာမထေရ်၏ အလုပ်အကျွေး ဒါယိကာမဖြစ်သော ရေဝတီ အမည်ရှိသော တစ်ယောက်သော မိန်းမသည် မထေရ် အလောင်းတော်အား ပူဇော်ခြင်းကို ပြုအံ့ဟူသောအကြံဖြင့် ရွှေစင်ဖြင့်ပြီးသော ပန်းခိုင်တို့၏ သုံးလုံး ကုန်သော အိုးတို့ကို ပြုလုပ်စေ၏။ မထေရ်၏အလောင်းတော်အား ပူဇော် ခြင်းကိုပြုအံ့ဟု သိကြားနတ်မင်းသည် နှစ်ကုဋေ ငါးသန်းကုန်သော နတ်သမီး ကချေသည် အပေါင်းတို့ဖြင့် ခြံရံလျက် ဆင်းသက်လာ၏။ သိကြားနတ်မင်း သက်ဆင်းလာသည်ဟု အုတ်အုတ်ကျက်ကျက် ဖြစ်၍ လူများအပေါင်းသည် နောက်သို့ မျက်နှာပြန်လှည့် ကြည့်ရှု ဖဲသွား၏။ ထိုပရိသတ်အထဲ၌ ရေဝတီ အမည်ရှိသော ထိုဥပါသိကာမ သည်လည်း နောက်ဆုတ် ဖဲသွားလျက် လေးသောဝန် ရှိသည်၏ အဖြစ်ကြောင့် သင့်တင့်လျောက်ပတ် တစ်ခုသော အစွန်အဖျား အရပ်သို့ ချဉ်းကပ်ဖဲရှောင်ခြင်းငှါ မစွမ်းနိုင်ရကား လူတို့၏ အကြား၌ လဲကျလေ၏။ လူတို့သည် မမြင်ကုန်သည်ဖြစ်၍ ထိုရေဝတီကို တက်နင်း၍ သွားမိကြကုန်၏။ ရေဝတီ ဥပါသိကာမသည် ထိုနေရာ၌ပင်လျှင် သေလွန်ခြင်းကိုပြု၍ တာဝတိံသာ နတ်ပြည်ဝယ် ရွှေဗိမာန်၌

ဖြစ်လေ၏။ ဖြစ်သောခဏ၌သာလျှင် ထိုရေဝတီသည် ရတနာတုံးကဲ့သို့ သုံးဂါဝုတ်မျှ အတိုင်းအရှည်ရှိသော အတ္တဘောသည် ဖြစ်၏။ လှည်းအစီးခြောက်ဆယ် ပြည့်မျှ ပမာဏရှိသော တန်ဆာဖြင့် တင့်တယ်စွာ တန်ဆာဆင်လျက် နတ်သမီး တစ်ထောင် ဝန်းခြံရံကုန်၏။ ထိုရေဝတီသည် မိမိ၏ အသရေစည်းစိမ်ကို မြင်၍ "ဤစည်းစိမ်ချမ်းသာကား မြင့်မြတ်၏။ ငါသည် အဘယ်သို့သော ကောင်းမှုကို စီမံပြုလုပ်အပ်သနည်း" ဟု ကြံစည် ဆင်ခြင်သည်ရှိသော် "ငါသည် အရှင်သာရိပုတ္တရာ မထေရ်မြတ်၏ ပရိနိဗ္ဗာန်ပြုရာ၌ သုံးလုံးကုန်သော ရွှေပန်းခိုင် အိုးတို့ဖြင့် ပူဇော်ခြင်းကို ပြုအပ်၏။ လူများအပေါင်းသည် ငါ့ကို တက်နင်း၍သွား၏။ ထိုသို့ တက်နင်းခြင်းကို ခံရသော ငါသည် ထိုနေရာ၌ သေလွန်ခြင်းကိုပြု၍ ဤတာဝတိံသာ နတ်ပြည်၌ ဖြစ်လာ၏။ အရှင် သာရိပုတ္တရာမထေရ်ကို အမှီပြု၍ ဤစည်းစိမ်ချမ်းသာကို ငါသည် ရအပ်ပေ၏။ ဤ ယခုအခါ ကောင်းမှု၏အကျိုးကို လူတို့အား ပြောကြားပေအံ့" ဟု ကြံစည် ပြီးလျှင် ဗိမာန်နှင့်တကွ သာလျှင် သက်ဆင်းလာ၏။ လူများအပေါင်းသည် အဝေးမှသာလျှင် ရွေ့ရှုလာသော ဗိမာန်ကိုမြင်၍ "အသို့ပေနည်း၊ နှစ်စင်း ကုန်သော နေဝန်းတို့သည် တက်ထွန်းကုန်သလော" ဟု ပြောဆိုကြည့်ရှုကြလျက် ဗိမာန်သည် ရွေ့ရှုလာသည်ရှိသော် အထွတ်တပ်သော ပြာသာဒ်သဏ္ဌာန်သည် ထင်ရှားလာ၏။ "ဤသည်ကား နေဝန်းမဟုတ်၊ တစ်ခုသောဗိမာန်တည်း" ဟု ပြောဆို၏။ ထိုဗိမာန်သည် ထိုမျှလောက်သာ ရွေ့ရှုလာ၍ မထေရ်၏ အလောင်း တော် သင်္ဂြိုဟ်မည့်နေရာ ဖြစ်သော နံ့သာထင်းပုံအထက် ကောင်းကင်၌ တည်နေ၏။ ရေဝတီ နတ်သမီးသည် ဗိမာန်ကို ကောင်းကင်ထက်၌သာလျှင် ထားခဲ့၍ မြေသို့ သက်ဆင်း၏။ လူများ အပေါင်းက "အရှင်မ အသင်သည် အဘယ်သူနည်း" ဟု မေးမြန်း၏။ "အသင်တို့သည် ငါ့ကို မသိကြကုန်သလော၊ ငါသည်ကား ရေဝတီအမည်ရှိသော သူပေတည်း။ သုံးခုကုန်သော ရွှေပန်းခိုင် အိုးတို့ဖြင့် မထေရ်အရှင်မြတ် အလောင်းတော်ကို ပူဇော်ခြင်းပြု၍ လူတို့သည် တိုးဝှေ့တက်နင်းခြင်းကြောင့် သေလွန်ခြင်းကိုပြု၍ တာဝတိံသာ နတ်ပြည်၌ ဖြစ်ရ၏၊ ငါ၏ စည်းစိမ်ချမ်းသာ အသရေကို ကြည့်ရှုကြပါကုန်လော့။ အသင်တို့သည်လည်း အလှူဒါနကို ပေးလှူကြပါကုန်လော့။ ကုသိုလ် ကောင်းမှုတို့ကို ပြုလုပ်ကြပါကုန်လော့" ဟု ကုသိုလ်ကောင်းမှု ပြုလုပ်ခြင်း၏ ဂုဏ်ကျေးဇူးကို ချီးကျူးပြောဆို၍ မထေရ်မြတ်၏ အလောင်းတော် တင်ထားရာ နံ့သာထင်းပုံကို လက်ယာရစ် လှည့်လည်သည်ကိုပြုပြီးသော် လက်အုပ်ချီမိုး ရှိခိုး၍ မိမိ၏စံနေရာနတ်ပြည် နတ်ရပ်သို့သာလျှင် ပြန်သွားလေ၏။ လူများ အပေါင်းသည်လည်း ခုနစ်ရက်ပတ်လုံး သူတော်ကောင်းတို့ ကစားပျော်မြူး ခြင်းကို ကစားပျော်မြူး၍ အသုံးစုံသော နံ့သာမျိုးတို့ဖြင့် သင်္ဂြိုဟ်ရာ နံ့သာ ထင်းပုံကို ပြု၏။ နံ့သာထင်းပုံသည် ကိုးဆယ့်ကိုးတောင် အမြင့်ရှိသည်ဖြစ်၏။

မထေရ်၏ အလောင်းတော်ကို နံ့သာထင်းပုံထက်သို့ ပင့်တင်၍ ပန်းရင်းစီးတို့ဖြင့် မီးညှိရှို့တိုက်ကုန်၏။ အလောင်းတော်ကို မီးသင်္ဂြိုဟ်ရာ သချိုင်းတော်၌ အလုံးစုံသော ညဉ့်ပတ်လုံး တရားနာခြင်းသည် ဖြစ်၏။ အရှင်အနုရုဒ္ဓါ မထေရ်သည် အလုံးစုံသော နံ့သာရည်ဖြင့် မထေရ်အလောင်းတော် မီးသင်္ဂြိုဟ်သော နံ့သာ ထင်းပုံကို မီးငြိမ်းစေ၏။

## အရှင်သာရိပုတ္တရာ ပရိနိဗ္ဗာန်စံပြီးကြောင်း လျှောက်ရန် ညီတော် စုန္ဒမထေရ် ဘုရားထံကြွခြင်း

အလောင်းတော်ကို မီးသင်္ဂြိုဟ်ရာ၌ ကြွင်းကျန် တည်ရှိသော ဓာတ်တော်တို့ကို ညီတော် ဖြစ်သော စုန္ဒမထေရ်သည် ရေစစ်၌ ထည့်သွင်း၍ "ဤယခုအခါ ငါသည် ဤအရပ်ဌာန၌ ကြာမြင့်ရှည်စွာ မြဲမြံနေမျှခြင်းငှါ မသင့်လျော်ပေ။ ငါ၏နောင်တော်ကြီး ဖြစ်တော်မူသော တရားစစ်သူကြီး ဖြစ်သော သာရိပုတ္တရာမထေရ်၏ ပရိနိဗ္ဗာန်ပြုသောအဖြစ်ကို မြတ်စွာဘုရားအား လျှောက်ကြားပေအံ့"ဟု ကြံစည်ပြီးလျှင် ဓာတ်တော် ရေစစ်ကိုလည်းကောင်း, သာရိပုတ္တရာမထေရ်မြတ်၏ သပိတ်သင်္ကန်းကိုလည်းကောင်း ယူဆောင်၍ သာဝတ္ထိပြည်သို့ သွားလေ၏။ တစ်ခုသောနေရာဌာန၌ နှစ်ညဉ့်တို့လောက်ပင် မဆိုင်းမနေမူ၍ ခရီးလမ်းအကြား ရှိသမျှအလုံးစုံသော အရပ်ဌာနတို့၌ တစ်ညဉ့်မျှ လောက်တည်းခို ကျိန်းစက်ခြင်းဖြင့်သာလျှင် သာဝတ္ထိပြည်သို့ ရောက်လေ၏။ သာဝတ္ထိပြည်သို့ ရောက်သည်ရှိသော် ဇေတဝန် ကျောင်းတော်ကြီး အနီး တည်ရှိသော ရေကန်၌ သက်ဆင်း ရေသုံးသပ်ပြီးလျှင် ရေကန်မှ တက်၍ အဝတ်သင်္ကန်း ဆင်မြန်းလဲလှယ်ကာ ကောင်းစွာ ဝတ်ရုံအပ်ပြီးသော ထိုစုန္ဒမထေရ်အား ဤသို့သော အကြံအစည်သည် ဖြစ်၏။ အဘယ်သို့ ဖြစ်သနည်းဟူမူ "ဘုရားရှင် ကိုယ်တော်မြတ်တို့မည်သည် ကြီးစွာသော ကျောက်ထီးကဲ့သို့ အလေးအမြတ် ပြုအပ်သော သဘောရှိပေ၏။ ပါးပျဉ်းထပြန် အဆိပ်ထန်သော မြွေ-ခြင်္သေ့-ကျား-အမုန်ယစ်သောဆင် စသည်တို့ကဲ့သို့ အနီးအပါး မခန့်မညား လာသွားချဉ်းကပ်ဖို့ရာ ခဲယဉ်းစွာ၏၊ ငါသည်ဖြောင့်ဖြောင့် တိုက်ရိုက်သာလျှင် ဘုရားရှင်အထံတော်သို့ သွားရောက် လျှောက်ထားခြင်းငှာ မရဲဝံ့ချေ။ အဘယ်သူ၏အထံသို့ သွားရောက်ရပါအံ့နည်း"ဟူသော အကြံအစည်သည် ဖြစ်၏။ ထိုနောက်တဖန် "ငါ၏ဥပဇ္ဈာယ်ဆရာ တရားဘဏ္ဍာစိုးကြီး ဖြစ်တော်မူသော အာနန္ဒာမထေရ်ကား ငါ့နောင်တော်မထေရ်၏ ချစ်ကြည်လေးမြတ်သော အပေါင်းအဖော်ပေတည်း။ ဥပဇ္ဈာယ်ဆရာ ထိုအာနန္ဒာမထေရ်၏ အထံတော်သို့ ရှေးဦးစွာ သွားရောက်ပြီးလျှင် ထိုအာနန္ဒာမထေရ်ကို ဦးတည်ရှေ့ဆောင် ခေါ်ယူ၍ မြတ်စွာဘုရားနှင့်အတူဘက္ခ အကြောင်းစကား လျှောက်

ထားပြောဆိုရမူကား သင့်လျော်ပေအံ့”ဟူသော အကြံအစည်သည် ဖြစ်ပြန်၏။ အကြံဖြစ်ပြီး၍အကြင်အရပ်၌ အာနန္ဒာမထေရ်မြတ်သည် သီတင်းသုံးနေမျှ တည် ရှိတော်မူ၏။ထိုအာနန္ဒာမထေရ်မြတ် ရှိတော်မူရာအရပ်သို့ ချဉ်းကပ်ပြီးခါ ရှိသေ စွာ ရှိခိုးပြီး၍ သင့်တင့်လျောက်ပတ်သော တစ်ခုသောအရပ်၌ ထိုင်နေ၏။ ထိုင် နေပြီး၍ မိမိယူဆောင်လာခဲ့သော ဝတ္ထုဘိုကို ရှေ့မှောက်၌ ချထားလျက် “ဤ သည်ကား တပည့်တော်၏ နောင်တော်ကြီး အရှင်ဘုရား၏ ချစ်ကြည်လေးမြတ် သော အပေါင်းအဖော်စစ် ဖြစ်တော်မူသော တရားစစ်သူကြီး သာရိပုတ္တရာ မထေရ်၏ အသုံးအဆောင်ဖြစ်သော သပိတ်ပါတည်း။ ဤသည်ကား သင်္ကန်း ပါတည်း။ ဤသည်ကား အလောင်းတော်ကို မီးသင်္ဂြိုဟ်ရာ၌ ကြွင်းကျန်ရရှိသော ဓာတ်တော်ထည့်ရာ ရေစစ်ပါတည်း” ဤသို့ အစရှိသဖြင့် တစ်ခုတစ်ခုစီ ပြသ လျောက်ကြား၏။ အရှင်အာနန္ဒာမထေရ်ကား နေ့အဖို့၌ ကိုးကြိမ်ညဥ့်အဖို့၌ ကိုး ကြိမ်အားဖြင့် တစ်ရက်တစ်ရက်လျှင် တစ်ဆယ့်ရှစ်ကြိမ်တို့တိုင်တိုင် မြတ်စွာဘုရား အထံတော်သို့ ချဉ်းကပ်လေ့ရှိ၏။ တစ်နေ့အဖို့၌ အကြိမ်တစ်ရာသွားရောက်ချဉ်း ကပ်ခြင်းငှါ အလိုရှိပါသော်လည်း အကြောင်းတစ်စုံတစ်ရာမရှိပါဘဲ ဘယ်အခါမျှ မသွားရောက် မချဉ်းကပ်ပေ။ တစ်စုံတစ်ခုသော အကြောင်းအရာ အမေးပုစ္ဆာ အကြောင်းလမ်းခွင့်ကို အသင့်ယူဆောင်၍သာလျှင် သွားရောက် ချဉ်းကပ်လေ့ ရှိ၏။ ထိုနေ့ ထိုအခါ၌ကား မိမိ၏သဒ္ဓိဝိဟာရိက အတူနေတပည့်ဖြစ်သော စုန္ဒ မထေရ် လာရောက်လျောက်ထား ပို့သသောဝတ္ထုအပေါင်း အကြောင်းအခွင့်ကို ရသောကြောင့် စုန္ဒမထေရ်ကို ခေါ်ဆောင်ကာ ပါလာသောဝတ္ထုကို ယူငင်၍ အကြင်အရပ်၌ မြတ်စွာဘုရား သီတင်းသုံးတည်ရှိ၏။ ထိုမြတ်စွာဘုရား ရှိတော် မူရာ အရပ်သို့ သွားရောက်ချဉ်းကပ် ရှိခိုးပြီး၍ သင့်တင့်လျောက်ပတ် တစ်ခု သောအရပ်၌ ရှိသေစွာထိုင်နေ၏။ ထိုင်နေပြီးသော် အာနန္ဒာမထေရ်က “ဘုန်း တော် ကြီးတော်မူသော မြတ်စွာဘုရား ဤသည်ကား အရှင်မြတ်စွာဘုရား၏ တပည့်ကြီး ပထမ အဂ္ဂသာဝက၊ တရားစစ်သူကြီး ဖြစ်တော်မူသော သာရိပုတ္တရာ မထေရ်၏ အသုံးအဆောင် သပိတ်ပါတည်း။ ဤသည်ကား သင်္ကန်းပါတည်း။ ဤသည်ကား ကြွင်းကျန်တည်ရှိသော ဓာတ်တော်ရေစစ်ပါတည်း”အစရှိသဖြင့် အသီးအသီး တစ်ခုစီ ဖော်ပြလျက် လျှောက်ကြား၏။

## အရှင်သာရိပုတ္တရာ၏ ဂုဏ်ကျေးဇူးကို ဘုရားရှင် ချီးကျူးခြင်း

မြတ်စွာဘုရားသည် လက်တော်ကို ဆန့်တန်းတော်မူပြီးလျှင် ဓာတ်တော် ရေစစ်ကို ယူငင်ကိုင်ငြား လက်ဝါးတော်အပြင်၌ တင်ထား၍ ရဟန်းတို့ကို မိန့် ကြားတော်မူ၏။ အဘယ်သို့ မိန့်ကြားတော်မူသနည်းဟူမူ “ချစ်သား ရဟန်း များတို့ အကြင်ရဟန်းသည် ရှေးရှေးဖြစ်သောနေ့၌ အရာမက များပြားလှသော တန်ခိုးပြာဋိဟာတို့ကို ပြသပြုလုပ်၍ ပရိနိဗ္ဗာန်ပြုခြင်းကို ငါဘုရားကိုခွင့်ပြုစေ၏။

ဤယခုအခါ၌ ထိုရဟန်း၏ ခရုသင်းအဆင်းကဲ့သို့ ဖြူစင်သော အဆင်းရှိကုန်သော ဤခေတ်တို့သည်သာလျှင် တွေ့မြင်ရသောအားဖြင့် ထင်ရှား တည်ရှိကုန်တော့၏။ ချစ်သားရဟန်းတို့ ဤရဟန်းသည် ကမ္ဘာတစ်သိန်း အလွန်ရှိသော တသခေျပတ်လုံး ဖြည့်ဆည်းပူးအပ်သော ပါရမီရှိပေ၏။ ဤရဟန်းသည် ငါဘုရားလည်စေအပ်သော ဓမ္မစကြာဒေသနာကို ငါဘုရားသို့ အစဉ်လိုက်၍ လှည့်လည်နိုင်၏။ ဤရဟန်းသည် ငါဘုရားနေရာတော်၏အောက် နှစ်ဆင့်မြောက် ရအပ်သော နေရာရှိသော သူပေတည်း။ ဤရဟန်းကား ဖြည့်ဆည်းပူးအပ်သော သာဝက အစည်းအဝေးရှိသော သူပေတည်း။ ဤရဟန်းကား ငါဘုရားကိုထား၍ တစ်သောင်းသော စကြဝဠာတို့၌ ပညာဖြင့် အတူမရှိသော သူပေတည်း။ ဤရဟန်းကား ကြီးကျယ်သောပညာရှိ၏။ ဤရဟန်းကား မဟာပထဝီ မြေမဟီ သဖွယ် ကျယ်ပြန့်သော ပညာရှိ၏။ ဤရဟန်းကား ရွှင်သောပညာရှိ၏။ ဤရဟန်းကား လျင်သောပညာ ရှိ၏။ ဤရဟန်းကား ထက်မြက်သော ပညာရှိ၏။ ဤရဟန်းကား အထုံးအဖွဲ့ကို ဖြေစွမ်းနိုင်သော ပညာရှိ၏။ ဤရဟန်းကား လေးပါးသော ပစ္စည်း၌ သိမ့်မွေ့ခြင်းစသည် ကင်းပြီး၍ အလိုနည်းပေ၏။ ဤရဟန်းကား ရသမျှသော ဘောဇဉ် စသည်တို့ဖြင့် ရောင့်ရဲလွယ်၏။ ဤ ရဟန်းကား ကာယဝိဝေက စသည် ကင်းဆိတ်၏။ ဤရဟန်းကား တစ်ပါးသောသူတို့နှင့် မရောနှော၊ ဤရဟန်းကား အားထုတ်အပ်သော ဝီရိယရှိ၏။ ဤရဟန်းကား သူတစ်ပါးတို့ကို အကုသိုလ်တရား မဖြစ်ပွားအောင် ရည်ဆောင်ဖော်ညွှန်း တိုက်တွန်း အပြစ်တင်တတ်၏။ ဤရဟန်းကား ပါပ ညစ်ကျူ မကောင်းမှုအရာကို လွန်စွာစက်ဆုပ် ကဲ့ရဲ့ရှုတ်ချ တတ်၏။ ဤရဟန်းကား ဘဝငါးရာတို့ပတ်လုံး ကြီးကျယ်မြင့်မြတ် ရအပ်သော စည်းစိမ်ချမ်းသာတို့ကို ပယ်စွန့်၍ ရဟန်းပြုခဲ့သော သူပါတည်း။ ဤရဟန်းကား ငါဘုရားသာသနာတော်၌ မြေကြီးနှင့်တူသော သည်းခံခြင်းရှိသော သူတည်း။ ဤရဟန်းကား ဦးချိုကျိုးပြတ်သော နွားသားဥသဘနှင့်တူသော သူပေတည်း။ ဤရဟန်းကား ဒွန်းစဏ္ဍား၏ သားနှင့်တူသော နှိမ့်ချသော စိတ်ရှိသော သူတည်း။ ချစ်သားရဟန်းတို့ ကြီးကျယ်သော ပညာရှိသောရဟန်း၏ ခေတ်တို့ကို အသင်တို့ ကြည့်ရှုကြကုန်လော့။ ချစ်သားရဟန်းတို့ မြေကြီးနှင့်တူသော ပြန့်နှံ့သော ပညာရှိသော, ရွှင်သောပညာရှိသော, လျင်သောပညာရှိသော, ထက်မြက်သော ပညာရှိသော အထုံးအဖွဲ့ကို ဖြေစွမ်းနိုင်သော ပညာရှိသော, အလိုနည်းသော ရောင့်ရဲလွယ်သော ကာယဝိဝေက စသည်ကင်းဆိတ်သော, သူတစ်ပါးတို့နှင့် မရောနှောသော, အားထုတ်အပ်သော ဝီရိယရှိသော, မကောင်းမှု ကင်းစင်အောင် သူတစ်ပါးတို့အား အပြစ်တင်တတ်သော, ယုတ်မာညစ်ကျူ မကောင်းမှု မှန်သမျှကို ကဲ့ရဲ့ရှုတ်ချတတ်သော ရဟန်း၏ခေတ်တို့ကို ကြည့်ရှုကြကုန်လော့" ဟု မိန့်ဆိုတော်မူပြီးသော် —

ယော ပဗ္ဗဇိ ဇာတိသတာနိ ပဉ္စ၊ ပဟာယ ကာမာနိ မနောရမာနိ။
တံ ဝီတရာဂံ သုသမာဟိတိန္ဒြိယံ၊ ပရိနိဗ္ဗုတံ ဝန္ဒထ သာရိပုတ္တံ။

ခန္တိဗလော ပထဝိသမော န ကုပ္ပတိ၊
န စာပိ စိတ္တဿ ဝသေန ဝတ္တတိ။
အနုကမ္ပကော ကာရုဏိကော၊
ပရိနိဗ္ဗုတံ ဝန္ဒထ သာရိပုတ္တံ။

စဏ္ဍာလ ပုတ္တော ယထာ နဂရံ ပဝိဋ္ဌော၊
နီစမနော စရတိ ကဠောပိပါဏော။
တထာ အယံ ဝိဟရတိ သာရိပုတ္တော၊
ပရိနိဗ္ဗုတံ ဝန္ဒထ သာရိပုတ္တံ။

ဥသဘော ယထာ ဆိန္နဝိသာဏကော၊
အဟေဌယန္တော စရတိ ပုရန္တရေ ဝနေ။
တထာ အယံ ဝိဟရတိ သာရိပုတ္တော၊
ပရိနိဗ္ဗုတံ ဝန္ဒထ သာရိပုတ္တံ။

အရှင်သာရိပုတ္တရာမထေရ်သည် စိတ်၏မွေ့လျော်ဖွယ် ဖြစ်ကုန်သောငါးရာ့ ကာမဂုဏ်တို့ကို ပယ်စွန့်၍ ဘဝငါးရာပတ်လုံး ရဟန်းပြုခဲ့လေပြီ။ ရာဂ ကင်းပြီးသော ကောင်းစွာ စောင့်ရှောက်အပ်သော စက္ခုစသော ဣန္ဒြေရှိသော ပရိနိဗ္ဗာန်ပြုပြီးသော သားတော်သာရိပုတ္တရာကို သင်တို့သည် ရှိခိုးကြကုန်လော့။

အရှင်သာရိပုတ္တရာသည် မြေကြီးနှင့်တူလျက် သည်းခံခြင်း ခွန်အားရှိသည် ဖြစ်၍ အမျက်မထွက်တတ်၊ စိတ်၏အလိုသို့လည်း မလိုက်တတ်၊ သတ္တဝါအပေါင်း ကို အစဉ်စောင့်ရှောက်တတ်၏။ ဒုက္ခိတသတ္တဝါတို့ကို လွန်စွာ သနားကြင်နာ တတ်၏။ ပရိနိဗ္ဗာန်ပြုပြီးသော ထိုသာရိပုတ္တရာကို သင်တို့သည်ရှိခိုးကြကုန်လော့။

ပုဆိုးပိုင်းကိုခြုံပြီး တောင်းခံရာခွက်ကို လက်၌စွဲကိုင်လျက် မြို့တွင်းသို့ ဝင် သော ဒွန်းစဏ္ဍားသားသည် နှိမ့်ချသော စိတ်ရှိသည်ဖြစ်၍ လှည့်လည်တောင်းခံ သကဲ့သို့ထို့အတူ၊ သာရိပုတ္တရာသည် လောကီလောကုတ္တရာဂုဏ် ပြည့်စုံပါလျက် နှိမ့်ချသောစိတ်ရှိသည်ဖြစ်၍နေ၏။ ပရိနိဗ္ဗာန်ပြုပြီးသော ထိုသာရိပုတ္တရာကို သင်တို့သည် ရှိခိုးကြကုန်လော့။

ဦးချိုကျိုးသဖြင့် စေခိုင်းရာလိုက်နာတတ်သော နွားဥသဘသည် မြို့တွင်း၌လည်းကောင်း၊ တော၌လည်းကောင်း မည်သူ့ကိုမျှ မညှဉ်းဆဲမူ၍ လှည့်လည် ကျက်စားသကဲ့သို့ ထို့အတူ သာရိပုတ္တရာမထေရ်သည် ထိုသို့သော သဘောဖြင့် နေ၏။ ပရိနိဗ္ဗာန်ပြုပြီးသော ထိုသာရိပုတ္တရာကို သင်တို့သည် ရှိခိုးကြကုန်လော့။

ဤသို့ အစရှိကုန်သော ငါးရာကုန်သော ဂါထာတို့ဖြင့် မြတ်စွာဘုရားရှင်သည် သာရိပုတ္တရာမထေရ်၏ ဂုဏ်ကျေးဇူးအပေါင်းကို နှစ်ထောင်းအားရ ချီးမွမ်း ဟောမိန့်တော်မူ၏။

အကြင်အကြင်သို့သော အခြင်းအရာဖြင့် မြတ်စွာဘုရားရှင်သည် အရှင်သာရိပုတ္တရာမထေရ်၏ ဂုဏ်ကျေးဇူးစကားကို ဟောကြားချီးမွမ်း မိန့်ဆိုတော်မူ၏။ ထိုထိုသို့သော အခြင်းအရာဖြင့် ကောင်းစွာဟောကြား ဂုဏ်ကျေးဇူး အများကို ကြားနာရသော အာနန္ဒာမထေရ်သည် မြတ်စွာဘုရား ရှေ့တော်မှောက်၌ ရှက်ကြောက်ပြင်းပြ မိမိကိုယ်ကို ဆုံးမလျက် နေပါသော်လည်း ပကတိ ရပ်တည်၍ နေခြင်းငှါ မစွမ်းနိုင်။ ကြောင်သတ္တဝါ၏ ခံတွင်းဝ၌ ကျရောက် ပြေးမှား ကိုက်စားအံ့သည်မှ ကြောက်သော ကြွက်ငယ်ကဲ့သို့ မရပ်မတည်နိုင် ယိမ်းယိုင်တုန်လှုပ်လေ၏။ ထိုနောက် အရှင်အာနန္ဒာမထေရ်က မိမိ၏ မြင့်မြတ် ကြီးကျယ်လှသော သီတင်းသုံးဖော် အဆွေခင်ပွန်းဖြစ်သော အရှင်သာရိပုတ္တရာ မထေရ်မြတ်၏ လျောက်ပတ်အခွင့် ကြီးမြင့်အံ့ဖွယ် ဆန်းကြယ်အထူး ဂုဏ် ကျေးဇူးစကားကို လျှောက်ကြား၏။ လျှောက်ကြားပြီးခါ မသက်သာသော စိတ်နှလုံးဖြင့် ယူကျုံးမရ တသသအောက်မေ့ လွမ်းမြွေကြံစည် မတည်တံ့နိုင် မိန်းမှိုင်ညှိုးကြုံ တုန်လှုပ်ဖြစ်ပေါ်လာသဖြင့် မဟာဝဂ္ဂသံယုတ်ပါဠိတော်၌ လာရှိ သောအတိုင်း မြတ်စွာဘုရားကိုယ်တော်မြတ်က ဓမ္မဓာတ်ရေအေး တိုက်ကျွေး ဆုံးမတော်မူ၏။ တရားဓမ္မ ဟောပြပြီးသောအခါ အရှင်သာရိပုတ္တရာမထေရ်၏ ဓာတ်တော်တို့ကို ဌာပနာ၍ သင့်လျော်လျောက်ပတ် ကောင်းမြတ်သော နေရာ မြေညီ၌ စေတီတည်စေတော်မူ၏။

အရှင်သာရိပုတ္တရာမထေရ် ဝတ္ထု ပြီး၏။

---

## ၁၈။ ဥပ္ပလဝဏ္ဏာထေရီမဝတ္ထု

ဝါရိ ပေါက္ခရပတ္တေဝ – အစရှိသော ဤတရား ဒေသနာတော်ကို မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် ဥပ္ပလဝဏ် ထေရီမကို အကြောင်းပြု၍ ဟောကြားတော်မူ၏။

ဝတ္ထုကို "မဓုဝါ မညတိ ဗာလော"စသော ဂါထာဖြင့် အကျယ်ပြအပ်ပြီးပြီ။

ထိုနောက် အခါတစ်ပါး၌ တရားသဘင်၌ များစွာသော လူအပေါင်းသည် "အာသဝေါ ကုန်ပြီးသော ရဟန္တာတို့သည်လည်း ကာမဂုဏ်ငါးပါးကို ခံမင်ဘပ်မက် နှစ်သက်သာယာခြင်း ရှိကုန်သေးသလော၊ ကာမဂုဏ်ငါးပါး တိုထိုအာရုံတို့ကို မှီဝဲကြကုန်သေးသလော"ဟု အချင်းချင်း တစ်ဦးသည် တစ်ဦးအား မေးမြန်းပြီးသောအခါ အသို့နည်း ထိုသူတို့သည် အဝိညာဏက အဇီဝ သဘောရှိသော ခြောက်သွေ့သော သင်ငုတ်ကဲ့သို့ လည်းကောင်း၊ တောင်ပို့ကဲ့သို့လည်းကောင်း မဟုတ်ကုန်၊ သဝိညာဏက၊ သဇီဝ၊ စိုစွတ်သော အသားရှိသော ကိုယ်အစိတ် ရှိကြကုန်သည် သာလျှင်တည်း၊ ထို့ကြောင့် ရဟန္တာတို့သည်လည်း အာရုံငါးပါး ကာမဂုဏ်တို့ကို နှစ်သက်သာယာခြင်း ရှိကုန်သည်သာလျှင်တည်း၊ ကာမဂုဏ် ငါးပါးကို မှီဝဲကုန်သည် သာလျှင်တည်း ဟူသော စကားကို ဖြစ်စေကုန်၏။

မြတ်စွာဘုရားရှင်သည် တရားသဘင်သို့ ကြွဝင်တော်မူ၍"ချစ်သား ရဟန်းတို့ ငါဘုရား ကြွဝင်တော်မူလာဆဲသော ဤယခုအခါ၌ အဘယ်သို့သော စကား ပြောကြား နေကြကုန်သနည်း"ဟု မေးတော်မူသဖြင့် "ဤမည်သော အကြောင်းပါတည်း"ဟု လျှောက်ထားကြသည်ရှိသော် "ချစ်သားရဟန်းတို့ အာသဝေါကုန်ပြီးသော ရဟန္တာ ပုဂ္ဂိုလ်တို့သည် ကာမဂုဏ်ချမ်းသာ၌ ကပ်ငြိ စွဲလန်းခြင်းမရှိကုန်၊ ကာမဂုဏ်ကို မမှီဝဲကြကုန်၊ ပဒုမ္မာကြာဖက်၌ကျရောက်သော ရေပေါက်ရေစက်သည် မလိမ်းကျံ မကပ်ငြိဘဲ ရွှေလျော၍ ကျရသကဲ့သို့လည်းကောင်း၊ ပွတ်ဆောက်ဖျား အထက်၌ တင်ထားအပ်သော မုန်ညင်းစေ့သည် ပြန်၍ ကျလေသကဲ့သို့လည်းကောင်း ထို့အတူသာလျှင် ရဟန္တာပုဂ္ဂိုလ်၏စိတ်၌ ဝတ္ထုကာမ၊ ကိလေသာကာမ နှစ်ပါးလုံးသည် မလိမ်းကျံ မကပ်ငြိ မတည်သာ လျှင်တည်း"ဟု စကားစပ်ကို ပြပြီး၍ တရားဟောကြားတော် မူလိုရကား ဤဂါထာကို မိန့်တော်မူ၏ -

၄၀၁။ ဝါရိ ပေါက္ခရပတ္တေဝ၊ အာရဂ္ဂေရိဝ သာသပေါ။
ယော န လိမ္ပတိ ကာမေသု၊ တမဟံ ဗြူမိ ဗြာဟ္မဏံ။

ရေ၌ ပေါက်သော ကြာဖက်၏အထက်၌ ကျသော ရေပေါက်ကဲ့သို့လည်းကောင်း၊ ပွတ်ဆောက်ဖျားအထက်၌ တင်ထားသော မုန်ညင်းစေ့ကဲ့သို့လည်းကောင်း၊ ကာမဂုဏ်ငါးပါးတို့၌ မလိမ်းကျံ မကပ်ငြိသော ပုဂ္ဂိုလ်ကို ဗြာဟ္မဏဟူ၍ ငါဘုရား ဟောတော်မူ၏။

ထိုဂါထာ၌—

**ယော** န လိမ္ပတိ=ဟူသည် ဤဆိုခဲ့ပြီးဥပမာ အတူ အတွင်း၌ဖြစ်သော ဝတ္ထုကာမ, ကိလေသာကာမ၌ မကပ်ငြိ၊ ထိုဝတ္ထုကာမ, ကိလေသာကာမ၌ မတည်နေဟူလို—

ထိုသို့သောပုဂ္ဂိုလ်ကို ဗြာဟ္မဏဟူ၍ ငါဘုရား ဟောတော်မူ၏—

ဒေသနာတော်၏ အဆုံး၌ များစွာကုန်သော သူတို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်ကုန်၏။ ဆက်လက်၍ တန်ခိုးအရာ **ဧတဒဂ်ရ** ဥပ္ပလဝဏ္ဏာ ထေရီ၏အကြောင်း အပြည့်အစုံကို သိရှိကြည်ညိုနိုင်ရန်အတွက် ဧကနိပါတ် အင်္ဂုတ္တိုရ် အဋ္ဌကထာမှ ထုတ်နုတ်ဖော်ပြပါဦးမည်။

## တန်ခိုးအရာ ဧတဒဂ်ရ ဥပ္ပလဝဏ္ဏာ မထေရ်မဝတ္ထု

ဥပ္ပလဝဏ္ဏာ မထေရ်မ၏ အလောင်းအလျာဖြစ်သော ဥပါသိကာမသည် ဤဘဒ္ဒကမ္ဘာမှ ပြန်ကာမရေတွက်သည် ရှိသော် အထက်ကပ် တစ်သိန်းတမ်း၌ ပဒုမုတ္တရ မည်တော်မူသော ဘုရားရှင် လက်ထက်တော်အခါ ဟံသာဝတီပြည် ကြီး၌ တစ်ဦးသော အမျိုးအိမ်၌ ပဋိသန္ဓေတည်နေစွဲယူ၍ အရွယ်ကြီးမြောက် နောက်အခါ၌ များစွာသော လူအပေါင်းနှင့် အတူတကွ လောကထွတ်ထား ဘုရားရှင်၏ ထံတော်မှောက်သို့ သွားရောက်ချဉ်းကပ် တရားတော်မြတ်ကို ကြားနာလျက် တစ်ပါးသော ရဟန်းမိန်းမကို တန်ခိုးရှိသော တပည့်ရဟန်း မိန်းမတို့တွင် အထွတ်အမြတ် ရာထူး ချီးကျူး မြှောက်စား ထားတော်မူသော မြတ်စွာဘုရားကို မျက်ဝါးထင်ထင် ဖူးမြင်ရသည် ရှိသော် ဘုရားအမှူးရှိသော ရဟန်း သံဃာတော် အပေါင်းအား ကြီးကျယ်သော အလှူဒါနကို လှူဒါန်း ပြီး၍ တန်ခိုးကြီးသော ရဟန်းမိန်းမတို့တွင် အထွတ်အမြတ် အမှူး ထိုရာထူး ဌာနန္တရကို တောင့်တပန်ဆင်၏။

## ကဿပဘုရားလက်ထက် အနှစ်နှစ်သောင်းတိုင်တိုင် ဗြဟ္မစရိယအကျင့်ကို ကျင့်ခြင်း

ထိုဥပါသိကာမသည် အသက်ရှည်သမျှ ကာလပတ်လုံး ကုသိုလ်ကံကို အတန်တန်ပြုလုပ်ခဲ့၍ နတ်ပြည် လူ့ပြည်တို့၌ ကျင်လည် ပြေးသွားလျက် ကဿပမြတ်စွာဘုရား လက်ထက်တော်အခါ ဗာရာဏသီပြည်၌ ကိကီမင်းကြီး၏ နန်းအိမ်တော်ဝယ် ပဋိသန္ဓေတည်နေလျက် ညီအမ ခုနစ်ဖော် သမီးတော်တို့

အတွင်း၌ သမဏဂုတ္တာ ဟူသော အမည်ရှိသည်ဖြစ်၍ အနှစ်နှစ်သောင်းတို့ ပတ်လုံး အိမ်ထောင်မပြုဘဲ ဗြဟ္မစရိယအကျင့်ကို ဖြည့်ကျင့်အားထုတ်ပြီးသော ရဟန်းတော်အပေါင်းကိန်းအောင်းတော်မူရန်ပရိဝုဏ်ကျောင်းတိုက်ကို ကြီးကျယ်ခမ်းနားစွာ သိုက်မြိုက်ဖွယ်ရာ ကောင်းစွာ ဆောက်လုပ်လှူဒါန်း၍ ရဟန်းသံဃာတော်အပေါင်းအား လေးပါးသော ပစ္စည်းတို့ဖြင့်ချီးမြှောက်ပူဇော် လုပ်ကျွေးလျက်အသက်ရှည်သမျှ တည်နေသဖြင့် ထိုဘဝမှ စုတေခဲ့သည်ရှိသော် နတ်ပြည်၌ ဖြစ်လေ၏။

## ပစ္စေကဗုဒ္ဓါအရှင်အား ပေါက်ပေါက်ကြာပန်းတို့ဖြင့် လှူဒါန်း၍ ဆုတောင်းခြင်း

ထို နတ်ပြည်မှ စုတေခဲ့၍ တဖန် လူ့ပြည်လောကသို့ လာရောက်လျက် တစ်ခုသောရွာ၌ ဥစ္စာပစ္စည်းမရှိ မိမိလက်ဖြင့် အသက်မွေးမှု တစ်ခုခုကိုပြုလုပ် အသက်မွေးရသော နေအိမ်အရပ်ဝယ် ဖြစ်ရရှာလေ၏ ထိုအမျိုးသမီးသည် တစ်နေ့သောအခါ လယ်တော တဲအိမ်သို့ သွားသည်ရှိသော် လမ်းခရီးအကြား တစ်ခုသော ရေအိုင်၌ နံနက်စောစောကသားလျှင် ကောင်းစွာ ပွင့်လေပြီးသော ပဒုမ္မာကြာပန်းကို တွေ့မြင်လျှင် ထိုရေအိုင်အတွင်းသို့ သက်ဆင်းပြီးခါ ထို ပဒုမ္မာ ကြာပန်းကိုလည်းကောင်း ပေါက်ပေါက်ပွင့် ထည့်ရခြင်း အကျိုးငှါ ပဒုမ္မာကြာရွက်ကိုလည်းကောင်း နုတ်ဖြတ်ချီးယူ၍ မိမိတို့လယ်၌ သလေးနှံ တို့ကို ရိတ်ဖြတ်၍ လယ်တဲ၌ ထိုင်နေပြီးနောက် ပေါက်ပေါက်ကို လှော်လျက် ပေါက်ပေါက်ပွင့်ငါးရာ အရေအတွက်ရရှိလေ၏၊ ထိုအခိုက် (နန္ဒမာဒနတောင်၌ နိရောဓသမာပတ်မှ ထတော်မူသော ပစ္စေကဗုဒ္ဓါသည် ကြွတော်မူလာ၍ ထို အမျိုးသမီး၏အနီး၌ တန့်ရပ်တည်နေတော်မူ၏၊ ထိုအမျိုးသမီးသည် ပစ္စေကဗုဒ္ဓါ အရှင်ကို တွေ့မြင် ဖူးမျှော်ရသောအခါ ကောင်းစွာလှော်ဖော်ပြီးသောပေါက် ပေါက်ပွင့် ငါးရာတို့နှင့်တကွ ပဒုမ္မာကြာပန်းကိုယူလျက် လယ်တဲအထက်မှ သက် ဆင်းခဲ့၍ ပေါက်ပေါက်ပွင့် ငါးရာကို ပစ္စေကဗုဒ္ဓါအရှင်မြတ်၏ သပိတ်တော်၌ လှူဒါန်းထည့်လောင်းကာ ပဒုမ္မာကြာပန်းဖြင့် သပိတ်တော်ကို ဖုံးအုပ်ပေးလှူ ၏။ ထိုနောက်အခါ ပစ္စေကဗုဒ္ဓါအရှင်သည် အနည်းငယ် ကြွသွားတော် မူမိသည် ရှိသော် ထိုအမျိုးသမီးအား ဤသို့သော အကြံအစည်သည် ဖြစ်၏၊ အဘယ်သို့ ဖြစ်သနည်းဟူမူ "အရှင်ရဟန်းတို့ မည်သည် ပန်းဖြင့် အလိုရှိတော်မမူကုန် ငါသည် ပန်းကို ယူငင်၍ ပန်ဆင်တော့အံ့" ဟု ကြံစည်၏၊ ကြံစည်ပြီး၍ လိုက်သွားကာ ပစ္စေကဗုဒ္ဓါအရှင်၏ လက်တော်မှ ပန်းကိုလှမ်းလင့် ယူငင်ပြီးမှ တဖန်အကြံ ဖြစ်ပြန်၏ အဘယ်သို့ဖြစ်သနည်းဟူမူ "အရှင်မြတ်သည် ဆက်ကပ်လှူဒါန်းအပ် သောပန်းဖြင့် အလိုတော်မရှိသည် အကယ်၍ဖြစ်ခဲ့အံ့ ယင်းသို့အလိုတော်မရှိ

ခဲ့သော် သပိတ်ထက်၌တင်လျက် ဖုံးသွင်းထားခြင်းငှါ အခွင့်အရေးမပေးတော်မူပေလတ္တံ့ စင်စစ်သော်ကား အရှင်မြတ်အား ဆက်ကပ် လှူဒါန်းအပ်သော ဤပန်းဖြင့် အလိုရှိတော်မူသည် ဖြစ်လတ္တံ့”ဟုကြံစည်ပြန်၏၊ ကြံစည်ပြီး၍ ကိုင်ထားသော ထိုပန်းကို အရှင်မြတ်၏ သပိတ်တော်ထက်၌ တင်ထား၍ ပြစ်မှားမိသော အပြစ်အရ ပစ္စေကဗုဒ္ဓါအရှင်ကို ဦးတင်ညွတ်လျှိုး ရှိခိုး တောင်းပန် သည်းခံစေပြီး၍ ဤဂါထာဖြင့် ဆုတောင်းလေ၏—

“ဘန္တေ ဣမေသံ မေ လာဇာနံ နိဿန္ဒေန လာဇဂဏနာယ ပုတ္တာ အဿု၊ ပဒုမပုပ္ဖဿ နိဿန္ဒေန နိဗ္ဗတ္တနိဗ္ဗတ္တဋ္ဌာနေ မေ ပဒေ ပဒေ ပဒုမပုပ္ဖံ ဥဋ္ဌဟတု။

အရှင်မြတ်ဘုရား တပည့်တော်မ၏ အရှင်မြတ်အား ဆက်ကပ်လှူ သော ဤပေါက်ပေါက်တို့၏ အကျိုးဆက်ဖြင့် လှူဒါန်းပြီးသော ပေါက်ပေါက်ပွင့် အရေအတွက်အားဖြင့် ရင်နှစ်မွေးဖွား မြတ်သောသားတို့သည် ဖြစ်ပါစေကုန်သတည်း သပိတ်အထက်၌ ဖုံးလျက်လှူဒါန်းသော ပဒုမ္မာကြာပန်း၏ အကျိုးဆက်ဖြင့် လူ့ဘုံနှင့်နတ် ဖြစ်တိုင်းဖြစ်တိုင်းသောအရပ်၌ တပည့်တော်မ၏ ခြေလှမ်းချခြင်း နင်းတိုင်းနင်းတိုင်းသောခြေ၌ ပွင့်ချပ်တစ်ရာပါသော ပဒုမ္မာကြာပန်းသည် ခြေဖဝါး၏ အောက်ခံယူ၍လျက် ပေါက်ရောက်ပါစေသတည်းဟု ဆုတောင်းပတ္ထနာကို ပြု၏ ပစ္စေကဗုဒ္ဓါအရှင်သည် ထိုအမျိုးသမီးမြင်စဉ်ပင်လျှင် ကောင်းကင်ခရီးဖြင့် ဂန္ဓမာဒနတောင်သို့ ကြွသွားတော်မူ၍ ထိုပဒုမ္မာကြာပန်းကို နန္ဒမူလတောင်ဝှမ်း၌ ပစ္စေကဗုဒ္ဓါအရှင်တို့ နင်းကြွတော်မူရာဖြစ်သော စောင်းတန်း၏ အနီးဝယ် ခြေသုတ်ပုဆိုး ကြိုးဝန်းပြု၍ ခင်းထား၏။

## ပဒုမ္မာကြာတိုက်၌ သံသေဒဇဖြစ်၍ ပဒုမဝတီအမည်ဖြင့် မိဖုရားကြီးဖြစ်ခြင်း

ထိုအမျိုးသမီးသည်လည်း ဆည်းပူးအားထုတ် ပြုလုပ်အပ်သော ထိုကံ၏ အကျိုးဆက်ဖြင့် နတ်ရပ်နတ်ပြည်၌ ပဋိသန္ဓေတည်နေ စံယူ၏၊ နတ်ပြည်နတ်ရပ်ကပ်ရောက်တည်ဖြစ်သောအခါမှစ၍လည်းထိုနတ်သမီး၏ နင်းတိုင်းနင်းတိုင်းသော ခြေ၌ကြီးစွာသော ပဒုမ္မာကြာပန်းသည်ထကြွပေါ် ပေါက်၍ခံ၏ ထိုနတ်သမီးသည် ကြီးကျယ်သော စည်းစိမ်ရှိသော ထိုနတ်ပြည်မှ စုတေခဲ့၍ တောအုပ်ကြီးအတွင်း တောင်ခြေရင်းဝယ် တစ်ခုသော ပဒုမ္မာကြာအိုင် တစ်ခုသောကြာတိုက်၌ သံသေဒဇ ပဋိသန္ဓေ တည်နေလေ၏၊ ထိုပဒုမ္မာကြာအိုင်ကို အမှီပြု၍ ရသေ့ တစ်ပါးသည်နေ၏ ထိုရသေ့သည် နံနက်စောစောကသာလျှင် မျက်နှာကိုဆေးကြော ပွတ်သပ်ခြင်းအကျိုးငှါ ရေအိုင်သို့ သွားသည်ရှိသော် ထိုကြာပန်းကို တွေ့မြင်၍ “ဤကြာပန်းသည် ကြွင်းကုန်သော ကြာပန်းတို့ထက် ဆတက်လွန်ကျူး အထူးသဖြင့် ကြီးလည်းကြီး၏ ကြွင်းကုန်သော ကြာပန်းတို့သည်

ပွင့်ကုန်ပြီးလတ်လည်း ဤကြာပန်းသည် လန်းလန်းစွင့်စွင့် မပွင့်ဘဲ အငုံအတိုင်း သာတည်ရှိ၏၊ ဤကြာပန်း၌ တစ်စုံတစ်ရာအကြောင်း ဖြစ်ရာပေ၏”ဟုကြံစည်၏ ကြံစည်ပြီး၍ ရေအိုင်သို့သက်ဆင်း၍ အငုံအတိုင်းသာ တည်ရှိသော ထိုကြာ ပန်းကို ချိုးယူ၏။

ရှင်ရသေ့မြတ် လက်ယှမ်းချိုးယူကာမျှ ဖြစ်သော ထိုကြာငုံဖူးသည် ချပ်မှုန် နွင့်စွင့် ပွင့်ခြင်းသို့ ရောက်လေ၏ တော၌ပျော်မွေ့သော ရှင်ရသေ့သည် သိမ်မွေ့သဖြင့် ကားကားစွင့်၍ ပွင့်လေသော ကြာတိုက်၏ အတွင်း၌ ဝပ်စင်း လျောင်းစွေ အိပ်၍နေသော သူငယ်မကို တွေ့မြင်ရလေ၏၊ မြင်သည့်အခါမှစ၍ သမီး တည်းဟူသော ချစ်ခြင်းကိုရ၍ ပဒုမ္မာကြာပန်းနှင့်တကွသာလျှင် သစ်ရွက် မိုးလှမ်း ကျောင်းသခ်မ်းသို့ ဆောင်ယူကာ ညောင်စောင်းထက်၌ အိပ်စေ၏၊ ထိုနောက် သတို့သမီး၏ ကောင်းမှုအာနုဘော်ကြောင့် လက်မ၌ နို့ရည်သည် ယိုစီးဖြစ်ပေါ်လာ၏၊ ထိုရသေ့သည် သတို့သမီးတည်နေသော ထိုကြာပန်းသည် ညှိုးနွမ်းသည်ရှိသော် တပါးသောအသစ်ဖြစ်သော ကြာပန်းကိုဆောင်ယူ၍ ထိုသတို့သမီးကို အိပ်စေ၏၊ ထိုနောက် သတို့သမီးငယ် သွားလာပြေးလွှား ကစားမြူးထူးခြင်းငှါ စွမ်းနိုင်သော အခါမှစ၍ ခြေလှမ်းတိုင်း ခြေလှမ်းတိုင်း၌ ပဒုမ္မာကြာပန်းသည် ထွက်ပေါ်ထပေါက်၏၊ ထိုသတို့သမီး၏ ကိုယ်ရေအဆင်း သည် မာလာကျီ ကျူမှုန့် အစုကဲ့သို့ နုထွတ်သိမ်မွေ့ နူးညံ့လှစွာသော ကိုယ်ရေ အဆင်းရှိသည်ဖြစ်၏၊ ထိုသတို့သမီးသည် နတ်သမီးတို့လောက် လှပသော ကိုယ်ရေအဆင်းရှိသော အဖြစ်သို့လည်း မရောက်တတ်၊ ရှိသမျှ လူတို့၏ အဆင်းကိုမူကား လွန်မြောက်သည် ဖြစ်ပေ၏ ထိုသတို့သမီးသည် ဖခင်ဖြစ်သော ရသေ့သည် သစ်သီးကြီးငယ် အလို့ငှါသွားသည်ရှိသော် သစ်ရွက်မိုးသော ကျောင်းသခ်မ်း၌ ကျန်ရစ်ခဲ့၏ ထိုနောက် သတို့သမီး ဒ.ရွယ်သို့ရောက်သော တစ်နေ့သောအခါ၌ ဖခင်ရသေ့သည်သစ်သီးကြီးငယ်ဖွေရှာခြင်း အကျိုးငှါထွက် သွားသည်ရှိသော် တစ်ယောက်သော တောလည် မုဆိုးသည် ထိုသတို့သမီးကို တွေ့မြင်၍“လူ့ပြည်ဌာနဉ်ဖြစ်ကြကုန်သော လူတို့အားမည်သည် ဤသို့သဘော ရှိသောအဆင်းသဏ္ဌာန်ကြွန်အင်လှပခြင်းသည်မရှိနိုင်ပေ။ ငါသည်အကြောင်းကို စူးစမ်းဦးအံ့”ဟု ကြံစည်၏၊ ကြံစည်ပြီး၍ကားရှင်ရသေ့၏လာခြင်းကို တောဝင့်တ မျှော်လင့်ကြည့်ရှုလျက် ထိုင်နေ၏။ ထိုသတို့သမီးသည် ဖခင်ဖြစ်သော ရသေ့ သည် ပြန်လာသည်ရှိသော်ခရီးရင်ဆိုင်သွားရောက်ဆီးကြို၍ ဖခင်ရသေ့၏လက်မှ ထမ်းပိုး သောက်ရေ ကရားကို လှမ်းယူငင်၏။ လာရောက်ထိုင်နေသော ဖခင် ရသေ့အား မိမိပြုဖွယ်အသွယ်သွယ်သောဝတ် မချွတ်မယွင်းရအောင် ပြုလုပ်၏။

ထိုအခါ တောလည် မုဆိုးသည် လူသားအစစ် အမှန်ဖြစ်သည်ကို သိရသော ကြောင့် အရှင်ရသေ့ကိုရှိသေစွာ ရှိခိုး၍ ထိုင်နေ၏။ ရသေ့သူမြတ်သည် ထိုတော

လည်မုဆိုးကို အမျိုးမျိုးများစွာ မိမိရှာဖွေခဲ့သော တော၌ဖြစ်သော သစ်မြစ်, သစ်ဖု, သစ်သီးကြီးငယ်တို့ဖြင့် လည်းကောင်း, သောက်ရေ သုံးရေဖြင့် လည်းကောင်း, အာဂန္တုကဝတ် မချွတ်စေရန် ဖိတ်မန်ပြီး၍ "အို အချင်းယောကျ်ား အသင်သည် ဤနေရာ၌ာနှ၌သာလျှင် မျှ ရှင်ပျော်၍နေလတ္တံ့လော၊ သို့မဟုတ်ငြား ဖဲသွားလတ္တံ့လော"ဟု မေး၏။ "အရှင်ဘုရား ဤအရပ်၌ချဉ်းကပ်နေပြုသဖြင့် အဘယ်အမှုကိုပြုလုပ်ပါအံ့နည်း။ အကျွန်ုပ်သည် သွားပါအံ့" ဟု ပြောဆို၏။ အသင်တွေ့မြင်အပ်သော ဤအကြောင်းကို ဤတောအုပ်မှဆုတ်နစ် ပြန်သွားသည်ရှိသော် တစ်စုံတစ်ယောက်သောသူအား မကြားမဆို နှုတ်ကို လုံအောင် ပိတ်ဆို့စောင့်နိုင်ခြင်းငှါ စွမ်းနိုင်လတ္တံ့လော" ဟု မေးပြန်သဖြင့် "အရှင်ရသေ့သည် ပြောဆိုခြင်းကို အကယ်၍ အလိုမရှိခဲ့အံ့။ ဘယ်အကြောင်းကြောင့် အကျွန်ုပ် ပြောဆိုအံ့နည်း"ဟု ပြန်ကြားပြောဆို၏။ ထိုတောလည်မုဆိုးသည် ရသေ့ကို ရှိခိုး၍ နောက်တဖန် လာရောက်သောအခါ သွားရာခရီးလမ်းကို ပင်ပန်းမရှိဘဲ သိခြင်းအကျိုးငှါ သစ်ခက် အမှတ်အသားကို လည်းကောင်း, သစ်ပင် အမှတ်အသားကို လည်းကောင်း ပိုင်းခြားမှတ်မှု ပြုလုပ်လျက်သာ ဖဲသွား၏။

ထိုတောလည် မုဆိုးသည် ဗာရာဏသီပြည်သို့ သွားရောက်၍ ပြည့်ရှင် မင်းမြတ်ကို ချဉ်းကပ်ဖူးမြင်လေ၏။ ပြည့်ရှင်မင်းက "အဘယ်အကြောင်းကြောင့် လာရောက် ခစားဘိသနည်း"ဟု မေးတော်မူသောအခါ "အရှင်မင်းမြတ် အကျွန်ုပ်ကား တောလည်မုဆိုးပါတည်း။ တောအုပ်အတွင်း တောင်ခြေရင်း၌ အရှင်မင်းမြတ်တို့အား လျောက်ပတ်သောမိန်းမရတနာကို တွေ့မြင်ပါသောကြောင့် ရောက်လာခဲ့သည်ဖြစ်ပါ၏"ဟု တင်လျှောက်ပြီး အလုံးစုံသော ဖြစ်ခြင်းအကြောင်းကို တင်လျှောက်၏။ ပြည့်ရှင်မင်းမြတ်သည် ထိုတောလည်မုဆိုး တင်လျှောက်သော စကားကို ကြားသိတော်မူလျှင် အလျင်အမြန် စီမံခင်းကျင်း တောင်ခြေရင်းသို့ ထွက်ကြွတော်မူ၍ မနီးမဝေးသော အရပ်အကွက်၌ သစ်ခက်တဲနန်းကို ဖန်ဆင်း စံနေတော်မူ၍ တောလည်မုဆိုးနှင့် လည်းကောင်း, တပါးကုန်သော မင်းခစား ယောကျ်ားတို့နှင့် လည်းကောင်း အတူတကွ ထွက်ကြွသိမ်မွေ့ ရသေ့သူမြတ်၏ ဆွမ်း အာဟာရ မျှတ သုံးဆောင်၍ ထိုင်နေသောအခါ၌ သွားရောက်ချဉ်းကပ် ရှိခိုးလျက် ပဋိသန္ဓာရ စကားကို ပြောကြားကာ သင့်တင့်လျောက်ပတ်သော နေရာ၌ ထိုင်နေ၏။ ပြည့်ရှင်မင်းမြတ်သည် ရသေ့ရဟန်းတို့ အသုံးအဆောင် ဖြစ်သော ပရိက္ခရာဘဏ္ဍာအစုကို ရှင်ရသေ့၏ ခြေရင်း၌ထား၍ "အရှင်ဘုရား အကျွန်ုပ်တို့သည် ဤအရပ်၌ အဘယ် ကို ပြုလုပ်ကုန်အံ့နည်း။ သွားပါကုန်တော့ အံ့"ဟု ကြားလျှောက်၏။ ရသေ့သူမြတ်က "ဒကာတော်မင်းကြီး သွားလေ လော့"ဟု မိန့်ဆိုသောအခါ "အရှင်ဘုရား ဩော် အကျွန်ုပ်သွားပါအံ့၊ ယင်းသို့ သွားသော်လည်း အရှင်ဘုရား၏ အနီးအပါး၌ ဝိသဘာဂ ပရိသတ်ရှိသည်ဟု

ကြားသိရပါကုန်ပြီ။ ဝိသဘာဂ ဤမာတုဂါမသည် ရသေ့ရဟန်းတို့အား မသင့်လျော် မလျောက်ပတ်ပါ။ ဒကာတော်တို့နှင့် အတူတကွ ပေးထည့်၍ လိုက်သွားပါစေဘိလော့”ဟု လျှောက်တား၏။ “ဒကာတော်မင်းမြတ် လူတို့၏ စိတ်မည်သည် ပြစ်မှားဖျက်ဆီးလွယ်၏။ ဤသူငယ်မသည် များစွာသော လူတို့၏ အလယ်၌ အဘယ်သို့ နေတတ်ပေလတ္တံ့နည်း”ဟု မိန့်ဆိုတော်မူ၏။ “အရှင်ဘုရား အရှင်မြတ်တို့ နှစ်သက်သဘောမျှသော ကာလမှစ၍ ကြင်းကုန်သော မိန်းမတို့၏ အကြီးအမှူးအရာ ကောင်းစွာတင်ထား၍ ပျော်ပါးနှစ်သက်ဖွယ် အကြောင်း ကောင်းစွာပြုစု စောင့်ရှောက်ပါအံ့”ဟု လျှောက်ထားပြန်၏။ ထိုရသေ့သည် ပြည့်ရှင်မင်း၏ စကားကို ကြား၍ ငယ်ရွယ်စဉ် အခါ၌ မှည့်ခေါ်အပ်သော အမည်၏အစွမ်းဖြင့် “ချစ်သမီး ပဒုမဝတီ”ဟု မိမိ၏ သမီးကို ခေါ်တော်မူလိုက်၏။ ပဒုမဝတီသည် ဖခင်ခေါ်သော တစ်ခွန်းတည်းသော စကားဖြင့် သာလျှင် သစ်ရွက်မိုးသော ကျောင်းသင်္ခမ်းမှ ထွက်လာပြီးသော် ဖခင်ရသေ့ မြတ်ကို ရှိခိုး၍ တည်နေ၏။ ထိုနောက် လာရောက်တည်နေသော သမီးကို ဖခင် ရသေ့က “အို ချစ်သမီး လူလားမြောက်၍ အရွယ်ရောက်သော အသင်သည် ဘုရင်မင်းမြတ် တွေ့မြင်အပ်သော ကာလမှစ၍ ဤအရပ်ဌာန၌ နေခြင်းငှါ မသင့်လျော်ချေတော့ပြီ၊ ချစ်သမီး အသင်သည် ပြည့်ရှင်မင်းမြတ်နှင့် အတူ တကွသာ လိုက်ပါ၍ သွားလေလော့”ဟု ပြောဆို၏။ ထိုပဒုမဝတီ-က “ဖခင် ကောင်းလှပါပြီ”ဟု ဖခင်ရသေ့၏ စကားကို ပြောကြားတိုင်း ဝန်ခံ၍ ရှိသေ မြတ်နိုး ရှိခိုးပြီးသော် ငိုကြွေးလျက်သာလျှင် လိုက်ပါ၍ သွားရရှာ၏။ ပြည့်ရှင် မင်းမြတ်က “ဤသတို့သမီး၏ ဖခင်ဖြစ်သော အရှင်ရသေ့၏ စိတ်ကို ဝမ်းမြောက်စေ၍ သိမ်းယူအံ့”ဟု ကြံစည်၍ ထိုနေရာဌာန၌ပင်လျှင် အသပြာ အစုအပုံထက် တင်ထား၍ အဘိသိက် သွန်းခြင်းကို ပြု၏။ အဘိသိက်သွန်းပြီး သည်မှနောက် ထိုပဒုမဝတီ မိဖုရားကို ယူဆောင်၍ မိမိ၏ မြို့တော်သို့ ဝင်ရောက် တော်မူ၏။

## ဥပ္ပလဝဏ္ဏာ မထေရ်မအလောင်းအား မိဖုရားငယ်များ ကုန်းချောခြင်း

ထိုပဒုမဝတီ မိဖုရား ရောက်လာသော ကာလမှအစပြု၍ ကြွင်းကုန်သော မိန်းမတို့ကို မကြည့်မရှု လျစ်လျူပြု၍ ပဒုမဝတီ မိဖုရားနှင့်သာလျှင် မွေ့လျော် ပျော်မြူး၍ နေ၏။ ထိုမိန်းမတို့သည် ငြူစူခြင်း ဣဿာဖြင့် ပြင်းစွာနှိပ်စက် သောကြောင့် ထိုပဒုမဝတီမိဖုရားကို မင်းကြီး၏အကြား ကွဲပြားပျက်စီးအောင် ဖျက်ဆီးလိုရကား ဤသို့သော စကားကို ပြောကြား လျှောက်တင် ကုန်၏။ အဘယ်သို့ပြောကြားလျှောက်တင်ကုန်သနည်းဟူမူ “အရှင်မောင်တော်မင်းမြတ် ပဒုမဝတီမည်သော ဤမိန်းမကား လူဇာတ်မျိုးနွယ် အကယ်စင်စစ် မဟုတ်ပါ၊

လူတို့သွားလာ လှည့်လည်ရာအရပ်၌ ပဒုမ္မာ ကြာပန်းတို့ ပေါက်ရောက်သည် တို့ကို အရှင်မင်းမြတ်တို့သည် အဘယ်မှာ မြင်ဖူးပါကုန်သနည်း။ စင်စစ်ကေန် အမှန်အရ ဤမိန်းမကား အသားစားကြူး ဘီလူးမပါတည်း။ အရှင်မင်းမြတ် ထိုဘီလူးမကို တိုင်းပြည်မှ နှင်ထုတ်တော်မူပါကုန်လော့” ဟု ပြောကြား လျှောက်တင်ကုန်၏။ ပြည့်ရှင်မင်းမြတ်ကား ထိုမိန်းမတို့ လျှောက်တင်သော စကားကို ကြားရသော်လည်း တစ်စုံတစ်ရာ မပြောမဆို ဆိတ်ဆိတ်သာ နေတော် မူ၏။ နောက်အဖို့ဖြစ်သော တစ်ပါးသော အခါ၌ ထိုမင်းမြတ်၏ အစွန်အဖျား ဖြစ်သော ရင်္ဂရာနယ်ပယ်သည် ထကြွပုန်ကန်စီးခဲ့၏။ ထိုမင်းမြတ်သည် “ပဒုမဝတီ ကား မွေးဖွားမည့်နေ့ရက် နီးကပ်သဖြင့် လေးသောကိုယ်ဝန် ရှိခဲ့ချေတကား” ဟု အောက်မေ့ဆင်ခြင်ပြီးလျှင် ထိုပဒုမဝတီ မိဖုရားကို မြို့၌ ထားခဲ့၍ အစွန် အဖျားဖြစ်သော ရပ်ရွာနယ်ပယ်သို့ ထွက်ကြွတော်မူ၏။ ထိုအခါ ဠဿာတရား ဖြစ်ပွားကုန်ကြ ထိုမိန်းမတို့သည် ပဒုမဝတီမိဖုရား၏ အလုပ်အကျွေး မိန်းမအား တံစိုးကို ပေး၍ “ဤပဒုမဝတီ၏ ဖွားကာမျှသာလျှင် ဖြစ်သော သူငယ်ကို စွန့်ပယ်၍ တစ်ခုသော သစ်သားထင်းတုံးကို သွေးဖြင့်လိမ်းကျံ၍ ပဒုမဝတီ၏ အထံ၌ ထားလေလော့”ဟု ပြောဆိုကြကုန်၏။ ပဒုမဝတီ မိဖုရားအားလည်း မကြာမြင့်မီသာလျှင် ကိုယ်ဝန်မှ ဖွားမြင်ထမြောက်ခြင်း ဖြစ်လေ၏။

[မဟာ ပဒုမမင်းသား တစ်ပါးတည်းသာလျှင် ဝမ်း၌ ပဋိသန္ဓေတည်နေ စွဲယူ၏၊ ကြွင်းကုန်သော တစ်ပါးယုတ် ငါးရာကုန်သော မင်းသားတို့ကား မဟာပဒုမမင်းသား၏ မယ်တော်ဝမ်းမှ ဖွားမြင်၍ လျှောင်းအိပ် နေသော အခါ သံသေဒဇအဖြစ် ဖြစ်ကုန်သတည်း။]

ထိုအခါ မိဖုရား၏ အလုပ်အကျွေးမိန်းမသည် ယခုအခါ ဤမိဖုရားကြီးကား သတိမရသေးဟု သိသောကြောင့် တစ်ခုသော သစ်သားတုံးကို သွေးဖြင့် လိမ်းကျံ၍ အနီး၌ထားပြီးသော် မိမိအား ပြောကြား မှာထားကုန်သော ထိုမိန်းမတို့အား အမှတ်ကိုပေး၏။ ငါးရာကုန်သော ထိုမိန်းမတို့သည်လည်း တစ်ယောက် တစ်ယောက်သော မိန်းမသည် တစ်ပါးတစ်ပါးသော မင်းသား ငယ်ကို ယူဆောင်ပြီးလျှင် ရွှေပန်းထိမ်သည် အထံသို့ စေလွှတ်ပြုလုပ် ကြုတ်တို့ကို ယူဆောင်ခဲ့စေ၍ အသီးအသီး မိမိသည် ယူဆောင်အပ်သော မင်းသားငယ်တို့ကို ထိုရွှေကြုတ်၌ ထည့်သွင်း အိပ်လျှောင်းစေပြီးသော် အပပြင်ဘက်၌ အမှတ် တံဆိပ်ကို ခတ်နှိပ် ပြုလုပ်၍ ထားကြကုန်၏။ ပဒုမဝတီ မိဖုရားသည်လည်း အမှတ်သညာကို ကောင်းစွာရရှိသောအခါ ထိုအလုပ်အကျွေး မိန်းမကို “မိခင် အကျွန်ုပ်သည် အဘယ်ကို ဖွားမြင်သည် ဖြစ်ပါသနည်း”ဟု မေး၏၊ အလုပ် အကျွေး မိန်းမက ထိုမိဖုရားကို ခြိမ်းခြောက်လျက် “အသင်သည် အဘယ်မှာ

သူငယ်ကို ရလတ္တံ့နည်း” ဟု ပြောဆို၍ “ဤသည်ကား အသင်၏ ဝမ်းမှ ဖွားမြင်သော သူငယ်တည်း” ဟု ပြောဆိုကာ သွေးဖြင့် လိမ်းကျံအပ်သော သစ်သားတုံးကို ရှေ့မှချထား၏။ မိဖုရားသည် ထိုသစ်သားတုံးကို မြင်၍ နှလုံး မသက်သာခြင်းသို့ ရောက်သောကြောင့် “လျင်မြန်စွာ ထိုသစ်သားတုံးငယ်ကို ခွဲစိတ် ပယ်ဖျောက်ပါဘိလော့။ တစ်စုံတစ်ယောက်သော သူသည် အကယ်၍ တွေ့မြင်ခဲ့အံ့။ အရှက်ရသည် ဖြစ်ပေရာ၏” ဟု ပြောဆို၏။ ထိုအလုပ်အကျွေး မိန်းမသည် မိဖုရား၏ စကားကိုကြား၍ အကျိုးစီးပွားကို အလိုရှိဘိသကဲ့သို့ သစ်သားတုံးငယ်ကို အသွယ်သွယ် ခွဲစိတ်ဖြတ်တောက်လျက် ခုံလောက်မီးပုံ၌ ထည့်လေ၏။

ပြည့်ရှင်မင်းမြတ်သည်လည်း အစွန်အဖျားဖြစ်သောရပ်ရွာမှ ပြန်လာပြီးလျှင် မြို့တွင်းသို့ မဝင်သေးဘဲ သန့်စင်ကောင်းမြတ် နက္ခတ်ကို ငံ့လင့်ပြီးလျှင် မြို့၏ အပြင်ဘက်၌ သစ်ခက်တဲနန်းကို ဖန်ဆင်းတည်ဖွဲ့၍ စံနေတော်မူ၏။ ထိုအခါ ပဒုမဝတီမိဖုရား၏ ရန်သူဖြစ်ကုန်သော ငါးရာကုန်သော မိန်းမတို့သည် ပြည့်ရှင် မင်းကြီးအား ခရီး ကြိုဆိုခြင်းသို့ လာရောက်ပြီးလျှင် “အရှင်မင်းမြတ် အရှင် မင်းမြတ်သည် ကျွန်တော်မတို့ လုံးဝကုန်စင် လျှောက်တင်သော စကားကို မှတ်သား ယုံကြည်ခြင်း မရှိပါ။ ကျွန်တော်မတို့ ဖော်ပြ လျှောက်တင်သော စကားသည် အကြောင်းမဲ့အားဖြင့် ပြောကြားလျှောက်တင်ဘိ သကဲ့သို့ ဖြစ်ရ ပေ၏။ အရှင်မင်းမြတ်သည် ပဒုမဝတီ မိဖုရား၏ အလုပ်အကျွေး မိန်းမကို ခေါ်၍စစ်ဆေး မေးမြန်းတော်မူပါလော့၊ အရှင်မင်းမြတ်၏ မိဖုရားသည် သစ်တုံးကို ဖွားမြင်ပါ၏” ဟု ပြောကြား လျှောက်တင်ကုန်၏။

### ဥပ္ပလဝဏ္ဏာ မထေရ်မအလောင်း မိဖုရားကြီးကို နန်းအိမ်တော်မှ နှင်ထုတ်ခြင်း

ပြည့်ရှင် မင်းမြတ်သည် လျှောက်တင် အပ်သော ထိုစကား၏ အကြောင်း ဖြစ်စဉ်ကို စဉ်းစား စူးစမ်းခြင်း မပြုမူ၍ ဘီလူးမျိုးစစ် အမှန် ဖြစ်ပေလိမ့်မည်ဟု ယုံကြည်စိတ်ချကာ ပဒုမဝတီ မိဖုရားကို နန်းအိမ်တော်မှ နှင်ထုတ်လိုက်၏။ ထိုမိဖုရားအား မင်းအိမ်နန်းတော်မှ ထွက်သွားရသည်နှင့် တပြိုင်နက်တည်းသာလျှင် ပဒုမ္မာကြာပန်းတို့သည် ကွယ်ပျောက်ခဲ့ကုန်၏။ ကိုယ်ရေ အဆင်းသည်လည်း ချွတ်ယွင်း ဖောက်ပြန်သည် ဖြစ်လေ၏။ ထိုပဒုမဝတီ မိဖုရားသည် တစ်ယောက်ထီးတည်း သာလျှင် ခရီးလမ်းမ၌ ထွက်ကြွ၍ သွားရှလေ၏။ ထိုအခါ မိဖုရားကို တစ်ယောက်သော မိန်းမကြီး သည် တွေ့မြင်၍ သမီးရင်းကဲ့သို့ ချစ်ခြင်းကို ဖြစ်စေပြီးသော် “အို ချစ်သမီး အသင်သည် အဘယ်အရပ်သို့ သွားမည်နည်း” ဟု မေး၏။ “မိခင် ကျွန်တော်မ

သည်ကား ခရီးသွား ညော့သည်မျှ ဖြစ်ပါ၏။ တည်နေရာ အရပ်ကို လျှောက်ပတ်သင့်မှု ကြည့်ရှု ကြံစည်လျက် လုပ်လည်ပါသည်''ဟု ပြောဆို၏။ ''ချစ်သမီး ထိုသို့ဖြစ်လျှင် ဤအိမ်နေရာသို့ လာခဲ့ပါလော့''ဟု ပြောဆို ခေါ်ငင်ကာ နေရာကိုပေး၍ စားသုံးဖွယ်ရာ ဘောဇဉ်ကို စီရင်ပြုစု၏။ ထိုပဒုမ ဝတီ မိဖုရားအား ဤသို့သော အခွင့်ဖြင့်သာလျှင် အရှယ်လွန်ပြီး ထိုမိန်းမ ကြီး၏အိမ်၌ နေသည်ရှိသော် ရန်ဘက်ဖြစ်သော ငါးရာအရေအတွက် ရှိကုန်သော ထိုမိန်းမတို့သည် တိုင်ပင်ပြောပြ တူမျှသောစိတ် ရှိကုန်သည်ဖြစ်၍ ပြည့်ရှင် မင်းမြတ်ကို ''အရှင်မင်းကြီး အသင်တို့သည် စစ်ထိုးခြင်းငှါ ထွက်ကြွတော် မူကုန်သည်ရှိသော် ကျွန်တော်မတို့သည် ဂင်္ဂါမည်မှတ် မြစ်စောင့်နတ်အား ''ငါတို့၏ မင်းမြတ်သည် အောင်အပ်သော စစ်မြေရှိကာ ပြန်ကြွလာခဲ့သော် ပူဇော်ပသခြင်း အမှုကို ပြုလုပ်၍ ရေစံပယ် ကစားခြင်းကို ပြုလုပ်ပါကုန်အံ့''ဟု ဆုတောင်း ပန်ဆင်ခြင်းသည်ရှိပါ၏။ အရှင်မင်းကြီး ထိုသို့သော အကြောင်းကို အရှင်မင်းကြီးတို့အား သိပါစေကုန်၏''ဟု ပြောကြားလျှောက်တင်ကုန်၏။

ပြည့်ရှင်မင်းမြတ်သည် ထိုမိန်းမတို့ ပြောပြတင်လျှောက်သော စကားဖြင့် ဖြစ်ပွားနှစ်သက်ခြင်း ရှိရကား ရေကစားစံပယ်ခြင်းကို တင့်တယ်စွာ ပြုလုပ်ခြင်း အကျိုးငှါ ထွက်ကြွတော်မူလေ၏။ ထိုမိန်းမတို့သည်လည်း အသီးအသီး မိမိ ယူဆောင်ခဲ့သော ကြုတ်ကို ဖုံးအုပ်ကွယ်ထောင့်သည်ကိုပြုလျက် ယူဆောင်ကာ ဂင်္ဂါမြစ်သို့ သွားရောက်၍ ထိုကြုတ်တို့ကို ဖုံးလွှမ်းခြင်းအကျိုးငှါ အသီးအသီး အဝတ်အရုံကို သိုင်းခြုံဖုံးအုပ်ကုန်၍ ရေ၌ကျရောက်ပြီးသော် ကြုတ်တို့ကို စွန့်လွှတ် ချမျှောကုန်၏။ အလုံးစုံလည်း ဖြစ်ကုန်သော ထိုကြုတ်တို့သည်လည်း အတူတကွ ပေါင်းဆုံစုမျော သွားရောက်၍ အောက်အရပ် ရေအလျဉ်၌ ဖြန့်ကြက်၍ ထားအပ်သော ပိုက်ကွန်၌ ငြိကုန်၏။ ထိုနောက် ရေစံပယ် ကစား ခြင်းကို ကစားမြူးထူး၍ ပြည့်ရှင်မင်းမြတ်၏ ရေမှ တက်ကြွတော်မူသောအခါ ပိုက်ကွန် ပင့်မကုန်သည် ရှိသော် ထိုကြုတ်တို့ကို တွေ့မြင်၍ ပြည့်ရှင်မင်းမြတ်၏ အထံတော်သို့ ပို့ဆောင်ကုန်၏။

## ဥပ္ပလဝဏ္ဏာ မထေရ်မအလောင်း မိဖုရားကြီးကို နန်းအိမ်တော်သို့ ဆောင်ပြန်ခြင်း

ပြည့်ရှင်မင်းမြတ်သည် ကြုတ်တို့ကို မြင်တော်မူ၍ ''အို-အချင်းတို့ ကြုတ် တို့၌ အဘယ်အရာဝတ္ထုရှိသနည်း''ဟု မေးတော်မူသဖြင့် ''အရှင်မင်းမြတ် ကျွန်တော်မျိုးတို့ မသိပါကုန်''ဟု ကြားလျှောက်ကုန်၏။ ထိုဘုရင်မင်းမြတ်သည် ကြုတ်တို့ကို ဖွင့်စေ၍ ကြည့်ရှုတော်မူလျက် ရှေးဦးစွာ မဟာ ပဒုမမင်းသား၏

ကြုတ်ကို ဖွင့်စေ၏။ အလုံးစုံလည်း ဖြစ်ကုန်သော လိုမင်းသားတို့၏ကား ကြုတ်တို့၌ ထည့်သွင်း အိပ်လျောင်းစေသော နေ့၌သာလျှင် ကောင်းမှု၏ တန်ခိုးအာနုဘော်ကြောင့် လက်မမှု နို့ရည် ဖြစ်ပေါ် ထွက်လာ၏။ သိကြား နတ်မင်းသည် ထိုပြည့်ရှင်မင်းမြတ်၏ ယုံမှား ကင်းပျောက်စေခြင်း အကျိုးငှါ ကြုတ်၏ အတွင်း၌ ကမ္ပည်း အက္ခရာတို့ကို ရေးသားစေ၏၊ အဘယ်သို့ ရေးသား စေသနည်းဟူမူ "ဤမင်းသားတို့ကား ပဒုမဝတီမိဖုရား၏ ဝမ်း၌ ဖြစ်လာ မွေးဖွားကုန်သော ဗာရာဏသီပြည့်ရှင် မင်းမြတ်၏ သားတော်တို့ပေတည်း။ ထိုမင်းသားတို့ကို ပဒုမဝတီ မိဖုရား၏ ရန်သူဖြစ်ကုန်သော ငါးရာကုန်သော မိန်းမတို့သည် ကြုတ်တို့၌ ထည့်သွင်းကုန်၍ ရေ၌ ချမျှောကုန်၏။ ပြည့်ရှင် မင်းမြတ်သည် ဤသို့သော အကြောင်းကို ကောင်းစွာ သိစေသတည်း"ဟု ရေးသားစေ၏။ ကြုတ်တို့ကို ဖွင့်ကာမျှ၌ ပြည့်ရှင်မင်းကြီးသည် ကမ္ပည်းအက္ခရာ တို့ကို ဖတ်၍ မင်းသားငယ်တို့ကို မြင်သည်ရှိသော် အကြီးဖြစ်သော မဟာပဒုမ မင်းသားကို ချီမြှောက်၍ "လျင်မြန်စွာ ရထားတို့ကို ကဲ ယှဉ်ကြကုန်လော့၊ မြင်းတို့ကို ကကြိုးစုံလင် ပြုပြင်ကြကုန်လော့။ ယနေ့ ငါသည် မြို့တွင်း နန်းတော်သို့ ဝင်၍ အချို့ကုန်သော မိန်းမတို့အား ချက်ဖွယ်အမှု ဆုပေးခြင်းကို ပြုအံ့"ဟု အမိန့်တော်ပေးကာ ကောင်းစွာ ဆင်ယင် မြို့တော်သို့ ကြွဝင်ပြီးသော် နန်းတော်ပြာသာဒ်ထက်သို့ တက်ရောက်တော်မူ၍ ဆင်၏လည်၌ အသပြာ တစ်ထောင် ဘဏ္ဍာထုပ်ကို ဆွဲထား၍ "အကြင်သူသည် ပဒုမဝတီ မိဖုရားကို တွေ့မြင်၏။ ထိုသူသည် ဤအသပြာတစ်ထောင် ဘဏ္ဍာထုပ်ကို ယူစေသတည်း" ဟု ဟစ်ကြွေး ပြောဆိုပြီးလျှင် စည်ကို လှည့်လည်စေ၏။

ပဒုမဝတီ မိဖုရားသည် ထိုကဲ့သို့ စည်သည် ကြွေးကြော်သော စကားကို ကြား၍ မိခင်ဖြစ်သော မိန်းမအိုကြီးအား "အို မိခင် ဆင်၏လည်၌ အသပြာ တစ်ထောင် ဘဏ္ဍာထုပ်ကို ယူပါချေလော့"ဟု ပြောဆိုလေ၏။ "ချစ်သမီး ငါသည် ထိုကဲ့သို့သဘောရှိသော အသပြာ ဘဏ္ဍာထုပ်ကို ယူခြင်းငှါ မရဲဝံ့ မစွန့်နိုင်ပါ"ဟု ပြောဆို၏။ ထိုမိဖုရားက နှစ်ကြိမ် သုံးကြိမ်တိုင်အောင် ထပ်ကာ ထပ်ကာ ပြောဆိုသည်ရှိသော် မိန်းမကြီးက "ချစ်သမီး အဘယ်သို့ ပြောဆို၍ ယူရမည်နည်း"ဟု မေး၏။ "အို မိခင် ငါ၏ သမီးသည် ပဒုမဝတီ မိဖုရားကို တွေ့မြင်ပါသည်ဟု ပြောဆို၍ ယူပါချေလော့"ဟု ပြောဆို၏။ ထိုမိန်းမကြီး သည် "ဟုတ်ဟုတ်ငြားငြား ပြောကြားစိစစ် ဖြစ်လိုရာဖြစ်စေတော့"ဟု ကြံစည် သွားရောက်၍ အသပြာ တစ်ထောင်ထုပ်ထည့်ရာ အသပြာ ပန်းတောင်းကို ယူလေ၏။ ထိုအခါ မင်းချင်းယောကျ်ား လူအများတို့က ထိုမိန်းမကြီးကို "အို မိခင် အသင်သည် ပဒုမဝတီ မိဖုရားကို တွေ့မြင်ပါသလော"ဟု မေးမြန်းကုန်၏။ "အမောင်တို့ ငါသည်ကား မတွေ့မမြင်ပေ၊ ငါ၏သမီးသည် တွေ့မြင်ပါသတဲ့"ဟု

ပြောဆို၏။ ထိုမင်းချင်းယောကျ်ားတို့က "မိခင် ထိုအသင်၏ သမီးဟူသည် အဘယ်မှာနည်း"ဟု မေးမြန်းပြောဆို၍ ထိုမိန်းမကြီးနှင့် အတူတကွ သွားရောက်ကြပြီးသော် ပဒုမဝတီ မိဖုရားကို တွေ့မြင်သိရှိ မှတ်မိကြသောကြောင့် ခြေရင်းတို့၌ ရှိခိုး တုပ်ဝပ်ကြကုန်၏။ ထိုအခါ မွေးမြူစောင့်ရှောက်၍ ထားသော မိန်းမကြီးသည် ပဒုမဝတီ မိဖုရား ဟူသည်ကား ဤသူပင်တည်းဟု သိ၍ "အကြင်မိန်းမသည် ဤသို့ သဘောရှိသည်မည်သော ပြည့်ရှင်မင်းမြတ်၏ မိဖုရားဖြစ်ပါလျက် ဤသို့သဘောရှိသော အရပ်၌ ပြုစုလုပ်ကျွေး စောင့်ရှောက်သူ ကင်းလျက် တစ်ယောက်တည်းချင်း နေ၏။ ထိုမိန်းမ ပြုလုပ်နေထိုင်မှုကို ပြုခြင်းသည် ဩော် ဝန်လေးလေစွာတကား"ဟု ပြောဆို၏။ ထိုမင်းချင်းယောကျ်ားတို့သည်လည်း ပဒုမဝတီ မိဖုရား၏ စံရာအိမ်ကို ဖြူစင်သော တင်းတိမ်တို့ဖြင့် ဝန်းရံ၍ တံခါး၌ အစောင့်အရှောက်ကို ထားပြီးသော် ပြည့်ရှင်မင်းကြီးအား ကြားလျှောက်ကုန်၏။ ပြည့်ရှင်မင်းမြတ်သည် ရွှေထမ်းစင်ကို စေလွှတ်ပေးပို့၏။ ပဒုမဝတီ မိဖုရားက "ငါသည် ဤသို့ စီးရင် ရွှေထမ်းစင်ဖြင့် မသွားပေလတ္တံ့။ ငါ၏စံနေရာ အိမ်တော်ဌာနမှ စ၍ မင်းမြတ်စံပျော် နန်းအိမ်တော်တိုင်အောင် ဤအကြား၌ ကောင်းမြတ် ဆန်းကြယ်သော ခင်းနှီးတို့ကို ခင်းစေလျက် အထက်၌ ရွှေကြယ်တို့ဖြင့် ဆန်းကြယ်သော ပုဆိုးဗိတာန်ကို ဖွဲ့ချည်ဆင်ယင်၍ တန်ဆာဆင်ခြင်းအကျိုးငှါ အလုံးစုံသော တန်ဆာတို့ကို စေလွှတ်ပေးပို့ကုန်သည်ရှိသော် မိမိအလိုလိုသာ ခြေဖြင့်သွားပါကုန်အံ့။ ဤသို့ ညွှန်ကြားခြေဖြင့် သွားမှုကား မြို့သား မြို့သူ ခပ်သိမ်းလူတို့သည် ကျွန်တော်မ၏ စည်းစိမ် အသရေကို တွေ့မြင်ကြည့်ရှု ရပါကုန်လတ္တံ့"ဟု လျှောက်ကြား၏။ ပြည့်ရှင်မင်းမြတ်ကလည်း "ပဒုမဝတီ မိဖုရား လျှောက်ကြားပြောဆို အလိုရှိတိုင်းကို အသင်တို့ ပြုလုပ်ကုန်လော့"ဟု မိန့်ဆိုတော်မူ၏။

ထိုနောက် ပဒုမဝတီ မိဖုရားသည် အလုံးစုံသော တန်ဆာကို တန်ဆာဆင်ယင်၍ မင်းအိမ်နန်းတော်သို့ သွားအံ့ဟု နှလုံးသွင်း၍ လမ်းခရီးသို့ သက်ဆင်း နင်းသွား၏။ ခြေချနင်းရာအရပ်၌ ဆန်းကြယ်စွာ ပြုလုပ်ခင်းထားအပ်သော ခင်းနှီးတို့ကို ခွဲဖောက်၍ ပဒုမ္မာကြာပန်းတို့သည် ထရောက်ပေါက်လာကုန်၏။ ထိုမိဖုရားသည် လူများအပေါင်းအား မိမိ၏ အသရေ စည်းစိမ်ကိုပြလျက် မင်းအိမ်နန်းတော်ထက်သို့ တက်ရောက်၍ အလုံးစုံ အသွယ်သွယ် ဆန်းကြယ်သော ခင်နှီးတို့ကို အရွယ်လွန်ပြီး ထိုမိန်းမကြီးအား မွေးမြူသည့် အကျိုး အဖိုးအရင်းကို ပြု၍ ပေးစေ၏။ ပြည့်ရှင်မင်းကြီးလည်း ရန်သူဖြစ်သော ထိုငါးရာကုန်သော မိန်းမတို့ကို ခေါ်စေတော်မူပြီးလျှင် "ရှင်မိဖုရားကြီး ဤမိန်းမတို့ကို အသင်၏ ကျွန်မိန်းမတို့ကို ပြုလုပ်၍ ပေးပါ၏"ဟု မိန့်ဆိုတော်မူ၏။ "အရှင် မောင်တော် မင်းမြတ်

ကောင်းလှပါပြီ၊ ထိုမိန်းမတို့၏ ကျွန်တော်မအား ပေးအပ်သော အဖြစ်ကို အလုံးစုံသော မြို့သူမြို့သားတို့ကို သိပါစေလော့”ဟု တင်လျှောက်၏။ ပြည့်ရှင်မင်းမြတ်သည် မြို့၌ စည်ကို လှည့်လည်စေ၏၊ အဘယ်သို့ ပြောဆို လှည့်လည်စေသနည်းဟူမူ “ပဒုမဝတီ မိဖုရားအား ပြစ်မှားကုန်သော ငါးရာကုန်သော မိန်းမတို့ကို ထိုပဒုမဝတီ မိဖုရားအားသာလျှင် အစေအပါး ကျွန်မတို့ကို ပြုလုပ်၍ ပေးအပ်ကုန်ပြီ” ဟူသော စကားကို ပြောဆို လှည့်လည်စေ၏၊ ပဒုမဝတီ မိဖုရားသည် အလုံးစုံသောမြို့၌ ထိုမိန်းမတို့၏ အစေအပါး ကျွန်မ၏ အဖြစ်ကို အမှတ်ပြုပြီဟု သိသောကြောင့် “အရှင်မောင်တော်မင်းမြတ် ကျွန်တော်မ၏ ကျေးကျွန်မတို့ကို ကျွန်တော်မ တော်လှန်ခြင်းကို ပြုခြင်းငှာ ရပါအံ့လော”ဟု ပြည့်ရှင်မင်းမြတ်ကြီးကို မေးလျှောက်သဖြင့် ဘုရင်မင်းမြတ်က “ရှင်မိဖုရား အသင် အလိုရှိတိုင်းသာ ကောင်းစွာ ပြုနိုင်ပေ၏” ဟု မိန့်တော်မူ၏။ ထိုအခါ မိဖုရားသည် စည်လှည့်လည်သော ထိုမင်းချင်း ယောကျ်ားအပေါင်းကိုသာလျှင် ခေါ်စေပြီးသော် “ပဒုမဝတီ မိဖုရားသည် မိမိအား ကျေးကျွန်ပြုလုပ်၍ ပေးအပ်ကုန်သော အလုံးစုံသော မိန်းမတို့ကို တော်လှန်ခြင်းကို ပြုအပ်ကုန်ပြီဟု ကြွေးကြော်ပြောဆို၍ တဖန် စည်ကို လှည့်လည်ကုန်ဦးလော့”ဟု စေခိုင်း ပြောဆိုတော်မူပြန်၏။ မိဖုရားသည် ထိုမိန်းမတို့အား တော်လှန်သည်အဖြစ်ကို ပြုပြီးသည်ရှိသော် တစ်ပါးယုတ် ငါးရာကုန်သော မင်းသားငယ်တို့ကို ထိုမိန်းမတို့အား သာလျှင် စောင့်ရှောက် မွေးမြူခြင်းအကျိုးငှါ ပေးအပ်တော်မူ၍ မိမိသည်ကား အကြီးဖြစ်သော မဟာပဒုမ မင်းသားကိုသာလျှင် ကောက်ယူသိမ်းပိုက်၏။

## ဥပ္ပလဝဏ္ဏာ မထေရ်မ အလောင်း မိဖုရားကြီး၏ သားတော်ငါးရာ ပစ္စေကဗုဒ္ဓါဖြစ်ခြင်း

နောက်အဖို့အခါ ထိုမင်းသားငယ်တို့ ကစားနိုင်သော အရွယ်သို့ ရောက်သည်ရှိသော် ပြည့်ရှင်မင်းမြတ်သည် ဥယျာဉ်တော်၌ အထူးထူး အပြားပြား ကစားရာ အရပ်ကို ပြုလုပ်စေ၏။ ထိုမင်းသားတို့ မိမိ၏ တစ်ဆယ့်ခြောက်နှစ် အရွယ်ရောက်သော အခါ၌ အလုံးစုံသာလျှင် ဖြစ်ကုန်သော မင်းသားတို့သည် တစ်ပေါင်းတစ်စုတည်း ဖြစ်၍ ဥယျာဉ်တော်ဝယ် ပဒုမ္မာကြာဖြင့် ဖုံးလွှမ်းအပ်သော မင်္ဂလာ ရေကန်တော်၌ ကစားမြူးထူးကုန်လျက် ကောင်းစွာစွင့်စွင့် ပွင့်ကုန်သော အသစ်အသစ် ဖြစ်ကုန်သော ပဒုမ္မာကြာပန်းတို့ကို လည်းကောင်း, ရင့်ရော် နွမ်းက၅ အညှာမှ ကြွေကျကုန်သော အဟောင်း ဖြစ်ကုန်သော ပဒုမ္မာကြာပန်းတို့ကိုလည်းကောင်း တွေ့မြင်ကုန်၍ “အသက်ဝိညာဉ် ထင်ရှားမရှိ ပကတိ အနုပ္ပါဒိန္န ဖြစ်သော ဤပဒုမ္မာ ကြာပန်းအား ဤသို့ သဘောရှိသည်

မည်သော ရင့်ရော် ယိုယွင်း အိုမင်းတတ်စွာ ဇရာသဘော ရောက်တုံသေး၏။ ငါတို့၏ ကိုယ်အားကား အဘယ်မှာ ဆိုဖွယ်ရာ ရှိတော့မည်နည်း။ အသက်ဝိညာဉ် ထင်ရှားရှိသော ဤကိုယ်သည်လည်း ဤသို့သဘောရှိသော အိုမင်းတတ်စွာ ဇရာတရား အလားရှိသည်သာလျှင် ဖြစ်ပေလတ္တံ့”ဟု အာရုံကိုယူ၍ အလုံးစုံသာလျှင် ဖြစ်ကုန်သော မင်းသားတို့သည် ပစ္စေက ဗောဓိဉာဏ်ကို ဖြစ်စေ၍ အသီးအသီး ထကာ ထကာ ပဒုမ္မာကြာချက်တို့၌ ပလ္လင်ဖွဲ့ခွေ ထိုင်နေကုန်၏။

ယို့နောက် မင်းသားတို့နှင့် အတူတကွ လိုက်ပါလာရေက် စောင့်ရှောက်ရကုန်သော မင်းချင်း ယောကျ်ားတို့က အချိန်လွန်ခြင်းသို့ ရောက်လေပြီဟု သိကုန်သောကြောင့် “အရှင်သားတို့ အရှင်တို့သည် နန်းအိမ်တော်သို့ ဝင်ရန် အချိန်တန်သောအခါ အပိုင်းအခြားကို သိတော်မူပါကုန်လော့”ဟု ပြောဆို လျှောက်တင်ကုန်၏။ ထိုမင်းသားတို့က စကားမဆို အလိုလို ဆိတ်ဆိတ် နေသည် ဖြစ်ကုန်၏။ မင်းချင်း ယောကျ်ားတို့သည် လျင်စွာ သွားရောက်၍ “အရှင်မင်းမြတ် မင်းသားတို့သည် ပဒုမ္မာကြာချက်၌ ထိုင်နေကုန်လျက် ကျွန်တော်မျိုးတို့ တိုးလျှိုး တောင်းပန် ပြောကြား လျှောက်တင်ကုန်သော်လည်း နှုတ်မြွက်စကား ပြောဆိုခြင်းကိုမျှ မပြုပါကုန်”ဟု ပြည့်ရှင်မင်းမြတ်အား တင်လျှောက်ကုန်၏။ “အချင်းတို့ ထိုသားတော်တို့ အလိုရှိတိုင်း နေခြင်းငှါ ခွင့်ပေး စောင့်ရှောက်ကုန်လော့”ဟု အမိန့်ချမှတ်တော်မူ၏။ ထိုမင်းသားတို့သည် အလုံးစုံသော ညဉ့်ပတ်လုံး ယူအပ်သော အစောင့်အရှောက် ရှိကုန်သည်ဖြစ်၍ ပဒုမ္မာကြာချက်တို့၌ ထိုင်နေကုန်သော အမှတ်ဖြင့်သာလျှင် နေအရုဏ်ကို တက်စေကုန်၏။

မင်းချင်းယောကျ်ားတို့သည် တစ်ဖန် မိုးသောက်သောနေ့၌ အနီးအရပ် ချဉ်းကပ်၍ “အရှင် သားတော်တို့ အရှင်တို့သည် ရေကန်မှ တက်ရန် ချိန်ခါ တန်သည်ကို ရည်သန်၍ သိရှိတော်မူပါကုန်လော့”ဟု တောင်းပန် လျှောက်တင် ကုန်၏။ ပစ္စေကဗုဒ္ဓါတို့က “ငါးတို့ကား မင်းသား မဟုတ်ကုန်ပြီ။ ငါတို့သည် ပစ္စေကဗုဒ္ဓါတို့ မည်ကုန်၏”ဟု ပြောဆိုသောအခါ “အရှင်သားတော်တို့ အသင်တို့သည် ကြောက်ရွံဝန်လေးဖွယ် စကားကို အဘယ်ကြောင့် ပြောကြား မြွက်ဆိုကုန်ဘိသနည်း။ ပစ္စေကဗုဒ္ဓါတို့ မည်သည် အရှင်သားတော်တို့ကဲ့သို့ သဲ့ဘောရှိသည် မဟုတ်ပါကုန်။ လက်နှစ်သစ်မျှ ပမာဏရှိတ် ဆံမုတ်ဆိတ် ရှိကုန်လျက် ကိုယ်ထက်စွပ်ထား ဝတ်ဆင်ထားသော ရှစ်ပါးကုန်သော ပရိက္ခရာတို့ ရှိသည်ဖြစ်ပါကုန်၏”ဟု တစ်ဖန် လျှောက်ဆိုပြန်ကုန်၏။ မင်းသားမြတ်ဇာတ် လွန်မြောက်ဖြစ်ကုန်သော ထိုပစ္စေကဗုဒ္ဓါတို့သည် လက်ယာလက်ဖြင့် ဦးခေါင်းကို

သုံးသပ်ကုန်၏။ ထိုသုံးသပ်သော ခဏ၌သာလျှင် လူတို့၏ အသွင်အပြင်သည် ကွယ်ပျောက်၏။ ရှစ်ပါးကုန်သော ပရိက္ခရာတို့သည် ကိုယ်၌ ဆင်ဝတ် စွပ်ကုန်သည်သာလျှင် ဖြစ်ကုန်၏။ ထိုနောက်မှ လူများအပေါင်း၏ ကြည့်ရှုစဉ်ပင်လျှင် ကောင်းကင်ခရီးဖြင့် နန္ဒမူလတောင်ဝှမ်းသို့ ကြွတော်မူကုန်၏။

## ဥပ္ပလဝဏ္ဏာ မထေရိမ အလောင်းသည် ဘဝဟောင်းက သားပစ္စေကဗုဒ္ဓါ အရှင်တို့အား လှူဒါန်း၍ ဆုတောင်းပြန်ခြင်း

ထိုပဒုမဝတီ မိဖုရားသည်လည်း "ငါတမူကား ပြိုင်သူ ဘက်ရှား သားအများတို့ ရှိပါသည်ဖြစ်ပါလျက် တစ်ဦးတစ်ယောက်မျှ ပြောလောက်ဖွယ်မရှိ ပကတိချို့နဲ့ သားကင်းမဲ့သည် ဖြစ်ရလေပြီ"ဟု ကြံစည် တွေးဆ သောကတရား နှလုံးသား၌ ဖြစ်ပွားစူးဝင် ပူပင်တမ်းတ ထိုသောကဖြင့် သာလျှင် ပြောင်းကြွသေလွန်ခြင်းကိုပြု၍ ရာဇဂြိုဟ်မြို့ကြီး၏ တံခါးအနီးဖြစ်သော ရွာငယ်၌ မိမိ၏ လက်ဖြင့် အသက်မွေးမှု ပြုလုပ်၍ အသက်ရှည်ရသော နေရပ်ဌာန၌ ပဋိသန္ဓေ တည်နေလေ၏။ အရွယ် ပြည့်မြောက်သော နောက်အဖို့အခါ၌ ခင်ပွန်းအရှင် လင်ယောကျ်ား အမျိုးအိမ်သို့ လိုက်ပါသွားရောက်ရ၍ တစ်နေ့သောအခါ ခင်ပွန်းအရှင်၏ လယ်တောအရပ်သို့ ချက်ပြုတ်အပ်သော ယာဂုကို ဆောင်ယူလျက် ပေးပို့ခြင်းငှါ သွားသည်ရှိသော် ဘဝဟောင်း အခါက ထိုငါးရာကုန်သော သားတော်တို့တွင် အတွင်းဝင်ပါ ရှစ်ပါးကုန်သော ပစ္စေကဗုဒ္ဓါတို့ ဆွမ်းခံ လှည့်လည်ချိန် တိုင်သောအခါ၌ ကောင်းကင်ခရီးဖြင့် ကြွသွားတော် မူကုန်သည်တို့ကို တွေ့မြင်သောကြောင့် လျင်လျင်မြန်မြန် သွားရောက်၍ မိမိ၏ ခင်ပွန်းအရှင်အား "ဒိုးသခင် ပစ္စေကဗုဒ္ဓါအရှင်တို့ကို ကြည့်ရှုပါကုန်လော့။ ထိုပစ္စေကဗုဒ္ဓါတို့ကို ပင့်ဖိတ်၍ ဆွမ်းကျွေးပါကုန်အံ့"ဟု ပြောကြား၏။ လင်ယောကျ်ား ဖြစ်သောသူက "ဤသူတို့ကား ရဟန်းငှက်တို့ မည်ကုန်၏။ တစ်ပါးသော အရပ်တို့၌လည်း ဤအတူ လှည့်လည်ကုန်၏။ ထိုသူတို့သည် ပစ္စေကဗုဒ္ဓါတို့ မဟုတ်ကုန်"ဟု ပြောဆို၏။ သမီးခင်ပွန်းနှစ်ဦးတို့ စကားပြောဆိုနေကုန်စဉ် ထိုပစ္စေကဗုဒ္ဓါတို့သည် အနီးဖြစ်သော အရပ်၌ သက်ဆင်းတော်မူကုန်၏။ ထိုမိန်းမသည် ယင်းသို့ ကြုံတွေ့ ထိုနေ့၌ ဆောင်ယူလာသော မိမိ၏ ထမင်း ခဲဖွယ်တို့ကို ပစ္စေကဗုဒ္ဓါ အရှင်တို့အား လှူဒါန်း၍ "နက်ဖြန်ခါ၌လည်း ရှစ်ပါးကုန်သော အရှင်တို့သည် တပည့်တော်မ၏ ဆွမ်းကို ခံယူတော်မူပါကုန်ဦးလော့"ဟု ပင့်ဖိတ်၏။ ပစ္စေကဗုဒ္ဓါအရှင်တို့က "ဒါယိကာမ ကောင်းလှပြီ။ အသင်၏ လှူဖွယ်ဝတ္ထုကား ဤရှစ်ပါးအဖို့ မျှလောက်သာ ဖြစ်လော့။ ထိုင်နေရာတို့ကိုလည်း ရှစ်ပါးအဖို့တို့ သည်သာလျှင် ခင်းထားသောထွေ ဖြစ်စေကုန်ဘိလော့။ တစ်ပါးလည်း ဖြစ်ကုန်သော ပစ္စေကဗုဒ္ဓါ

အရှင်တို့ကို တွေ့မြင်ရသည်ရှိသော် အသင် ဒါယိကာမ၏ စိတ်ကို တိုးတက်ကြည်ညိုစေဘိလော့”ဟု မိန့်ဆို ကြွသွားတော်မူကုန်၏။

ထိုမိန်းမသည် တစ်ဖန် မိုးသောက်နေ့၌ ရှစ်ခုကုန်သော ထိုင်နေရာတို့ကို ခင်း၍ရှစ်ပါးကုန်သော ပစ္စေကဗုဒ္ဓါတို့အား ပူဇော် လျှုဒါန်းဖွယ် ဝတ္ထုကို ပြုပြင်စီရင်၍ ထိုင်နေ၏။ ပင့်ဖိတ်အပ်သော ပစ္စေကဗုဒ္ဓါတို့က ကြွင်းကုန်သော ပစ္စေကဗုဒ္ဓါတို့ကို “အရှင်တို့ ယနေ့အဖို့ တစ်ပါးသော အရပ်သို့ မကြွသွားကုန်မူ၍ အလုံးစုံသာလျှင် ဖြစ်ကုန်သော အသင်တို့သည် ဘဝဟောင်းတွင် မိခင် မယ်တော်အား ချီးမြှောက်ခြင်းအမှုကို ပြုတော်မူပါကုန်လော့”ဟု ပြောဆိုပြီးခါ အမှတ်သညာကို ပေးကုန်၏။ ကြွင်းကုန်သော ပစ္စေကဗုဒ္ဓါတို့သည် ထိုပစ္စေကဗုဒ္ဓါတို့၏ စကားကို ကြားကုန်၍ အလုံးစုံသာလျှင် ဖြစ်ကုန်သော ပစ္စေကဗုဒ္ဓါတို့သည် ကောင်းကင်ခရီးဖြင့် ကြွလာတော်မူကြ၍ မိခင် မယ်တော်၏ အိမ်တံခါး၌ ထင်ရှားဖြစ်ကုန်၏။ ထိုမိန်းမသည်လည်း ရှေးဦးစွာ သတ်မှတ်ပြောကြား၍ ထားအပ်သော အမှတ်သညာ ရရှိပြီးသည် အဖြစ်ကြောင့် များစွာကုန်သော ပစ္စေကဗုဒ္ဓါတို့ကို မြင်ရသော်လည်း တုန်လှုပ်ခြင်း မရှိလေ။ အလုံးစုံလည်း ဖြစ်ကုန်သော ထိုပစ္စေကဗုဒ္ဓါတို့ကို နေအိမ်သို့ ပင့်သွင်း၍ ခင်းထားအပ်ပြီးသော နေရာတို့၌ ထိုင်နေ သီတင်းသုံးစေ၏။ ထိုပစ္စေကဗုဒ္ဓါတို့သည် အစဉ်အတိုင်းအားဖြင့် ထိုင်နေကုန်သည်ရှိသော် ကိုးပါးမြောက်သော ပစ္စေကဗုဒ္ဓါသည် တစ်ပါးကုန်သော ရှစ်ပါးအဖို့ ဖြစ်သောနေရာတို့ကို ဖန်ဆင်း၍ မိမိသည် အဦးဖြစ်သော နေရာ၌ ထိုင်နေ သီတင်းသုံးတော်မူ၏။ ဤသို့ အဆင့်ဆင့် ကြီးမြင့်ဖန်ဆင်းခြင်းဖြင့် အကြွင်မျှလောက် နေရာတို့သည် တိုးပွားကုန်၏။ ထိုမျှလောက်ကြိမ် နေရာအိမ်သည် ကျယ်ပြန့်တိုးပွား၏။ ဤသို့ ပြဆိုခဲ့ပြီးသည်အတိုင်း အလုံးစုံကုန်သော ပစ္စေကဗုဒ္ဓါတို့ ထိုင်နေ သီတင်းသုံးကုန်သည် ရှိသော် ထိုမိန်းမသည် ရှစ်ပါးကုန်သော ပစ္စေကဗုဒ္ဓါတို့အား ပိုင်းခြားရည်သန် စီမံအပ်သော ပူဇော်ဖွယ်ဝတ္ထုကို ငါးရာကုန်သော ပစ္စေကဗုဒ္ဓါတို့အားလည်း အလိုရှိတိုင်း ပေးလှူပြီးလျှင် ရှစ်ခုကုန်သော ကြာညိုလက်တို့ကို ဆောင်ယူပြီးခါ ပင့်ဖိတ်အပ်သော ပစ္စေကဗုဒ္ဓါတို့၏သာလျှင် ခြေတော်ရင်း၌ ချထား၍—

ဘုန်းတော်ကြီးတော်မူကုန်သော အရှင်ဘုရားတို့ ဖြစ်လေတိုင်း ဖြစ်လေတိုင်းသော ဘုံဘဝဇာရပ်ဌာန၌ တပည့်တော်မ၏ ကိုယ်အရေအဆင်းသည် အရှင်မြတ်တို့အား လှူဒါန်းအပ်သော ဤကြာညိုပန်းတို့၏ ကြာတိုက်အတွင်း လုပသော အဆင်းကဲ့သို့ ဖြစ်ပါစေသတည်းဟု ဆုတောင်းပတ္ထနာကို ပြု၏။ ပစ္စေကဗုဒ္ဓါတို့သည် မိခင် မယ်တော်အား အနုမောဒနာကိုပြု၍ ဂန္ဓမာဒနတောင်သို့ ကြွသွားတော်မူကုန်၏။

## ဥပ္ပလဝဏ္ဏာ မထေရ်မအား တန်ခိုးအရာ ဧတဒဂ်ထားခြင်း

ထိုမိန်းမသည်လည်း အသက်ရှည်သမျှ ကာလပတ်လုံး ကုသိုလ်ကောင်းမှုကို ပြုစုအားထုတ်၍ ထိုဘဝမှ စုတေ့သည်ရှိသော် နတ်ပြည်၌ဖြစ်၍ ဤဂေါတမ မြတ်စွာဘုရား ထင်ရှားပွင့်ထွန်း ဖြစ်ပေါ်လာသောအခါ သာဝတ္ထိပြည်၌ သူဌေး အမျိုးဝယ် ပဋိသန္ဓေ တည်နေ၏၊ ကြာညိုပန်း၌ ကြာတိုက်နှင့် တူသော အဆင်းရှိသောကြောင့် ထိုသတို့သမီးအား ဥပ္ပလဝဏ္ဏာဟူ၍သာလျှင် အမည်ကို မှည့်ခေါ်သမုတ်ခြင်း ပြုကုန်၏။ ထိုနောက် သူဌေးသမီး အရွယ်ရောက်သော အခါ အလုံးစုံသော ဇမ္ဗူဒိပ် ကျွန်းပြင်၌ ပြည့်ရှင်မင်းတို့သည်လည်းကောင်း, သူဌေးတို့သည်လည်းကောင်း ဥပ္ပလဝဏ္ဏာ၏ ဖခင် သူဌေးအထံသို့ "အသင်၏ သမီးကို ငါတို့အား ဆောက်နှင်း ပေးပို့စေကုန်သတည်း" ဟု အကြောင်းစကား ပြောကြား စေလွှတ်ကုန်၏။ မစေမလွှတ်ဖူးသော ပြည့်ရှင်မင်း, သူဌေး မည်သည် မရှိလေ။

ထိုနောက် ဖခင်ဖြစ်သော သူဌေးကြီးသည် "ငါတမူကား အလုံးစုံသော သူတို့၏ ဇလိုပြည့်အံ့သော စိတ်ကို နှစ်သိမ့်စေမှု ယူခြင်းငှါ မစွမ်းနိုင်။ တစ်ခု သော ဥပါယ်အကြောင်းကို ကောင်းစွာပြုလုပ်အံ့" ဟု ကြံစည်၏။ ကြံစည်ပြီး၍ ဥပ္ပလဝဏ္ဏာ အမည်ရှိသော သမီးကိုခေါ်စေ၍ "ချစ်သမီး အသင်သည် ရဟန်း ပြုခြင်းငှါ စွမ်းနိုင်ပါလတ္တံ့ လော" ဟု မေးမြန်းပြောဆို၏။ ထိုဥပ္ပလဝဏ္ဏာ၏ အဆုံးစွန်သောဘဝနှင့် ယှဉ်သော ပစ္ဆိမဘဝိကပုဂ္ဂိုလ် ဖြစ်လေသောကြောင့် ဖခင် ပြောဆိုသော စကားသည် ဦးခေါင်းထက်၌ သွန်းလောင်းအပ်သော အကြိမ်တစ်ရာ ပြန်လှန်ကာ ချက်အပ်သော သိမ်မွေ့နူးညံ့သော နံ့သာဆီမွေးဖြင့် သွန်းလောင်းဘိသကဲ့သို့ ဖြစ်ပေ၏။ ထို့ကြောင့် ဥပ္ပလဝဏ္ဏာက ဖခင်သူဌေးကို "အရှင်ဖခင် ကျွန်တော်မသည် ရဟန်းပြုပါအံ့" ဟု ဝန်ခံပြောဆို၏။ ဖခင် ဖြစ်သော သူဌေးကြီးသည် သမီးဖြစ်သော ထိုဥပ္ပလဝဏ္ဏာကိုချီးမြှောက်ဖွယ်အမှု အစုစုအပေါင်းကို ကောင်းစွာပြုလုပ်ပြီးလျှင် ရဟန်းမိန်းမကျောင်းသို့ ဆောင်ပို့၍ ရဟန်းပြုစေ၏။ ရဟန်းမိန်းမအဖြစ်ကို ရပြီးသော ထိုဥပ္ပလဝဏ္ဏာအား ရဟန်းပြု၍ မကြာမြင့်မီသာလျှင် ဥပုသ်အိမ်၌ ပြုစုပြင်ဆင် သုမ်သင်ရသော အကြိမ်အလှည့် သည် ကျရောက်ခဲ့လေ၏။ ထိုဥပ္ပလဝဏ္ဏာသည် ဆီမီးကို ညှိထွန်းပြီးသော် ဥပုသ် အိမ်ကိုတံမြက်လှည်း၍ဆီမီးလျှံ၌ နိမိတ်ကိုယူပြီးလျှင် အဖန်တလဲလဲ စွဲမြဲကြည့်ရှု လျက် တေဇောကသိုဏ်းလျှင် အာရုံရှိသော စျာန်ကိုဖြစ်စေပြီးသော် ထိုစျာန်ကို ပင်လျှင် အခြေပြုလုပ်၍ အရဟတ္တဖိုလ်သို့ ရောက်လေ၏။ အရဟတ္တဖိုလ်နှင့်တကွ အမျိုးမျိုးသော တန်ခိုးဖန်ဆင်းခြင်း၌ အလေ့အလာ များစွာမွေ့လျော် ဝသီတော်သည် ဖြစ်၏။

ထိုဥပ္ပလဝဏ္ဏာမထေရ်မသည် ကာလမြင့်ရောက် နောက်အဖို့အခါ မြတ်စွာဘုရား၏ အစုံအစုံသော တန်ခိုးပြာဋိဟာကို ပြသပြုလုပ်တော်မူသောနေ့၌ "ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ တပည့်တော်မသည် တန်ခိုးပြာဋိဟာကို ပြသပြုလုပ်ပါအံ့"ဟု ခြင်္သေ့မင်းကဲ့သို့ ရဲရင့်ကြုံးဝါးခြင်းကို ကြုံးဝါးလျှောက်ထား၏။ မြတ်စွာဘုရားရှင်သည် ဤသို့သောအကြောင်းကို အတ္ထုပ္ပတ္တိပြု၍ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူလျက် အစဉ်အတိုင်းအားဖြင့် ရဟန်းမိန်းမတို့ကို ဌာနအထူး၌ ချီးကျူးမြှောက်စား ထားတော်မူသည်ရှိသော်ဤဥပ္ပလဝဏ္ဏာမထေရ်မကို ဣဒ္ဓိအမျိုးမျိုး တန်ခိုးနှင့်ကုန်သော ရဟန်းမိန်းမတို့တွင် ပြိုင်ဘက်ကင်းပြတ် အထွတ်အမြတ်ရထူး၌ ချီးကျူးမြှောက်စားထားတော်မူ၏။

ဥပ္ပလဝဏ္ဏာထေရီမဝတ္ထုပြီး၏။

---

## ၁၉။ မထင်ရှားသော ပုဏ္ဏားဝတ္ထု

ယော ဒုက္ခဿ အစရှိသော ဒေသနာတော်မြတ်ကို မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် မထင်ရှားသော ပုဏ္ဏားတစ်ဦးကို အကြောင်းပြု၍ ဟောကြားတော်မူ၏။

အမျိုးအမည်မထင်ရှားသော ထိုပုဏ္ဏား၏ ကျွန်ယောကျ်ားတစ်ယောက်သည် ဘုရားဟောပြီး ဝိနည်းမဟာဝါပါဠိတော်၌လာရှိသော "ကျွန်အဖြစ်မှ တော်လှန်အပ်သောသူ မဟုတ်သောသူတစ်ပါးကျေးကျွန်ကို ရဟန်းပြုလုပ်၍ မပေးအပ်" ဟူသော သိက္ခာပုဒ်တော်ကို မပညတ်မီ တစ်ရပ်တစ်ကျေးသို့ ထွက်ပြေးတိမ်းရှောင်ပြီးလျှင် သာသနာတော်ဘောင်၌ ရဟန်းပြု၍ အစဉ်အတိုင်းသော တရားကို အားထုတ်သည်ရှိသော် အရဟတ္တဖိုလ်သို့ ရောက်လေ၏။ အရှင်ဖြစ်သော ပုဏ္ဏားသည် ရှောင်ရှားထွက်ပြေးသော ထိုကျေးကျွန်ကို ရှာဖွေကြည့်ရှုလျက် မတွေ့မမြင်ရဘဲ တစ်နေ့သော အခါ၌ မြတ်စွာ ဘုရားကိုယ်တော်နှင့်အတူတစ်ကွ ဆွမ်းခံခြင်းအလို့ငှါ ကြွဝင်သော ထိုကျွန်သားရဟန်းကို မြို့တံခါးအကြား၌တွေ့မြင်၍ သင်္ကန်းကို မြဲမြံစွာ ဖမ်းငင်ကိုင်ဆွဲ၏။ မြတ်စွာဘုရားသည်ဆုတ်နစ်ပြန်လည်၍ "အို ပုဏ္ဏား၊ ဤအမှုကား အကြောင်းဘယ်သို့နည်း" ဟု မေးတော်မူသည်ရှိသော် "အို အရှင်ဂေါတမ၊ ဤသူကား အကျွန်ုပ်၏ကျွန်ပါတည်း"ဟု ပြောဆို၏။ "အို အရှင်ပုဏ္ဏား၊ ဤရဟန်းသည် ပယ်ချအပ်ပြီးသော ခန္ဓာတည်းဟူသော ဝန်ရှိပေ၏"ဟု ဆိုတော်မူလျှင် ပုဏ္ဏားသည် ရဟန္တာပေတည်းဟု အောက်မေ့မှတ်ထင်၏။ ထိုကြောင့် တစ်ဖန်လည်း ထိုပုဏ္ဏားက "အို ရှင်ဂေါတမ၊ ပယ်ချအပ်ပြီးသော ခန္ဓာကိုယ်ရှိသည် ဟုတ်မှန်ပါသလော"

ဟု မေးမြန်းပြောဆိုပြန်သော် မြတ်စွာဘုရားက "အို ပုဏ္ဏားး ဟုတ်မှန်ပေ၏။ ပယ်ချအပ်ပြီးသော ခန္ဓာတည်းဟူသော ဝန်ရှိ၏" ဟု မိန့်ဆိုတော်မူပြီး ဤဂါထာကို ဟောတော်မူ၏။

**ယော ဒုက္ခဿ ပဇာနာတိ၊ ဣဓေဝ ခယမတ္တနော။**
**ပန္နဘာရံ ဝိသံယုတ္တံ၊ တမဟံ ဗြူမိ ဗြာဟ္မဏံ။**

ယခု ပစ္စုပ္ပန်ဘဝ၌ပင် ဝဋ်ဆင်းရဲ၏ကုန်ရာ အမြိုက်နိဗ္ဗာန်ကိုမဂ်ဖိုလ်ဉာဏ်ဖြင့် သိ၍ ခန္ဓာဝန်ထုပ်ကို ပစ်ချပြီး ကာမယောဂစသည်တို့နှင့် မယှဉ်သောပုဂ္ဂိုလ်ကို မကောင်းမှုမှ အပပြုပြီးသူဟု ငါဘုရား ဟောကြားတော်မူ၏။

ထိုဂါထာ၌ ဒုက္ခဿ=ဟူသည် ခန္ဓာငါးပါး ဆင်းရဲ၏၊

ပန္နဘာရံ=ဟူသည် ပစ်ချ ထားအပ်သော ခန္ဓာတည်းဟူသော ဝန်ထုပ်ရှိသော ယောဂလေးပါးတို့နှင့်လည်းကောင်း, ကိလေသာအားလုံးတို့နှင့်လည်းကောင်း မယှဉ်သောပုဂ္ဂိုလ်ကို ဗြာဟ္မဏဟူ၍ ငါဘုရားဟောတော်မူ၏။

ဒေသနာ၏အဆုံး၌ ထိုပုဏ္ဏားသည် သောတာပတ္တိဖိုလ်၌တည်၏၊ ရောက်လာသော ပရိသတ်တို့အားလည်း အကျိုးရှိသော တရားဟောခြင်းသည် ဖြစ်၏။

မထင်ရှားသော ပုဏ္ဏားဝတ္ထု ပြီး၏။

---

## ၂၀။ ခေမာဘိက္ခုနီမ ဝတ္ထု

ဂမ္ဘီရပညံ အစရှိသော ဒေသနာတော်မြတ်ကို မြတ်စွာဘုရားရှင်သည် ရာဇဂြိုဟ်ပြည် ဂိဇ္ဈကုဋ်တောင်၌ သီတင်းသုံးနေတော်မူစဉ် ခေမာဘိက္ခုနီမကို အကြောင်းပြု၍ ဟောကြားတော်မူ၏။

တနေ့သောအခါ ပထမယာမ်၏ အခြားမဲ့ဖြစ်သော ညဉ့်အခါ၌ နတ်များအပေါင်းကို အစိုးရတော်မူသော သိကြားနတ်မင်းသည် မိမိ၏ အခြံအရံဖြစ်သော ပရိသတ်နှင့်တကွ လာရောက်ချဉ်းကပ်၍ မြတ်စွာဘုရားအထံတော်၌ အသက်ထက်ဆုံး နှလုံးသွင်းအပ် အောက်မေ့အပ်သော တရားစကားကို ကြားနာလျက် ထိုင်နေ၏။ ထိုခဏအခိုက်၌ ခေမာအမည်ရှိသော ရဟန်းမိန်းမသည် မြတ်စွာဘုရားကို ဖူးမြင်အံ့ဟု ကြံစည်ပြီးလျှင် ကောင်းကင်ခရီးဖြင့် လာရောက်ခဲ့၍ သိကြားမင်းကို တွေ့မြင်သည်ရှိသော် ကောင်းကင်၌ရပ်တည်

လျက်သာလျှင် ဘုရားရှင်ကို ရှိခိုး၍ ဆုတ်နစ်ပြန်လည်၏။ သိကြားမင်းသည် ထိုခေမာရဟန်းမိန်းမကို မြင်၍ "ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ရှေးရှုလာစဉ် ကောင်းကင်၌ ရပ်တည်လျက်သာလျှင် ဘုရားရှင်သို့ ရှိခိုး၍ ဆုတ်နစ်ပြန်လည်သော ထိုရဟန်းမိန်းမကားစ်ဦးသည် အဘယ်မည်သော ရဟန်းမိန်းမပါနည်း" ဟု မေးလျှောက်၏။ မြတ်စွာဘုရားက "ဒကာတော်မင်းမြတ် ဤရဟန်းမိန်းမကား ကြီးကျယ်မြင့်မြတ်သော ပညာရှိသော နိဗ္ဗာန်သို့သွားကြောင်း လမ်းကောင်းလမ်းရိုး ဟုတ်သည် မဟုတ်သည်၌ လိမ္မာသော, ငါဘုရား၏ သမီးတော် ခေမာအမည်ရှိသော သူပေတည်း" ဟု မိန့်တော်မူပြီး ဤဂါထာကို ဟောကြားတော်မူ၏။

**ဂမ္ဘီရပညံ မေဓာဝိံ၊ မဂ္ဂါမဂ္ဂဿ ကောဝိဒံ။**
**ဥတ္တမတ္ထံ မနုပ္ပတ္တံ၊ တမဟံ ဗြူမိ ဗြာဟ္မဏံ။**

သိမြင်ခက်ခဲနက်နဲသော ပညာ, လျင်မြန်ထက်မြက်သော ပညာနှင့်ပြည့်စုံ၍ နိဗ္ဗာန်ကို ရောက်ကြောင်း လမ်းကောင်းလမ်းမှန်ကို ဇာတ်သိလိမ္မာ အရဟတ္တဖိုလ်သို့ ရောက်ရှိနေသူကို မကောင်းမှုမှုအပ ပြုပြီးသူဟု ငါဘုရားဟောကြားတော်မူပြီ။

ထိုဂါထာ၌—

**ဂမ္ဘီရပညံ**=ဟူသည် သိမြင်နိုင်ခဲသော ခန္ဓာစသည်တို့၌ သိမြင်တတ်သော **ပညာနှင့် ပြည့်စုံသော**။

**မေဓာဝိံ**=ဟူသည် လျင်မြန်ထက်မြက်သော ပညာနှင့် ပြည့်စုံသော။

"ဤသည် ဒုဂ္ဂတိဘဝရောက်ကြောင်း လမ်းတည်း၊ ဤသည် သုဂတိဘဝ ရောက်ကြောင်း လမ်းတည်း၊ ဤသည် နိဗ္ဗာန်ရောက်ကြောင်း လမ်းတည်း၊ ဤသည် လမ်းမဟုတ်၊ ဤသို့ လမ်းဟုတ်သည် မဟုတ်သည်၌ သိလိမ္မာသည်၏ အဖြစ်ဖြင့် အရဟတ္တဖိုလ်ဟု ဆိုအပ်သော မြတ်သည်၏ အဖြစ်သို့ အစဉ်ရောက် သော ပုဂ္ဂိုလ်ကို ဗြာဟ္မဏဟူ၍ ငါဘုရား ဟောတော်မူ၏။

ဒေသနာတော်၏ အဆုံး၌ များစွာကုန်သော သူတို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်ကုန်၏။

ခေမာ ဘိက္ခုနီမ ဝတ္ထုပြီး၏။

## ၂၁-တောင်ဝှမ်းလိုဏ်၌ နေသော တိဿမထေရ်ဝတ္ထု

အသံသင့် အစရှိသော ဒေသနာတော်မြတ်ကို မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် တောင်ဝှမ်းလိုဏ်၌ နေသော တိဿမထေရ်ကို အကြောင်းပြု၍ ဟောကြားတော်မူ၏။

ထိုတိဿမထေရ်သည် မြတ်စွာဘုရား၏ အထံတော်၌ ကမ္မဋ္ဌာန်းကို သင်ယူပြီးလျှင် တောသို့ဝင်၍ သင့်လျော်လျောက်ပတ် သပ္ပါယဖြစ်မည့် ကျောင်းနေရာကို ဖွေရှာကြည့်ရှုလျက် တစ်ခုသော လိုဏ်ခေါင်းရှိသော တောင်ဝှမ်းသို့ ရောက်လေ၏။ ရောက်သော ခဏ၌သာလျှင် ထိုတိဿမထေရ်၏ စိတ်သည် တည်ကြည်သည်၏ အဖြစ်ကိုရလေ၏။ ထိုတိဿမထေရ်သည် "ငါကား ဤအရပ်၌ ချဉ်းကပ်နေမျှလျက် ရဟန်းကိစ္စအားလုံး ပြီးဆုံးစေခြင်းငှါ စွမ်းနိုင်ပေလတ္တံ့" ဟု ကြံစည်၏။ လိုဏ်ခေါင်း၌ စောင့်ရှောက် စိုးအုပ်သော နတ်သမီးသည် "သီလရှိသော ရဟန်းတော်သည် ကြွလာရောက်ရှိတော်မူ၏။ ဤသီလရှိသော ရဟန်းတော်နှင့် အတူတကွ တခုတည်းသော အရပ်ဌာန၌ နေမျှခြင်းငှါ ဆင်းရဲလှ၏။ ဤရဟန်းသည်ကား တောင်ဝှမ်းလိုဏ်သာ ဤနေရာ၌ တစ်ညဉ့်တာမျှကိုသာလျှင် ဝင်ရောက် သီတင်းသုံးနေမျှလျက် ဖဲကြွတော်မူလတ္တံ့"ဟု ကြံစည်ပြီးလျှင် သားငယ်တို့ကို ခေါ်ယူ၍ လိုဏ်မှ ထွက်၏။

တိဿမထေရ်သည် တစ်ဖန် မိုးသောက်သောနေ့၌ နံနက်စောစောကသာလျှင် ဆွမ်းခံရွာသို့ ဆွမ်းအလို့ငှါ ကြွဝင်တော်မူ၏။ ထိုအခါ ၎င်းရွာ၌နေသော ဥပါသိကာမ တစ်ယောက်သည် ထိုမထေရ်ရဟန်းကို မြင်တည့်လျှင် သားတည်းဟူသော ချစ်ခင်မှုကိုရ၍ နေအိမ်၌ ထိုင်နေစေပြီးသော် ဆွမ်းကျွေးလျက် မိမိကို အမှီပြု၍ ဝါတွင်းသုံးလပတ်လုံး သီတင်းသုံးနေမျှခြင်း အကျိုးငှါ လျှောက်ထား တောင်းပန်၏။ ထိုမထေရ်ကလည်း "ငါသည် ဤဥပါသိကာမကို အမှီပြု၍ ဘဝမှ ထွက်မြောက်ခြင်းကို ပြုခြင်းငှါ တတ်ကောင်းပေလိမ့်မည်"ဟု စိတ်ကြံ၍ ထိုလိုဏ်သို့သာလျှင် ကြွသွား၏။ နတ်သမီးသည် ရှေးရှုကြွလာသော ထိုရဟန်းကိုမြင်၍ "မချွတ်ကေန် အမှန်စင်စစ် တစ်ဦးတစ်ယောက်သောသူက ပင့်ဖိတ်အပ်သည် ဖြစ်လတ္တံ့။ နက်ဖြန်ခါ၌ လည်းကောင်း၊ ထိုမှတစ်ပါးဖြစ်သော နေ့၌လည်းကောင်း ကြွသွားလတ္တံ့"ဟု ကြံစည်၏။ ဤသို့ အစဉ်အတိုင်းအားဖြင့် လခွဲမျှကို လွန်မြောက်သည်ရှိသော် "ဤရဟန်းသည် စခန်းသင့်မျှ ဤဌာန၌သာလျှင် ဝါတွင်းသုံးလပတ်လုံး နေချေအံ့တော့သည်တကား။ သီလရှိသော ရဟန်းနှင့်အတူတကွ တစ်ခုသော နေရာဌာန၌ သားငယ်တို့နှင့် တကွနေမျှခြင်းငှါ လွန်စွာဆင်းရဲပေလိမ့်မည်။ ဤရဟန်းကိုလည်း လိုဏ်တွင်းမှ ထွက်သွား

လေလော့ဟု နှင်ထုတ် ပြောဆိုခြင်းငှါလည်း မတတ်ကောင်း။ ဤရဟန်း၏ သီလ၌ ချတ်ချော်တိမ်းပါး အကြားအပေါက် ရှိလေသလောဟု နတ်ထို၏မျက်စိဖြင့် ကြည့်ရှုသည်ရှိသော် ရဟန်းခံယူရာ သိမ်အပြင်မှစ၍ ယနေ့သို့ကျအောင် ထိုရဟန်း၏သီလ၌ ချတ်ချော်တိမ်းပါး အကြားအပေါက်ကို မမြင်သောကြောင့် ထိုရဟန်း၏ သီလသည် ထက်ဝန်းကျင် စင်ကြယ်၏။ ထိုရဟန်းအား တစ်စုံတစ်ခုကို ပြောဆို၍ အရှိန်အစော်မဲ့ခြင်းကို ဖြစ်စေအံ့"ဟု ကြံစည်လေ၏။

ထိုရဟန်း၏ အလုပ်အကျွေးဖြစ်သော အမျိုး၌ ဥပါသိကာမ၏ အကြီးဖြစ်သော သား၏ကိုယ်ဝယ် ပူးဝင်၍ လည်ပင်းကို ရွှေနောက်လည်စေ၏၊ ထိုသားကြီး၏ မျက်စိတို့သည် ထွက်ကုန်၏။ ခံတွင်းမှ တံတွေးအရိအရွဲသည် ယိုစီး၏။ ဥပါသိကာမသည် မိမိ၏သား ထိုသို့ဖြစ်သော အခြင်းအရာကို မြင်၍ "ဤအမှုကား အဘယ်သို့ ဖြစ်ရလေသနည်း"ဟု ဟစ်အော် မြည်တမ်း၏။ ထိုအခါ နတ်သမီးသည် ထိုဥပါသိကာမကို မထင်ရှားသော ရုပ်အသွင်ဖြင့် ဤသို့ပြောဆို၏။ အဘယ်သို့ ပြောဆိုသနည်းဟူမူ "ငါသည် ဤသူငယ်ကို ဖမ်းယူအပ်၏။ ပူဇော်ခြင်း အမှုဖြင့်လည်း ငါ့အား အလိုမရှိ။ အသင်တို့၏အိမ်သို့ ကပ်ရောက်တတ်သော မထေရ်ကို နွယ်ချိုကို တောင်းယူ၍ ထိုနွယ်ချိုဖြင့် ဆီကို ချက်ပြီးလျှင် ဤသူငယ်အား နှာနှပ်ခြင်း အမှုကို ပြုလုပ်၍ ပေးကြကုန်လော့။ ဤသို့ပြုလုပ်ခဲ့သည်ရှိသော် ငါသည် ဤသူငယ်ကို လွှတ်အံ့"ဟု ပြောဆို၏။ "ဤသူငယ်သည် ပျက်စီးမူလည်း ပျက်စီးပါစေ၊ သေမူလည်းသေပါစေ။ အကျွန်ုပ်သည် အရှင်ကို နွယ်ချိုကိုတောင်းခြင်းငှါ မစွမ်းနိုင်ပါ"ဟု ပြောဆို၏၊ "နွယ်ချိုကို တောင်းခြင်းငှါ အကယ်၍ မစွမ်းနိုင်ကုန်သည် ဖြစ်အံ့။ ထိုသူငယ်နှာခေါင်း၌ ရှိန်းခိုမှုန့်ကို ထည့်ခြင်းငှါ လျှောက်ကြားပြောဆို ကုန်လော့"ဟု ပြောဆို၏။ ဤသို့သော စကားကိုသည်း ပြောဆိုခြင်းငှါ မစွမ်းနိုင်ပါကုန်ဟု ပြောဆိုပြန်သည်ရှိသော် "ထိုသို့ဖြစ်ပါမူကား ထိုရဟန်း၏ ခြေဆေးရေကို တောင်းယူ၍ ဦးခေါင်း၌ သွန်းလောင်းကုန်လော့ဟု" ပြောဆိုပြန်သည် ရှိသော် "ဥပါသိကာမသည် ဤမျှလောက်သော အမှုကိုကား ပြုလုပ်ခြင်းငှါ တတ်ကောင်းပါ၏"ဟု ဝန်ခံပြောဆို၏။

ဆွမ်းခံချိန်တိုင်သောအခါ၌ ကြွလာတော်မူသော မထေရ်ကို သီတင်းသုံးထိုင်နေစေ၍ ယာဂုခဲဖွယ်ကို ကပ်လှူပြီးသော် ဆွမ်းမဘုဉ်းပေးသေးမီ အကြား၌ ထိုင်နေသော မထေရ်၏ ခြေတို့ကို ဆေးကြော၍ ရေကိုယူပြီးသော် "အရှင်ဘုရား၊ ဤခြေဆေးရေကို သူငယ်၏ ဦးခေါင်း၌ သွန်းလောင်းပါကုန်အံ့"ဟု လျှောက်ထား ပန်ကြား၏။ "ထိုသို့ဖြစ်ပါမူ သွန်းလောင်းလေကုန်လော့"ဟု မထေရ်က မိန့်ဆိုသည်ရှိသော် မသေရ်မိန့်ဆိုသည့်အတိုင်း ပြုလုပ်ကုန်၏။

ထိုနတ်သမီးသည် ထိုအခါ၌သာလျှင် သူငယ်ကို လွှတ်၍ သွားရောက်ပြီးလျှင် လိုဏ်တံခါး၌ တည်နေ၏။ မထေရ်သည်လည်း ဆွမ်းစားခြင်းကိစ္စ အပြီးအဆုံး၌ နေရာမှထလျက် မစွန့်လွှတ်အပ်သော ကမ္မဋ္ဌာန်းရှိသဖြင့် ဒွတ္တိံသာကာရကို သရဇ္ဈာယ်လျက် ဖဲကြွလေ၏။ ထိုနောက် လိုဏ်တံခါးသို့ ရောက်သောအခါ၌ မထေရ်ကို ထိုနတ်သမီးက "အို ဆေးဆရာကြီး၊ ဤလိုဏ်နေရာသို့ မဝင်ပါလင့်" ဟု တားမြစ်ပြောဆို၏။ မထေရ်သည် ပြောဆိုရာ ထိုအရပ်၌သာလျှင် တန့်ရပ်တော်မူ၍ "အသင်သည် အဘယ်သူဖြစ်သနည်း" ဟု မေးမြန်းပြောဆိုရာ "အကျွန်ုပ်သည် ဤလိုဏ်၌ စောင့်ရှောက်သော နတ်သမီးတည်း" ဟု ပြောဆို၏။ မထေရ်သည် ကြီးကျယ်သော ဆေးကုခြင်းအမှုကို ပြုဖူးရာအရပ်သည် ရှိဖူးသလောဟု ပဠင်းခံရာ သိမ်အပြင်မှစ၍ ကြည့်ရှုဆင်ခြင်သည်ရှိသော် မိမိ၏ သီလ၌ နှမ်းစေ့ခန့်မျှ ပမာဏအရှိ စွန်းငြိမှုညစ်သည်ကို မမြင်သောကြောင့် "ငါသည် ကြီးစွာသော ဆေးကုခြင်းအမှု ပြုဖူးရာအရပ်ကို မမြင်မိပေ၊ အဘယ်ကြောင့် အသင်သည် ဤသို့ ပြောဆိုဘိသနည်း" ဟုမေးမြန်းပြောဆို၏။ "အသင်သည် မမြင်ဘိသလော" ဟု မေးပြန်သဖြင့် "ဩော် မမြင်မိပေ" ဟု ပြောဆိုသည်ရှိသော် "အသင်အား ပြောကြားပေအံ့" ဟု ပြောဆိုပြန်၏။ "ဩော် ကောင်းလှပေပြီ။ အသင်သည် ပြောကြားပါလော့" ဟု ပြောဆိုသောအခါ "ဝေးကွာဒေသ အခါကာလ၌ ပြုအပ်သော ဆေးကုစားခြင်းအမှုကို ထားဘိဦးလော့။ ယနေ့ပင်လျှင် အသင်သည် ဘီလူးဖမ်းစားသော အလုပ်အကျွေး ဥပါသိကာမ သားငယ်၏ဦးခေါင်း၌ ခြေဆေးရေကို သွန်းလောင်းသလော မသွန်းလောင်းသလော" ဟု မေးလျှင် "ဩော် သွန်းလောင်းမိပေ၏" ဟု ပြောဆိုသဖြင့် "အသို့ပေနည်း။ အသင်သည် ဤဆေးကုခြင်းအမှု ပြုလုပ်သည်ကို မမြင်လေသလော" ဟု ပြောဆို၏။ "အသင်သည် ဤသို့သော ဆေးကုခြင်းအမှု ပြုလုပ်သည်ကို ရည်ရွယ်၍ ပြောကြားလေသလော" ဟု တဖန် မေးပြန်သည်ရှိသော် "ဩော် ဟုတ်မှန်ပေ၏။ ဤသို့သော ဆေးကုခြင်းအမှု ပြုလုပ်သည်ကို ရည်ရွယ်၍ ပြောကြားပေသည်" ဟု ဝန်ခံပြောဆို၏။

မထေရ်သည် ကြံဆင်ခြင်၏။ အဘယ်သို့ ကြံဆင်ခြင် သနည်းဟူမူ။ ငါသည် ကောင်းစွာမပြတ် ပဋိပတ်ကို ဆောက်တည်အပ်သည်ကား ဩော် အံ့ဖွယ်ရှိလေစွ။ မြတ်စွာဘုရား အဆုံးအမတော်အား သင့်လျော် လျောက်ပတ်ကောင်းမြတ်သော အကျင့်ကို ကျင့်အပ်လေစွတကား။ နတ်သည်လည်း ငါ၏ စတုပါရိသုဒ္ဓိသီလ၌ နှမ်းစေ့ခန့်မျှပမာဏ အမည်းအညစ်ကို မတွေ့မြင်မူ၍ သူငယ်၏ ဦးခေါင်း၌ သွန်းလောင်းအပ်သော ခြေဆေးရေမျှကိုသာလျှင် တွေ့မြင်ရရှာလေ၏" ဟု အောက်မေ့ကြံစည်၏။ ယင်းသို့ ကြံစည်အောက်မေ့သော ထိုမထေရ်အား မိမိသီလကို အာရုံပြု၍ အားကြီးစွာသော နှစ်သက်ခြင်း ပီတိ

ဖြစ်၏။ ထိုမထေရ်သည် နှစ်သက်သော ထိုပီတိကိုခွါ၍ တလှမ်းလောက်မျှ ခြေကြွခြင်းအမှုကိုလည်း မပြုလုပ်မူ၍ ရပ်တည်ကော်မူရာဖြစ်သော ထိုအရပ်၌သာလျှင် အရဟတ္တဖိုလ်သို့ ရောက်တော်မူ၍ "ငါကဲ့သို့ သဘောရှိသော ထက်ဝန်းကျင် စင်ကြယ်သော သီလရှိသော ရဟန်းကို ပြစ်မှားဖျက်ဆီး တားဆည်းဟန့်ထုတ်၍ ဤတောအုပ်၌ မနေပါလင့်၊ အသင်သည်သာလျှင် ဤတောအုပ်မှ ထွက်ခွါ၍ သွားပါလော့"ဟု နတ်ကို ဆုံးမတော်မူလို၍ ဤဥဒါန်း ဂါထာကို ရွတ်ဆိုကျူးရင့်တော်မူ၏—

ဝိသုဒ္ဓေါ ဝတ မေ ဝါသော၊ နိမ္မလံ မံ နပဿိတံ။
မာ တွံ ဝိသုဒ္ဓံ ဒူသေသိ၊ နိက္ခမ ပဝနာ တုဝံ။

ငါ၏ ရဟန်းဘဝသည် ပွတ်သစ်စခရုသင်းသို့နှယ် သန့်ရှင်း ဖြူစင်လှဘိတကား။ အညစ်အကြေးကင်းသော ငါ့ကို နတ်သည်ပင် နှမ်းစေခန့်မျှ အပြစ်ရှာမတွေ့။ အပြစ်မရှိသော ငါ့အား သင်မဖျက်ဆီးပါလင့်။ အပြစ်ရှာသူသင်သည်သာ ဤတောအုပ်မှ ထွက်ခွါလေလော့။

ထိုမထေရ်သည် စိတ်ကြည်သန့်ရှင်း တောအုပ်၏ အတွင်းဖြစ်သော ထိုလိုဏ်ဂူ၌သာလျှင် ဝါတွင်း သုံးလပတ်လုံးမျှသုံးဆောင်မူ၍ ဝါမှ ထမြောက်သောအခါ မြတ်စွာဘုရား၏ထံပါး မျက်မှောက်သို့ သွားရောက်ချဉ်းကပ်လျက် လျှောက်ပတ်ရာ၌နေစဉ် ရဟန်းအပေါင်းတို့က "ငါ့ရှင်၊ အသို့ပေနည်း အသင့်အား ရဟန်းကိစ္စ အပြီးအဆုံးသို့ ရောက်ပါပြီလော"ဟု မေးမြန်းအပ်သည်ဖြစ်၍ ထိုလိုဏ်ဂူ၌ ဝါကပ်ဆိုသည့်မှစ၍ အလုံးစုံသော ထိုသို့ စပ်လျဉ်း ဖြစ်ခဲ့ခြင်းအကြောင်းကို ရဟန်းတို့အား ပြောကြား၍ "ငါ့ရှင်၊ လိုဏ်ဂူ၌ ရှိသောနတ်က ဤသို့ပြောဆိုသောအခါ အသင်သည် အမျက်မထွက်သလော"ဟု မေးမြန်းပြောဆိုသည် ရှိသော် "အမျက်မထွက်ပါ"ဟု ပြန်ကြားပြောဆို၏။ ရဟန်းတို့သည် မြတ်စွာဘုရားအား "ဘုန်းတော် ကြီးတော်မူသော မြတ်စွာဘုရား၊ ဤရဟန်းသည် အရဟတ္တဖိုလ်ကို ပြကြားပြောဆို၏။ နတ်သည် ဤအမည်ရှိသော စကားကို ပြောဆိုသော်လည်း ငါသည် အမျက်မထွက်ဟု ပြောဆိုပါသည်"ဟု ကြားလျှောက်ကုန်၏။ မြတ်စွာဘုရားက ထိုရဟန်းတို့၏ လျှောက်ထားသော စကားကို ကြားတော်မူ၍ "ချစ်သား ရဟန်းတို့၊ ငါဘုရား၏ သားတော်သည် အမျက်မထွက်။ ထိုငါဘုရား၏ သားတော်အား လူတို့နှင့်လည်းကောင်း ရဟန်းတို့နှင့်လည်းကောင်း ကပ်ငြိသဘော ရောနှောစပ်ယှက်ခြင်းမည်သည် မရှိ။ ထိုငါ ဘုရားသားတော်သည် ပစ္စည်းဥစ္စာ မဖွေရှာ မသိမ်းဆည်းသည် ဖြစ်၍ နည်းသော အလိုရှိ၏။ရရသချွဖြင့် မျှတမှီဝဲ ရောင့်ရဲလွယ်သော သဘောရှိ၏"ဟု

မိန့်ဆိုတော်မူပြီး၍ တရားကို ဟောကြားတော် မူလိုသောကြောင့် ဤဂါထာကို မိန့်တော်မူ၏။

**အသံသဋ္ဌံ ဂဟဋ္ဌေဟိ၊ အနာဂါရေဟိ စူဘယံ။**
**အနောကသာရိံ မပိစ္ဆံ၊ တမဟံ ဗြူမိ ဗြာဟ္မဏံ။**

အိမ်ရာဘည်သူ လူဘို့နှင့် လည်းကောင်း၊ အိမ်ရာမဲ့ ရဟန်းရှင်တို့နှင့် လည်းကောင်း သူနှင့်ရဟန်း နှစ်ဦးတို့နှင့်မြင်ခြင်း ကြားခြင်း ရောနှောမှုကင်းပြီး ပကတိဂင်ကြည့်၍ လာဘ်လာဘ အလိုနည်းသော ပုဂ္ဂိုလ်ကို မကောင်းမှုမှအပ ပြုပြီးသူဟု ငါဘုရား ဟောကြားတော်မူ၏။

ထိုဂါထာ၌—

အသံသဋ္ဌံ=ဟူသည် မြင်ခြင်း, ကြားခြင်း, မြှောက်ပင့်၍ ပြောဆိုခြင်း သုံးဆောင်ခြင်း, ကိုယ်လက်နီးနှောခြင်း မရှိသည်၏ အဖြစ်ဖြင့် ရောနှောခြင်း မရှိသော၊

ဥဘယံ=ဟူသည် လူဘို့နှင့်လည်းကောင်း, ရဟန်းတို့နှင့် လည်းကောင်း, နှစ်ပါးစုံနှင့် လည်းကောင်း မရောနှောသော၊

အနောကသာရိံ=ဟူသည် ကပ်ငြိတွယ်တာမှုမရှိသော အကျင့်ရှိသော ထိုသို့ သဘောရှိသော ပုဂ္ဂိုလ်ကို ဗြာဟ္မဏဟူ၍ ငါဘုရား ဟောတော်မူ၏။

ဒေသနာတော်၏ အဆုံး၌ များစွာကုန်သော သူတို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်ကုန်၏။

တောင်းဝှမ်းလိုဏ်၌နေသော တိဿမထေရ် ဝတ္ထုပြီး၏

---

## ၂၂။ မထင်ရှားသော ရဟန်းဝတ္ထု

နိဓာယ အစရှိသော ဒေသနာတော်ကို မြတ်စွာဘုရားရှင်သည် သာဝတ္ထိ ပြည် ဇေတဝန်ကျောင်းတော်မြတ်၌ သီတင်းသုံးနေတော်မူစဉ် အမျိုးအမည် မထင်ရှားသော ရဟန်းတပါးကို အကြောင်းပြု၍ ဟောကြားတော်မူ၏။

အမျိုးအမည် မထင်ရှားသော ထိုရဟန်းတော်သည် မြတ်စွာဘုရား၏ အထံ တော်၌ ကမ္မဋ္ဌာန်းကို သင်ယူ၍တော၌ လုံ့လအားထုတ်လျက် အရဟတ္တဖိုလ်သို့ ရောက်၍ "ငါသည် ဂုဏ်ကျေးဇူးတရားကို မြတ်စွာဘုရားအား ကြားလျှောက်

ပေအံ့”ဟု ကြံစည်လျက် ထိုတောကျောင်းမှသာလျှင် ထွက်ကြွတော်မူလေ၏။ ထိုအခါ တစ်ခုသောရွာ၌ မိန်းမတစ်ယောက်သည် မိမိ၏ ခင်ပွန်းလင်နှင့် အတူတကွ ခိုက်ရန်ပြုကြ၍ ထိုခင်ပွန်းလင်သည် အိမ်မှ ထွက်သွားသည်ရှိသော် “ငါသည် အမျိုးအိမ်သို့ သွားတော့အံ့”ဟု ကြံ၍ လမ်းခရီးသို့ ထွက်သွားရာ ခရီးလမ်းအကြား၌ ထိုရဟန်းတော်ကို တွေ့မြင်သည်ရှိသော် “ငါသည် ဤမထေရ်ကို အမှီပြု၍ သွားအံ့”ဟု ကြံလျက်နောက်မှ နောက်မှအစဉ်လိုက်၏။ မထေရ်သည်ကား ထိုမိန်းမကို မမြင်ချေ၊

ထိုနောက် ထိုမိန်းမ၏ ခင်ပွန်းလင်သည် အိမ်သို့ပြန်လာသောအခါ ထိုမိန်းမကို မတွေ့မြင်သောကြောင့် “အမျိုးတို့နေရာ ရပ်ရွာသို့သွားသည် ဖြစ်ပေလိမ့်မည်”ဟု ကြံစည်၍ အစဉ်အတိုင်း လိုက်သည်ရှိသော် မယားခင်ပွန်းမ ဖြစ်သော ထိုမိန်းမကိုမြင်၍ “ဤမိန်းမသည် တစ်ယောက်ထီးတည်း ဤတောအုပ် လမ်းခရီးသို့ သွားခြင်းငှါ မစွမ်းနိုင်ချေ၊ အဘယ်သူကို အမှီရ၍ သွားနိုင်လေသနည်း”ဟု ကြံစည် ကြည့်ရှုပြန်သည်ရှိသော် မထေရ်ကိုမြင်၍ “ဤရဟန်းသည် ဤမိန်းမကို ခေါ်ယူ၍ ထွက်သွားသည် ဖြစ်လတ္တံ့”ဟု ကြံစည်ပြီးလျှင် မထေရ်ကို ကြိမ်းမောင်းခြိမ်းခြောက်၏။ ထိုအခါ ခင်းပွန်းအရှင် လင်ယောကျ်ားကို ထိုမိန်းမက “ဤအရှင် ကောင်းသည် ငါ့ကိုမတွေ့မြင်။ ငါ့ကို စကားမပြောမဆို မခေါ်ငင်ချေ။ ထိုအရှင်ကောင်းကို တစ်စုံတစ်ခု အပြစ်ပြုကာ မပြောဆိုပါလင့်”ဟု တားမြစ်ပြောဆို၏။ ထိုလင်ယောကျ်ား ဖြစ်သောသူက “အသင်သည် မိမိကို ခေါ်ယူ၍ သွားသောသူကို အဘယ်မှာ ငါ့အား ဟုတ်မှန်တိုင်း ပြောကြားလတ္တံ့နည်း။ ထိုသို့ ဖြစ်သောကြောင့် အသင့်အားသာလျှင် နှိပ်စက်ညှဉ်းပန်းမှုပြုလုပ်ထိုက်သည်ကို ဤရဟန်းအား ပြုလုပ်အံ့”ဟု ပြောဆိုပြီးလျှင် ပြင်းစွာ အမျက်ပေါ်ထွက်ဖြစ်လာပြီး မိန်းမ၌ဖြစ်သော ရန်ငြိုးဖြင့် မထေရ်ကို ထောင်းထုပုတ်ခတ်ပြီးလျှင် ထိုမိန်းမကို ခေါ်ယူ၍ ပြန်လေ၏။

မထေရ်၏အလုံးစုံသော ကိုယ်သည် ဖြစ်ပေါ်သော အပိန့်အဖုရှိသည်ဖြစ်၏။ ထိုနောက် ဇေတဝန်ကျောင်းတော်သို့ ရောက်လာသောအခါ၌ ရဟန်းတို့သည် ကိုယ်ကိုဆုပ်နယ်ကုန်လျက် အပိန့်အဖုတို့ကို တွေ့မြင်၍ “ဤအမှုကား အကြောင်း အသို့ပေနည်း”ဟု မေးမြန်းကုန်၏။ ထိုမထေရ်သည် မေးမြန်းကုန်သော ထိုရဟန်းတို့အား လမ်းခရီးအကြား၌ ဖြစ်ပွါးခဲ့သမျှ ထိုအကြောင်း အလုံးစုံကို အကုန်ပြောကြား၏။ ထိုအခါ ရဟန်းတို့က ထိုမထေရ်ကို “ငါ့ရှင် ထိုယောကျ်ားသည် ဤသို့ထောင်းထု ရိုက်နှက်ပုတ်ခတ်သည်ရှိသော် အသင်က အဘယ်သို့ ပြောဆိုလေသနည်း။ အသင်အား အမျက်ထွက်ခြင်းသည် မူလည်းဖြစ်လေသလော”ဟု မေးမြန်းပြန်သည်ရှိသော် “ငါ့ရှင်တို့ ငါ့အား အမျက်ထွက်ခြင်း

မဖြစ်ပါ”ဟု ပြန်ကြားပြောဆို၏။ ထိုရဟန်းတို့သည် မြတ်စွာဘုရား ထံမှောက်သို့ သွားရောက်၍ ထိုအကြောင်းကို ကြားလျှောက်ပြီးလျှင် “ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ ထိုရဟန်းသည် အသင်အား အမျက်ထွက်ခြင်းဖြစ်သလောဟု မေးမြန်း ပြောဆိုအပ်သည်ရှိသော် ငါ့ရှင်တို့၊ ငါ့အား အမျက်ထွက်ခြင်း မပြုပါဟု ပြောဆို၏။ မဟုတ်မမှန်သည်ကို ပြောဆို၍ အရဟတ္တဖိုလ်ကို ပြောကြားပါသည်”ဟု လျှောက်ထားကုန်၏။ မြတ်စွာဘုရားသည် ထိုရဟန်းတို့၏ စကားကို ကြားတော်မူ၍ “ချစ်သားရဟန်းတို့ ကုန်ပြီးသော အာသဝေါရှိသော ရဟန္တာ ပုဂ္ဂိုလ်တို့မည်သည် အလုံးစုံသော သတ္တဝါတို့၌ ပယ်ချစွန့်ပစ်အပ်ကုန်ပြီးသော ဒဏ်ရှိကုန်၏၊ ထိုရဟန္တာပုဂ္ဂိုလ်တို့သည် မိမိအား ရိုက်နှက်ပုတ်ခတ်သော သူတို့၌လည်း အမျက်ထွက်ခြင်းကို မပြုကုန်သည်သာလျှင် တည်း”ဟု မိန့်တော်မူပြီး ဤဂါထာကို ဟောတော်မူ၏—

**နိဓာယ ဒဏ္ဍံ ဘူတေသု၊ တသေသု ထာဝရေသု စ။**
**ယော န ဟန္တိ န ဃာတေတိ၊ တမဟံ ဗြူမိ ဗြာဟ္မဏံ။**

တုန်လှုပ်ထိပ်လန့်တတ်ကုန်သော ပုထုဇဉ် သေက္ခပုဂ္ဂိုလ်တို့၌ လည်းကောင်း၊ မတုန်မလှုပ် ပကတိတည်တံ့ကုန်သော ရဟန္တာပုဂ္ဂိုလ်တို့၌ လည်းကောင်း ဒဏ်ဖြင့် ညှဉ်းဆဲလည်း မညှဉ်းဆဲ၊ သတ်ဖြတ်ခြင်းလည်း မပြု၊ သူတစ်ပါးတို့ကိုလည်း မညှဉ်းဆဲ မသတ်ဖြတ်စေသော ပုဂ္ဂိုလ်ကို မကောင်းမှုမှ အပပြုပြီးသူဟု ငါဘုရား ဟောကြားတော်မူ၏။

ထိုဂါထာ၌—

**နိဓာယ**=ဟူသည် စွန့်ပစ်ချထား၍။

**တသေသု ထာဝရေသု စ**=ဟူသည် တဏှာကပ်ငြိသည်၏ အစွမ်းဖြင့် ထိတ်လန့်တုန်လှုပ်တတ်ကုန်သော ပုထုဇဉ် သေက္ခ ပုဂ္ဂိုလ်တို့၌ လည်းကောင်း၊ တဏှာ မရှိသည်၏ အဖြစ်ဖြင့် တုန်လှုပ်မှုမရှိ မြဲမြံသည့် ရဟန္တာပုဂ္ဂိုလ်တို့၌လည်းကောင်း။

**ယော န ဟန္တိ**=ဟူသည် အကြင်ပုဂ္ဂိုလ်သည် သတ္တဝါအားလုံးအပေါ်၌ ဓေါသအမျက် မရှိခြင်းကြောင့် တုတ်လုံစသည်ကို ချထားပယ်စွန့်ပြီးဖြစ်၍ မိမိကိုယ်ကိုလည်း မသတ်ဖြတ် သူတစ်ပါးကိုလည်း မသတ်ဖြတ်၊ ထိုပုဂ္ဂိုလ်ကို ဗြာဟ္မဏဟူ၍ ငါဘုရား ဟောတော်မူ၏။

ဒေသနာတော်၏ အဆုံး၌ များစွာကုန်သော သူတို့သည် သောတာပတ္တိဖိုလ်စသည်တို့သို့ ရောက်ကုန်၏။

မထင်ရှားသော ရဟန်းဝတ္ထု ပြီး၏။

## ၂၃။ သာမဏေကျော်လေးပါးဝတ္ထု

အဝိရုဒ္ဓံ အစရှိသော ဒေသနာတော်မြတ်ကို မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် သာမဏေကျော်လေးပါးကို အကြောင်းပြု၍ ဟောကြားတော်မူ၏။

ပုဏ္ဏေးမတစ်ယောက်သည် ရဟန်းလေးပါးတို့အား ရည်ညွှန်းအပ်သော ဥဒ္ဒေသဘတ်တည်းဟူသော ဆွမ်းကို ပြုပြင်စီရင်၍ အရှင်လင်ဖြစ်သော ပုဏ္ဏားကို "အို-အရှင် ကျောင်းသို့သွားရောက်၍ အရွယ်လွန်ပြီး ကြီးရင့်ကုန်သော ပုဏ္ဏားလေးယောက်တို့ကို ညွှန်းစေ၍ ပင့်ဆောင်ခဲ့ပါလော့"ဟု ပြောဆို၏။ ထိုပုဏ္ဏားသည်ကျောင်းသို့သွား၍ "ပုဏ္ဏားလေးယောက်တို့ကို ညွှန်ကြား၍ ပေးပါကုန်လော့"ဟု ပြောဆို၏။ လျောက်ဘောင်းလာသော ထိုပုဏ္ဏားအား သံကိစ္စသာမဏေ, ပဏ္ဍိတသာမဏေ, သောပါကသာမဏေ ရေဝတသာမဏေဟု ဆိုအပ်ကုန်သော ခုနစ်နှစ်သား အရွယ်ရှိကုန်သော အာသဝေါကုန်ခန်း ရဟန္တာသာမဏေလေးပါးတို့သည် အစဉ်ပြည့်မြောက် အလှည့်အကြိမ်သို့ ရောက်ကုန်၏။

ပုဏ္ဏေးမသည် မြတ်သောသူတို့အား သင့်လျော် ထိုက်တန်ကုန်သော နေရာတို့ကို ခင်းထား၍ ကြွရောက်တည်နေကုန်သော သာမဏေတို့ကို မြင်၍သာလျှင် ပြင်းစွာအမျက်ထွက်သည်ဖြစ်၍ ဒယ်အိုး၏ အတွင်း၌ ထည့်သွင်း ပစ်ချအပ်သော ဆားကဲ့သို့ ဖျစ်ဖျစ်မြည်လျက် "အသင်သည် ကျောင်းသို့သွား၍ မိမိ၏ မြေးမျှလောက်ပင်သော်သည်း ပြောဆိုခြင်းငှါ မလောက်ကုန်သော လေးယောက်ကုန်သော သူငယ်တို့ကို ခေါ်ယူ၍ လာခဲ့လေဘိသည်"ဟု ပြစ်တင် ပြောဆို၍ ထိုသာမဏေတို့အား မိမိခင်းထားအပ်သော ထိုနေရာတို့၌ ထိုင်နေခြင်းငှါ မပေးမူ၍ နိမ့်သောနေရာ အင်းပျဉ်တို့ကို ခင်းပြီးလျှင် ဤနေရာတို့၌ ထိုင်နေလေကုန်လော့ဟု ပြောဆိုပြီး၍ "အို-ပုဏ္ဏား၊ သွားတဲ့ချေဦး။ အိုမင်းကြီးရင့်သော အရွယ်ရှိကုန်သော ပုဏ္ဏားတို့ကို ကြည့်ရှု၍ ပင့်ဆောင်ခဲ့လော့"ဟု ပြောဆိုပြန်၏၊ ပုဏ္ဏားသည် ကျောင်းသို့သွား၍ သာရိပုတ္တရာမထေရ်ကို တွေ့မြင်လျှင် "လာလှည့်ကုန်လော့၊ ငါတို့၏အိမ်သို့ သွားကုန်အံ့"ဟု ပြောဆို ပင့်ဆောင်၏၊ သာရိပုတ္တရာ မထေရ်သည် ကြွလာတော်မူ၍ သာမဏေတို့ကို တွေ့မြင်သည်ရှိသော် "ဤပုဏ္ဏားတို့၏ အထံမှ ဆွမ်းကို ရအပ်ပြီသလော"ဟု မေးတော်မူ၍ "အရှင်ဘုရား မရသေးပါ"ဟု ကြားလျှောက်သည်ရှိသော် သေးဦးကုန်သော သူတို့အား သာလျှင် မျှလောက်သော ဆွမ်း၏ စီရင်အပ်သော အဖြစ်ကို သိသောကြောင့် "ငါ၏ သပိတ်ကို ဆောင်ယူခဲ့လော့" ဟု တစ်ဖန် ပြောဆိုလျက် သပိတ်ကို ယူ၍ ဖဲကြွတော်မူ၏။

ပုဏ္ဏေးမသည်လည်း "ဤပုဏ္ဏားသည် အဘယ်သို့ ပြောဆိုသနည်း"ဟု မေးမြန်းသည်ရှိသော် "ထိုင်နေကုန်သော ထိုပုဏ္ဏားတို့အား ရခြင်းငှါ သင့်လျော်လျောက်ပတ်အပ်သည်"ဟု ပြောဆို၍ ငါ၏သပိတ်ကို ဆောင်ယူခဲ့လော့ဟု ပြောဆိုပြီးလျှင် မိမိ၏ သပိတ်ကို ယူ၍ ဖဲသွားလေသည်"ဟု ပြောဆိုသောအခါ ထိုပုဏ္ဏားသည် စားခြင်းငှါ အလိုရှိသည် မဖြစ်လတ္တံ့။ ထို့ဖြစ်သောကြောင့် "လျင်စွာ သွားပြီးလျှင် တစ်ပါးသော ပုဏ္ဏားကို ကြည့်ရှု၍ ပင့်ဆောင်ခဲ့ဦးလော့"ဟု ပြောဆိုပြန်၏။ ပုဏ္ဏားသည် သွားရောက်တစ်ဖန် မဟာမောဂ္ဂလာန်ကို တွေ့မြင်၍ ထိုရှေးနည်း အတူသာလျှင် ပြောဆိုပင့်ဆောင်ပြန်၏။ ထိုမဟာမောဂ္ဂလာန် မထေရ်သည်လည်း သာမဏေတို့ကို တွေ့မြင်သည် ရှိသော် ထိုရှေးနည်းအတူသာလျှင် ပြောဆိုပြီး မိမိ သပိတ်ကို ယူ၍ ဖဲကြွတော်မူ၏။ ထိုအခါ ပုဏ္ဏေးမက ထိုခင်ပွန်းလင်ပုဏ္ဏားကို "အသင် ပင့်ဆောင်ခဲ့သော ထိုပုဏ္ဏားတို့သည် စားခြင်းငှါ အလိုမရှိသည် ဖြစ်ကုန်ပေလိမ့်မည်။ အို-ပုဏ္ဏား ကျောင်းသို့ သွား၍ အရွယ်ကြီးမား တစ်ဦးသော ပုဏ္ဏားကို ပင့်ဆောင်ပါချေဦးလော့"ဟု ပြောဆို စေလွှတ်ပြန်၏၊ သာမဏေဘိုသည်လည်း နံနက်စောစောမှသာလျှင် စ၍ တစ်စုံတစ်ခုသော အစာအာဟာရကို မရသောကြောင့် ဆာလောင်မွတ်သိပ်ခြင်းဖြင့် နှိပ်စက်အပ်ကုန်သည် ဖြစ်၍ ထိုင်နေရကုန်၏၊

ထိုအခါ သာမဏေငယ်တို့၏ ကျေးဇူးရှိန်စော် အာနုဘော်ကြောင့် သိကြားမင်း၏ နေရာသည် ပူလောင်သော အခြင်းအရာကို ပြ၏။ ထိုသိကြားမင်းသည် အကြောင်းဖြစ်အင်ကို ဆင်ခြင်တော်မူသည်ရှိသော် နံနက်စောစောမှ စ၍ ကာလမြင့်ရှည် ထိုင်နေတော်မူကြကုန်သော ထိုသာမဏေငယ်တို့၏ ကိုယ်လက်ညစ်နွမ်း ပင်ပန်းသော အဖြစ်ကို သိ၍ "ငါသည် ဤအရပ်သို့ သွားခြင်းငှါ အပ်၏"ဟု ကြံပြီးလျှင် အိုမင်း ကြီးရင့်သော အရွယ်ရှိသော ပုဏ္ဏား၏ အသွင်ကို ယူ၍ ပုဏ္ဏားတို့ ရွတ်ဖတ်ရာဖြစ်သော ထိုနေရာအပြင်ဝယ် ပုဏ္ဏားတို့၏ အဦးဖြစ်သော နေရာ၌ ထိုင်နေ၏။ ခင်ပွန်းမယား စေခိုင်းသော ထိုပုဏ္ဏားသည် အယောင်ဆောင်သော ထိုပုဏ္ဏားကို တွေ့မြင်၍ "ဤယခုအခါ ငါ၏ ပုဏ္ဏေးမသည် နှစ်လိုဝမ်းသာခြင်း ဖြစ်ပေလိမ့်မည်"ဟု ကြံစည်၍ "လာလှည့်လော့၊ အိမ်သို့ သွားကုန်အံ့"ဟု ပြောဆိုကာ အယောင်ဆောင်သော ထိုပုဏ္ဏားအိုကို ခေါ်ယူ၍ အိမ်သို့ သွား၏၊ ပုဏ္ဏေးမသည် ထိုပုဏ္ဏားအိုကို မြင်၍ သာလျှင် အလွန်ပင် နှစ်သက်သော စိတ်ရှိသည်ဖြစ်၍ နှစ်ပါးကုန်သော နေရာတို့၌ ခင်းထားအပ်သော အခင်းကို တစ်ခုတည်းသော နေရာ၌သာလျှင် လှမ်းထပ်ဖြည့်ခင်း၍ "အရှင်သည် ဤနေရာ၌ ထိုင်နေတော်မူပါလော့"ဟု ပြောဆို၏။ သိကြားမင်းသည် နေအိမ်သို့ ဝင်၍ လေးပါးကုန်သော သာမဏေငယ်တို့ကို ငါးပါးသော တည်ရာရှိသော ထိခြင်းဖြင့် ရှိခိုးဦးချ၍ ထိုသာမဏေငယ်တို့၏

နေရာအစွန်ဖြစ်သော မြေ၌ ထက်ဝယ် ဖွဲ့ခွေသဖြင့် ထိုင်နေ၏။ ထိုအခါ အယောင်ဆောင်သော ထိုပုဏ္ဏားကို မြင်၍ ပုဏ္ဏေးမက မိမိ၏ ခင်ပွန်းလင် ဖြစ်သော ပုဏ္ဏားကို "အသင် ပင့်ဆောင်ခဲ့သော ပုဏ္ဏားသည် ခြေသံ- အံ့ဖွယ်ရှိပေစွ။ ဖခင်မျှလောက် အရွယ်ရောက်သော ထိုပုဏ္ဏားကို ခေါ်ယူ၍ လာခဲ့သည် ဖြစ်ပေ၏။ ထိုသို့ ဖြစ်ကောမူ မိမိ၏ မြေးမျှလောက် ရှိသော သူငယ်တို့ကို ရှိခိုး ဆောက်တည်လျက် လှည့်လည်လေဘိ၏။ ဤပုဏ္ဏားဖြင့် အဘယ်အကျိုး ရှိအံ့နည်း။ ထိုပုဏ္ဏားကို နှင်ထုတ်ကုန်လော့"ဟု ပြောဆို၍ ထိုပုဏ္ဏားသည် ပခုံး၌လည်းကောင်း၊ လက်၌လည်းကောင်း သိုင်းဆင်အပ်သော စလွယ်ကြိုး၌လည်းကောင်း သိုင်းယူ ငင်ထုတ်အပ်သော်လည်း ထသွားခြင်းငှါ အလိုမရှိ။ ထို့နောက် ထိုပုဏ္ဏားကို ပုဏ္ဏေးမက "အို-ပုဏ္ဏား လာလှည့်လော့။ အသင်သည် တစ်ဖက်သော လက်၌ ကိုင်ဆွဲလော့။ ငါသည် တစ်ဖက်သော လက်၌ ကိုင်ဆွဲအံ့"ဟု ပြောဆို၍ နှစ်ဦးကုန်သော ပုဏ္ဏားလင်မယားတို့သည် လည်း နှစ်ဘက်ကုန်သော လက်တို့၌ ကိုင်ဆွဲကုန်၍ ကျောက်ကုန်း၌ ပုတ်ခတ် လျက် နေအိမ် တံခါးမှ အပ အပြင်ဘက်သို့ ထွက်ရောက်အောင် ပြုလုပ်ကုန်၏။ သိကြားမင်းသည်လည်း ထိုင်နေရာ အရပ်၌သာလျှင် ထိုင်နေလျက် လက်ကို လှည့်လည် ပြန်လှန်၏။ ထိုပုဏ္ဏား လင်မယားတို့သည် ပြန်လည် ထိုင်နေသည် သာလျှင်ဖြစ်သော ထိုသိကြားမင်းပုဏ္ဏားကို မြင်၍ ကြောက်လန့်ထိတ်လန့်သော အသံကို ဟစ်အော် မြည်တမ်းကုန်လျက် စွန့်လွှတ်ကုန်၏။ ထိုခဏ၌ သိကြား မင်းသည် မိမိ၏ သိကြားအဖြစ်ကို သိစေ၏။ ထိုအခါ ရှည်မြင့်စွာ ထိုင်နေရ ကုန်သော ထိုသာမဏေတို့အား ဆွမ်းအာဟာရကို ပေးလှူကြကုန်၏။ ငါးဦးလည်း ဖြစ်ကုန်သော သူတို့သည် ဆွမ်းအာဟာရကို ခံယူကုန်ပြီးသော် တစ်ပါးသော သာမဏေသည် နေအိမ်၏ အထက် အထွတ်ချက်ဝန်းကို ဖောက်ထွက်၍ တစ်ပါးသော သာမဏေသည် နေအိမ်အမိုး၏ ရှေ့အဖို့ကို ဖောက်ထွက်၍ တစ်ပါးသော သာမဏေသည် နေအိမ်အမိုး၏ နောက်အဖို့ကို ဖောက်ထွက်၍ တစ်ပါးသော သာမဏေသည် မြေ၌ ငုတ်လျှိုးဝင်ကြ၍ သိကြားမင်းသည် တစ်ခုသော အရပ်ဌာနဖြင့် ထွက်သွား၍ ဤသို့လျှင် ငါးဦးလည်း ဖြစ်ကုန်သော သူတို့သည် ငါးပါးကုန်သော အရပ်ဌာနတို့ကို ဖဲကြွကုန်၏။ ထိုအခါကာလမှ စ၍ကား ထိုနေအိမ်သည် ငါးခုသော ကြွသွားရာ အပေါက်ရှိသောကြောင့် ပဥ္စဆိဒ္ဒ အမည်ရှိသည် ဖြစ်လေသတည်း။

သာမဏေတို့လည်း ကျောင်းသို့ ပြန်သွား ရောက်ရှိသောအခါ၌ ရဟန်းတော် တို့က "ငါ့ရှင်သာမဏေတို့ အဘယ်သို့ သဘောရှိသည် ဖြစ်ကုန်ဘိသနည်း"ဟု မေးမြန်းကြကုန်၏။ "အရှင်ဘုရားတို့ တပည့်တော်တို့အား မေးတော်မမူကြ ပါကုန်လင့်။ တပည့်တော်တို့ကို တွေ့မြင်သော ကာလမှ စ၍ ပုဏ္ဏေးမသည်

ကြမ်းကြုတ်အမျက် ပေါ်ထွက် နှိပ်စက်အပ်သည်ဖြစ်၍ ခင်းထားရှိနှင့်ပြီးသော နေရာ၌ တပည့်တော်တို့အား ထိုင်နေခြင်းမျှငှါလည်း မပေးမူ၍ အရွယ်ကြီးရင့်သော ပုဏ္ဏားကြီးကို လျင်စွာ ပင့်ဆောင်လော့ဟု ပြောဆို၏။ တပည့်တော်တို့၏ ဥပဇ္ဈာယ်ဆရာ မထေရ်မြတ်သည် ကြွလာတော်မူ၍ တပည့်တော်တို့ကို တွေ့မြင်သည်ရှိသော် ဤထိုင်နေကုန်သော ပုဏ္ဏားတို့အား ဆွမ်းအာဟာရကို ရခြင်းငှါ အပ်ပေ၏ဟု ပြောဆိုပြီးကာ မိမိ၏ သပိတ်ကို ဆောင်ယူစေ၍ ထွက်ကြွပါ၏။ အိုမင်းကြီးရင့်သော အရွယ်ရှိသော တစ်ပါး ပုဏ္ဏားတစ်ယောက်ကို ပင့်ဆောင်ချေဦးလော့ဟု ပြောဆိုပြန်သည်ရှိသော် ပုဏ္ဏား မဟာမောဂ္ဂလာန် မထေရ်ကို ပင့်ဆောင်ခဲ့၏။ ထို မဟာမောဂ္ဂလာန် မထေရ်သည်လည်း တပည့်တော်တို့ကို တွေ့မြင်လျှင် ရှေးနည်းအတူသာလျှင် ပြောဆို၍ ဖဲကြွတော်မူ၏။ ထိုအခါ ပုဏ္ဏေးမသည် ထိုပုဏ္ဏားကြီးတို့အား စားသုံးခြင်းငှါ အလိုမရှိကုန်သည် ဖြစ်ပေလိမ့်မည်။ သွားတဲ့ချေဦး။ ပုဏ္ဏားတို့ ရွတ်ဖတ်ရာ အရပ်မှ အိုမင်းကြီးရင့်သော အရွယ်ရှိသော တစ်ယောက်သော ပုဏ္ဏားကို ပင့်ဆောင်ချေဦးလော့ဟု ပုဏ္ဏားကို စေလွှတ်ပြန်ပါသည်။ လင်ယောကျ်ား ဖြစ်သော ထိုပုဏ္ဏားသည် ပြောကြားစေလွှတ်အပ်သော ထိုအရပ်သို့ သွားရောက်၍ ပုဏ္ဏား၏ အသွင်အပြင်ဖြင့် လာရောက်တည်နေသော သိကြားမင်းကို ပင့်ဆောင်ခဲ့ပါ၏။ ထိုသိကြားမင်း၏ လာရောက်သော အခါ၌ တပည့်တော်တို့အား ဆွမ်းအာဟာရကို ပေးလှူကြပါကုန်ပြီ”ဟု လျှောက်ကြားကုန်၏။ “ထိုသို့ ပြုလုပ်ကုန်သော ပုဏ္ဏားလင်မယားတို့အား အသင်တို့သည် အမျက်မထွက်ကုန်ပြီလော” ဟု မေးကြပြန်သဖြင့် “တပည့်တော်တို့ အမျက်မထွက်ပါကုန်”ဟု လျှောက်ကြားကုန်၏။ ရဟန်းတို့သည် သာမဏေတို့ ပြောစကားကို ကြားသိကုန်၍ “ဘုန်းတော် ကြီးတော်မူသော မြတ်စွာဘုရား၊ ဤသာမဏေငယ်တို့သည် တပည့်တော်တို့ အမျက်မထွက်ပါကုန်ဟု မဟုတ်မမှန်သည်ကို ပြောဆို၍ အရဟတ္တဖိုလ်ကို ပြောကြားပါကုန်သည်”ဟု မြတ်စွာဘုရားအား လျှောက်ကြားကုန်၏။ ဘုရားရှင်ကိုယ်တော်မြတ်က “ချစ်သားရဟန်းတို့ အာသဝေါလုံးစုံကုန်ခန်းပြီးသော ရဟန္တာတို့မည်သည်ကား အမျက်ပွားထွက် ဆန့်ကျင်ဘက်တို့ဖြင့်လည်း အမျက်မထင် မဆန့်ကျင်ကုန်ဘော့သည် သာလျှင်တည်း”ဟု မိန့်ဆိုတော်မူ၍ ဤဂါထာကို ဟောတော်မူ၏—

အဝိရုဒ္ဓံ ဝိရုဒ္ဓေသု၊ အတ္တဒဏ္ဍေသု နိဗ္ဗုတံ။
သာဒါနေသု အနာဒါနံ၊ တမဟံ ဗြူမိ ဗြာဟ္မဏံ။

အမျက်ရန်ငြိုး ပွားတိုးကုန်သော သူတို့၌ အမျက်မထွက်မူဘဲ လက်၌ စွဲကိုင်သော တုတ်လှံကန်စသည်တို့၌ ငြိမ်းပြီးသော ခန္ဓာငါးပါးတို့၌ စွဲလမ်းခြင်း မရှိသူကို မကောင်းမှုမှအပ ပြုပြီးသူဟု ငါဘုရား ဟောကြားတော်မူ၏။

ထိုဂါထာ၌–

**အဝိရုဒ္ဓံ**= ဟူသည် အမျက်ထွက်သည်၏ အစွမ်းဖြင့် ဆန့်ကျင်ကုန်သော လောကီလူအပေါင်းတို့ အပေါ်၌လည်း အမျက်မထွက်သည်၏ အဖြစ်ဖြင့် မဆန့်ကျင်သော။

လက်၌ကိုင်ထားအပ်သော တုတ်လှံ, လက်နက်တို့သည် မရှိသော်လည်း သူတစ်ပါးတို့အား ရိုက်နှက်ပုတ်ခတ်ခြင်းမှ မကင်းပြတ်သောကြောင့် မိမိကိုယ်ကို လက်နက်စွဲကိုင်သော လူအပေါင်းတို့၌ ညှဉ်းဆဲကြောင်း ဒဏ်ကို ချထားသဖြင့် ငြိမ်းထသော ခန္ဓာငါးပါးတို့အား ငါ, ငါ့ဟာဟူ၍ စွဲလမ်းတတ်သောကြောင့် **သာဒါနအပ်သော** အရာတို့၌ ထိုသာဒါနစွဲလမ်းခြင်းကို ယူခြင်း၏ မရှိခြင်းကြောင့် စွဲလမ်းမှုမရှိသော ပုဂ္ဂိုလ်ကို ပြာဟ္မဏဟူ၍ ငါဘုရား ဟောတော်မူ၏။

ဒေသနာတော်၏ အဆုံး၌ များစွာကုန်သော သူတို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်ကုန်၏။

သာမဏေကျော်လေးပါးဝတ္ထု ပြီး၏။

---

## ၂၄။ မဟာပန္ထကမထေရ်ဝတ္ထု

**ယဿ ရာဂေါ စ**– စသော ဒေသနာတော်မြတ်ကို မြတ်စွာဘုရားရှင်သည် **ဝေဠုဝန်ကျောင်းတော်၌** သီတင်းသုံးနေတော်မူစဉ် မဟာပန္ထကမထေရ်ကို အကြောင်းပြု၍ ဟောကြားတော်မူ၏။

ထိုအရှင် မဟာပန္ထကသည် အပ္ပမာဒဝဂ် စူဠပန္ထကမထေရ်ဝတ္ထု၌ အကျယ် ဖော်ပြခဲ့ပြီးသော စကားအစဉ်အတိုင်း လေးလတို့ဖြင့် တစ်ခုသောဂါထာကို လေ့လာနှုတ်တတ် ဆောင်ရွက်ပြုလုပ်ခြင်းငှာ မစွမ်းနိုင်သော ညီတော်စူဠပန္ထက မထေရ်ကို "အသင်သည် ဘုရားမြတ်စွာ သာသနာတော်၌လည်း မထိုက်လျော် လူ့ဘုံသုံးဆောင် ခံစားရာ စည်းစိမ်ချမ်းသာမှလည်း ဆုတ်ယုတ်လေပြီသည်။ အသင်အား သာသနာတော်ထမ်း ရဟန်းတို့ကိုနိုးအောင်းသော ဤကျောင်း၌ နေသဖြင့် အဘယ်အကျိုးရှိအံ့နည်း။ ဤကျောင်းမှ ထွက်သွားလေလော့"ဟု ပြောဆို ပြစ်တင်ပြီးသည့်ကာလ ကျောင်းမုခ်ထုတ်၍ တံခါးကို ပိတ်ထား၏။ ရဟန်းတို့သည် "ငါ့ရှင်တို့ မဟာပန္ထကမထေရ်သည် ဤအမည်ရှိသော အမှုကို ပြုအပ်၏။ ကုန်ပြီးသော အာသဝေါရှိကုန်သော ရဟန္တာတို့အား အမျက်ဒေါသ ပေါက်ကြွ ဖြစ်ပေါ်သေးယောင်တကား"ဟူသော စကားကို ဖြစ်စေကုန်၏။ မြတ်စွာဘုရားသည် ကြွတော်မူလာ၍ "ချစ်သားရဟန်းတို့၊ ဤယခုအခါ၌

အဘယ်မည်သော စကားဖြင့် ပြောကြား နေထိုင်ကုန်ဘိသနည်း”ဟု မေးတော်မူ၍ “ဤအမည်ရှိသော အကြောင်းပါတည်း”ဟု လျှောက်ကြားသည်ရှိသော် “ချစ်သားရဟန်းတို့ အာသဝေါကုန်ပြီးသော ရဟန္တာတို့အား ရာဂ အစရှိသော ကိလေသာတို့သည် မရှိကုန်။ ငါ၏ သားတော်ဖြစ်သော မဟာပန္ထက သည် အကျိုးစီးပွားကို ရှေးရှုသောအားဖြင့်လည်းကောင်း၊ တရားတော်ကို ရှေးရှုသောအားဖြင့်လည်းကောင်း ဤသို့သောအမှုကို ပြုလုပ် ပြောဆို ပေသည်”ဟု မိန့်တော်မူပြီး၍ ဤဂါထာကို ဟောတော်မူ၏–

**ယဿ ရာဂေါ စ ဒေါသော စ၊ မာနော မက္ခော စ ပါတိတော။**
**သာသပေါရိဝ အာရဂ္ဂါ၊ တမဟံ ဗြူမိ ဗြာဟ္မဏံ။**

မုန်ညင်းစေ့သည် ပွတ်ဆောက်ဖျားမှ လျှောကျသကဲ့သို့ စွဲလမ်းမှု ရာဂ အမျက်ထွက်မှု ဒေါသ၊ ထောင်လွှားမှု မာန၊ သူတစ်ပါး၏ ဂုဏ်ကို ဖျက်ဆီးမှု မက္ခတို့ လျှောကျပြီးသောပုဂ္ဂိုလ်ကို မကောင်းမှုမှ အပပြုပြီးသူဟု ငါဘုရား ဟောကြားတော်မူ၏။

ထိုဂါထာ၌–

အာရဂ္ဂါ=ဟူသည် ထိုရာဂ စသော ကိလေသာတို့သည် လည်းကောင်း၊ သူတစ်ပါး ဂုဏ်ကျေးဇူးကို ချေဖျက်တတ်သော လက္ခဏာရှိသော မက္ခတရား သည်လည်းကောင်း၊ ပွတ်ဆောက်ဖျားမှ ကျသော မုန်ညင်းစေ့ကဲ့သို့ လည်း ကောင်း၊ မုန်ညင်းစေ့သည် ပွတ်ဆောက်ဖျားအထက်၌ မတည်နိုင်သကဲ့သို့ လည်းကောင်း ထို့အတူ ထိုတရားများ စိတ်၌ မတည်သော ပုဂ္ဂိုလ်ကို ဗြာဟ္မဏ ဟူ၍ ငါဘုရား ဟောတော်မူ၏။

ဒေသနာတော်၏ အဆုံး၌ များစွာကုန်သော သူတို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်ကုန်၏။

မဟာပန္ထကမထေရ်ဝတ္ထု ပြီး၏။

---

## ၂၅။ ပိလိန္ဒဝစ္ဆမထေရ်ဝတ္ထု

**အကက္ကသံ**–အစရှိသော ဒေသနာတော်မြတ်ကို မြတ်စွာဘုရားရှင်သည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် ပိလိန္ဒဝစ္ဆမထေရ်ကို အကြောင်းပြု၍ ဟောကြားတော်မူ၏။

ထိုပိလိန္ဒဝစ္ဆမထေရ်သည် ဤကမ္ဘာမှ ပြန်ကာ ရေတွက်သည် ရှိသော် အထက်ကပ် တစ်သိန်း၌ ကျ ပဒုမုတ္တရ မြတ်စွာဘုရား လက်ထက်တော်အခါ ဟံသာဝတီပြည်ဝယ် စည်းစိမ်ဥစ္စာရှိသော အမျိုး၌ ဖြစ်၍ အရွယ်ရောက်သော အခါ မြတ်စွာဘုရား တရားတော်ကို ကြားနာလျက် နတ်တို့ ချစ်ခင်နှစ်သက်သောအရာ၌ ဧတဒဂ်ရာထူး ချီးကျူး မြှောက်စား တစ်ပါးသော ရဟန်းကို ပေးသနားတော်မူသော မြတ်စွာဘုရားရှင်ကို ဖူးမြင်ရ၍ ထိုသို့သော ရာထူးကို တောင့်တပြီးလျှင် အသက်ရှည်သမျှ ကာလပတ်လုံး ကုသိုလ်ကောင်းမှုကို ပြုစု အားထုတ်၍ နတ်ပြည်, လူ့ပြည်တို့၌ ကျင်လည်လျက် ဤဂေါတမ မြတ်စွာဘုရား ဖြစ်တော်မူသောအခါ သာဝတ္ထိပြည်ဝယ် ပုဏ္ဏားအမျိုး၌ ဖြစ်လေ၏။ ထိုသူငယ်အား ပိလိန္ဒဝစ္ဆ ဟူသော အမည်ကို မှည့်ခေါ်ခြင်းကို ပြုကုန်၏။ ထိုပိလိန္ဒဝစ္ဆသည် နောက်အဖို့ ဖြစ်သော အခါတစ်ပါး၌ မြတ်စွာဘုရား တရားတော်ကို ကြားနာ၍ ရရှိလာသော သဒ္ဓါဖြင့် သာသနာတော်ထမ်း ရဟန်းပဉ္စင်း ပြုလုပ်ကာ ဝိပဿနာကို ပွါးများ၍ အရဟတ္တဖိုလ်သို့ ရောက်တော်မူလေ၏။

ထိုအရှင် ပိလိန္ဒဝစ္ဆသည် "သူယုတ်မာ လာလှည့်လော့။ သူယုတ်မာ သွားလှည့်လော့" ဤသို့ အစရှိသည်တို့ကို ပြောဆိုလျက် လူတို့ကိုလည်းကောင်း၊ ရဟန်းတို့ကိုလည်းကောင်း သူယုတ်မာဟူသော ပြောဆိုခြင်းဖြင့် သာလျှင် ခေါ်ဝေါ် ပြောဆိုသတတ်။ ထိုနောက် တစ်နေ့သောအခါ၌ များစွာကုန်သော ရဟန်းတို့သည် မြတ်စွာဘုရားအား "ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား အရှင်ပိလိန္ဒဝစ္ဆသည် ရဟန်းတို့ကို သူယုတ်မာ ဟူသော ပြောဆိုခြင်းဖြင့် ခေါ်ဝေါ် ပြောဆိုပါ၏"ဟု ကြားလျှောက်ကုန်၏။ မြတ်စွာဘုရားသည် ထိုပိလိန္ဒဝစ္ဆမထေရ်ကို ခေါ်တော်မူစေ၍ "ချစ်သား ပိလိန္ဒဝစ္ဆ အသင်သည် ရဟန်းတို့ကို သူယုတ်မာဟူသော ပြောဆိုခြင်းဖြင့် ခေါ်ဝေါ် ပြောဆိုဘိသော ဟူသည် ဟုတ်မှန်ပေသလော"ဟု မေးတော်မူ၍ "ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ဤသို့ မိန့်တော်မူသည့်အတိုင်း ဟုတ်မှန်ပါသည်"ဟု ကြားလျှောက်သည် ရှိသော် မြတ်စွာဘုရားသည် ထိုအရှင် ပိလိန္ဒဝစ္ဆ၏ ရှေးဘဝ နေခဲ့ဖူးသော ခန္ဓာအစဉ်ကို နှလုံးသွင်းတော်မူ၍ "ချစ်သား ရဟန်းတို့ အသင်တို့သည် ဝစ္ဆရဟန်းအား မကဲ့ရဲ့ မရှုတ်ချကုန်လင့်။ ချစ်သား ရဟန်းတို့ ငါ၏ သားတော် ဝစ္ဆသည် ဒေါသတရားဖြင့် ပြစ်မှား မောင်းမဲ ဆဲရေးလိုသည် ဖြစ်၍ ရဟန်းတို့ကို သူယုတ်မာဟူသော ပြောဆိုခြင်းဖြင့် ခေါ်ဝေါ် ပြောဆိုသည် မဟုတ်။ ချစ်သား ရဟန်းတို့ ဝစ္ဆရဟန်းအား တစ်ပါးသော ဘဝဖြင့် ရောပြွမ်း စပ်ယှက်ခြင်း မနှံ့ကုန်ဘဲ အလုံးစုံလည်း ဖြစ်ကုန်သော ထိုဘဝငါးရာတို့ပတ်လုံး ပုဏ္ဏားမျိုး၌ အဆုံးစွန် ဤဘဝတိုင်အောင် ဖြစ်ခဲ့ကုန်၏။ ထိုဝစ္ဆရဟန်းသည် ရှည်မြင့်စွာသော နေ့, ညဥ့်ပတ်လုံး သူယုတ်မာ ဟူသော ခေါ်ဝေါ် ပြောဆို

ခြင်းဖြင့် လေ့ကျက် ပြောဆို၍ လာခဲ့၏။ အာသဝေါကုန်ပြီးသော ရဟန္တာပုဂ္ဂိုလ်မည်သည် တစ်ပါးသော သူတို့အား ထိပါးပုတ်ခတ် ညှဉ်းဆဲတတ်သည့်အစွမ်းဖြင့် ခက်မာအယုတ် ကြမ်းကြုတ်သော စကားကို ပြောဆိုခြင်းမည်သည် မရှိ၊ ထိုစကား မှန်လှ၏၊ ငါဘုရား၏ သားတော်ဖြစ်သော ဝစ္ဆသည် အလေ့အကျက်၏ အစွမ်းဖြင့် ဤသို့ ပြောဆိုခြင်း ဖြစ်လေသည်''ဟု မိန့်တော်မူပြီး ဤဂါထာကို ဟောတော်မူ၏။

> **အကက္ကသံ ဝိညာပနိံ၊ ဂိရံ သစ္စမုဒီရယေ။**
> **ယာယ နာဘိသဇေ ကဉ္စိ၊ တမဟံ ဗြူမိ ဗြာဟ္မဏံ။**

နူးညံ့ ချိုသာသောစကား, သဘောအဓိပ္ပါယ်ပေါ်လွင်သောစကား, မှန်သောစကားကို ပြောဆိုရာ၏။ သူတစ်ပါးတို့အား ထိပါးပုတ်ခတ် အမျက်ဒေါသဖြင့် မညှဉ်းဆဲ မပြောဆိုရာ။ ထိုသို့သော ပုဂ္ဂိုလ်ကို ဗြာဟ္မဏဟူ၍ ငါဘုရား ဟောတော်မူ၏။

ထိုဂါထာ၌—

**အကက္ကသံ** ဟူသည် မကြမ်း တမ်းသော စကား, နူးညံ့ ချိုသာသော စကားကို။

**ဝိညာပနိံ** ဟူသည် သဘော အနက်အဓိပ္ပါယ်ကို သိလွယ်သောစကား, အကျိုးရှိသော စကားကို။

**သစ္စံ** ဟူသည် ထင်ရှား မှန်ကန်သော စကားကို။

**နာဘိသဇေ** ဟူသည် အကြင် မိမိပြောဆိုအပ်သော စကားဖြင့် သူတစ်ပါးကို အမျက်ထွက်သည်၏အစွမ်းဖြင့် မထိခိုက် မပုတ်ခတ်ရာ၊ ရဟန္တာပုဂ္ဂိုလ်မည်သည် ထိုသို့ သူတစ်ပါးအား မထိခိုက် မပုတ်ခတ်သော စကားကိုသာ ပြောဆိုနိုင်၏။ ထို့ကြောင့် ထိုပုဂ္ဂိုလ်မျိုးကို ဗြာဟ္မဏ ဟူ၍ ငါဘုရား ဟောတော်မူ၏။

ဒေသနာတော်၏ အဆုံး၌ များစွာကုန်သော သူတို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်ကုန်၏။

ထိုနောက် တစ်နေ့သော အခါ၌ ပိလိန္ဒဝစ္ဆမထေရ်သည် ရာဇဂြိုဟ်မြို့သို့ ဆွမ်းအလို့ငှါ လှည့်လည် ကြွဝင်တော်မူသည်ရှိသော် ပိတ်ချင်းသီးတို့ဖြင့် ခွက်ကို ပြည့်စေ၍ ယူဆောင်ပြီးကာ မြို့တွင်းသို့ ဝင်လာသော တစ်ဦးသော ယောကျ်ား

ကို တွေ့မြင်၍ "ဟယ် သူယုတ်မာ အသင်၏ ခွက်၌ အဘယ်ဝတ္ထုနည်း"ဟု မေးမြန်း ပြောဆို၏။ ထိုယောကျ်ားသည် ကြံစည်၏။ အဘယ်သို့ ကြံစည်သနည်းဟူမူ "ဤရဟန်းသည် ငါနှင့် အတူတကွ နံနက်စောစောကသာလျှင် ရှန့်ရင်းကြမ်းတမ်းသော စကားကို ပြောဆို၏။ ဤရဟန်း၏ အမေးစကားအား သင့်လျော် လျောက်ပတ်သည်ကိုသာလျှင် ပြန်လှန် ပြောဆိုခြင်းငှါ သင့်၏"ဟု ကြံစည်၏။ ကြံစည်ပြီး၍ကား ထိုယောကျ်ားက "အရှင် ခွက်၌ တည်ရှိသည်ကား ကြွက်ချေးပါတည်း"ဟု ပြန်ကြား ပြောဆို၏။ မထေရ်က "ဟယ် သူယုတ်မာ ဤသို့ အသင်ပြောဆိုသည်အတိုင်း ဟုတ်မှန်သည် ဖြစ်ပေလတ္တံ့"ဟု ပြောဆို၏။ မထေရ် မြင်လောက်သောအရပ် လွတ်လပ်စွာ သွား ထိုယောကျ်ား၏ အလုံးစုံသော ပိတ်ချင်းသီးသည် ကြွက်ချေးသာလျှင် ဖြစ်လေ၏။ ထိုယောကျ်ားသည် "ဤ ပိတ်ချင်းသီးတို့သည် ကြွက်ချေးနှင့် တူကုန်သည် ဖြစ်၍ ထင်ကုန်၏"ဟု ကြံစည်၏။ ကြံစည် ပြီး၍ကား "ဤပိတ်ချင်းသီးတို့သည် ရှေးသဘောအတိုင်းပင် ရှိလေသလော၊ သို့တည်းမဟုတ် ဖောက်ပြန် ချွတ်ယွင်းလေသလော"ဟု စုံစမ်းလျက် လက်ဖြင့် ဖိနှိပ် ကြိတ်ချေ၏။ ထိုအခါ ကြွက်ချေး၏ အဖြစ်ကို သိ၍ ထိုယောကျ်ားအား အားကြီးစွာသော စိတ်နှလုံး မသက်သာခြင်းသည် ဖြစ်လေ၏။ ထိုယောကျ်ားသည် ဤခွက်၌ တည်သော ပိတ်ချင်းသီးတို့သာလျှင် ဤသို့ သဘောရှိသည် ဖြစ်လေသလော၊ သို့တည်းမဟုတ် လှည်း၌လည်း ဤသို့ပင် ဖြစ်လေသလော"ဟု ကြည့်ရှုသည် ရှိသော် အလုံးစုံလည်း ဖြစ်ကုန်သော ပိတ်ချင်းသီးတို့သည် ထိုသို့ သဘောရှိသည်သာလျှင် ဖြစ်ကုန်သည်တို့ကို မြင်သောကြောင့် ရင်ကို လက်ဖြင့် ပင့်မ ခတ်ထု၍ "ဤအမှုသည် တစ်ပါးသော သူ၏ ပြုလုပ်အပ်သော အမှု မဟုတ်။ ငါသည် နံနက်စောစောက တွေ့မြင်လိုက်ရသော ရဟန်း၏ အမှုပေတည်း။ မချွတ်အမှန် တစ်ခုသော အကြောင်းသည် ဖြစ်လတ္တံ့။ ထိုရဟန်း၏ ကြွသွားရာ အရပ်ကို စုံစမ်း တောက်လှမ်း မေးမြန်း စိစစ်၍ တစ်ခုသော အကြောင်းကို သိရပေအံ့"ဟု ကြံစည်ပြီးလျှင် မထေရ် ကြွသွားသော ခရီးကို မေးမြန်း၍ လျင်စွာ လိုက်သွား၏။ ထိုအခါ တစ်ဦးသော ယောကျ်ားက အလွန်လျှင် ကြမ်းတမ်းစွာ သွားခြင်းကို သွားသော ထိုယောကျ်ားကို မြင်၍ "အို အချင်း ယောကျ်ား အသင်သည် အလွန်လျှင် ကြမ်းတမ်းစွာ သွားခြင်းရှိသည် ဖြစ်၍ သွားဘိ၏။ အဘယ်သို့သော အမှုကြောင့် သွားလေသနည်း"ဟု မေး၏။ လျင်စွာ လိုက်သွား ထိုယောကျ်ားသည် အကြားခရီး ဆီးကြို၍ မေးသော ထိုယောကျ်ားအား ဖြစ်ခဲ့ရင်း ထိုအကြောင်း အလုံးစုံကို အကုန် ပြန်ကြား၏။ စုံစမ်းလေငြား ထိုယောကျ်ားသည် စကားအကြောင်း ရှုံးပေါင်း ပြန်ကြား ထိုယောကျ်ား၏ စကားကို ကြား၍ ဤသို့ ပြောဆို၏။ အဘယ်သို့ ပြောဆိုသနည်း ဟူမူ "အို အချင်း အသင်သည် မစိုးရိမ် မကြောင့်ကြလင့်။ ငါ၏ အရှင် ဖြစ်တော်မူသော

ပိလိန္ဒဝစ္ဆ မထေရ် ဖြစ်ပေလိမ့်မည်။ အသင်သည် ထိုခွက်ကိုသာလျှင် ပြည့်စေ၍ ယူဆောင် သွားရောက်ပြီးလျှင် မထေရ်၏ ရှေ့မှ တည်နေဘိလော့။ ဟယ် သူယုတ်မာ ဤဝတ္ထုသည် အဘယ်အမည် ရှိသနည်းဟု မေးမြန်း ပြောဆိုသော အခါ၌ အရှင်ဘုရား ပိတ်ချင်းသီးတို့ပါတည်းဟု ပြောဆိုလေလော့။ မထေရ်သည် ဟယ် သူယုတ်မာ ဤသို့ အသင် ပြောဆိုသည့်အတိုင်း ဟုတ်မှန်ပေလိမ့်မည်ဟု ပြောဆိုလတ္တံ့။ တစ်ဖန် ထိုအလုံးစုံ၌ရှိသည့် ပိတ်ချင်းသီးတို့သည် ဖြစ်ကုန်လတ္တံ့”ဟု ပြောဆို၏။ ထိုယောကျ်ားသည် နည်းပေးညွှန်ကြား ထိုယောကျ်ား၏ စကားအတိုင်းကို ပြုလုပ်၏။ အလုံးစုံသော ပိတ်ချင်းသီးတို့သည် ပြကတေ့ အတိုင်း ဖြစ်ကုန်၏။

ပိလိန္ဒဝစ္ဆ မထေရ်ကို နတ်တို့သည် ချစ်နှစ်သက်ပေ၏။ အဘယ်ကြောင့်နည်း ဟူမူ ထိုမထေရ်သည် ဘုရားရှင် ပွင့်တော်မမူမီ ရှေးအဖို့ အခါ၌ ကျွန်းငယ် နှစ်ဆောင် အရံနှင့်တကွ ကျွန်းကြီးလေးကျွန်းလုံးကို အစိုးရတော်မူသော စကြဝတေးမင်း ဖြစ်၍ များစွာသော လူအပေါင်းကို ငါးပါးကုန်သော သီလ၌ တည်စေ၍ နတ်ပြည် နတ်ရွာလျှင် လဲလျောင်းရာ ရှိသည်ကို ပြုပေ၏။ များသောအားဖြင့် ခြောက်ထပ်ကုန်သော နတ်ပြည်တို့၌ ဖြစ်ကုန်သော နတ်တို့သည် မထေရ်၏ အလောင်း ဖြစ်သော စကြဝတေးမင်း၏သာလျှင် အဆုံးအမ ဩဝါဒကို ရ၍ ဖြစ်တိုင်း ဖြစ်တိုင်းသော အရပ်ဌာနနှင့် မိမိ၏ စည်းစိမ် ချမ်းသာကို ကြည့်၍ “ငါတို့သည် အဘယ်သူကို အမှီပြု၍ ဤနတ်တို့၏ စည်းစိမ် ချမ်းသာကို ရပါကုန်သနည်း”ဟု ဆင်ခြင်ကုန်သည် ရှိသော် “ဤမထေရ်ကို အမှီ ပြု၍ ငါတို့သည် စည်းစိမ်ချမ်းသာကို ရရှိကုန်သည်”ဟု သိမြင်ကြသောကြောင့် ညချမ်း နံနက်ပတ်လုံး ဤမထေရ်ကို ရှိခိုး ဦးခိုက်ကြကုန်၏။ နောက်အဖို့ ဖြစ်သော တစ်ပါးသော အခါ၌ မြတ်စွာဘုရားရှင်သည် ထိုပိလိန္ဒဝစ္ဆမထေရ်ကို နတ်တို့ ချစ်နှစ်သက်အပ်သော ပုဂ္ဂိုလ်တို့တွင် အထွတ်အမြတ် ရာထူးကို ချီးကျူး မြှောက်စား ထားတော်မူသတည်း။

ပိလိန္ဒဝစ္ဆမထေရ်ဝတ္ထု ပြီး၏။

---

## ၂၆။ အညတရမထေရ်ဝတ္ထု

**ယောဓ ဒီဃံ** အစရှိသော ဤတရား ဒေသနာတော်မြတ်ကို မြတ်စွာ ဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေတော် မူစဉ် မထင်ရှားသော မထေရ်တစ်ပါးကို အကြောင်းပြု၍ ဟောကြားတော်မူ၏။

သာဝတ္ထိပြည်၌ မိစ္ဆာဒိဋ္ဌိဖြစ်သော တစ်ယောက်သော ပုဏ္ဏားသည် မိမိ၏ ကိုယ်၌ ပေါက်ရောက်သော ယားယံထူထဲ ပေါက်ကွဲသော အိုင်းအမာ ယိုစီးလာသော ပြည်အစေးတို့ဖြင့် ယုက်ထွေး လိမ်းကျံ ပြန်လှန် ကပ်ငြိအံ့သည်မှ ကြောက်သောကြောင့် အပေါ်ရုံပုဆိုးကို ကိုယ်မှ ပယ်ခွါပြီးသော် သင့်တင့်လျောက်ပတ်သော တစ်ခုသော အစွန်းအရပ်၌ ချထား၍ နေအိမ်တံခါး၌ အပပြင်ဘက်သို့ မျှော်လျက်တူရူ မျက်နှာမူကာ ထိုင်နေသတတ်၊ ထိုအခါ ကုန်ပြီးသော အာသဝေါ ရှိသော တစ်ပါးသော ရဟန္တာသည် ဆွမ်းစားခြင်းကိစ္စကို ပြုပြီး၍ ကျောင်းသို့ ပြန်ကြွသည် ရှိသော် ထိုပုဆိုးကို တွေ့မြင်၍ ထိုမှ ဤမှ ဌာနဝန်းလှည့် ကြည့်ရှုစုံထောက်က တစ်ဦးတစ်ယောက်သော ပုဂ္ဂိုလ်ကို မမြင်သောကြောင့် "ဤပုဆိုးကား ပိုင်စိုးစီရင် ဥစ္စာရှင်မရှိသော ပုဆိုးပေတည်း" ဟူ၍ နှလုံးသွင်းတော်မူပြီးလျှင် ပံသုကူလ အဖြစ်ကို ဆောက်တည်၍ ကောက်ယူတော်မူ၏။ ထိုအခါ ပုဏ္ဏားသည် ပံသုကူလမြောက် ကောက်ယူသော ထိုမထေရ်ကို တွေ့မြင်၍ ဆဲရေး ရေရွတ်လျက် အနီးသို့ ချဉ်းကပ်ပြီးလျှင် "အို ဦးပြည်း ရဟန်း ငါ၏ ပုဆိုးကို အသင်သည် ယူသလော" ဟု ပြောဆို၏။ "အို ပုဏ္ဏား ဤပုဆိုးသည် အသင်၏ ပုဆိုးပင်လော" ဟု မေးမြန်းပြန်သဖြင့် "အို ရဟန်း သြော် ဟုတ်မှန်ပေ၏" ဟု ပြောဆို၏။ "ငါသည် တစ်စုံတစ်ယောက်သော သူကို ကြည့်ရှုထင်မြင် မတွေ့မြင်သည့် အမှုကြောင့် ပံသုကူလ အမှတ်ဖြင့် ယူအပ်ပေ၏။ ထိုပုဆိုးကို အသင်သည် ယူလော့" ဟု ပြောဆို ပြန်ကြား ထိုပုဏ္ဏားအား ပေးပြီးသော် ကျောင်းသို့ ပြန်သွား၍ ရဟန်းတို့အား ထိုအကြောင်းတို့ကို ပြောကြား၏။ ထိုအခါ မထေရ်၏ စကားကို ကြား၍ ရဟန်းတို့သည် ထိုမထေရ်နှင့် အတူတကွ ကစားကျီစယ် ပြက်ရယ်အမှုကို ပြုကုန်လျက် "ငါ့ရှင် အသင် ကောက်ယူသော ပုဆိုးသည် အဘယ်သို့ သဘောရှိလေသနည်း။ ရှည်လေသလော, တိုလေသလော, ထူထဲ ကြမ်းတမ်းလေသလော, သိမ်မွေ့ နူးညံ့လေသလော" ဟု ပြောဆို မေးမြန်းကြကုန်၏။ ငါ့ရှင်တို့ ရှည်သည်မူလည်း ဖြစ်စေ, တိုသည်မူလည်း ဖြစ်စေ, ထူထဲ ကြမ်းတမ်းသည် မူလည်း ဖြစ်စေ, သိမ်မွေ့ နူးညံ့သည်မူလည်း ဖြစ်စေ ငါ့အား ပုဆိုး၌ စုံမက်ငြိသော တွယ်တာ ကပ်ငြိခြင်းမရှိ။ အရှင်ကင်းပ ပံသုကူလ အမှတ်ဖြင့် ထိုပုဆိုးကို ငါကောက်ယူမိပေ၏" ဟု ပြောဆို၏၊ ထိုစကားကို ကြား၍ ရဟန်းတို့သည် မြတ်စွာဘုရားအား "ဘုန်းတော် ကြီးတော်မူသော မြတ်စွာဘုရား ဤရဟန်းသည် မဟုတ်မမှန်သည်ကို ပြောဆို၍ အရဟတ္တဖိုလ်ကို ပြောကြားပါသည်" ဟု လျှောက်ကြားကုန်၏။ မြတ်စွာဘုရားက "ချစ်သား ရဟန်းတို့ ဤရဟန်းကား ဟုတ်မှန်သည်ကို ပြောဆို၏၊ ကုန်ပြီးသော အာသဝေါ ရှိကုန်သော ရဟန္တာတို့မည်သည် သူတစ်ပါးတို့၏ ပစ္စည်းဥစ္စာကို မယူကုန်" ဟု မိန့်တော်မူလိုရကား ဤဂါထာကို ဟောကြားတော်မူ၏။

ယော ဓ ဒီဃံ ဝ ရဿံ ဝါ၊ အဏုံ ထူလံ သုဘာသုဘံ။
လောကေ အဒိန္နံ နာဒိယတိ၊ တမဟံ ဗြူမိ ဗြာဟ္မဏံ။

လောက၌ ပိုင်ရှင် မပေးသော ဥစ္စာကို ရှည်သည် ဖြစ်စေ, တိုသည် ဖြစ်စေ, ငယ်သည် ဖြစ်စေ, ကြီးသည် ဖြစ်စေ၊ ကောင်းသည် ဖြစ်စေ, မကောင်းသည် ဖြစ်စေ မခိုးယူသော ပုဂ္ဂိုလ်ကို မကောင်းမှုမှ အပပြုပြီးသူဟု ငါဘုရား ဟောကြားတော်မူ၏။

**ထိုဂါထာ၏ အဓိပ္ပါယ်ကား။** ။အဝတ်ပုဆိုး ဆင်ယင်ခြင်း စသည်တို့၌ ရှည်သော ပုဆိုးကိုလည်းကောင်း၊ တိုသော ပုဆိုးကိုလည်းကောင်း၊ ပတ္တမြား, ပုလဲ စသည်တို့တွင် သေးငယ်သော ပုလဲ, ပတ္တမြားကိုလည်းကောင်း, ကြီးမား သော ပုလဲ, ပတ္တမြားကိုလည်းကောင်း၊ တန်ဖိုး များစွာထိုက်တန်ခြင်း, တန်ဖိုး နည်းပါးခြင်း၏ အစွမ်းအားဖြင့် ကောင်းသော တန်ဖိုးကြီးသော ဥစ္စာကို လည်းကောင်း၊ မကောင်းသော တန်ဖိုးနည်းသော ဥစ္စာကိုလည်းကောင်း ဤလောက၌ သူတစ်ပါးတို့ သုံးစွဲ သိမ်းဆည်းအပ်သည်ကို မခိုးယူသောပုဂ္ဂိုလ်ကို ဗြာဟ္မဏ ဟူ၍ ငါဘုရား ဟောတော်မူ၏။

ဒေသနာတော်၏ အဆုံး၌ များစွာကုန်သော သူတို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်ကုန်၏။

အညတရမထေရ်ဝတ္ထု ပြီး၏။

---

## ၂၇၊ သာရိပုတ္တရာမထေရ်ဝတ္ထု

**အာသာ ယဿ** အစရှိသော ဒေသနာတော်မြတ်ကို မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် အရှင် သာရိပုတ္တရာမထေရ်ကို အကြောင်းပြု၍ ဟောကြားတော်မူ၏။

သာရိပုတ္တရာမထေရ်သည် ငါးရာသော ရဟန်းအပေါင်း ခြံရံလျက် ဇနပုဒ်၌ တစ်ခုသော ကျောင်းသို့ ကြွရောက်တော်မူပြီးလျှင် ဝါကပ်ဆိုတော်မူသတတ်။ ဒါယကာ ဒါယိကာမဟူ များစွာသော လူတို့သည် မထေရ်ကို ဖူးမြင်ရကုန်သည် ဖြစ်၍ များစွာသော ဝါဆိုသင်္ကန်း လှူဒါန်း ဆက်ကပ်ရန် ဝန်ခံကြားလျှောက် ကုန်၏။ မထေရ်သည် ဝါကျွတ်ပြီးခါ ပဝါရဏာပြု၍ အလုံးစုံ လှူဒါန်းဖွယ်ရာ ဝါဆိုသင်္ကန်း မရောက်မီသာလျှင် မြတ်စွာဘုရား၏ အထံတော်သို့ ကြွသွား တော်မူလိုသောကြောင့် ရဟန်းတို့ကို မှာထား မိန့်ဆိုတော်မူ၏။ အဘယ်သို့

မှာထား မိန့်ဆိုသနည်းဟူမူ "ငါ့ရှင်တို့ ရဟန်းငယ်တို့အား လည်းကောင်း သာမဏေတို့အား လည်းကောင်း လူတို့သည် ဝါဆိုသင်္ကန်းကို ဆောင်ယူ လှူဒါန်း လာခဲ့သည် ရှိသော် အဖို့ဘာဂ ရသမျှအစဉ်ကို ယူငင်၍ ပို့လိုက်ကြ ကုန်လော့။ မသို့မစေ ရှိပချေက အနေကျကျ အဖို့ဘာဂကို ထား၍ သီတင်း စကားကို ပြောကြား စေလွှတ်လိုက်ကုန်လော့" ဟု မှာထား မိန့်ဆိုတော်မူ၏။ ဤသို့ မိန့်ဆိုပြီး၍လည်း မြတ်စွာဘုရား၏ အထံတော်သို့ ကြွသွားတော်မူလေ၏၊ ရဟန်းတို့က "ငါ့ရှင်တို့ ယခု တိုင်အောင်ပင်လည်း သာရိပုတ္တာရာမထေရ်အား ကပ်ငြိတတ်သော တဏှာသည် ရှိသေးယောင်တကား။ ထိုစကား မှန်၏၊ လူတို့သည် ဝါဆိုသင်္ကန်းကို လှူဒါန်းခဲ့သည် ရှိသော် မိမိ၏ အတူနေ တပည့် တို့အား ဝါဆိုသင်္ကန်းတို့ကို စေလွှတ် ပေးပို့ လိုက်ကြကုန်လော့။ မစေလွှတ် မပေးပို့ လိုခဲ့လျှင် အဖို့ဘာဂကို ထား၍ သီတင်းစကား ပြောကြား စေလွှတ် လိုက်ကုန်လော့ဟု ရဟန်းတို့အား ပြောဆို မှာထား၍ ကြွတော်မူလာသည်" ဟူသော စကားကို ဖြစ်စေကြကုန်၏။ မြတ်စွာဘုရားရှင်သည် ကြွလာတော်မူ၍ "ချစ်သား ရဟန်းတို့ ငါဘုရား ကြွလာတော်မူသော ဤယခုအခါ အဘယ် မည်သော စကားဖြင့် ပြောကြား စည်းဝေး ထိုင်နေကုန်ဘိသနည်း" ဟု မေးတော်မူ၍ "ဤအမည်ရှိသော အကြောင်းပါ" ဟု ကြားလျှောက်သည်ရှိသော် "ချစ်သား ရဟန်းတို့ ငါ၏ သားတော် သာရိပုတ္တာရာအား ကပ်ငြိတတ်စွာ တဏှာ မရှိပေ။ လူတို့အား ကောင်းမှုကုသိုလ်မှုသည်းကောင်း၊ ရဟန်းငယ် သာမဏေ တို့အား တရားသဖြင့် ရရှိ ဖြစ်ပေါ်သော လာဘ်မှုလည်းကောင်း ဆုတ်ယုတ် ပျက်စီးသည် မဖြစ်ပါစေလင့်" ဟု ဤသို့ ရိုးရင်း နှလုံးသွင်းခြင်းတည်း ဟူသော အကြောင်းကြောင့်သာလျှင် ပြောဆိုခြင်း ဖြစ်လေသည်" ဟု မိန့်တော်မူ၍ ဤဂါထာကို ဟောတော်မူ၏။

အာသာ ယဿ န ဝိဇ္ဇန္တိ၊ အသ္မိံ လောကေ ပရမှိ စ။
နိရာသာသံ ဝိသံယုတ္တံ၊ တမဟံ ဗြူမိ ဗြာဟ္မဏံ။

ဤပစ္စုပ္ပန် လောက၌ လည်းကောင်း၊ တမလွန်လောက၌ လည်းကောင်း မက်မောတွယ်တာမှု အာသာကင်း၍ ကိလေသာ၌ မယှဉ်သော ပုဂ္ဂိုလ်ကို မကောင်းမှုမှ အပပြုပြီးသူဟု ငါဘုရား ဟောကြားတော်မူ၏။

ထိုဂါထာ၌—

အာသာ ဟူသည် တဏှာတည်း။

နိရာသာသံ ဟူသည် တဏှာကင်းသူတည်း။

ဝိသံယုတ္တံ ဟူသည် ကိလေသာ အားလုံးတို့နှင့် မယှဉ်သော ပုဂ္ဂိုလ်ကို ဗြာဟ္မဏ ဟူ၍ ငါဘုရား ဟောတော်မူ၏။

ဒေသနာတော်၏ အဆုံး၌ များစွာကုန်သော သူတို့သည် သောတာပတ္တိဖိုလ်စသည်တို့သို့ ရောက်ကုန်၏။

သာရိပုတ္တရာမထေရ်ဝတ္ထု ပြီး၏။

---

## ၂၈။ မဟာမောဂ္ဂလာန်မထေရ်ဝတ္ထု

**ယဿာလယာ** အစရှိသော ဒေသနာတော်မြတ်ကို မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် အရှင်မဟာမောဂ္ဂလာန်မထေရ်ကို အကြောင်းပြု၍ ဟောကြားတော်မူ၏။

မဟာမောဂ္ဂလာန်မထေရ်သည် တစ်ရံရောအခါ ငါးရာကုန်သော ရဟန်းအပေါင်း ခြံရံလျက် ဇနပုဒ် အရပ်ဝယ် တစ်ခုသော ကျောင်းသို့ ကြွရောက်၍ ဝါသို့ ကပ်ဆိုတော်မူသတတ်။ ထိုဒွါရှိသူ လူအများတို့သည် မဟာမောဂ္ဂလာန်မထေရ်ကို ဖူးမြင်ရ၍ များစွာသော ဝါဆိုသင်္ကန်း လှူဒါန်း ဆက်ကပ်ရန် ဝန်ခံ လျှောက်ထားကြကုန်၏။ မဟာမောဂ္ဂလာန်မထေရ်သည် ဝါကျွတ်ပြီးခါ ပဝါရဏာပြု၍ အလုံးစုံသော ဝါဆိုသင်္ကန်း လှူဒါန်းပြီးမြောက် မရောက် မရမီပင်လျှင် မြတ်စွာဘုရားရှင်၏ အထံတော်သို့ ကြွသွားလိုသောကြောင့် ရဟန်းတို့ကို "ငါ့ရှင်တို့ ရဟန်းငယ်တို့အား လည်းကောင်း၊ သာမဏေတို့အား လည်းကောင်း လူတို့သည် ဝါဆိုသင်္ကန်းကို ဆောင်ယူ လှူဒါန်းခဲ့သည် ရှိသော် ကောင်းစွာ စီစဉ် ယူငင်ပြီးလျှင် စေလွှတ် ပေးပို့ လိုက်ကြကုန်လော့။ ထိုကဲ့သို့ စေလွှတ် မပေးပို့လိုလျှင် ယူငင် ချန်ထား သီတင်းစကား ပြောကြား စေလွှတ် လိုက်ကြ ကုန်လော့"ဟု မှာထား ပြောဆို၏။ ဤသို့ မှာထား ပြောဆို ပြီး၍လည်း မြတ်စွာဘုရား၏ အထံတော်သို့ ကြွသွားလေ၏။ ရဟန်းတော်တို့သည် ယခုတိုင်အောင်လည်း မဟာမောဂ္ဂလာန် မထေရ်အား ပစ္စည်း ဥစ္စာ၌ အာသာငမ်းငမ်း စွဲလမ်းတပ်စွာ တပ်ခြင်း တဏှာသည် ရှိသေးသည်သာလျှင် ဖြစ်ခဲ့ယောင်သော စကား။ ထိုစကား မှန်၏၊ လူတို့သည် ဝါဆိုသင်္ကန်းကို လှူဒါန်းအပ်သည် ရှိသော် မိမိ၏ အတူနေ တပည့်တို့အား ဝါဆိုသင်္ကန်းတို့ကို စေလွှတ် ပေးပို့လိုက်ကုန်လော့။ မစေလွှတ် မပေးပို့နိုင်ခဲ့မူ အဖို့ဘာဂကို ချန်ထား၍ သီတင်းစကားကိုမူလည်း စေလွှတ် ပြောကြား လိုက်လော့ဟု ရဟန်းတို့အား ပြောဆိုမှာထား၍ ကြွလာခဲ့လေသည်"ဟူသော

စကားကို ဖြစ်စေကြကုန်၏၊ မြတ်စွာဘုရားရှင်သည် ကြွတော်မူလာ၍ "ချစ်သား ရဟန်းတို့ ငါဘုရား ကြွတော်မူလာသော ဤယခုအခါ၌ အဘယ်မည်သော စကားဖြင့် ပြောကြားစည်းဝေး ထိုင်နေကုန်ဘိသနည်း"ဟု မိန့်တော်မူ၍ ဤအမည်ရှိသော အကြောင်းပါတည်း"ဟု လျှောက်ကြားသည် ရှိသော် "ချစ်သား ရဟန်းတို့ ငါ၏ သားတော်ဖြစ်သော မောဂ္ဂလာန်အား ထိုထိုအာရုံ ခံမင်တတ်ဘိ ကပ်ငြိသော တဏှာမရှိ လူတို့အားလည်း ကုသိုလ်ကောင်းမှုမှ ဆုတ်ယုတ်ခြင်း မဖြစ်ပါစေလင့်။ ရဟန်းငယ် သာမဏေတို့အားလည်း တရား အားလျော်စွာ ရရှိသော ပစ္စည်းဥစ္စာ ဟူသော လာဘ်မှ ဆုတ်ယုတ်ခြင်း မဖြစ်ပါစေလင့်၊ ဤသို့သော အကြောင်းကြောင့်သာလျှင် ပြောဆိုခြင်း ဖြစ်လေသည်"ဟု မြတ်စွာဘုရားရှင်သည် မောဂ္ဂလာန် မထေရ်၏ တဏှာတရား ပျက်ပြား ကုန်ကင်းသော အဖြစ်ကို မိန့်တော်မူပြီး ဤဂါထာကို ဟောတော်မူ၏။

**ယဿာလယာ န ဝိဇ္ဇန္တိ၊ အညာယ အကထံကထီ။**
**အမတောဂဓံ အနုပ္ပတ္တံ၊ တမဟံ ဗြူမိ ဗြာဟ္မဏံ။**

ကပ်ငြိတွယ်တာခြင်း မရှိဘဲ တရားမှန်အပေါ် ယုံမှားတွေးတောမှု ကင်းပြီး အမြိုက်နိဗ္ဗာန်သို့ ရောက်သောပုဂ္ဂိုလ်ကို မကောင်းမှုမှ အပပြုပြီးသူဟု ငါဘုရား ဟောကြားတော်မူ၏။

ထိုဂါထာ၌—

**အာလယာ** ဟူသည် တဏှာတည်း။

**အညာယ အကထံကထီ** ဟူသည် ယုံမှားခြင်းအကြောင်း ရှစ်ပါးတို့ကို ဟုတ်တိုင်းမှန်စွာ သိ၍ ယုံမှားခြင်းအကြောင်း ရှစ်ပါးဖြင့် တွေးတောယုံမှားခြင်း မရှိ။

**အမတောဂဓံ အနုပ္ပတ္တံ** ဟူသည် မသေရာ နိဗ္ဗာန်သို့ သက်ဝင်၍ အစဉ် ရောက်သော ပုဂ္ဂိုလ်ကို ဗြာဟ္မဏဟူ၍ ငါဘုရား ဟောတော်မူ၏။

ဒေသနာအဆုံး၌ များစွာကုန်သော သူတို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်ကုန်၏။

မဟာမောဂ္ဂလာန်မထေရ်ဝတ္ထု ပြီး၏။

## ၂၉။ ရေဝတမထေရ်ဝတ္ထု

ယောဓ ပုညဉ္စ အစရှိသော ဒေသနာတော်မြတ်ကို မြတ်စွာဘုရား ရှင်သည် သာဝတ္ထိပြည် ပုဗ္ဗာရုံကျောင်း၌ သီတင်းသုံးနေတော်မူစဉ် အရှင်ရေဝတမထေရ်ကို အကြောင်းပြု၍ ဟောကြားတော်မူ၏။

တစ်နေ့သောအခါ ရဟန်းတို့သည် တရားသဘင် အစည်းအဝေးခွင်၌ "ငါ့ရှင်တို့ အကြင်သို့သော အကြောင်းဖြင့် တစ်ဦးတည်း ဖြစ်သော ရေဝတ သာမဏေသည် ငါးရာကုန်သော ရဟန်းတော်တို့၏ သီတင်းသုံးဖို့ရာ ငါးရာကုန်သော အထွတ်တပ်သော ကျောင်းတို့ကို ပြုလုပ်စီမံအပ်ကုန်၏။ ထိုသို့သော အကြောင်းဖြင့် ရေဝတသာမဏေ၏ လာဘ်လာဘ ပြန်ပြောခြင်းသည် ဩဘ်အံ့ဖွယ် ရှိလေစွ။ ကောင်းမှုဘုန်းကံ အလျှံရှိန်စော် အာနုဘော်ကား ဩဘ်အံ့ဖွယ်ရှိလေစွ"ဟူသော စကားကို ဖြစ်စေကြကုန်၏။ မြတ်စွာဘုရားသည် ကြွတော်မူလာ၍ "ချစ်သား ရဟန်းတို့ ငါဘုရား ကြွတော်မူလာသော ဤယခု အခါ၌ အဘယ်မည်သော စကားဖြင့် ပြောကြားစည်းဝေး ထိုင်နေကုန်ဘိ သနည်း"ဟု မေးတော်မူ၍ "ဤအမည်ရှိသော အကြောင်းပါတည်း"ဟု ကြားလျှောက်သည်ရှိသော် "ချစ်သား ရဟန်းတို့ ငါဘုရား၏ သားတော်အား ကောင်းမှု ကုသိုလ် မရှိ၊ မကောင်းမှု အကုသိုလ် မရှိ၊ ထိုငါဘုရား၏ သားတော် ရေဝတအား နှစ်ပါးအပေါင်း ဖြစ်သော ကုသိုလ် အကုသိုလ်တရားကို ပယ်စွန့်အပ်ပြီ"ဟု မိန့်ဆိုတော်မူလိုရကား ဤဂါထာကို ဟောတော်မူ၏။

> ယောဓ ပုညဉ္စ ပါပဉ္စ၊ ဥဘော သင်္ဂံ ဥပစ္စဂါ။
> အသောကံ ဝိရဇံ သုဒ္ဓံ၊ တမဟံ ဗြူမိ ဗြာဟ္မဏံ။

ကုသိုလ် အကုသိုလ်ကံ နှစ်ပါးစုံတို့ကို လည်းကောင်း၊ ကပ်ငြိမှု တဏှာကို လည်းကောင်း လွန်မြောက်၍ စိုးရိမ်မှုမရှိ ကိလေသာမြူကင်းစင်သော ပုဂ္ဂိုလ်ကို မကောင်းမှုမှ အပပြုပြီးသူဟု ငါဘုရား ဟောကြားတော်မူ၏။

ထိုဂါထာ၌—

**ဥဘော** ဟူသည် ကုသိုလ်ကိုလည်းကောင်း၊ အကုသိုလ်ကိုလည်းကောင်း ပယ်စွန့်၍။

**သင်္ဂံ** ဟူသည် ရာဂစသည် အပြားရှိသော ကပ်ငြိခြင်းကို။

**ဥပစ္စဂါ** ဟူသည် လွန်မြောက်လျက်။

ဝဋ်မြစ်ပြတ်ပြီး၍ စိုးရိမ်ခြင်း မရှိသည်၏ အဖြစ်ဖြင့် စိုးရိမ်မှု ကင်းသော ကိုယ်တွင်း၌ ရာဂ စသော ကိလေသာမှု စသည်တို့၏ မရှိသည်၏ အဖြစ်ဖြင့် ကိလေသာမှုကင်းသော ညစ်ညူးကြောင်း ကိလေသာမရှိသည်၏ အဖြစ်ကြောင့် စင်ကြယ်သော ပုဂ္ဂိုလ်ကို ဗြာဟ္မဏဟူ၍ ငါဘုရား ဟောတော်မူ၏။

ဒေသနာတော်၏ အဆုံး၌ များစွာကုန်သော သူတို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်ကုန်၏။

ရေဝတမထေရ်ဝတ္ထု ပြီး၏။

---

## ၃၀။ စန္ဒာဘမထေရ်ဝတ္ထု

စန္ဒံဝ အစရှိသော ဒေသနာတော်မြတ်ကို မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် စန္ဒာဘမထေရ်ကို အကြောင်းပြု၍ ဟောကြားတော်မူ၏။

ရှေးလွန်လေပြီးသော အခါ ဗာရာဏသီပြည်၌ နေလေ့ရှိသော တစ်ယောက်သော ကုန်သည်သည် "အစ္ဆန်အဖျား ဒေသ ပစ္စန္တဇနပုဒ်သို့ သွား၍ စန္ဒကူးနံ့သာကို ကောင်းစွာ ဆောင်ယူအံ့"ဟု ကြံစည်ပြီးလျှင် များစွာကုန်သော အဝတ်တန်ဆာ စသည်တို့ကို ယူ၍ ငါးရာကုန်သော လှည်းတို့ဖြင့် ပစ္စန္တအရပ်သို့သွားပြီးသော် ရွာတံခါးအနီး၌ သိမ်းခဏ နေမျှခြင်းကိုယူ၍ တောအုပ်၌ နွားကျောင်းသား သူငယ်ကို "အမောင်တို့ ဤရွာဝယ် တောင်ခြေ၌ အမှုကြီးငယ် ဆောင်သယ် ပြုလုပ်သော တစ်စုံတစ်ယောက်သော သူသည် ရှိပါသလော"ဟု မေးမြန်း၏။ နွားကျောင်းသားသူငယ်တို့က "ဩော်-ရှိပါ၏"ဟု ပြောဆိုသောအခါ "ထိုသူသည် အဘယ်အမည်ရှိသနည်း"ဟု မေးပြန်သဖြင့် "ဤသို့သော အမည်ရှိပါသည်"ဟု ပြောကြားသောအခါ "ထိုလူ၏ မယားကား အဘယ် အမည်ရှိသနည်း။ ထိုလူ၏ သားသမီး အမည်တို့ကား အဘယ်အမည် ရှိသနည်း"ဟု စစ်လျောက် မေးမြန်းပြန်လျှင် "ဤသို့ ဤသို့ အမည်ရှိပါသည်" ဟု ပြောကြားကုန်၏။ "ထိုလူ၏ နေအိမ်သည် အဘယ်အရပ်၌ ရှိသနည်း"ဟု မေးပြန်သဖြင့် "ဤအမည်ရှိသော အရပ် နေရာ၌ တည်ရှိပါကုန်သည်"ဟု သေချာစွာ ပြောကြားကုန်၏။ ထိုကုန်သည်သည် ထိုနွားကျောင်းသား သူငယ်တို့ ပြောကြား၍ ပေးအပ်သော အမှတ်ဖြင့် ချမ်းသာစီစဉ်လှည်းယာဉ်၌ ထိုင်နေ၍ ထိုလူ၏ အိမ်တံခါးသို့ သွားရောက်ပြီးလျှင် ယာဉ်မှ သက်ဆင်း၍ နေအိမ်သို့ ဝင်ပြီးသော် နွားကျောင်းသားတို့ ပြောကြား လိုက်သည့်

ဤအမည် ရှိသော အမည်တို့ဖြင့် ထိုအိမ်ရှင် မိန်းမကို ခေါ်၏။ ထိုအိမ်ရှင် မိန်းမသည် "ငါ၏ တစ်ဦးသော ဆွေမျိုးသည် ဖြစ်ပေလတ္တံ့"ဟု ကြံ၍ လျင်မြန်စွာ လာ၍ နေရာကို ခင်းကျင်း၏။ ထိုကုန်သည်သည် အိမ်ရှင်မိန်းမ ခင်းထားသော ထိုနေရာ၌ ထိုင်၍ အမည်ကို ပြောဆိုပြီးလျှင် "ငါ၏ အပေါင်း အဖော်သည် အဘယ်မှာနည်း"ဟု မေး၏။ "အရှင် တောသို့ ထွက်သွားပါသည်" ဟု ပြော၏။ "ဤအမည်ရှိသော ငါ၏ သားသည် အဘယ်မှာနည်း၊ ဤအမည် ရှိသော ငါ၏ သမီးသည် အဘယ်မှာနည်း"ဟု အလုံးစုံသော သားသမီးတို့၏ အမည်ကို ပြောကြားလျက်သာလျှင် မေးမြန်း၍ "ဤအဝတ်အထည် တန်ဆာ စသည်ကား ထိုသားသမီးတို့၏ အဖို့ဖြစ်သော အဝတ်အထည် တန်ဆာစသည် တို့တည်း"ဟု ပြောဆို၍ ပေးကမ်း၏။ "ငါ၏ အဖော် တောအုပ်မှ ပြန်လာသော အခါ၌လည်း ဤအမည်ရှိသော အဝတ်အထည် တန်ဆာ စသည်ကို ပေးခဲ့လေ"ဟု ပြောဆိုမှာထား ပေးကမ်း၏။ ထိုအိမ်ရှင်မသည် ညှို့သည် ဖြစ်သော ထိုကုန်သည်အား ဝတ်ကျေအောင် ကောင်းစွာ ပူဇော်လုပ်၍ အရှင် ခင်ပွန်းလင် တောမှ ပြန်သောအခါ၌ "အို အရှင် ဤယောကျ်ားသည် ရောက် လာသောအခါမှ စ၍ အလုံးစုံသော သူတို့၏ အမည်ကို ပြောကြား၍ ဤသို့ ဤသို့သော အဝတ် အထည် တန်ဆာ စသည်ကို ပေးကမ်းသည်"ဟု ပြောဆို၏။ အိမ်ရှင် ထိုယောကျ်ားလည်း ညှို့သည် ကုန်သည်အား ပြုသင့်ပြုထိုက်သော အရာဌာနနှင့် စပ်လျဉ်းသော အမှုကို ပြုစုပေ၏။ ထိုနောက် ညချမ်းသော အခါ အိပ်ရာ၌ ထိုင်နေလျက် ထိုတောသား ယောကျ်ားကို "အို အဆွေ တောင်ခြေ၌ လှည့်လည်ကျက်စားသော အသင်သည် အဘယ်အရာ ဝတ္ထုမျိုးကို များစွာ တွေ့မြင်ဖူးသနည်း"ဟု မေး၏။ ပစ္စန္တရွာသားက "တစ်ပါးသော အရာဝတ္ထုကိုကား များစွာ မတွေ့မြင်ရပေ။ နီမြန်းသော အခက်ရှိကုန်သော များစွာကုန်သော သစ်ပင်တို့ကို တွေ့မြင်ပါကုန်သည်"ဟု ပြောဆို၏။ "ကြွင်း များစွာ တွေ့မြင်ကုန်သလော"ဟု ပြောဆိုပြီးကာ "ထိုသို့ တွေ့မြင်ပါမူကား ငါတို့အား ထိုသစ်ပင်တို့ကို ပြပါလော့"ဟု ပြောဆိုလျက် ထိုတောသည် ယောကျ်ားနှင့် အတူတကွ သွားရောက်၍ စန္ဒကူးနီသစ်ပင်တို့ကို ဖြတ်တောက် ပြီး လှည်းတို့ကို ပြည့်စေ၍ လာခဲ့သည် ရှိသော် ထိုပစ္စန္တ ရွာသားကို "အို အဆွေ ဗာရာဏသီပြည်၌ ဤအမည်ရှိသော အရပ်ဝယ် ငါ၏ နေအိမ်သည် ရှိ၏၊ ရံခါ ရံခါ ငါ၏ အထံသို့ လာခဲ့ပါလော့။ ငါအားလည်း တစ်ပါးသော လက်ဆောင် ပဏ္ဏာကား ချဖြင့် အလိုမရှိ။ နီသော အခက်ရှိသော သစ်သားကိုသာလျှင် ဆောင်ယူခဲ့ပါလော့"ဟု ပြောဆိုမှာထားလေ၏။ ပစ္စန္တ ရွာသား ထိုယောကျ်ား သည် "ကောင်းလှပေပြီ"ဟု ဝန်ခံပြောဆို၍ ရံခါရံခါ ထိုကုန်သည့် ယောကျ်ား၏ အထံသို့လာခဲ့သည် ရှိသော် စန္ဒကူးနီကိုသာလျှင် ဆောင်ယူ၏။ ထိုကုန်သည် ယောကျ်ားသည်လည်း ပစ္စန္တရွာသား ထိုယောကျ်ားအား များစွာသော

ပဏ္ဏည်းခုစ္စာ အစုကို ချီးမြှင့် ပေးကမ်း၏။ တစ်ပါးသော အခါ၌ ကဿပ မြတ်စွာဘုရားသည် ပရိနိဗ္ဗာန် ဝင်စံပြီးသော် ဓာတ်တော် သိုမှီး ရွှေစေတီ ကြီးကို တည်ထားအပ်သည် ရှိသော် ပစ္စန္တရွာသား ထိုယောကျ်ားသည် များစွာ သော စန္ဒကူးကို ယူ၍ ဗာရာဏသီပြည်သို့ သွား၏။ ထိုအခါ တောတွင်းမှ လာသော ထိုယောကျ်ားအား အဖော်ဖြစ်သော ထိုကုန်သည်က များစွာ ကုန်သော စန္ဒကူးကို လူးပွတ်လိမ်းကျံနိုင်လောက်အောင် သွေးပွတ်ကြိတ်ညက် စေ၍ ခွက်ကို ပြည့်စေပြီးသော် "အို အဆွေ လ ႊလှည့်လော့၊ အကြင်မျှလောက် ကာလပတ်လုံး စားသုံးရန်အတွက် ထမင်းကို ချက်၏။ ထိုရွှေလောက်မျှ ကာလ ပတ်လုံး ရွှေဘုန်တော်သခင် ဘုရားရှင်စေတီ တည်လုပ်ပြုပြင်ရာ အရပ်သို့ လှည့်ပတ်သွားရောက် နောက်မှ ပြန်လာကုန်အံ့"ဟု ပြောဆိုကာ ပစ္စန္တရွာသား ထိုယောကျ်ားကို ခေါ်ယူရွေ့ရည် စေတီတော်ရှိရာသို့ သွားရောက်၍ စန္ဒကူး နံ့သာဖြင့် ပူဇော်ခြင်းကို ပြု၏။ ကုန်သည်၏ အဖော်ဖြစ်သော ပစ္စန္တရွာ၌ နေလေ့ရှိသော ထိုယောကျ်ားသည်လည်း စေတီတော်၏ ဝမ်းတိုက်၌ စန္ဒကူး နံ့သာဖြင့် လိမ်းကျံ ထုံမွမ်း လဝန်းကဲ့သို့ ပြုလုပ်ပူဇော်၏။ ပစ္စန္တရွာသား ထိုယောကျ်ား၏ ရွှေဖျားမယုတ် ပြုလုပ်စီမံ ကောင်းမှုကံကား ဤမျှလောက် အတိုင်းအရှည်သာတည်း။ ထိုယောကျ်ားသည် တောဖျား တောင်ခြေ ပျော်နေ ခဲ့သည်မှ ထိုဝမှ စုတေပြောင်းရွှေ့ သေလွန်ခဲ့သည် ရှိသော် နတ်ပြည်၌ ဖြစ်၍တစ်ဆူသော ဘုရားရှင်အကြား ကာလပတ်လုံးကို ထိုနတ်ပြည်၌ ကုန်ဆုံး ခဲ့စေပြီး၍ ဤဂေါတမဘုရား ပွင့်တော်မူသောအခါ၌ ရာဇဂြိုဟ်ပြည်ဝယ် အနွယ် စင်ပြီး ပစ္စည်းပေါ်ကြွယ် ပြာဟ္မဏမဟာသာလ အမျိုး၌ ဖြစ်လေ၏။ ထိုသူငယ်၏ ချက်ပန်းမှ လပြည့်ဝန်းနှင့် တူသော အရောင်သည် တောက်ပြောင် ထွန်းလင်း တက်ကြွဖြာပေါ်၏။ ထိုသို့သော အကြောင်းကြောင့် ထိုသူငယ်အား စန္ဒာဘ ဟူသော အမည်ကို မှည့်ခေါ် သမုတ် ပြုလုပ်ကုန်၏။

[ထိုသူငယ်၏ ချက်ဝန်း၌ ထိုကဲ့သို့သော လပြည့်ဝန်းကဲ့သို့သော အရောင် တောက်ပြောင် ထွန်းလင်း တက်ကြွ ဖြစ်ပေါ်ခြင်းကား စေတီတော်၌ စန္ဒကူးနံ့သာဖြင့် လဝန်းကဲ့သို့ ပြုလုပ် လိမ်းကျံ စီမံ ပူဇော်ခြင်း၏ အကျိုးဆက် ဖြစ်ပေသတတ်။]

ပုဏ္ဏားတို့က "ငါတို့သည် ဤသူငယ်ကို ယူဆောင်၍ လူများအပေါင်းကို လှည့်ပတ်ခြင်းငှါ တတ်ကောင်း၏"ဟု ကြံစည်ကုန်၏။ ကြံစည်ကုန်ပြီး၍ကား ထိုစန္ဒာဘ အမည်ရှိသော သူငယ်ကို ယာဉ်၌ ထိုင်နေစေ၍ "အကြင်သူသည် သူငယ်၏ ကိုယ်ကို လက်ဖြင့် သုံးသပ်၏။ ထိုသူသည် ဤသို့ သဘောရှိသည် မည်သော အစိုးရခြင်း စည်းစိမ်ချမ်းသာကို ရရှိပေ၏"ဟု ပြောဆို၍ လှည့်လည်

ကုန်၏။ အသပြာတစ်ရာကိုသည်းကောင်း အသပြာ တစ်ထောင်ကိုလည်းကောင်း အသပြာတစ်သိန်းကို လည်းကောင်း ပေးကမ်းကုန်လျက် ဤသို့ပြုဆို သူငယ်၏ ကိုယ်ကို လက်ဖြင့်သုံးသပ် တို့ထိခြင်းငှါ အခွင့်ကို ရကုန်၏။ ထိုပုဏ္ဏားတို့သည် ဤသို့လှည့်ဖြား ပြောကြားဖွေငင် အစဉ်လှည့်လည်ကုန်လျက် သာဝတ္ထိပြည်သို့ ရောက်လာကုန်သည် ရှိသော် သာဝတ္ထိမြို့၏ လည်းကောင်း၊ မြတ်စွာဘုရား ကျောင်းတော်၏ လည်းကောင်း အကြားအရပ်၌ လျောက်ပတ်သင့်စွာ တစ်ခုသော နေရာကို ယူကုန်၏။ သာဝတ္ထိပြည်၌လည်း ငါးကုဋေမျှလောက်ကုန်သော အိမ်ရာဖွဲ့နှောင် လူ့ဘောင်တည်၍ အရိယာသာဝကတို့သည် နံနက်အခါ ဆွမ်းစသော အလှူကို ကြည်ဖြူ ရှင်လန်း လှူဒါန်းကုန်၍ ဆွမ်းစားပြီးနောက် ညနေချမ်း အခါ၌ နံ့သာ, ပန်း, အဝတ်,ဆေး စသည် လက်စွဲကုန်လျက် တရားတော်ကို ကြားနာခြင်းငှါ သွားကုန်၏။ ပုဏ္ဏားတို့သည် တရားတော်ကို နာအံ့သောငှါ သွားကြကုန်သော အရိယာသာဝကဖြစ်သူ ထိုလူတို့ကို မြင်၍ "အသင်တို့သည် အဘယ်အရပ်သို့ သွားကြကုန်သနည်း" ဟု မေးမြန်းကြကုန်၏။ "မြတ်စွာဘုရား၏ အထံတော်သို့ တရားနာခြင်းငှါ သွားကြပါကုန်၏" ဟု ပြောဆိုသည် ရှိသော် "အသင်တို့သည် လာလှည့်ကုန်လော့၊ ထိုအရပ်သို့ သွားကုန်၍ အဘယ်အမှုကို ပြုကုန်လတ္တံ့နည်း။ ငါတို့ ဆောင်လာသော စန္ဒာဘပုဏ္ဏား၏ အရှိန်အစော် အာနုဘော်နှင့် တူသော အာနုဘော်ရှိသော သူသည် တစ်စုံတစ်ယောက်သော သူမျှ မရှိ၊ ထိုစကား မှန်၏၊ ထိုစန္ဒာဘ၏ ကိုယ်ကို တွေ့ထိသုံးသပ်ကုန်သော သူတို့သည် ဤအမည်ရှိသော အစိုးရခြင်း စည်းစိမ်ချမ်းသာကို ရရှိကုန်၏။ လာလှည့် ကုန်လော့၊ ထိုစန္ဒာဘ ပုဏ္ဏားကို ကြည့်ရှုကြကုန်လော့" ဟု ပြောဆိုကုန်၏။ အသင်တို့ စန္ဒာဘပုဏ္ဏား၏ အရှိန်အစော် အာနုဘော်မည်သည် အဘယ်မှာ ပြောပလောက်အောင် ရှိမည်နည်း။ ငါတို့၏ ဆရာဖြစ်တော်မူသော မြတ်စွာဘုရားသည် သာလျှင် ကြီးကျယ်မြင့်မြတ်သော တန်ခိုးရှိန်စော် အာနုဘော်ရှိသည်" ဟု ပြောဆိုကြကုန်၏။ ညွှဲသည့် ပုဏ္ဏားတို့နှင့် ဘုရားတပည့်ဖြစ်သော လူတို့သည် တစ်ဦးကို တစ်ဦး အထူးကြောင်းပြ အနိုင်ရအောင် ပြောပြသိစေခြင်းငှါ မစွမ်းနိုင်သောကြောင့် ကျောင်းတော်သို့ သွားနေကုန်၍ "စန္ဒာဘပုဏ္ဏား၏ လည်းကောင်း၊ ငါတို့ဆရာ မြတ်စွာဘုရား၏ လည်းကောင်း တန်ခိုးရှိန်စော် အာနုဘော်ကို သိရကုန်အံ့" ဟု ပြောဆိုတိုင်ပင်ပြီး ထိုစန္ဒာဘပုဏ္ဏားကို ယူဆောင်၍ ကျောင်းတော်သို့ သွားကြကုန်၏။ မြတ်စွာဘုရားရှင်သည် ထိုစန္ဒာဘပုဏ္ဏားသည် မိမိ၏ ထံမှောက်သို့ လာရောက် ချဉ်းကပ်သော ခဏ၌သာလျှင် စန္ဒာဘပုဏ္ဏား၏ ချက်ဝန်းရောင်သည် မပြောင်မထွန်း မှောင်စွန်း ကွယ်ပျောက်သည်ကို ပြုတော်မူ၏။ ထိုစန္ဒာဘ ပုဏ္ဏားသည် မြတ်စွာဘုရား၏ ထံတော်၌ အလျှံရဲရဲ မစဲအရောင် ထွန်းပြောင် ညီးညီး မီးကျီးစုရှိသော ခြင်းတောင်း၌ မည်းမှောင်နက်ကြုတ် ကျီးငှက်ယုတ်

ကဲ့သို့ ဖြစ်လေ၏။ ထိုအခါ စန္ဒာဘပုဏ္ဏားကို သင့်တင့်လျောက်ပတ် တစ်ခုသော အစွန်အဖျား အရပ်သို့ ဆောင်ယူကုန်၏။ ထိုအခါ ချက်ဝန်းမှ ထွက်သော အရောင်သည် ရှေးအတိုင်းပင် ရှိလေ၏။ တစ်ဖန် မြတ်စွာဘုရား အထံသို့ ဆောင်ကြ ပြန်သောအခါ ချက်ဝန်းအရောင်သည် ရှေးနည်းအတိုင်း ကွယ်ပျောက်ပြန်၏ ဤသို့ သုံးကြိမ်တိုင်တိုင် သွားရောက်၍ ကွယ်ပျောက်သော အရောင် ရှိသည်ကို တွေ့မြင်၍ စန္ဒာဘပုဏ္ဏားသည် "ဤရဟန်းကား အရောင်ကို ကွယ်စေနိုင်သော မန္တန်ကို တတ်သိချေယောင်တကား"ဟု ကြံစည်၏။ ကြံစည်ပြီး၍ကား ထိုစန္ဒာဘပုဏ္ဏားသည် မြတ်စွာဘုရားကို "အသို့နည်း၊ အကျွန်ုပ်၏ ကိုယ်ရောင်ကို ကွယ်ပျောက်စေနိုင်သော မန္တန်ကို တတ်သိပါကုန်သလော"ဟု မေး၏။ မြတ်စွာဘုရားက "ဪ ငါသည် တတ်သိပါ၏"ဟု ဝန်ခံမိန့်ဆိုသဖြင့် "ထိုသို့ ဖြစ်ပါမူကား အကျွန်ုပ်အား ထိုမန္တန်ကို ပေးသနားတော်မူပါလော့"ဟု တောင်းပန်ပြောဆို၏။ "ရဟန်း မပြုသော သူအား ပေးခြင်းငှါ မစွမ်းနိုင်"ဟု မိန့်တော်မူသောအခါ ထိုစန္ဒာဘပုဏ္ဏားသည် မိမိ၏ အဖော်ဖြစ်သော ပုဏ္ဏားတို့ကို ပြောဆို၏။ အဘယ်သို့ ပြောဆိုသနည်းဟူမူ "ငါသည် ဤမန္တန်ကို သင်ယူအပ်သည် ရှိသော် အလုံးစုံသော ဇမ္ဗူဒိပ်၌ လွှမ်းမိုးချီးကျူး အကြီးအမှူးသည် ဖြစ်ပေအံ့၊ အသင်တို့သည် ဤအရပ်၌သာလျှင် ဆိုင်းငံ့တည်နေသည် ဖြစ်ကုန်လော။ ငါသည် ရဟန်းပြု၍ နှစ်ရက်သုံးရက်ဖြင့်သာလျှင် မန္တန်ကို သင်ယူအံ့"ဟုပြောဆို၏။ပြောဆိုပြီးလျှင် ထိုစန္ဒာဘပုဏ္ဏားသည် မြတ်စွာဘုရား ထံသို့ ချဉ်းကပ်ရှင်လန်း ရဟန်းအဖြစ်ကို တောင်းပန်၍ ရဟန်းပဉ္စင်း ပြု၏။ ထိုနောက် မြတ်စွာဘုရားသည် ထိုစန္ဒာဘအား ဒွတ္တိံသာကာရကို မိန့်ကြားတော်မူ၏။ ထိုစန္ဒာဘ-က "ဤအမှုကား အဘယ်နည်း"ဟု မေးမြန်း၏၊ "ဒို စန္ဒာဘ မန္တန်၏ ရှေ့အဖို့ကာလ၌ အဖန်ဖန် အားထုတ်ရသော ဤပရိကံ မည်သည်ကို သရဇ္ဈာယ်ခြင်းငှါ အပ်ပေသည်"ဟု မိန့်တော်မူ၏။ ပုဏ္ဏားတို့သည် အကြားအကြား ဖြစ်သော ရံခါ ရံခါ၌ လာရောက်၍ "အသင့်အား မန္တန်ကို သင်ယူ အပ်ပြီလော"ဟု မေးမြန်းကုန်၏။ စန္ဒာဘ ရဟန်းက "ဆုံးခန်း ပေါက်ရောက် အပြီးမြောက်အောင် မသင်ယူရပေသေး"ဟု ပြောဆို၏၊ ထိုစန္ဒာဘရဟန်းသည် နှစ်ရက်သုံးရက်ဖြင့်သာလျှင် ဇ ရဟတ္တမဂ်ဖိုလ်သို့ ရောက်၍ ပုဏ္ဏားတို့လာရောက် စုံစမ်း မေးမြန်းသော အခါ၌ "အသင်တို့သည် သွားကြကုန်လော့။ ဤယခု အခါ၌ ငါသည် အသင်တို့၏ အထံသို့ မပြန်မလာခြင်း သဘော ရှိသည် ဖြစ်လေပြီ"ဟု ပြောဆို၏။ ရဟန်းတို့သည် မြတ်စွာဘုရားအား "ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ဤစန္ဒာဘရဟန်းသည် မဟုတ်မမှန်သည်ကို ပြောဆို၍ အရဟတ္တဖိုလ်ကို ကြားလေဘိသည်"ဟု လျှောက်ကြားကုန်၏။ မြတ်စွာဘုရားက "ချစ်သား ရဟန်းတို့ ဤယခုအခါ၌ ငါဘုရား၏ သားတော် ဖြစ်သော စန္ဒာဘသည် ကြွင်းမဲ့ပြုန်းတီး ကုန်ခန်းပြီးသော အာသဝေါတရား

ရှိ၏။ ငါဘုရား၏ သားတော်ဖြစ်သော ထိုစန္ဒာဘသည် ဟုတ်မှန်သည်ကို သာလျှင် ပြောဆိုလေသည်”ဟု မိန့်တော်မူလိုရကား ဤဂါထာကို ဟောတော်မူ၏။

**စန္ဒံဝ ဝိမလံ သုဒ္ဓံ၊ ဝိပ္ပသန္နမနာဝိလံ။**
**နန္ဒီဘဝပရိက္ခီဏံ၊ တမဟံ ဗြူမိ ဗြာဟ္မဏံ။**

တိမ်တိုက်စသော အညစ်အကြေးကင်း၍ ကြည်လင်ဝင်းပသော လမင်းကဲ့သို့ သန့်ရှင်း ကြည်လင်သော စိတ်ရှိသော နောက်ကျုတတ်သော ကိလေသာ ကင်းသော ဘဝသုံးပါးတို့၌ နှစ်သက်တတ်သော တဏှာကုန်ပြီးသော ပုဂ္ဂိုလ်ကို ဗြာဟ္မဏဟူ၍ ငါဘုရား ဟောတော်မူ၏။

ထိုဂါထာ၌—

ဝိမလံ ဟူသည် တိမ်တိုက် စသော အညစ်အကြေးကင်းသော၊

သုဒ္ဓံ ဟူသည် ကိလေသာ ဟူသော ညစ်ညူးကြောင်း မရှိသဖြင့် စင်ကြယ်သော။

ဝိပ္ပသန္နံ ဟူသည် ကြည်လင်သော စိတ်ရှိသော။

အနာဝိလံ ဟူသည် နောက်ကျုတတ်သော ကိလေသာကင်းပြီးသော။

နန္ဒီဘဝပရိက္ခီဏံ ဟူသည် ဘုံသုံးပါးတို့၌ တွယ်တာ ဝပ်နှစ်သက်သော တဏှာကုန်ခန်းပြီးသော ပုဂ္ဂိုလ်ကို ဗြာဟ္မဏဟူ၍ ငါဘုရား ဟောတော်မူ၏။

ဒေသနာတော်၏ အဆုံး၌ များစွာကုန်သော သူတို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်ကုန်၏။

စန္ဒာဘ မထေရ်ဝတ္ထု ပြီး၏

## ၃၁။ သီဝလိ မထေရ်ဝတ္ထု

ဓမ္မ ဂုဏ် အစရှိသော ဤတရားဒေသနာတော်မြတ်ကို မြတ်စွာဘုရားရှင်သည် ကုဏ္ဍိကောလိယ မည်သော မြို့ကို အမှီပြု၍ ကုဏ္ဍဓာန မည်သော တောအုပ်၌ သီတင်းသုံးနေတော်မူစဉ် အရှင်သီဝလိမထေရ်ကို အကြောင်းပြု၍ ဟောကြားတော်မူ၏။

တစ်ပါးသော အခါ၌ သုပ္ပဝါသ အမည်ရှိသော ကောလိယ မင်းသမီးသည် ခုနစ်နှစ်တို့ပတ်လုံး ပဋိသန္ဓေတည်နေပြီး ကိုယ်ဝန်ကို ဆောင်လွယ်ရ၍ ခုနစ်ရက်ပတ်လုံး ဖွားမြင်ခါနီးအခါ ပြင်းထန်စွာ တွေ့ဝေသော ကိုယ်ဝန်ရှိသော အားဖြင့် ထက်မြက်ပွားထပ် ခါးစပ်ဝေဒနာ လွန်စွာသော ဆင်းရဲတို့ဖြင့် ဖြစ်စွဲ တွေ့ထိသောကြောင့် ဤဂါထာကို ရွတ်ဆိုလေ၏——

> သမ္မာသမ္ဗုဒ္ဓေါ ဝတ ဘော ဘဂဝါ၊ ယော ဣမဿ ဧဝရူပဿ ဒုက္ခဿ ပဟာနာယ ဓမ္မံ ဒေသေတိ။ သုပ္ပဋိပန္နော ဝတ တဿ ဘဂဝတော သာဝကသံဃော၊ ယော ဣမဿ ဧဝရူပဿ ဒုက္ခဿ ပဟာနာယ ပဋိပန္နော။ သုသုခံ ဝတ တံ နိဗ္ဗာနံ၊ ယတ္ထိဒံ ဧဝရူပံ ဒုက္ခံ န သံဝိဇ္ဇတိ။

အကြင်မြတ်စွာဘုရားသည် ဤသို့သဘောရှိသော လွန်ကဲသော ဤဆင်းရဲကို ပယ်စွန့်ခြင်းငှါ တရားတော်ကို ဟောကြားတော်မူ၏။ ထိုမြတ်စွာဘုရားသည် ဉေယျဓမ်တရား အလုံးစုံကို အကုန်မြင်မြော် ကိုယ်တော်တိုင် သိတော်မူပေစွတကား။

မြတ်စွာဘုရား၏ တပည့်သားဖြစ်သော အကြင် သံဃာတော်သည် ဤသို့ သဘောရှိသော လွန်ကဲသော ဤဆင်းရဲကို ပယ်စွန့်ခြင်းငှါ အားထုတ်သဖြင့် ဖြည့်ကျင့်တော်မူပေ၏၊ ထိုဘုရားရှင် ကိုယ်တော်မြတ်၏ ထိုတပည့်သား သံဃာတော်သည် ကောင်းမြတ်သော အကျင့်ရှိသည် ဖြစ်ပေစွတကား။

နိရောဓမည်သော နိဗ္ဗာန်သည် ဤသို့သဘောရှိသော လွန်ကဲသော ဆင်းရဲ စုသည် မရှိပေ။ နိရောဓမည်သော ဤနိဗ္ဗာန်သည် ချမ်းသာအပေါင်းထက် အလွန်ချမ်းသာလေစွတကား။

ဤသို့ သုံးပါးသော ကြံဆတွေးတောခြင်းတို့ဖြင့် ထိုဆင်းရဲဖောက်ပြန်ခြင်းကို သည်းခံလျက် ခင်ပွန်း အရှင်ဖြစ်သော လင်ယောကျ်ားကို မြတ်စွာဘုရား၏ အထံတော်သို့ စေလွှတ်၍ ထိုအရှင် လင်ယောကျ်ားသည် သုပ္ပဝါသ အမည်ရသော ထိုကောလိယ မင်းသမီး၏ မှာထားသော စကားဖြင့် မြတ်စွာဘုရားအား ရှိခိုး လျှောက်ကြားသည်ရှိသော် "သုပ္ပဝါသ အမည်ရသော ကောလိယ မင်းသမီးသည် စင်စစ်အမှန်အားဖြင့် ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်း ရှိသည် ဖြစ်စေသတည်း။ သုပ္ပဝါသ အမည်ရသော ကောလိယ မင်းသမီးသည် ကိုယ်စိတ်နှစ်ဖြာ ချမ်းသာလျက် ရောဂါမရှိမူ၍ တစ်စုံတစ်ရာ ကျင်နာနှိပ်စက် တတ်သော အနာရောဂါမရှိသော သားကို ဖွားမြင်စေသတည်း" ဟု မြတ်စွာ

ဘုရား မိန့်ဆိုတော်မူသော ခဏဌ်သးလျှင် ကိုယ်စိတ်နှစ်ဖြာ ချမ်းသာလျက် အနာရောဂါ မရှိမူ၍ တစ်စုံတစ်ရာ အနာရောဂါ မရှိသော သားကို ဖွားမြင်ရပြီးသော် ဘုရားအမူးရှိသော ရဟန်းတော် အပေါင်းကို ကောင်းစွာပင့်ဖိတ်၍ ခုနစ်ရက်ပတ်လုံး ကြီးစွာသော အလှူကို ပေးလှူ၏။ ထိုသုပ္ပဝါသ ကောလိယမင်းသမီး၏ သားငယ်သည်လည်း မွေးဖွားသော နေ့မှစ၍ ဓမ္မကရိုဏ်ကို ယူပြီးလျှင် ရဟန်းသံဃာ၏ သုံးရေသောက်ရေကို သန့်ရှင်းအောင် စစ်၏။ သီဝလိအမည်ရှိသော ထိုသားငယ်သည် နောက်အဖို့ဖြစ်သော အခါ၌ လူ့ဘောင်မှ ရှောင်ခွာ၍ ထွက်မြန်း ရဟန်းပြု၍ အရဟတ္တဖိုလ်သို့ ရောက်လေ၏။

ထိုနောက် တစ်နေ့သောအခါ၌ ရဟန်းတော်တို့သည် တရားသဘင် အစည်းအဝေးခွင်၌ "ငါ့ရှင်တို့ ဤသို့သဘောရှိသည် မည်သော အရဟတ္တဖိုလ်သို့ ရောက်ကြောင်း ဥပနိဿယ ပြည့်ဝစုံလင်သော ရဟန်းသည် ဤမျှအတိုင်းအရှည်ရှိသော ကာလပတ်လုံးမိခင်ဝမ်း၌ ကိန်းအောင်း စုံ့မြဲ ဆင်းရဲကို အစဉ်ခံစားရသည်ကို အသင်တို့ ကြည့်ရှုကြပါကုန်လော့၊ တစ်ပါးကုန်သော များစွာသော သူတို့အား အဘယ်မှာလျှင် ဆုံဖွယ်ရာရှိပါအံ့နည်း။စင်စစ်အားဖြင့်ကားဤရဟန်းသည် များစွာသော ဆင်းရဲအစုကို လွန်မြောက်နိုင်ပေသည်"ဟူသော စကားကို ဖြစ်စေကြကုန်၏။ မြတ်စွာဘုရားသည် ကြွတော်မူလာ၍ "ချစ်သား ရဟန်းတို့ ငါဘုရား ကြွတော်မူလာသော ဤယခုအခါ၌ အဘယ်မည်သော စကားဖြင့် ပြောကြားစည်းဝေး ထိုင်နေကုန်ဘိသနည်း"ဟု မေးတော်မူ၍ "ဤအမည်ရှိသော အကြောင်းပါတည်း"ဟု ကြားလျှောက်သည် ရှိသော် "ချစ်သားရဟန်းတို့ ဩော်-ဟုတ်မှန်လှပေ၏။ ငါဘုရား၏ သားတော်သည် ဤမျှအတိုင်းအရှည်ရှိသော ဆင်းရဲအပေါင်းအစုမှ လွတ်မြောက်ခဲ့ပြီးလျှင် ဤယခုအခါ၌ နိဗ္ဗာန်ကို အာရုံပြုသောအားဖြင့် မျက်မှောက်ပြု၍ နေရလေတော့၏"ဟု မိန့်တော်မူလိုရကား ဤဂါထာကို ဟောကြားတော်မူ၏-

ယော' မံ ပလိပထံ ဒုဂ္ဂံ၊ သံသာရံ မောဟမစ္စဂါ။
တိဏ္ဏော ပါရင်္ဂတော ဈာယီ၊ အနေဇော အကထံကထီ။
အနုပါဒါယ နိဗ္ဗုတော၊ တမဟံ ဗြူမိ ဗြာဟ္မဏံ။

ရာဂစသော ဘေးရန်ရှိသော ခရီးကိုလည်းကောင်း, ကိလေသာနှောင့်ယှက်၍ အသွားခက်သော ခရီးကိုလည်းကောင်း, သံသရာဝဋ်ကိုလည်းကောင်း, သစ္စာ

လေးပါး မသိမမြင်နိုင်အောင် ပြင်းစွာဖုံးလွှမ်းတတ်သော မောဟကို လည်းကောင်း လွန်မြောက်လျက် ကမ်းတစ်ဘက်သို့ ရောက်ပြီ၊ စျာန်ဖြင့် နေလေ့ရှိ၏။ ဇောမည်သော တဏှာမရှိ၊ သို့လော သို့လော ယုံမှားသံသယမရှိ၊ စွဲလမ်းခြင်းမရှိမူ၍ ငြိမ်းအေး၏၊ ထိုသို့သောပုဂ္ဂိုလ်ကို ဗြာဟ္မဏဟူ၍ ငါဘုရား ဟောကြားတော်မူ၏။

**ထိုဂါထာ၏ အဓိပ္ပါယ်ကား။** ။ရဟန်းသည် ဤရာဂစသော ဘေးရန်ရှိသော ခရီးကိုလည်းကောင်း, ကိလေသာနှောင့်ယှက်၍ အသွားခက်သော ခရီးကိုလည်းကောင်း, သံသရာ၀ဋ်ဆင်းရဲအပေါင်းကို လည်းကောင်း၊ သစ္စာလေးပါးကို ထိုးထွင်း၍ မသိမြင်နိုင်အောင် ပြင်းစွာ ဖုံးလွှမ်းတတ်သော မောဟကို လည်းကောင်း လွန်မြောက်လျက် ဩဃလေးပါးတို့ကို ကူးမြောက်သည်ဖြစ်၍ ကမ်းတစ်ဘက်သို့ ရောက်ပြီးသော သမထ,ဝိပဿနာ စျာန်နှစ်ပါးဖြင့် ဝင်စားလေ့ရှိသော တဏှာမရှိခြင်းကြောင့် အနေဇမည်သော ယုံမှားသံသယမရှိခြင်းကြောင့် အကထံကထီမည်သော ဥပါဒါန်တို့၏ မဖြစ်ခြင်းဖြင့် မစွဲလမ်းမူ၍ ကိလေသာ ကုန်ခန်းခြင်းဖြင့် ငြိမ်းအေးပြီးသော ပုဂ္ဂိုလ်ကို ဗြာဟ္မဏဟူ၍ ငါဘုရားဟောတော်မူ၏။

ဒေသနာတော်၏ အဆုံး၌ များစွာကုန်သော သူတို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်ကုန်၏။

သီဝလိမထေရ်ဝတ္ထု ပြီး၏။

---

## ၃၂။ သုန္ဒရသမုဒ္ဒမထေရ် ဝတ္ထု

**ယောဓ ကာမေ** အစရှိသော ဤတရားဒေသနာတော်မြတ်ကို မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် သုန္ဒရသမုဒ္ဒမထေရ်ကို အကြောင်းပြု၍ ဟောကြားတော်မူ၏။

သာဝတ္ထိပြည်၌ သုန္ဒရသမုဒ္ဒ သတို့သားမည်သော တစ်ဦးသော အမျိုးသားသည် ကုဋေလေးဆယ် ပေါကြွယ်ဝဏ်ရှိန် စည်းစိမ်ရှိသော ကြီးကျယ်ဖွံ့ဖြိုးသော အမျိုး၌ ဖြစ်သတတ်။ ထိုသုန္ဒရသမုဒ္ဒ သတို့သားသည် တစ်နေ့သောအခါ ဆွမ်းကိစ္စအားလုံး ပြီးဆုံးပြီးနောက် ညနေချမ်းအရောက်၌ နံ့သာပန်းစသည် လက်စွဲလျက် တရားတော်ကို ကြားနာခြင်း အကျိုးငှါ ဇေတဝန်ကျောင်းတော်သို့ ရှေးရှုသွားသော လူများအပေါင်းကို မြင်၍ ''အဘယ်အရပ်သို့ သွားကြကုန်

သနည်း''ဟု မေးမြန်း၍ မြတ်စွာဘုရား၏ အထံတော်သို့ တရားနာခြင်းအကျိုးငှါ သွားကြကုန်သည်''ဟု ပြောဆိုသည်ရှိသော် ''ငါသည်လည်း တရားတော်ကို ကြားနာခြင်းငှါ သွားဦးအံ့''ဟု ပြောဆို၍ ထိုလူများ အပေါင်းနှင့် အတူတကွ လိုက်ပါသွားရောက် ရှေ့မှောက်တည့်မှတ် ပရိသတ် အစွန်အဖျား၌ ထိုင်နေ၏။

မြတ်စွာဘုရားသည် ထိုသုန္ဒရသမုဒ္ဒ သတို့သား၏ အလိုအာသယကို မုချတိတိ သိမြင်တော်မူ၍ အစဉ်အတိုင်းသော တရားစကားကို ဟောကြားတော်မူ၏။ ထိုသတို့သားသည် ''အိမ်ရာဖွဲ့နှောင် လူ့ဘောင်အလယ်၌ စိုးအုပ်၍ နေသဖြင့် ပွတ်သစ်စသော ခရုသင်း အတူ ဖြူစင်သန့်ရှင်းသော ဗြဟ္မစရိယ မည်ရပညတ် မြတ်သောအကျင့်ကို ကျင့်ခြင်းငှါ မတတ်နိုင်ကောင်းချေ''ဟု ကြံစည်ပြီးလျှင် မြတ်စွာဘုရား ဟောကြားမြွက်ဖော် တရားစကားတော်ကို မှီ၍ သာသနာ့ဝန်ထမ်း ရဟန်းအဖြစ်၌ ဖြစ်သော အားထုတ်ခြင်းရှိသည်ဖြစ်၍ တရားပြီးဆုံး အားလုံးပရိသတ် ကုန်ပြတ်စဲလား ဖဲသွားသည် ရှိသော် ဘုန်းတော်သခင် ဘုရားရှင်ကို ထံခွင်ဝင်မြန်း ရဟန်းအဖြစ်ကို တောင်းပန်၍ ''အမိအဘနှစ်ဦးတို့က အနူးအညွတ် ခွင့်မလွှတ်သောသားကို ငါးဘုရားတို့ ရဟန်းမပြုကုန်''ဟု ကြားသိရသောကြောင့် အိမ်သို့ပြန်သွား၍ ရဋ္ဌပါလ အမျိုးသား စသည်တို့ကဲ့သို့ ရဟန်းမပြုရသည် ဖြစ်ခဲ့က မိမိ၏ ဇီဝိတိန္ဒြေ ပျက်ကျေမတွန့် အဆုံးစွန့်အံ့ဟူသော အလွန်ကြီးကျယ်သော လုံ့လဖြင့် အမိအဘတို့ကို ခွင့်ပြုစေ၍ မြတ်စွာဘုရား၏ အထံတော်၌ ရဟန်းပြုခြင်း ပဥ္စင်းအဖြစ်ကိုရ၍ ''ငါ့အား ဤအရပ်ဌာန၌ နေသဖြင့် အဘယ်သို့ အကျိုးရှိအံ့နည်း''ဟု ကြံစည်ပြီးလျှင် ထိုသာဝတ္ထိပြည်မှ ထွက်ခွါခဲ့၍ ရာဇဂြိုဟ်ပြည်သို့ သွားရောက်ပြီးသော် သင့်လျော်နှစ်မြို့ ဆွမ်းအလို့ငှါ လှည့်လည်လျက် အချိန်ကာလကို မျှတလွန်မြောက်စေ၏။

ထိုနောက် တစ်နေ့သောအခါ၌ သာဝတ္ထိပြည်ဝယ် ထိုသုန္ဒရသမုဒ္ဒ သတို့သား၏ မိခင် ဖခင်တို့သည် ကြီးမားစီစဉ် ပွဲသဘင်ဖြစ်သောနေ့ဝယ် ကြီးကျယ်ရိပ်ငြိမ် စည်းစိမ် အသရေ အထွေထွေ ပေါ်ကြွယ် တင့်တယ်ခြင်း အစုဖြင့် မြူးထူးပျော်ပါး ကစားစံပယ်ကုန်သော ထိုမိမိတို့ သားငယ်၏ အပေါင်းအဖော် ဖြစ်ကုန်သော သတို့သားတို့ကို မြင်ကုန်သောကြောင့် ''ငါတို့၏ သားငယ်အား ဤသို့ သဘောရှိသော ပေါ်များပြည့်ကြွယ် တင့်တယ်ခြင်း အသရေဖြင့် အထွေထွေ ခံစား ကစားမြူးထူးခြင်းကို မရနိုင်တော့သည် ဖြစ်ခဲ့ချေပြီတကား''ဟု ပြောကြား ပင်ပန်း ငိုမြည်တမ်းကြကုန်၏။ ထိုအခိုက် ခဏဝယ် ပြည့်တန်ဆာမ တစ်ယောက်သည် ထိုအမျိုးအိမ်သို့ သွားရောက်၍ ငိုကြွေးမြည်တမ်းလျက် ပင်ပန်းလှိုက်ပွေ့ ထိုင်နေသော ထိုသတို့သား၏ မိခင်ကို တွေ့မြင်၍ ''အို မိခင် အဘယ်အကြောင်းကြောင့် ငိုကြွေးမြည်တမ်းပါသနည်း''ဟု မေး၏။ ''ချစ်သမီး မိခင်မွေးဖွား သားငယ်ကို အဖန်တလဲလဲ စွဲမြဲစေ့စေ့ အောက်မေ့မိသောကြောင့် ငိုကြွေးမြည်တမ်း၏''ဟု ပြောဆိုသောအခါ ''အို-မိခင် အရှင်မ၏ ထိုသားငယ်

သည် အဘယ်မှာနည်း”ဟု မေးပြန်၏။ “ချစ်သမီး ရဟန်းတို့ဘောင်၌ ရဟန်းပြုလုပ်၍ သွားပါသည်”ဟု ပြောကြားပြန်လျှင် “မိခင် အသို့ပေနည်း၊ ရဟန်းဘောင်မှ ခွါရှောင်ပယ်ဖျက် လူထွက်စေခြင်းငှါ မသင့်လျော်ပါသလော”ဟု မေးမြန်းပြန်သဖြင့် “ချစ်သမီး ထိုသားငယ်က အရှယ်သင့်ဆောင် ရဟန်းဘောင်ကို ခွါရှောင်ပယ်ဖျက် လူထွက်ခြင်းငှါ အလိုမရှိ။ ငါတို့တည်ရှိ ဤသာဝတ္ထိမြို့မှ ထွက်ခွါ၍ ရာဇဂြိုဟ်ပြည်သို့ သွားလေသည်”ဟု ပြောဆို၏။ “အကယ်၍ ကျွန်တော်မသည် မိခင်၏ ထိုသားငယ်ကို ရဟန်းအဖြစ် စွန့်ပစ် ပယ်ဖျက် လူထွက်စေအံ့၊ ကျွန်တော်မအား အဘယ်သို့ ချီးမြှောက် ထောက်ပံ့ခြင်းကို ပြုကုန်လတ္တံ့နည်း”ဟု မေးသည် ရှိသော် “ချစ်သမီး အသင့်အား ပစ္စည်းဥစ္စာများစွာကြွယ်ဖြိုး ဤအမျိုး၏ စည်းစိမ်ချမ်းသာကို ကောင်းစွာလွှမ်းမိုး အစိုးရသည်ကို ပြုပါကုန်အံ့”ဟု ဝန်ခံပြောဆို၏။ ထိုသို့ဖြစ်ပါမူကား ကျွန်တော်မအား သုံးစွဲဖို့ရာ ရိက္ခာအလုံအလောက် ပေးပါကုန်လော့”ဟု ပြောဆိုပြီးကာ ရိက္ခာကိုယူ၍ ကြီးကျယ်သော အခြံအရံဖြင့် ရာဇဂြိုဟ်ပြည်သို့ သွားရောက်ပြီးသော် ထိုသုန္ဒရသမုဒ္ဒမထေရ် ဆွမ်းခံလှည့်လည်ရာ ဖြစ်သော ခရီးကို မှတ်သား၍ ထိုလမ်းခရီး၌ သင့်လျော်ထောက်ရှု တစ်ခုသော နေရာအိမ်ကို ယူငင်သိမ်းပိုက်လျက် နံနက်စောစောကသာလျှင် မွန်မြက်သော အာဟာရအစာကို ကောင်းမွန်စွာ စီစဉ်၍ သုန္ဒရသမုဒ္ဒမထေရ်၏ ဆွမ်းအလို့ငှါ ကြွဝင်လာသောအခါ၌ မထေရ်အား ဆွမ်းကို ပေးလှူ၍ နှစ်ရက် သုံးရက်ကို လွန်မြောက်သဖြင့် “အရှင်ဘုရား ဤနေအိမ်၌သာလျှင် သီတင်းသုံး နေထိုင်တော်မူ၍ ဆွမ်းဘုဉ်းပေးခြင်းအမှုကို ပြုတော်မူပါကုန်လော့”ဟု လျှောက်ကြားပြီးကာ သပိတ်ကိုယူ၏။

ထိုမထေရ်ကလည်း သပိတ်ကို ပေးတော်မူ၍ ထိုနောက် မထေရ်ကို မွန်မြတ်သော ဆွမ်းအာဟာရဖြင့် ပြုစုလုပ်ကျွေး၍ “အရှင်ဘုရား ဤနေအိမ်၌သာလျှင် ဆွမ်းအလို့ငှါ ကောင်းစွာသင့်ပြီး ရှာမှီးလှည့်လည်ခြင်းငှါ ချမ်းသာပါသည်”ဟု ပြောဆိုလျှောက်ထား၍ နှစ်ရက် သုံးရက်ပတ်လုံး အိမ်ဦးအပြင်၌ ထိုင်နေစေပြီးလျှင် ဆွမ်းကျွေး၍ ကလေးသူငယ်တို့ကို မုန့်တို့ဖြင့် ချီးမြှောက်ပေးကမ်း၍ “အသင်တို့သည် လာကြကုန်လော မထေရ်၏ ကြွလာသောအခါ၌ ငါသည် တားမြစ် ဘောင်းပန်သော်လည်း ဤနေရာသို့ လာရောက်ကုန်၍ မြူမှုန်ကို ထကြွစေကုန်လော့”ဟု ပြောဆိုမှာထား၏။ ထိုကလေးသူငယ်တို့သည်တစ်ဖန်မိုးသောက်သော နောက်တစ်နေ့၌ မထေရ် ဆွမ်းဘုဉ်းပေးသုံးဆောင်သော အခါ၌ ထိုမိန်းမသည် တားမြစ် ဘောင်းပန်လျက်လည်း မြူမှုန်ကို ထစေကုန်၏။ ထိုမိန်းမသည် တစ်ဖန်မိုးသောက်သောနေ့၌ “အရှင်ဘုရား ကလေးသူငယ်တို့သည် တားမြစ် တောင်းပန်ပါသော်လည်း တပည့်တော်မ၏ စကားကို မကြားသိသည့် အတူမနာယူမူ၍ ဤအရပ်၌ မြူမှုန်ကို ထစေကြကုန်၏။

နေအိမ်၏အတွင်း၌ ထိုင်နေသီတင်းသုံးကုန်ပါလော့”ဟု ပြောဆို လျှောက်ကြားကာ နေအိမ်၏အတွင်း၌ ထိုင်နေစေ၍ နှစ်ရက် သုံးရက်ပတ်လုံး ဆွမ်းလုပ်ကျွေးပြုစု၏။ တစ်ဖန် ကလေးသူငယ်ဘို့ကို ချီးမြှောက်ထောက်ပံ့၍ “အသင်တို့သည် ငါ တားမြစ် တောင်းပန်သော်လည်း မထေရ် ဆွမ်းဘုဉ်းပေးသော အခါ၌ ကျယ်စွာသော အသံကို ဟစ်အော်ပြုလုပ် ကြကုန်လော့”ဟု ပြောဆိုမှာထားပြန်၏။ ထိုကလေးသူငယ်တို့သည် ပြောဆိုမှာထားသည့်အတိုင်း ပြုလုပ်ကြကုန်၏။ ထိုပြည့်တန်ဆာ မိန်းမသည် တစ်ဖန်မိုးသောက်သော နေ့၌ “အရှင်ဘုရား ဤအရပ်၌ အလွန်လျှင် ကျယ်စွာသော အသံရှိသည်ဖြစ်ပါ၏။ သူငယ်တို့သည် တပည့်တော်မ တားမြစ် တောင်းပန်ပါလျက်လည်း စကားကို မနာယူကုန်။ အထက်ဖြစ်သော ပြာသာဒ်ပြင်၌သာလျှင် သီတင်းသုံးပါကုန်လော့”ဟု ပြောဆို လျှောက်ထား၍ မထေရ်က သည်းခံသည်ရှိသော် မထေရ်ကို ရှေ့ပြု၍ ပြာသာဒ်အပြင်ထက်သို့ တက်သွားသည်ရှိသော် တံခါးတို့ကို ပိတ်လျက်သာလျှင် ပြာသာဒ်အပြင်ထက်သို့ တက်၏။ သုန္ဒရသမုဒ္ဒမထေရ်ကား အိမ်စဉ်အတိုင်းသာ ဆွမ်းရှာလှည့်လည် သုံးဆောင်ဘုဉ်းပေးလေ့ရှိသော မြတ်သော သပဒါနစာရိက ဓုတင်ဆောင် ပုဂ္ဂိုလ်ဖြစ်ပါလျက်လည်း အရသာ၌ လွန်စွာတပ်မက်တတ်သော တဏှာတရား တိုးပွားနှောင်ဖွဲ့သည်ဖြစ်၍ ထိုပြည့်တန်ဆာမ၏ ပြောကြားသော စကားဖြင့် ဘုံခုနစ်ဆင့်ရှိသော ပြာသာဒ်အပြင်ထက်သို့ ဟက်ရောက်မိလေ၏။ ထိုပြည့်တန်ဆာမိန်းမသည် မထေရ်ကို ထိုင်နေသီတင်းသုံးစေပြီး၍—

## မိန်းမတို့၏ မာယာလေးဆယ်

အဆွေပုဏ္ဏမှုခ စင်စစ်အားဖြင့် လေးဆယ်ကုန်သော မာယာယှက်သွယ် ပရိယာယ်အကြောင်းတို့ဖြင့် မိန်းမသည် ယောကျ်ားကို ဖြားယောင်းလှည့်ဆွယ် ငင်သွယ်ချိတ်လို လွန်ကြူး၍ ပြောဆို၏။ အကြောင်း ပရိယာယ် လေးဆယ်တို့ဟူသည်အဘယ်သည်တို့နည်းဟူမူ—

၁။ မိမိကိုယ်ကို ဆန့်၏။

၂။ မိမိကိုယ်ကို ညွတ်၏။

၃။ မိမိကိုယ်ကို စံပယ်၏။

၄။ ရှက်လေယောင် ရှက်ဟန်ဆောင်၏။

၅။ လက်သည်းတစ်ခုဖြင့် လက်သည်းတစ်ခုကို ခြစ်၏။

၆။ တစ်ဖက်သော ခြေဖြင့် တစ်ဖက်သောခြေကို နင်း၏။

၇။ သစ်သားတုတ်တံငယ်ဖြင့် မြေကိုခြစ်၏။

၈။ သူငယ်ကို မြှောက်ပင့်၏။

၉။ သူငယ်ကို မြှောက်ပင့်စေ၏။
၁၀။ သူငယ်ကို ချီမ၏။
၁၁။ သူငယ်ကို ကစားကျီစယ်၏။
၁၂။ သူငယ်ကို ကစားကျီစယ်စေ၏။
၁၃။ သူငယ်ကို နမ်းရှုပ်၏။
၁၄။ သူငယ်ကို နမ်းရှုပ်စေ၏။
၁၅။ သူငယ်ကို ခံတွင်းဖြင့် မိမိစုတ်၏။
၁၆။ သူငယ်ကို ခံတွင်းဖြင့် စုတ်စေ၏။
၁၇။ တစ်စုံတစ်ခု သူငယ်ကို မိမိက ပေး၏။
၁၈။ သူငယ်ထံမှ တစ်စုံတစ်ခု တောင်း၏။
၁၉။ သူငယ်ပြုလုပ်သည်ကို အတုလိုက်၍ ပြု၏။
၂၀။ အသံကို ကြယ်စွာမြှင့်၍ စကားဆို၏။
၂၁။ အသံကိုနှိမ့်၍ ဖြည်းညင်းသာယာ စကားဆို၏။
၂၂။ ကခြင်း သီခြင်း တီးမှုတ်ခြင်း ငိုကြွေးခြင်း စံပယ်ခြင်း တန်ဆာဆင်ခြင်းဖြင့် ထင်စွာဆို၏။
၂၃။ ကခြင်း သီခြင်း တီးမှုတ်ခြင်း ငိုကြွေးခြင်း စံပယ်ခြင်း တန်ဆာဆင်ခြင်းဖြင့် ဝှက်၍ဆို၏။
၂၄။ ပြင်းစွာရယ်၏။
၂၅။ စောင့်ငဲ့၍ ကြည့်ရှု၏။
၂၆။ ခါးကိုလှုပ်၏။
၂၇။ လျှို့ဝှက်အပ်သော အင်္ဂါကို ထက်ဝန်းကျင် လှုပ်၏။
၂၈။ ပေါင်ကို ဖွင့်လှစ်၏။
၂၉။ ပေါင်ကို ဖုံးလွှမ်း၏။
၃၀။ သားမြတ်ကို ပြ၏။
၃၁။ လက်ကတီးကို ပြ၏။
၃၂။ ချက်ကို ပြ၏။
၃၃။ မျက်စိကို မှိတ်၏။
၃၄။ မျက်မှောင်ကို ပင့်ချီ၏။
၃၅။ နှုတ်ခမ်းကို ကိုက်၏။

၃၆။ လျှာကို ထုတ်၏။
၃၇။ အဝတ်ကို ကျွတ်ယောင်ပြု၍ ချွတ်၏။
၃၈။ အဝတ်ကို ပြုပြင်၍ ဝတ်၏။
၃၉။ ဆံပင်ကို ဖြေဖြန့်၏။
၄၀။ ဆံပင်ကို ထုံးဖွဲ့၏။

ဤသည်ကား အကြောင်းပရိယာယ် လေးဆယ် တို့တည်း။

ဤသို့လျှင် အသီတိနိပါတ် မဟာကုဏာလဇာတ်၌ လာရှိသော မိန်းမတို့၏ အပြုအမူ၊ မိန်းမတို့၏ မှူးထူးစံပယ်ခြင်းကို ပြု၍ သုန္ဒရသမုဒ္ဒမထေရ်၏ရှေ့မှ တည်နေလျက် ဤဂါထာကို ရွတ်ဆို၏—

အလတ္တကကတာ ပါဒါ၊ ပါဒုကာရုယှ ဝေသိယာ။
တုဝမ္ပိ ဒဟရော မမ၊ အဟမ္ပိ ဒဟရာ တဝ။
ဥဘောပိ ပဗ္ဗဇိဿာမ၊ ဇိဏ္ဏာ ဒဏ္ဍပရာယဏာ။

ခြေတွင်ချိတ်ရည်ဖြင့် ဆိုးထားသော ပြည့်တန်ဆာမသည် နှုးညံ့သော ခြေနင်းကို စီးပြီး "အို ရဟန်း သင်သည်လည်း နုပျိုလှပါသေး၏။ ကျွန်မ၏ ခင်ပွန်းလင်ဖြစ်ရန် သင့်လျော်ပါ၏။ ကျွန်တော်မသည်လည်း နုပျိုသေး၏။ အရှင်၏ ခင်ပွန်းမယားဖြစ်ရန် သင့်လျော်ပါ၏။ နောင်သောအခါ တောင်ဝှေး လက်ဆွဲကြသောအခါမှ နှစ်ဦးစလုံး ရဟန်းပြုကြကုန်အံ့၊

မထေရ်အား "မစုံစမ်း မဆင်ခြင် မူ၍ ငါပြုအပ်သော အမှုသည် ကြော်ငြာ ဝန်လေးစွတကား" ဟု ကြံစည် အောက်မေ့လျက်သာ ကြီးစွာသော ထိတ်လန့် တုန်လှုပ်ခြင်းသည် ထင်ရှားဖြစ်၏။ ထိုအခိုက်ခဏဝယ် မြတ်စွာဘုရားရှင်သည် လေးဆယ့်ငါးယူဇနာ ဝေးကွာသော အထက်၌ တည်ရှိသော ဇေတဝန် ကျောင်းတော်၌ သီတင်းသုံး ထိုင်နေတော် မူလျက်သာလျှင် ထိုသို့သော အကြောင်း ဖြစ်အင်ကို မြင်တော်မူသည် ရှိသော် ပြုံးရွှင်ခြင်းကို ထင်လင်းစွာ ပြုတော်မူ၏။ ထိုအခါ မြတ်စွာဘုရားကို အာနန္ဒာမထေရ်က "ဘုန်းတော် ကြီးတော်မူသော မြတ်စွာဘုရား ပြုံးရွှင်တော် မူခြင်းကို ထင်ရှားပြုခြင်း၏ အကြောင်းဖြစ်အံ့ အထောက်အပံ့ကား အဘယ်ပါနည်း" ဟု ပြုံးရွှင်ခြင်း အကြောင်းကို မေးလျှောက်၏။ "ချစ်သား အာနန္ဒာ ရာဇဂြိုဟ်ပြည်၌ ဘုံခုနစ်ဆင့်ရှိသော ပြာသာဒ်အပြင်ထက်၌ သုန္ဒရသမုဒ္ဒရဟန်း၏ လည်းကောင်း ပြည့်တန်ဆာမိန်းမ၏ လည်းကောင်း သူနိုင် ငါနိုင် နှစ်ဦးစစ်ပြိုင်ခြင်းသည်

ဖြစ်ပေ၏။ ထိုသို့ ရှီး-နိုင် စစ်ပြိုင်သူ နှစ်ဦးကို အထူး မြင်တော်မူသောကြောင့် ငါဘုရားရှင် ပြုံးရွှင်ခြင်းကို ပြုပေ၏” ဟု မိန့်တော်မူသောအခါ “ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား အဘယ်သူအား အောင်နိုင်ခြင်း ဖြစ်ပါအံ့နည်း၊ အဘယ်သူအား ရှုံးခြင်း ဖြစ်ပါအံ့နည်း” ဟု မေးလျှောက် ပြန်သဖြင့် မြတ်စွာဘုရားက “ချစ်သား အာနန္ဒာ သုန္ဒရသမုဒ္ဒအား အောင်နိုင်ခြင်း ဖြစ်လတ္တံ့၊ ပြည့်တန်ဆာမိန်းမအား ဆုံးရှုံးခြင်း ဖြစ်လတ္တံ့”ဟု မိန့်ဆိုတော်မူပြီးလျှင် မထေရ်၏ အောင်ခြင်းကို ပြတော်မူ၍ ထိုနေရာ၌ ထိုင်နေ သီတင်းသုံးတော်မူလျက်သာလျှင် အရောင်တော်ကို ပျံ့နှံ့စေ၍ “ချစ်သား ရဟန်းဝတ္ထုကိလေသာ လှန်စွာယှက်ပွါး နှစ်ပါးလည်း ဖြစ်ကုန်သော ကာမတို့ကို မတပ်မမက် ငဲ့ကွက်ခြင်း ကင်းသည်ဖြစ်၍ စွန့်ပစ်လေလေ့” ဟုမိန့်တော်မူလိုရကား ဤဂါထာကို ဟောကြားတော်မူ၏—

**ယောဓ ကာမေ ပဟန္တွာန၊ အနာဂါရော ပရိဗ္ဗဇေ။**
**ကာမဘဝပရိက္ခီဏံ၊ တမဟံ ဗြူမိ ဗြာဟ္မဏံ။**

လောက၌ ကာမဂုဏ်တို့ကို အကြွင်းမဲ့ ပယ်စွန့်၍ အိမ်ရာတည်ထောင်အနှောင်အဖွဲ့မှ ခွါရှောင်ကာ ရဟန်းပြု၏။ ကာမရာဂ ဘဝရာဂကို ပယ်ဖျက်ပြီးသော ပုဂ္ဂိုလ်ကို မကောင်းမှုမှ အပပြုပြီးသူဟု ငါဘုရား ဟောကြားတော်မူ၏။

## ဒေသနာတော်၏ အကျိုးအာနိသင်

ဒေသနာတော်၏ အဆုံး၌ ထိုသုန္ဒရသမုဒ္ဒ မထေရ်သည် အရဟတ္တဖိုလ်သို့ ရောက်၍ တန်ခိုး၏ အစွမ်းဖြင့် ကောင်းကင်သို့ ကြွတက်ပြီးသော် ပြာသာဒ်အမိုး၏ အထက် ချက်ဝန်းကို ဖောက်ထွက်၍ မြတ်စွာဘုရား၏ ကိုယ်တော်ကို ချီးမွမ်းထောမနာလျက်သာလျှင် ကြွတော်မူလာခဲ့၍ မြတ်စွာဘုရားရှင်ကို ကြည်လင် ညွတ်လျှိုး ရှိခိုး၏။ ရဟန်းတို့သည် တရားသဘင်၌ “ငါ့ရှင်တို့ ဇိဝှါပသာဒကို မှီသော ဝိညာဏ်ဖြင့် သိအပ် ခံစားအပ်သော ရသာရုံကို အမှီပြု၍ သုန္ဒရသမုဒ္ဒမထေရ်သည် မနိန္တြေတည်နေမရ ပျက်လျှောကျရလေသည်။ မြတ်စွာဘုရားရှင်သည်ကား ထိုသုန္ဒရသမုဒ္ဒမထေရ်၏ ထောက်တည် မှီခိုကိုးကွယ်ရာ ဖြစ်လေတော့၏” ဟူသော စကားကို ဖြစ်စေကြကုန်၏။ မြတ်စွာဘုရားသည် ရဟန်းတို့ ပြောဆိုသော ထိုစကားကို ကြားတော်မူ၍ “ချစ်သား ရဟန်းတို့ ဤယခု အခါ၌သာလျှင် ငါဘုရားသည် ထိုရဟန်း၏ ထောက်တည် မှီခို ကိုးကွယ်ရာ ဖြစ်သည် မဟုတ်တုံသေး၊ ရှေးဘဝ အခါ၌လည်း ငါဘုရားသည် ရသတဏှာဖြင့် နှောင်ဖွဲ့အပ်သော ထိုရဟန်း၏ ထောက်တည်မှီခို ကိုးကွယ်ရာ

ဖြစ်ဖူးသည် သာလျှင်တည်း” ဟု မိန့်တော်မူ၍ ထိုရဟန်းတို့ တောင်းပန်အပ်သောကြောင့် ထိုအကြောင်းကို ပြခြင်းအကျိုးငှါ အတိတ်ကို ဆောင်တော်မူ၏။

## ဝါတမိဂ သမင်ပျိုဝတ္ထု

ရှေးလွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း၏ ဥယျာဉ်စောင့်ဖြစ်သော ဥယျာဉ်မှူးသည် သဉ္စယ အမည်ရှိ၏။ ထိုအခါ တစ်ကောင်သော သမင်ပျိုသည် ထိုမင်းကြီး၏ ဥယျာဉ်တော်သို့လာ၍ ဥယျာဉ်မှူးသဉ္စယကို မြင်သည်ရှိသော် လျင်စွာ ထွက်ပြေး၏။ သဉ္စယသည်လည်း ထိုသမင်ပျိုကို ခြောက်၍ မနှင်ထုတ်။ ထိုသမင်ပျိုသည် အဖန်ဖန်အထပ်ထပ် မပြတ်လာရောက်၍ ဥယျာဉ်တော်၌ သာလျှင် ကျင်လည် ကျက်စား၏။ ဥယျာဉ်မှူးသည် ဥယျာဉ်၌ ဖြစ်ပေါ်ကုန်သော အထူးထူး အပြားပြားများစွာကုန်သော သစ်ပွင့် သစ်သီးတို့ကို ယူ၍ နေ့တိုင်း နေ့တိုင်း မင်းကြီးအားပို့ဆောင်ဆက်သ၏။ ထိုနောက် တစ်နေ့သောအခါ၌ ထိုဥယျာဉ်မှူးကို ပြည့်ရှင်မင်းကြီးက “အချင်း ဥယျာဉ်မှူး၊ ဥယျာဉ်၌ တွေ့မြင်အပ်သော တစ်စုံတစ်ခု အံ့ဖွယ်ဘနန်း ထူးဆန်းသောအရာ ရှိပါသလော” ဟု မေးတော်မူ၏။ “အရှင်မင်းမြတ် တစ်ပါးသော အရာဝတ္ထုကိုမူကား မမြင်မတွေ့ပါ။ တစ်ကောင်သော သမင်ပျိုသည်ကား လာရောက်၍ ဥယျာဉ်တော်၌ ကျက်စားလှည့်လည်ပါသည်။ ထိုအရာဝတ္ထုကို တွေ့မြင်ပါ၏” ဟု လျှောက်တင်၏။ “အချင်းဥယျာဉ်မှူး ထိုသမင်ပျိုကို ဖမ်းယူခြင်းငှါ မစွမ်းနိုင်ပါလတ္တံ့လော” ဟု မေးတော်မူပြန်သဖြင့် “အရှင်မင်းမြတ် အနည်းငယ်မျှသော ပျားရည်ကို ရပါမူကား အရှင်မင်းမြတ် စံတော်မူရာ နန်းတော်သို့သော်လည်း ဆောင်ယူဆက်သွင်းခြင်းငှါ စွမ်းနိုင်ပါလတ္တံ့” ဟု လျှောက်တင်၏။ ပြည့်ရှင်မင်းမြတ်သည် ထိုဥယျာဉ်မှူးအား ပျားရည်ကို ပေးစေ၏။

ထိုဥယျာဉ်မှူးသည် ပျားရည်ကိုယူ၍ ဥယျာဉ်သို့ သွားရောက်ပြီးသော် သမင်ပျို၏ ကျက်စား လှည့်လည်ရာ အရပ်၌ မြက်တို့ကို ပျားရည်ဖြင့် လိမ်းကျံ၍ ပုန်းကွယ်နေထိုင်၏။ သမင်ပျိုသည် လာရောက်၍ ပျားရည်ဖြင့် လိမ်းကျံအပ်သော မြက်တို့ကို ကိုက်ခဲ စားသုံး၍ အရသာ၌ တပ်မက်စွဲလမ်းသော တဏှာဖြင့် ဖွဲ့မိ၍သာလျှင် တစ်ပါးသောအရပ်သို့ မသွားမူ၍ ဥယျာဉ်တော်သို့သာလျှင် လာ၏။ ဥယျာဉ်မှူးသည် ထိုသမင်ပျို၏ ပျားရည်ဖြင့် လိမ်းကျံသော မြက်တို့၌ တပ်မက်စိတ်စွဲ မရှောင့်ရှားနိုင်သော အဖြစ်ကို သိ၍ အစဉ်အတိုင်းအားဖြင့် မိမိကိုယ်ကို ထင်ရှားပြ၏။ ထိုသမင်ပျိုသည် ဥယျာဉ်မှူးကိုမြင်၍ နှစ်ရက် သုံးရက်ပတ်လုံး တိမ်းရှောင်ထွက်ပြေး၍ အဖန်ဖန် အထပ်ထပ် မပြတ် တွေ့မြင်ဖန် များလတ်သော် အကျွမ်းဝင်ခြင်းသို့ ရောက်၍

အစဉ်အတိုင်းအားဖြင့် ဥယျာဉ်မှူး၏ လက်၌ တင်ထားအပ်သော မြက်တို့ကို ခဲခြင်းစားခြင်းငှါ အားထုတ်၏။ ဥယျာဉ်မှူးသည် ထိုသမင်ပျို၏ အကျွမ်းဝင်ခြင်းသို့ ရောက်သောအဖြစ်ကိုသိ၍ မင်းအိမ်နန်းတော်တိုင်အောင် လမ်းခရီးကို ဖျာတို့ဖြင့် ကာရံ၍ ထိုထိုသို့သောအရပ်၌ သစ်ခက်ကျိုးကို ကျစေ၍ ပျားရည်ထည့်သော ဗူးအိုးကို ပခုံး၌ လွယ်ချိတ်၍ မြက်စည်းကို လက်ကတီးကြား၌ ညှပ်ထားပြီးလျှင် မြက်တို့ကို သမင်ပျို၏ ရှေ့မှရှေ့မှ ကြဲဖြန့်လျက် မင်းကြီး၏ နန်းတော်တွင်းသို့သာလျှင် သွားလေ၏။ သမင်ပျိုသည် နန်းတော်တွင်းသို့ ဝင်ရောက်မိသည်ရှိသော် တံခါးကို ပိတ်ကုန်၏။ သမင်သည် လူတို့ကို တွေ့မြင်လေလျှင် တုန်လှုပ်လျက် သေအံ့သောဘေးဖြင့် ခြိမ်းခြောက်အပ်သောကြောင့် နန်းတော်တွင်း ဖြစ်သော မင်းရင်ပြင်၌ ထိုမှ ဤမှ လှည့်လည် ပြေးသွား၏။

ပြည့်ရှင်မင်းမြတ်သည် ပြာသာဒ်အပြင်မှ သက်ဆင်းတော်မူ၍ ကြောက်ရွံ့ တုန်လှုပ်သော ထိုသမင်ကို မြင်တော်မူလျှင် "သမင်ပျိုတို့ မည်သည် လူတို့ တွေ့မြင်ရာ အရပ်သို့ ခုနစ်ရက်မျှလောက်ပင် သွားလာခြင်းမရှိ။ ခြိမ်းခြောက် တုန်လှုပ် ကြောက်ရွံ့အပ်သော အရပ်သို့ အသက်ရှည်သမျှကာလပတ်လုံး မသွား။ ဤသို့ သဘောရှိသော တောချုံပိတ်ပေါင်းကိုမှီသော သမင်ပျိုသည် ရသတဏှာဖြင့် နှောင်ဖွဲ့အပ်သည်ဖြစ်၍ ဤယခုအခါ၌ ဤသို့ သဘောရှိသော နန်းတော်အတွင်းအရပ်သို့ လာရောက်ခဲ့ရရှာ၏။ အကြောင်းအသို့နည်း" ဟု ဘုရားလောင်း အမတ်ကို မေးသဖြင့် ဘုရားလောင်း အမတ်က "လောက၌ အရသာ၌ တပ်မက်တတ်သော တဏှာအောက် အထူးသဖြင့် ယုတ်မာသော အရာသည် စင်စစ်အားဖြင့် မရှိချေတော့။ အရသာ၌ တပ်မက်သော တဏှာ သည်သာလျှင် အထူးသဖြင့် ယုတ်မာလှပါ၏" ဟု လျှောက်ထားလိုသော ကြောင့် ဤဂါထာကို ရွတ်ဆို၏—

န ကိရတ္ထိ ရသေဟိ ပါပိယော၊ အာဝါသေဟိ ဝါ သန္ထဝေဟိ ဝါ။
ဝါတမိဂံ ဂဟနနိဿိတံ၊ ဝသမာနေသိ ရသေဟိ သဉ္စယော။

အရှင်မင်းမြတ် အချို အချဉ် စသည့် ရသာရုံအပေါ် တပ်ငြိသည့် ရသ တဏှာထက် ယုတ်မာသော သဘောတရား မရှိပေ။ ဤ ရသတဏှာသည့် အရိပ်အာဝါသ နေရာထိုင်ခင်းတို့၌ တပ်ငြိသော အာဝါသတဏှာထက် လည်းကောင်း ချစ်ကျွမ်းဝင်သူတို့အပေါ် တပ်ငြိသည့် တဏှာထက် လည်းကောင်း အထူးသဖြင့် ယုတ်မာလှ၏။ မင်းမြတ် အရသာအပေါ် တပ်ငြိသည့် ရသတဏှာ တို့၏ အထူးသဖြင့် ယုတ်မာသည်၏ အဖြစ်ကို အရှင်မင်းမြတ်တို့သည် ရှုကြည့်

တော်မူပါလော့။ တောချုံကိုမှီသည့် လေတမျှ လျင်မြန်လှသည့် သမင်ပျိုကို ဥယျာဉ်မှူး သဥ္စယသည် ပျားရည်လူးသော မြက်တည်းဟူသော အရသာဖြင့် မိမိအလိုသို့ ဖျားယောင်း ဆောင်ယူသွားခဲ့ပေ၏ဟု လျှောက်တင်ပြီးကာ သနားဖွယ်ရာ ကောင်းလှစွာသော ထိုသမင်ပျိုကို တောသို့သာလျှင် လွှတ်စေပြီ။

ဤ ဝါတမိဂဇာတ်ကို အကျယ်ဝိတ္ထာရ ဟောပြတော်မူပြီး၍ ဤသုန္ဒရ သမုဒ္ဒရဟန်းသည် ထိုအခါ၌ ဝါတမိဂဖြစ်ဖူးပြီ။ ဤသို့သော ဂါထာကို ရွတ်ဆို၍ ထိုသမင်ပျိုကို တော၌လွှတ်စေသော ပြည့်ရှင်မင်းမြတ်၏ အမတ်ကြီးသည်ကား ငါဘုရားသာလျှင်တည်းဟု ဇာတ်တော်ကို ပေါင်းတော်မူ၏။

[ဤဓမ္မပဒ အဋ္ဌကထာနှင့် ဇာတ်အဋ္ဌကထာတို့ ပစ္စုပ္ပန်ဝတ္ထု၌လည်းကောင်း ဇာတ်ပေါင်း၌လည်းကောင်း အဆိုအမိန့် မတူ ကွဲလွဲထူးခြားရခြင်းအကြောင်းမျိုးကို အောက်၌ ဖော်ပြရေးသားခဲ့ပြီ။]

သုန္ဒရသမုဒ္ဒမထေရ်ဝတ္ထုပြီး၏။

## ၃၃။ ဇောတိလမထေရ်ဝတ္ထု

ယောဓ တဏှံ–အစရှိသော ဒေသနာတော်မြတ်ကို မြတ်စွာဘုရားရှင်သည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် ဇောတိလ မထေရ်ကို အကြောင်းပြု၍ ဟောကြားတော်မူ၏။

[ဇောတိလမထေရ်၏ ရဟန်းဖြစ်ခြင်း အကြောင်းကား ဇောတိကသူဌေးနှင့် မကင်းကောင်းသော အကြောင်းတစ်ခုရှိသည် ဖြစ်ခဲ့လေ၏· ထို့ကြောင့် အဋ္ဌကထာဆရာသည် ဇောတိလမထေရ်၏ အကြောင်းအတ္တုပ္ပတ္တိကို ဖော်ပြရာ၌ ဇောတိက သူဌေး၏ အကြောင်း အတ္တုပ္ပတ္တိကို ရှေးဦးစွာ မိန့်မှာ ဖော်ပြတော်မူ၏။ ယင်းသို့ အဋ္ဌကထာ မိန့်မှာဖော်ပြသည့် အစဉ်အတိုင်း ရှေးဦးစွာ ဇောတိက သူဌေး၏ အကြောင်းအတ္တုပ္ပတ္တိကို ရေးသားပေအံ့]

ရှေးလွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ညီအစ်ကိုနှစ်ဦး ဖြစ်ကုန်သော သူကြွယ်တို့သည် ကြီးစွာသော ကြံခင်းကို ပြုလုပ်ကြကုန်သတတ်။ ထိုနောက် တစ်နေ့သောအခါ၌ ညီဖြစ်သော သူကြွယ်သည် ကြံခင်းသို့သွား၍ "တစ်ချောင်းသော ကြံကို အစ်ကိုကြီးအား ပေးအံ့၊ တစ်ချောင်းသော ကြံသည်

ငါ့အား ဖြစ်ပေလတ္တံ့" ဟု ကြံစည် ရည်ညွှန်း၍ နှစ်ချောင်းကုန်သော ကြံတို့ကို အရည်မထွက် မသက် မဆင်းစိမ့်သောငှါ ဖြတ်ရာအရပ်၌ ဖုံးအုပ်စည်းနှောင် ဖွဲ့ချည်၍ယူ၏။

[ဖြတ်ယူအပ်သော ကြံတို့ကို ပိုင်းဖြတ်ရာ အရပ်၌ ဖုံးအုပ်စည်းနှောင် ဖွဲ့ချည်၍ ယူရခြင်း အကြောင်းကား ထိုလက်ထက် အခါ၌ ကြံတို့၏ အရည်ကို ထုတ်ယူခြင်း၌ ယန္တရားဖြင့် ကြိတ်ညှပ် ညှစ်ထုတ်ပြုလုပ်ရခြင်း မရှိပေသတတ်။ ကြံ၏ အဖျား၌လည်းကောင်း၊ အရင်း၌သည်းကောင်း ဖြတ်တောက်၍ မြှောက်ပင့်၍ ထားသောအခါ၌ ဓမ္မကရိုဏ်မှ ရေသည် အလိုလို စီးယို သက်ဆင်းဘိသကဲ့သို့ မိမိအသိုလိုသာ ကြံရည်သည် ယိုစီး ကျထွက်၏။]

## ရှေးဘဝဇောတိကသူဌေးအလောင်း ပစ္စေကဗုဒ္ဓါအား ကြံရည်လှူဒါန်းခြင်း

ထိုသူကြွယ်၏ ကြံခင်းမှ ကြံတို့ကို ယူဆောင်၍ လာသော အခါ၌ ဂန္ဓမာဒနတောင်၌ သီတင်းသုံးသော အရှင်ပစ္စေကဗုဒ္ဓါသည် သမာပတ်မှ ထတော်မူ၍ "ယနေ့ ငါသည် အဘယ်သူအား သင်္ဂြိုဟ်ပံ့ထောက် ချီးမြှောက်ခြင်း အမှုကို ပြုရအံ့နည်း" ဟု ကြည့်ရှုစုံစမ်း ထောက်လှမ်း ဆင်ခြင်ယည်ရှိသော် မိမိဉာဏ်တော် ကွန်ရက်တွင်းသို့ သက်ဆင်း ဝင်လာသော ကြံချောင်းယူသယ် ထိုသူကြွယ်ကို မြင်တော်မူ၍ ထိုသူကြွယ်၏ သင်္ဂြိုဟ်ပံ့ထောက်ချီးမြှောက်ခြင်းအမှု ပြုခြင်းငှါ စွမ်းနိုင်အံ့သော အဖြစ်ကို သိတော်မူသောကြောင့် သပိတ် သက်န်းကို ယူတော်မူ၍ တန်ခိုးဖြင့်ကြွလာတော်မူပြီးသော် ထိုသူကြွယ်၏ရှေ့မှ ရပ်တည်တော်မူ၏။ ထို သူကြွယ်သည် ပစ္စေကဗုဒ္ဓါ အရှင်ကို တွေ့မြင်လျှင် ကြည်ညိုသောစိတ် ရှိသည်ဖြစ်၍ အပေါ်ရုံစုလျားပုဆိုးကို မြင့်မောက်သောမြေအရပ်၌ ဖြန့်ခင်း၍ "အရှင်ဘုရား ခင်းထားအပ်သော ဤနေရာ၌ ထိုင်နေ သီတင်းသုံးတော်မူပါ ကုန်လော့" ဟု လျှောက်ကြားတောင်းပန်ပြီးလျှင် အရှင်ပစ္စေကဗုဒ္ဓါကို ထိုင်နေ သီတင်းသုံးစေပြီး၍ "သပိတ်တော်ကို ဤသို့ ရှေးရှုညွှတ်ပါ စေကုန်လော့"ဟု ကြားလျှောက်ပြီးကာ ကြံချောင်း၌ ဖုံးအုပ်စည်းနှောင် ဖွဲ့ချည်သောနေရာ အရပ်ကို ဖြေလွှတ်စေ၍ သပိတ်၏အထက်၌ ထားသည်ကို ပြု၏။ ထိုကြံရည် သည် အလိုအလျောက် သက်လျှောကျဆင်း၍ သပိတ်ကို ပြည့်စေ၏။

ပစ္စေကဗုဒ္ဓါအရှင်သည် ထိုကြံရည်ကို သုံးဆောင်ယူမြောက် သောက်အပ် သည်ရှိသော် "ငါ့အား ကောင်းလေစွတကား၊ အရှင်သည် ကြံရည်ကို သောက်

သုံးတော်မူအပ်၏။ ငါ၏ အစ်ကိုကြီးသည် အဖိုးအရင်းကို အကယ်၍ပေးဆောင်စေလိုသည်ဖြစ်ခဲ့အံ့၊ ငါသည် အဖိုးအရင်းကို ပေးအံ့။ ကုသိုလ်အဖို့ကို အကယ်၍ ပေးဆောင်စေလိုသည် ဖြစ်ခဲ့အံ့ ကုသိုလ်အဖို့ကို ပေးအံ့”ဟု ကြံစည်၍ “အရှင်ဘုရား သပိတ်တော်ကို အကျပ်နိုအား ရှေးရှုညွှတ်ပါစေကုန်လော့”ဟု လျှောက်ထားပြီး ပျင် နှစ်ခုမြောက်သော ကြံချောင်းကို အထုပ်အဖွဲ့ကို ဖြေလွှတ်၍ ကြံရည်ကို ပေးလှူပြန်၏။ ထိုသူကြွယ်သည် “ငါ၏အစ်ကိုကြီးသည် ကြံခင်းမှ ထစ်ပါးသောကြံကို ဆောင်ယူ၍ ခဲသုံးလတ္တံ့”ဟု ဤသို့ ကြံစည် ဆင်ခြင်၍ ဤမျှလောက်ရှိသည်တိုင်အောင်လည်း ထိုသူကြွယ်အား လှည့်ဖြားလိုသောစိတ် ရှိသည်မဖြစ်လေ။ ပစ္စေကဗုဒ္ဓါအရှင်သည်ကား ရှေးဦးစွာ လှူဒါန်း ဆက်ကပ်အပ်သော ကြံရည်ကို သောက်သုံး ဘုဉ်းပေးပြီးသည်၏ အဖြစ်ကြောင့် တစ်ဖန် လှူဒါန်းဆက်ကပ်သော ထိုကြံရည်ကို မိမိကိုယ်တော်မှ တစ်ပါးလည်း ဖြစ်ကုန်သော ပစ္စေကဗုဒ္ဓါအရှင်တို့နှင့် ဒေ တူတကွ ခွဲခြမ်းဝေဖန်၍ ဘုဉ်းပေး သုံးဆောင်တော်မူခြင်းငှါ အလိုရှိသည် ဖြစ်သောကြောင့် ထိုကြံရည်ကို ခံယူတော်မူ၍သာလျှင် ထိုင်နေသတော်မူ၏။

ထိုသူကြွယ်သည် ပစ္စေကဗုဒ္ဓါအရှင်၏ အခြင်းအရာကို သိသောကြောင့် ငါးပါးသော ဟည်ရာ၌သော ရှိခိုးခြင်းဖြင့်ရှိခိုး၍ “အရှင်ဘုရား အကျွန်ုပ်သည် အကြင်မွန်မြတ်သော အရသာရှိသော ကြံရည်ကို ပေးလှူပါ၏။ ဤ ကောင်းမှုကုသိုလ်၏ အကျိုးဆက် အာနိသင်ဖြင့် နတ်ပြည်လူ့ပြည်တို့၌ ဖြာသော စည်းစိမ်ချမ်းသာကို အစဉ်ပျော်ပါး ခံစားသုံးဆောင်၍ နောင်အခါ ကာလ အဆုံး၌ အရှင်ဘုရားတို့သည် သိမြင်ထုတ်ချောက် ရောက်အပ်သော တရားသို့သာလျှင် သိမြင်ထုတ်ချောက် ရောက်ရပါလို၏”ဟု ဆုတောင်း ပတ္ထနာကို ဖြစ်စေ၏။ ပစ္စေကဗုဒ္ဓါ အရှင်သည်လည်း ထိုသူကြွယ်အား “ဤသို့ အသင် ဆုတောင်းပတ္ထနာသည့်အတိုင်း ပြည့်စုံသည် ဖြစ်စေသတည်း”ဟု မိန့်ဆိုတော်မူ၍ ဣစ္ဆိတံ ပတ္ထိတံ တုယှံ-အစရှိကုန်သော အရှင် ပစ္စေကဗုဒ္ဓါတို့၏ ဆုပေးအလာ နှစ်ခုကုန်သော ဂါထာတို့ဖြင့် အနုမောဒနာကို ပြုတော်မူ၍ အကြင်သို့သော အခြင်းအရာဖြင့် ကြွသွားတော်မူခဲ့သည်ရှိသော် ထိုသူကြွယ်သည် မျက်ဝါးထင်ထင် တွေ့မြင်နိုင်၏။ ဤသို့ထင်ထင် သူကြွယ် မြင်အောင် ဆောက်တည် မိဋ္ဌာန်တော်မူ၍ ကောင်းကင်ခရီးဖြင့် ဂန္ဓမာဒန တောင်သို့ ကြွသွားတော်မူပြီးသော် ငါးရာကုန်သော ပစ္စေကဗုဒ္ဓါအရှင်တို့အား ထိုကြံရည်ကို ပေးလှူ၏။

ထိုသူကြွယ်သည် ထိုသို့သော တန်ခိုးပြာဋိဟာကိုမြင်၍ အစ်ကို၏ ထံမှောက်သို့သွားရောက်ခဲ့လျှင် “အသင် အဘယ်အရပ်သို့ သွားဘိသနည်း”ဟု အစ်ကိုက

မေးမြန်းပြောဆိုသည်ရှိသော် "ကြံခင်းကို ကြည့်ရှုခြင်းငှါ သွားသည်ဖြစ်ပါပြီ" ဟု ပြောဆိုသောအခါ "အသို့ပေနည်း ထိုသို့သဘောရှိသော ကြံခင်းသို့သွားသဖြင့် တစ်ချောင်းလည်းဖြစ်သော နှစ်ချောင်းလည်းဖြစ်ကုန်သော ကြံချောင်းကိုယူငင်၍ လာအပ်သည်ဖြစ်ရပါမည်မဟုတ်လော" ဟု အစ်ကိုက ပြောဆိုသောအခါ "အစ်ကို နှစ်ခုကုန်သော ကြံချောင်းတို့ကို ဆောင်ယူဆောင်ခဲ့ပါကုန်၏။ ယင်းသို့ပင် ယူဆောင်ခဲ့သော်လည်း တစ်ပါးသော ပစ္စေကဗုဒ္ဓါ အရှင်ကို တွေ့မြင်၍ အကျွန်ုပ်၏ အဖို့ဖြစ်သော ကြံချောင်းမှ ကြံရည်ကိုပေးလှူပြီးလျှင် အဖိုးကိုမူလည်း ပေးအံ့, ကုသိုလ်အဖို့ကို မူလည်း ပေးအံ့ဟု ကြံစည် ရည်သွန်းပြီးသော် အသင်တို့၏ အဖို့ဖြစ်သော ကြံချောင်းမှ ကြံရည်ကိုလည်း အကျွန်ုပ်သည် ပေးလှူလိုက်မိပေ၏။ အသို့ပေနည်း ထိုကြံချောင်း၏ အဖိုးကိုမူလည်း ယူကုန်အံ့လော။ ထိုသို့မဟုတ်မူကား ကုသိုလ်အဖို့ကိုလည်း ယူကုန်အံ့လော" ဟု ပြောဆို၏၊ "ပစ္စေကဗုဒ္ဓါအရှင်သည် ထိုကြံရည်ကို အဘယ်သို့ ပြုလုပ်သနည်း" ဟု မေးပြန်သဖြင့် "အကျွန်ုပ်၏ အဖို့ဖြစ်သော ကြံချောင်းမှ ယိုစီးကျထွက်သော ကြံရည်ကို သောက်သုံးဘုဉ်းပေး၍ အသင်တို့၏အဖို့ ကြံချောင်းမှ ယိုစီးကျထွက်သော ကြံရည်ကို ခံယူတော်မူ၍ ကောင်းကင်ခရီးဖြင့် ဂန္ဓမာဒနတောင်သို့ ကြွသွားတော်မူပြီးသော် ငါးရာကုန်သော ပစ္စေကဗုဒ္ဓါအရှင်တို့အား ပေးလှူပါ၏" ဟု ပြောဆို၏၊

အစ်ကိုဖြစ်သော ထိုသူကြွယ်သည် ညီငယ်ဖြစ်သော သူကြွယ်ပြောဆိုစဉ်ပင်လျှင် အကြားမလပ် မပြတ်သော နှစ်သက်ခြင်းပီတိဖြင့် တွေ့ထိသော ကိုယ်ရှိသည်ဖြစ်၍ "ထိုကောင်းမှု ကုသိုလ်ကြောင့် ငါသည် ပစ္စေကဗုဒ္ဓါ အရှင် သိမြင်တော်မူအပ်သော တရားကိုသာလျှင် ရရှိသိမြင်သည် ဖြစ်ရပါလို၏" ဟု ဆုတောင်းပတ္ထနာကို ပြု၏။

ညီငယ်သူကြွယ်သည် သုံးပါးကုန်သော စည်းစိမ်ချမ်းသာတို့ကို တောင့်တပတ္ထနာပြု၏။ အစ်ကိုကြီးသည်ကား တစ်ခွန်းတည်းသော စကားပုဒ်ဖြင့်သာလျှင် အရဟတ္တဖိုလ်ကို တောင့်တပတ္ထနာ၏။ ဤသည်လျှင် ထိုသူကြွယ်နှစ်ဦး၏ ရှေး၌ ပြုခဲ့ဖူးသော ကောင်းမှု ကုသိုလ်ကံပေတည်း။

ထိုသူကြွယ်နှစ်ဦးတို့သည် အသက်ရှည်သမျှ ကာလပတ်လုံး တည်နေကုန်၍ ထိုဘဝမှ စုတေ့ပြောင်းကြွေ သေလွန်ကုန်သည်ရှိသော် နတ်ပြည်၌ ဖြစ်ကုန်၍ တစ်ဆူသော ဘုရားရှင်၏ အကြား ကာလပတ်လုံးကို ကုန်လွန်စေကုန်၏၊ ထိုသူတို့၏ နတ်ပြည်၌ တည်ရှိကုန်စဉ် ဖြစ်သော အခါ၌သာလျှင် ဝိပဿီ အမည်ရှိတော်မူသော မြတ်စွာဘုရားရှင်သည် လူ့ပြည်လောက၌ ဘုရားဖြစ်တော်မူ၏။ ထိုနှစ်ဦးတို့သည်လည်း နတ်ပြည်မှ စုတေခဲ့ကြကုန်၍ ဗန္ဓုမတီပြည်ဝယ် တစ်ဦးသောအမျိုး၌ အစ်ကိုကြီးဖြစ်သောသူသည်

အစ်ကိုကြီးသာလျှင်ဖြစ်၍ ညီငယ်ဖြစ်သောသူသည် ညီငယ်သာလျှင်ဖြစ်၍ ပဋိသန္ဓေ တည်နေစွဲယူကုန်၏။

ထိုနှစ်ဦးကုန်သော သူတို့တွင် အစ်ကိုကြီးအား သေနဟူသော အမည် မှည့်ခေါ်ခြင်းကို ပြုကုန်၏။ ညီငယ်ဖြစ်သောသူအား အပရာဇိတဟူသော အမည် မှည့်ခေါ်ခြင်းကို ပြုကုန်၏။ ထိုသူနှစ်ဦးတို့သည် သင့်လျော်ကြီး မြောက် အရွယ်သို့ ရောက်သောအခါ၌ စည်းစိမ်ချမ်းသာ ပစ္စည်းဥစ္စာကို ကောင်းစွာတိုးပွား ပေါများတည်ရှိစေ၍ အစဉ်အတိုင်း နေကြကုန်သည်ရှိသော် "ဘုရားတည်းဟူသော ရတနာသည် လောက၌ ဖြစ်ပေါ်လာသည်၊ တရားတော် တည်းဟူသော ရတနာသည် လောက၌ဖြစ်ပေါ်လာသည်၊ သံဃာတော်တည်း ဟူသော ရတနာသည် လောက၌ ဖြစ်ပေါ်လာသည် မြတ်နိုးကော်ရော် ပူဇော်သျှုဒါန်းခြင်းအလှူကို ပေးလှူကြကုန်လော့၊ ကုသိုလ်ကောင်းမှုတို့ကို ပြုလုပ်ကြကုန်လော့။

ယနေ့ကား ရှစ်ရက်မြောက် ဖြစ်သော အဋ္ဌမီဥပုသ်နေ့တည်း။ ယနေ့ကား တစ်ဆယ့်လေးရက်မြောက် ဖြစ်သော စာတုဒ္ဒသီဥပုသ်နေ့တည်း။ ယနေ့ကား တစ်ဆယ့်ငါးရက်မြောက်သော ပန္နရသီဥပုသ်နေ့တည်း။ ဥပုသ်စောင့်သုံးခြင်း အမှုကို ပြုလုပ်ကြကုန်လော့၊ တရားတော်ကို ကြားနာကြကုန်လော့" ဟု ဗန္ဓုမတီပြည်၌ ကုသိုလ်ကောင်းမှု ပြုစုတိုးပွားအောင် တရားနာကြွေးကြော် တတ်သော ဓမ္မဃောသကယောက်ျား၏ ကြွေးကြော်သော အသံကို ကြားရ၍ နံနက်အခါ၌ ဆွမ်းစသော အလှူကိုပေးလှူ၍ မွန်းယိမ်းပြီးနောက် ညချမ်းသို့ ရောက်သောအခါ တရားတော်ကို နာခြင်းငှါ သွားသောလူများ အပေါင်းကိုမြင်၍ သေနသူကြွယ်က "ဤလူတို့သည် အဘယ်အရပ်သို့ သွားကုန် ဘိသနည်း" ဟု မေး၍ "မြတ်စွာဘုရား၏ အထံတော်သို့ တရားတော်ကို ကြားနာခြင်းငှါသွားကြပါကုန်သည်" ဟု ပြောဆိုသည်ရှိသော် "ငါသည်လည်း တရားတော်ကိုကြားနာခြင်းငှါ သွားဦးအံ့" ဟု ပြောဆိုပြီး တရားတော်နာ သွားကြကုန်သော ထိုလူတို့နှင့် အတူသာလျှင် လိုက်ပါ သွားရောက်၍ ပရိသတ် အစွန်အဖျား၌ ထိုင်နေ၏။

မြတ်စွာဘုရားရှင်သည် ထိုသေနသူကြွယ်၏ အလိုအဇ္ဈာသယကို သိတော်မူသည်ဖြစ်၍ အစဉ်အတိုင်းသော တရားစကားကို ဟောကြားတော်မူ၏။ ထိုသေနသူကြွယ်သည် မြတ်စွာဘုရား၏ တရားတော်ကို ကြားနာရ၍ ရဟန်းအဖြစ်၌ ဖြစ်သော အားထုတ်ခြင်း ရှိသဖြင့် မြတ်စွာ ဘုရားကို ရဟန်းအဖြစ်သို့ အရောက် ချီးမြှောက်ပါမည့်အကြောင်း တောင်းပန်လျှောက် ကြား၏။ ထိုအခါ မြတ်စွာဘုရားက ထိုသေနသူကြွယ်ကို "အသင်အား

ပန်ကြား ခွင့်တောင်းခြင်းငှါ ထိုက်ကုန်သော အဆွေအမျိုးတို့ ရှိကုန်သလော” ဟု မေးတော်မူသောအခါ “ဘုန်းတော် ကြီးတော်မူသော မြတ်စွာဘုရား၊ ပန်ကြားခွင့်တောင်းခြင်းငှါ ထိုက်ကုန်သော အဆွေအမျိုးတို့သည် ရှိပါကုန်၏” ဟု လျှောက်ကြား၏။ ထိုသို့ ဖြစ်ပါမူကား ထိုဆွေမျိုးတို့ကို ခွင့်တောင်း ပန်ကြား၍ လာခဲ့လော”ဟု မိန့်တော်မူ၏။ ထိုသေနသူကြွယ်သည် ညီငယ်၏ အထံသို့ ပြန်သွား၍ “ဤအမျိုး၌ ပေါများလှစွာ အကြင်ဥစ္စာ နှစ်သည် ရှိ၏။ ကြွင်းမဲ့ဥဿုံ ထိုအလုံးစုံသော ဥစ္စာနှစ်သည် အသင်ညီငယ်အား ဖြစ်ပါစေသတည်း”ဟု ဆောက်နှင်း ပြောဆို၏။ “အရှင် နောင်တော်၊ အသင်တို့သည်ကား အဘယ်သို့သွားလာ ပြုလုပ်ပါကုန်အံ့နည်း”ဟု မေးသဖြင့် “ငါသည်ကား မြတ်စွာဘုရား၏ အထံတော်၌ ရဟန်းပြုတော့အံ့”ဟု ပြောဆို၏။ “အရှင် နောင်တော်၊ အသင်တို့သည် အဘယ်သို့ ပြောဆို ပါကုန်သနည်း၊ အကျွန်ုပ်သည် ကျေးဇူးတော်ရှင် မိခင်သည် သေလွန်သည်ရှိသော် မိခင်ကဲ့သို့ လည်းကောင်း၊ ကျေးဇူးရှင်ဖခင်သည် သေလွန်သော်လည်း ဖခင်ကဲ့သို့လည်း ကောင်း အသင်နောင်တော်တို့ကို ရှိသေညွှတ်လျှိုး အားကိုးဆည်းကပ်ခွင့်ကို ရပါသည်။ ဤအမျိုးကား မသွိုးမဆုတ် မယုတ်ကိုးပွါး များပြားသောစည်းစိမ် ဥစ္စာရှိပါသည်။ နေအိမ်၌ တည်နေလျက်သာလျှင် ကုသိုလ် ကောင်းမှုတို့ကို အားထုတ်ပြုလုပ်ခြင်းငှါ ထိုက်ကောင်း ပါကုန်၏၊ ဤသို့သွက်မြန်း ရဟန်းမပြု လုပ်ပါကုန်လင့်” ဟု တောင်းပန် ပြောဆို၏။ “ညီမောင် ငါသည် မြတ်စွာ ဘုရား၏ အထံတော်၌ တရားတော်ကို ကြားနာအပ်ပေ၏။ ထိုတရားတော်ကို အိမ်ရာဖွဲ့နှောင် လူ့ဘောင်အလယ်၌ တည်နေသဖြင့် ပြည့်စုံအောင် ဖြည့်ကျင့် ခြင်းငှါ မစွမ်းနိုင်ကောင်းချေ။ ငါသည် ရဟန်းပြုအံ့သာလျှင်ကတည်း၊ အသင် သည် ရဟန်းမပြုရန် တောင်းပန်ခြင်းမှ ဆုတ်နစ်ရှောင်ပါလော့”ဟု ပြောဆို ပြီးကာ ဤသို့သောအခြင်းအရာဖြင့် ထိုသေနသူကြွယ်သည် ညီငယ်ကို ရှောင်ခွါ ဆုတ်နစ်စေ၍ မြတ်စွာဘုရား အထံတော်၌ ရဟန်းပြုလတ် ရအပ်သော ပဉ္စင်း အဖြစ်ရှိလျက် မကြာမြင့်မီသာလျှင် အရဟတ္တဖိုလ်သို့ ရောက်လေ၏။

## ဒုတိယမြောက် ဓနတိကသူဌေးအလောင်း ဘုရားကျောင်းတော် ဆောက်လုပ်လှူဒါန်းခြင်း

ညီငယ်ဖြစ်သော အာရာဇိတသူကြွယ်သည် ပင်း “အစ်ကို၏ ရဟန်းပြုသော အလိုကို ကြည်ညိုအောက်ရော် ပူဇော်သက္ကာရပြုအံ့”ဟု နှလုံးသွင်း၍ ခုနစ်ရက် ပတ်လုံး ဘုရားအမှူးရှိသော ရဟန်းသံဃာအားအလှူဒါန ကိုပေးလှူ၍ အစ်ကို ဖြစ်သော မထေရ်ကိုရှိခိုး ပြီးလျှင် “အရှင်ဘုရား၊ အသင်တို့ကား မိမိ၏ဘဝမှ ထွက်မြောက်ရာကို ပြုအပ်ပေပြီ၊ အကျွန်ုပ်သည်ကား ငါးပါးကုန်သောကာမဂုဏ်

တို့ဖြင့် နှောင်ဖွဲ့ချည်ရောက် ထွက်မြောက်၍ ရဟန်းပြုခြင်းငှါ မစွမ်းနိုင်ပါ၊ နေအိမ်၌ တည်နေသည်သာလျှင် ဖြစ်သော အကျွန်ုပ်အားလည်း သင့်လျော် လျောက်ပတ် ကြီးမြတ်သော ကောင်းမှုကံကို စီမံပြုလုပ်ဖို့ရာ မှတ်သား၍ ပြောကြားတော်မူပါကုန်လော့''ဟု လျှောက်ထား၏။ ထိုအခါ သူကြွယ်ကို မထေရ်က ''အို ပညာရှိ၊ ကောင်းစွာ ကောင်းစွာ၊ မြတ်စွာဘုရား၏ သီတင်း သုံးတော်မူရာဖြစ်သော ဂန္ဓကုဋိကို ပြုလုပ်လေဘိလော့''ဟု မိန့်ဆိုတော်မူ၏။ ထိုသူကြွယ်သည် ကောင်းလှပါပြီဟု ဝန်ခံ၍ အထူးထူးသော သစ်တို့ကို ဆောင်ယူ စေ၍ သည်တိုင်ရသည်တို့၏အ ကျိုးငှါ ဖျောမောအောင် ရွှေစေ၍ တစ်ခုသော တိုင်ကို ရွှေစေ၍ တစ်ခုသောတိုင်ကို ရွှေဖြင့်ခြယ်စီအပ်သည်ကို တစ်ခုသော တိုင်ကို ငွေဖြင့်ခြယ်စီအပ်သည်ကို၊ တစ်ခုသောတိုင်ကို ပတ္တမြားဖြင့် ခြယ်စီအပ် သည်ကို ဤသို့ အစရှိသောအားဖြင့် အလုံးစုံသော သည်တိုင်တို့ကို ရတနာတို့ ဖြင့် ခြယ်စီအပ်သည်တို့ကို ပြုလုပ်စေ၍ ထိုတိုင်တို့ဖြင့် ဂန္ဓကုဋိကို ဆောက်လုပ် စေပြီးသော် ရတနာခုနစ်ပါးတို့ဖြင့် ခြယ်စီအပ်သည်သာလျှင် ဖြစ်ကုန်သော အုတ်အမိုးတို့ဖြင့် မိုးအုပ်စေ၏။ ဂန္ဓကုဋိကို ပြုလုပ်သောအခါ၌သာလျှင် ထိုသူ ကြွယ်ကို မိမိနှင့်တူသော အမည်ရှိသော အပရာဇိတမည်သည်သာလျှင် ဖြစ်သော ကူတော်သည် ချဉ်းကပ်၍ ''ဦးရီး၊ အကျွန်ုပ်သည်လည်း ပြုလုပ်ပါအံ့၊ အကျွန်ုပ်အား ကုသိုလ်ကောင်းမှု အဖို့ကို ပေးပါကုန်လော့''ဟု တောင်းပန် ပြောဆို၏။ ''အချင်း ငါသည် မပေးအံ့၊ သူတစ်ပါးတို့နှင့် မဆက်ဆံသော ကုသိုလ် ကောင်းမှုပြုလုပ်အံ့''ဟု ပြောဆိုမြစ်ပယ်၏။ ထို တူငယ်ဖြစ်သော သူကြွယ်သည် အသွယ်သွယ်အဝဝ ခယတောင်းပန်ပါသော်လည်း ကုသိုလ်ကောင်းမှု ပြုစု ထည့်ဝင်ခွင့် မရသောကြောင့် ဂန္ဓကုဋိရှေ့မှ ဆင်ဝင် ဇရပ်ကို ရခြင်းငှါအပ်ပေ သည်ဟု နှလုံးသွင်းပြီးကာ ရတနာခုနစ်ပါးတို့ဖြင့် တစ်ခဲနက်ပြီးသော ဆင်ဝင် ဇရပ်ကို ပြုစုဆောက်လုပ်၏။ ထိုတူငယ်ဖြစ်သော သူကြွယ်သည်ကား ဤဗုဒ္ဓုပ္ပါဒ်မြတ်စွာဘုရားပွင့်တော်မူသော ယခုသာသနာတော်အခါ၌ မေဏ္ဍကသူဌေးကြီး အဖြစ်ဖြင့် ဖြစ်သည်။ ဂန္ဓကုဋိ၌ကား ရတနာခုနစ်ပါးတို့ဖြင့် တစ်ခဲနက်ပြီးကုန် သော ကြီးကျယ်ကုန်သော သုံးခုကုန်သော လေသောက် ပြတင်းကြီးတို့သည် ရှိသည်ဖြစ်ကုန်၏။ ထိုလေသောက် ပြတင်းကြီးတို့၏ ရှေးရှုဖြစ်သော အောက် အရပ်၌ အင်္ဂတေဖြင့် အခြေအမြစ် ပြုအပ်သော သုံးခုကုန်သော ရေကန်ကြီး တို့ကို ပြုလုပ်စေ၍ သေးငယ်သော နံ့သာညွန်ဖြင့် ပြည့်စေ၍ အပရာဇိတသူကြွယ် သည် ငါးပါးကုန်သော အဆင်းရှိကုန်သော ဝတ်ဘန်းပင်တို့ကို စိုက်စေ၏။ မြတ်စွာ ဘုရား၏ ဂန္ဓကုဋိတိုက်အတွင်း၌ သီတင်းသုံး ထိုင်နေတော်မူသောအခါ၌ လေ တိုက်ခတ်သောအဟုန်ဖြင့် စုရုံးဖြစ်ပေါ် တက်ကြွကုန်သော ဝတ်မှုန် အလုံးအစု တို့ဖြင့် ကိုယ်တော်အား ကြဲဖြန့်ခြင်းအကျိုးငှါ ဂန္ဓကုဋိအထွတ် ထုပိကာ၏ အခံ ဖြစ်သော ခွက်သည် နီမြန်းသော ရွှေအဆင်းဖြင့် ပြီးသည် ဖြစ်ပေ၏။ အထွတ်

စွန်းသည် သန္တာဖြင့်ပြီး၏။ အောက်၌ မိုးအပ်သော အုတ်အမိုးသည် ပတ္တမြားဖြင့်ပြီး၏။ ဤသို့ ထိုဂန္ဓကုဋိသည် ရှုကြည့်သူ အပေါင်း ဥဒေါင်း ကသည် ထင်မှတ်ရလောက်အောင် ကြည်လင်သပ္ပါယ် တင့်တယ်တောက်ပလျက် တည်၏။ ခုနစ်ပါးကုန်သော ရတနာမျိုးတို့တွင် ယောင်းထုခွဲစိပ်ထိုက်သော ရတနာအထုအခဲကို ထုခွဲယောင်းနှက်၍ ဤ၇တစ်ပါးသော ရတနာ အလုံးစုံကိုသာလျှင်ယူ၍ ဒူးဝန်းမြင်းခေါင်းမျှ ပမာဏအထုအစု အပိုင်းအခြားဖြင့် ဂန္ဓကုဋိကို ဝန်းရံ၍ ပရိဝုဏ်ကိုပြည့်စေ၏။ ဤသို့ဆိုအပ်ခဲ့ပြီးသည်အတိုင်း ဂန္ဓကုဋိကို ဆောက်လုပ်လိုမှုပြီးဆုံးစေ၍ အပရာဇိတသူကြွယ်သည် နောင်တော်ဖြစ်သော မထေရ်သို့ချဉ်းကပ်၍ "အရှင်ဘုရား၊ ဂန္ဓကုဋိကား ပြီးပြည့်စုံပါပြီ။ ထိုဂန္ဓကုဋိအား မြတ်စွာဘုရား သုံးဆောင်တော်မူခြင်းကို တပည့်တော် တောင့်တပါ၏။ မြတ်စွာဘုရား သုံးဆောင်တော် မူခြင်းဖြင့် တပည့်တော်အား ကြီးမားဖွံ့ဖြိုး အကျိုးရှိသော ကုသိုလ်ကောင်းမှု ဖြစ်ပါလိမ့်သတတ်"ဟု လျှောက်ထား၏။

နောင်တော်ဖြစ်သော ထိုမထေရ်သည် မြတ်စွာဘုရားသို့ ချဉ်းကပ်၍ "ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ဒါယကာ သူကြွယ်သည်အရှင်ဘုရားတို့ သုံးဆောင်တော်မူရန် ရည်သန် တောင့်တ၍ ဂန္ဓကုဋိကိုပြုလုပ်ပါသတတ်။ ဤယခုအခါ၌ကား အရှင်ဘုရား၏ သုံးဆောင်တော် မူခြင်းကို တောင့်တ အသိုရှိပါကုန်၏"ဟု လျှောက်ကြား၏၊ မြတ်စွာဘုရား ရှင်သည် မျှရှင်တိုင်းသာ နေရာမှထတော်မူ၍ ဂန္ဓကုဋိသို့ ရှေးရှုကြွတော်မူပြီးသော်ကုဋိကို ဝန်းရံ၍ ကြဲဖြန့် ထည့်ခင်းထားသော ရတနာအစုကို ကြည့်ရှုတော် မူလျက် တံခါးမုခ်၌ ရပ်တည်တော်မူ၏။ ထိုအခါ မြတ်စွာဘုရားကိုယ်တော်မြတ်ကို သူကြွယ်က "ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ကြွဝင်တော်မူပါကုန်လော့"ဟု ကြားလျှောက်၏။ မြတ်စွာဘုရားသည် ထိုတံခါးမုခ်၌သာလျှင် တန့်ရပ်တည်နေတော်မူ၍ လျှောက်ထားတောင်းပန်သော စကားသုံးကြိမ်မြောက်၌ သူကြွယ်၏ နောင်တော်မထေရ်ကို ကြည့်ရှုတော်မူ၏။ ထိုမထေရ်သည် မြတ်စွာဘုရားကြည့်ရှုတော်မူသော အခြင်းအရာဖြင့်သာလျှင် ကောင်းစွာသိရှိ၍ ညီငယ်ဖြစ်သော သူကြွယ်ကို "အမောင်ဒါယကာ လာလှည့်ပါလော့၊ တပည့်တော်၏ သာလျှင် အစောင့်အရှောက် ဖြစ်ပါလတ္တံ့၊ အရှင်ဘုရားကို့သည် ချမ်းသာသည် အား လျော်စွာ သိတင်းသုံးနေမျှ တော်မူပါကုန်လောဟု မြတ်စွာဘုရားကို အသင် လျှောက်ထား လေသော့"ဟု သင်ကြား ပြောဆို၏။ ထိုသူကြွယ်သည် မထေရ်ပြောကြားသောစကားကို ကြား၍ မြတ်စွာဘုရား ရှင်ကို ငါးပါးသော တည်ရာရှိသော ထိခြင်းဖြင့် ရှိခိုး၍ "ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား။ ဥပမာသော်ကား ခရီးသွားလူတို့သည် သစ်ပင်ရင်းသို့ ဝင်ခိုတန့်နားကုန်၍ တစ်စုံတစ်ရာ တွယ်တာ ငဲ့ကွက်ခြင်း မရှိကုန်ဘဲ

ဖဲသွားကုန်သကဲ့သို့ ဥပမာ တနည်းသော်ကား မြစ်ကို ကူးသန်းကုန်သော လူတို့သည် မိမိတို့တက်စီးရာဖြစ်သော ဖောင်ကို တစ်စုံတစ်ရာ တွယ်တာ ငဲ့ကွက်ခြင်း မရှိကုန်ဘဲ စွန့်ပစ်ကုန်သကဲ့သို့ ဤနည်းအတူသာလျှင် တစ်စုံတစ်ရာ တွယ်တာ ငဲ့ကွက်ခြင်း မရှိကုန်မူ၍ အရှင်ဘုရားတို့သည် ကြွဝင်သုံးဆောင် နေမျှတော်မူပါကုန်လော့”ဟု လျှောက်ထား၏။

[အဘယ်အကျိုးငှါ မြတ်စွာဘုရားသည် ဂန္ဓကုဋိသို့ ပြကတေ့အတိုင်း မကြွဝင် ရပ်တော်မူ၍ နေပါသနည်း မေးခဲ့သည်ရှိသော် မြတ်စွာဘုရားအား ဤသို့သော အကြံအစည် ရှိတော်မူပေသည် ဖြစ်ပေသတတ်။ အဘယ်သို့ ရှိသနည်းဟူမူ ဘုရားရှင်တို့၏ အထံတော်သို့ နံနက်အခါ၌လည်းကောင်း၊ ညနေချမ်းအခါ၌လည်းကောင်း များစွာသော သူတို့သည် လာရောက်ကြကုန်၏။ ထိုသူတို့သည် ရတနာတို့ကို ယူငင်၍ ဖဲသွားကုန်ခဲ့သည် ရှိသော်ကား ငါတို့သည် တားမြစ်ခြင်းငှါ မတတ်ကောင်းချေ။ ပရိဝုဏ်၌ ဤမျှလောက် အတိုင်းအရှည် ရှိကုန်သော ရောပြွန်းခင်းထား ရတနာအများတို့ကို မိမိ၏ အလုပ်အကျွေးဒါယကာ ဒါယိကာမတို့ ဆောင်ယူကုန်သည်တို့ကိုမျှလည်း တားမြစ် မပိတ်ပင်ကုန်ဟု အောက်မေ့နှလုံးသွင်း၍ သူကြွယ်သည် ငါဘုရားအပေါ်၌ ရန်ညှိုးဖွဲ့ခြင်းကိုပြု၍ အပါယ်ဘုံဘဝသို့ လားကပ်သည် ဖြစ်ပေရာ၏။ ဤသို့သော အကြံအစည် ရှိတော်မူပေသတတ်။ ဤသို့သော အကြောင်းကြောင့် မြတ်စွာဘုရားရှင်သည် မကြွဝင်ဘဲ ရပ်တည်၍ နေတော်မူသည်ဟု ဖြေကြားရာ၏။]

ဟိုအပရာဇိတသူကြွယ်က “ဘုန်းတော် ကြီးတော်မူသော မြတ်စွာဘုရား ယပည့်တော်၏သာလျှင် အစောင့်အရှောက် ဖြစ်ပါလတ္တံ့။ အရှင်ဘုရားတို့သည် ကြွဝင်တော်မူပါကုန်လော့”ဟု လျှောက်ထားသည်ရှိသော် မြတ်စွာဘုရားသခင်သည် ကြွဝင်တော်မူ၏။ သူကြွယ် သည် အရပ်ထက်ဝန်းကျင်မှ အစောင့်အရှောက်ကိုထား၍ လူတို့ကို ပြောဆိုမှာထား၏။ အဘယ်သို့ ပြောဆိုမှာထားသနည်းဟူမူ အမောင်တို့ ရင်ခွင်ခါးပိုက်ဖြင့်လည်းကောင်း, ခြင်းတောင်းအိတ်တို့ဖြင့် လည်းကောင်း ထမ်းပိုးယူဆောင်၍ သွားကုန်သောသူတို့ကို ပိတ်ပင် တားမြစ်ကြကုန်လော့။ လက်ဖြင့် ဆံ့လောက် ကောက်ယူ၍ သွားကုန်သောသူတို့ကို မပိတ်ပင် မတားမြစ်ကြကုန်လင့်”ဟု ပြောဆိုမှာထား၏။ မြို့၏အတွင်း၌လည်း လှည့်လည် ပြောကြားစေ၏။ အဘယ်သို့ လှည့်လည် ပြောကြားစေသနည်းဟူမူ။ “ငါသည် ဂန္ဓကုဋိ ပရိဝုဏ်၌ ရတနာခုနစ်ပါးတို့ကို သွန်းလောင်း ကြဲဖြန့်အပ်ကုန်၏။ မြတ်စွာဘုရား၏ အထံတော်၌ တရားတော်ကိုကြားနာ၍ သွားကုန်သော အထီးကျန်မဲ့

ဆင်းရဲသောလူတို့သည် နှစ်ဖက်ကုန်သော လက်တို့ကို ပြည့်စေ၍ ကောက်ယူကြ စေကုန်သတည်း။ ပစ္စည်းဥစ္စာ ချမ်းသာကြွယ်ဝသော လူတို့သည်လည်း တစ်ဖက်သော လက်ဖြင့် ကောက်ယူစေကုန်သတည်း”ဟု လှည့်လည် ပြောကြားစေ၏။

[ယင်းသို့ လှည့်လည် ပြောကြားစေခြင်း အကြောင်းကား ထိုသူကြွယ်အား ဤသို့သော အကြံအစည် ရှိသည် ဖြစ်လေသတတ်။ အဘယ်သို့ အကြံအစည် ရှိသနည်းဟူမူ “သဒ္ဓါတရား ထက်သန်ကြည်ညိုခြင်း ရှိကုန်သော သူတို့သည် တရားတော်ကို ကြားနာခြင်းငှါ အလိုရှိကုန်သည်ဖြစ်၍ ရှေးဦးစွာ သွားကြကုန်လတ္တံ့သတည်း။ သဒ္ဓါတရား နည်းပါးလေဘိ မရှိသော လူတို့သည်ကား ပစ္စည်းဥစ္စာ အာသာဖိုင် လိုချင်သော လောဘကြောင့် လာရောက်ကြကုန်လျက် တရားတော်ကို ကြားနာရကုန်၍ ဆင်းရဲခြင်းအပေါင်းမှ လွတ်မြောက်ရပေကုန်လတ္တံ့”ဟု ဤသို့သော အကြံအစည် ရှိပေသတတ်။ ထိုကြောင့် လူများ အပေါင်းကို ချီးမြှောက်ခြင်းအကျိုးငှါ ဤသို့လှည့်လည် ပြောကြားစေ၏။]

များစွာသော လူအပေါင်းသည် လှည့်လည်ပြောကြား စကားအမှတ်ဖြင့် သာလှင် ရတနာတို့ကို ကောက်ယူလေ၏။ တကြိမ်တခါ ကြဲရကုန်မြောက် ကောက်ယူအပ်သော ရတနာတို့ဖြင့် သုံးကြိမ်တိုင်အောင် သားလုံးမြင်းခေါင်း အကြောင်းအရေးအခု အထူအရှိဖြင့် ကြဲဖြန့်စေပြန်၏။ မြတ်စွာဘုရားခြေတော်ရင်း၌ကား သခွားသီးမျှ ပမာဏရှိသော အဖိုးအတိုင်းမသိ ထိုက်တန်သော ပတ္တမြားရတနာကို ကား၏။

[ပတ္တမြားရတနာ ထားခြင်းအကြောင်းကား ထိုအပရာဇိတသူကြွယ်အား ဤသို့သော စိတ်အကြံရှိသည် ဖြစ်ပေသတတ်။ အဘယ်သို့သော စိတ်အကြံရှိသနည်းဟူမူ မြတ်စွာဘုရား၏ ကိုယ်တော်မှထွက်သော ရွှေအဆင်းကဲ့သို့ အဆင်းရှိတော်မူသော အရောင်တော်နှင့် အတူတကွ ပတ္တမြားရတနာ၏အရောင်ကို တွေ့မြင်ကြည့်ရှုရကုန်သော သူတို့အား တင်းတိမ်ရောင့်ရဲနိုင်ခြင်းမည်သည် မဖြစ်ပေလတ္တံ့ဟူသော စိတ်အကြံသည် ဖြစ်၏။ ထိုကြောင့် ပတ္တမြားရတနာကို မြတ်စွာဘုရား ခြေတော်ရင်း၌ ထားခြင်းကို ပြုလေသတည်း။]

လူများအပေါင်းသည်လည်း မရောင့်ရဲနိုင်သည် ဖြစ်၍သာလျှင် ဖူးမြော်ကြည့်ရှု၏။ ထိုနောက် တစ်နေ့သောအခါ၌ တစ်ယောက်သော မိစ္ဆာဒိဋ္ဌိပုဏ္ဏားသည် မြတ်စွာဘုရား၏ ခြေတော်ရင်း၌ အဖိုးအတိုင်း မသိထိုက်သော ပတ္တမြားရတနာကို ထားသတဲ့ဟု ကြားသိ၍ ပတ္တမြားရတနာကို ဆောင်ယူအံ့ဟု ကြံစည်ပြီးလျှင် ကျောင်းတော်သို့သွား၍ မြတ်စွာဘုရားသခင်ကို ဖူးမြော်ရှိခိုးခြင်းငှါ

ချဉ်းကပ်သော လူများအပေါင်း၏ အကြားဖြင့် ဝင်သွား၏။ သူကြွယ်သည် ထိုပုဏ္ဏား၏ ဝင်သွားသော အခြင်းအရာဖြင့်သာလျှင် ပတ္တမြားကို ယူခြင်းငှါ အလိုရှိလေဘိသည်ဟု အောက်မေ့ထင်မှတ်၍ ပတ္တမြားကို မယူပါမူကား ခြောက်ကောင်းလေစွဟု ကြံစည်၏။ ထိုပုဏ္ဏားသည်လည်း မြတ်စွာဘုရားကို ရှိခိုးဘိသကဲ့သို့ ခြေတော်ရင်း၌ လက်ကိုညွတ်စေ၍ ပတ္တမြားကိုယူ၍ အောက်ပိုးကျိုက်သော ပုဆိုးအတွင်းသို့ သွင်းညှပ်သည်ကိုပြု၍ ဖဲသွား၏။ သူကြွယ်သည် ပတ္တမြားကို ယူသွားသော ထိုပုဏ္ဏား၌ စိတ်ကိုကြည်ညိုစေခြင်းငှါ မစွမ်းနိုင်။ ထိုသူကြွယ်သည် တရားစကား ဟောကြားအားလုံး အပြီးအဆုံး၌ မြတ်စွာဘုရားသို့ ချဉ်းကပ်၍ "ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား တပည့်တော်သည် သုံးကြိမ်တိုင်တိုင် ဂန္ဓကုဋိကို ဝန်းရံ၍ ဒူးဝန်းမြင်းခေါင်း ထိကောင်းအစု ဒ ထုရှိသော ရတနာခုနစ်ပါးတို့ကို ကြဲဖြန့် ခင်းထားပါကုန်၏။ တပည့်တော်အား ထိုရတနာတို့ကို ကောက် ယူကုန်သော ထိုလူတို့၌ အမျက်ဒေါသ တက်ကြွဖြစ်ပွားခြင်းမည်သည် မဖြစ်ပါ။ တပည့်တော်၏စိတ်သည် လွန်စွာလွန်စွာ တိုးပွားကာ ကြည်ညိုသည်သာလျှင်တည်း။ ယနေ့ဖြစ်လာ ဤအခါ၌ကား ဤပုဏ္ဏားသည် ပတ္တမြားကို မယူပါမူကား ခြောက်-ကောင်းလေစွဟု တောင့်တကြံစည်စဉ် ထိုပုဏ္ဏားသည် ပတ္တမြားကိုယူ၍ သွားသည်ရှိသော် စိတ်ကိုကြည်ညိုစေခြင်းငှါ မစွမ်းနိုင်ပါ"ဟု လျှောက်ထား၏။ မြတ်စွာဘုရားသည် ထိုသူကြွယ် လျှောက်ထားသော စကားကို ကြားတော်မူ၍ "အို-ဥပါသကာ မိမိ၏ပစ္စည်းဥစ္စာကို သူတစ်ပါးတို့ မယူမဆောင်နိုင်ခြင်းကို ပြုခြင်းငှါ မစွမ်းနိုင်ပါသလော"ဟု နည်းပေးတော်မူ၏။ ထိုသူကြွယ်သည် မြတ်စွာဘုရား ပေးသနားတော်မူသော နည်း၌တည်၍ မြတ်စွာဘုရားရှင်ကို ကြည်လင်ညွတ်တုပ် လက်အုပ်ချီမိုး ရှိခိုးပြီးသော် "ယနေ့ကို အစပြု၍ တပည့်တော်၏ ပစ္စည်းဥစ္စာကို မိစ္ဆာချည်မျှင်မျှကိုလည်း တပည့်တော်ကို လွှမ်းမိုး နှိမ်နင်း၍ အရာမကသော မင်းတို့သည်လည်းကောင်း၊ အရာမကသော ခိုးသူတို့သည်လည်းကောင်း ယူခြင်းငှါ စွမ်းနိုင်ကုန်သောမည်သည် မဖြစ်ပါစေကုန်သတည်း။ မီးသည်လည်း တပည့်တော်၏ ပစ္စည်းဥစ္စာကို မလောင်မြိုက်နိုင်ပါစေသတည်း။ ရေဖြင့်လည်း လွှမ်းမိုး မချမျောနိုင်ပါစေသတည်း"ဟု ဆုတောင်းပတ္ထနာခြင်းကို ပြု၏။ မြတ်စွာဘုရားရှင်သည်လည်း ထိုသူကြွယ်အား "အသင် ဤသို့ ဆုတောင်းပန်ဆင်သည့်အတိုင်း ဖြစ်စေသတည်း"ဟု အနုမောဒနာကို ပြုတော်မူ၏။ ထိုသူကြွယ်သည် ဂန္ဓကုဋိကျောင်းတော် ပူဇော်ပွဲကို ပြုလုပ်လျက် ခြောက်သန်းရှစ်သိန်းကုန်သော ရဟန်းတော်တို့ကို ကျောင်းတိုက် အတွင်း၌သာလျှင် ကိုးလပတ်လုံး ကြီးစွာသောအလှူကိုပေးလှူ၍ အလှူ၏အပြီးအဆုံး၌ အလုံးစုံသော ရဟန်းတို့အား သုံးထည်သောသင်္ကန်းကို ပေးလှူ၏။ ထေရ်ဝါအငယ်ဆုံးဖြစ်သော သံဃာတော်၏ သင်္ကန်းလျာပုဆိုးတို့သည် အဖိုးတစ်သိန်းထိုက်သည် ဖြစ်ကုန်၏။

ထိုအပရာဇိတသူကြွယ်သည် ဤသို့လျှင် အသက်ရှည်သမျှ ကာလပတ်လုံး ကုသိုလ်ကောင်းမှုတို့ကို ပြုလုပ်၍ ထိုဘဝမှ စုတေခဲ့သည်ရှိသော် နတ်ပြည်၌ဖြစ်၍ ဤမျှအတိုင်းအရှည်ရှိသော ကာလပတ်လုံး နတ်ပြည်လူ့ပြည်တို့၌ ကျင်လည်ခဲ့၍ ဤမြတ်စွာဘုရား ပွင့်တော်မူသော လက်ထက်တော်အခါ ရာဇဂြိုဟ်ပြည်ဝယ် တစ်ဦးသော သူဌေးအမျိုး၌ ပဋိသန္ဓေ တည်ဇနေစွဲယူ၍ လခွဲ ကာလွန်ရှိသော ကိုးလဖြင့် မိခင်၏ ဝမ်းတိုက်၌ ကိန်းပိုက်တည်နေ ရလေ၏။

## ပစ္စုပ္ပန်ဘဝ ဇောတိကသူဌေးအကြောင်း

ထိုသူငယ်၏ မွေးဖွားသော နေ့၌ကား အလုံးစုံသောမြို့၌ အလုံးစုံသော လက်နက်တို့သည် အလျှံပြောင်ပြောင် တောက်ကုန်၏။ အလုံးစုံသောသူတို့၏ ကိုယ်၌ ဝတ်ဆင်ထားအပ်ကုန်သော တန်ဆာတို့သည်လည်း အလျှံပြောင်ပြောင် တောက်လောင်ကုန်ဘိသကဲ့သို့ အရောင်ကို လွှတ်ကုန်၏။ ရာဇဂြိုဟ်မြို့သည် တပြိုင်နက်တည်းသော အရောင်အလင်းရှိသည် ဖြစ်လေ၏။ သူဌေးကြီးသည်ကား နံနက်စောစောကသာလျှင် ပြည့်ရှင်မင်းကြီးအား ခစားခြင်းသို့ သွား၏။ ထိုအခါ ပြည့်ရှင်မင်းမြတ်က ထိုသူဌေးကြီးကို "ယနေ့အလုံးစုံသော လက်နက်တို့သည် အလျှံတောက်ကုန်၏။ မြို့သည် တပြိုင်နက်တည်းသော အလင်းအရောင်ဖြစ်၏။ ဤသို့ဖြစ်ရာ၌ အကြောင်းကို သိပါ၏လော"ဟု မေးတော်မူ၏၊ "အရှင်မင်းမြတ် သိပါ၏လော"ဟု လျှောက်တင်၏။ "သူဌေးကြီး အကြောင်း အသို့နည်း"ဟု မေးတော်မူပြန်သဖြင့် "အရှင်မင်းမြတ်၊ အကျွန်ုပ်၏အိမ်၌ အရှင်မင်းမြတ်၏ ကျေးတော် ကျွန်တော်မျိုးဖြစ်သော သူငယ် ဖွားမြင်ပါသည်။ ထိုသူငယ်၏ ကောင်းမှုအကျိုး တန်ခိုးရှိန်စော် အာနုဘော်ကြောင့်သာလျှင် ဖြစ်ပါ၏"ဟု တင်လျှောက်၏။ "အသို့ပေနည်း၊ ထိုသူငယ်သည် ခိုးသူဖြစ်လတ္တံ့လော"ဟု မေးတော်မူပြန်သဖြင့် "အရှင်မင်းမြတ် မကောင်းဆိုးမှု ခိုးသူဖြစ်အံ့သော ထိုအကြောင်း မရှိပါ ကောင်းမှုရှိသော ပြုအပ်ပြီးသော ဆုတောင်းပတ္ထနာရှိသော သတ္တဝါဖြစ်ပါသည်"ဟု တင်လျှောက်၏။ "ထိုသို့ ဖြစ်ပါမူကား သူငယ်ကို ကောင်းစွာ မွေးမြူခြင်းငှါ သင့်လျော် လျောက်ပတ်အပ်တော့၏။ ဤမျှလောက်ကား သူငယ်၏ နို့ဖိုးဖြစ်စေသတည်း"ဟု မိန့်ဆိုတော်မူ၍ နေ့တိုင်း နေ့တိုင်း အသပြာတစ်ထောင်ကို ချီးမြှင့်ပေးမှု ဆုလာဘ်တော်ကို ဖြစ်စေ၏။ ထိုနောက် ထိုသူငယ်အား အမည်ကို မှည့်ယူအံ့သောနေ့၌ အလုံးစုံသောမြို့၏ တစ်ပြိုင်နက်တည်းသော အလင်းအရောင် ထွန်းပြောင်တောက်ပသည် အဖြစ်ကြောင့် ဇောတိကဟူ၍သာလျှင် အမည်ကို မှည့်ခေါ် ပြုလုပ်ကုန်၏။ ထိုနောက် ဇောတိကသူငယ် အရွယ်သို့ ရောက်သောအခါ၌ နေအိမ်ကို ပြုပြင်ဆောက်လုပ်ခြင်း အကျိုးငှါ အိမ်ယာမြေအပြင်ကို သုတ်သင်ရှင်းလင်းအပ်သည် ရှိသော် သိကြားမင်း၏ နေရာသည် ပူလောင်သော အခြင်းအရာကိုပြ၏။ သိကြားမင်း

သည် ဤပူလောင်သော အခြင်းအရာကား အကြောင်း အဘယ်သို့နည်းဟု ကြည့်ရှုထောက်လှမ်း စံစမ်းဆင်ခြင်သည်ရှိသော် ဇောတိက၏ နေအိမ်တည်ရာ အရပ်ကို သိမ်းဆည်းပြုလုပ် သုတ်သင်ကြကုန်သတည်းဟု သိ၍ ဤဇောတိက လုလင်သည် ထိုသူတို့ ဆောက်လုပ် ပြုပြင်အပ်သော နေအိမ်၌ မနေပေလတ္တံ့။ ငါသည် ထိုအရပ်သို့ ချဉ်းကပ်၍သွားရောက် ခြင်းငှာ သင့်၏ဟု ကြံဆင်ခြင်လျက် လက်သမားတို့၏ အသွင်ဖြင့် ထိုအရပ်သို့ သွားရောက်၍ "အဘယ် အမှုကိုပြုလုပ် ကုန်သနည်း"ဟု မေးမြန်းပြောဆို၏။ "ဇောတိက၏ အိမ်နေရာအရပ်ကို သတ်မှတ်သုတ်သင် ပြုပြင်သိမ်းယူပါကုန်၏"ဟု ပြောဆိုကြသောအခါ "အသင် တို့သည် ဖဲရှောင်ကုန်လော့။ အသင်တို့ စီမံပြုလုပ်အပ်သော နေအိမ်၌ ဇောတိက သည် မနေပေလတ္တံ့"ဟု ပြောဆို၍ တစ်ဆယ့်ခြောက်မင်းပယ် ပြန့်ကျယ် သတ်မှတ် မြေအရပ်ကို ကြည့်ရှု၏။ သိကြားမင်းကြည့်ရှုရာ မြေမျက်နှာအပြင် ဖြစ်သော ထိုမြေအရပ်သည် သန့်ပြန့်ညီစွန်း ကသိုဏ်းဝန်းကဲ့သို့ ညီညွတ်သည် ဖြစ်လေ၏။ "တစ်ဖန် ဤမြေနေရာအရပ်၌ မြေကြီးကိုဖောက်ခွဲ၍ ခုနစ်ပါးသော ရတနာတို့ဖြင့် အတိပြီးသော ဘုံခုနစ်ဆင့်ရှိသော ပြာသာဒ်ကြီး လျင်စွာ ထမြောက် ထွက်ပေါက်စေသတည်း"ဟု ကြံစည်၍ ကြည့်ရှုပြန်၏။ ထိုခဏ သာလျှင် ပြာသာဒ်သည် ထပေါက်လေ၏။ "တစ်ဖန် ဤပြာသာဒ်ကို ဝန်းရံ၍ ခုနစ်ထပ်ကုန်သော တံတိုင်းတို့သည် ထပေါက်စေကုန်သတည်း"ဟု ကြံစည် ကြည့်ရှုပြန်၏။ ကြံစည်သည့်အတိုင်း ထိုသို့ သဘောရှိကုန်သော ခုနစ်ထပ် ကုန်သော တံတိုင်းတို့သည် ထပေါက်ကုန်၏။ ထို့နောက် "ထိုတံတိုင်းတို့၏ အဆုံးစွန် အဆုံးစွန်၌ ပဒေသာပင်တို့သည် ထပေါက်စေကုန်သတည်း"ဟု ကြံစည် လျက် ကြည့်ရှုပြန်၏၊ ကြံစည်သည့်အတိုင်း ထိုသို့သဘောရှိကုန်သော ပဒေသာပင် တို့သည် ထွက်ပေါက်ကုန်၏။ "ပြာသာဒ်၏ လေးခုကုန်သော အထောင့်တို့၌ လေးလုံးကုန်သော ရွှေအိုးကြီးတို့သည် ထပေါက်စေကုန်သတည်း"ဟု ကြံစည် ကြည့်ရှုပြန်၏။ အောက်၌ ဖော်ပြအပ်ပြီးသော ကြံစည်အပ်သော အလုံးစုံသည် ထိုကြံစည်တိုင်းသာလျှင် ဖြစ်၏။ ရွှေအိုးကြီးတို့တွင် တစ်လုံးသော ရွှေအိုးသည် တစ်ယူဇနာ၊ တစ်လုံးသော ရွှေအိုးသည် သုံးဂါဝုတ်၊ တစ်လုံးသော ရွှေအိုးသည် ယူဇနာဝက် တစ်လုံးသော ရွှေအိုးသည် တစ်ဂါဝုတ် အတိုင်းအရှည်ရှိသည် ဖြစ်ပေ၏။

[ဘုရားအလောင်းတော် သိဒ္ဓတ္ထကုမာရအား ဖြစ်သော ရွှေအိုးတို့၏ ကား တူမျှသော မျက်နှာရေးဝအတိုင်းအရှည် ရှိ၏။ အောက်အဖို့၌ မြေကြီးအထု အဆုံးရှိသည်သာလျှင် ဖြစ်ကုန်၏ ဇောတိကအား ဖြစ်ပေါ်သော ရွှေအိုးတို့၏ မျက်နှာရေးဝ အတိုင်းအရှည်ကို မဆိုမမိန့် ချေ။]

အလုံးစုံသော ရွှေအိုးတို့သည် မျက်နှာရေးဝကို လှိုးဖြတ်၍ ထားအပ်သော ထန်းသီးကဲ့သို့ အညီအတိ ပြည့်ကုန်သည် ဖြစ်၍သာလျှင် ထပေါက်ကုန်၏။ ပြာသာဒ်၏ လေးခုကုန်သော အထောင့်တို့၌ ပျိုနုသော ထန်းပင်လုံးခန့် ပမာဏရှိကုန်သော ရွှေဖြင့် ပြီးကုန်သော လေးခုကုန်သော ကြံချောင်းတို့သည် ဖြစ်ကုန်၏။ ထိုကြံချောင်းတို့၏ ပတ္တမြားဖြင့် တခဲနက်ပြီးကုန်သော အရွက်တို့သည် ရွှေစင်ဖြင့် တခဲနက်ပြီးကုန်သော ပင်ဆည်တို့သည် ဖြစ်ကုန်၏။

[ထိုကြံပင်တို့ ဖြစ်ပေါ်လာခြင်းတို့ကား ထိုဇောတိက၏ ရှေး၌ ပြုဖူးသော ကောင်းမှုကံကို ဖော်ပြခြင်း အကျိုးငှာ ဖြစ်ပေါ်ကုန်သတတ်။]

ခုနစ်ထပ်ကုန်သော တံတိုင်း တံခါး မုခ်တို့၌ ခုနစ်ဦးကုန်သော ဘီလူးတို့သည် အစောင့်အရှောက်ကို ယူကုန်၏။ ရှေးဦးစွာသော တံခါးမုခ်၌ ယမကောဠိ အမည်ရှိသော ဘီလူးသည် မိမိ၏ အခြွေအရံဖြစ်သော ဘီလူးတစ်ထောင်နှင့် အတူတကွ အစောင့်အရှောက်ကို ယူ၏။ နှစ်ခုမြောက်သော တံခါးမုခ်၌ ဥပ္ပလအမည်ရှိသော ဘီလူးသည် မိမိ၏ အခြွေအရံ ဖြစ်ကုန်သော ဘီလူးတို့၏ နှစ်ထောင်တို့နှင့် အတူတကွ အစောင့်အရှောက်ကို ယူ၏။ သုံးခုမြောက်သော တံခါးမုခ်၌ ဝဇိရအမည်ရှိသော ဘီလူးသည် မိမိ၏ အခြွေအရံ ဖြစ်ကုန်သော ဘီလူးတို့၏ သုံးထောင်တို့နှင့် အတူတကွ အစောင့်အရှောက်ကို ယူ၏။ လေးခုမြောက်သော တံခါးမုခ်၌ ဝဇိရဗာဟု အမည်ရှိသော ဘီလူးသည် မိမိ၏ အခြွေအရံ ဖြစ်ကုန်သော ဘီလူးတို့၏ လေးထောင်တို့နှင့် အတူတကွ အစောင့်အရှောက်ကို ယူ၏။ ငါးခုမြောက်သော တံခါးမုခ်၌ ကသကန္ဒ အမည်ရှိသော ဘီလူးသည် မိမိ၏ အခြွေအရံဖြစ်ကုန်သော ဘီလူးတို့၏ ငါးထောင်တို့နှင့်အတူ တကွ အစောင့်အရှောက်ကို ယူ၏။ ခြောက်ခုမြောက်သော တံခါးမုခ်၌ ကဋတ္ထ အမည်ရှိသော ဘီလူးသည် မိမိ၏ အခြွေအရံ ဖြစ်သော ဘီလူးတို့၏ ခြောက်ထောင်တို့နှင့် အတူတကွ အစောင့်အရှောက်ကို ယူ၏။ ခုနစ်ခုမြောက်သော တံခါးမုခ်၌ ဒိသာပါမုခအမည်ရှိသော ဘီလူးသည် မိမိ၏ အခြွေအရံ ဖြစ်ကုန်သော ဘီလူးတို့၏ ခုနစ်ထောင်တို့နှင့် အတူတကွ အစောင့်အရှောက်ကို ယူ၏။ ဤသို့ ပြဆိုခဲ့ပြီးသည့်အတိုင်း ပြာသာဒ်၏ အတွင်း၌လည်းကောင်း, အပြင်၌လည်းကောင်း မြဲမြံသော အစောင့်အရှောက် ရှိသည် ဖြစ်၏။ "ဇောတိက လုလင်အား ရတနာခုနစ်ပါး အတိပြီးသော ဘုံခုနစ်ဆင့်ရှိသော ပြာသာဒ်ကြီးသည် မြေမှ ထပေါက်သတဲ့။ ခုနစ်ထပ်ကုန်သော တံတိုင်း၊ ခုနစ်ခုကုန်သော တံခါးမုခ်၊ လေးလုံးကုန်သော ရွှေအိုးကြီးတို့သည် မြေကြီးမှ ထပေါက်ကုန်သတဲ့" ဟု ကြားသိတော်မူ၍ ဗိမ္ဗိသာရမင်းကြီးသည် သူဌေးတို့၏ အဆောင်

အရွက်ဟု ဆိုအပ်သော ထီးကို ပေးပို့စေလွှတ်၏။ ထိုအခါ ဇောတိကလုလင်သည် ဇောတိကသူဌေးမည်သည် ဖြစ်လေ၏။

ထိုဇောတိကသူဌေးနှင့် အတူတကွ ပြုအပ်ပြီးသော ကောင်းမှုရှိသော အိမ်ရှင်ခင်ပွန်း မိန်းမသည်ကား ဥတ္တရကုရုကျွန်းတို့၌ ဖြစ်နေ၏။ ထိုအခါ နတ်တို့သည် ယိုဥတ္တရကုရုကျွန်းသူကို ထိုဥတ္တရကုရုကျွန်းမှ ဆောင်ယူခဲ့ကြ၍ အသရေရှိသော တိုက်ခန်း၌ နေစေကုန်၏။ ထိုမိန်းမသည် လာခဲ့သည် ရှိသော် တစ်ကွမ်းစားသော ဆန်ကိုလည်းကောင်း, ဇောတိပါသာဏ အမည်ရသော ပတ္တမြား ကျောက်ခဲ့ လောက် သုံးလုံးတို့ကိုလည်းကောင်း ယူဆောင်ခဲ့၏။ ထိုသူဌေးနှင့် သူဌေးကတော်တို့အား အသက်ရှည်သမျှ ကာလပတ်လုံး ထိုတစ်ကွမ်းစားသော ဆန်ဖြင့်သာလျှင် ချက်အပ်သော ထမင်းသည် ဖြစ်၏။ ထိုသူတို့အား လှည်းအစီးတစ်ရာကိုလည်း ဆန်တို့ဖြင့် အကယ်၍ ပြည့်စေခြင်းငှါ အလိုရှိကုန်သည်ဖြစ်အံ့။ ထိုသို့ အလိုရှိသည် ဖြစ်စေကာမူ ထိုတစ်ကွမ်းစားသော ဆန်သာလျှင် ဖြစ်၍တည်၏။ ထမင်းကို ချက်သောအခါ၌ ဆန်တို့ကို အိုးခွက်၌ ထည့်၍ ထိုပတ္တမြား ကျောက်ခဲလောက် တို့၏ အထက်၌ တင်ထားကုန်၏။ ပတ္တမြားကျောက်တို့သည် ထိုတင်ထားသော ခဏ၌သာလျှင် အလျှံတောက်ပြောင်၍ ထမင်းကျက်ကာမျှ၌ အလျှံငြိမ်းကုန်၏။ ထိုသို့သော အမှတ်ဖြင့်သာလျှင် ထမင်း၏ ကျက်သော အဖြစ်ကို သိကုန်၏။ ဟင်းစသည်ကို ချက်ရာ၌လည်း ဤနည်းအတိုင်းသာလျှင်တည်း။ ဤသို့လျှင် ထိုသူဌေးဇနီးခင်ပွန်းတို့အား ပတ္တမြားကျောက်တို့ဖြင့် အာဟာရသည် ကျက်၏။ ပတ္တမြားအလင်းရောင်ဖြင့်လည်း နေမျှကုန်၏၊ မီး၏လည်းကောင်း၊ ဆီမီး၏ လည်းကောင်း အလင်းရောင်ကို မသိကြကုန်။ "ဇောတိက သူဌေးအား ဤသို့ သဘောရှိသော စည်းစိမ်ချမ်းသာသည် ဖြစ်သတဲ့"ဟု အလုံးစုံသော ဇမ္ဗူဒိပ်၌ ထင်ရှားသည်ဖြစ်၏။ များစွာသော လူအပေါင်းသည် ယာဉ် အစရှိသည်တို့ကို ကယှဉ်၍ ကြည့်ရှုခြင်းအကျိုးငှါ လာရောက်၏။ ဇောတိက သူဌေးသည် လာတိုင်း လာတိုင်းကုန်သော သူတို့အား ဥတ္တရကုရုကျွန်းမှ ယူဆောင်လာသော ဆန် တို့၏ ထမင်းကို ချက်စေ၍ ပေး၏။ "ပဒေသာပင်တို့မှ အဝတ်တို့ကို ယူကုန် လော့၊ တန်ဆာတို့ကို ယူကုန်လော့"ဟု စေခိုင်း၏။ ဂါဝုတ်အတိုင်းအရှည်ရှိသော ရွှေအိုးကြီးတို့ကို မျက်နှာခရေးကို ဖွင့်လှစ်စေ၍ "မျှလောက်ရုံ အတိုင်းအရှည် ရှိသော ဥစ္စာကို ယူကုန်လော့"ဟု စေခိုင်း၏။ အလုံးစုံသော ဇမ္ဗူဒိပ်၌ နေကုန်သော သူတို့သည် ဥစ္စာကို ယူ၍ သွားကုန်သည် ရှိသော် ရွှေအိုးကြီး၌ လက်တစ်လုံးမျှလောက်လည်း ယုတ်လျော့သည် မဖြစ်လေ။

[ဤကဲ့သို့ ယုတ်လျော့ခြင်း မဖြစ်သော အကြောင်းကား ထိုဇောတိကသူဌေးအား ဂန္ဓကုဋိ ပရိဝုဏ်၌ သဲပြုလုပ်၍ ကြဲအပ်သော ရတနာအလှူတို့၏ အကျိုးဆက် ဖြစ်ပေသတတ်၏]

ဤသို့လျှင် လူများအပေါင်းသည် အဝတ်တန်ဆာ တို့ကိုလည်းကောင်း၊ ပစ္စည်းဥစ္စာကိုလည်းကောင်း အလုံရှိသည် အားလျော်စွာ ယူဆောင်၍ ဖဲသွားသည်ရှိသော် ဗိမ္ဗိသာရမင်းကြီးသည် ထိုဇောတိက သူဌေး၏ ပြာသာဒ်ကို ကြည့်ရှုခြင်းငှါ အလိုရှိပါလျက်လည်း လူများအပေါင်းသည် ကြည့်ရှုခြင်းငှါ လာရောက်သည်ရှိသော် ကြည့်ရှုခွင့်ကို မရလေ။

## ဗိမ္ဗိသာရမင်းကြီး ဇောတိကသူဌေးကြီး၏ ပြာသာဒ်ကို ကြည့်ရှုခြင်း

နောက်အဖို့၌ အလိုရှိသည် အားလျော်စွာ ယူငင်၍ သွားသည် အဖြစ်ကြောင့် လူတို့သည် နည်းပါးသည် ဖြစ်ကုန်သော် မင်းကြီးက ဇောတိက၏ ဖခင်ဖြစ်သော သူဌေးကြီးကို "အသင်သား ဇောတိက၏ ပြာသာဒ်ကို ကြည့်ရှုခြင်းငှါ အလိုရှိသည် ဖြစ်ပါကုန်၏"ဟု မိန့်ဆိုတော်မူ၏။ ထိုသူဌေးကြီးက "အရှင်မင်းမြတ် ကောင်းလှပါပြီ"ဟု ဝန်ခံပြောဆို၍ သွားရောက်ပြီးလျှင် သားဖြစ်သော ဇောတိကအား "ချစ်သား ပြည့်ရှင် မင်းမြတ်သည် အသင်၏ ပြာသာဒ်ကို ကြည့်ရှုတော်မူခြင်းငှါ အလိုရှိပေ၏"ဟု ပြောကြား၏။ ထို ဇောတိက သူဌေးက "အို ဖခင် ကောင်းလှပါပြီ၊ ကြွလာတော်မူပါစေသတည်း" ဟု ဝန်ခံပြန်ကြား၏။ ဘုရင်မင်းမြတ်သည် ကြီးစွာသော အခြံအရံဖြင့် ထို ဇောတိကသူဌေး၏ ပြာသာဒ်ရှိရာ အရပ်သို့ ထွက်ကြွတော်မူ၏။ ရှေးဦးစွာသော တံခါးမုခ်၌ တံမြက်ကြဲ၍ အမှိုက်ကို စွန့်သွန်ရသော အိမ်ကျွန်မသည် မင်းကြီးအား လက်ကို လှမ်းလင့်၍ ပေး၏။ မင်းကြီးသည် သူဌေး၏ မယားငယ်ပွန်းဟူသော အမှတ်ရှိသဖြင့် ရှက်စနိုးသောကြောင့် ထိုအိမ်ကျွန်မ၏ လက်မောင်း၌ လက်ကို မတင်မထားလေ။ ဤနည်းအတူသာလျှင် ကြွင်းကုန်သော တံခါးမုခ်တို့၌လည်း အမျိုးကျွန်မတို့ကို သူဌေး၏ မယားငယ်ပွန်းတို့ပေတည်းဟု အောက်မေ့မှတ်ထင်လျက် ထိုအမျိုးကျွန်မ၏ လက်မောင်း၌ လက်ကို မတင်ထားလေ။ ဇောတိကသူဌေးသည် လာရောက်၍ မင်းကြီးကို ခရီးဦးကြို ရှိခိုးပြီးလျှင် နောက်မှနေလျက် "အရှင်မင်းမြတ် ရှေ့မှ ကြွတော်မူပါကုန်ဦးလော့"ဟု လျှောက်တင်၏။ ပြည့်ရှင်မင်းကြီးအား ပတ္တမြားဖြင့် ပြီးသော မြေအပြင်သည် အသူတရာနက်လှစွာသော ချောက်ကမ်းပါး ပြတ်ကဲ့သို့ဖြစ်၍ထင်၏။ ထိုပြည့်ရှင်မင်းမြတ်က "ဤဇောတိက သူဌေးသည် ငါ့ကို ဖမ်းယူခြင်းအကျိုးငှါ တွင်းကျင်းကို တူးထားအပ်၏"ဟု အောက်မေ့မှတ်ထင်လျက် ခြေတော်ကို ချနင်းခြင်းငှါ မရဲဝံ့ဖြစ်လေ၏။ ဇောတိကသူဌေးက "အရှင်မင်းမြတ် ဤအရပ်ကား တွင်းကျင်း မဟုတ်ပါ၊ အကျွန်ုပ်၏ နောက်မှ ကြလိုက်တော်မူလှည့်ကုန်လော့" ဟု လျှောက်တင်၍ ရှေ့မှသမ်းသွန်ဘကဲ့သို့ သွား၏။ မင်းကြီးသည် ထိုဇောတိ

သူဌေး နှင်းသွားသောအခါ၌ မြို့ကို နှင်းတော်မူ၍ အောက်အပြင်မှစ၍ ပြာသာဒ်ကို ကြည့်ရှုတော်မူလျက် လှည့်လည်၏။ ထိုအခါ ဇောတက သတို့သားသည်လည်း ခမည်းတော်မင်းကြီး၏ လက်ချောင်းတော်ကို ဆွဲကိုင်၍ လှည့်လည်လျက် "ငါ၏ ခမည်းတော်မင်းမြတ်သည် ဗြဟ္မဏ်-မိုက်ဂနန်းတော်၌။ သူဌေးမည်သောသူသည် ရတနာခုနစ်ပါးတို့ဖြင့် တခဲနက်ပြီးသော ပြာသာဒ်၌ နေလျက် ဤခမည်းတော်ကား ပြည့်ရှင်မင်းဖြစ်သော်လည်း သစ်သားဖြင့် ပြီးသော နန်းအိမ်တော်၌ နေရလေ၏။ ယခုအခါ ငါသည်လျင် မင်းဖြစ်ပါမူကား ဤသူဌေးအား ဤပြာသာဒ်၌ နေခြင်းငှါ မပေးအံ့"ဟု ကြံစည်၏။ မင်းကြီး၏လည်း အထက်ပြာသာဒ်ဒွါရ်သို့ တက်စဉ်ပင်လျှင် နံနက်စာ စားသော အချိန်တော်သည် ဖြစ်လာ၏။ မင်းကြီးသည် ဇောတကသူဌေးကို ခေါ်တော်မူ၍ "သူဌေးကြီး ဤပြာသာဒ်ဒွါရ်၌သာလျှင် နံနက်စားပွဲတော်တည်ကုန်အံ့"ဟု မိန့်တော်မူ၏။ "အရှင်မင်းမြတ် အကျွန်ုပ်သည် သိပါ၏၊ အရှင်မင်းမြတ်၏ ပွဲတော်စာ အာဟာရအလို့ငှါ စီရင်၍ထားအပ်ပါပြီ"ဟု တင်လျှောက်၏။ ထိုပြည့်ရှင်မင်းမြတ်သည် တစ်ဆယ့်ခြောက်လုံး ကုန်သော နံ့သာရေအိုးတို့ဖြင့် ရေချိုးသုံးသပ်တော်မူ၍ ရတနာအတိပြီးသော သူဌေးထိုင်နေရာ မဏ္ဍပ်၌ခင်းထားအပ်သော ထိုသူဌေး၏သာလျှင် ထိုင်နေရာဖြစ်သော ပလ္လင်၌ ထိုင်နေမျှ စံတော်မူ၏။ ထိုအခါ မင်းကြီးအား လက်ဆေးတော်ရေကို ပေးဆက်၍ အဖိုး တစ်သိန်းထိုက်သော ရွှေခွက်၌ စိုစွတ်သော နို့ဃနာကို ပွါးစေ၍ ရွှေမှထား ကုန်၏။ မင်းကြီးသည် ဘောဇဉ်ဟူသော အမှတ်ဖြင့် စားသုံးခြင်းငှါအားထုတ်၏။ ဇောတိကသူဌေးက "အရှင်မင်းမြတ် ဤသည်ကား ဘောဇဉ် မဟုတ်ပါ၊ စိုစွတ်သော နို့ဃနာပါတည်း"ဟု လျှောက်တင်၍ တစ်ပါးသော ရွှေခွက်ဖြင့် ဘောဇဉ်ကို ခူးဆွ၍ ရှေးဖြစ်သောရွှေခွက်၌ တင်ထားကုန်၏။ ထိုနို့ဃနာမှ ထကြွသော အငွေ့ဥတုဖြင့် ဘောဇဉ်ကိုစားသုံးခြင်းငှါ ချမ်းသာသည် ဖြစ်ပေသတတ်၊ မင်းကြီးသည် အလွန်ကောင်းမွန်သော ဘောဇဉ်ကို စားသည်ရှိသော် အတိုင်းအရှည်ကို မသိခဲ့ပေ၊ ထိုအခါ ဇောတိကသူဌေးက ထိုပြည့်ရှင်မင်းမြတ်ကို ရှိခိုးဝပ်တွား လက်အုပ်မြှောက်ချီ၍ "အရှင်မင်းမြတ် တန်ရပ်တော်မူခြင်းငှါ ထိုက်ပါပြီ၊ ဤမျှလောက်သာ သင့်လျော်သည် ဖြစ်တော်မူပါ၊ ဤထက်အလွန် ပိုကျုံစားသုံးတော်မူလေက ကြေကျက်စေခြင်းငှါ မစွမ်းနိုင်ပါ"ဟု လျှောက် တင်၏။ ထိုအခါ သူဌေးကို မင်းကြီးက "အို သူဌေး အဘယ်ကြောင့် မိမိ၏ ထမင်းကို အလေးပြု၍ ပြောဆိုလျှောက်တင်သနည်း"ဟု မေးတော်မူ၏။ "အရှင်မင်းမြတ်၊ အကျွန်ုပ်တို့အား မခံသာကမင ရှိရှိုးရှင်း နလုံးသွင်း၍ ဤထမင်းကို အလေးပြုခြင်းမရှိပါ၊ ထိုးကားမှန်ပါ၏၊ အလုံးစုံဖြစ်သော စစ်သည်တော် အပေါင်းအားလည်း ဤထမင်း ဤဟင်းကိုသာလျှင် ကျွေးမွေးပေးကမ်းပါ၏၊ စင်စစ်မှာကား အကျွန်ုပ်သည် ရှိ စော်မဲ့ခြင်း မကောင်းသော ကျော်စော

သံကို ကြားကြားရှိလှပါ၏”ဟု လျှောက်တင်၏။ “အကြောင်းကား အဘယ်သို့ပေနည်း”ဟု မေးမြန်းတော်မူပြန်သောအခါ “အရှင်မင်းမြတ် အရှင်မင်းမြတ်၏ ကိုယ်တော်သစ်နှမ်း ပင်ပန်းခြင်းမျှသည် အကျယ်၍ဖြစ်ခဲ့အံ့။ ဤသို့ ဖြစ်သည်ရှိသော် ယမန်နေ့က ပြည့်ရှင်မင်းကြီးသည် ဇောတိကသူဌေး၏အိမ်၌ ပွဲတော်ထမင်းကို စားသုံးအင်၏၊ ဇောတိကသူဌေးသည် တစ်စုံတစ်ခု ပြုလုပ်အပ်သည် ဖြစ်လတ္တံ့ဟု ပြောဆိုအပ်သည်ကို ကြားကလှပါ၏”ဟု တင်လျှောက်၏။ “ထိုသို့ဖြစ်ပါကား ပွဲတော်ထမင်းကို ဆောင်ယူလေလော့၊ ရေကို ဆောင်ယူခဲ့လော့”ဟု မိန့်တော်မူ၏။ မင်းကြီး၏ ပွဲတော်ထမင်း စားသုံးခြင်းကိစ္စ အပြီး အဆုံး၌ ဖလှံ့စုံသောမင်းကြီး၏ အခြံအရံအပေါင်းတို့သည် ထိုထမင်းကိုသာလျှင် စားသုံး၏။ ဘုရင်မင်းမြတ်သည် စပ်လျဉ်းမိရာ ချမ်းသာစွာ စကားပြောဆိုသဖြင့် ထိုင်နေတော်မူလျက် သူဌေးကို မိန့်ခေါ်ပြီးလျှင် “အို သူဌေး အသို့ပေနည်း၊ ဤအိမ်၌ အသင်အား မယားခင်ပွန်း မရှိသလော”ဟု မေးတော်မူ၏၊ “အရှင်မင်းမြတ် ရှိပါ၏”ဟု လျှောက်တင်သောအခါ “သူဌေးကတော်သည် အဘယ်မှာနည်း”ဟု မေးတော်မူပြန်သဖြင့် “အရှင်မင်းမြတ် အသရေရှိသော တိုက်ခန်း၌ ထိုင်နေပါ၏။ အရှင်မင်းမြတ်၏ ကြွတော်မူလာသော အဖြစ်ကို မသိပါ”ဟု လျှောက်တင်၏။

[ထိုစကားမှန်၏ နံနက်စောစောကလျှင် ပြည့်ရှင်မင်းမြတ်သည် အခြံအရံနှင့်တကွ အကယ်၍ကား ကြွတော်မူလာပေ၏။ ထိုသို့ပင် ကြွတော်မူလာသော်လည်း ထိုသူဌေးကတော်သည် ဘုရင်မင်းမြတ်၏ ကြွတော်မူလာသောအဖြစ်ကို မသိသည်သာလျှင်တည်း။]

ထိုနောက်မှ ဇောတိကသူဌေးသည် ပြည့်ရှင်မင်းမြတ်သည် ငါ၏မယားခင်ပွန်းမကို ကြည့်ရှုတော်မူခြင်းငှါ အလိုရှိတော်မူသည်ဟု သိသောကြောင့် ထိုသူဌေးကတော်၏ အထံသို့သွား၍ “ဘုရင်မင်းမြတ်သည် ယွက်ကြွတော်မူလာ၏။ အသို့ပေနည်း။ အသင်အား ဘုရင်မင်းမြတ်ကို ဖူးမျှော်ခြင်းငှါ မသင့်သလော”ဟု ပြောဆို၏။ ထိုသူဌေးကတော်သည် လျောင်းလျက် သာလျှင် “အရှင်။ ထိုဘုရင်မင်းမြတ်မည်သည် အဘယ်သို့သော သူပေနည်းဟု”ဟုမေး၍ “ချစ်နှမ၊ ဘုရင်မင်းမြတ်မည်သည် ငါတို့အား အစိုးရသော သူပေတည်း”ဟု ပြောဆိုတည်ရှိသော် နှလုံးမသာက်သာသော အဖြစ်ကို ညည်းညူ ပြောကြားလျက် “အကြင်ငါတို့အား အစိုးရသောသူသည် ရှိခဲ့ပေသေး၏၊ ထိုငါတို့အား ကောင်းမှု ကုသိုလ်ကံ ဘို့ကို မကောင်းသဖြင့် ပြုအပ်ကုန်စွတကား။ ကြည်ညိုယုံကြည်ခြင်း မရှိသဖြင့် ကောင်းမှုကုသိုလ်ကံ မည်သည်တို့ကို ပြုလုပ်ခဲ့၍ ငါတို့သည် စည်းစိမ်ချမ်းသာနှင့် ပြည့်စုံသောအဖြစ်သို့ ရောက်ရပါကုန်သော်လည်း တစ်ပါးသောသူ၏ အစိုးရသောနေရာအရပ်၌ ဖြစ်ရလေကုန်ပြီ။ စင်စစ်မချွတ်

ငါဘို့သည် မကြည်ညို မယုံကြည်မှု၍ အလှူကို ပေးလှူအပ်သည် ဖြစ်ပေလတ္တံ့။ ဤယခုအခါ ခံစားရသောအကျိုးသည် မကြည်ညိုမယုံကြည် ပေးလှူအပ်သော ထိုအလှူ၏အကျိုးပေတည်း''ဟု ညည်းညူပြောဆို၍ ''အရှင်၊ ဤယခုအခါ၌ ကျွန်တော်မသည် အဘယ်အမှုကို ပြုလုပ်ရမည်နည်း''ဟု မေး၏'' ထန်းရွက်ယပ်ဝန်းကိုယူ၍ လာရောက်ပြီးလျှင် ဘုရင်မင်းမြတ်ကို ယပ်လေခပ်ပါလော့''ဟု ပြောဆို၏။ ထိုသူဌေးကတော်၏ ထန်းရွက်ယပ်ဝန်းယူ၍ လာရောက်ပြီးသော် မင်းကြီးကို ယပ်လေခပ်စဉ် မင်းကြီးဘောင်းတော် ဦးရစ်၏အနံ့လေသည်၊ ထိုသူဌေးကတော်၏မျက်စိတို့ကိုတိုက်ခတ်၏။ ထိုအခါ သူဌေးကတော်၏မျက်လုံးအိမ်တို့မှ မျက်ရည်အလျဉ်တို့သည် ယိုစီးကျထွက်ပေါ်ကုန်၏။ ထိုအကြောင်းကိုမြင်၍ မင်းကြီးက ဇောတိကသူဌေးကို ''အို သူဌေးကြီး၊ မာတုဂါမ မည်သည် နည်းသော ဉာဏ်ပညာ ရှိ၏၊ ဘုရင်မင်းမြတ်သည် ငါ၏အရှင် ခင်ပွန်းလင်၏ စည်းစိမ်ချမ်းသာကို ယူချေအံ့သည်တကားဟု ဖြစ်ပွားပေါ်ပေါက် ရှိကြောက်ခြင်းဘေးကြောင့် ကြံတွေးငိုကြွေးယောင်တကား။ ထိုသူဌေးကတော်ကို သက်သာရာကို ရပါစေလော၊ ငါ့အား အသင်၏စည်းစိမ်ချမ်းသာဖြင့် အလိုမရှိ''ဟု မိန့်တော်မူ၏။ ''အရှင်မင်းမြတ် ထိုမိန်းမသည် ဤသို့သောအကြောင်းကြောင့် ငိုကြွေးသည်မဟုတ်ပါ''ဟု လျှောက်တင်လျှင် ''ထိုသို့မဟုတ်ခဲ့က ထိုငိုကြွေးခြင်းအကြောင်းကား အသို့နည်း''ဟု မေးတော်မူပြန်သဖြင့် ''အရှင်မင်းမြတ်ဘို့ ဦးရစ်ဘောင်းတော်မှ ဖြစ်သောအနံ့ကြောင့် ထိုမိန်းမအား မျက်ရည်တို့သည် ယိုစီးကျထွက်ဖြစ်ပေါ်ပါကုန်၏၊ ထိုစကားမှန်ပါသည်၊ ဤမိန်းမသည် ဆီမီးအလင်းရောင်ကိုလည်းကောင်း၊ ပြကတေ့သော မီးအလင်းရောင်ကိုလည်းကောင်း မတွေ့မမြင်ရမူ၍ ပတ္တမြားအလင်းရောင်ဖြင့်သာလျှင် စားလည်း စားသုံးပါ၏၊ နေထိုင်လည်း နေထိုင်ပါ၏၊ အိပ်လည်း အိပ်လျောင်းပါ၏၊ အရှင်မင်းမြတ်သည်ကား ဆီမီးအလင်ရောင်ဖြင့်နေမျှစမ္ပာယ်တော်မူသည် ဖြစ်ပါလိမ့်မည်''ဟု တင်လျှောက်၏။ ''သူဌေးကြီး၊ သြော် ဟုတ်မှန်ပေ၏၊ ဆီမီးအလင်ရောင်ဖြင့် နေမျှတော်မူသည်''ဟု မိန့်တော်မူသောအခါ ''အရှင်မင်းမြတ် ထိုသို့ဖြစ်တပြီးကား ယနေ့မှစ၍ ပတ္တမြားအလင်းရောင်ဖြင့် နေမျှစမ္ပယ်တော်မူပါကုန်''ဟု လျှောက်တင်ပြီးသော် ကြီးစွာသော သခွါးသီးမျှအတိုင်းအရှည်ရှိသော အဖိုးအတိုင်းမသိ ထိုက်တန်သော ပတ္တမြားရတနာကို ပေးဆက်၏။ ပြည့်ရှင်မင်းမြတ်သည် နေအိမ်အလုံးကို ကြည့်ရှုတော်မူ၍ ''ဇောတိက သူဌေး၏ စည်းစိမ်ချမ်းသာကား ကြီးကျယ်လေစွတကား''ဟု ပြောကြားချီးမွမ်းတော်မူ၍ ပြန်ကြွတော်မူလေ၏။

[ ဤသည်ကား ရှေးဦးစွာ ဇောတိက သူဌေး၏ အတ္ထုပတ္တိပေတည်း။]

ယခုအခါ၌ ဇင္ဒိလသူဌေး၏ အတ္ထုပတ္တိကို ဤဆိုလတ္တံ့သော စကား အစဉ်ဖြင့် သိအပ်၏။

ဗာရာဏသီပြည်၌ တစ်ယောက်သော သေဌေးသမီးသည် အလွန်အဆင်းလှသည် ဖြစ်ပေ၏။ ထိုသူဌေးသမီးကို တဆယ့်ငါးနှစ် တဆယ့်ခြောက်နှစ် သက်ရွယ်ရှိသော အခါ၌ လုံခြုံမြဲမြံစွာ စောင့်ရှောက်ခြင်း အသရေရှိသော တိုက်ခန်း၌ နေစေကုန်၏။ တစ်နေ့သောအခါ လေသောက် ပြတင်းကို ဖွင့်လှစ်၍ အပပြင်ဘက်သို့ မျှော်လျက် ကြည့်ရှုသော ထိုသူဌေးသမီးကို ကောင်းကင်ခရီးဖြင့် သွားသော တစ်ယောက်သော ဝိဇ္ဇာဓိုရ်သည် တွေ့မြင်သည်ရှိသော် ဖြစ်ပေါ်သော ချစ်ခင်နှစ်သက်ခြင်း ရှိလေရကား လေသောက် ပြတင်းဖြင့် သက်ဝင်၍ ထိုသေဌေးသမီးနှင့် အတူတကွ စပ်ယှက်နှီးနှောခြင်း အမှုကိုပြု၏။ ထိုသူဌေးသမီးသည် ထိုဝိဇ္ဇာဓိုရ်ရဲ့ ယောကျ်ားနှင့် အတူတကွ ပေါင်းဖော်စပ်ယှက်ခြင်းကို အစွဲပြု၍ မကြာမြင့်မီသာလျှင် ကိုယ်ဝန်ကို ရလေ၏။ ထိုအခါ သူဌေးသမီးကို ထိုအမျိုးကျွန်မက တွေ့မြင်၍ "ချစ်သမီး ဤအမှုကား အကြောင်း အဘယ်တွင်ပါနည်း"ဟု မေးမြန်းပြောဆို၍ "ဖြစ်မိသော အမှုရှိပါစေလော့။ တစ်စုံတစ်ယောက်သောသူအား မပြောကြားပါလင့်"ဟု ထိုသူဌေးသမီးက ပြောဆိုသည်ဖြစ်၍ ကြောက်ရွံ့သဖြင့် ဆိတ်ဆိတ် နေသည် ဖြစ်၏။ ထိုသူဌေးသမီးသည်လည်း ဆယ်လကို လွန်သဖြင့် သားငယ်ကို ဖွားမြင်၍ အသစ်ဖြစ်သော အိုးကို ဆောင်ယူစေပြီးလျှင် ထိုအိုး၏ အတွင်း၌ ထိုသူငယ်ကို အိပ်စေ၍ ထိုအိုးကို လုံခြုံစွာ ပိတ်ပြီးသော် အထက်၌ ပန်းကုန်းတို့ကို တင်ထား၍ ဤအိုးကို ဦးခေါင်းဖြင့် ပင့်မြှောက် ရွက်ဆောင်ပြီးသော် ဂင်္ဂါမြစ်၌ စွန့်လွှတ် ချမျှောပါလေလော့။ ဤဝတ္ထုကား အဘယ်နည်းဟူ၍လည်း မေးကုန်သည်ဖြစ်ခဲ့က ငါ၏အရှင်မသည် နတ်ပူဇော်ခြင်းအမှု ပြုလုပ်ခြင်းပေတည်းဟု ပြောဆိုလော့ဟူ၍ မှာထားပြောဆိုပြီးလျှင် အမျိုး ကျွန်မကို ခိုင်းစေ၏။ ထိုကျွန်မသည် သူဌေးသမီး ပြောဆိုမှာထားသည့်အတိုင်း ပြုလုပ်၏။ အောက်ဖြစ်သော ဂင်္ဂါ၌ နှစ်ယောက်ကုန်သော မိန်းမတို့သည် ရေချိုးကုန်လျက် ရေစီးအလျဉ်ဖြင့် ဆောင်ယူမျှောလာသော ထိုအိုးကို မြင်ကုန်၍ တစ်ယောက်သော မိန်းမက "ထိုအိုးသည် ငါ၏အိုးတည်း"ဟု ပြောဆို၏။ တစ်ယောက်သော မိန်းမက "ထိုအိုး၏ အတွင်း၌ရှိသော ထိုဝတ္ထုသည် ငါ၏ဝတ္ထုတည်း"ဟု ပြောဆို၍ အိုးသည် အနီးသို့ ရောက်လာသည်ရှိသော် ထိုအိုးကိုဆယ်ယူ၍ ကုန်းပြင်၌ တင်ထားပြီးလျှင် ဖွင့်လှစ်ကြည့်ရှုရာ နုနုနယ်နယ် သူငယ်ကလေးကို တွေ့မြင်၍ တစ်ယောက်သော မိန်းမက "ဤအိုးသည် ငါ၏ အိုးတည်းဟု ပြောဆိုအပ်သည်၏ အဖြစ်ကြောင့် သူငယ်သည် ငါ့အားသာလျှင် ထိုက်သည် ဖြစ်၏"ဟု ပြောဆို

၏။ တစ်ယောက်သော မိန်းမက "အိုး၏အတွင်း၌ အကြွင်ငွေတ္တုသည် ရှိ၏။ ထို ဝတ္ထုသည် ငါ့အားသာလျှင် ဖြစ်စေသတည်းဟု ပြောဆိုအပ်သည်၏ ဒ ဖြစ် ကြောင့် သူ့ယ်သည် ငါ့အားထိုက်သည်ဖြစ်ပေ၏"ဟု ပြောဆို၏။ ထိုနှစ်ယောက် သော မိန်းမတို့သည် ကွဲပြားငြင်းခုံကြလျက် တရားဆုံးဖြတ်ရာ အရပ်သို့သွား ရောက်ရုံးပေါင်း ထိုအကြောင်းကို ပြောကြား၍ အမတ်ဘွဲ့သည် ထိုတရားကို ဆုံးဖြတ်ခြင်းငှါ မစွမ်းနိုင်ကုန်သည် ရှိသော် ပြည့်ရှင်မင်းမြတ်၏ အထံတော်သို့ သွားရောက်ကြကုန်၏။ ပြည့်ရှင်မင်းမြတ်သည် ထိုမိန်းမတို့၏ လျှောက်တင်သော စကားကို ကြားသိတော်မူ၍ "အသင်သည် ထိုသူ့ယ်ကို ယူလော့။ အသင်သည် အိုးကိုယူလော့"ဟု အမှတ်အသားအတိုင်း တရားဆုံးဖြတ် အမိန့်ချမှတ်တော် မူ၏၊ အကြွင်မိန်းမသည် ကား သူ့ယ်ကို ရအပ်ပေ၏။ ထိုမိန်းမသည် မဟာကစ္စည်း မထေရ်၏ အလုပ်အကျွေး ဒါယိကာမသည် ဖြစ်၏။ ထို့ကြောင့် ဤသူ့ယ်ကို မထေရ်၏ အထံ၌ ရဟန်းပြုစေအံ့ဟု နှလုံးသွင်း၍ ထိုသူ့ယ်ကို မွေးမြူလေ သတည်း။ ထိုသူ့ယ်၏ မွေးဖွားသော နေ့၌ ကိုယ်ဝန်အညစ်အကြေးကို သေးကြော၍ ရေချိုးအပ်သည်၏ အဖြစ်ကြောင့် ဆံပင်တို့ သည် ယုံးဖွဲ့ရစ်မာ ကုန်သည် ဖြစ်၍ တည်ရှိကုန်၏။ ထို့ကြောင့် ထိုသူ့ယ်အား ဇဋိလဟူ၍သာလျှင် အမည်မှည့်ခေါ်ခြင်းကို ပြုကုန်၏။ ထိုသူ့ယ်၏ ခြေဖြင့် သွားလာလည့်ပတ် နိုင်သော အခါ၌ မဟာကစ္စည်းမထေရ်သည် ထိုအမျိုးအိမ်သို့ ဆွမ်းအလို့ငှါ ကြွဝင်တော်မူ၏။ ဥပါသိကာမသည် မထေရ်ကို ထိုင်နေသီတင်းသုံးစေ၍ ဆွမ်း အာဟာရကို ပေးလှူ၏။ မထေရ်သည် သူ့ယ်ကိုမြင်၍ "ဥပါသိကာမ အသို ပေနည်း။ သူ့ယ်ကို ရအပ်သလော"ဟု မေးတော်မူ၏။ "အရှင်ဘုရား ဩော် ဟုတ်မှန်ပါ၏။ တပည့်တော်မသည် ဤသူ့ယ်ကို အရှင်ဘုရားတို့၏ အထံတော် ၌ ရဟန်းပြုစေအံ့ဟု နှလုံးသွင်း၍ မွေးမြူပါ၏။ ထိုသူ့ယ်ကို ရဟန်းပြုတော် မူပါကုန်လော့"ဟု ဆောင်နှင်းပေးအပ်၏။ မထေရ်သည် ကောင်းပြီဟု ဝန်ခံ ခေါ်ယူ၍ ကြွသွားတော်မူလျက် "ဤသူ့ယ်အား လူတို့၏စည်းစိမ်ချမ်းသာကို အစဉ် ခံစားခြင်းငှါ ကောင်းမှုကံ ရှိလေသလော"ဟု ကြည့်ရှုတော်မူသည် ရှိသော် ကြီးကျယ်သော ကောင်းမှုရှိသော သတ္တဝါသူ့ယ်သည် စည်းစိမ် ချမ်းသာကို အစဉ်ခံစားလတ္တံ့"ဟု မြင်တော်မူသောကြောင့် "အကြွင်မျှလောက် ကာလပတ်လုံး ထိုသူ့ယ်၏ ပညာဉာဏ်သည် ရင့်ကျက်ခြင်းသို့ မရောက်သေး။ ဤမျှလောက်တာကာလကြာအောင် ငယ်သေးလုစွာ၏"ဟု ကြံစည်တော်မူ၍ ထိုသူ့ယ်ကို ခေါ်ယူပြီးကာ တက္ကသိုလ်ပြည်၌ တစ်ဦးသော အလုပ်အကျွေး၏ အိမ်သို့ ကြွသွားတော်မူ၏။ ထိုအလုပ်အကျွေး ဥပါသကာသည် မထေရ်ကို ရှိခိုးတည်နေလျက် ထိုသူ့ယ်ကိုမြင်၍ "အရှင်ဘုရား အသင်တို့အား သူ့ယ်ကို ရအပ်ပါသလော"ဟု မေးလျှောက်၏။ မထေရ်က "ဩော်-ဥပါသကာ ဟုတ်မှန်ပေ၏။ ဤသူ့ယ်သည် ရဟန်းပြုလတ္တံ့။ ရှေးဦးစွာ ဤသူ့ယ်သည်

သေးငယ်လှသေး၏။ အသင် ဥပါသကာ၏ သာလျှင် အထံ၌ထားသည် ဖြစ်စေဦးလော့”ဟု မိန့်ဆို ဆောက်နှင်း အပ်နှံ၏။ ထိုဥပါသကာက “အရှင်ဘုရား ကောင်းလှပါပြီ”ဟု ဝန်ခံပြီးလျှင် ထိုသူငယ်ကို သား၏ အရာ၌ထား၍ သုတ်သင်မွေးကျွေး၏။ ထိုဥပါသကာ၏ အိမ်၌ တစ်ဆယ့်နှစ်နှစ်တို့ ပတ်လုံး ရောင်း၍ မကုန် စုပုံဘဏ္ဍာ များပြား ပြန့်ပြောစွာရှိသည် ဖြစ်၏။ ထိုဥပါသကာသည် ရွာတစ်ပါးသို့သွားသည်ရှိသော် အလုံးစုံလည်း ဖြစ်သော ထိုဘဏ္ဍာကို အိမ်ဈေးသို့ ထုတ်ဆောင်၍ သူငယ်ကို အိမ်ဈေး၌ ထိုင်နေစေ၍ ထိုထိုသို့သော ဘဏ္ဍာ၏ တန်ဖိုးကို ပြောကြားပြီးလျှင် ဤဘဏ္ဍာကိုလည်း ဤမျှလောက်မည်သော အဖိုးဥစ္စာကိုယူ၍ ပေးလေလော့ဟု မှာထား ပြောဆို၍ ဖဲသွား၏။ ထိုနေ့၌ မြို့ကို သိမ်းဆည်း စောင့်ရှောက် ကုန်သော နတ်တို့သည် အယုတ်ဆုံးအားဖြင့် ဟောင်းနွမ်းဆွေးမြေ့သော ငရုတ်သီးမျှဖြင့် အလိုရှိသော သူတို့ကို ထိုသူငယ်၏သာ အိမ်ဈေးဆိုင်သို့ ရှေးရှု သွားသည်ကို ပြုကုန်၏။ ထိုသူငယ်သည် တစ်ဆယ့်နှစ်နှစ်တို့ပတ်လုံး ရောင်း၍မကုန် စုပုံများပြားသော ဘဏ္ဍာကို တစ်နေ့ချင်း၌သာလျှင် ရောင်းချ၏။ သူကြွယ်သည် အရပ်တစ်ပါးမှ ပြန်လာ၍ အိမ်ဈေးဆိုင်၌ အနည်းငယ်မျှသော ဘဏ္ဍာကိုပင် မတွေ့မြင်သောကြောင့် “ချစ်သား အသင်သည် အလုံးစုံသော ဘဏ္ဍာကို ဖျက်ဆီးအပ်သလော”ဟု ပြောဆို၏။ “ဖခင် မဖျက်ဆီးပါ။ အလုံးစုံသော ဘဏ္ဍာကို အသင်တို့ ပြောဆိုထားသော နည်းဖြင့်သာလျှင် ရောင်းချပါ၏။ ဤသည်ကား ဤအမည်ရှိသော ဘဏ္ဍာ၏ အဖိုးပေတည်း၊ ဤသည်ကား ဤအမည်ရှိသော ဘဏ္ဍာ၏ အဖိုးပေတည်း”ဟု အသီးသီးရောင်းချသည်ကို ရှင်းပြပြောဆို၏။ သူကြွယ်သည် ကြည်ညိုနှစ်သက်သည်ဖြစ်၍ “အမှတ်မထင် အကြင် တစ်စုံတစ်ခုသော အရပ်၌ မကျပ်မတည်း ပစ္စည်းရှာရေး အသက် မွေးမှုခြင်းငှါ စွမ်းနိုင်သော အဖိုးအတိုင်းမသိ ထိုက်တန်သော ယောကျ်ားပေတည်း”ဟု နှလုံးသွင်း၍ မိမိ၏ အိမ်၌ အရွယ်ရောက်သော သမီးကို ထိုဇဋိလအား ပေးအပ် ဆောက်နှင်း၍ “ထိုသူ၏ နေအိမ်ကို ဆောက်လုပ် ပြုပြင်ကြကုန်လော့”ဟု အမှုလုပ် ယောကျ်ားတို့ကို ပြောကြားစေခိုင်း၍ နေအိမ် ပြီးသည် ရှိသော် “သွားကြကုန်လော့၊ အသင်တို့သည် မိမိ၏အိမ်၌ အသီးအခြား နေကြကုန်လော့”ဟု ပြောဆို၏။ ထိုဇဋိလ၏ နေအိမ်ဝင်သော ထိုအခါ၌ တစ်ခုသော ခြေလှမ်းဖြင့် လှေကားခုံဝယ် နင်းမိကာမျှ၌သာလျှင် နေအိမ်၏ နောက်အဖို့၌ မြေကို ဖောက်ခွဲ၍ အတောင်ရှစ်ဆယ် ရှိသော ရွှေစင်အတိဖြစ်သော တောင်သည် ပေါ်ပေါက်လာ၏။ ပြည့်ရှင်မင်းမြတ်သည် “ဇဋိလသတို့းသား၏ နေအိမ်၌ မြေကြီးကို ဖောက်ခွဲ၍ ရွှေစင်အတိပြီးသော တောင်ကြီး ပေါက်သတဲ့”ဟု ကြားသိတော်မူ၍သာလျှင် ထိုဇဋိလသတို့သားအား သူဌေးကြီးတို့၏ အဆောင်အရွက်ဖြစ်သော ကိုယ်ထီးကို ပို့လွှတ်ပေးသနားတော်မူ၏။ ထိုသတို့သားသည် ဇဋိလသူဌေးကြီးမည်သည်ဖြစ်လေ၏။

## ဇန္ဒိလ သူဌေးသည် မိမိနှင့်စည်းစိမ်တူ သူဌေးရှိ-မရှိ စုံစမ်းစေလွှတ်ခြင်း

ထိုသူဌေးအား သုံးယောက်ကုန်သော သားတို့သည် ရှိသည်ဖြစ်ကုန်၏။ သူဌေးကြီးသည် သုံးယောက်ကုန်သော ထိုသားတို့ အရွယ်ရောက်သောအခါ၌ ရပ္ပန်းပြုခြင်းငှါ စိတ်ကို ဖြစ်စေ၍ "ငါတို့နှင့် တူမျှသော စည်းစိမ်ရှိသော သူဌေးမျိုးသည် အကယ်၍ရှိသည်ဖြစ်ခဲ့အံ့။ ယင်းသို့ ရှိခဲ့သော် မိမိကိုယ်ကို ရဟန်းပြုခြင်းငှါ အခွင့်ကိုပေးကုန်အံ့။ ငါတို့နှင့် တူမျှသော စည်းစိမ်ရှိသော သူဌေးမျိုးသည် အကယ်၍ မရှိသည် ဖြစ်ခဲ့အံ့။ ယင်းသို့မရှိခဲ့သော် မိမိကိုယ်ကို ရဟန်းပြုခြင်းငှါ အခွင့်ကို မပေးကုန်အံ့။ ဇမ္ဗူဒိပ်၌ ငါတို့နှင့် တူမျှသော စည်းစိမ်ရှိသော အမျိုးရှိသေးသလော" ဟု စုံစမ်းခြင်းအကျိုးငှါ ရွှေစင်ဖြင့် တစ်ခဲနက်ပြီးသော အုတ်ကိုလည်းကောင်း, ရွှေစင်ဖြင့် တစ်ခဲနက်ပြီးသော တံဖျာနှင့်တံကိုလည်းကောင်း, ရွှေစင်ဖြင့် တစ်ခဲနက်ပြီးသော ခြေနင်းကို လည်းကောင်း ပြုလုပ်စေ၍ ယောကျ်ားတို့၏လက်၌ ဆောက်နှင်း ပေးအပ်၍ "ဤပစ္စည်းဝတ္ထုတို့ကို ယူဆောင်၍ သွားကြကုန်လော့။ တစ်စုံတစ်ခုအရာဝတ္ထုကို သာလျှင် ကြည့်ရှုဘိ သကဲ့သို့ ဇမ္ဗူဒိပ်အပြင်၌ လှည့်လည်၍ ငါတို့နှင့် တူမျှသော စည်းစိမ်ရှိသော သူဌေးမျိုး၏ရှိသော အဖြစ်ကိုလည်းကောင်း, မရှိသော အဖြစ်ကိုလည်းကောင်း, တွေ့မြင်သိရှိ၍ လာခဲ့ကြကုန်လော့" ဟု ပြောဆိုစေလွှတ်၏။ ထိုယောကျ်ားတို့သည် သွားလာလှည့်လည်ခြင်းကို လှည့်လည် ကုန်လျက် ဘဒ္ဒိယမြို့သို့ရောက်ကြကုန်၏။ ထိုအခါ ထိုယောကျ်ားတို့ကို မေဏ္ဍက သူဌေးကြီး တွေ့မြင်၍ အမောင်တို့ အသင်တို့သည် အဘယ်အမှုကို ပြုလုပ်လှည့်လည် ကုန်ဘိသနည်း" ဟု မေးမြန်း၏။ "တစ်စုံတစ်ခုသော အရာဝတ္ထုကို ကြည့်ရှုကုန်လျက် လှည့်လည်ပါကုန်သည်" ပြောဆိုသည်ရှိသော် "ဤယောကျ်ားတို့အား ဤဝတ္ထုတို့ကိုဆောင်ယူ၍တစ်စုံတစ်ခုကိုသာလျှင် ကြည့်ရှုခြင်းငှါ လှည့်လည်ဖွယ်ကိစ္စမရှိ။ တိုင်းနိုင်ငံတို့ကိုသိရန် စုံစမ်း ထောက်လှမ်း သိမ်းယူကုန်လျက် လှည့်လည်ကုန်ဘိသည်" ဟု သိသောကြောင့် "ငါတို့၏ နေအိမ်အနောက်သို့ ဝင်ရောက်ကြည့်ရှုကြကုန်ဦးလော" ဟု ပြောဆို၏။ အစေအပါး ထိုယောကျ်ားတို့သည် ထိုမေဏ္ဍက သူဌေးကြီးနေအိမ်အနောက်ဝယ် ရှစ်မင်းပယ်မျှလောက်သော အရပ်၌ ဆင်-မြင်း-နွား ဥသဘ အတိုင်းအရှည် ရှိကုန်သော ကျောက်ကုန်းတစ်ခုနှင့် ကျောက်ကုန်းတစ်ခု ထိခိုက်၍ မြေကြီးကိုဖောက်ခွဲ ပေါ်ပေါက်ကုန်သော အောက်ဖြစ်သော မေဏ္ဍကသူဌေးကြီး ဝတ္ထု၌ ဆိုအပ်ခဲ့ပြီးသောအပြားရှိကုန်သော ရွှေစင်အတိ တစ်ခဲနက်ပြီးသော ဆိတ်ရုပ်တို့ကို တွေ့မြင်ကုန်၍ ထိုရွှေဆိတ်ရုပ်တို့၏ အကြား အကြား၌ လှည့်လည်ကုန်လျက် ထွက်လာကြကုန်၏။

ထိုအခါ လှည့်လည်ကြည့်ရှုသော ထိုယောကျ်ားတို့ကို မေဏ္ဍကသူဌေးကြီးက "အမောင်တို့-အကြင် ပစ္စည်းဥစ္စာ ဘဏ္ဍာ အစုတို့ကို ကြည့်ရှုလို၍ အမောင်တို့သည် လှည့်လည်ကြကုန်၏။ ထို ပစ္စည်းဥစ္စာ ဘဏ္ဍာအစုဉ်ကို အသင်တို့ တွေ့မြင်အပ်ပြီး မဟုတ်လောဟု မေး၍ အရှင်သူဌေးမင်း ပြောင်တွေ့မြင်ပါကုန်၏"ဟု ပြောဆိုသည် ရှိသော် "ထိုသို့ ဖြစ်ပါမူကား သွားကြလေကုန်" ယောကျ်ားတို့သည် ထိုဘဒ္ဒိယမြို့မှသာလျှင် ပြန်သွားကုန်၍ မိမိတို့၏ သူဌေးဖြစ်သော ဇဋိလက "အမောင်တို့ အသို့ပေနည်း။ ငါတို့နှင့် တူမျှသော စည်းစိမ်ရှိသော သူဌေးအမျိုးကို အသင်တို့ တွေ့မြင်အပ်ပါသလော"ဟု မေးမြန်း ပြောဆိုသည်ရှိသော် "အရှင် သူဌေးမင်း အသင်တို့၏ စည်းစိမ်းချမ်းသာသည် အဘယ်မှာ ပြောပလောက်ပါအံ့နည်း။ ဘဒ္ဒိယမြို့၌ မေဏ္ဍကသူဌေးကြီးအား ဤသို့သဘောရှိသည် မည်သော စည်းစိမ်ချမ်းသာသည် ရှိပေ၏"ဟု အလုံးစုံသော တွေ့ကြုံခဲ့ရင်း ထိုသို့သော ဖြစ်ပေါ်ခြင်းကို ပြောကြားကုန်၏။ ထိုသို့ပြောကြားသော စကားကိုကြားလျှင် သူဌေးကြီးသည် နှစ်လိုဝမ်းသာခြင်းရှိသည်ဖြစ်၍ "ရှေးဦးစွာ တစ်ဦးသော သူဌေးမျိုးကို သိရှိသတ်မှတ် ရအပ်ပေပြီ၊ ထိုမှ တစ်ပါးလည်းဖြစ်သော သူဌေးမျိုးရှိသေးသလော"ဟု စုံစမ်း သိရှိလိုပြန်သောကြောင့် အဖိုးတစ်သိန်း ထိုက်သော ကမ္ဗလာကို ပေးအပ်၍ အမောင်တို့ သွားတဲ့ကြကုန်လော့၊ ထိုမှတစ်ပါးသော သူဌေးမျိုးကို စိစစ်စုံစမ်းကြဦးလော့"ဟု ပြောဆိုစေလွှတ်ပြန်၏။ ခိုင်းစေအပ်သော ထိုယောကျ်ားတို့သည် ရာဇဂြိုဟ်ပြည်သို့ သွားကုန်၍ ဇောတိကသူဌေး၏နေအိမ်မှအနီး၌ ထင်းသစ်သား အစုကိုပြု၍ မီးကို တိုက်ရှို့၍တည်နေကုန်၏။ "ဤအမှုကား အကြောင်းအသို့နည်း"ဟု မေးမြန်းသော အခါ၌လည်း "အဖိုးများစွာထိုက်သော တစ်ထည်သောကမ္ဗလာကို ရောင်းချကုန်သော ငါတို့အား ဝယ်မည့်သူမရှိ။ ထိုကမ္ဗလာကို ယူဆောင်၍ လှည့်လည် ရကုန်သော ငါတို့သည်လည်း ခိုးသူတို့မှ ကြောက်ရွံ့ကြပါကုန်၏။ ထိုကြောင့် ငါတို့သည် ထိုကမ္ဗလာကို မီးတိုက်၍သွားပါကုန်အံ့"ဟု ပြောဆိုကုန်၏။ ထိုအခါ ကမ္ဗလာကို ဆောင်ယူခဲ့ကုန်သော ထိုယောကျ်ားတို့ကို ဇောတိကသူဌေးကြီး တွေ့မြင်၍ "ဤလူတို့သည်အဘယ်အမှုပြုလုပ်ကုန်သနည်း"ဟု မေး၍ ထိုအကြောင်းကိုကြားသိရသည်ရှိသော် ခေါ်စေ၍ "အသင်တို့၏ ကမ္ဗလာသည် အဖိုးအဘယ်မျှထိုက်တန်သနည်း"ဟု မေး၏။ အဖိုးတစ်သိန်း ထိုက်ပါသည်"ဟု ပြောဆိုသည်ရှိသော် အသပြာတစ်သိန်းကို ပေးစေ၍ "တံခါးမုခ်ကိုတံမြက်လှည်း၍ အမှိုက်ကို စွန့်သွန်ရသောအိမ်ကျွန်မအားပေးကုန်လော့"ဟု ပြောဆို၍ ကမ္ဗလာ ရောင်းသောထိုသူတို့၏သာလျှင် လက်၌ထား၍ပေးပို့လိုက်၏။ ထိုအိမ်ကျွန်မသည် ကမ္ဗလာကိုကိုင်ယူ၍ငိုကြွေးလျက် အရှင်သူဌေး၏အထံသို့လာ၍ "အရှင် အသို့ပေနည်း၊ ယွင်းချွတ်မှားလစ် အပြစ်ရှိခဲ့သော် ကျွန်တော်မကို ရိုက်နှိပ် ပုတ်ခတ်ခြင်းငှါ မအပ်ပါသလော၊ အဘယ့်ကြောင့် ကျွန်တော်မအား ဤသို့သဘောရှိသော ရှုန့်ရင်း

ကြမ်းတမ်းလှစွာသော ကမ္ဗလာကိုစေလွှတ် ပို့လိုက်ပါကုန်သနည်း၊ ကျွန်တော်မသည် ဤကမ္ဗလာကို အဘယ်သို့ ဝတ်နိုင်ပါအံ့နည်း၊ အဘယ်သို့ ခြုံရုံနိုင်ပါအံ့နည်း”ဟု တိုင်တန်းပြောဆို၏။ ဇောတိကသူဌေးက “ငါသည် အသင်အား ထိုကမ္ဗလာကို ဝတ်ရုံခြင်းအကျိုးငှါ ပို့လိုက်သည် မဟုတ်။ ထိုကမ္ဗလာ ကိုကားလုံးထွေးရစ်ပတ်ပြီးလျှင် အသင်၏အိပ်ရာခြေရင်း၌ထား၍ အိပ်သောအခါဝယ် နံ့သာရည်ဘိုဖြင့် ဆေးအပ်ကုန်သော အသင်၏ခြေတို့ကို သုတ်သင် ခြင်းငှါ အသင်အား ပေးပို့စေသည်၊ အသို့ပေနည်း၊ ထိုခြေသုတ်ခြင်း အမှုမျှကိုလည်း ပြုခြင်းငှါ မစွမ်းနိုင်တော့ပြီလော”ဟု ပြောဆို၏။ အိမ်ကျွန်မက “အရှင် ထိုခြေသုတ်ခြင်းအမှုမျှလောက်ကိုမူကား ပြုခြင်းငှါ စွမ်းနိုင်ပါ၏”ဟု ပြောဆိုယူငင်၍ ပြန်သွား၏။ အစေအပါး ထိုယောကျ်ားတို့လည်း ထိုသို့သောအကြောင်းကို တွေ့မြင်ရကုန်၍ မိမိ၏ သူဌေးကြီးအထံသို့ ပြန်သွားကုန်၍ “အမောင်တို့ အသို့ပေနည်း။ အသင်တို့သည် သူဌေးမျိုးကို တွေ့မြင်ခဲ့၏လော” ဟု မေးမြန်းပြောဆိုသည်ရှိသော် “အရှင်သူဌေးမင်း အရှင်တို့၏ စည်းစိမ်ချမ်းသာသည် အဘယ်မှာ ပြော ပ လောက်ပါအံ့နည်း။ ရာဇဂြိုဟ် ပြည်၌ဇောတိက သူဌေးအား ဤသို့သဘောရှိသည် မည်သော စည်းစိမ်ချမ်းသာသည် ရှိ၏”ဟုမိမိတို့တွေ့မြင်ခဲ့သမျှအလုံးစုံသောစည်းစိမ်ချမ်းသာကို ပြောကြားပြီးလျှင် ထိုသို့ ဖြစ်ခဲ့ရခြင်းအကြောင်းကို ပြန်ကြားကုန်၏။ ဇဋိလသူဌေးကြီးသည် အစေအပါး ထိုယောကျ်ားတို့၏ စကားကိုကြား၍ “ဤယခုအခါ၌ ရဟန်းပြုခြင်းငှါ အခွင့်ကို ရပေတော့မည်” ဟု နှစ်သက်သောစိတ်ရှိသဖြင့် ပြည့်ရှင်မင်းမြတ်၏ အထံတော်သို့ သွားရောက်၍ “အရှင်မင်းမြတ် အကျွန်ုပ်သည် ရဟန်းပြုခြင်းငှါ အလိုရှိသည် ဖြစ်ပါ၏”ဟု ကြားလျှောက်၏။ ပြည့်ရှင်မင်းမြတ်ကလည်း “သူဌေးကြီး သြော် ကောင်းလှပေပြီ၊ ရဟန်းပြုလေတော့” ဟု ခွင့်ပေ တော်မူ၏။ ထိုဇဋိလသူဌေးကြီးသည် အိမ်သို့ပြန်သွား၍ သားတို့ကိုခေါ်စေပြီးသော် ရွှေသားအရိုးတပ်သော ဝဇီရစိန် အသွားရှိသော ပေါက်တူးကိုသားကြီးလက်၌ ထား၍ “ချစ်သား နေအိမ်၏အနောက်၌ တစ်ခဲနက်ရွှေစင်အတိပြီးသော တောင်မှ ရွှေစိုင်အခဲကို ခွဲဖဲ့ထုတ်ဆောင်ခဲလော့” ဟု စေခိုင်းပြောဆို၏။ ထိုသားကြီးသည် ဝဇီရစိန်ပေါက်တူးကို ကိုင်ယူ သွားရောက်၍ ရွှေတောင်ကိုပုတ်ခတ် တူးဖဲ့ ၏။ ကျောက်ဖျာအပြင်၌ ပုတ်ခတ် တူးဖွမိသောအခါကဲ့သို့ဖြစ်၏။ ထိုသားကြီး၏လက်မှ ဝဇီရ စိန်ပေါက်တူးကို ယူ၍ အလတ်ဖြစ်သော သား၏လက်၌ ပေးအပ်၍ စေလွှတ်ပြန်၏။ ရွှေတောင်ကို ပုတ်ခတ်တူးဖွဲ့သော ထိုသားအလတ်အားလည်း ကျောက်ဖျာအပြင်၌ ပုတ်ခတ် တူးဖွဲ့သောအခါကဲ့သို့ ဖြစ်လေ၏။ ထို့နောက် ထိုဝဇီရစိန်ပေါက်တူးကို ညီငယ်ဖြစ်သောသား၏လက်၌ ပေးအပ်၍ စေလွှတ်၏။ ထိုသားငယ်အား ထိုဝဇီရစိန်ပေါက်တူးကို ကိုင်ယူ၍ ရိုက်နှက်တူးဖွို့သည်ရှိသော် အစုအပုံပြုလုပ်၍ထားအပ်သောမြေစိုင်

ကို ပုတ်ခတ် တူးဆွသောအခါကဲ့သို့ ဖြစ်လေ၏။ ထိုအခါ သားငယ်ကို သူဌေးကြီးက "ချစ်သား လာလှည့်လော့၊ ဤမျှလောက် အတိုင်းအရှည်ဖြင့် သင့်လျော်လောက်ပြီ"ဟု ပြောဆို၍ ဤမှတစ်ပါးကုန်သော နှစ်ယောက်ကုန်သော အစ်ကိုကြီးဖြစ်ကုန်သော သားတို့ကို ခေါ်စေ၍ "ဤရွှေတောင်သည် အသင်တို့အား ဖြစ်ပေါ်လာသည်မဟုတ်၊ ငါ့အားလည်းကောင်း အသင်တို့၏ ညီငယ်အားလည်းကောင်း ဖြစ်ပေါ်လာ၏၊ ညီငယ်ဖြစ်သော ဤသူနှင့် အတူတကွ တစ်ပေါင်းတည်းဖြစ်၍ သုံးဆောင်ကြကုန်လော့"ဟု မှာထားပြောဆို၏။

အဘယ်အကြောင်းကြောင့်ကား ထိုရွှေတောင်သည် ထိုဇဋိလ သူဌေးနှင့် သားငယ်တို့အားသာလျှင် ဖြစ်ပေါ်ရလေသနည်း အဘယ့်ကြောင့် ဇဋိလသူဌေးသည် မွေးဖွားသောအခါ၌ ရေ၌ ပစ်ချခြင်းကို ခံရပါလေသနည်း ဟူသောနှစ်ပါးကုန်သော အမေးပုစ္ဆာကို ထုတ် အပ်ကုန်၏။ မိမိ၏ပြုလုပ်အပ်သော ကံကြောင့်သာလျှင် ဤကဲ့သို့ဖြစ်ရလေသည်ဟု အကျဉ်းအားဖြင့် ဖြေဆိုအပ်၏။ အကျယ်ဖြစ်သောအဖြေဝိသဇ္ဇနာကိုမူကား ဤဆိုလတ္တံ့သော စကားအစဉ်ဖြင့် သိအပ်၏။

## ဇဋိလသူဌေးကြီး၏ အတိတ်ဝတ္ထု

ကဿပမြတ်စွာဘုရား၏ စေတီတော်ကို ပြုလုပ်အပ်သည်ရှိသော် ကုန်ပြီးသော အာသဝေါရှိသော တစ်ပါးသောရဟန္တာသည် စေတီတော်တည်လုပ်ရာ အရပ်သို့ ကြွသွားကြည့်ရှုပြီးလျှင် "အမောင်ဒါယကာတို့ အဘယ်အကြောင်းကြောင့် စေတီ၏မြောက်မျက်နှာမုခ်၌ အုတ်မစီ မတက်ပါသနည်း"ဟု မေးတော်မူ၏။ "ရွှေစင်သည် မလုံလောက်ပါ"ဟု လျှောက်ထား ပြောဆိုကြကုန်၏။ "ငါသည် ရွာတွင်းသို့ ဝင်သွား၍ ဆောက်တည်လှူဒါန်းစေအံ့၊ အသင်တို့သည် ရိုသေသဖြင့် အမှုကိုပြုလုပ်ကုန်လော့"ဟု ဤသို့ပြောဆိုပြီးကာ ထိုရဟန္တာအရှင်သည် မြို့သို့ကြွဝင်တော်မူ၍ "မိခင် ဖခင်ဖြစ်ကြကုန်သော အို ဥပါသိကာမ ဥပါသကာတို့ အသင်တို့၏စေတီတော်၏ တစ်ခုသောမျက်နှာမုခ်၌ ရွှေစင်အုတ် သည် မလုံလောက်၊ ရွှေကိုအသင်တို့ လျော်စွာ သိကြကုန်လော့"ဟု လူများအပေါင်းကို ဆောက်တည်စေလျက် ရွှေပန်းထိမ်သည် အမျိုးအိမ်သို့ ကြွသွားလေ၏။ ရွှေပန်းထိမ်သည်လည်း ထိုအခိုက်အခါခဏ၌သာလျှင် မယားခင်ပွန်းမနှင့်အတူတကွ ခိုက်ရန်ပြုလျက် ထိုင်နေသည်ဖြစ်လေ၏၊ ထိုအခါ ရွှေပန်းထိမ်သည်ကို ရဟန္တာမထေရ်က "စေတီတော်၌အသင်တို့ယူအပ်သော မျက်နှာမုခ်၏ရွှေသည် မလုံလောက်ပေ၊မပြည့်စုံ မလုံလောက်သော ထိုရွှေကို သိခြင်းငှါ အပ်ပါ၏"ဟု မိန့်ဆိုတော်မူ၏။ ထိုရွှေပန်းထိမ်သည်သည် မယား၌ဖြစ်သော အမျက်ဒေါသ၏ အစွမ်းဖြင့် "အသင်၏ဆရာဖြစ်သော ဘုရားကို ရေ၌ပစ်ချ၍ သွားပါလေလော့

ဟု ပြောဆို၏။ ထိုအခါ မယားခင်ပွန်းမက ထိုလင်ယောက်ျားကို "အသင်သည် မကြံစည် မပြစ်မှားကောင်းသော အရာ၌ အလွန်လျှင် နိုင်ထက်ကလူ နှိပ်စက်မှုခြင်း အမှုကို ပြုအပ်၏၊ ငါ့အား အမျက်ထွက်သဖြင့် အသင်သည် ငါ့ကို သာလျှင် ဆဲရေး ရေရွတ်မှုလည်း ဆဲရေး ရေရွတ်အပ်၏။ ပုတ်ခတ် ရိုက်နှက်မှုလည်း ပုတ်ခတ် ရိုက်နှက်အပ်၏။ အဘယ့်ကြောင့် အတိတ် အနာဂတ် ပစ္စုပ္ပန်တို့၌ သိတော်မူကုန်သော ဘုရားရှင်တို့၌ အမျက်ထွက်ဟန် ရန်ကို ပြုလုပ်ဘိသနည်း" ဟု ပြောဆို၏။ ရွှေပန်းထိမ်သည် သည်ကား ထို ခဏ၌သာလျှင် ထိတ်လန့်ခြင်းသို့ ရောက်သည် ဖြစ်၍ "အရှင်ဘုရားတို့ တပည့်တော်အား သည်းခံတော် မူပါကုန်လော့" ဟု ကြားလျှောက်၍ မထေရ်၏ ခြေတော်ရင်း၌ တုပ်ဝပ်၏။ အမောင် ဒါယကာ၊ အသင်သည် ငါ့ကို တစ်စုံတစ်ရာ မပြောဆိုအပ် မြတ်စွာဘုရား ရှင်ကိုသာလျှင် ကန်တော့ဝန်ချ သည်းခံစေဘိလော့" ဟု မိန့်ဆိုတော်မူ၏။ "အရှင်ဘုရား အဘယ်သို့သော အမှုကိုပြုလုပ်၍ ကန်တော့ဝန်ချ သည်းခံစေရပါအံ့နည်း" ဟု မေးလျှောက်၏။ "အမောင် ဒါယကာ ရွှေပန်းတို့၏ သုံးခုကုန်သော အိုးတို့ကို ပြုလုပ်၍ စေတီတော်၏ အတွင်းဓာတ်တော် ဌာပနာရာ တိုက်ခန်း၌ ထည့်သွင်းပြီးလျှင် စိုစွတ်သောအဝတ် စိုစွတ်သော ဆံပင်ရှိသည် ဖြစ်၍ ကန်တော့ဝန်ချ သည်းခံစေဘိလော့" ဟု မိန့်ဆိုတော်မူ၏။ ထိုရွှေပန်းထိမ်သည်သည် "အရှင်ဘုရား ကောင်းလှပါပြီ" ဟု လျှောက်ထား၍ ရွှေပန်းတို့ကို ပြုလုပ်လျက် သုံးယောက်ကုန်သော သားတို့တွင် အကြီးဖြစ်သောသားကို ခေါ်၍ "ချစ်သား လာလှည့်လော့ ငါသည် မြတ်စွာဘုရားရှင်ကို အမျက်ထွက်ဟန် ရန်တုံ့မှု စကားဖြင့် ပြောကြားပုတ်ခတ်မိလေပြီ၊ ထိုကြောင့် ဤပန်းတို့ကို ပြုလုပ်၍ ဓာတ်တော်ကန်းမှာ ဌာပနာတိုက်အတွင်း၌ ထည့်သွင်း၍ ကန်တော့ ဝန်ချ သည်းခံစေအံ့။ အသင်သည်လည်း ငါ၏ ကုသိုလ်ဖြစ်ကြောင်း အပေါင်းအဖော်သည် ဖြစ်ပါလော့" ဟု ပြောဆို၏။ ထိုအကြီးဖြစ်သောသားက "အကျွန်ုပ်သည် ထိုမြတ်စွာဘုရားကို ဖြစ်ပွားမျက်ကြုတ် ရန်ပြုလုပ်သော သဘော မပြောဆိုမိချေ၊ အသင်သည်သာလျှင် ပြုလုပ်လော့" ဟု ပြောဆိုကာ ပြုလုပ်ခြင်းငှါ အလိုမရှိ၊ အလတ်ဖြစ်သော သားကို ခေါ်၍ ရှေးနည်းတူစွာလျှင် ပြောဆို၏။ ထိုအလတ်ဖြစ်သော သားသည်လည်း ထိုအကြီးဖြစ်သော သားကဲ့သို့သာလျှင် ပြောဆို၍ ပြုလုပ်ခြင်းငှါ အလိုမရှိ။ သားငယ်ကိုခေါ်၍ ရှေးနည်းတူသာလျှင် ပြောဆို၏။ ထိုသားငယ်သည် "ဖခင်အား ဖြစ်သော အမှုမည်သည် သား၏ ဝန်ပေတည်း" ဟု ပြောဆို၍ ဖခင်၏ ကုသိုလ်ပြုကြောင်း အပေါင်းအဖော်သည် ဖြစ်၍ ပန်းတို့ကို ပြုလုပ်၏။ ရွှေပန်းထိမ်သည်သည် တစ်ထွာခန့် အတိုင်းအရှည်ရှိသော ပန်းဘို၏ သုံးခုကုန်သော အိုးတို့ကို ပြီးစေ၍ ဓာတ်တော် ဌာပနာရာ တိုက်ခန်းအတွင်း ထည့်သွင်းပြီး၍ စိုစွတ်သော

အဝတ်, စိုစွတ်သော ဆံပင်ရှိသည်ဖြစ်၍ မြတ်စွာဘုရားရှင်ကို ကန်တော့ဝန်ချသည်းခံစေ၏။ ဤသို့သော အကြောင်းကြောင့် ထိုဇဋ္ဌိလသူဌေးသည် ခုနစ်ကြိမ်တိုင်တိုင် မွေးဖွားသောအခါ ရွှေ၌ကျရောက်ခြင်းကို ရခဲ့လေပြီ။ ဤကိုယ်၏ အဖြစ်သည်ကား ထိုဇဋ္ဌိလသူဌေးအား အဆုံးစွန်၌တည်သော ကိုယ်၏ အဖြစ်တည်း။ ဤကိုယ်၏ အဖြစ်၌လည်း ထိုကံ၏သာလျှင် အကျိုးဆက်ဖြင့် ရွှေ၌ကျရောက်ရလေ၏။ ထိုဇဋ္ဌိလသူဌေး၏ နှစ်ယောက်ကုန်သော အကြီးဖြစ်ကုန်သော အကြင်သားတို့သည် ရွှေပန်းတို့၏ ပြုလုပ်သောအခါ၌ ကုသိုလ်ဖြစ်ကြောင်း အပေါင်းအဖော်တို့သည် ဖြစ်ခြင်းငှါ အလိုမရှိကုန် ထိုနှစ်ယောက်ကန်သော သားကြီးတို့အား ထိုသို့သော အကြောင်းကြောင့် ရွှေတောင်သည် ထိုသူတို့အားမဖြစ် သားငယ်အားလည်း အတူတကွ တပေါင်း တစည်းတည်း ကုသိုလ်ကောင်းမှု ပြုအင်သည် အဖြစ်ကြောင့် ရွှေတောင်သည် ဖြစ်လေ၏။ ဤသို့ အောက်၌ ပြဆိုခဲ့ပြီးသော စကားအစဉ်ဖြင့် ထိုဇဋ္ဌိလ သူဌေးကြီးသည် မိမိ၏သားတို့ကို ဆုံးမပြီးသော် မြတ်စွာဘုရား၏ အထံတော်၌ ရဟန်းပြု၍ နှစ်ရက် သုံးရက်ဖြင့် သာလျှင် အရဟတ္တဖိုလ်သို့ ရောက်လေ၏။ မြတ်စွာဘုရားသည် တစ်ပါးလည်း ဖြစ်သော နောက်အဖို့အခါ၌ ငါးရာကုန်သော ရဟန်းတို့နှင့် အတူတကွ ဆွမ်းအလို့ငှါ လှည့်လည်တော်မူလျက် ထိုဇဋ္ဌိလ သူဌေးသားတို့၏ နေအိမ်တံခါးသို့ ကြွသွားတော်မူ၏။ မြတ်စွာဘုရား အမှူးရှိသော ရဟန်းသံဃာတော်အား လခွဲကာလပတ်လုံး ဆွမ်းအာဟာရတို့ ပေးလှူကြကုန်၏။ ရဟန်းတော်တို့သည် တရားသဘင် အစည်းအဝေးခွင်၌ စကားကို ဖြစ်စေကြကုန်၏။ အဘယ်သို့ ဖြစ်စေကြကုန်သနည်း ဟူမူ။ "ငါ့ရှင် ဇဋ္ဌိလ အသင်အား ယခုနေ့တိုင်အောင်ပင်လည်း အတောင်ရှစ်ဆယ်ရှိသော တစ်ခဲနက် ရွှေစင်အတိပြီးသော တောင်၌ လည်းကောင်း ရင်သွေးဖြစ်သော သားတို့၌ လည်းကောင်း တွယ်တာ ငဲ့ကွက် တပ်မက်သော တဏှာသည် ရှိသေးသလော"ဟု မေးမြန်းစုံစမ်းသောအားဖြင့် စကားကို ဖြစ်စေကြကုန်၏။ "ငါ့ရှင်တို့ ငါ့အား ထိုရွှေတောင် ရင်သွေးဖြစ်သော သားတို့၌ တွယ်တာ ငဲ့ကွက် တပ်မက်သော တဏှာသည် လည်းကောင်း သားနှင့် ပစ္စည်း အားမှီး တက်ကြွသော မာနသည် လည်းကောင်း မရှိတော့ပြီ"ဟု ပြန်ကြားပြောဆို၏။ ထိုရဟန်းတော်တို့က "ဤဇဋ္ဌိလမထေရ်သည် မဟုတ်မလျား မိမိ၌ထင်ရှားမရှိသည်ကို ပြောဆို၍ အရဟတ္တဖိုလ်ကိုပြောကြားလေ၏"ဟု ပြောဆိုကြကုန်၏။ မြတ်စွာဘုရားရှင်သည် ထိုရဟန်းတို့ပြောကြားသော စကားကို ကြားသိတော်မူ၍ "ချစ်သား ရဟန်းတို့ ငါဘုရား၏ သားတော်ဖြစ်သော ဇဋ္ဌိလအား ထိုသားတို့နှင့် တကွသော ရွှေတောင်စသော ပစ္စည်းဥစ္စာတို့၌ တွယ်တာငဲ့ကွက် တပ်မက်သော တဏှာသည် လည်းကောင်း တံခွန်တမျှ လွန်တက်ကြွသော မာနသည်လည်းကောင်း မရှိတော့ပြီ"ဟု မိန့်ဆိုတော်မူလို၍ကား ဤဂါထာကို ဟောကြားတော်မူ၏—

ယောဓ တဏှံ ပဟန္တွာန၊ အနာဂါရော ပရိဗ္ဗဇေ။
တဏှာဘဝပရိက္ခီဏံ၊ တမဟံ ဗြူမိ ဗြာဟ္မဏံ။

ဤလောက၌ တဏှာကို ပယ်စွန့်၍ အိမ်ရာဟူသော နှောင်ဖွဲ့ခြင်း မရှိဘဲ ရဟန်းပြု၏။ ဘုံသုံးပါး၌ တပ်မက်သော တဏှာ ကုန်ခန်းပြီးသော ပုဂ္ဂိုလ်ကို ဗြာဟ္မဏဟူ၍ ငါဘုရား ဟောတော်မူ၏။

ထိုဂါထာ၏ အဓိပ္ပါယ်ကား–ဤလောက၌ ဒွါရခြောက်ပါး၌ ဖြစ်ပေါ်သော တဏှာကို လည်းကောင်း, မာနကို လည်းကောင်း ပယ်စွန့်ပြီး၍ အိမ်ရာ တည်ထောင် နေခြင်းဖြင့် အလို မရှိသည်ဖြစ်၍ ရဟန်းပြု၏။ တဏှာ၏ လည်းကောင်း, ဘဝ၏ လည်းကောင်း ကုန်ခန်းပြီးသည်၏ အဖြစ်ကြောင့် တဏှာ, ဘဝ ကုန်ပြီးသော ပုဂ္ဂိုလ်ကို ဗြာဟ္မဏ ဟူ၍ ငါဘုရား ဟောတော်မူ၏။

ဒေသနာတော်၏ အဆုံး၌ များစွာကုန်သော သူတို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်ကုန်၏။

ဇဋိလမထေရ်ဝတ္ထု ပြီး၏။

---

## ၃၄။ ဇောတိကမထေရ် ဝတ္ထု

ယောဓ တဏှံ အစရှိသော ဤတရား ဒေသနာတော်ကို မြတ်စွာဘုရား ရှင်သည် ဝေဠုဝန် ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ဇောတိက မထေရ်ကို အကြောင်းပြု၍ ဟောကြားတော်မူ၏။

[ထိုဇောတိက သူဌေးကြီး အဖြစ်သို့ ရောက်ခြင်း အကြောင်းကို အောက်၌ ဖော်ပြခဲ့ပြီ၊ ထိုဇောတိကသူဌေး ရဟန်းပြုသော အကြောင်းကား အဇာတသတ်မင်းနှင့် မကင်းသော သဘောရှိသည် ဖြစ်ခဲ့၏၊ သို့ဖြစ်သောကြောင့် အဋ္ဌကထာနှင့် လျော်သော အဇာတသတ် မင်း၏ အတ္ထုပ္ပတ္တိကို အမြွက်မျှထုတ်ဆောင်၍ ပြလိုက်ဦးအံ့။]

### အဇာတသတ်မင်း ဝတ္ထု

တစ်ပါးသော အခါ၌ ရာဇဂြိုဟ် ပြည်ကြီး၏ အရှင် ဖြစ်တော်မူသော မြတ်စွာဘုရား၏ ကျောင်းဒါယကာ ဗိမ္ဗိသာရ မင်းမြတ်သည် သာဝတ္ထိ ပြည်ကြီး၏ အရှင် ဖြစ်တော်မူသော မဟာကောသလ မင်းကြီး၏ သမီးတော်

မြတ်စွာဘုရားကျောင်းဒါယကာ ပသေနဒီကောသလမင်း၏ နှမတော် ဝေဒေဟီ မင်းသမီးကို ဆောက်နှင်းရာအကြောင်း တောင်းပန်နူးညွတ် ခွင့်လွှတ်စေ၍ ဆောင်ယူပြီးသည့်ကာလ မိဖုရားကြီးအရာ၌ ထားတော်မူလေသတတ်။ တစ်နေ့ သောအခါ ထိုဝေဒေဟီ မိဖုရား၏ဝမ်း၌ အဇာတသတ် မင်းဖြစ်လတ္တံ့သော သူငယ်သည် ပဋိသန္ဓေ စွဲနေလေ၏။ ထိုသို့ ပဋိသန္ဓေ တည်နေစွဲယူသည်ရှိသော် ဝေဒေဟီ မိဖုရားအား ဤသို့သဘောရှိသော ချင်ခြင်းသည်ဖြစ်၏။ အဘယ်သို့ ဖြစ်သနည်းဟူမူ "ငါသည် မောင်တော်မင်းမြတ်၏ လက်ယာလက်ရုံးတော်မှ သွေးကို သောက်ရပါမူကား မြော် ကောင်းလေစွ"ဟူသော ချင်ခြင်းသည် ဖြစ်၏။ ထိုဝေဒေဟီ မိဖုရားသည် "အထူးအချွန် အလွန်ဝန်လေးသောအရာ၌ ငါ့အား ချင်ခြင်းဖြစ်ခဲ့ဘိ၏။ တစ်စုံတစ်ယောက်သောသူသည် ပြောကြားခြင်းငှါ မတတ်ကောင်း"ဟု ကြံ၍ ထိုချင်ခြင်းဖြစ်သည်ကို ပြောဆိုခြင်းငှါ မစွမ်းနိုင်ဘဲ လျှင် ကြုံလှီသေးပျော့ ဖျော့တော့ခြင်းသို့ရောက် ဖောက်ပြန်သော အဆင်း ရှိသည် ဖြစ်လေ၏။ ထိုမိဖုရားကို ဗိမ္ဗိသာရမင်းကြီးက "ချစ်နှမ အသင်၏ ကိုယ်အတ္တဘောသည် ပြကတေ့သော အဆင်းမဟုတ်ခဲ့ချေ တကား။ အကြောင်း အသို့နည်း"ဟု မေးတော်မူ၏။ "မောင်တော်မင်းမြတ် မေးတော်မမူပါလင့်"ဟု လျှောက်တင်သော်အခါ "ချစ်နှမ အသင်၏ အလိုအဇ္ဈာသယကို ငါ့အား မပြောပြခဲ့လျှင် အသင်သည် အဘယ်သူကို ပြောဆိုမည်နည်း"ဟု ထိုထို သို့သော အခြင်းအရာများစွာ ဖော်ပြမနေရအောင် ဖွဲ့နှောင်သော စကား ရှိသည်ဖြစ်၍ ပြောဆိုလျှောက်တင်စေ၏။ မိဖုရားက ဖြစ်ပွားသော ချင်ခြင်း အကြောင်း ကောင်းစွာတင်လျှောက် ကြားသိတော်မူ၍လည်း "ဟယ်အမိုက်မ ဤသို့သော ချင်ခြင်း ဖြစ်ပေါ်ခြင်းအရေး၌ ဝန်လေး၏ဟူသော အမှတ် အသင့်အား အဘယ်ကြောင့် ဖြစ်လေသနည်း"ဟု မိန့်ဆိုပြီးကာ ဆေးဆရာကို ခေါ်စေ၍ ရွှေဓားငယ်ဖြင့် လက်ရုံးတော်ကို ဖောက်ခွဲစေပြီးလျှင် ရေစင်ခွက် ငယ်ဖြင့် သွေးကို ခံယူပြီးသော် ရေနှင့်ရောနှော၍ တိုက်၏။ နိမိတ်ဖတ်တတ် ကုန်သော ပုဏ္ဏားတို့သည် ထိုသို့သောအကြောင်းကို ကြားကုန်၍ "ကိုယ်ဝန် တည်သော ဤသူငယ်သည် မင်းကြီး၏ ရန်သူဖြစ်လတ္တံ့။ ဤသူငယ်သည် မင်းကြီးကို သတ်လတ္တံ့"ဟု နိမိတ် ဖတ်ကြားကုန်၏၊ မိဖုရားသည် "ငါ၏ဝမ်းမှ မွေးဖွားသော သားသည် မင်းကြီးကို သတ်လတ္တံ့သတတ်"ဟု ကြားသိ၍ ကိုယ်ဝန်ကို ဖျက်ကျစေခြင်းငှါ အလိုရှိသောကြောင့် ဥယျာဉ်သို့သွား၍ မိမိ၏ ဝမ်းကို နင်းနှိပ် ဖိနယ်စေ၏။ ကိုယ်ဝန်သည် မကျမပျက်လေ။ ထိုမိဖုရားသည် အဖန်ဖန် အထပ်ထပ် မပြတ်သွား၍ ရှေးနည်းအတူသာလျှင် နင်းနှိပ်ဖိနယ်ခြင်း ကို ပြုစေ၏။ ဘုရင်မင်းမြတ်သည် "ဤမိဖုရားသည် အဘယ်အကျိုးငှါ မပြတ် မလပ် အထပ်ထပ် ဥယျာဉ်သို့ သွားလေဘိသနည်း"ဟု စုံစမ်းတော်မူသည် ရှိသော် ထိုအကြောင်းကို ကြားသိတော်မူ၍ "ချစ်နှမ အသင်၏ဝမ်း၌

တည်နေသော သူသည် သားဟူ၍လည်းကောင်း သမီးဟူ၍လည်းကောင်း သိသာခြားနား မထင်ရှားပေ၊ မိမိမှ ဖြစ်ပေါ်လာသော သူငယ်ကို ဤသို့ ပြုလုပ်သတဲ့-ဟု ကြီးကျယ်စွာသောဂုဏ်သိရ် အရှိန်အစော်မဲ့ခြင်း အစုသည်လည်း ငါတို့အား ဇမ္ဗူဒိပ်အပြင်၌ ထင်ရှားစွာ ဖြစ်ပေလတ္တံ့။ အသင် ချစ်နှမသည် ဤသို့မပြုပါလင့်''ဟု တားမြစ်၍ မြဲမြံသော အစောင့်အရှောက်ကို ပေး၏။ ထိုမိဖုရားသည် ''ကိုယ်ဝန်မှ ထမြောက်သန့်စင် ဖွားမြင်ပြီးသော အခါ၌ သတ်ဖြတ်အံ့''ဟု ကြံစည်၏ ထိုသားတော်ကလေးကို ဖွားမြင်သောအခါ၌လည်း အစောင့်အရှောက်ဖြစ်သော လူတို့သည် သို့ဝှက်ပယ်ဆောင်ကုန်၏။ ထိုနောက် တစ်ပါးသော အခါ၌ ကြီးပွားသော အရွယ်သို့ရောက်သော မင်းသားကို မယ်တော် မိဖုရားအား ပြကုန်၏။ ထိုမိဖုရားသည် သွားလာနိုင်လောက် အရွယ် ရောက်သော ထိုသားတော်ကို မြင်၍သာလျှင် သားတည်းဟူသော ချစ်ခင် ခြင်းကို ဖြစ်စေ၏။ ထို့ကြောင့် ထိုသားတော်ကို သတ်ဖျက်ခြင်းငှါ မစွမ်းနိုင်လေ။ ဘုရင်မင်းမြတ်သည်လည်း အစဉ်အတိုင်းအားဖြင့် ကြီးပွား သင့်လျော် သားတော်အား အိမ်ရှေ့မင်းအဖြစ်ကို ပေးသနားတော်မူ၏။

## ဒေဝဒတ်သည် အဇာတသတ်မင်းသားအား ဖခင်ကိုသတ်၍ မင်းလုပ်ရန် အကြံပေးခြင်း

ထိုနောက် တစ်ပါးသော အခါ၌ ဒေဝဒတ်သည် ဆိတ်ငြိမ်ရာသို့ ကပ် လျက် ''သာရိပုတ္တရာ၏ ပရိသတ်တို့သည် များပြားကုန်၏၊ မဟာမောဂ္ဂလာန်၏ ပရိသတ်တို့သည် များပြားကုန်၏။ မဟာကဿပ၏ ပရိသတ်တို့သည်လည်း များပြားကုန်၏။ ထိုသူတို့သည် အသီးသီး ဦးစီးခေါင်းဆောင် ပရိသတ်ဝန်ကို ဆောင်ကြကုန်၏၊ ငါသည်လည်း ဦးစီးခေါင်းဆောင် ပရိသတ်ဝန်ကို ဆောင်ပေအံ့''ဟု ကြံစည်၏။တစ်ဖန် ထိုဒေဝဒတ်သည်''လာဘ်လာဘနှင့်ကင်း၍ ပရိသတ်ကို ဖြစ်စေခြင်းငှါ မတတ်ကောင်း။ ဤယခုအခါ၌ ငါသည် လာဘ် လာဘကိုဖြစ်စေအံ့''ဟု ကြံစည်ပြန်၍ ဝိနည်းခန္ဓကပါဠိတော်၌လာသောနည်းဖြင့် အဇာတသတ်မင်းသားကို တန်ခိုးပြာဋိဟာဖြင့် ကြည်ညိုစေ၍ ညချမ်းနံနက် ပတ်လုံးလည်း ငါးရာကုန်သောရထားတို့ဖြင့် ခစားဆည်းကပ်ခြင်းသို့ လာရောက် သော မင်းသားကို အလွန် နှလုံးကျွမ်းဝင်သည်ဟု သိသောကြောင့် တစ်နေ့ သောအခါ၌ ချဉ်းကပ်၍ ဤသို့သောစကားကို ပြောဆို၏။ အဘယ်သို့ပြောဆို သနည်းဟူမူ ''အရှင်သား ရှေးအခါ၌ လူတို့သည် ရှည်သောအသက် ရှိကုန်၏ ဤယခုအခါ၌ကား တိုသောအသက်ရှိကုန်၏၊ ထိုသို့သော အကြောင်းကြောင့် အရှင်မင်းသား အသင်သည် ခမည်းတော်ကို သတ်ဖြတ်၍ မင်းလုပ်သည်ဖြစ် ဘိလော့၊ ငါသည် ဘုရားကို သတ်ဖြတ်၍ ဘုရားဖြစ်သည် ဖြစ်တော့အံ့''ဟု ပြောဆိုပြီးလျှင် အဇာတသတ်မင်းသားကို ခမည်းတော်ကို သတ်ဖြတ်ခြင်း၌

တိုက်တွန်း၏။ ထိုအဇာတသတ် မင်းသားသည် “အရှင်ဒေဝဒတ်ကား ကြီးသော တန်ခိုး အာနုဘော် ရှိ၏၊ ထို အရှင်ဒေဝဒတ်ကြီးအား မသိအပ်သောအရာမည်သည် မရှိ”ဟု ကြံစည်ပြီးလျှင် ပေါင်၌ သန်လျက်ငယ်ကို ဖွဲ့ချည်၍ နေမွန်းတည့်သောအခါ၌ ကြောက်ရွံ့တုန်လှုပ် ရွံ့ရှာ ထိတ်လန့်လျက် နန်းတော်တွင်းသို့ဝင်၍-ဆိုအပ်ပြီးသော အပြားရှိသော ဖောက်ပြန်သော အမှုအရာကို ပြု၏။ ထိုအခါ အမတ်တို့သည် ထိုဇာတသတ်မင်းသားကို ဖမ်းယူစိစစ်ကြကုန်၍“မင်းသားကိုမူလည်း သတ်အပ်၏။ ဒေဝဒတ်ကိုမူလည်း သတ်အပ်၏။ အလုံးစုံသော ရဟန်းတို့ကိုမူလည်း သတ်အပ်ကုန်၏”ဟု တိုင်ပင် ကြကုန်၏။ “မင်းကြီး၏အာဏာအစွမ်းဖြင့် ပြုကုန်အံ့”ဟု ပြောဆိုကုန်ပြီးလျှင် မင်းကြီးအား ကြားလျှောက်ကုန်၏။ ဗိမ္ဗိသာရမင်းမြတ်သည် အကြင်အမတ်တို့ကား သတ်ဖြတ်ခြင်းငှါ အလိုရှိကုန်သည် ဖြစ်ကုန်၏၊ထိုအမတ်တို့အား ရာထူးဌာနန္တရတို့ကို ဖြတ်ကုန်၍ အကြင်အမတ်တို့သည် သတ်ဖြတ်ခြင်းငှါ အလိုမရှိကုန်၊ ထိုအမတ်တို့ကို ရှေးရှိရင်းထက် တိုးတက် မြင့်မြတ်သောရာထူး၌ တင်ထား၍ သားတော်မင်းသားကို “အမောင် သားတော်၊ အသင်သည်ကား အဘယ်အကြောင်းကြောင့် ငါ့ခမည်းတော်ကို သတ်ဖြတ်ခြင်းငှါ အလိုရှိဘိသနည်း”ဟု မေးတော်မူ၏။ “ခမည်းတော်မင်းမြတ် မင်းအဖြစ်ဖြင့် အလိုရှိသည် ဖြစ်ပါ၏”ဟု တင်လျှောက်သည်ရှိသော် ဗိမ္ဗိသာရမင်းမြတ်သည် ထိုသားတော် ဇာတသတ်မင်းသားအား မင်းအဖြစ်ကို ဆောက်နှင်းပေးအပ်တော်မူ၏။ ထိုအဇာတသတ်မင်းက “အကျွန်ုပ်၏ စိတ်နှလုံးအလိုကား ပြည့်စုံပြီးမြောက်ခဲ့ပြီ”ဟု ဆရာဒေဝဒတ်အား အကြောင်းကို ပြောကြား၏။ ထိုနောက် ဆရာဒေဝဒတ်က ထိုအဇာတသတ်မင်းကို “အသင်သည် မြေခွေးကို အတွင်းသွင်းသည်ကိုပြု၍ စည်ကြက်သောယောကျ်ားကဲ့သို့ အမှုကိစ္စ ပြုလုပ်ဖွယ်မှန်သမျှကို ကောင်းစွာပြုလုပ်အပ်ပြီဟု အောက်မေ့မှတ်ထင်ဘိ၏၊နှစ်ရက် သုံးရက်တို့ဖြင့်သာလျှင် အသင်၏ခမည်းတော်သည် အသင်ပြုလုပ် ကြမ်းကြုတ်ခဲ့လျှင် မထီမဲ့မြင်အမှုကို ကြည့်ရှုကြံစည်၍ အသင့်ကို ငယ်ဖျောက်ကာ မိမိသည်သာလျှင် မင်းပြုသည်ဖြစ်လတ္တံ့”ဟု ပြောဆို၏၊ “အရှင်ဘုရား ထိုသို့ ဖြစ်တပြီးကား အဘယ်သို့ ပြုလုပ်ရပါမည်နည်း”ဟု မေး၏၊ အမြစ်အရင်းကို အကြွင်းမဲ့ဖြတ်လျက် ခမည်းတော်ကို သတ်လေလော့”ဟု ပြောဆို၏။ “အရှင်ဘုရား အကျွန်ုပ်၏ခမည်းတော်ကို လက်နက်ဖြင့်သတ်ဖြတ်ခြင်းငှါ မထိုက်သည် မဟုတ်လော”ဟု မေးမြန်းသောအခါ “အစာအာဟာရကို ဖြတ်ခြင်းဖြင့် ထိုခမည်းတော်ကို သတ်လေလော့”ဟု ပြောဆိုပြန်၏

### ဗိမ္ဗိသာရမင်းကြီးကို အခိုးထောင်၌ ချထားတော်မူပုံ

ထိုအဇာတသတ်မင်းသည် ခမည်းတော် ဗိမ္ဗိသာရမင်းကြီးကို ညှဉ်းဆဲခြင်းအမှုပြုရာ အခိုးအငွေ့ ပူလောင်သော နှောင်အိမ်၌ သွင်းထားစေ၏။

"ငါ၏ မယ်တော် မိဖုရားကြီးကိုထား၍ မယ်တော်မှတစ်ပါး မည်သူ တစ်ဦး တစ်ယောက်မျှ ကြည့်ရှုဖူးမြော်ခွင့်ကို မပေးကုန်လင့်"ဟု ထုတ်ဆင့်မိန့်ဆိုတော်မူ၏။ ဝေဒေဟီမိဖုရားကြီးသည် ရွှေခွက်ငယ်၌ ထမင်းကိုထည့်၍ ရင်ခွင်အောက် ဖွက်ယူဆောင် နှောင်အိမ်သို့ ဝင်တော်မူ၏။ နှောင်အိမ်အတွင်း အကျဉ်းခံ နေရသော ဗိမ္ဗိသာရမင်းကြီးသည် မိဖုရားကြီး ယူဆောင်လာသော ထိုထမင်း ဘောဇဉ်ကို သုံးဆောင်၍ မျှတတော် မူရလေ၏။ ထိုအဇာတသတ် မင်းက "ငါ၏ခမည်းတော်သည် အဘယ်သို့ မျှတတော်မူသနည်း"ဟု မေးတော်မူ၍ ထို သို့သော ဖြစ်ခြင်းအကြောင်းကို ကြားသိတော်မူသည်ရှိသော် "ငါ၏မယ်တော် အား ထမင်းဘောဇဉ်ကို ရင်ခွင်၌ထားသိုယူဆောင် ပြုလုပ်၍ ဝင်ရောက်ခြင်း ငှါ အခွင့်မပေးကြကုန်လင့်"ဟု အမိန့်ထုတ်ဆင့်တော် မူပြန်၏။ ထိုအခါမှစ၍ ဝေဒေဟီမိဖုရားကြီးသည် ဆံထုံး၌ ထမင်းဘောဇဉ်ကို ထည့်သွင်း၍ နှောင်အိမ် သို့ ဝင်၏။ ဆံထုံးအတွင်း ထည့်သွင်းယူဆောင် နှောင်အိမ်သို့ဝင်သော ထို အကြောင်းကို ကြားသိတော်မူ၍ "ငါ၏မယ်တော်အား ဆံထုံးကို ထုံးဖွဲ့၍ နှောင်အိမ်အတွင်းသို့ ဝင်ခြင်းငှါ အခွင့်မပေးကုန်လင့်"ဟု တစ်ဖန် ထုတ်ဆင့် တော်မူပြန်၏။ ဆံထုံးဖြေရှင်း နှောင်အိမ်တွင်းသို့ ဝင်ရသော ထိုအကြောင်း ကြောင့် ဝေဒေဟီမိဖုရားကြီးသည် ရွှေခြေနင်းအတွင်း၌ ထမင်းဘောဇဉ်ကို ထည့်သွင်း၍ အပေါ်ကပိတ်ပြီးသော် ရွှေခြေနင်းစီး၍ ဝင်တော်မူ၏။ ဗိမ္ဗိသာရ မင်းမြတ်သည် ဖိနပ်ခြေနင်း သွတ်သွင်း ယူဆောင်ရသော ထိုထမင်းဖြင့် သုံးဆောင်မျှတသော်မူရ၏။ တစ်ဖန် "ငါ၏ခမည်းတော်သည် အဘယ်သို့ မျှတ နေနိုင်သနည်း"ဟု မေးတော်မူပြန်၍ ထိုအကြောင်းကို ကြားသိရသည်ရှိသော် "မယ်တော်အား ခြေနင်းတို့ကိုစီးနင်း၍ ဝင်ခြင်းငှါလည်း အခွင့်မပေးကုန်လင့်" ဟု မိန့်တော်မူပြန်၏။ ထိုအခါမှစ၍ဝေဒေဟီမိဖုရားသည်နံ့သာရည်ရေဖြင့် ချိုးသုံး သပ်၍ မိမိကိုယ်ကို စတုမဓုဖြင့် လိမ်းကျံ၍ အပေါ်ရုံအဝတ်ခြုံ၍နှောင်အိမ်သို့ ဝင်၏။ နှောင်အိမ်အတွင်း အကျဉ်းခံရသဖြင့် အာဟာရပြတ်လပ် ငတ်မွတ်လှ သော ဗိမ္ဗိသာရမင်းမြတ်သည် စတုမဓုဖြင့် လိမ်းကျံအပ်သော မိဖုရားကြီး၏ ကိုယ်ကို လျှာဖြင့်လျက်၍ မျှတတော်မူရရှာ၏။ အဇာတသတ်မင်းက တစ်ဖန် မေးမြန်းပြန်၍ ထိုသို့သော ဖြစ်ခြင်းအကြောင်းကို ကြားသိတော်မူသည်ရှိသော် "ဤနေ့မှစ၍ ငါ၏မယ်တော်အား ခမည်းတော်၏အထံသို့ ဝင်ခွင့်အရေး မပေး ပန့်လစ် တားမြစ်ကြကုန်လော့"ဟု မိန့်ဆိုပြန်၏။ထိုသို့မိန့်သံ တစ်ဖန်ထုတ်ဆင့် သောအခါမှစ၍ ဝေဒေဟီမိဖုရားသည် နှောင်အိမ်ပြင်ပ တံခါးရင်း၌ ရပ်တည်၍ "ဗိမ္ဗိသာရနာမည်တွင် အရှင်မောင်တော်မင်းမြတ်သည် မိမိကိုယ်ကိုသတ်လတ္တံ့ ဖြစ်သော ဤသားကို ငယ်ရွယ်စဉ်အခါကာလ၌ သတ်ခြင်းငှါ အခွင့်ပေးတော် မမူ တားမြစ်တော်မူခဲ့၏၊ မိမိ၏ရန်သူကို မိမိသည်ပင်လျှင် အစဉ်စောင့် ရှောက် မွေးမြူတော်မူခဲ့၏။ ဤယခုအခါ နှောင်အိမ်ပြင်ပ ဤဌာန၌ တည်နေ

လျက် အရှည်ကာလ ပေါင်းသင်း၍ လာခဲ့ကြသဖြင့် အလွန်ချစ်ခင်လှသော အရှင်မောင်တော်မင်းမြတ်အား ဤဘဝတစ်ခုလုံးမှာ နောက်ဆုံး ဖူးမြင်ရခြင်း ပါတည်း၊ ဤနေ့ ဤအခါမှစ၍ အသက်တမျှ ခင်မင်လှသော ဘုရားကျွန်မ နှမ တော်သည် ကိုယ်တော်သခင် အရှင်မောင်တော်မင်းမြတ်တို့ကို ရွှေမျက်နှာတော် ဖူးမြော်ကြည့်ရှုခြင်းငှါ အခွင့်မရတော့ပါ၊ ကျေးဇူးတော်သခင် အရှင် မောင် တော်မင်းမြတ် သတ်မှတ်ထားကြင်အရှင့်နှမတော် ကျွန်တော်မ ဝေဒေဟီအား မကြည်မသာ ပြုမိပါ၍ တစ်စုံတစ်ရာသော အပြစ်သည် ဘုရားကျွန်မ အပေါ်၌ အကယ်၍ရှိခဲ့ပါအံ့၊ ယင်းသို့တစ်စိ အပြစ်ရှိခဲ့သော် မောင်တော်သခင် အရှင် မင်းမြတ် ဩရသ်ရင်နှစ် သားချစ်ထက်ပင် ငါ အရှင့်ကို ပူပင်ကြောင့်ကြ မှုချ မိတ်စစ်ဖြစ်ပေသည်တကားဟု ထောက်ထားမြော်ကြံ ပြစ်မပြန်ဘဲ သည်းခံတော် မူပါကုန်လော့”ဟု တောင်းပန်လျှောက်ထား ပြောကြားငိုကြွေး မြည်တမ်းဟစ် အော်၍ ဆုတ်နစ်ပြန်လည်တော်မူရှာလေ၏။ ထိုအခါမှစ၍ ဗိမ္ဗိသာရမင်းကြီး အား အစာအာဟာရမရှိ။မင်းကြီးသည် မဂ်ဖိုလ်ချမ်းသာ ခံစားကာပြန်လှန်စင်္ကြံ တို့ ခေါက် လျှောက်တော်မူခြင်းဖြင့် မျှာတော်မူရ၏။ အလွန်လျှင် ခန္ဓာကိုယ် အတ္တဘောသည် တင့်တယ်၏။

## ဗိမ္ဗိသာရမင်းကြီး၏ခြေတော်ကို ဓားဖြင့်ခွဲကာ ရှားမီး၌ကင်စေခြင်း

ထိုအဇာတသတ်မင်းက “အို အချင်းတို့ငါ၏ ခမည်းတော်သည် အဘယ်သို့ မျှတသနည်း”ဟု မေးတော်မူ၍“စင်္ကြံကြွသွားခြင်းဖြင့်သာလျှင် မျှတပါသည်၊ ထိုခမည်းတော်၏ ကိုယ်အတ္တဘောသည် အလွန်လည်းတင့်တယ် ပါသည်” ဟု လျှောက်ထား ကြားသိတော်မူ၍ “ဤယခုအခါ ထိုခမည်းတော်၏ လူးလားတို့ ခေါက် စင်္ကြံလျှောက်ခြင်းကို ပယ်ဖျောက်တားမြစ်အံ့”ဟု ကြံစည်တော်မူ၍ “ငါ့ခမည်းတော်၏ခြေတို့ကို သင်တုန်းဖြင့်ခွဲပြီးသော် ဆားနှင့်ရောသော ဆီဖြင့် လိမ်းကျံ၍ မီးလျှံကင်းကုန်သော ရှားမီးခဲတို့ဖြင့် ကင်မြိုက်ကုန်လော့”ဟု ပြောဆိုပြီးကာ ဆေတ္တာသည်တို့ကို စေလွှတ်၏။ ဗိမ္ဗိသာရမင်းကြီးသည် မင်း၏ အာဏာ ဈေးရှုလာသော ထိုဆေတ္တာတို့ကိုမြင်၍ “ငါ၏သားတော်ကို တစ်စုံ တစ်ယောက်သောသူက သံစေသည် ဖြစ်ပေလိမ့်မည်။ ဤ ဆေတ္တာတို့သည် မုတ်ဆိတ်ကျင်စွယ်တို့ ရိတ်ပယ်ပြုခြင်းအကျိုးငှါ ငါ၏အထံသို့ ရှေးရှုလာကုန် သည်”ဟု ကြံစည်တော်မူ၏။ ထိုဆေတ္တာသည်တို့သည် သွားရောက်ပြီးလျှင် မင်းကြီးကို ရှိခိုး၍တည်နေကုန်၏။ “အဘယ်အကြောင်းကြောင့် လာရောက်ကုန် သနည်း”ဟု ဗိမ္ဗိသာရမင်းကြီးက မေးတော်မူသောကြောင့် ထိုသို့ဖြစ်ခြင်း သတင်းစကားကို ကြားလျှောက်ကုန်၏။ “အသင်တို့မင်း၏ စိတ်နှလုံးအလို

အတိုင်းကို ပြုကြကုန်လော့”ဟု မင်းကြီးက မိန့်ဆိုတော်မူသောအခါ “အရှင်မင်းမြတ် ထိုင်နေတော်မူပါလော့”ဟု ပြောဆိုပြီး၍လည်း မင်းကြီးကို ရိုသေစွာ ရှိခိုးပြီးလျှင် “အရှင်မင်းမြတ် ကျွန်တော်မျိုးတို့သည် ပြည့်ရှင်မင်း၏ အမိန့်အာဏာပြုပါကုန်၏။ ကျွန်တော်မျိုးတို့အား အမျက်ထွက်တော် မမူကုန်ပါလင့်၊ အရှင်မင်းမြတ်တို့ကဲ့သို့ သဘောရှိကုန်သော တရားကို စောင့်ရှောက်တော် မူကုန်သော မင်းတို့အား မင်း၏အာဏာ မရှောင်သာ၍ ပြုလုပ်ရပါသော ကျွန်တော်မျိုးတို့၏အပေါ်၌ ဤအမျက်ထွက်ခြင်းအမှုသည် မသင့်လျော် မလျောက်ပတ်ပါ ဟု” လျှောက်တင်၍ လက်ဝဲလက်ဖြင့် ဖမျက်၌ကိုင်ပြီးလျှင် လက်ယာလက်ဖြင့် ထက်လှစွာသော သင်တုန်းကိုယူ၍ ခြေဖဝါး အပြင်တို့ကို ခွဲစိတ် မှုန်းလိုး၍ ဆားနှင့်ရောနှောသောဆီဖြင့် လိမ်းကျံ ဆုပ်နယ်ပြီးသော် အလျှံကင်းစဲ အရောင်ရဲသော ရှားမီးခဲတို့ဖြင့် ကင်မြိုက်ကုန်၏။

ဗိမ္ဗိသာရဘုရင်မင်းမြတ်အား ဤသို့သော အကျိုးဝိပါက ဆင်းရဲဒုက္ခခံစားရခြင်းသည် ရှေးဘဝအခါ၌ စေတီရင်ပြင်တော်၌ ဖိနပ်ခြေနင်းစီးလျက် သွားဖူးသတတ် ဤသို့သောအကုသိုလ်မကောင်းမှု အကျိုးဆက်ဖြစ်ပေတည်း၊ ရဟန်းတော်တို့ထိုင်နေခြင်းအကျိုးငှါ ခင်းထားအပ်သော ဖျာ,သင်ဖြူးသို့လည်း မဆေးမကြောရသော ခြေတို့ဖြင့် နင်းတက်ဖူးသတတ်၊ ထိုအကုသိုလ်မကောင်းမှု၏ အကျိုးဆက်ပေတည်းဟု ဆရာတို့သည် မိန့်ဆိုတော်မူကြကုန်၏။

ဗိမ္ဗိသာရ မင်းကြီးအား အလွန်အသည်း အားကြီးသော ဆင်းရဲဝေဒနာ ပြင်းထန်စွာ ဖြစ်၍ ထို ဗိမ္ဗိသာရမင်းကြီးသည် “အဟော ဗုဒ္ဓေါ” မြတ်စွာဘုရားသည် ဩော် အံ့ဩဖွယ်ရှိပေစွ၊ အဟော ဓမ္မော မြတ်စွာဘုရားဟောကြားတော်မူအပ်သော တရားတော်သည် ဩော် အံ့ဖွယ်ရှိပေစွ၊ အဟော သံဃော၊ မြတ်စွာဘုရား၏ တပည့်သား သံဃာတော်သည် ဩော် အံ့ဖွယ်ရှိပေစွ”ဟု အောက်မေ့နှလုံးသွင်းတော်မူလျက်သာလျှင် စေတီရင်ပြင်၌ ပစ်ထားအပ်သော ပန်းသည် ညှိုးနွမ်း၍ သွားသကဲ့သို့ မင်းကြီး၏ ကိုယ်တော်သည် ညှိုးနွမ်းခြောက်သွေ့စုတေ့တော်မူ၍ စတုမဟာရာဇ် နတ်ပြည်၌ ဝေဿဝဏ နတ်မင်းကြီး၏ အလုပ်အကျွေး အစေအပါးဖြစ်သော ဇနဝသဘ မည်သော နတ်သားအဖြစ် ဖြစ်လေ၏။

ဗိမ္ဗိသာရမင်းကြီး နတ်ပြည်စံလွန်တော်မူသောထိုနေ့၌ပင်လျှင်အဇာတသတ်မင်း၏သားတော် မွေးဖွား၏ သားတော် ဖွားမြင်သောအဖြစ်ကို လည်းကောင်း, ခမည်းတော်နတ်ရွာစံ လွန်တော်မူသော အဖြစ်ကိုလည်းကောင်း, သိကြားစေမြောက် တင်လျှောက်ခြင်းငှါ နှစ်ခုကုန်သော ရေးသားလေပြီး

ကမ္ဗည်းတင်လှာတို့သည် တစ်ပြိုင်နက်တည်းသာလျှင် ဆိုက်ရောက်လာကုန်၏။ အမတ်တို့သည် "ရှေးဦးစွာ သားတော်၏ ဖွားမြင်သောအဖြစ်ကို လျှောက်ကြားကုန်အံ့"ဟု တိုင်ပင်ကုန်၍ သားတော်၏ ဖွားမြင်သော ထိုကမ္ဗည်းတင်လှာကို အဇာတသတ်မင်း၏လက်တော်၌ တင်ထား ဆက်သွင်းကုန်၏။ အဇာတသတ်မင်းအား ထိုခဏ၌သာလျှင် သားတည်းဟူသော ပြင်းပြသော ချစ်ခြင်းသည်ဖြစ်၍ အလုံးစုံသောကိုယ်ကို တုန်လှုပ် ချောက်ချားစေလျက် ရိုးတွင်းခြင်ဆီကို ထိခိုက်၍ တည်၏။ ထိုခဏ၌ "ငါ့ကို ဖွားမြင်တော်မူသော အခါ၌လည်း ငါ၏ ခမည်းတော်အား ဤအတူသာလျှင် ပြင်းပြစွာသော ချစ်ခြင်း ဖြစ်ပေလိမ့်မည်" ဟု ခမည်းတော်မင်းကြီး၏ ဂုဏ်ကျေးဇူးကို သိလေ၏။ ထိုအဇာတသတ်မင်းသည် "အို အချင်းတို့သွားတည့်ကြကုန်လော့။ ငါခမည်းတော်ကို အချုပ်နှောင်အိမ်မှ လွှတ်ကြကုန်လော့"ဟု မိန့်ဆိုတော်မူ၏။ "အရှင်မင်းမြတ် အဘယ်သူကို လွှတ်စေကုန်ဘိသနည်း"ဟု လျှောက်တင်ပြီးလျှင် တစ်ပါးလည်းဖြစ်သော ခမည်းတော် နတ်ရွာစံလွန်သော ရေးသားလေပြီး ကမ္ဗည်းတင်လှာကို လက်တော်၌ တင်ထား ဆက်သွင်းကုန်၏။ ထို အဇာတသတ်မင်းသည် ခမည်းတော် နတ်ပြည် စံလွန်ခြင်း ဖြစ်ရသော ထိုအကြောင်းကို ကြားသိ၍ ငိုကြွေးမြည်တမ်းလျက် မယ်တော်ဖြစ်သော ဝေဒေဟီမိဖုရား၏ အနီးအပါးသို့ သွားရောက်ပြီးသော် "အိုမယ်တော် အကျွန်ုပ်၏ ခမည်းတော်သည် အကျွန်ုပ်သားတော်ကို ဖွားမြင်တော်မူသည် ရှိသော် ချစ်ခြင်း ဖြစ်ပါ၏လော"ဟု မေး၏။ မယ်တော်ဖြစ်သော ဝေဒေဟီမိဖုရားကြီးက "ဟယ်-သားမိုက် အဘယ်သို့ ပြောဆိုလေဘိသနည်း။ အသင် သားမိုက်၏ ငယ်စဉ်ကာလဝယ် လက်ချောင်း၌ အိုင်းအမာပေါက်ရောက်၏။ ထိုအခါ လွန်စွာ ငိုကြွေးသော သက်သာရန်ပေသိစေခြင်းငှါ မစွမ်းနိုင်သော အသင်ကို ယူဆောင်၍ တရားဆုံးဖြတ်သောနေရာ၌ ထိုင်နေတော်မူသော အသင်၏ ခမည်းတော်ထံသို့ သွားကြကုန်၏။ အသင်၏ ခမည်းတော်သည် အိုင်းအမာပေါက်သော လက်ချောင်းကို ခံတွင်း၌ ငုံ၍ထားပေ၏။ အိုင်းအမာသည် အသင် ခမည်းတော်၏ ခံတွင်း၌သာလျှင် ပေါက်ကွဲခဲ့၏။ ထိုအခါ အသင်၏ ခမည်းတော်သည် အသင်သားတော်၌ ချစ်ခင်ခြင်း ပြင်းပြ ကြီးကျယ်လှသဖြင့် သွေးပုပ်နှင့်ရောက်သော ထိုသွေးပြည်ကို မထွေးမအန်မူ၍သာလျှင် မျိုချဖူးလေပြီ။ အသင်၏ ခမည်းတော်အား အသင်၏အပေါ်၌ ချစ်ခင်ခြင်းသည် ဤကဲ့သို့သဘောရှိသည် ဖြစ်ပေ၏"ဟု ပြန်ကြားပြောဆို၏။ ထိုအဇာတသတ်မင်းကြီးသည် သည်းစွာ ပူဆွေး ငိုကြွေးမြည်တမ်း၍ ခမည်းတော်၏ ရုပ်အလောင်းတော်ကို ကောင်းစွာ ပူဇော်သက္ကာရ်ခြင်းအမှုကို ပြုလုပ်ပေ၏။ ထိုနောက် တစ်ရံရောအခါ အဇာတသတ်မင်းသည် သာမညဖလသုတ် ပါဠိတော်၌ လာရှိသောအတိုင်း ဆရာဇီဝကကို လမ်းပြခရီးညွှန်ပြု၍ မြတ်စွာဘုရား

ထံပါး မျက်မှောက် သွားရောက်ချဉ်းကပ်၍ မေးလျှောက်အပ်သော အမေး ပုစ္ဆာ၏ အဖြေ ဝိသဇ္ဇနာအဆုံး၌ ရတနာသုံးရပ်သို့ ဆည်းကပ်တတ်စွာ ဥပါသကာ အဖြစ်သို့ ရောက်လေသတည်း။

[ဤသည်ကား အဇာသတ်မင်းသား မင်းအဖြစ်သို့ ရောက်သော အကြောင်း အမြွက်တည်း။]

အဇာတသတ်မင်းသားသည် ဒေဝဒတ်နှင့် အတူတကွ တပေါင်းတည်း ဖြစ်၍ ခမည်းတော်ကို သတ်ဖြတ်ပြီးသော် ပြည့်ရှင်မင်းအဖြစ်၌ တည်၍ ဇောတိက သူဌေး၏ ပြာသာဒ်ကြီးကို သိမ်းယူအံ့ဟု ကြံစည်ပြီးလျှင် စီရင်အပ်သော စစ်သည့် ဗိုလ်ပါအပေါင်း စုဆောင်း ထွက်လာ၍ ပတ္တမြားဖြင့် ပြီးသော တံတိုင်း၌ အခြံအရံ စစ်သည် ဗိုလ်ပါနှင့်တကွသောမိမိအရိပ်ကို မြင်သည်ရှိသော် သူဌေးကြီးသည် စီရင်အပ်သော စစ်ထိုးခြင်းရှိသည်ဖြစ်၍ စစ်သည် ဗိုလ်ပါကို ယူ၍ ထွက်လာသည်ဟု မှတ်ထင်သောကြောင့် အနီးသို့ ချဉ်းကပ်ခြင်းငှါ မစွမ်း နိုင်လေ၊ ထိုနေ့၌ ဇောတိက သူဌေးကြီးသည်လည်း ဥပုသ်စောင့်သုံးသည်ဖြစ်၍ နံနက်စောစောကသာလျှင် နံနက်စာ စားပြီးသောအခါ ကျောင်းတော်သို့ သွား၍ မြတ်စွာဘုရား၏ အထံတော်၌ တရားတော်ကို ကြားနာလျက် ထိုင်နေ သည်ဖြစ်ပေ၏။ ရှေးဦးစွာသော တံခါးမုခ်၌ အစောင့်အရှောက်ကိုယူ၍ တည် နေသော ယမကောဠိအမည်ရှိသော ဘီလူးသည် ပတ္တမြားတွင် အရိပ်ထင် သည်ကို အမြင်မှားမှတ် မချဉ်းကပ်ဝံ့သော ထိုအဇာတသတ်မင်းကို မြင်၍ အဘယ်အရပ်သို့ သွားမည်နည်းဟု ခြိမ်းခြောက်ပြောဆိုကာ အခြံအရံနှင့် တကွသော အဇာသတ်မင်းကို ဖရိုဖရဲ ပြိုကွဲအောင် ဖျက်ဆီး၍ ဦးတည်မှုရာ တူရူဖြစ်သော အရပ်မျက်နှာ အထောင့်ဖြစ်သော အရပ်မျက်နှာတို့၌ ဖမ်းယူ ဟန်သွင် အစဉ်လိုက်ကုန်၏။ အဇာတသတ်မင်းသည် ပြေးရင်း ရှေးရှုရာ မြတ်စွာ ဘုရားကျောင်းတော်သို့ ရောက်သွားလေ၏။ ထိုအခါ ဇောတိကသူဌေးကြီးသည် ထိုအဇာတသတ်မင်းကိုမြင်၍သာလျှင် "အရှင် မင်းမြတ် အကြောင်းအသို့ပေ နည်း"ဟု တင်လျှောက် ပြောဆို၍ ထိုင်နေရာမှထပြီးကာ သင့်လျော်သော နေရာ၌ တည်နေ၏။ "အို သူဌေးကြီး အကြောင်းအသို့ပေနည်း အသင်သည် မိမိ၏ အစေအပါး ယောကျ်ားတို့ကို ငါနှင့်အတူတကွ အောင်နိုင်အောင် စစ်ထိုး ကြကုန်လော့ဟု ခိုင်းစေခဲ့၍ ဤမြတ်စွာဘုရားအထံတော်၌ တရားတော်နာဘိ သကဲ့သို့ အဘယ်ကြောင့် ထိုင်နေသနည်း"ဟု မေးတော်မူ၏။ "အသို့ပေနည်း အရှင်မင်းမြတ်သည် အကျွန်ုပ်၏အိမ်ကို သိမ်းယူခြင်းငှါ ကြွသွားတော်မူ သလော"ဟု မေးလျှောက်ပြန်သဖြင့် "သူဌေးကြီး ဩော် သွားရောက်သည် ဖြစ်ခဲ့၏"ဟု မိန့်ဆိုတော်မူ၏။ "အရှင်မင်းမြတ် အကျွန်ုပ်ပေးခြင်းငှါ အလိုမရှိ

ခဲ့သော် အကျွန်ုပ်၏အိမ်ကို သိမ်းယူခြင်းငှါ တစ်ထောင်မျှလောက်မင်းအပေါင်းသည် မစွမ်းနိုင်ပါ”ဟု တင်လျှောက်သောအခါ ထိုအဇာတသတ်မင်းက အသို့ပေနည်း။ အသင်သည် မင်းဖြစ်လတ္တံ့လော”ဟု ပြောဆို၍ အမျက်ထွက်တော်မူ၏။ ဇောတိက သူဌေးက “အရှင်မင်းမြတ် အကျွန်ုပ် မင်းမဟုတ်ပါ၊ အကျွန်ုပ်၏ ပစ္စည်းဥစ္စာကိုမူကား မြိတ်ဆွေချည်မျှင်မျှကိုလည်း အကျွန်ုပ်ပေးခြင်းငှါ အလိုမရှိခဲ့သော် ပြည့်ရှင်မင်းတို့သည်လည်းကောင်း၊ ခိုးသူတို့သည်လည်းကောင်း လုယက် ယူငင်ခြင်းငှါ မစွမ်းနိုင်ပါ”ဟု ပြောဆို လျှောက်တင်၏။ “အသို့ပေနည်း၊ ငါသည် အသင်၏ နှစ်သက်အရေး ခွင့်ပေးခြင်းဖြင့် ယူရလတ္တံ့လော”ဟု မေးတော်မူပြန်သည်ရှိသော် “အရှင်မင်းမြတ် ထိုသို့ဖြစ်ခဲ့ပါမူကား အကျွန်ုပ်၏ ဆယ်ခုကုန်သော လက်ချောင်းတို့၌ ဤနှစ်ဆယ်ကုန်သော လက်စွပ်တို့သည် ရှိပါကုန်၏။ ဤလက်စွပ်တို့ကို အကျွန်ုပ်သည် အရှင်မင်းမြတ်တို့အား မပေးပါ။ အကယ်၍ ယူခြင်းငှါ စွမ်းနိုင်ကုန်အံ့။ အရှင်မင်းမြတ်တို့သည် ယူတော်မူကုန်လော့”ဟု ပြောဆို၏။ ထိုအဇာတသတ် မင်းသည်ကား မြေကြီး၌ ဆောင့်ကြောင့် ထိုင်နေ၍ ခုန်အပ်သည်ရှိသော် တစ်ဆယ့်ရှစ်တောင်ရှိသော အမြင့်အရပ်သို့ တက်ရောက်၏။ ရပ်တည်၍ ခုန်သည်ရှိသော် အတောင်ရှစ်ဆယ်ရှိသော အရပ်သို့ တက်ရောက်၏။ ဤသို့ ကြီးကျယ်သော ခွန်အားရှိသောသူ ဖြစ်ပါလျက်လည်း ဤမှ ထိုမှ ပြန်လုန်ပြောင်းတည် လှည့်လည် ဖြေချွတ်လျက် တစ်ကွင်းတစ်ချည်သောလက်စွပ်ကိုမျှလည်း ချွတ်ယူဆွဲငင်ခြင်းငှါ မစွမ်းနိုင်လေ။

ထိုအခါ ဇောတိက သူဌေးကြီးက ထိုအဇာတသတ်မင်းကို “အရှင်မင်းမြတ် ပုဆိုးကို ဖြန့်တော်မူပါလော့”ဟု ပြောဆိုတင်လျှောက်၍ လက်ချောင်းတို့ကို ဖြောင့်စွာ ပြုလုပ်၏။ အကွင်းအချည် နှစ်ဆယ်ကုန်သော လက်စွပ် တို့သည် ပုဆိုးထက်သို့ ထွက်ကြကုန်၏။ ထိုအခါ သူဌေးကြီးက ထိုအဇာတသတ်မင်းကို “အရှင်မင်းမြတ် ဤသို့လျှင် အကျွန်ုပ်၏ ပစ္စည်းဥစ္စာကို အကျွန်ုပ်ပေးခြင်းငှါ အလိုမရှိခဲ့သော် ယူခြင်းငှါ မစွမ်းနိုင်ပါ”ဟု ပြောဆို တင်လျှောက်၍ ပြည့်ရှင်မင်း၏ အပြုအမူ၌ ဖြစ်ပေါ်လာသော ထိတ်လန့် တုန်လှုပ်ခြင်းရှိသည် ဖြစ်၍ “အရှင်မင်းမြတ် ရဟန်းပြုခြင်းငှါ အကျွန်ုပ်အား ခွင့်ပြုတော်မူပါလော့”ဟု တောင်းပန် တင်လျှောက်၏။ ထိုအဇာတသတ်မင်းသည် “ဤသူဌေးကြီးသည် ရဟန်းပြုခဲ့သည်ရှိသော် မပင်မပန်း ချမ်းချမ်းသာသာ ပြာသာဒ်ကို သိမ်းယူအံ့”ဟု ကြံစည်၍ တစ်ခွန်းတည်း တောင်းပန်သောစကားဖြင့်သာလျှင် ထိုဇောတိက သူဌေးကြီးသည် မြတ်စွာဘုရား၏ အထံတော်၌ ရဟန်း ပြုပြီး၍ မကြာမြင့်မီသာလျှင် အရဟတ္တဖိုလ်သို့ရောက်၍ ဇောတိကမထေရ် မည်သည်ဖြစ်လေ၏။ ထိုဇောတိကမထေရ် အရဟတ္တဖိုလ်သို့ရောက်သောခဏ၌သာလျှင် အလုံးစုံလည်းဖြစ်သော ထိုစည်းစိမ်ချမ်းသာတို့သည် ကွယ်ပျောက်၏။ ထိုဇောတိက သူဌေးကြီး၏ အတုလကာရီ အမည်ရှိသော ထိုခင်ပွန်းမယားကိုလည်း နတ်တို့

သည် ဥတ္တရကုရုကျွန်းသို့သာလျှင် တစ်ဖန် ပြန်ယူဆောင်ပို့ကုန်၏။ ထို့နောက် တစ်နေ့သော အခါ၌ ရဟန်းတို့သည် ထိုဇောတိကမထေရ်ကိုခေါ်၍ "ငါ့ရှင် ဇောတိက အသင်၏ ထိုပြာသာဒ်၌လည်းကောင်း၊ ထိုမိန်းမ၌လည်းကောင်း တွယ်တာတပ်မက် နှစ်သက်ခြင်း တဏှာသည် ရှိသေးသလော"ဟု မေးမြန်းကုန်၍ "ငါ့ရှင်တို့ ငါ့အား တွယ်တာကပ်ငြိ တပ်မက်ခြင်းတဏှာ မရှိတော့ပြီ"ဟု ပြောဆိုသည်ရှိသော် ရဟန်းတို့က "ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ဤဇောတိက မထေရ်သည် မဟုတ်မမှန်သည်ကို ပြောဆို၍ အရဟတ္တဖိုလ်ကို ကြားပါသည်"ဟု မြတ်စွာဘုရားအား လျှောက်ကြားကုန်၏။ မြတ်စွာဘုရား ကိုယ်တော်မြတ်က "ချစ်သား ရဟန်းတို့ ငါဘုရား၏ သားတော်ဖြစ်သော ဇောတိကအား ထိုပြာသာဒ်၊ ခင်ပွန်းမ မယား၌ ပြင်းစွာငဲ့ကွက် တပ်မက် ငြိကာ တဏှာမရှိတော့သည်သာလျှင်တည်း"ဟုမိန့်တော်မူလိုရကား ဤဂါထာကို ဟောကြားတော်မူ၏—

**ယောဓ တဏှံ ပဟန္တွာန၊ အနာဂါရော ပရိဗ္ဗဇေ။**
**တဏှာဘဝပရိက္ခီဏံ၊ တမဟံ ဗြူမိ ဗြာဟ္မဏံ။**

တဏှာကို ပယ်စွန့်လျက် အိမ်ရာတည်ထောင် လူ့ဘောင်ဖြင့် အလိုမရှိသည် ဖြစ်၍ ရဟန်းပြုပြီးလျှင် တဏှာ, ဘဝ ကုန်ခန်းခြင်းရှိသော ပုဂ္ဂိုလ်ကို ဗြာဟ္မဏ ဟူ၍ ငါဘုရား ဟောကြားတော်မူ၏။

ဂါထာအဖွင့် ဇဋိလဝတ္ထုနှင့်တူပြီ။

ဒေသနာတော်၏ အဆုံး၌ များစွာကုန်သော သူတို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ ဆိုက်ကုန်၏။

ဇောတိကမထေရ်ဝတ္ထုပြီး၏။

---

## ၃၅။ နဋပုတ္တကမထေရ်ဝတ္ထု

**ယိတွာ** မာနုသက် **ယောဂံ**-အစရှိသော ဤတရားဒေသနာတော်မြတ်ကို မြတ်စွာဘုရားရှင်သည် ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံး စံနေတော်မူစဉ် ကချေသည်မသား ရဟန်းတစ်ပါးကို အကြောင်းပြု၍ ဟောကြားတော်မူ၏။

ထိုကချေသည်မသား မထေရ်သည် လူဖြစ်စဉ်အခါ တစ်ခုသော ကချေသဘင် အတတ်ကို တတ်မြောက်သောအား ကစားပျော်မြူးလျက် အထူးလှည့်လည်

သည်ရှိသော် သင့်လျော်ကြန့်ကြာ တစ်ရံခါ၌ မြတ်စွာဘုရား၏ တရားစကားကို ကြားနာရ၍ ရဟန်းပြုသည်မှသော် အရဟတ္တဖိုလ်သို့ ရောက်လေ၏။ ထိုကချေသည်သား မထေရ်သည် ပ(စ်နေသောအခါ ဘုရားအမှူးရှိသော ရဟန်းတော်အပေါင်းနှင့် အတူဘက္က ဆွမ်းအလှိုငှါ ကြွဝင်သည်ရှိသော် ရဟန်းတို့က ပျော်မြူးရွှင်တုံ ကခုန်ကစားသော ပစ်ယော(က်သော ကချေသည်ကို တွေ့မြင်၍ ထိုကချေသည်သား မထေရ်ကို "ငါ့ရှင် ဤကချေသည်သည် အသင် ကခုန်ကစားတိုင်း ကခုန်ကစားတိုင်းကို ကခုန်ကစား၏။ ဤသို့ ကခုန်ကစားရာ၌ အသင်အား ချစ်ခင်နှစ်သက်ခြင်း ရှိသလော"ဟု မေးမြန်းကြကုန်၏။ ထိုသို့ စုံစမ်းမေးမြန်း ကြသောကြောင့် "ချစ်ခင်နှစ်သက်ခြင်း မရှိတော့ပြီ"ဟု ပြောဆိုသည်ရှိသော် ရဟန်းတို့က "ဘုန်းတော်ကြီးပေါ်မှုသော မြတ်စွာဘုရား ဤကချေသည်သား မထေရ်သည် မဟုတ် မမှန်သည်ကို ပြောဆို၍ အရဟတ္တဖိုလ်ကို ကြားပါသည်"ဟု မြတ်စွာဘုရားကို လျှောက်ထားကြကုန်၏။ မြတ်စွာဘုရားရှင်သည် ထိုရဟန်းတို့ လျှောက်ထားသော စကားကို ကြားတော်မူ၍ "ချစ်သား ရဟန်းတို့ ငါဘုရား၏ သားတော်သည် ဘဝများစွာ သံသရာတစ်ခွင် ကပ်ယှဉ်တပ်တုံ အလုံးစုံသော ယောဂတရားတို့ကို လွန်မြောက်လေပြီ"ဟု မိန့်တော်မူလုံ့ရကား ဤဂါထာကို ဟောကြားတော်မူ၏—

**ဟိတွာ မာနုသကံ ယောဂံ၊ ဒိဗ္ဗံ ယောဂံ ဥပစ္စဂါ။**
**သဗ္ဗယောဂဝိသံယုတ္တံ၊ တမဟံ ဗြူမိ ဗြာဟ္မဏံ။**

လူ၌ဖြစ်သော ကာမဂုဏ်၌ တပ်မက်သော လုံ့လပြုခြင်းကို စွန့်ပြီး၍ နတ်၌ ဖြစ်သော ကာမဂုဏ်၌ တပ်နှစ်သက်သော လုံ့လပြုခြင်းကို လွန်မြောက်လျက် ကာမယောဂစသော ယောဂအားလုံးတို့နှင့် မယှဉ်သော ပုဂ္ဂိုလ်ကို ဗြာဟ္မဏ ဟူ၍ ငါဘုရား ဟောကြားတော်မူ၏။

ထိုဂါထာ၌–

**မာနုသက ယောဂံ**=ဟူသည် လူ၌ဖြစ်သော အသက်ရှည်ခြင်းကို လည်းကောင်း ကာမဂုဏ်ငါးပါးကို လည်းကောင်း၊ နှစ်သက်သော လုံ့လပြုခြင်းကို လည်းကောင်း နတ်၌ဖြစ်သော အသက်ရှည်ခြင်း ကာမဂုဏ်ငါးပါးကို တပ်နှစ်သက်ခြင်းဟူသော လုံ့လပြုခြင်းကို လည်းကောင်း။

ဥပစ္စဂါ=ဟူသည် လူ၌လည်းဖြစ်သော, နတ်၌လည်းဖြစ်သော ကာမဂုဏ် ငါးပါး၌ တပ်နှစ်သက်သော လုံ့လပြုခြင်းကို လွန်မြောက်၍။

ထိုအလုံးစုံသော ယောဂလေးပါးတို့နှင့် မယှဉ်သော ပုဂ္ဂိုလ်ကို ဗြာဟ္မဏ ဟူ၍ ငါဘုရား ဟောကြားတော်မူ၏။

ဒေသနာတော်၏ အဆုံး၌ များစွာကုန်သော သူတို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်ကုန်၏။

နန္ဒပုတ္တကမထေရ်ဝတ္ထု ပြီး၏။

---

## ၃၆။ နဋပုတ္တကမထေရ်ဝတ္ထု

ဟိတွာ ရတိဥ္စ–အစရှိသော ဤတရားဒေသနာတော်မြတ်ကို မြတ်စွာဘုရား ရှင်သည် ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ကချေသည် ဖြစ်ဖူးသော မထေရ်ကို အကြောင်းပြု၍ ဟောကြားတော်မူ၏။

အရပ်မျက်နှာ ဖြာဖြာလှည့်ပတ် ကချေသည် အတတ်ဖြင့် မပြတ် အထူး ရွှင်မြူးကပြလျက် ဌာနအတည်တည် လှည့်လည်သော တစ်ယောက်သော ကချေသည်သည် တပါးလည်းဖြစ်သော အခါ၌ မြတ်စွာဘုရား ဟောကြားပြသ ဆုံးမမြွက်ဖော် တရားတော်ကို ကြားနာရ၍ ဘုရားသာသနာ ကောင်းစွာ ဝင်မြန်း ရဟန်းပြုသည်ရှိသော် မကြာမြင့်မီပင်လျှင် အရဟတ္တဖိုလ်သို့ ရောက်သေ၏။ အာသဝေါကုန်ခန်း ရဟန္တာဖြစ်ပြီးသော ထိုကချေသည် ရဟန်း သည် တရံခါတုံ ဘုန်းဂုဏ်မြတ်ဖျား ဘုရားအမှူးရှိသော ရဟန်းသံဃာ အပေါင်းနှင့် အတူတကွ ဆွမ်းအလို့ငှါ ကြွဝင်တော်မူသည်ရှိသော် အတူ သွားဖော် ရဟန်းတော်တို့သည် ကစားမြူးထူး အထူးကပြ၍နေသော ကချေ သည် တစ်ယောက်ကို တွေ့မြင်ကုန်၍ ထိုကချေသည် ရဟန်းကို "ငါ့ရှင် ဤ ကချေသည်သည် အသင်ကပြ နည်းနယ အမျိုးမျိုး တက်တိုးပွားလူး ရွှင်မြူး ကပြခြင်းကို ကပြပေ၏။ ဤသို့ အထူး ရွှင်မြူးကပြရာ၌ အသင်အား ချစ်ခင် နှစ်သက် တပ်မက်ခြင်းရှိသလော"ဟု စောကြောစုံစမ်း မေးမြန်းကြကုန်၍ "ငါ့ရှင်တို့ ငါ့အား ချစ်ခင်နှစ်သက် တပ်မက်ခြင်းမရှိတော့"ဟု ပြောဆိုသည် ရှိသော် "ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ဤရဟန်းသည် မဟုတ် မမှန်သည်ကို ပြောဆို၍ အရဟတ္တဖိုလ်ကို ကြားပါသည်"ဟု မြတ်စွာဘုရားကို လျှောက်ထားသော စကားကို ကြားတော်မူ၍ "ချစ်သားရဟန်းတို့ ငါဘုရား၏ သားတော်သည် နှလုံးရွှင်ပျော် မွေ့လျော်ခြင်းကိုလည်းကောင်း၊ နှလုံးမတွေ့ မမွေ့မလျော်ခြင်းကိုလည်းကောင်း မငြိမတွယ် စွန့်ပယ်၍တည်ပေပြီ"ဟု မိန့်တော်မူလိုရကား ဤဂါထာကို ဟောကြားတော်မူ၏—

**ဟိတွာ ရတိံ စ အရတိံ၊ သီတိဘူတံ နိရူပဓိံ။**
**သဗ္ဗလောကာဘိဘုံ ဝီရံ၊ တမဟံ ဗြူမိ ဗြာဟ္မဏံ။**

ကာမဂုဏ်ငါးပါး၌ မွေ့လျော်ခြင်းကို လည်းကောင်း၊တောကျောင်းနေခြင်း၌ မမွေ့လျော်ခြင်းကို လည်းကောင်း ပယ်စွန့်ပြီး၍ ကိလေသာ ငြိမ်းပြီးသည်ဖြစ်၍ ဖြစ်သော ညစ်ညူးကြောင်း ကိလေသာ ကင်းဝေးပြီ သော ခန္ဓာဟူသော လောကအားလုံးကို လွှမ်းမိုးနှိပ်စက်၍ တည်သော ဝီရိယရှိသော ပုဂ္ဂိုလ်ကို ဗြာဟ္မဏဟူ၍ ငါဘုရား ဟောကြားတော်မူ၏။

ထိုဂါထာ၌–

ရတိံ=ဟူသည် ကာမဂုဏ်ငါးပါး၌ မွေ့လျော်သော။

အရတိ =ဟူသည် တောကျောင်း၌ နေရခြင်းကို မပျင်းရိ မဆန့်ကျင်သော။

သီတိဘူတံ=ဟူသည် ကိလေသာ ငြိမ်းအေးပြီးသော။

နိရူပဓိံ=ဟူသည် ညစ်ညူးကြောင်း ကိလေသာမရှိသော။

ဝီရံ=ဟူသည် ထိုသို့သဘောရှိသော ခန္ဓာဟူသော လောကအားလုံးကို လွှမ်းမိုးနှိပ်စက်၍ တည်လျက် ဝီရိယရှိသော ပုဂ္ဂိုလ်ကို ဗြာဟ္မဏဟူ၍ ငါဘုရား ဟောကြားတော်မူ၏။

ဒေသနာတော်၏ အဆုံး၌ များစွာကုန်သော သူတို့သည် သောတာပတ္တိဖိုလ်စသည်တို့သို့ ရောက်ကုန်၏။

နဋပုတ္တကမထေရ်ဝတ္ထု ပြီး၏။

---

## ၃၇။ ဝင်္ဂီသမထေရ်ဝတ္ထု

စုတိံ ယော ဝေဒိ–အစရှိသော ဤတရားဒေသနာတော်မြတ်ကို မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ဝင်္ဂီသထေရ်ကို အကြောင်းပြု၍ ဟောကြားတော်မူ၏။

ထိုဝင်္ဂီသမထေရ်၏ အလောင်းအလျာသည် ဤကမ္ဘာမှ ပြန်ကာရေတွက်သည်ရှိသော် အထက်ကပ် တစ်သိန်းအကျ ပဒုမုတ္တရ မြတ်စွာဘုရား လက်ထက်တော်အခါ ဟံသာဝတီပြည်ဝယ် ကြီးကျယ် ရိုင်ငြိမ် စည်းစိမ်ရှိသော အမျိုး၌

ပဋိသန္ဓေ တည်နေစွဲယူ၍ ဖွားမြင်ပြီးနောက် အရွယ်ရောက်ခါ ကြီးပြင်းလာခဲ့လျှင် မြတ်စွာဘုရား ကျောင်းတော်သို့ သွားရောက်၍ တရားတော်ကို ကြားနာလျက် တစ်ပါးသော ရဟန်းကို ပညာအရာ လွန်စွာထက်မြက် ပဋိဘာန်ရှိကုန်သော ပုဂ္ဂိုလ်တို့တွင် အထွတ်အမြတ် သတ်မှတ်ချီးကျူး ရထူး၌ ထားတော်မူသော မြတ်စွာဘုရားရှင်ကို ဖူးမြင်ရ၍ ထိုကဲ့သို့သော ရထူးဌာနန္တရ ရနိုင်လောက်တန် ကုသိုလ်ကံ အဆောက်အဦကို ဆည်းပူးအားထုတ် ပြုလုပ်ကာ မြတ်စွာဘုရား၏ အထံတော်၌—

“ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား တပည့်တော်သည်လည်း ဤမှရှေ့ဆောင် နောင်သောအခါ၌ ထက်မြက်လျှင်မြန် ထင်သောဉာဏ်ဟု ပဋိဘာန်ရှိသော ပုဂ္ဂိုလ်တို့တွင် အထွတ်အမြတ် ဖြစ်ရပါလို၏”ဟု ဆုတောင်း ပန်ဆင်၏။ ဘုရားရှင် ကိုယ်တော်မြတ်က “ဤအခါမှနောက် ကပ်တစ်သိန်း မြောက်အကျ၌ ဂေါတမဘုရားသည် လူတွင်ထင်ရှား ဘုရားဖြစ်လတ္တံ့။ ထိုလက်ထက်အခါ အသင်သည် ဝင်္ဂီသဟူသော အမည်ဖြင့် ထက်မြက်လျှင်မြန် ထင်သောဉာဏ်ဟု ပဋိဘာန်ရှိသော ပုဂ္ဂိုလ်တို့တွင် အထွတ်အမြတ်ရထူး ချီးကျူးမြောက်စား ပေးသနားသည်ကို ခံယူရလိမ့်မည်”ဟု ဗျာဒိတ်စကား မိန့်ကြားတော်မူ၏။ ထိုအမျိုးကောင်းသားသည် ဘုရားမိန့်မြွက် ဗျာဒိတ်ချက်ကို ထိပ်ထက် ဆင်ပန်ရလျှင် နက်ဖြန် သန်ဘက် နေ့ရက်မကြာ လျှင်စွာပြည့်မြောက် ရောက်အံ့သကဲ့သို့ မှတ်ထင် အောက်မေ့လျက် အသက်ရှည်သမျှ ကာလပတ်လုံး ထိုကုသိုလ်ကောင်းမှုကို ပြုစု အားထုတ်၍ နတ်ပြည် လူ့ပြည်တို့၌ ကျင်လည်လျက် ဤဂေါတမမြတ်စွာဘုရား ဖြစ်တော်မူသော လက်ထက်တော်အခါ ရာဇဂြိုဟ်ပြည်ဝယ် ပုဏ္ဏားအမျိုး၌ ဖြစ်လေ၏။ ဝင်္ဂီသ လုလင်ဟူသောအမည်ကို မှည့်ခေါ်ခြင်းကို ပြုကုန်၏။

ရာဇဂြိုဟ်ပြည်၌ဖြစ်သော ဝင်္ဂီသအမည်ရှိသော တစ်ယောက်သော ထိုပုဏ္ဏားသည် သုံးပုံသောဗေဒင်တို့ကို သင်ယူလျက် ဆရာကို နှစ်သက်စေပြီးသော် ဆဝသီသမန္တန် မည်သည်ကို သင်ယူ၍ သေလွန်ကုန်သော လူတို့၏ ဦးခေါင်းခွံကို တီးခေါက်၍ “ဤဦးခေါင်းခွံသည် ငရဲ၌ဖြစ်သော သူ၏ ဦးခေါင်းတည်း၊ ဤဦးခေါင်းခွံသည် တိရစ္ဆာန်မျိုး၌ဖြစ်သော သူ၏ ဦးခေါင်းခွံတည်း။ ဤဦးခေါင်းခွံသည် ပြိတ္တာဘောင်၌ ဖြစ်သောသူ၏ ဦးခေါင်းခွံတည်း။ ဤဦးခေါင်းခွံသည် လူ့ပြည်၌ ဖြစ်သောသူ၏ ဦးခေါင်းခွံတည်း”ဟု ပိုင်းခြားတိတိ သိနိုင်၏။ ပုဏ္ဏားတို့သည် “ဤ ဝင်္ဂီသလုလင်ကို အမှီပြု၍ လူအပေါင်း၏ စုပေါင်း ဖွဲ့ရာ ဥစ္စာပစ္စည်းကို အနည်းနည်း အသွယ်သွယ် အဖွယ်ဖော်ပြ အဖိုးအဖြင့် လောကကို လှည့်ပြား စားသုံးခြင်းငှါ တတ်ကောင်းကုန်၏”ဟု ကြံစည်ကုန်၍

ထိုဝင်္ဂီသလုလင်ကို နှင်ထည်ကုန်သော နီမြန်းသော အဝတ်တို့ကို ဝတ်ရုံစေ၍ ယူဆောင်ပြီးကာ ဇနပုဒ်အများသို့ သွားရောက်လှည့်လည်ကုန်လျက် လူတို့ကို ပြောဆိုကြကုန်၏။ အဘယ်သို့ ပြောဆိုကြကုန်သနည်းဟူမူ "ငင်္ဂီသအမည်ရှိသော ဤပုဏ္ဏားသည် သေလွန်ကုန်ပြီးသော လူတို့၏ ဦးခေါင်းခွံကို တီးခေါက်၍ လားကပ်ဖြစ်ရောက်ရာ အရပ်ကို သေချာတိကျ သိ၏၊ မိမိ အဆွေအမျိုးတို့၏ လားကပ် ဖြစ်ရောက်ရာအရပ်ကို မေးလှည့်ကုန်လော့"ဟု ပြောဆိုကြကုန်၏။ လူတို့သည် အားအင်ရှိသည် အလျောက် တစ်ဆယ်ကုန်သော အသပြာတို့ကို လည်းကောင်း၊ နှစ်ဆယ်ကုန်သော အသပြာတို့ကိုလည်းကောင်း ပေးကမ်း၍ အဆွေအမျိုးတို့၏ ဖြစ်ရာအရပ်ဌာနကို မေးမြန်းကြကုန်၏။ ထိုဝင်္ဂီသအမှူးရှိသော ပုဏ္ဏားတို့သည် လှည့်လည်ဖွင့် အစဉ်အတိုင်း အားဖြင့် သာဝတ္ထိပြည်သို့ ရောက်ကြကုန်၍ ဇေတဝန်ကျောင်းတော်၏ အနီးသင့်စွာ နေရာ တစ်ခုကို သိမ်းပိုက်ယူ၍ နေထိုင်ကုန်၏။ ထိုပုဏ္ဏားတို့သည် နံနက်စာစားကုန်ပြီး၍ နံ့သာ ပန်းစသည် လက်စွဲကုန်လျက် တရားတော်ကြားနာရန် အကျိုးငှါ သွားကုန်သော လူအပေါင်းကို မြင်သည်ရှိသော် "ဤလူအများတို့သည် အဘယ်သို့သွားကြကုန်ဘိသနည်း"ဟု မေး၍ "မြတ်စွာဘုရားကျောင်းတော်သို့ တရားနာခြင်းငှါ သွားကြကုန်သည်"ဟု ပြောဆိုသည်ရှိသော် "ထိုကျောင်းသို့သွားကုန်၍ အသို့ ပြုကုန်လတ္တံ့နည်း၊ ငါတို့၏ ဝင်္ဂီသပုဏ္ဏားနှင့် တူသောသူမည်သည် လောက၌ မရှိ။ သေလွန်ကုန်ပြီးသော လူတို့၏ဦးခေါင်းခွံကိုတီးခေါက်၍ ထိုသူ၏လားကပ် ဖြစ်ရောက်ရာ အရပ်ကို သိပေ၏။ သေလွန်ကုန်ပြီးသော အဆွေအမျိုးတို့၏ လားကပ် ဖြစ်ရောက်ရာအရပ်ကို မေးမြန်းကြကုန်လော"ဟု ပြောဆိုကုန်၏။

"အသင်တို့၏ ဝင်္ဂီသသည် ချီးမွမ်းအံ့ဖွယ် အဘယ်မျှလောက် သိနိုင်လေသနည်း၊ ငါတို့၏ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားနှင့်တူသော ပုဂ္ဂိုလ်မည်သည် လောက၌မရှိ"ဟု ပြောဆိုကုန်၍ ဤမှတစ်ပါး ပုဏ္ဏားအပေါင်းတို့ကလည်း "ဝင်္ဂီသနှင့်တူသောသူ မရှိ"ဟု ပြောဆိုသည်ရှိသော် မောက်မော်ကြွားဝင့် အဆင့်ဆင့်စကား ပွားများငြင်းခုံကြ၍ "ဤယခုအခါ၌ လာလှည့်ကြကုန်လော့၊ အသင်တို့ ဝင်္ဂီသ၏သည်းကောင်း၊ ငါတို့ဆရာဖြစ်တော်မူသော မြတ်စွာဘုရား၏ လည်းကောင်း မည်သူတစ်ဦး အထူးဝိသေသ မုချတိတိ သိရှိသောအဖြစ်ကို သိရကုန်အံ့"ဟုပြောဆိုစကားဝန်ခံထားလျက် ထိုပုဏ္ဏားတို့ကိုခေါ်ယူ၍ ကျောင်းတော်သို့ သွားကြကုန်၏။ မြတ်စွာဘုရားသည် ထိုသူတို့၏ လာသောအဖြစ်ကို သိတော်မူသောကြောင့် ငရဲဘုံ၊ တိရစ္ဆာန်ဘုံ၊ လူ့ဘုံ၊ နတ်ဘုံဟုဆိုအပ်ကုန်သော လေးပါးကုန်သော ဘုံဘဝအရပ်ဌာနတို့၌ လားကပ်ဖြစ်ရောက်ရကုန်သောသူတို့၏ လေးခုကုန်သော ဦးခေါင်းခွံတို့ကိုလည်းကောင်း။ ကုန်ပြီးသော အာသဝေါ်သော ရဟန္တာပုဂ္ဂိုလ်၏ ဦးခေါင်းအခွံကိုလည်းကောင်း ဤသို့ ငါးပေါင်း ဦးခေါင်းခွံ ငါးခုတို့ကို ဆောင်ယူစေ၍ အစဉ်အတိုင်း ထားစေပြီးလျှင် ဝင်္ဂီသအမှူးရှိသော

ထိုပုဏ္ဏားတို့ လာရောက်ကြသောအခါ "အချင်းဝင်္ဂီသ အသင်သည် ဦးခေါင်းခွံကို တီးခေါက်၍ သေလွန်သောသူတို့ လားကပ် ဖြစ်ရောက်ရာအရပ်ကို သိရှိနိုင်ပါသလော"ဟု ဝင်္ဂီသကိုမေးတော်မူ၏။ "သြော် သိနိုင်ပါ၏"ဟု ဝန်ခံပြောဆိုသောအခါ "ဤ ဦးခေါင်းခွံသည် အဘယ်သူ၏ ဦးခေါင်းခွံနည်း"ဟု မေးတော်မူ၏။ ထိုဝင်္ဂီသသည် မြတ်စွာဘုရား ထင်ရှားပြသွန် ထိုဦးခေါင်းခွံကို တီးခေါက်၍ ငရဲဘုံ၌ လားကပ်ဖြစ်ရောက်သောသူ၏ ဦးခေါင်းခွံပါတည်း"ဟု ဖြေဆိုကြားလျှောက်၏။ ထိုအခါ မြတ်စွာဘုရားက ထိုဝင်္ဂီသအား ဟုတ်မှန်သော အကြောင်းကြောင့် "တောင်း၏ ကောင်း၏"ဟု ကောင်းချီးကို ပေးတော်မူပြီး၍ ဤမှတစ်ပါးလည်း ဖြစ်ကုန်သော သုံးခုကုန်သော ဦးခေါင်းခွံတို့ကို အစဉ်အတိုင်းမေးတော်မူ၍ ထိုဝင်္ဂီသက မချွတ်မယွင်း ဟုတ်မှန်စွာဖြေဆိုတိုင်း ဖြေဆိုတိုင်း ခဏ္ဍ ရှေးနည်းအတူသာလျှင် ထိုဝင်္ဂီသအား ကောင်းချီးပေးတော်မူ၍ ငါးခုမြောက်ဖြစ်သော ရဟန္တာပုဂ္ဂိုလ်၏ ဦးခေါင်းခွံကိုလည်း ညွှန်ပြတော်မူ၍ "ဤဦးခေါင်းခွံသည် အဘယ်သူ၏ ဦးခေါင်းခွံနည်း"ဟု မေးတော်မူ၏။ ထိုဝင်္ဂီသသည် မြတ်စွာဘုရား ထင်ရှားညွှန်ပြ ထိုရဟန္တာ၏ဦးခေါင်းခွံကိုလည်း တီးခေါက်၍ ဆင်ခြင်လျှင် လားကပ် ဖြစ်ရောက်ရာအရပ်ကို မသိနိုင်ရှိလေ၏။ ထိုအခါ မြတ်စွာဘုရားက ထိုဝင်္ဂီသကို "အချင်းဝင်္ဂီသ အသို့ပေနည်း မသိနိုင်တော့ပြီလော"ဟု မိန့်ဆိုမေးမြန်းတော်မူ၍ "သြော် မသိနိုင်တော့ပါ" ဟု ဝန်ခံပြောဆိုသည်ရှိသော် "ငါသည်ကား သိရှိပါ၏"ဟု မိန့်ဆိုတော်မူ၏။

ထိုအခါ မြတ်စွာဘုရားရှင်ကို ဝင်္ဂီသက- "ဤမန္တန်ကို အကျွန်ုပ်အား သင်ကြား၍ ပေးသနားပါကုန်လော့"ဟု တောင်းပန်လျှောက်ကြား၏။ မြတ်စွာဘုရားက "အိုဝင်္ဂီသ ရဟန်းမပြုလုပ်သောသူအား ပေးကမ်း ချီးမြှောက်ခြင်းငှါ မတတ်ကောင်း"ဟု မိန့်တော်မူ၏။ ထိုဝင်္ဂီသသည် "ဤမန္တန်ကို ငါသင်ယူအပ်သည်ရှိသော် အလုံးစုံသောဇမ္ဗူဒိပ်၌ ငါသည် အလုံးစုံသောသူတို့ထက် ဆထက်လွန်ကျူး အကြီးအမှူး ဖြစ်ရလတ္တံ့"ဟု ကြံစည်၍ အပေါင်းအဖော် ဖြစ်ကုန်သော ထိုပုဏ္ဏားတို့ကို "အသင်တို့သည် တည်းခိုသတ်မှတ် ထိုအရပ်၌သာလျှင် နှစ်ရက် သုံးရက်ပတ်လုံး မျှသုံးငံ့လင့်၍နေကြကုန်ဦးလော့၊ ငါသည် ရဟန်းပြုအံ့" ဟု ပြောဆိုပြီးသော် ထိုအဖော်ဖြစ်သော ပုဏ္ဏားတို့ကို လွှတ်လိုက်၍ မြတ်စွာဘုရားအထံတော်၌ ရဟန်းပြုပြီးလျှင် ရအပ်သော ပဉ္စင်းအဖြစ်ရှိသဖြင့် ဝင်္ဂီသမထေရ်မည်သည်ဖြစ်၏။ ထိုအခါ ဝင်္ဂီသမထေရ်အား ဒွတ္တိံသာကာရကမ္မဋ္ဌာန်းကို ပေးသနားတော်မူ၍ "ထိုမန္တန်၏ ပရိကမ်ကို သရဇ္ဈာယ် လေလော့"ဟု ပြောဆိုကြကုန်၏။ ထိုဝင်္ဂီသမထေရ်သည် မန္တန်၏ ပရိကမ်ဖြစ်သော ထိုဒွတ္တိံသာကာရကမ္မဋ္ဌာန်းကို သရဇ္ဈာယ်လျက် အကြားအကြားဖြစ်သော ကာလ၌ အဖော်ဖြစ်ကုန်သော ပုဏ္ဏားတို့က "အသင်သည် မန္တန်ကိုသင်ယူအပ်ပြီလော" ဟု မေးအပ်သည်ရှိသော် "အသင်တို့သည် ဆိုင်းတွင့်လင့်ကြကုန်ဦးလော့"ဟု

ပြောဆိုဟန်တား၍ နှစ်ရက် သုံးရက်မြောက်သောနေ့၌သာလျှင် အရဟတ္တဖိုလ်သို့ ရောက်၍ အဖော်ပုဏ္ဏားတို့က သွားရောက်တစ်ဖန် မေးမြန်းသည်ရှိသော် "အို ငါ့ရှင် ပုဏ္ဏားတို့၊ ဤယခုအခါ၌ ငါသည် တမူကား ရဟန်းဘောင်မှ ခွါရှောင်သောအား ဖဲသွားခြင်းငှါ မထိုက်ပေ ၁"ဟု ပြောဆိုလိုက်၏။ ဝင်္ဂီသမထေရ်က အပေါင်းအဖော်ပုဏ္ဏားတို့အား ပြောဆိုသောထိုစကားကို ကြားကုန်၍ ရဟန်းတို့သည် "ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ ဤဝင်္ဂီသမထေရ်သည် မဟုတ်မမှန်သည်ကို ပြောဆိုသဖြင့် အရဟတ္တဖိုလ်ကို ကြားပါသည်"ဟု မြတ်စွာဘုရားအား လျှောက်ကြားကုန်၏။ မြတ်စွာဘုရားက "ချစ်သားရဟန်းတို့ ဤသို့ မပြောဆိုကြကုန်လင့်၊ ဤယခုအခါ၌ ငါဘုရား၏ သားတော်ဖြစ်သော ဝင်္ဂီသယည် စုတိပဋိသန္ဓေ၌ လိမ္မာသည် ဖြစ်လေပြီ"ဟု မိန့်တော်မူလိုရကား ဤဂါထာတို့ကို ဟောကြားတော်မူ၏။

**စုတိံ ယော ဝေဒိ သတ္တာနံ၊ ဥပပတ္တိဉ္စ သဗ္ဗသော။**
**အသတ္တံ သုဂတံ ဗုဒ္ဓံ၊ တမဟံ ဗြူမိ ဗြာဟ္မဏံ။**

**ယဿ ဂတိံ န ဇာနန္တိ၊ ဒေဝါ ဂန္ဓဗ္ဗမာနုသာ။**
**ခီဏာသဝံ အရဟန္တံ၊ တမဟံ ဗြူမိ ဗြာဟ္မဏံ။**

သတ္တဝါတို့၏ ခပ်သိမ်းသော အခြင်းအရာဖြင့် စုတေခြင်းကိုလည်းကောင်း၊ ပဋိသန္ဓေနေခြင်းကိုလည်းကောင်း ပိုင်းခြားထင်ထင် သိမြင်နိုင်၏။ တဏှာဖြင့် မကပ်ငြိသော ကောင်းစွာသွားတတ်သော, သစ္စာလေးပါးကို သိမြင်တတ်သော ပုဂ္ဂိုလ်ကို ဗြာဟ္မဏဟူ၍ ငါဘုရား ဟောကြားတော်မူ၏။

အကြင်ပုဂ္ဂိုလ်၏ လားရာဂတိကို နတ်တို့သည်လည်းကောင်း ဂန္ဓဗ္ဗတို့သည်လည်းကောင်း လူတို့သည်လည်းကောင်း မသိနိုင်ကြကုန်၊ အာသဝေါ ကုန်ပြီးသော ရဟန္တာပုဂ္ဂိုလ်တို့ကို ဗြာဟ္မဏဟူ၍ ငါဘုရားဟောကြားတော်မူ၏။

ထိုဂါထာ၌ ယောဝေဒိ=ဟူသည် အကြင်ပုဂ္ဂိုလ်သည် ခပ်သိမ်းသောအခြင်းအရာအားဖြင့် သတ္တဝါတို့၏ စုတိကိုလည်းကောင်း, ပဋိသန္ဓေကိုလည်းကောင်း ထင်ရှားစွာသိနိုင်၏။

ထိုသို့သိနိုင်ခြင်းသည် တဏှာဖြင့် မကပ်ငြိသောကြောင့် **အသတ္တ** မည်၏။

အကျင့်ပဋိပတ်ဖြင့် ကောင်းစွာရောက်အပ် သွားအပ်သည်၏အဖြစ်ကြောင့် သုဂတ မည်၏။

သစ္စာလေးပါးကို ပိုင်းခြား၍ သိမြင်တတ်သောကြောင့် ဗုဒ္ဓမည်၏။

ထိုသို့သောပုဂ္ဂိုလ်ကို ဗြာဟ္မဏဟူ၍ ငါဘုရား ဟောကြားတော်မူ၏။

ယဿ=ဟူသည် အကြင်ပုဂ္ဂိုလ်၏လားရာကို ထိုနတ်စသည်တို့ မသိနိုင်၊

အာသဝေါကုန်ခြင်းကြောင့် ခီဏာသဝမည်သော ကိလေသာတို့မှ ဝေးစွာ ရှောင်ကြဉ်တတ်သောကြောင့် အရဟန္တမည်သောပုဂ္ဂိုလ်ကို ဗြာဟ္မဏဟူ၍ ငါဘုရား ဟောတော်မူ၏။

ဒေသနာတော်၏အဆုံး၌ များစွာကုန်သောသူတို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်ကုန်၏။

ဝင်္ဂီသမထေရ် ဝတ္ထု ပြီး၏။

---

## ၃၇။ ဓမ္မဒိန္နာထေရီမဝတ္ထု

**ယဿ ပုရေစ ပစ္ဆာစ**–အစရှိသော ဤတရားဒေသနာတော်ကို မြတ်စွာဘုရားရှင်သည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ဓမ္မဒိန္နာမည်သော ရဟန်းမကို အကြောင်းပြု၍ ဟောကြားတော်မူ၏။

ထိုဓမ္မဒိန္နာမထေရ်မသည် ဤကမ္ဘာမှပြန်ကာ ရေတွက်သည်ရှိသော် အထက် ကပ် တစ်သိန်းမြောက်အကျ ပဒုမုတ္တရ မြတ်စွာဘုရား လက်ထက်တော်အခါ ဟံသာဝတီပြည်၌ သူတပါးတို့၏ အစေအပါးမျိုး၌ ဖြစ်၍ ပဒုမုတ္တရ မြတ်စွာ ဘုရား၏ အဂ္ဂသာဝက ဖြစ်တော်မူသော သုဇာတမထေရ် ဆွမ်းခံလှည့်လည်သည် ကို တွေ့မြင်၍ သုံးခုကုန်သော ကတွတ်မုန့်တို့ကို ပေးလှူပြီး ထိုနေ့၌ပင်လျှင် မိမိ့ဆံပင်တို့ကိုဖြောင်ဖြတ်တောက် ရောင်းချစွန့်လွှတ်၍ မထေရ်အား အလှူကို ပေးလှူပြီးသော် "နောင်သောအခါ ပွင့်လာတော်မူလတ္တံ့သော ဘုရားရှင်တို့ လက်ထက်တော်၌ တရားဟောအရာ သူတကာတို့ထက် ကဲတက်ထူးချွန် လွန်မြတ် သော ရာထူး ချီးကျူးမြှောက်စား ပေးသနားသည်ကို ခံယူရပါလို၏"ဟု ဆုတောင်းပတ္ထနာကို ဖြစ်စေ၏။ ထိုအမျိုးသမီးသည် အသက်ရှည်သမျှ ကာလ ပတ်လုံး ကုသိုလ်ကောင်းမှုကို ပြုစုအားထုတ်၍ ထိုဘဝမှ သေလွန်ခဲ့သည် ရှိသော် လူ့ပြည်နတ်ပြည်တို့၌ ကျင်လည်၍ ဤကမ္ဘာမှ အထက် ကိုးဆယ့်နှစ် ကမ္ဘာထက်၌ ဖြစ်တော်မူသော ဖုဿမြတ်စွာဘုရား လက်ထက်တော်အခါ ဥရုဝေလ ကဿပမထေရ်အလောင်း အမှူးရှိကုန်သော ဖုဿဘုရားနှင့် အမိကွဲပြား တဖတည်းသားဖြစ်ကုန်သော မင်းညီနောင်သုံးပါးတို့ ဘုရားအမှူးရှိကုန်သော သံဃာတော်တို့အား ဝါတွင်းသုံးလပတ်လုံး အလှူကြီးကို ပေးလှူရာ၌ အလှူ

ဝတ္ထုကြည့်ရှုစိမ့်ရန် ရည်သန်လှဲအပ်သည်ကို ခံရသော သူကြွယ်အိမ်၌ ထိုဓမ္မ-ဒိန္နာ မထေရီမအလောင်းသည် အိမ်ရှင်ငယ်ကျွမ်း ခင်ပွန်းမယား အဖြစ်ဖြင့် တည်နေရလျက် အရှင်ယောကျ်ားက"တစ်ခုသော အလှူဝတ္ထုကို ပေးလှူလိုက်ပါလော့"ဟု ပြောဆိုလျှင် နှစ်ခုသော အလှူဝတ္ထုကို ပေးလှူ၏။ ယင်းသို့ စသဖြင့် ပြောပြသည်ထက် ပိုလွန်ပြီး အားထုတ်လှူဒါန်းခဲ့၍ ထိုဘဝမှ စုတေပြန်သည်ရှိသော် ဖေါ်ပြခဲ့ပြီး ရှေးနည်းအတူ လူ့ရပ်နတ်ရွာ ကျင်လည်ကာဖြင့် ကိုးဆယ့်နှစ်ကမ္ဘာကို လွန်မြောက်၍ ဤဘဒ္ဒကမ္ဘာသို့ အရောက် သုံးဆူမြောက် ကဿပမြတ်စွာဘုရားရှင်လက်ထက်တော်အခါ၌ ကိကီမင်းကြီး၏ နန်းအိမ်တော်၌ ပဋိသန္ဓေ တည်နေစွဲယူ၍....

ခေမာမထေရီမ၏ အလောင်းဖြစ်သော သမဏီမင်းသမီး။

ဥပ္ပလဝဏ္ဏာ မထေရီမ၏ အလောင်းဖြစ်သော သမဏဂုတ္တာမင်းသမီး။

ပဋာစာရီ မထေရီမ၏ အလောင်းဖြစ်သော ဘိက္ခုနီမင်းသမီး။

ဂေါတမီ မထေရီမ၏ အလောင်းဖြစ်သော ဘိက္ခုဒါယိကာမင်းသမီး။

ဓမ္မဒိန္နာ မထေရီမ၏ အလောင်းဖြစ်သော ဓမ္မာမင်းသမီး။

မဟာမာယာ မိဖုရား၏ အလောင်းဖြစ်သော သုဓမ္မာမင်းသမီး။

ဝိသာခါ ဒါယိကာမ၏ အလောင်းဖြစ်သော သံဃဒါသီမင်းသမီး။

ယင်းသို့ ဖော်ပြအပ်သော ကိကီ မင်းကြီး၏ သမီးတော် ခုနစ်ပါးတို့တွင် ဤဓမ္မဒိန္နာမထေရီမသည် ငါးပါးမြောက် ဓမ္မာမည်သော မင်းသမီးဖြစ်၍ အနှစ် နှစ်သောင်းတို့ပတ်လုံး အိမ်ရာ နှောင်ဖွဲ့ခြင်းကို မပြုဘဲ မြင့်မြတ်သော အကျင့်ကိုကျင့်၍ ရဟန်းအပေါင်း ခိုအောင်းမျှလုံ ကျောင်းပရိဝုဏ် ဆောက်လုပ်စေလျက် အဆက်မပြတ် အထပ်ထပ်သော ကုသိုလ်ကောင်းမှုကို ပြုစုအားထုတ်ခဲ့၍ ထိုဘဝမှ စုတေသေလွန်ခဲ့သည်ရှိသော် တစ်ဆူသော ဘုရားရှင်အကြားပတ်လုံး နတ်ပြည် လူ့ပြည်တို့၌ ကျင်လည်လျက် ဤမြတ်စွာဘုရားထင်ရှားပွင့်တော်မူသောအခါ တစ်ဦးသော အမျိုးအိမ်၌ ပဋိသန္ဓေ တည်နေစွဲယူ၍ အရွယ်သင့်မြောက် နောက်အဖို့ အခါဝယ် ဝိသာခသူဌေး၏ နေအိမ်သို့ လိုက်ပါသွားရောက်ရလေ၏၊ ဝိသာခ သူဌေး မည်သည်ကား ရာဇဂြိုဟ်ပြည်ကြီး၏ အရှင်ဖြစ်တော်မူသော ဗိမ္ဗိသာရ မင်းကြီးအပေါ် အဆွေခင်ပွန်းချစ်ကျွမ်းဝင်သော သူပေတည်း။ ရာဇဂြိုဟ်ပြည်သို့ ရှေးဦးအစ မြတ်စွာဘုရားကြွတော်မူလာစဉ် ဂ-ာလ-က ဗိမ္ဗိသာရ မင်းကြီးနှင့် အတူတကွ မြတ်စွာဘုရားရှင်အား ရှေးဦးစွာ ဖူးမြင်ခြင်းသို့ သွားရောက် တရားတော်ကို နာကြားရ၍

သောတာပတ္တိဖိုလ်၌ တည်သော သောတာပန် ပုဂ္ဂိုလ်ဖြစ်လေ၏။ ထိုဝိသာခ ဥပါသကာသည် နောက်အဖို့ဖြစ်သော အခါ၌ မြတ်စွာဘုရား အထံဝယ် တရားတော်ကို နာကြား၍ အနာဂါမိဖိုလ်သို့ ရောက်၍ ကြံစည်၏။ အဘယ်သို့ ကြံစည်သနည်း ဟူမူ "ငါသည် ရှိရှိသမျှ ပြည့်ဝဥဿုံ အလုံးစုံသော ဥစ္စာနှစ်ကို အိမ်ရှင်ခင်ပွန်းမ ဓမ္မဒိန္နာကို သေချာလွှဲမှတ် ပေးအပ်ဆောင်နှင်း ခံယူစေခြင်းငှါ သင့်လျော်လျောက်ပတ် အပ်ပေတော့သည်" ဟု ကြံစည်၏။ ထိုဝိသာခ သူဌေးသည် ဤအနာဂါမ် တည်သည်မှ ရှေးအဖို့၌ကား တစ်ပါးသော အရပ်စသည်မှ ရေးရှုလာသည်ရှိသော် ဖွင့်လှစ်အပ်သော လေသောက်ပြတင်းဖြင့် ကြည့်ရှုတည်နေသော သူဌေးကတော် ဓမ္မဒိန္နာကို မြင်သည်ရှိသော် ပြုံးရွှင်ခြင်းကို ပြုတတ်၏။ ထိုအနာဂါမိဖိုလ်၌ တည်သောနေ့၌ကား ဖွင့်လှစ်အပ်သော လေသောက်ပြတင်းဖြင့် ကြည့်ရှုတည်နေသော သူဌေးကတော် ဓမ္မဒိန္နာကို မကြည့်ရှုမူ၍သာလျှင် သွား၏။ ထိုဓမ္မဒိန္နာသည် "ဤအမှုကား အကြောင်းအဘယ်သို့ ရှိလေသနည်း" ဟု ကြံစည်၍ "ရှိနှင့်စေဦးတော့၊ ထမင်းဘောဇဉ်ချိ-ချဉ် အာဟာရ စားသုံးသော ကာလ၌ သိရတော့အံ့" ဟု နှလုံးသွင်းပြီးလျှင် ထမင်းဘောဇဉ် စားသုံးချိန် တိုင်သောအခါ၌ အာဟာရ ထမင်းကို တည်ခင်းထားလှတ် ရှေးရှုသွတ်စေ၏။

ထိုဝိသာခ သူဌေးသည် တစ်ပါးသောနေ့၌ "အို-ချစ်နှမ လာလှည့်လော့။ အတူတကွ စားသုံးကုန်အံ့" ဟု ပြောဆိုတတ်၏။ ထိုနေ့၌ကား တစ်စုံတစ်ရာ စကားမပြောမဆို ဆိတ်ဆိတ်နေသည်ဖြစ်၍သာ စားသုံးလေ၏။ ထိုဓမ္မဒိန္နာက "တစ်စုံတစ်ခုသော အကြောင်းကြောင့် အမျက်ထွက်သည် ဖြစ်ပေလတ္တံ့" ဟု ကြံစည်၏။ ထိုနောက် ချမ်းသာစွာ ထိုင်နေသောအခါ၌ ထိုဓမ္မဒိန္နာကို ခေါ်စေ၍ "အို-ချစ်နှမ ဓမ္မဒိန္နာ၊ ငါတို့ ရိပ်ငြိမ် ဤနေအိမ်၌ သက်မဲ့သက်ရှိ ပကတိဥဿုံ အလုံးစုံသော ဥစ္စာနှစ်ကို အသင်ဓမ္မဒိန္နာအား လွှဲအပ်ဆောင်နှင်း စွန့်လွှတ်ပါ၏။ အသင်ဓမ္မဒိန္နာသည် ကောင်းစွာခံယူ သိမ်းပိုက်ပါလော့" ဟု ပြောဆို၏။ ထိုဓမ္မဒိန္နာက "အမျက်ထွက်သော သူတို့မည်သည် စည်းစိမ်ချမ်းသာ ဥစ္စာအနှစ်ကို ဆောင်နှင်းအပ်၍ မခံယူစေလေရာ။ ဤအမှုကား အကြောင်းအဘယ်သို့ ရှိလေသနည်း" ဟု ကြံစည်၍ 'အရှင်၊ အသင်တို့သည်ကား အဘယ်သို့ နေမျကုန် မည်နည်း' ဟု မေးမြန်း ပြောဆို၏။ "ငါသည်မူကား ယခု နေကျ ဤအခါမှ စ၍ ပစ်စုံတစ်ခု အမှုကိစ္စဟူသမျှကို ကြောင့်ကြရေးယူ အလေးမူလျက် မစီစစ်တော့အံ့" ဟု ပြောဆို၏။ "အို-အရှင်အသင်တို့ ထွေးအန် စွန့်ပစ်အပ်သောတံတွေးကို အဘယ်သူက ခံယူပါအံ့နည်း။ အရှင်သခင် ရှောင်ကြဉ်ဖယ်လစ် ဤသို့ စွန့်ပစ်ခဲ့သည်ရှိသော် ကျွန်တော်မအား ဘုရားမြတ်စွာ သာသနာ၌ ရဟန်းပြုရန် အဖြစ်ကို ဖွင့်လှစ်သမှု ခွင့်ပြုတော်မူပါကုန်လော့" ဟု ပြောဆိုခွင့်တောင်း၏။ ထိုဝိသာခသူဌေးက "အို- ချစ်နှမ

ကောင်းလှပေပြီ” ဟု ပြောဆိုဝန်ခံ၍ ကြီးကျယ်မြင့်မြတ် လျှောက်ပတ်သော ပူဇော်သက္ကာရ ရွှေထမ်းစင်ဖြင့် ထိုဓမ္မဒိန္နာကို ရဟန်းမိန်းမတို့၏ ကျောင်းသို့ ဆောင်ယူ၍ ရဟန်းပြုစေ၏။ ထိုဓမ္မဒိန္နာ သူဌေးကတော်သည် အင်္ဂါပြည့်မြတ် ရအပ်သော ပဗ္ဗဇ္ဇာအဖြစ် ရှိသည်ဖြစ်၍ ဓမ္မဒိန္နာ ထေရီမမည်သည် ဖြစ်၏။ ထိုဓမ္မဒိန္နာထေရီမသည် “ဤဝိသာခ သူဌေးသည် အိမ်ရာဖွဲ့ခနှောင် လူ့ဘောင် အလယ်၌ တည်လျက်သာလျှင် ဆင်းရဲအဆုံးကို ပြုတုံသေး၏။ ရဟန်းအဖြစ်ကို ရသောအခါမှ စ၍ငါသည်လည်း ဆင်းရဲအဆုံးကို ပြုခြင်းငှါ အပ်တော့သည် သာတည်း” ဟု ကြံစည်၍ ဆိတ်ငြိမ်ရာအရပ်ကို ချဉ်းကပ်ခြင်းငှါ အလိုရှိသည် ၏ အဖြစ်ကြောင့်ဆရာဥပဇ္ဈာယ်တို့ထံ ခွင့်ပန်လျှောက်ကြား သနားငဲ့ညှာ ဆရာဥပဇ္ဈာယ်ဖြစ်ကုန်သော ရဟန်းမိန်းမတို့နှင့် အတူတကွ ဇနပုဒ်အရပ်သို့ သွားရောက်၍ လျှောက်ပတ်သင့်ဖွယ် ရွာငယ်တစ်ခုဖြစ်သော ထိုအရပ်၌ ချဉ်းကပ်နေမျှလျက် ရှေးအခါကာလက ကောင်းစွာဆင်ခြင် ထင်မြင်ပွားထွေ ချေအပ်ပြီးသော သင်္ခါရရှိရကား မကြာမတင် ဆောလျင်စွာသာလျှင် ပဋိသမ္ဘိ- ဒါတို့နှင့်တကွ အရဟတ္တဖိုလ်သို့ရောက်၍ “ဤယခု အခါ၌ ငါအား ရဟန်းကိစ္စ ကုန်အားလုံး ပြီးဆုံးခြင်းသို့ ရောက်ခဲ့ပြီ၊ ဤအရပ်၌ လျှောက်ပတ်လေးဖင့် ကြာမြင့်စွာ နေသဖြင့် အဘယ်အကျိုး ရှိအံ့နည်း။ ဤယခုအခါ ငါ့ကို ရည်ရွယ် အမှီပြု၍ ကြီးထုပ္ပါးဝေ အဆွေအမျိုး ဖြစ်ကုန်သော လူတို့သည် ကုသိုလ် ကောင်းမှုတို့ကို ပြုစုကြကုန်လတ္တံ့” ဟု ကြံစည်၍ တဖန်သာလျှင် ရာဇဂြိုဟ် ပြည်သို့ ပြန်လာခဲ့၏။

ဝိသာခ ဥပါသကာသည် ထိုဓမ္မဒိန္နာထေရီမ၏ ပြန်လာသော အဖြစ်ကို ကြားသိ၍ “အဘယ်သို့သော အကြောင်းကြောင့် အလျင်အမြန် ပြန်လာပါ လိမ့်မည်နည်း။ မပျော်မမွေ့ ငြီးငွေ့ဆန္ဒကျင်ခြင်း ဖြစ်လေသလော” ဟု ကြံစည်၍ ညနေချမ်းအခါ ရဟန်းမိန်းမကျောင်းသို့ သွားရောက်ပြီးကာ ဓမ္မဒိန္နာထေရီမကို တွေ့မြင်ညွတ်လျှိုး ရှိခိုးပြီး၍ သင့်တင့်လျှောက်ပတ် တစ်ခုသော အရပ်၌ ထိုင်နေလျက် “အချင်မှ အသင်အား ဘုရားမြတ်စွာ သာသနာ၌ အာသာ ကင်း၍ ငြီးငွေ့ဆန္ဒကျင်လေဘိသလောဟု ဖြေဆိုမေးမြန်းခြင်းငှါ မသင့်လျော် မလျှောက်ပတ်။ ထိုဓမ္မဒိန္နာထေရီမကို အမေးပုစ္ဆာ စဉ်ကာစော‌ထောက် မေးလျှောက်အံ့” ဟု ကြံစည်၍ သောတာပတ္တိမဂ်၌ အမေးပုစ္ဆာကို မေး၏။ ထိုဓမ္မဒိန္နာထေရီမသည် ထက်လှစွာသော သန်လျက်မျိုးဖြင့် ကြာရိုးကို ဖြတ်ဘိ သကဲ့သို့ ထိုအမေးပုစ္ဆာကို ဖြေဆို၏၊ ဝိသာခ ဥပါသကာသည် ထိုသို့သော အကြောင်းဖြင့်သာလျှင် ကြွင်းကုန်သော မဂ်တို့၌လည်း အမေးပုစ္ဆာကို မေးလျှောက်၍ မိမိရောက်အပ်သော အနာဂါမိမဂ်မှ လွန်၍ အရဟတ္တမဂ် အမေးပုစ္ဆာကို မေးမြန်းသော အခါ၌ ထိုဓမ္မဒိန္နာ ထေရီမက “ဒါယကာ ဝိသာခ၊ အသင်၏ အမေးပုစ္ဆာသည် အသင့်အရာကို လွန်မြောက်၍ သွား လေပြီ” ဟု ပြောဆို၍ “ဝိသာခ ဒါယကာ အသင် အလိုရှိခဲ့မူကား မြတ်စွာ

ဘုရားရှင်သို့ အလျင်သွားရောက် မျက်မှောက်ချဉ်းကပ်၍ ဤအမေးပုစ္ဆာကို မေးလျှောက်လေလော့။ အကြင်သို့သော အခြင်းအရာဖြင့် ဆရာမြတ်ဖြစ်သော ဘုရားသည် အသင်အား ဖြေကြားတော်မူ၏။ ထိုသို့သော အခြင်းအရာဖြင့် အဖြေ ဝိသဇ္ဇနာကို မှတ်သား နာယူလေလော့” ဟု ပြောသိုသည်ရှိသော် ဝိသာခ ဥပါသကာသည် ဓမ္မဒိန္နာ ထေရီမကို ဦးချညွှတ်လျှိုး ရှိခိုးပြီးကာ နေရာမှထ၍ မြတ်စွာဘုရား အထံတော်သို့ သွားရောက်သည့်အခါ မူလပဌမ အရင်းမှစ၍ ထေရီနှင့် အတူ အယှဉ်နှီးနှော ပြောဆိုစကား ဖြစ်ပွါးခြင်း ထိုအလုံးစုံကို အကုန်မထား မြတ်စွာဘုရားအား ကြားလျှောက်၏။ မြတ်စွာဘုရားရှင်က “ငါဘုရား၏ သမီးတော် ဓမ္မဒိန္နာသည် ကောင်းစွာဖြေဆိုအပ်ပေ၏။ ငါဘုရားသည်လည်း ထိုအမေးပုစ္ဆာကို ဖြေဆိုရသည်ရှိသော် ငါ၏ သမီးတော် ဓမ္မဒိန္နာ ဖြေဆိုအပ်သော ဤသို့သော အစဉ်အတိုင်းသာလျှင် ဖြေဆိုရာ၏” ဟု မိန့်တော်မူလိုရကား ဤဂါထာကို ဟောကြားတော်မူ၏—

ယဿ ပုရေ စ ပစ္ဆာ စ၊ မဇ္ဈေ စ နတ္ထိ ကိဉ္စနံ။
အကိဉ္စနံ အနာဒါနံ၊ တမဟံ ဗြူမိ ဗြာဟ္မဏံ။

ရှေးအတိတ် ခန္ဓာတို့၌လည်းကောင်း, နောက်အနာဂတ် ခန္ဓာတို့၌ လည်းကောင်း, အလယ်ပစ္စုပ္ပန် ခန္ဓာတို့၌လည်းကောင်း တဏှာဖမ်းယူခြင်း ဟူသော တစ်စုံတစ်ခုသော ကြောင့်ကြမှုမရှိ၊ တစ်စုံတစ်ခု ကြောင့်ကြခြင်း မရှိသော စွဲယူခြင်း မရှိသော ထိုပုဂ္ဂိုလ်ကို ဗြာဟ္မဏ ဟူ၍ ငါဘုရား ဟောတော်မူ၏။

ထိုဂါထာ၌– ပုရေ= ဟူသည် အတိတ် ခန္ဓာတို့၌။

ပစ္ဆာ= ဟူသည် အနာဂတ် ခန္ဓာတို့၌။

မဇ္ဈေ= ဟူသည် ပစ္စုပ္ပန် ခန္ဓာတို့၌။

နတ္ထိကိဉ္စနံ= ဟူသည် အကြင်ပုဂ္ဂိုလ်အား ထို အတိတ်, အနာဂတ် ပစ္စုပ္ပန် ခန္ဓာတို့၌ တဏှာဖမ်းယူခြင်း ဟူသော တစ်စုံတစ်ခု ဖမ်းယူခြင်း မရှိသော, ရာဂ စသော တစ်စုံတစ်ခုမျှ မရှိသော တစ်စုံတစ်ခုမျှ စွဲယူခြင်း၏ မရှိသည်၏ အဖြစ်ဖြင့် စွဲလမ်းမှု မရှိသော ပုဂ္ဂိုလ်ကို ဗြာဟ္မဏဟူ၍ ငါဘုရား ဟောတော်မူ၏။

ဒေသနာတော်၏အဆုံး၌ များစွာကုန်သော သူတို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်ကုန်၏။

ဓမ္မဒိန္နာထေရီမဝတ္ထု ပြီး၏။

## ၃၉။ အင်္ဂုလိမာလမထေရ်ဝတ္ထု

ဥဿဘံ ပဝရံ ဝီရံ—အစရှိသော ဤတရားဒေသနာတော်ကို မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် အင်္ဂုလိမာလမထေရ်ကို အကြောင်းပြု၍ ဟောကြားတော်မူ၏။

နဝေ ကဒရိယာ ဒေဝလောကံ ဝဇန္တိ ဟူသော ဂါထာအဖွင့်၌ ဆိုအပ်ပြီးသည့်အတိုင်း ပသေနဒီ ကောသလမင်းကြီး၏ အသဒိသဒါန၌ ငါးရာကုန်သော ရဟန်းတို့၏ အထက်၌ ငါးရာကုန်သော ထီးဖြူတော်တို့ကို ဆောင်းမိုးကုန်လျက် တည်နေကုန်သော ငါးရာကုန်သော ဆင်ယဉ်တို့တွင် ရုန့်ရင်းကြမ်းတမ်းသော တစ်စီးသော ဆင်ပေါက်သည် ပါလာသဖြင့် ထိုရုန့်ရင်း ကြမ်းတမ်းသော ဆင်ပေါက်ကို အင်္ဂုလိမာလ မထေရ်၏ အထက်၌ ဆောင်းမိုးလျက် တည်သော ထီးဖြူကို ယူဆောင် ဆောင်းမိုးလျက် တည်နေစေကုန်၏။ ထို့နောက် ဇေတဝန်ကျောင်းတော်သို့ ပြန်ရောက်ကြသောအခါ၌ ရဟန်းတော်တို့က အင်္ဂုလိမာလ မထေရ်ကို "ငါ့ရှင် အင်္ဂုလိမာလ အသို့ပေနည်း၊ အသင်၏ အထက်၌ ထီးကို ဆောင်းမိုးလျက် တည်နေသော ရုန့်ရင်း ကြမ်းတမ်းသော ဆင်ကို တွေ့မြင်သည် ရှိသော် ကြောက်ရွံ့သေသလော"ဟု မေးမြန်းကြကုန်၏။ အင်္ဂုလိမာလမထေရ်က "ငါ့ရှင်တို့ ငါသည် မကြောက်ရွံ့ပေ"ဟု ပြောဆိုသည် ရှိသော် ထိုရဟန်းတို့သည် "ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ အင်္ဂုလိမာလမထေရ်သည် အရဟတ္တဖိုလ်ကို ပြောကြားပါသည်"ဟု မြတ်စွာဘုရားကို လျှောက်ထားကုန်၏။ မြတ်စွာဘုရားရှင်က "ချစ်သားရဟန်းတို့ ငါဘုရား၏ သားတော် ဖြစ်သော အင်္ဂုလိမာလသည် မကြောက်မရွံ့ပေ။ ထိုစကားသည် မှန်၏။ ကုန်ပြီးသော အာသဝေါရှိကုန်သော ရဟန္တာဖြစ်ကုန်သော ဥသဘတို့၏ အတွင်း၌ ကြီးကျယ် မြင့်မြတ်သော ဥသဘ အစစ်ဖြစ်ကုန်သော ငါဘုရား၏ သားတော်နှင့် တူကုန်သော ရဟန်းတို့သည် မကြောက်မရွံ့ကုန်"ဟု မိန့်တော်မူလိုရကား ဤဂါထာကို ဟောကြားတော်မူ၏။

**ဥသဘံ ပဝရံ ဝီရံ၊ မဟေသိံ ဝိဇိတာဝိနံ။**
**အနေဇံ နှာတကံ ဗုဒ္ဓံ၊ တမဟံ ဗြူမိ ဗြာဟ္မဏံ။**

မထိတ်လန့်သောကြောင့် ဥသဘနှင့် တူသော, မြင့်မြတ်သော ဝီရိယရှိသော, သီလစသော ဂုဏ်ကျေးဇူးကို ကောင်းစွာ ရှာမှီးတတ်သော, မာရ်သုံးပါးတို့ကို အောင်မြင်ပြီးသော, တဏှာမရှိသောကြောင့် အနေဇာ မည်သော, ညစ်ညူးကြောင်း ကိလေသာကို ကောင်းစွာ ဆေးကြောပြီးသော, သစ္စာလေးပါးကို

ပိုင်းခြား၍ သိမြင်သော ထိုသို့သဘောရှိသော ပုဂ္ဂိုလ်ကို ဗြာဟ္မဏဟူ၍ ငါဘုရား ဟောတော်မူ၏။

ထိုဂါထာ၌-မသိတ်လန့်တတ်သဖြင့် ဥသဘနှင့် တူသောကြောင့် ဥသဘ မည်၏။

မြက်သည်၏ အဖြစ်ကြောင့် ပဝရ မည်၏

ဝီရိယနှင့် ပြည့်စုံသောကြောင့် ဝီရ မည်၏။

များသော သီလ စသော ဂုဏ်ကျေးဇူးတို့ကို ရှာမှီးတတ်သော ကြောင့် မဟေသိ မည်၏။

မာရ်သုံးပါးကို အောင်မြင်သောကြောင့် ဝိဇိတာဝိန် မည်၏။

ကိလေသာကို ဆေးကြောတတ်သောကြောင့် နှာတက မည်၏။

သစ္စာလေးပါးကို သိမြင်တတ်သောကြောင့် ဗုဒ္ဓ မည်၏။

ထိုသို့သဘောရှိသော ပုဂ္ဂိုလ်ကို ဗြာဟ္မဏ ဟူ၍ ငါဘုရား ဟောဘော်မူ၏။ ဒေသနာတော်၏ အဆုံး၌ များစွာကုန်သော သူတို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်ကုန်၏။

အင်္ဂုလိမာလမထေရ်ဝတ္ထု ပြီး၏။

---

## ၄၀။ ဒေဝဟိတပုဏ္ဏားဝတ္ထု

ပုဗ္ဗေနိဝါသံ- အစရှိသော ဤတရားဒေသနာတော်မြတ်ကို မြတ်စွာဘုရား ရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ဒေဝဟိတပုဏ္ဏားကို အကြောင်းပြု၍ ဟောကြားတော်မူ၏။

သာဝတ္ထိပြည်၌ နေသော့ရှိသော ထိုဒေဝဟိတ ပုဏ္ဏားသည် ခုံလောက် အစဉ်ကို စီရင်ဖွဲ့လုပ်စေ၍ ကြီးစွာသော အိုးစရည်းတို့ကို ခုံလောက်ထက်သို့ တင်၍ ရေပူရေနွေးကို ကျိုချက်ပြုလုပ်စေ၍ ရေချိုးကာသယ်မှုန့် စသည်တို့နှင့် တကွ ထိုရေပူရေနွေးကို ရောင်းချလျက် အသက်မွေးခြင်းကို ပြု၏။ ရေနွေးဖြင့် ရေချိုးခြင်းငှါ အလိုရှိသော သူတို့သည် ထိုအရပ်နေရာသို့ သွားရောက်၍ အဖိုးအရင်းကို ပေးကမ်းဝယ်ယူ ရေချိုးပြီးသော် နှံသာတို့ကို လိမ်းကျံ ပန်းကို ပန်ဆင်၍ ဖဲသွားကြကုန်၏။ ဘုရားအဖြစ်သို့ မရောက်မီ

ခြောက်နှစ်တို့ပတ်လုံး ပြုနိုင်ခဲလှစွာသော အမှုကို ပြုလုပ် အားထုတ်တော်မူသော တစ်လက်ဆွမ်းမျှလောက်သော ပဲနောက်ရည် စသည်တို့ကို အာဟာရ အမှု ပြုလုပ်သုံးဆောင် သောက်မျိုရသော မြတ်စွာဘုရားရှင်အား ရှန့်ကြမ်းဖွယ် တောင်း မကောင်းသော အစာဘောဇဉ်ကြောင့်လည်းကောင်း, မချိတင်ကဲ ဆင်းရဲစွာ အိပ်စက်ရသောကြောင့် လည်းကောင်း ဝမ်းတော်၌ လေသည် ပျက်ခဲ့၏။ နောက်အဖို့အခါ၌ ဘုရားအဖြစ်သို့ ရောက်တော်မူ၍ မွန်မြတ်သော ဘောဇဉ်ကို ဘုဉ်းပေးသုံးဆောင်တော်မူရသော မြတ်စွာဘုရားအား အကြား အကြား၌ ထိုလေအနာသည် ဘုရားကိုယ်တော်ကို ပြသည်သာလျှင်တည်း။ တပါးသောအခါ၌ မြတ်စွာဘုရားသည် ပြန့်ပွားတက်လာ လေရောဂါဖြင့် ကျင်နာ နှိပ်စက်သည်ဖြစ်၍ ဥပဝါဏမထေရ်ကို ရေနွေးကို ရလိုခြင်း အကျိုးငှါ ဒေဝဟိတပုဏ္ဏား၏ အထံသို့ စေလွှတ်တော်မူ၏။

[ဥပဝါဏ မထေရ်ကို ခိုင်းစေတော်မူခြင်း၏ အကြောင်းကား။ ဝါတော်နှစ်ဆယ် အတွင်းကျသော ပဌမဗောဓိ၌ မြတ်စွာဘုရားအား ပြုစုလုပ်ကျွေးသော ဗုဒ္ဓုပဋ္ဌာကပုဂ္ဂိုလ် အမြဲမရ။ ရှစ်ကျိပ်ကုန်သော မဟာသာဝကတို့တွင် တစ်ပါးသော မထေရ်မျှ မြတ်စွာဘုရားကို မလုပ်ကျွေး မပြုစုဖူးသောသူမည်သည် မရှိ၊ လုပ်ကျွေးပြုစုဖူးသော ပုဂ္ဂိုလ်ချည်းသာတည်း။ နာဂသမာလမထေရ်၊ဥပဝါဏမထေရ်၊သုနက္ခတ္တ မထေရ်၊ စုန္ဒမည်သော သာမဏေ့ဒွေသ၊ သာဂတမထေရ်၊ မေဃိယ မထေရ် ဤပုဂ္ဂိုလ်တို့ကား ပါဠိတော်၌ လာရှိသော အထင်အရှား လုပ်ကျွေးပြုစုသော ပုဂ္ဂိုလ်တို့ပေတည်း။ ထိုအခါ၌ကား ဥပဝါဏမထေရ် လုပ်ကျွေး ပြုစုဆဲ အခိုက်အခါ ဖြစ်သောကြောင့် လည်းကောင်း, ပဌမဗောဓိဟု ဆိုအပ်သော ဝါတော်နှစ်ဆယ်တို့ပတ်လုံး အမြဲမပြတ် တောသို့ကပ်၍ နေမျှသည်သာလျှင် ဖြစ်ပေ၏။ ရဟန်းသံဃာအား ရေကို ပူနွေးစေခြင်းငှါ ပြုလုပ်ဖို့ရန် မြတ်စွာဘုရား ခွင့်ပြုတော်မမူသေး သောကြောင့် လည်းကောင်း ဥပဝါဏ မထေရ်ကို ဒေဝဟိတပုဏ္ဏား၏ အထံသို့ ရေပူရေနွေး အလှူခံ စေလွှတ်တော်မူသတည်း။]

ထိုဥပဝါဏ မထေရ်သည် မြတ်စွာဘုရား အမိန့်တော် ကြားသည်ကို နားစိုက်ခံယူ၍ မိမိ၏ သင်္ကန်းကို ပြုပြင်ဝတ်ရုံ သပိတ်လက်စွဲလျက် အကြွင် အရပ်၌ ဒေဝဟိတပုဏ္ဏား၏ နေအိမ်သည် ရှိ၏။ ထိုနေအိမ်ရှိရာ အရပ်သို့ ချဉ်းကပ်ကြွသွား၍ စကားမဆို အလိုလို ဆိတ်ဆိတ်သာ ကောင်းစွာ ရပ်တည် တော်မူ၏။ ဒေဝဟိတ ပုဏ္ဏားသည် စကားမရှိ ပကတိ တိတ်ဆိတ် အိမ်ရိပ်

ချဉ်းကပ် ရပ်တန့်တည်နေတော်မူသော ဥပ၀ါဏမထေရ်ကို မြင်၍ ဤဂါထာဖြင့် မေးမြန်းလေ၏—

တုဏှိဘူတော ဘာဝံ တိဋ္ဌ၊ မုဏ္ဍော သင်္ဃာဋိပါရုတော။
ကိံ ပတ္ထယာနော ကိံ ဧသိ၊ ကိံ နု ယာစိတုမာဂတော။

နှစ်လွှာစပ်ချုပ် ဒုကုဋ်နှင့် တကွသော သင်္ကန်းကို ဆင်မြန်းဝတ်ရုံလျက် ဆိတ်ဆိတ်နေပြီး အနီးသို့ ချဉ်းကပ်၍ ရပ်တည်နေတော်မူလာသော ဆံပင်ရိတ်လိုး ဦးပြည်းဖြစ်သော အရှင်သည် အဘယ်အမှု ဝတ္ထုအရာကို လိုချင်တောင့်တလျက် အဘယ်အမှု ဝတ္ထုအရာကို ကောင်းစွာရှာမှီးလျက် အဘယ်အမှု ဝတ္ထုအရာကို တောင်းခံခြင်းငှါ လာရောက်ပါသနည်းဟု ပြောဆိုမေးမြန်း၏။ ထိုအခါ ဥပ၀ါဏမထေရ်က ဒေဝဟိတ ပုဏ္ဏားအား ပြန်ကြားပြောဆိုလိုသောကြောင့် ဤဂါထာတို့ကို ရွတ်ဆို၏—

အရဟံ သုဂတော လောကေ၊ ဝါတေဟာဗာဓိကော မုနိ။
သစေ ဥဏှောဒကံ အတ္ထိ၊ မုနိနော ဒေဟိ ဗြာဟ္မဏ။

ပူဇိတော ပူဇနေယျာနံ၊ သက္ကရေယျာနံ သက္ကတော။
အပစိတော ပစေယျာနံ၊ တဿ ဣစ္ဆာမိ ဟာတဝေ။

အိုဒါယကာ ပုဏ္ဏား လောက၌ ပူဇော်အထူးကို ခံယူတော်မူထိုက်ထသော ကောင်းမွန်သောစကားကို ဆိုတော်မူတတ်သော တရားအပေါင်းကို ကောင်းစွာသိတတ် ရဟန်းမြတ် ဖြစ်တော်မူသော မြတ်စွာဘုရားသည် လေတို့ကြောင့် ပြင်းထန်သော ရောဂါနှိပ်စက်ခြင်းရှိသည် ဖြစ်ခဲ့၏။ အို-ဒါယကာ ပုဏ္ဏား အသင်အား ဘုရားမြတ်စွာ ရောဂါပျောက်ရေး သင့်လျော်သော ရေနွေးသည် အကယ်၍ ရှိခဲ့ချေအံ့၊ ဤသို့ ရှိခဲ့ချေသော် ရဟန်းမြတ် ဖြစ်တော်မူသော မြတ်စွာဘုရားအား ထိုရေနွေးကို ပေးလှူပါလော့။

ရဟန်းမြတ်ဖြစ်တော်မူသော အကြင် မြတ်စွာဘုရားကို နတ်နှင့်တကွသော လူသည် ပူဇော်ထိုက်ကုန်သော ရှစ်ကျိပ်သော မဟာမထေရ်တို့ထက် အထူးသဖြင့် ပူဇော်အပ် ပူဇော်ထိုက်ပေ၏။ နတ်နှင့် တကွသော လူအပေါင်းသည် အလေးအမြတ် ပြုထိုက်ကုန်သော ရှစ်ကျိပ်သော မဟာထေရ်တို့ထက် အလေးအမြတ် ပြုအပ် ပြုထိုက်ပေ၏။ နတ်နှင့်တကွသော လူအပေါင်းသည် အရိုအသေပြုထိုက်သော ရှစ်ကျိပ်သော မဟာထေရ်တို့ထက် အထူးသဖြင့် အရိုအသေပြုအပ်ပြုထိုက်၏။ ရဟန်းမြတ်စစ် ဖြစ်တော်မူသော ထိုမြတ်စွာဘုရားအား

ပေးလှူပူဇော်သော ထိုရေနွေးကို ငါသည် ဆောင်ယူခြင်းငှါ အလိုရှိ၏ဟု မြတ်စွာဘုရား၏ ရောဂါနှိပ်စက်သော အဖြစ်ကို ပြောကြား၍ ရေနွေးကို တောင်းခံ၏။ ဥပဝါဏမထေရ် ပြောဆိုသော ထိုစကားကို ကြား၍ ဒေဝဟိတ ပုဏ္ဏားသည် "ငါ့အား အရတော်လေစွတကား။ ငါ၏ အထံသို့ မြတ်စွာဘုရား ကိုယ်တော်မြတ်က ရေနွေးအလို့ငှါ အလှူခံ စေလွှတ်တော်မူလေပြီ" ဟု ကြံစည် ဝမ်းမြောက်သော စိတ်ရှိသည်ဖြစ်၍ အစေအပါးယောကျ်ားကို ဘုရားမြတ်စွာ သုံးဖို့ရာရေနွေးကို ထမ်းပိုးယူဆောင်စေ၍ လေရောဂါနှင့် ကောင်းစွာ သင့်အပ်သော တင်လဲခဲကိုလည်း ဥပဝါဏမထေရ်အားပေးလှူလိုက်၏။ ဥပဝါဏ မထေရ်သည် တင်လဲခဲကို ဆောင်ယူစေ၍ မြတ်စွာဘုရားရှင်ကို ရေနွေးဖြင့် ရေချိုးသုံးသပ်တော်မူစေပြီးသော် ရေနွေးဖြင့် တင်လဲကို မွှေနှောက်ရောဖျော် ၍ မြတ်စွာဘုရားအား ပေးဆက်၏။ ထိုမြတ်စွာဘုရားအား တင်လဲအဖျော်ကို သုံးဆောင်တော်မူသော ထိုခဏ၌သာလျှင် အနာရောဂါ ကျင်နာခြင်း ငြိမ်း ပျောက်လေ၏။ ဒေဝဟိတပုဏ္ဏားသည် ကြံစည်၏။ အဘယ်သို့ကြံစည်သနည်း ဟူမူ "အဘယ်သူအား လှူဒါန်းအပ်သော အလှူသည် ကြီးကျယ်သောအကျိုး ရှိသည် ဖြစ်ပါလိမ့်မည်နည်း မြတ်စွာဘုရားကို မေလျှောက်ဦးအံ့" ဟူသော အကြံအစည်သည် ဖြစ်၏။ ကြံစည်ပြီး၍ ထိုပုဏ္ဏားသည် မြတ်စွာဘုရားအထံ တော်သို့ သွားရောက်ချဉ်းကပ်၍ မိမိကြံစည်မိသောအကြောင်းကိုလျှောက်ထား မေးမြန်းလိုသောကြောင့် ဤဂါထာကို ရွတ်ဆို၏။

ကတ္ထ ဒဇ္ဇာ ဒေယျဓမ္မံ၊ ကတ္ထ ဒိန္နံ မဟပ္ဖလံ။
ကထဉ္စ ယဇမာနဿ၊ ကထံ ဣဇ္ဈတိ ဒက္ခိဏာ။

အို–အရှင်ဂေါတမ အဘယ်သို့သော ပုဂ္ဂိုလ်အား လှူဒါန်းဖွယ်ဝတ္ထုကို လှူဒါန်းရပါမည်နည်း။ အဘယ်ပုဂ္ဂိုလ်အား လှူဒါန်းသော အလှူသည် ကြီးသောအကျိုးရှိသည် ဖြစ်ပါလေသနည်း အဘယ်သို့သောအကြောင်းကြောင့် သာလျှင် ပူဇော်လှူဒါန်းသောသူအား အဘယ်သို့လျှင် လှူဒါန်းသောအလှူ သည် အကျိုးပြည့်စုံပါလေသနည်းဟု မေးလျှောက်၏။ ထိုသို့မေးလျှောက်အပ် သော ဒေဝဟိတပုဏ္ဏား၏ အမေးပုစ္ဆာကို မြတ်စွာဘုရားရှင်သည် အစဉ်အတိုင်း ဖြေကြားတော်မူလိုရကား ဤဂါထာတို့ကို ဟောကြားတော်မူ၏။

ပုဗ္ဗေနိဝါသံ ယော ဝေဒိ၊ သဂ္ဂါပါယဉ္စ ပဿတိ၊
အထော ဇာတိက္ခယံ ပတ္တော၊ အဘိညာ ဝေါသိတော မုနိ။

တတ္ထ ဒဇ္ဇာ ဒေယျဓမ္မံ၊ တတ္ထ ဒိန္နံ မဟပ္ဖလံ။
ဧဝဉ္စ ယဇမာနဿ၊ ဧဝံ ဣဇ္ဈတိ ဒက္ခိဏာ။

အို–ဒါယကာ ဒေဝဟိတပုဏ္ဏား တရားအပေါင်းကို ကောင်းစွာမြင်သိ မုနိမည်သော အကြင်သူသည် ရှေးရှေးဘဝ၌ နေခဲ့ဖူးသော ခန္ဓာအစဉ်ကို ပုဗ္ဗေနိဝါသ အဘိညာဏ်ဖြင့်ဝေဖန်၍ သိပြီ။ ကောင်းမြတ်သော ရူပါရုံ စသည်တို့နှင့် ပြည့်စုံသော နတ်ဘုံ နတ်ပြည်ကိုလည်းကောင်း ချမ်းသာကင်းသော အပါယ်ကိုလည်းကောင်း ဒိဗ္ဗစက္ခုအဘိညာဏ်ဖြင့် သိမြင်ပေ၏။ ထို့မှ တပါး ဇာတိ၏ကုန်ရာဖြစ်သော အရဟတ္တဖိုလ်သို့ မဂ်အဆင့်ဆင့်ဖြင့် တက်ရောက်ပေ၏။ တရားအပေါင်းကို ကောင်းစွာမြင်သိ မုနိမည်သော ထိုသူသည် ဝိဇ္ဇာသုံးပါးကို ပိုင်းခြားသိမြင်၍ ရဟန်းကိစ္စ အပြီးအဆုံးသို့ ရောက်၏။

ဝိဇ္ဇာသုံးပါးထင်ရှားရှိ၍ မုနိမည်သော ပုဂ္ဂိုလ်အား လှူဒါန်းဖွယ်ရာဝတ္ထုကို လှူဒါန်းရာ၏။ မုနိမည်သော ဤပုဂ္ဂိုလ်အား လှူဒါန်းအပ်သော အလှူသည် ကြီးသောအကျိုးရှိသည် ဖြစ်ပေ၏။ ဤသုံးမျိုးသော စင်ကြယ်သော အကြောင်းကြောင့်သာလျှင် ပူဇော်လှူဒါန်းသောသူအား ဤသို့သာလျှင် လှူဒါန်းသော အလှူသည် အကျိုးကြီးပေ၏ဟု ဖြေဆိုတော်မူ၏။

ထို့နောက် မြတ်စွာဘုရားက ထိုပုဏ္ဏားအား ဤသို့ သဘောရှိသည် မည်သော ဗြာဟ္မဏအား ပေးလှူအပ်သော အလှူသည် ကြီးကျယ်ဖွံ့ဖြိုးသော အကျိုးရှိသည် ဖြစ်ပေ၏ဟု မိန့်ဆိုတော်မူ၍ ဗြာဟ္မဏမည်သော ပုဂ္ဂိုလ်ကို ထင်ရှားပြလိုတော်မူရကား ဤဂါထာကို ဟောကြားတော်မူ၏။

> ပုဗ္ဗေနိဝါသံ ယော ဝေဒိ၊ သဂ္ဂါပါယဉ္စ ပဿတိ။
> အထော ဇာတိက္ခယံ ပတ္တော၊ အဘိညာ ဝေါသိတော မုနိ။
> သဗ္ဗဝေါသိတဝေါသာနံ၊ တမဟံ ဗြူမိ ဗြာဟ္မဏံ။

ရှေးဘဝ၌ နေခဲ့ဖူးသော ခန္ဓာအစဉ်ကို သိမြင်သော နတ်ပြည်ကိုလည်းကောင်း, အပါယ်ကိုလည်းကောင်း, ဒိဗ္ဗစက္ခုဉာဏ်ဖြင့် သိမြင်သော ပဋိသန္ဓေတည်နေခြင်း၏ ကုန်ဆုံးရာဖြစ်သော အရဟတ္တဖိုလ်သို့ ရောက်ပြီးသော, အဘိညာဉ်ဖြင့် နိဗ္ဗာန်သို့ ရောက်ပြီးသော, အာသဝက္ခယဉာဏ်ဖြင့် မောနေ၏ အဖြစ်သို့ ရောက်သောကြောင့် မုနိမည်သော ကိလေသာအားလုံးကို ပယ်ဖြတ်ပြီး၍ မြတ်သောအကျင့်ဖြင့် နေလေ့ရှိသော ပုဂ္ဂိုလ်ကို ဗြာဟ္မဏဟူ၍ ငါဘုရား ဟောတော်မူ၏။

ထိုဂါထာ၏အဓိပ္ပါယ်ကား—ရှေး၌နေဖူးသော ခန္ဓာစဉ်ကို ထင်ရှားစွာ သိမြင်သော ၂၆-ဘုံ အပြားရှိသော နတ်ဗြာဟ္မာဘုံကိုလည်းကောင်း, အပါယ်လေးဘုံကို

လည်းကောင်း ဒိဗ္ဗစက္ခုဉာဏ်ဖြင့် ရှုမြင်နိုင်သော,ပဋိသန္ဓေကုန်ခန်းခြင်းဟူသော အရဟတ္တဖိုလ်သို့ ရောက်ပြီးသော,ထိုးထွင်း၍ သိအပ်သောတရားကို ထိုးထွင်း၍ သိပြီးသော, ပိုင်းခြား၍သိအပ်သောတရားကို ပိုင်းခြား သိပြီးသော,ပယ်အပ်သောတရားကိုပယ်ပြီးသော, မျက်မှောက်ပြုအပ်သောအံ့ရာကို မျက်မှောက်ပြုအပ်ပြီးသော, သုံးအပ်သော သီတင်းအဆုံးရှိသော နိဗ္ဗာန်သို့ ရောက်ပြီးသော, ကျင့်စရာအားလုံးကိုကျင့်သုံးပြီးသော,အာသဝက္ခယဉာဏ်ဖြင့် မောနဏ်အဖြစ်သို့ ရောက်သောကြောင့် မုနိမည်သော, ကိလေသာအားလုံး ကုန်ပြီးသော သူတို့၏ အရဟတ္တမဂ်တည်း ဟူသော မြတ်သော နေခြင်းဖြင့် နေသောကြောင့် သုံးအပ်သော သီတင်းအဆုံးရှိသော ပုဂ္ဂိုလ်ကို ဗြာဟ္မဏဟူ၍ ငါဘုရား ဟောတော်မူ၏။

ဒေသနာတော်၏အဆုံး၌ များစွာကုန်သောသူတို့သည် သောတာပတ္တိဖိုလ်စသည်တို့သို့ ရောက်ကုန်၏။ ဒေဝဟိတပုဏ္ဏားသည်လည်း ကြည်ညိုသော စိတ်ရှိသည်ဖြစ်၍ သရဏဂုံသုံးပါး၌ တည်လျက် ဥပါသကာ၏ အဖြစ်ကို ကြားလျှောက်၏။

ဒေဝဟိတပုဏ္ဏားဝတ္ထု ပြီး၏။

နှစ်ဆယ့်ခြောက်ခုမြောက် ဗြာဟ္မဏဝဂ် ပြီး၏။

ဓမ္မပဒအဋ္ဌကထာမြန်မာပြန်

ဓမ္မပဒဝတ္ထု ပဉ္စမတွဲ ပြီး၏။

# ဓမ္မပဒဝတ္ထု
# (ပဉ္စမတွဲ)
# မှတ်သားဖွယ်ရာ အက္ခရာစဉ်


| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| [ အ ] | |
| အင်္ကုရဝတ္ထု | ၅၂ |
| အခြံအရံနှင့်တကွသော မင်္ဂလာဆင်တော်ကို ခံယူ | ၇၁ |
| အဂ္ဂသာဝကတို့အား ရန်ငြိုးဖွဲ့ခြင်း | ၈၆ |
| အင်္ဂုလိမာလမထေရ်ဝတ္ထု | ၃၉ |
| အဆိပ်ပြည့်သည့် ဗူးပမာ | ၁၇၂ |
| အဇ္ဈာဝေဟင် ထက်ကောင်းကင် | ၁၄၁ |
| အဇာတသတ်မင်းဝတ္ထု | ၂၉၆ |
| အညတရဗြာဟ္မဏပဗ္ဗဇိတဝတ္ထု | ၁၅၀ |
| အညတရဗြာဟ္မဏဝတ္ထု | ၁၄၇ |
| အတောင်ခြောက်ဆယ်မျှရှိသော ဝါးလုံးသို့ တက်ရောက် | ၂၇ |
| အတောင်ရှစ်ဆယ်ရှိ ရွှေစင်အတိရှိသောတောင်သည့်ပေါက် | ၂၈၉ |
| အတတ်ကိုအမှီပြု၍ မာန်မာနတက်ကြွ | ၂၇ |
| အထုံးအဖွဲ့ကို ဖြေစွမ်းနိုင်သော | ၂၀၅ |
| အနုဘာဝ မြက်ထမ်းသမားသူဌေးဖြစ် | ၁၂၇ |
| အနုဘာဝသူဌေးဘဝမှ စုတေနတ်ပြည်၌ဖြစ် | ၁၂၇ |
| အနုရုဒ္ဓါမင်းသား | ၁၁၅ |
| အနုရုဒ္ဓါမင်းသား ရဟန်းပြု | ၁၁၀ |
| အနှစ်နှစ်သောင်းတိုင်တိုင် ဗြဟ္မစရိယအကျင့်ကိုကျင့် | ၂၀၉ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| [ အ ] | |
| အပရာဇိတသူကြွယ် | ၂၇၃ |
| အပြောကောင်းလှသော | ၁၇၂ |
| အပြစ်လွတ်ကင်း သန့်ရှင်းသောစကားကိုသာပြော | ၉၁ |
| အပုတ္တကသူဌေး၏အတိတ်ဝတ္ထု | ၅၀ |
| အပုတ္တကသေဋ္ဌိဝတ္ထု | ၄၈ |
| အဘယ်သူအား အောင်နိုင် | ၂၆၅ |
| အမိတောဒနသာကီဝင်မင်း၏ အိမ်၌ ပဋိသန္ဓေတည်နေ | ၁၂၈ |
| အဘယ်သူအား ရှုံးခြင်း | ၂၆၅ |
| အမြဲမပြတ် နိစ္စဘတ်ဆွမ်းဝတ် | ၁၄၃ |
| အရသာဖြင့် မိမိအလိုသို့ဖြားယောင်း | ၂၆၈ |
| အရသာ၌ တပ်မက်သောတဏှာ | ၂၆၂ |
| အရသာ၌ လွန်စွာတပ်မက် | ၂၆၇ |
| အရဟတ္တဖိုလ်သည် အလုံးစုံမြတ်သည်ထက် ပို၍မြတ် | ၁၇ |
| အရဟတ္တဖိုလ်သို့ ရောက်ရှိသော သူတို့ကိုသာ | ၁၄၇ |
| အရိယာပုဂ္ဂိုလ်ကို ပြောဆိုစွပ်စွဲခြင်း၏ ကြီးကျယ်သောအပြစ် | ၈၈ |
| အရှယ် အလယ် အလတ်ဖြစ်သောရုပ်အဆင်း | ၂၃ |

အက္ခရာစဉ် စာမျက်နှာ

[အ]

အရွယ်သို့ရောက်အောင် စောင့်ရှောက် ၁၄၆
အရောင်ကို ကွယ်စေနိုင်သော မန္တန် ၂၅၅
အရှင်အာနန္ဒာ လျှောက်ထား တောင်းပန်သဖြင့် ၁၆၄
အရှင်ဘုရား မွေးဖွားတော်မူစ ငယ်ငယ်ကလျှင် ၁၆၄
အရှင်မင်းမြတ်ရှေ့မှ ကြွတော်မူ ၂၈၃
အရှင်ရာဟုလာအား မာရ်နတ် ချောက်လှန့် ၃၉
အရှင်ရာဟုလာ ရှစ်နှစ်သား အရွယ် အရဟတ္တဖိုလ်သို့ ရောက် ၃၉
အရှင်သာရိပုတ္တရာ၏ ဂုဏ်ကျေးဇူး ဘုရားရှင် ချီးကျူး ၂၀၄
အရှင်သာရိပုတ္တရာ ပရိနိဗ္ဗာန် စံရာ မယ်တော်ငိုကြွေးခြင်း ၁၉၉
အရှင်သာရိပုတ္တရာမထေရ် သောတာပန်တည်ခြင်း ၁၉၀
အရှင်၏ခင်ပွန်း မယားဖြစ်ရန် သင့်လျော် ၂၆၄
အလောင်းတော်အခမ်းအနား ၂၀၀
အလုံးစုံသော ကိလေသာတို့နှင့် မယှဉ်တွဲသူကို ဗြာဟ္မဏ ၁၄၆
အလျှံရဲရဲ မစဲအရောင် ၂၅၄
အဝိဇ္ဇာတံခါးကျည်ကို ခွါလှစ် ၁၇၉
အသပြာတစ်ထောင်ကို ယူ၍ ကုသိုလ်အဖို့ကို ငါ့အား ပေးပါလော ၁၂၆

အက္ခရာစဉ် စာမျက်နှာ

[အ]

အသပြာပန်းတောင်း ၂၁၀
အသုဘဆယ်ပါး ဈာန်တရား၌ မွေ့လျော်ခြင်း ၃၀
အသူရိန်နတ်ကြီးသည် ဖမ်းဆီး ချုပ်ချယ်အပ်သော နေဝန်း ဗိမာန် ၁၂၂
အသားစားကြူး ဘီလူးမ ၂၁၅
အသင်ချစ်သားသည် နတ်မင်း ကြီးလေးပါးတို့ထက် မြင့်မြတ်ကြီးကျယ်သလော ၁၉၇
အသင်၏ကိုယ်တွင်းသန္တန်သည် ၁၇၃
အသွယ်သွယ် အဝဝ ခယ တောင်းပန် ၂၇၄

[အာ]

အားထုတ်အပ်သော ဝီရိယ ရှိသော မြတ်စွာဘုရား သာသနာ ၃၃
အာနန္ဒတ္ထေရဝတ္ထု ၁၄၀
အာမိသ,ဓမ္မပဋိသန္ထာရ ၁၁၁
အာရုံကိုမရဘဲ တဏှာမဖြစ် ခြင်းသို့ရောက်ပြီဟု မဆိုနိုင် ၇
အာရုံငါးပါး လိုက်စားခြင်း ကြောင့် ဘီလူးစားခံရ ၅၀
အာဝါသတဏှာထက် ၂၆၇
အာသာငမ်းငမ်း စွဲလမ်း တတ်စွာ ၂၄၀
အာသိဝိသောပမသုတ် ၁၄
အုံ့ဖွယ်သရဲ စဉ်းလဲပြုလုပ် ၁၇၀
အိုရဟန်းသင်သည်လည်းနုပျို ၂၆၄

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ အာ ]** | |
| အိုးကိုခွဲလိုက်ဘိသကဲ့သို့ ပြင်းစွာသော ရယ်ရှင်ခြင်း | ၃၆ |
| အောက်ပိုးကျိုက် | ၂၇၈ |
| အောင့်အည်းသည်းခံကာ | ၁၈၀ |
| အိမ်ရာဖွဲ့နှောင် လူဘောင်၌ နေခြင်းအကျိုးငှာ | ၁၃၁ |
| **[ ဣ ]** | |
| ဣန္ဒပတ္တပြည်၌ ဓနဥ္စယ ကောရဗျမင်းကြီး | ၆၇ |
| **[ ဤ ]** | |
| ဤအခါမှနောက်လေးလမြောက် ကိုလွန်သဖြင့် | ၆၂ |
| ဤအမျိုးကား မညှိုးမဆုတ် | ၂၇၃ |
| ဤကျောင်းမှထွက်သွားလေ လော | ၂၃၆ |
| ဤခြေဆေးရေကို သူငယ်၏ ဦးခေါင်း၌ | ၂၂၆ |
| ဤတောအုပ်၌ မနေပါလင့် | ၂၃၁ |
| ဤနေ့မှနောက် ခုနစ်ရက်မြောက် သောနေ့၌ | ၅၆ |
| ဤပုဏ္ဏားသည် ပတ္တမြားကို မယူပါမူကား | ၂၇၈ |
| ဤရဟန်းသည် ဤမိန်းမကို ခေါ်၍ | ၂၇၃ |
| ဤလောကကြီးကို မင်ညာဏ် အရောင်ဖြင့် ထွန်းလင်း | ၁၄၂ |
| ဤလိုဏ်နေရာသို့ မဝင်ပါလင့် | ၂၃၀ |
| ဤသူကား အကျွန်ုပ်၏ကျွန်ပါ | ၂၅၅ |
| ဤသူငယ်သည် မင်းကြီး၏ ရန်သူဖြစ်လတ္တံ့ | ၂၆၇ |
| **[ ဤ ]** | |
| ဤသူတို့ကား ရဟန်းငှက်တို့ မည်ကုန်၏ | ၂၂၂ |
| ဤသို့သဘောရှိသော အံ့ဩ ဘနန်း ပြောမခန်း | ၁၂၄ |
| ဤသည်ကား နေဝန်းမဟုတ် တစ်ခုသော ဗိမာန် | ၂၀၂ |
| ဤသည်လမ်းမဟုတ် | ၂၂၇ |
| **[ ဉ၊ ဉီ ]** | |
| ဥဂ္ဂသေနလုလင်၏ အတိတ် | ၃၁ |
| ဥဂ္ဂသေနသူဌေးသား | ၁၇၇ |
| ဥဂ္ဂသေနသူဌေးသား ဝါးလုံးထိပ်၌ ရဟန္တာဖြစ် | ၂၇ |
| ဥစ္စာရှား သဒ္ဓါပွား | ၁၅၇ |
| ဥတ္တရကုရုကျွန်း | ၂၈၂ |
| ဥဒ္ဒံဘာဂိယမည်သော သံယောဇဉ် | ၁၁၀ |
| ဥပကတက္ကဒွန်းဝတ္ထု | ၄၂ |
| ဥပရိဋ္ဌအမည်တော်ရှိ ပစ္စေကဗုဒ္ဓါ | ၁၄၂ |
| ဥပလဝဏ္ဏာမထေရ်မ၏ အလောင်းသမဏဂုတ္တာ | ၃၁၅ |
| ဥပသမ္ပဒဇာတ်မြင့်မြတ် | ၁၄၁ |
| ဥပဇ္ဈာယ်ဆရာ မကျွန်းမာ၍ | ၁၃၅ |
| ဥယျာဉ်မှူးသည် သဥ္စယ | ၂၆၆ |
| ဦးချိုကျိုးပြတ်သော နွားလားဥသဘနှင့်တူသော | ၂၀၅ |
| ဦးခေါင်းပေါ်၌ ရစ်အပ်သော ဆံကျစ် | ၁၇၂ |
| ဦးပြည်းရဟန်းအား | ၁၈၀ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ ဩ ]** | |
| ဩဃလေးပါး ပယ်ရှား ကူးမြောက်သူ | ၁၁၀ |
| ဩရမ္ဘာဂိယမည်သော သံယောဇဉ် | ၁၁၀ |
| **[ က ]** | |
| ကင္ဃတ္တအမည်ရှိသော ဘီလူး | ၂၈၁ |
| ကပိလမစ္ဆဝတ္ထု | ၁ |
| ကပိလရဟန်း အသက်၏ အဆုံး၌ ဒုစိစိငရဲကြီး၌ဖြစ် | ၃ |
| အသကန္ဒအမည်ရှိသော ဘီလူး | ၂၈၁ |
| ကိကီမင်းကြီး၏ နန်းအိမ်တော် | ၃၁၅ |
| ကိလေသာအညစ်အကြေးကို နှင်ထုတ်သုတ်သင်သူကို | ၁၅၀ |
| ကိလေသာထူထဲ ပြည့်ကြပ်၏ | ၁၇၂ |
| ကိလေသာပူလောင်ခြင်းတို့ မရှိသဖြင့် ဝိတဒြ | ၃၄၆ |
| ကိသာဂေါတမီသည်အမြတ်ဆုံး | ၁၇၄ |
| ကုရုတိုင်းသားများသီလ စောင့်ထိန်းမှု | ၆၇ |
| ကုသိုလ်အဖို့ကို ပေးဝေအပ်သည်ရှိသော် | ၁၂၇ |
| ကုသိုလ်အဖို့ကိုယူ၍ | ၁၂၇ |
| ကောကာလိက ပဒုမငရဲသို့ကျ | ၈၇ |
| ကောကာလိကရဟန်း ပဒုမငရဲ၌ဖြစ် | ၈၈ |
| ကောကာလိကဝတ္ထု | ၈၅ |
| ကောဋိကဏ္ဏသောဏ အမည်ရှိဥပါသကာ | ၁၀၃ |
| ကောရဗျမင်းကြီးထံ ဂရုခမ္မသီလကို တောင်းခြင်း | ၇၁ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ က ]** | |
| ကပ်ငြိတွယ်တာ၍ တဏှာ အညှင်းဆွဲခံရသူ | ၆ |
| ကမ်းတစ်ဘက်သို့ ရောက်ခြင်း၏ အစွမ်းဖြင့် ရဟန္တာသည် ပါရဂူမည် | ၁၄၅ |
| ကျင်ကြီးတုံးပမာ | ၁၇၂ |
| ကျင်ကြီးပြည့်နေသော တွင်းကျင်းအနေ | ၁၇၂ |
| ကျင့်ဝတ်ပဋိပတ်ကို လုံ့လ ကြိုးကုတ် အားထုတ် ကျင့်ကြံ | ၁၃၁ |
| ကြာတိုက်နှင့် တူသော အဆင်းရှိ | ၂၂၄ |
| ကြီးစွာသော ကြံခင်း | ၂၆၈ |
| ကြီးစွာလုံ့လ ကြိုးပပြင်းထန် ရဲစွမ်းအန် | ၁၃၆ |
| ကြံချောင်း၌ ဖုံးအုပ်စည်းနှောင် | ၂၆၉ |
| ကျွန်အဖြစ်မှ တော်လှန် အပ်သောသူ | ၂၂၅ |
| ကျွန်တော်မသည်လည်း နုပျို | ၂၆၄ |
| ကျွန်မ၏ ခင်ပွန်းလင် ဖြစ်ရန် သင့်လျော် | ၂၆၄ |
| ကောင်းကင်၌သာလျှင် တစ်ဆယ့်လေးကြိမ်တိုင်တိုင် | ၂၉ |
| ကောင်းစွာ ကျင့်အပ် ပဋိပတ်သည် သာသနာ တော်၏ အသက် | ၂ |
| ကောင်းမှုနှင့် ပြည့်စုံကုန်သော သူတို့အား တွေ့မြင် ရအောင် | ၁၀၃ |

အက္ခရာစဉ် စာမျက်နှာ


[က]

ကောင်းသော လယ်မြေ၌
 စိုက်ပျိုးအပ်သော မျိုးစေ့ ၅၃
ကိုးဆယ့်နှစ်ကမ္ဘာကို လွန်မြောက်
 ဤဘဒ္ဒကမ္ဘာသို့ အရောက် ၃၁၅
ကိုးရာသော ခိုးသူတို့
 ရဟန်းပြု ၁၀၈
ကိုယ်တော်ကို ပြသတော်မူခြင်းငှါ
 ရောင်ခြည်လွှတ်တော်မူ ၃၂၁
ကိုယ်တော်မြတ်တို့သည် သိမြင်
 အပ်သော တရားကို
 သိရပါလို၏ ၃၁
ကျောင်းဆောက်လှူဒါန်း ၁၅၇
ကျောင်းမှ ငင်ထုတ်၍
 တံခါးမကိုပိတ် ၂၃၉
ကြောင်သတ္တဝါ၏ ခံတွင်းဝ၌ ၂၀၇

[ ခ ]

ခန္ဓာတည်းဟူသောဝန်
 ရှိပေ၏ ၂၂၅
ခုနစ်နှစ်ရှိသော သာမဏေတို့
 ပဉ္စင်းအဖြစ်ကိုရ ၁၄၁
ခုနစ်ယူဇနာရှိ ရွှေစေတီကြီးကို
 ဝန်းရံ၍ ဆီမီးပူဇော် ၁၂၄
ခေမာထေရီဝတ္ထု ၂၁
ခေမာမိဖုရားကြီး၏
 အတိတ်ဝတ္ထု ၂၁
ချက်ငန်းမှ လပြည့်ဝန်းနှင့်
 တူသောအရောင် ၂၅၃
ချက်ဝန်းရောင်သည်
 မပြောင်မထွန်း ၂၀၄
ချစ်ကျွမ်းဝင်ခြင်းသည်
 ဖြစ်ပါပြီ ၁၉၂

အက္ခရာစဉ် စာမျက်နှာ

[ ခ ]

ချစ်ကျွမ်းဝင်သူ အပေါ်
 ကပ်ငြိသည့် တဏှာထက် ၁၉၂
ချစ်သမီးပဒုမဝတီ ၂၁၄
ချောင်းညှံ့သော်လည်းကောင်း ၁၀၀
ချွတ်ချော်ခဲ့သည်ရှိသော် ၁၇၉
ခြင်္သေ့၏အမျိုးမှလာသော
 မထေရ် ၁၁၅
ခြောက်ပါးသောအဇ္ဈတ္တိကာ
 ယတနဟူသော ပါရ ၁၄၆
ခြောက်ပါးသော ဗာဟိရာ-
 ယတနဟူသော အပါရ ၁၄၆

[ ဂ ]

ဂန္ဓကုဋိအထွတ် ထုပိကာ ၂၇၄
ဂန္ဓကုဋိကား ပြီးပြည့်စုံပါပြီ ၂၇၅
ဂန္ဓကုဋိကျောင်းတော်ပူဇော်ပွဲ ၂၇၈
ဂန္ဓကုဋိပရိဝုဏ် ၂၇၆
ဂန္ဓကုဋိရှေ့မှ ဆင်ဝင်ဇရပ် ၂၇၄
ဂန္ဓာရတိုင်း တက္ကသိုလ်ပြည် ၅၆
ဂရုမမူခံယူခြင်းသည်ပင်လျှင် ၁၆၅
ဂေါတမီနှင့် အတူတကွ
 ဥပုသ်ကံကို မပြုကြကုန် ၁၆၆
ဂေါတမီမထေရ်မ၏ အလောင်း
 ဘိက္ခုဒါယိကာ မင်းသမီး ၃၁၅

[ င ]

ငါတို့ကားမင်းသားမဟုတ်ကုန် ၂၂၁
ငါ၏အာယုသင်္ခါရ ၁၀၈
ငါ၏သမီးသည် ပဒုမဝတီ
 မိဖုရားကိုတွေ့မြင် ၂၁၈
ငါတို့၏အိမ်သို့ သွားကုန်အံ့ ၂၃၅
ငါဘုရားကို စင်စစ်ပူဇော်
 သည်မည် ၉၃

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| [ င ] | |
| ငါသာလျှင် မင်းဖြစ်ပါမူ | ၂၀၄ |
| ငါ့အားဖြားယောင်းသော အားဖြင့် | ၁၇၃ |
| ငါ့ကိုဖွားမြင်ရာဖြစ်သော တိုက်ခန်း၌ | ၁၀၉ |
| ငါးခုမြောက်သော တံခါးမုခ်၌ | ၂၀၁ |
| ငါးခုသော ကြွသွားရာအပေါက် | ၂၉၇ |
| ငါးစိမ်းမြင် ငါးကင်ပြစ် | ၃၅ |
| ငါးပါးကုန်သော ဤအဦး အလှူတို့ကို ပေးလှူ | ၉၉ |
| ငါးရာမျှလောက်သော သာမဏေတို့ စုရုံးစည်းဝေး | ၁၄၀ |
| ငါး အမဲတုံး နှစ်ခုလုံး ဆုံးရှုံး လေဘိ မရရှိ | ၃၆ |
| ငြိမ်းအေးအောင် ကျင့်တတ် သောသူကို သမဏ | ၁၅၀ |
| [ စ ] | |
| စန္ဒကူးနီ | ၂၅၂ |
| စားကြွင်းညစ်ပေ ပအုံးရေ | ၁၀၆ |
| စားခြင်းကိစ္စ လုံးဝအားလုံး အပြီးအဆုံးဖြစ်သော ထမင်း | ၁၀၁ |
| စုပေါင်းညီညာ အောင်ကြောင်း ဖြာ | ၁၅၇ |
| စူဠဓနုဂ္ဂဟ ပဏ္ဍိတဝတ္ထု | ၃၂ |
| စူဠသုမနသည်ဆံရိတ်ပယ်သုံးပြီး အဆုံး၌ အရဟတ္တဖိုလ်သို့ ရောက် | ၁၃၄ |
| စွန်းငြိမည်းညစ်သည်ကို | ၂၃၀ |
| စိုစွတ်သောအဝတ် စိုစွတ်သော ဆံရှိသည်ဖြစ်၍ ကန်တော့ | ၂၉၄ |
| [ ဆ ] | |
| ဆရာဖြစ်သော အရှင်အဿဇိ မထေရ် | ၁၆၇ |
| ဆဝသီသ မန္တန်ကိုသင်ယူ | ၃၁၀ |
| ဆုတေ ခင်းပတ္တနာသည့်အတိုင်း | ၂၇၀ |
| ဆင်းရဲသောအမျိုး၌ တစ်ရံ တစ်ဆစ်မျှ မဖြစ်ရစေသော | ၁၂၅ |
| ဆယ်ခြောက်နှစ်မျှ ပထမအရွယ် | ၂၃ |
| ဆွမ်းအလှူကို အမှီပြု၍ အရဟတ္တဖိုလ်သို့ရောက် | ၃၂ |
| [ ဉ ] | |
| ဇဋိလသူဌေးကြီး၏ အတိတ် ဝတ္ထု | ၂၉၃ |
| ဇဋိလသူဌေး မိမိနှင့်စည်းစိမ်တူ သူဌေးရှိ-မရှိစုံစမ်း | ၂၉၀ |
| ဇမ္ဗူဒိပ်၌ ထင်ရှားသည် | ၂၀၂ |
| ဇောတိကမထေရ် ဝတ္ထု | ၂၉၆ |
| ဇောတိက၏ နေအိမ် | ၂၀၀ |
| ညီငယ်နှင့်အတူတကွ တပေါင်း တည်းဖြစ်၍ သုံးဆောင်ကြ | ၂၉၃ |
| [ တ ] | |
| တက္ကသိုလ်ပြည်ရှင် မင်းကြီးသည် ဘီလူးမကို မိဖုရားမြှောက် | ၆၀ |
| တဏှာအနှောင်အဖွဲ့ကို ဖြတ်၍ တောထွက် | ၁၀ |
| တဏှာအလျှဉ်ကို ဖြတ်၍ အရဟတ္တဖိုလ်သို့ ရောက်ခြင်းငှါသင့် | ၁၄၄ |
| တဏှာကုန်ပြီးသော အရဟတ္တ ဖိုလ်သည် ဒုက္ခအားလုံးကို အောင်နိုင် | ၄၆ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| [ တ ] | |
| တဏှာတည်းဟူသော နွယ် ဒွါရခြောက်ပုံအာရုံ ခြောက်ပါး၌တည် | ၁၁ |
| တဏှာ ဘဝကုန်ခန်းခြင်းရှိသော ပုဂ္ဂိုလ်ကို ဗြာဟ္မဏ | ၃၀၆ |
| တဏှာတိုးပွါးသောသူ တစ်ဘဝမှ တစ်ဘဝသို့ ပြေးသွားကျင်လည်ရ | ၆ |
| တဏှာရေအလျဉ်သည် အလုံးစုံ အာရုံတို့၌ ယိုစီး | ၁၁ |
| တပည့်တော်မတို့သည် စီမံတတ် သောသူကိုသာ မရရှိပါကုန် | ၃၃ |
| တရားအရသာသည် အရသာ အားလုံးကို အောင်နိုင် | ၄၆ |
| တရားအလှူသည် အလှူဒါန အားလုံးကို အောင်နိုင် | ၄၆ |
| တရားတော်ကို မတုန်မလှုပ် နာကြား | ၁၀၆ |
| တရားသံကို ကြားနာရ၍ ကြက်မ မှသည် ဥပရိဒေဝီ | ၉ |
| တရား၌ မွေ့လျော်ခြင်းသည် မွေ့လျော်ခြင်း အားလုံးကို အောင်နိုင် | ၄၆ |
| တောချုံပိတ်ပေါင်းကို မှီသော | ၂၆၇ |
| တံတိုင်းခုနစ်ထပ် ဝန်းရံအပ် | ၁၀၆ |
| တက်ကြွပြင်းစွာ လေအနာသည် လျှင်စွာငြိမ်းပျောက် | ၁၃၀ |
| တင်လဲအဖျော်ကိုသုံးဆောင်တော် မူသောခဏ၌သာကျင်နာခြင်း ငြိမ်း | ၃၂၃ |
| [တ] | |
| တစ်ဦးကိုတစ်ဦး အထူးကြောင်းပြ အနိုင်ရအောင် | ၂၅၄ |
| တစ်ဦးတစ်ယောက်တည်းသာလျှင် လော | ၁၉၅ |
| တကျိပ်တစ်ယောက်စောင့်ရှောက် သော သီလကိုရှေ့ပြား၌ရေး | ဂ၂ |
| တစ်ကြိမ်သားဖွားသော ရုပ်အဆင်း | ၂၃ |
| တစ်ခုသောတောအုပ်၌ကြမ်းကြုတ် သောဆင်ကို တစ်စင်းသော မြားဖြင့်ပစ်သတ် | ၃၄ |
| တစ်စုံတစ်ခုပြုမှုယှင်းရော် | ၁၇၉ |
| တစ်စုံတစ်ယောက်သောသူ ပါရှိသေးသလော | ၁၉၄ |
| တစ်စုံတစ်ရာ ပြန်ကာဆော်လို့ မတုံ့ပြန်ဘဲ သည်းခံတော်မူ | ၁၅၁ |
| တစ်ဆယ့်ခြောက်မင်းပယ် | ၂၇၀ |
| တစ်ဆယ့်နှစ်နှစ်ရောင်းမကုန်သော ဘဏ္ဍာကိုတစ်နေ့ချင်းရောင်း | ၂၇၉ |
| တစ်ပါးသောသူတို့နှင့်မရောနှော | ၂၀၅ |
| တစ်ယောက်သောတောလည် မုဆိုး | ၂၁၂ |
| တစ်ကျိပ်တစ်ယောက်သောသူတို့ ငါးပါးသီလကို စောင့်ရှောက်ကြ | ၆၇ |
| တစ်ဆယ့်ခြောက်စိတ်စိတ် တစ် စိတ်မျှလောက် အဖိုးမထိုက် | ၄၆ |
| တစ်ဆယ့်နှစ်ယူဇနာရှိ ဗြဟ္မာမင်း ၏အတ္တဘော | ၁၃၇ |
| တစ်ဆယ့်ရှစ်ယူဇနာရှိ လမ်းခရီး ကို ကြွသွားတော်မူ | ၄၂ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| [တ] | |
| တစ်နေ့အဖို့အကြိမ်တစ်ရာ ချဉ်းကပ် | ၂၀၄ |
| တစ်နန်းတော်လုံး ဘီးလူးစားခံရ | ၆၁ |
| တစ်ပြိုင်နက်တည်းသော ကောင်းချီးသံ | ၁၀၃ |
| တစ်ယောက်သော ဝိဇ္ဇာမိုရ် | ၂၈၇ |
| တစ်ရာသော သားတော်တို့ အောက်အငယ်ဆုံးသား | ၅၆ |
| တစ်သောင်းသော စကြာဝဠာတို့၌ တစ်ဆယ့် နှစ်နှစ်တိုပတ်လုံး လှည့်လည် | ၄၄ |
| တောင်ဝှမ်းလိုဏ်သာ ဤနေရာ | ၂၂၈ |
| တိုင်းထက်ထူးချွန် ပိုလွန်ထွန်း ပြောင် အရောင်ရှိသည်ဖြစ် | ၁၂၄ |
| တောင်ဝှေး လက်စွဲကြသော အခါမှ | ၂၆၄ |
| တွေ့မြင်စူးစိုက် အတုလိုက်ခြင်း ဒိဋ္ဌာနုဂတိ | ၃ |
| [ထ] | |
| ထမင်းဖြစ်လာနေရာကိုမျှမသိ | ၁၃၀ |
| ထက်မြက်သော ပညာရှိသော | ၂၀၅ |
| ထိခြင်းဖြင့် ရှိခိုး၍ | ၂၇၅ |
| ထန်းပင်ခုနစ်ဆင့် ခန့်မျှရှိ | ၁၉၁ |
| [ဒ] | |
| ဒန္တပုရပြည်၌ ကာလိင်္ဂမင်း | ၆၇ |
| ဒိသာပါမုခ အမည်ရှိ ဘီလူး | ၂၈၁ |
| ဒုက္ခိတ သတ္တဝါတို့ကို | ၂၀၆ |
| ဒုဂ္ဂတိဘဝရောက်ကြောင်းလမ်း | ၂၂၇ |
| ဒုတိယမြောက် ဇောတိက သူဌေး အလောင်း | ၂၇၃ |
| ဒေဝဒတ်သည် အဇာတသတ်အား အကြံပေး | ၂၉၀ |
| [ဒ·] | |
| ဒေဝဟိတပုဏ္ဏားထံ ရေပူရေနွေး အလှူခံစေလွှတ် | ၃၂၁ |
| ဒေဝဟိတပုဏ္ဏား ဝတ္ထု | ၃၂၀ |
| ဒေဝဟိတပုဏ္ဏား သရဏဂုံ သုံးပါး၌တည် ဥပါသကာ၏ အဖြစ်ကြားလျှောက် | ၃၂၅ |
| ဒယ်အိုးအတွင်း ထည့်သွင်းပစ်ချ အပ်သောဆားကဲ့သို့ | ၂၃၅ |
| ဒွါရအားလုံး စောင့်သုံးမှုသော ရဟန်း ဆင်းရဲ အားလုံးမှလွှတ် | ၆၄ |
| ဒွါရခြောက်ပါးကိုမှီ၍ တဏှာသည်တိုးပွါး | ၇ |
| ဒွါရတစ်ခုကိုသာစောင့်စည်းခြင်း | ၅၅ |
| ဒွါရရှစ်မျိုးတို့၌ တည်သော ရဟန်း ဝဋ်ဆင်းရဲအားလုံး တို့မှလွှတ် | ၆၅ |
| ဒွန်းစဏ္ဍားထ၏ သားနှင့်တူ | ၂၀၅ |
| [ဓ] | |
| ဓမ္မဒိန္နာထေရီမဝတ္ထု | ၃၁၄ |
| ဓမ္မဒိန္နာမထေရ်မ၏ အလောင်း ဓမ္မာမင်းသမီး | ၃၁၅ |
| ဓမ္မာရာမ မထေရ်ဝတ္ထု | ၆၂ |
| ဓုတင်ဆောင်ပုဂ္ဂိုလ် ဖြစ်ပါလျက် | ၂၆၂ |
| [န] | |
| နဂ်လမထေရ် ဝတ္ထု | ၁၁၇ |
| နန္ဒပုတ္တမထေရ်ဝတ္ထု | ၃၀၆ |
| နက်ဖြန်ခါတစ်နေ့မျှလောက် | ၁၈၀ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ န ]** | |
| နင်းတိုင်းနင်းတိုင်းသောခြေ၌ | ၂၁၁ |
| နတ်ထီးကြင့်နှန်း စံမြန်း ကွယ်လွန်တော်မူ | ၁၆၄ |
| နတ်သမီးတို့လောက်လှပ | ၂၁၂ |
| နတ်ပြည်,လူပြည်တို့၌ ကမ္ဘာ တစ်သိန်း ကာလ ပတ်လုံး ကျင်လည် | ၁၂၄ |
| နတ်ပြည်ရောက်ရှိး ကုသိုလ်မျိုး | ၁၅၈ |
| နန္ဒမင်းသားကို နို့ ထိန်းတို့ထံ အပ်နှံမွေးမြူ | ၁၆၄ |
| နန်းအိမ်တော်သို့ ဆောင် ပြန်ခြင်း | ၂၁၇ |
| နာမ်,ရုပ်၌ မကပ်ငြိသူ ဘိက္ခုမည် | ၁၀၂ |
| နိဗ္ဗာန်ကို အလိုရှိသူ တကျော၏ အမြစ်ရင်းကိုတူး | ၇ |
| နိဗ္ဗာန်သို့ရောက်ကြောင်း အကျင့်၌ အဦးအစ | ၁၁၀ |
| နိဗ္ဗာန်ရောက်ကြောင်း လမ်းတည်း | ၂၂၇ |
| နို့ချိုအေးကို တိုက်ကျွေးခဲ့ ပါ၏ | ၁၆၄ |
| နေ့အဖို့၌ ကိုးကြိမ်၊ ညဉ့်အဖို့၌ ကိုးကြိမ် | ၂၀၄ |
| နေ့တိုင်း နေ့တိုင်း ခြောက်သိန်း သောဥစ္စာကို စွန့်ကြဲ | ၆၇ |
| နံနက်စာ ပွဲတော်တည်ကုန်အံ့ | ၂၈၄ |
| နောက်ဆုံးဖူးမြင်ရခြင်းပါ | ၁၉၃ |
| နောက်မှကြွလိုက်တော်မူ | ၂၈၃ |
| နွယ်ချိုကို တောင်းခြင်းငှါ မစွမ်းနိုင်ပါ | ၂၂၉ |
| နွယ်ချိုကို တောင်းယူ၍ | ၂၂၉ |
| နှစ်ခုကုန်သော ရေးသားလေပြီး ကမ္ဗည်းတင်လွှာ | ၃၀၃ |
| နှစ်ဆယ်မြောက်သော ဇာရှယ် ကိုပြု၍ ပြုတော်မူ | ၂၃ |
| နှ ်ပါးကုန်သော တရားတို့ ဟူသည် သမထ,ဝိပဿနာ တို့ကို ဆိုအပ် | ၁၄၅ |
| နှ ်မျိုးရောယှက်သော ကိုယ်တော် | ၁၉၁ |
| နှစ်သက်ဖွယ် အာရုံသို့ စီးဆင်း သော သုံးဆယ့်ခြောက်ဖြာ တဏှာရေအလျဉ် | ၁၀ |
| နှမ်းစေ့ခန့်မျှ အပြစ် ရှာမတွေ့ | ၂၃၁ |
| နှုတ်ခံတွင်းကို စောင့်စည်းခြင်း မထားး စကားဆိုခြင်း ကြောင့် | ၉၀ |
| နှုတ်မစောင့်သော လိပ်ဝတ္ထု | ၈၉ |
| **[ ပ ]** | |
| ပဥ္စဘိက္ခုဝတ္ထု | ၅၅ |
| ပဥ္စသတဘိက္ခုဝတ္ထု | ၁၁၄ |
| ပဥ္စဂ္ဂဒါယက ဗြာဟ္မဏဝတ္ထု | ၉၉ |
| ပစ္စုပ္ပန်ဘဝ ဇောတိကသူဌေး အကြောင်း | ၂၇၉ |
| ပစ္စေကဗုဒ္ဓါအား ကြံရည်လှူ | ၂၆၉ |

အက္ခရာစဉ် — စာမျက်နှာ

[ပ]


ပဍ္ဍင်းခံရာ သိမ်အပြင်မှ စ၍ ၂၃၀
ပညာချွတ်လွဲ ရသေ့စဉ်းလဲ ၁၇၂
ပညာမဲ့သူသည် ဝပ်မက်ခြင်းဖြင့် မိမိကိုယ်ကို ဖျက်ဆီး ၅၂
ပညာရှိကို အမှီပြု၍ ဂုဏ်ကျေးဇူးဒွဲ့သာတည် ၆၇
ပဋာစာရီ မထေရ်မ၏ အလောင်း ဘိက္ခုနီ မင်းသမီး ၃၁၅
ပဉ္စမဗောဓိ၌ ဗုဒ္ဓပစ္စေကပုဂ္ဂိုလ် အမြဲမရ ၃၂၁
ပတ္တမြားအလင်းရောင်ဖြင့် ၂၈၂
ပတ္တမြားကို ယူ၍ ၂၇၁
ပတ္တမြားကျောက်ခုံလောက် ၂၈၂
ပဒုမ္မာကြာတိုက်၌ သံသေဒဇ ဖြစ် ၂၁၁
ပဒုမ္မာကြာပန်းတို့သည် ကွယ်ပျောက် ၂၁၆
ပဒုမ္မာကြာပန်း၏ အကျိုးဆက် ၂၁၁
ပဒုမ္မာကြာဖက်၌ ကျရောက် သော ရေပေါက်ရေစက် ၂၀၈
ပဒုမုတ္တရ မြတ်စွာဘုရား၏ ခြေတော်ရင်း၌ ဆုတောင်း ပတ္ထနာ ၁၃၂
ပဒေသာပင်တို့သည် မြေမှ ထပေါက် ၂၈၀
ပရိတ်ချည်စသည်တို့ကို ယူ၍ တက္ကသိုလ်ပြည်သို့သွား ၅၇
ပရိနိဗ္ဗာန် ပြုရပါအံ့နည်း ၁၈၈
ပဝါရဏာကံကို မပြုကြကုန် ၁၆၆
ပသာဒ ဗဟုလ ဗြဟ္မဏဝတ္ထု ၁၄၃


[ပ]


ပသေနဒီကောသလမင်း၏ နှမတော် ဝေဒေဟီ ၂၆၇
ပါဠိတော်၌ လာရှိသော လုပ်ကျွေးပြုစုံသော ပုဂ္ဂိုလ်များ ၃၂၁
ပါးပျဉ်းထပြန် အဆိပ် ထန်သော ၂၀၃
ပုဏ္ဏားစဉ်းလဲ၏ အတိတ်ဝတ္ထု ၁၇၁
ပုဏ္ဏား၏ အသွင်ကိုယူ ၂၃၆
ပု, ဒိ, အာ သုံးပါးကုန်သော ဝိဇ္ဇာတို့ကို မျက်မှောက်ပြု ၁၃၁
ပုံသုကူသက်န်းကို ဆောင်ကုန် သော ထေရီမတို့တွင် ၁၇၅
ပိုကျံ စားသုံးတော်မူလေက ၂၈၄
ပို့သသော ဝတ္ထုအပေါင်း ၂၀၄
ပိတ်ချင်းသီးတို့ပါတည်း ၂၄၄
ပိတ်ချင်းသီးသည် ကြွက်ချေးသာ ၂၄၃
ပေါက်ပေါက်, ကြာပန်းတို့ဖြင့် လှူဒါန်း၍ ဆုတောင်း ၂၁၀
ပျံ့နှံ့သော ပညာရှိသော ၂၀၅
ပျံ့လွင့်ကင်းဝေး ငြိမ်းအေး သောစိတ် ၆၁
ပျားရည်လူးသောမြက် ၂၆၀
ပျက်စီးမှုလည်း ပျက်စီးပါစေ ၂၂၆
ပြာသာဒ်ကြီးသည် မြေမှ ထပေါက် ၂၈၁
ပြန့်ပြောသောလာဘ်၌ တပ်မက် မောသော တဏှာ ၅

အက္ခရာစဉ် စာမျက်နှာ

[ ပ-ဖ ]

ပွတ်ဆောက်ဖျား အထက်၌
  တင်ထားအပ်သော
  မှန်ညင်းစေ့ ၂၀၈
ဖွဲ့ယှက်ချည်တုပ် ၁၇၈
ဖောက်ပြန်ဖြစ်ချုပ် မိန်းမရုပ် ၂၃
ဖွတ်မင်းကို ဇီဝိန်ဖြတ်ခွင်း ၁၇၀
ဖြောင့်ဖြောင့်သွားသော သူအား
  ယူဇနာ ငါးဆယ် ၅၆

[ ဗ ]

ဗန္ဓနာဂါရဝတ္ထု ၁၇
ဗိမ္ဗိသာရမင်းကြီး ဇောတိက၏
  ပြာသာဒ်ကို ကြည့်ရှု ၂၁၃
ဗိမ္ဗိသာရမင်းကြီးကို ခိုးငွေ့
  ပူလောင် နှောင်အိမ်၌သွင်း ၂၈၉
ဗိမ္ဗိသာရမင်းကြီး၏ ခြေတော်ကို
  ဓားဖြင့်ခွဲ ရှားမီးခဲ၌ကင် ၃၀၁
ဗြဟ္မာ့ပြည်မှာ တဝင်းဝင်း ဝက်
  စားကျင်းမှာ တစ်ရှုတ်ရှုတ် ၉

[ ဘ ]

ဘာရဒွါဇပုဏ္ဏား ၁၇၈
ဘုရားစကားတော်တို့ကို
  သရဘည ဝတ်ဖြင့်ရွတ် ၁၀၃
ဘုရားအလောင်း ဖွတ်မင်း ၁၇၀
ဘုရား ဖြစ်စဉ် ၁၅၉
ဘုရားမြတ်စွာ သာသနာ၌
  ရဟန်းပြုရန် ခွင့်ပြုတော်မူ ၃၁၆
ဘုရားသောင်း နောက်တော်သို့
ဘီလူးမ လိုက် ၅၉

[ ဘ ]

ဘုရင်မင်းမြတ်မည်သည်
  အဘယ်သို့သောသူပေနည်း ၂၁၅
ဘုမ္မဋ္ဌကနတ်တို့ကို အစပြု၍
  ဗြဟ္မာ့ပြည်တိုင် ၁၀၄
ဘေးမသီအောင် ပိုက်ချီ
  ဆောင်ယူ မွေးမြူတော်မူ ၁၆၄
ဘောဇဉ်ကို စားသုံးခြင်းငှါ
  ချမ်းသာသည် ၂၈၄
ဘောဇဉ်ကျွေးမွေးရာ
  တင်းကုပ် ၁၈၁
ဘက်စုံလွတ်နေသောသူအား
  မွေးခြင်းနှင့် အိုရခြင်းသို့
  တဲဖန် မရောက် ၂၉
ဘယ်အကြောင်းကြောင့် ကြွလာ
  သနည်း ၁၉၅

[ မ ]

မကောင်းမှုအရာကို လွန်ခွာ
  ၈က်ဆုပ် ၂၀၅
မကောင်းမှုကို အပပြုပြီးသော
  ကြောင့် ဗြာဟ္မဏ ၁၅၀
မချွတ်မယွင်း ဖြည့်တင်းတည်
  ထား ၁၄၃
မညီညွတ်လှ တစ်ဆယ့်သုံးဘဝ ၁၅
မထေရ်ကို နတ်သမီးက အိုဆေး
  ဆရာကြီးမဝင်ပါလင့် ၂၃၀
မရှိမှန့်တို့ကို ပေးစေလို
  ကုန်သတတ် ၁၂၈
မရှိဟူသောစကား မကြားမသိရ
  ပါလို ၁၂၅
မဟာကစ္စည်းမထေရ် ၂၈၈

အက္ခရာစဉ် — စာမျက်နှာ

[ မ ]

မဟာပဇာပတိ ဂေါတမီဝတ္ထု ၁၅၅
မဟာမာယာမိဖုရားကြီး၏ ညီမတော်မိထွေးတော်ရင်းပါ ၁၆၄
မဟာမာယာမိဖုရား၏အလောင်း သုမေဓာမင်းသမီး ၃၁၅
မဟာမုဏ္ဍမည်သောဥပါသကာ ၁၃၃
မဟာသတိပဋ္ဌာနသုတ်ကို ကြားနာရ၍ သောတာပတ္တိဖိုလ်တည် ၁၄
မဂ်ဖိုလ်ရကြောင်း ဥပနိဿယ သည် အချည်းနှီးပျက်စီး လေရာ၏ ၁၂၁
မဂ်လေးပါးဖြင့်ကိစ္စဆယ့်ခြောက် ချက်ကို ပြုလုပ်တတ်သော ကြောင့် ကတကိစ္စ ၁၄၇
မင်းအာဏာတောင်းခံ ၆၁
မင်းအိမ်နန်းတော်တိုင်အောင် ၂၆၇
မာတုဂါမ၏ ရဟန်းအဖြစ်ကို သင်ချစ်သား မနှစ်သက်ပါ လင့် ၁၆၃
မာရဝတ္ထု ၃၉
မိစ္ဆာချည်မျှင်မျှကိုလည်း ၂၃၈
မိထွေးတော်ဂေါတမီ ရဟန်း အဖြစ် ခွင့်ပေးရန် တစ်ဖန် တောင်းပန် ၁၆၁
မိထွေးတော် ဂေါတမီ ရဟန်း အဖြစ်ကိုရ ၁၆၅
မိထွေးတော် ဂေါတမီ၏ အတိတ် ဘဝ ကျွန်မဝတ္ထု ၁၅၅
မိထွေးတော်ဂေါတမီ၏ ပစ္စုပ္ပန် ဝတ္ထု ၁၅၉
မိထွေးတော်ဂေါတမီ၏ ရက်ကန်း သည်မဘဝ ၁၅၈
မိဖုရားကြီးကို နန်းအိမ်တော်မှ နှင်ထုတ် ၂၁၆
မိဖုရားငယ်များကုန်းချော ၂၁၄
မိမိအပြစ်ကိုကား မြင်နိုင်ခဲ ၃၇
မိမိကိုယ်ကို စောင့်ရှောက်သော ရဟန်း ချမ်းသာ ၁၃၉
မိမိသည်သာလျှင် မိမိ၏ ကိုးကွယ်ရာ ၁၁၉
မိမိအားဖြစ်ပေါ်သော လာဘ်ကို မထီမဲ့မြင် မပြုရာ ၉၈
မိမိ၌အရွယ်ရောက်သော သမီးကို ဇဋိလအား ပေးအပ် ၂၈၉
မိမိ၏ငယ်ပေါင်း အရှင်လင် ကောင်းကို သတ်လေဘိသို့ ၃၄
မိမိမွေးဖွားသော သားတော် ရင်းဖြစ် ၁၆၄
မိန်းမတို့၏ မာယာလေးဆယ် ၂၆၂
မိန်းမများအား ရဟန်းပြုခွင့် ပေးရန် တောင်းပန် ၁၆၁
မိန်းမများအား ရဟန်းပြုခွင့် ပေးတော်မူ ၁၆၄
မိုးသောက်ယံ ကာလလောက် ရှိပါလိမ့်မည် [illegible] ၁၉၉
မေတ္တာပျက်အောင် မခွဲပါ လင့် ၁၈၀
မေ့လျော့သော သတ္တဝါအား ပေါက်နွယ်ကဲ့သို့ တဏှာပွါး ၆
မြေကြီးနှင့်တူသော သည်းခံခြင်း ၂၀၅

အက္ခရာစဉ် စာမျက်နှာ

[ မ ]

မြေမှုန့်လိမ်းကျံ ပံ့သုကူ
သင်္ကန်းဖြင့် ၁၇၅
မြေဖြင့်ပြည့်မို့ ဘောင်ပို့ပမာ
မွေးမြူသည့်အကျိုး ၁၇၂
အဖိုးအရင်း ၂၁၈
မျက်ဝါးထင်ထင် တွေ့မြင်ရ ၂၇၀
မြက်တို့ကို သမင်ပျံ၏မွေ့မှုထား ၂၆၇
မြက်တို့၌ တပ်မက်စိတ်စွဲ ၂၆၆
မြင့်မားလှသော ဂိဇ္ဈကုဋ်
တောင်ထိပ်မှ ၁၂၁
မြတ်စွာဘုရား ပြုံးရွှင်တော်မူ ၂၆၄
မြတ်စွာဘုရား ခေမာမိဖုရားကြီး
အား တရားထူးပြ ၂၂
မြတ်စွာဘုရားသည် နေ့ည၌
ပတ်လုံး တန်ခိုးတော်ဖြင့်
ထွန်းလင်းတောက်ပ ၁၄၉

[ယ-ရ]

ယူဇနာငါးဆယ်ရှိ အနော်တတ်
အိုင်ကို မိမိပါးပျဉ်းဖြင့်
ဖုံးအုပ် ၁၃၅
ယောကျ်ားကို ဖြားယောင်း ၂၆၂
ယောဂအားလုံးနှင့် မယှဉ်သော
ပုဂ္ဂိုလ်ကို ဖြာဟ္မဏ ၃၀၇
ရဋ္ဌပါလ (အသက်အကြီးဆုံး)
ထေဒဂ်ဆု ၁၅၅
ရတနာအစုထက်၌ တင်ထား
ပြသွန်း အဘိသိက်သွန်း ၆၂
ရရာဆွမ်းကို ချီးမွမ်းခြင်း
ကဲ့ရဲ့ခြင်း မပြုထိုက် ၁၈၁

အက္ခရာစဉ် စာမျက်နှာ

[ ရ ]

ရဟန်းအပေါင်း ခိုအောင်းမျှလုံ
ကျောင်းပရိဝုဏ် ၃၁၅
ရဟန်း၏ ခြေဆေးရေကို
တောင်းယူ၍ ၂၂၉
ရဟန်းကို အကယ်၍ ရှိခိုးခဲ့သည်
ရှိသော် ၁၈၁
ရဟန္တာတို့၌ ပေးလှူရခြင်းသည်
အကျိုးများ ၅၄
ရဟန်းတို့ကို ဆဲရေးခြင်းကြောင့်
ခံတွင်းမှ အပုပ်နံ့လှိုင် ၅
ရဟန်းဘောင်ရောက် အသက်ငယ်
အသက်ကြီးသူတို့
ဆုံးဖြတ်ချက် ၂
ရဟန်းမဟုတ် ကြုံးကြုတ်
ခက်မာသော ၁၇၂
ရဟန်း မည်သည် လက်ခြေ
နှုတ်ဖြင့် စောင့်စည်းသည်သာ
ဖြစ်ရာ၏ ၈၃
ရသတဏှာထက် ယုတ်မာသော ၂၆၇
ရသတဏှာဖြင့် နှောင်ဖွဲ့ ၂၆၅
ရေဝတ သာမဏေ၏
လာဘ်လာဘ ၂၅၀
ရေဝတီနတ်သမီး ဘုံဗိမာန်နှင့်
ရောက်လာခြင်း ၂၀၁
ရန်ငြိုးဖြင့် မထေရ်ကို
ထောင်းထု ၂၃၃
ရှုန့်ရင်းနိမ့်စား ခေါင်းပါးသော
သင်္ကန်း ၁၇၄
ရှုကြည့်သူ၏အပေါင်း ဥဒေါင်း
ကသည်ဟု ထင်ရ ၂၇၅

အက္ခရာစဉ် စာမျက်နှာ

[ ရ ]

ရှေသို့ လှန်မြောက် ကြွရောက်
  အလိုရှိပါကုန်လော ၁၀၀
ရှေးဦးစွာ ဖူးမြင်ခြင်း ၁၉၃
ရှားသစ်ငုတ်နှင့် တူ၏ ၁၁၀
ရှစ်ပါးကုန်သော ဂရုဓမ္မတို့
  ဟူသည် ၁၆၄
ရှောင်ကြဉ်ဖယ်လွှဲ၍ သွားသော
  သူအား ယူဇနာဝင်ရာ ၅၆
ရွှေအဆင်းရှိသောကိုယ် ညီပုပ်
  သော ခံတွင်းရှိသော ငါး ၄
ရွှေအိုးသည် တစ်ဂါဝုတ် ၂၁၀
ရွှေအိုးသည် တစ်ယူဇနာ ၂၁၀
ရွှေအိုးသည် ယူဇနာဝက် ၂၀၀
ရွှေအိုးသည် သုံးဂါဝုတ် ၂၀၀
ရွှေလိပ်ရုပ်နှင့် တူကုန်သော ၁၉၂
ရွှံ့ညွန်ပျောင်း၌ ကျွန်နစ်
ငြိတွယ်နေသော ဆင်ပြောင်ကြီး ၁၂၂
ရွှင်သော ပညာရှိသော ၂၀၅

[လု]

လကုဏ္ဍကအဝတ်မွှရ အမတ်ကြီး ၁၄
လာရေးကိတောင်းပန်
  အလှူခံကို မပယ်လှန်သင့် ၇၀
လူထွက်သော ရဟန်းဝတ္ထု ၁၅
လေးခုကုန်သော ကြံချောင်း ၂၁၁
လေးပါဒရှိသော ဂါထာကို
  ရွတ်ဖတ် ကြားနာအပ်သော
  ဝမ်းမြောက်မှု ၆၄
လေးလုံးကုန်သော ရွှေအိုးကြီး ၂၁၀
လောကီ, လောကုတ္တရာဂုဏ်
  ပြည့်စုံပါလျက် ၂၀၆

[ လ ]

လက်မဥ္ဇ နို့ရည်သည် ယိုစီး
  ဖြစ်ပေါ် ၂၁၂
လမ်းကောင်း လမ်းမှီးဟုတ်သည်
  မဟုတ်သည်၌ ၂၂၇
လယ်တဲအထက်မှ ဆင်းသက်ခဲ့ ၂၁၀
လုံ့လကြိုးကုတ် အားထုတ်၍
  တကျော့ရေအလျဉ်ကိုဖြတ် ၁၄၄
လျှင်သောပညာရှိသော ၂၀၅
လျှောက်ပတ်သော
  မိန်းမရတနာကို တွေ့မြင် ၂၁၃
လိုဏ်ခေါင်း၌ရှိသော တောင်ဝှမ်း ၂၂၁
လွန်စွာကြောင့်ကြ ကိစ္စနှ
  တရား မရှိ ၁၇၆

[ ဝ ]

ဝင်္ဂီသမထေရ်ဝတ္ထု ၃၀၉
ဝိဇ္ဇာသုံးပါး ထင်ရှားရှိ၍
  မှုန်မည်သော ပုဂ္ဂိုလ်အား
  လှူဒါန်းရာ၏ ၃၂၄
ဝိမောက္ခသေဝက ရဟန်းဇ်ဝတ္ထု ၉၄
ဝိသဘာဂပရိတ်သတ် ရှိ ၂၁၄
ဝိသာခါဒါယိကာမ၏ အလောင်း
  သံဃဒါသီ မင်းသမီး ၃၁၅
ဝါဆိုနီးလာ ဓမ္မတာ ၁၅၆
ဝါတွင်းသုံးလ ပစ္စည်းလေးပါး
  ဖြင့် လှူဒါန်း ၁၅၇
ဝက္ကလိ တောင်ထိပ်မှ ခုန်ချ ၁၂၃
ဝက္ကလိ မထေရ်ဝတ္ထု ၁၂၀
ဝက်မငယ်မှ ခြောက်ဘဝမြောက်
  ဘောက္ကန္တရွာသူ သုမန ၁၄

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ ဝ ]** | |
| ဝက်မငယ်၏ ဝတ္ထု | ၉ |
| ဝက်မငယ်၏ အနာဂတ်ဘဝ၌ ပရိနိဗ္ဗာန် ဝင်စံရပုံ | ၁၃ |
| ဝပ်စင်းလျှောင်းခွေ အိပ်၍ နေသော သူငယ်မ | ၂၁၂ |
| ဝမ်း၌လေပျက် ကြောင်းနှစ်ချက် | ၃၂၁ |
| **[သ]** | |
| သခွါးသီးမျှပမာဏရှိ | ၂၇၇ |
| သတ္တဝါအားလုံး မလွန်မြောက် နိုင်သော လမ်းခရီး | ၁၉၄ |
| သန္တကာယတ္ထေရ ဝတ္ထု | ၁၁၅ |
| သဒ္ဓါမရှိ ဥစ္စာဒ ပြည့် | ၁၅၆ |
| သပ္ပါယဖြစ်မည့်ကျောင်း နေရာ | ၂၂၀ |
| သမ္ဗဟုလဘိက္ခုဝတ္ထု | ၁၀၃ |
| သမင်ပျို၏ အကျွမ်းဝင်ခြင်း | ၂၆၇ |
| သမင်ပျိုကို ဖမ်းယူခြင်း | ၂၆၆ |
| သမင်ပျိုဝတ္ထု | ၂၆၆ |
| သမင်ပျိုသည် နန်းတော်တွင်းသို့ | ၂၆၇ |
| သယမ္ဘူဇာတ် ဘုရားမြတ် | ၁၈၁ |
| သလေးထမင်းကို စားလှည့် ပါဦး | ၁၇၂ |
| သာမဏေကျော် လေးပါး | ၂၃၅ |
| သာမဏေတို့ကို မြင်၍သာ ပြင်းစွာအမျက်ထွက် | ၂၃၅ |
| သာမဏေနှင့်တူ၏ | ၁၉၇ |
| သာရိပုတ္တရာမထေရ်ကား မိစ္ဆာဒိဋ္ဌိပေတည်း | ၁၆၇ |



| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[သ]** | |
| သာရိပုတ္တရာမထေရ် ဝတ္ထု | ၁၅၁ |
| သာသနာတော်၌လည်းမထိုက် | ၂၇၉ |
| သိကြားနတ်မင်းထက်ပင် မြင့်မြတ် ကြီးကျယ် သလော | ၁၉၇ |
| သိကြားမင်း၏နေရာသည် ပြင်းစွာပူလောင် | ၂၃၆ |
| သိကြားမင်းမေးလျှောက်သော ဝတ္ထု | ၄၃ |
| သီလကိုစောင့်မျှောက်သောသူတို့ မည်သည် ဤသို့သဘောရှိ | ၈၂ |
| သီလကျင့်ဝတ်၌ လိမ္မာသည် ဖြစ်ရာ၏ | ၁၁၁ |
| သီလနှင့်တူသော ကိုးကွယ်ရာ မည်သည်မရှိ | ၃ |
| သီဟဝ်ကီဠိတမည်သော ဓမ္မပရိယာယ | ၁၉၂ |
| သုဂတိဘဝရောက်ကြောင်း လမ်းတည်း | ၂၂၇ |
| သုပ္ပဝါသအမည်ရသော ကောလိယ | ၂၅၇ |
| သုမနသာမဏေ အနောတတ် အိုင်၌ ခြေဆေးရေခပ် | ၁၄၀ |
| သုမနသာမဏေနှင့် ပန္နဂနဂါးမင်း တန်ခိုးချင်းပြိုင် | ၁၃၅ |
| သုမနသာမဏေ ဝတ္ထု | ၁၂၃ |
| သုမနသူငယ်ကို ရှင်ပြုပေး | ၁၃၃ |
| သုမနသူဌေးက အန္နဘာရ၏ ကုသိုလ်ကိုဝယ် | ၁၂၆ |
| သူခိုးဓားရိုးကမ်း | ၃၄ |

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| **[ သ ]** | |
| သူငယ်၏ နို့ ဖိုး | ၂၅၉ |
| သူငယ်ကို ရအပ်သလော | ၂၈၈ |
| သူတစ်ပါး၏ အပြစ်ကို မြင်လွယ်၏ | ၇၅ |
| သူတစ်ပါး၏ လာဘ်ကို လိုချင်တောင့်တမှု မပြုရာ | ၉၈ |
| သူနိုင်ငံနိုင် နှစ်ဦးစစ်ပြိုင် | ၂၆၄ |
| သေအံ့သောဘေးဖြင့် ခြိမ်းခြောက် | ၂၆၅ |
| သေခါနီးရောက် ကြောက်မက်ဖွယ်သော ဝေဒနာ | ၂၂၉ |
| သေမင်းနိုင်ငံသို့ မငြင်းဆန်သာ | ၁၉၄ |
| သေလွန်ပြီးမှ အရိုးများကြွင်းသည်ကို ပြု၍ပြ | ၂၇ |
| သေးသွယ်ညှို့ပျောင်း ကောင်းသော ခံုးဖြင့်ရှုချင့်စဖွယ် တင့်တယ်သော | ၇၆ |
| သံသရာမှ ထုတ်ဆောင်တတ်သော သာသနာတော် | ၆၆ |
| သံသရာဝဋ်ဆင်းရဲ၌ ဒုက္ခဖြစ်ခြင်း အကြောင်းရင်းသာ | ၄၅ |
| သား၏ကိုယ်ဝယ် ပူးဝင်၍ | ၂၂၉ |
| သားတော်အား အနုရုဒ္ဓါ ဟူသော အမည်ကိုမှည့် | ၁၂၈ |
| သားတော်င်းရာ ပစ္စေကဗုဒ္ဓါ ဖြစ် | ၂၂၀ |
| သင်ရှင်မကို တောင်းပန်ပါလျက် | ၁၈၂ |
| သစ်ညွန့်သစ်ညှောင့်ကဲ့သို့ | ၁၈၁ |
| သစ်သားထင်းတို့ကို သွေးဖြင့် လိမ်းကျံ | ၂၁၃ |
| သုံးပါးလုံးကို စောင့်သုံးခြင်း မရှိ | ၁၅၂ |
| သွေးသွန်ယိုစီးကုန်သော | ၁၉၆ |
| **[ဟ]** | |
| ဟင်းလင်းအပြင် ကောင်းကင်၌ ခုန်ပတ်လည် | ၂၅ |
| ဟင်္သာကို သတ်သောရဟန်း ဝတ္ထု | ၆၆ |
| ဟင်္သာမင်းကဲ့သို့ အလွန် တင့်တယ် | ၁၄၁ |



သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန

စာပြည့်တိုက်

ကမ္ဘာအေး – ရန်ကုန်။

ပ·မ·သ·စ ၅၃—၂၉·၉·၉၂—(၁၀၀၀)